ရူးမူရာကာမိ

တိုကျိုကျဆုံးခန်း

လက်ရွေးစင်ဝတ္ထုတိုများ

မိုးသက်ဟန်

TOKYO DECADENCE

Ryū Murakami

About Us

ကျွန်တော်တို့အဖွဲ့သည် မြန်မာနိုင်ငံအတွင်းက e-Books Reader အသုံးပြုသူများနှင့် Digital Devices တွေမှာ စာဖတ်သူများ အတွက် မြန်မာစာအုပ်များကို ဖတ်ရှုနိုင်စေရန် ကူညီပေးဖို့ ရည်ရွယ် ဖွဲ့စည်းထားသော အဖွဲ့ဖြစ်ပါသည်။ တိုးတက်လာသော နည်းပညာများအရ e-books Reader အသုံးပြုသူများလည်း များပြားလာပြီ ဖြစ်သော်လည်း နိုင်ငံတွင်းမှတော့ e-books Reader အသုံးပြုသူများ အတွက် မြန်မာစာအုပ် ဖတ်ရှုနိုင်ရန် အလွန်ခက်ခဲလျက်ရှိသည်။ ထို့ပြင်လက်ရှိမှာလည်း မြန်မာစာအုပ်များကို Digital နည်းဖြင့် ဖြန့်ဝေမှု လုံးဝမရှိသလောက် ဖြစ်သည်။ ထိုအခက်ခဲများကို ကျနော်တို့ တတ်နိုင်သည့် ဘက်မှ ကူညီပေးနိုင်ရန် ရည်ရွယ်ပြီး ပြုလုပ်ထားခြင်း ဖြစ်ပါသည်။

မူပိုင်ခွင့်ချိုးဖောက်ပြီး ကိုယ်ကျိုးအတွက် လုံးဝ(လုံးဝ)အသုံးမပြုပါ။

အကယ်၍ ဤစာအုပ်အတွက် အဖိုးအခ တစ်စုံတစ်ရာ ပေးခဲ့ပြီး ရခဲ့သည် ရှိသော် လည်းကောင်း linkတွင် ကြော်ငြာများခံကာ တင်ထားသော အခြားတနေရာရာမှ ရရှိခဲ့သော် ဂျင်းထည့်ခံရပြီ မှတ်ပါ။

အခမဲ့ စာအုပ် အသစ်များ တင်တိုင်း သိရှိနိုင်ဖို့ Telegram Channel ကို subscribe ထားနိုင်ပါသည်။

Ⓦ Ⓗ Ⓘ Ⓢ Ⓟ Ⓔ Ⓡ of Ⓦ Ⓞ Ⓡ Ⓓ Ⓢ

Subscribe Telegram Channel

https://t.me/TheBookR

ကံ့ကော်ဝတ်ရည်စာပေ

အမှတ်-၅၁(ပထပ်/ဝဲ)၊ ရေကျော်လမ်းမ၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

ဖုန်း- ၀၉ ၂၅၀၀၁၂၃၄၈ ၊ ၀၉ ၄၄ ၃၀ ၄၁၁၃၇

email: kantkawwutyee@gmail.com

www.facebook.com/KantKawWutYeePublishing တို့တွင် ဝင်ရောက်ကြည့်ရှု မှာယူနိုင်ပါသည်။

ပုံနှိပ်မှတ်တမ်း

ထုတ်ဝေသူ - ဦးကျော်ဇင်၊ ကံ့ကော်ဝတ်ရည်စာပေ(၀၀၄၅၄)၊ ၅၁၊ ရေကျော်လမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

ပထမအကြိမ် - နိုဝင်ဘာလ၊ ၂၀၂၁ ခုနှစ်၊

အုပ်ရေ - ၁၀၀၀

မျက်နှာဖုံးနှင့် အတွင်းပုံနှိပ် - ဦးအေးဝင်း၊ အေးကမ္ဘာပုံနှိပ်တိုက် (၀၀၂၉၀)၊ အမှတ် ၄၆၊ ၄၆ လမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။

မျက်နှာဖုံးသရုပ်ဖော် - ဇော်မောင်

တန်ဖိုး - ၅၅၀၀ ကျပ်

ရူးမူရာကာမိ

တိုကျိုကျဆုံးခန်း

လက်ရွေးစင်ဝတ္ထုတိုများ

Tokyo Decadence

Ryū Murakami

မိုးသက်ဟန်

(မြန်မာပြန်)

ဂျပန်ဘာသာမှ အင်္ဂလိပ်ဘာသာသို့

ရက်ဖ်မက်ကာသီ (Ralph McCarthy) ပြန်ဆိုသည်။

ရူးမူရာကာမိ(Ryū Murakami)

ရူးမူရာကာမိကို အမေရိကန် ရေတပ်အခြေစိုက် စခန်းရှိရာ ဆာဆီဘိုမှာ ၁၉၅၂ ခုနှစ်တွင် မွေးဖွားခဲ့ပါတယ်။ အဆိုပါမြို့မှာပဲ အထက်တန်းကျောင်းပြီးတဲ့အထိ တက်ရောက်ခဲ့ပြီးနောက် တိုကျိုမြို့ကို ပြောင်းရွှေ့ခဲ့ပါတယ်။ တိုကျိုတွင် အမေရိကန် စစ်အခြေစိုက်စခန်းရှိရာ ဖူဆာမှာ နေထိုင်ပြီး ပထမဆုံး ဝတ္ထုဖြစ်တဲ့ Almost Transparent Blue ကို ရေးသားခဲ့ပါတယ်။ ၁၉၇၆ ခုနှစ်မှာ ထုတ်ဝေခဲ့တဲ့ အဆိုပါ စာအုပ်နဲ့ပဲ ဂျပန်နိုင်ငံရဲ့ ဂုဏ်သိက္ခာ အကြီးမားဆုံး စာပေဆုဖြစ်တဲ့ အကုတဂါဝါဆုကို ချီးမြှင့်ခံခဲ့ရပါတယ်။ ထိုအချိန်မှစပြီး ဝတ္ထု၊ အက်ဆေးများကို ယနေ့ထက်တိုင် ဆက်လက် ရေးသားလျက် ရှိပါတယ်။ သူဟာ ဂျပန်လူ့အဖွဲ့အစည်း အတွင်းက ရုပ်ရှင်ဆန်ဆန် ပြင်းထန်တဲ့ အကြမ်းဖက်မှုနဲ့ နည်းပညာ အကြောင်းအရာတွေကို ထုတ်ဖော် ရေးသားလေ့ ရှိပါတယ်။ သူဟာ ရုပ်ရှင် ဇာတ်ညွှန်းရေးသားသူ၊ ရုပ်ရှင် ဒါရိုက်တာ ဖြစ်ရုံသာမက ရော့ခ်ဂီတ တီးဝိုင်း တစ်ခုမှာလည်း ဒရမ်တီးခတ်ခဲ့သူ တစ်ယောက် ဖြစ်ပါတယ်။ ယခု ဘာသာပြန်ဆိုထားတဲ့ တိုကျိုကျဆုံးခန်း (Tokyo Deacadence) ဟာ သူ့ရဲ့ ဝတ္ထုတိုစာအုပ်များမှ လက်ရွေးစင် ဝတ္ထုတိုများအဖြစ် ထုတ်နုတ်ကာ ၂၀၁၆ ခုနှစ်တွင် ထုတ်ဝေခဲ့တဲ့စာအုပ် ဖြစ်ပါတယ်။

❑

မာတိကာ

ဘာသာပြန်သူရဲ့ အမှာ

Run,Takahashi (1986)ဝတ္ထုတို စုစည်းမှု စာအုပ်မှ

၁။ ကျွန်တော် ဝတ္ထုရေးဆရာ

(I am a Novelist)

၂။ လွန်ခဲ့တဲ့ တစ်နှစ်ခွဲလောက်မှာ ဒါတွေ အားလုံး စဖြစ်ခဲ့တာ

(It all started a year and half ago)

၃။ ဘားမှာ အခုလို ထိုင်သောက်တိုင်း

(Whenever I sit at a bar drinking like this)

၄။ မင်းရဲ့ ခံဝန်ချက်ကို ငါ တစ်ကြိမ်ဖတ်လိုက်တိုင်း

(Each time I read your confession)

Topaz (1988) ဝတ္ထုတို စုစည်းမှု စာအုပ်မှ

၁။ ဥဿဖရား

(Topaz)

၂။ သားချော့တေး

(Lullaby)

၃။ ဖောင်တိန်ဓာတ်မီး

(Penlight)

Ryu's Cinematheque (1995) ဝတ္ထုတို စုစည်းမှု စာအုပ်မှ

၁။နောက်ဆုံးပုံရိပ်ပြပွဲ

(The Last Picture Show)

၂။ ရိုင်းတဲ့ အိန်ဂျယ်တွေ

(The Wild Angels)

၃။ ချိုသော ဘဝ

(La Dolce Vita)

Swans (1997) ဝတ္ထုတို စုစည်းမှု စာအုပ်မှ

၁။ ငန်းများ

(Swans)

၂။ အချစ်တစ်ခုရဲ့ ရာဇဝင်

(Historia de un Amor)

၃။ သူမ ထွက်ခွာ

(Se Fué)

၄။ ငါ့ရဲ့ အရာရာ

(All of Me)

At the Airport (2003) ဝတ္ထုတို စုစည်းမှု စာအုပ်မှာ

၁။ လေဆိပ်ထဲမှာ

(At the Airport)

- ရူးနှင့်ပတ်သက်၍ ဖြည့်စွက်ချင်စရာတွေ

(မပန်းခက်)

ဘာသာပြန်သူရဲ့ အမှာ

ဒီစာအုပ်ဟာ ၂၀၁၆ ခုနှစ်မှာ ထုတ်ဝေခဲ့တဲ့ ရူးမူရာကာမိရဲ့ Tokyo Decadence အမည်ရ လက်ရွေးစင် ဝတ္ထုတိုများ စာအုပ်ကို ဘာသာပြန်ထားတာ ဖြစ်ပါတယ်။ ရူးမူရာကာမိ ယခင်က ထုတ်ဝေခဲ့တဲ့ ဝတ္ထုစုစည်းမှု စာအုပ် ငါးအုပ်မှ ဝတ္ထုတို ဆယ့်ငါးပုဒ်ကို စုစည်းထားတဲ့ စာအုပ် ဖြစ်ပါတယ်။ ရူးမူရာကာမိရဲ့ စာပေသက်တမ်းတစ်လျှောက် သူ့ရဲ့ တွေးခေါ်ပုံ၊ လောကအမြင်၊ ရေးသားဟန်၊ သရော်တော်တော်နိုင်မှုတွေကို ဖော်ကျူးနေတဲ့ ဝတ္ထုတိုတွေလည်း ဖြစ်ပါတယ်။ တချို့သော ဝတ္ထုတိုတွေက ချစ်စဖွယ်၊ ကြည်နူးဖွယ်၊ ပြုံးစစ ဖြစ်ချင်စဖွယ်တွေ ဖြစ်ပေမယ့် တချို့သော ဝတ္ထုတိုတွေကလည်း ဂျပန်လူ့အဖွဲ့အစည်းအတွင်းက အမှောင်ခြမ်းတွေကို နက်နက်ရှိုင်းရှိုင်း တူးဖော်ထားတာ ဖြစ်တဲ့အတွက် စာဖတ်သူတွေကို စိတ်အနှောင့်အယှက် ဖြစ်ရလောက်အောင် အထိလည်း ဖြစ်စေနိုင်ပါတယ်။ တချို့သော ဝတ္ထုတိုတွေမှာ လိင်ပိုင်းဆိုင်ရာ ရေးသားဖော်ထုတ်မှုတွေက ကြမ်းရှလွန်းပြီး ထင်မှတ် မထားနိုင်လောက်အောင်လည်း ဖြစ်စေနိုင်ပါတယ်။ ၁၉၇၀ နှစ်များ တစ်ဝိုက်နဲ့ ထို့အလွန်နှစ်များ တစ်လျှောက်က မူးယစ်ဆေးဝါး စွဲလမ်းမှု အကြောင်းတွေကိုလည်း ရေးသားထားတာ ပါပါတယ်။ ထိုစဉ်ကာလများ အတွင်းက ဂျပန်ပြည်တွင်းမှာ ရှိခဲ့တဲ့ ဟစ်ပီလှုပ်ရှားမှုများ အကြောင်းတွေလည်း ထင်ဟပ်ထားတာတွေပါဝင်နေပါတယ်။ ရူးမူရာကာမိရဲ့ ထုံးစံအတိုင်း ရဲတင်း၊ ပွင့်လင်းစွာ အရာရာကို တွေးခေါ်၊ ရေးသားတတ်ပေမယ့် ဝတ္ထုတို အများစုကတော့ ဂျပန်စာပေ ဘာသာပြန်လက်ရာများနဲ့ ရင်းနှီးပြီးသား စာဖတ်သူများ အတွက် နှစ်သက်ဖွယ်ရာ ဖြစ်နိုင်မယ်လို့ မျှော်လင့်ပါတယ်။ ဒီစာအုပ်ပါ ဝတ္ထုတိုများပါ အကြောင်းအရာများကို စာပေလက်ရာအနေနဲ့ ဖတ်ရှုတဲ့အခါ တစ်ဦးနဲ့တစ်ဦး အတွေ့အကြုံအမြင်အရ နှစ်သက်နိုင်မှု၊ လက်ခံနိုင်မှုတွေ ကွဲပြားကြဦးမှာပဲ။ မိမိ အနေနဲ့ကတော့ လွတ်လပ်စွာ ရေးသားဖန်တီးခွင့်ကို လက်ခံထားတဲ့အလျောက် မူရင်း အရသာနဲ့ ကင်းကွာမှု နည်းနိုင်အောင် အတတ်နိုင်ဆုံး မြန်မာဘာသာသို့ ပြန်ဆိုထားပါကြောင်း။

လေးစားလျက်

မိုးသက်ဟန်

❑

ကျွန်တော် ဝတ္ထုရေးဆရာ

ကျွန်တော် ဝတ္ထုရေးဆရာတစ်ယောက်ပါ။

ကျွန်တော့်အသက် သုံးဆယ့်ငါးနှစ်ရှိပြီ။ ဝတ္ထုရေးဆရာဖြစ်တာ ခုနစ်နှစ် ရှိခဲ့ပါပြီ။

ကျွန်တော် အသက် နှစ်ဆယ့်ရှစ်နှစ်တုန်းက ရေးခဲ့တဲ့ Electronic Guerrila စာအုပ်ဟာ အုပ်ရေ ခြောက်သိန်းကျော် ရောင်းခဲ့ရပါတယ်။ အဲဒီ နောက် ထွက်ခဲ့တဲ့ Optic Fiber Love, Sentimental Amorphous, Tokyo Computer Death Match နဲ့ Microwave Cosmopolitan တို့ဟာ အရောင်းရ ဆုံး စာအုပ်စာရင်းရဲ့ ထိပ်ပိုင်းမှာ ရှိခဲ့တာချည်းပါပဲ။ တကယ်တော့ အဲဒီစာအုပ် တွေ အကြောင်းကို ကျွန်တော်ကိုယ်တိုင် အပါအဝင် ဘယ်သူမှ သေသေချာချာ နားလည်ကြတာ မဟုတ်ပါဘူး။ ကျွန်တော် ပထမဆုံး ဝတ္ထုကို စရေးတုန်းက ကျွန်တော်ဟာ အမေရိကန် ကွန်ပျူတာ ကုမ္ပဏီဖြစ်တဲ့ Cray Research ရဲ့ ပြည်သူ့ဆက်ဆံရေး ဌာနမှာ အလုပ်လုပ်နေခဲ့တုန်းပဲ ရှိပါတယ်။ စာရေးဆရာ ဖြစ်ဖို့ အလုပ်ကနေ ထွက်လိုက်တာဟာ ကျွန်တော့်ဘဝမှာ ကြီးမားတဲ့ အပြောင်းအလဲ သုံးခုကို ရလာစေပါတယ်။

ကျွန်တော် နာမည်ကျော်ကြားလာတယ်။

ကျွန်တော် ချမ်းသာလာတယ်။

ကျွန်တော် ဝလာတယ်။

※※※

“ဟယ်လို၊ ကျွန်တော် ဆရာ အိုကူတေဂါဝါနဲ့ စကားပြောချင်လို့ပါ”

ကျွန်တော့်ရုံးခန်းကို ဒီဖုန်း ဝင်လာခဲ့ပါတယ်။ယောကျ်ားတစ်ယောက်ရဲ့ အသံပါ။ ဘယ်သူလဲ ဆိုတာတော့ ကျွန်တော် မသိပါဘူး။

“မိတ်ဆွေက” လို့ ကျွန်တော် ပြောလိုက်ပါတယ်။ စာကြောင်းတစ် ကြောင်း အဆုံးမှာ ကီးဘုတ်ကို ရိုက်လိုက်ရင်းနဲ့ပေါ့။

“အခုလို ပြောရတာ ဆရာ့အတွက်တော့ စိတ်ကသိကအောက် ဖြစ်စရာ ကောင်းပါလိမ့်မယ်၊ ဒါပေမဲ့ ယိုကိုဟားမားက ကန်နိုင်းခရိုင်ကို သိလားလို့ မေး ပါရစေ”

“စိတ်တော့မရှိပါနဲ့၊ ကျွန်တော် တယ်လီဖုန်းနဲ့ အင်တာဗျူး မဖြဖို့ မူဝါဒ ချမှတ်ထားပါတယ်၊ မကြာမကြာ တလွဲ ကိုးကားခံရလို့ပါ”

အချိန်တော်တော်ကြာ တိတ်ဆိတ်သွားပါတယ်၊ မီဒီယာသမား တစ် ယောက် မဟုတ်တာတော့ သိသာလှပါတယ်။

“ဆရာ ကန်နိုင်းကို သိလားဗျ”

“ကျွန်တော် ရောက်ဖူးပါတယ်၊ ဘာကိစ္စများလဲဗျ”

“ကျွန်တော်က ကန်နိုင်းမှာရှိတဲ့ ဂျူလီယာလို့ ခေါ်တဲ့ ကလပ်က မန်နေဂျာပါ”

“ဆိုတော့”

“အဲဒါကို သိလားဗျ”

“ဘာကို သိရမှာတုံး”

“ကျွန်တော်တို့ ကလပ်ကိုပါ”

“ကန်နိုင်းမှာ ကျွန်တော် သိတဲ့ တစ်ခုတည်းသော ကလပ်က သည်ဒိုးပဲ ရှိ တယ်”

“သည်ဒိုး ဟုတ်လား၊ အဲဒီကို မကြာမကြာ သွားဖြစ်လား”

“တစ်ခေါက်ပဲ ရောက်ဖူးပါတယ်၊ တော်တော်ကြာခဲ့ပါပြီ”

“ပြီးခဲ့တဲ့ အပတ်တုန်းက အဲဒီကို ရောက်ခဲ့လားဗျ”

“မရောက်ပါဘူး၊ ကျွန်တော် ကော်ပိုရိတ်လောကမှာ အလုပ်လုပ်နေတုန်း က ရောက်ခဲ့တာပါ၊ လွန်ခဲ့တဲ့ ရှစ်နှစ်လောက်က ဖြစ်မယ်၊ အဲဒီထက် ပိုရင် လည်း ပိုမယ်၊ ဖောက်သည်တစ်ယောက်က ကျွန်တော့်ကို ခေါ်သွားခဲ့တာပါ၊ မှတ်မိသလောက်တော့ ကြောက်ဖို့ကောင်းအောင် စျေးကြီးတဲ့ ဆိုင်ပဲဗျာ”

သူဟာ စကားပြောခွက်ကို လက်တစ်ဖက်နဲ့ ဖုံးလိုက်တယ်။ နောက်ထပ် အချိန်အတိုင်းအတာ တစ်ခုထိ တိတ်ဆိတ်သွားတယ်။ သူ တစ်ယောက်ယောက်ကို စကားလှမ်းပြောတာ ကြားလိုက်တယ်။ ဒါပေမဲ့ ဘာ ပြောလိုက်လဲ ဆိုတာ ကျွန်တော် မကြားရဘူး။ ပြီးတော့ သူ ကျွန်တော့်ကို ပြန်ပြောတယ်။

“အမှန်အတိုင်း ပြောရရင်တော့ ရုက်စရာကောင်းတဲ့ အခြေအနေ တစ်ခု ပါပဲ၊ အားတော့ နာပါရဲ့ဗျာ၊ ကျွန်တော် ပြောရလိမ့်မယ်၊ လွန်ခဲ့တဲ့ နှစ်လ လောက်တုန်းက ဆရာ၊ အိုကူတေဂါဝါလို့ ခေါ်တဲ့ လူကြီးလူကောင်းတစ် ယောက် ကျွန်တော်တို့ ဆိုင်ကို ရောက်လာခဲ့တယ်၊ အဲဒီ နာမည်ကြီး စာရေးဆရာက ကျွန်တော်တို့ ဆိုင်ရဲ့ ပုံမှန်ဖောက်သည် တစ်ယောက် ဖြစ်လာ ခဲ့တယ်”

ကျွန်တော် လှောင်ပြုံးပြုံးလိုက်တယ်။ အယောင်ဆောင်သမား တစ် ယောက်ပဲ။

“ဟုတ်ပြီလေ၊ သူက ကျွန်တော် မဟုတ်ဘူးပေါ့”

“အဲဒါက ကံဆိုးတာပါပဲ၊ မပြောချင်လည်း ပြောရဦးမယ်ဗျာ၊ အဲဒီ လူကြီးလူကောင်းက ကျွန်တော်တို့ကို ဆပ်ရမယ့် အကြွေးက ယန်း ဆယ့် ခြောက်သန်းနဲ့ သုံးသောင်းရှစ်ထောင် ရှိနေတယ်ဗျ”

“တစ်ဆိတ်လောက်နေပါဦး၊အဲဒါက ကျွန်တော်နဲ့ ဘာမှ မဆိုင်ဘူးလေ”

“ဟုတ်ပါတယ်၊ လုံးဝ လုံးဝ မဆိုင်ပါဘူး၊ ကျွန်တော်တို့ကိုယ် ကျွန်တော် တို့ပဲ အပြစ်တင်ရမယ် ဆိုတာ လုံးဝ လက်ခံပါတယ်”

“နားလည်ရတော့ နည်းနည်းခက်သား၊ ဘယ်သူမဆို ကျွန်တော်အဖြစ်နဲ့ လွယ်လွယ်လေး ဟန်ဆောင်လို့ ရနေသလို ဖြစ်နေတာပေါ့”

“ဟုတ်ပါတယ်၊ ပြောရရင်တော့ အကဲပိုတယ်လို့ ထင်စရာ ဖြစ်ပါလိမ့် မယ်၊ ကျွန်တော်တို့ ဂျူလီယာကို လာကြတဲ့ ဖောက်သည်တွေထဲမှာ နိုင်ငံရေးသမားတွေ၊ စီးပွားရေးသမားတွေ၊ အနုပညာရှင်တွေ စတဲ့ အထင်ကရ ပုဂ္ဂိုလ်တွေ ပါဝင်ကြပါတယ်၊ ပြီးတော့ ကော်ပိုရေးရှင်းကြီးတွေက လူတွေ အတွက် ကျွန်တော်တို့ ကလပ်မှာ အပျော်စရိတ် ဆိုပြီး ယန်းနှစ်သန်းလောက်

ထိ သုံးတာ ဘာမှ မပြောပလောက်ပါဘူး၊ ဖောက်သည် တစ်ယောက်ကို မ သေချာဘဲနဲ့ သံသယ ဝင်တာက…”

“သူက ကျွန်တော်နဲ့ တူလို့လား”

“ခွင့်လွှတ်ပါဆရာ၊ မကြာသေးခင်က ဆရာ ကိုယ်အလေးချိန် တော်တော် တက်လာခဲ့တယ် မဟုတ်လား”

ကျွန်တော် စာရေးဆရာ စဖြစ်စအချိန်ကနဲ့ဆို ခု ဆယ့်ရှစ်ကီလို ကိုယ် အလေးချိန် တက်လာခဲ့ပါတယ်။

“ဆရာ့ရဲ့ ပထမဆုံး စာအုပ်ဖြစ်တဲ့ Electone Guerrila မှာ ပါတဲ့ ဓာတ်ပုံ”

“Electronic Guerrila ပါ”

“ဟုတ်ကဲ့၊ တောင်းပန်ပါတယ်၊ ကျွန်တော့် သမီးက Yamaha Electone သင်ခန်းစာတွေ သင်ယူနေလို့ပါ၊ ပြီးတော့…”

“ခင်ဗျား ပြောနေတာက၊ အဲဒီစာအုပ်ထဲမှာ ကျွန်တော့်ဓာတ်ပုံ ပါတယ် ဆို၊ ဟုတ်လား”

“အဲဒီ ဓာတ်ပုံထဲက ပုံစံနဲ့ တော်တော်လေး ပြောင်းလဲသွားပြီ မဟုတ် လား”

“ကျွန်တော် တော်တော်ကြီး ပြောင်းလဲသွားပါတယ်။ ခင်ဗျားက ဘာတွေ များး မျှော်လင့်ထားလို့လဲ။ ခင်ဗျား ကျွန်တော့်ကို မမှတ်မိနိုင် ဖြစ်စရာလောက် တော့ မရှိပါဘူး။

“ကျွန်တော်တို့ ကလပ်ကို လာတဲ့ ဆရာအိုကူတေဂါဝါက သူ့စာအုပ်တွေ၊ အဲ… ဆရာ့စာအုပ်တွေ တော်တော်များများ ယူလာပါတယ်၊ ပြီးတော့ လက်မှတ်ထိုးပြီး ကျွန်တော်တို့ကို ပေးပါတယ်၊ ကျွန်တော့်ကို တစ်အုပ်ပေးပါ တယ်၊ ကောင်မလေးတွေကို…”

“ကျွန်တော့်ဘဝမှာ ကျွန်တော့်စာအုပ် တစ်အုပ်ကို ဘယ်ဘားကိုမှ ယူမ သွားဖူးဘူး၊ အဲဒီလောက် အရှက်မဲ့တာ…”

“ကျွန်တော်တို့ဆီက ကောင်မလေးတစ်ယောက်က သူနဲ့ ကိုယ်ဝန် ရနေ ပါတယ်”

ကျွန်တော် မအံ့သြမိပါဘူး။ လက်မှတ်အတုတွေ ထိုးပြီး စာအုပ်တွေ လိုက်ပေးတဲ့ အဲဒီလို ရွံဖို့ကောင်းတဲ့ ကောင်တစ်ကောင် အနေနဲ့ ဘားက ကောင်မလေးတစ်ယောက်ကို တစ်နေ့တည်းနဲ့ အပိုင်သိမ်းသွင်းလို့ ရပါတယ်။

“အဲဒီကောင်မလေး ကျွန်တော်နဲ့ အတူရှိနေပါတယ်၊ ကောင်မလေးက အဲဒီလူကို အစစ်လို့ပဲ ထင်နေပါတယ်၊ ဘယ်လိုမှ နားချလို့မရဘူး ဖြစ်နေပါ တယ်၊ ကျွန်တော်တို့ ဆရာ့အဆောက်အုံနားက ကော်ဖီဆိုင်တစ်ဆိုင်မှာ ရှိနေပါ တယ်၊ ဆရာ ကျွန်တော်တို့နဲ့ ခဏလောက် ကော်ဖီလာသောက်ပါလား လို့ ဖိတ် ရင် လွန်သွားမလား မသိပါဘူး”

⁂

အမျိုးသမီးက ကျွန်တော့်ကို မြင်မြင်ချင်း “သူ မဟုတ်ဘူး” လို့ ညည်းတွားပါ တယ်။ ခေါင်းကို စားပွဲပေါ်တင်ပြီး ငိုတော့တာပါပဲ။ သူမဟာ၊ ဘယ်လို ပြောရမ လဲ၊ ပြစ်မျိုး မဲ့မထင်ပါပဲ။ သူမ အဖြူရောင်ဝတ်စုံကို ဝတ်လို့ ထားတယ်။ အပြာ တောက်တောက် ရှူးဖိနပ်နဲ့ အဖြူရောင် ဇာခြေအိတ်ရှည်တွေကို ဝတ်ထား တယ်။ သူမရဲ့ ခြေချင်းဝတ်တွေက ညီညီညာညာ ရှိလှပါတယ်။ သူမရဲ့ အသားအရေက ချောမွေ့ပြီး နေပူစာခံထားပါတယ်။ သူမရဲ့ မျက်နှာအကျက ဘဲဥပုံစံ ရှိပြီး မျက်ဝန်းတွေက ဝိုင်းဝိုင်းလေးပါ။ ဆိုတော့ သူမက ပြစ်မျိုးမဲ့မ ထင်ပါပဲ။

မန်နေဂျာက အသက်ခြောက်ဆယ်လောက် ရှိပါပြီ။ သူက ကောင်မလေး ကို နှစ်သိမ့်ဖို့ ကြိုးစားနေပါတယ်။

“နင် သူနဲ့အတူ ကားလိုက်စီးတယ် မဟုတ်လား၊ အဲဒီမှာ ဖြစ်ကုန်တာ ပေါ့” သူက ကောင်မလေးကို ပြောတယ်။

“နင် အမှန်တရားကို ရင်ဆိုင်မှ ရမယ်”

ကျွန်တော် လက်ကိုင်ပဝါ တစ်ထည် ထုတ်ပေးလိုက်ပါတယ်။ မျက်ရည် တွေ စိုရွှဲနေတဲ့ မျက်ဝန်းတွေနဲ့ သူမက ကျွန်တော့်ကို ကြည့်ပြီး တောင်ပင်လယ်

ထဲက သန္ကာကျောက်တန်းလို လှပလွန်းတဲ့ လက်မောင်းတစ်ဖက်ကို ဆန့်ပြီး လှမ်းယူပါတယ်။ သူမ နာမည်က မတ်ဆုမိပါ။

※※※

မတ်ဆုမိကို ကျွန်တော် သိတဲ့ အကောင်းဆုံး စားသောက်ဆိုင် တစ်ဆိုင်ကို ဖိတ်လိုက်ပါတယ်။ သူမဟာ မြစိမ်းရောင်ဝတ်စုံကို ဝတ်ပြီး ခရုလည်ဆွဲလေး ဆွဲထားပါတယ်။ ဖယောင်းတိုင် မီးပျပျတွေရဲ့အောက်မှာ သူမဟာ ကျွန်တော် အထက်တန်းကျောင်းသား ဘဝတုန်းက တသသ စွဲလမ်းမိခဲ့တဲ့ အီတလီ မင်းသမီး တစ်ယောက်နဲ့ တစ်ပုံစံတည်းအတိုင်း ကျွန်တော့်ကို မြင်နေစေပါတယ်။ အဲဒီအကြောင်းကို ကျွန်တော်နဲ့ ရင်းနှီးတဲ့ စားပွဲထိုးတစ်ယောက်ကို ပြောပြမိတာ သူက လုံးဝ၊ လုံးဝကို မတူပါဘူးလို့ ပြောတော့ ငါတော့ သေပြီလို့ သဘောပေါက်မိပါတယ်။ ကျွန်တော် မိန်းမတစ်ယောက်ကို စချစ်မိတိုင်း အဲဒီ အမျိုးသမီးဟာ ခုနက ပြောတဲ့ အီတလီမင်းသမီးနဲ့ တူလာခဲ့တာချည်းပါပဲ။ အရန်ဟင်းပွဲအတွက် ကျွန်တော်တို့ ဟင်းခတ်အမွှေးရည် စိမ်ထားတဲ့ ကိုကာနီး ဆယ်လ်မွန် စားကြပါတယ်။

“မဖြေချင်လည်း မဖြေလို့ ရပါတယ်။ အဲဒီ အယောင်ဆောင်တဲ့ လူက ကိုယ်နဲ့ တူလို့လား”

မတ်ဆုမိက ကျွန်တော့်ကို စိုက်ကြည့်ပါတယ်။ နာကျင်စရာ တစ်ခုခုကို အမှတ်ရသွားသလို သူမ နှုတ်ခမ်းကို ကိုက်လိုက်ပြီး ကျွန်တော့်ကို ကြည့်ပါတယ်။ နောက်ဆုံးတော့ သူမက “အခုလို အနီးကပ် မြင်ရရင် ရှင်က သူနဲ့ ဘယ်နေရာမှာမှ မတူပါဘူး”

ဒီစကားက စိတ်ဆင်းရဲစရာပါပဲ။ ကျွန်တော် မနာလို ဖြစ်မိတယ်။ ကျွန်တော့် အယောင်ဆောင်တဲ့ လူကို ကျွန်တော် မနာလို ဖြစ်မိတယ်။

သူမဟာ ပင်လယ်လိပ် စွပ်ပြုတ် ဟင်းတစ်ပန်းကန်ကို စသောက်ပါတယ်။

“ဒါပေမဲ့ သူနဲ့ ကိုယ်နဲ့မှာ အကြိုက်တူတာ တစ်ခုရှိတယ်” လို့ ကျွန်တော် သူမကို ပြောလိုက်တယ်။ ကျွန်တော် ပြောတော့မယ့် စကားက မျှော်လင့်ချက်

ကင်းမဲ့တဲ့ ပလီပလာစကားလို့ ထင်စရာ ဖြစ်တော့မယ် ဆိုတာ သတိထားမိနေတယ်။ “အဲဒါက ကိုယ်တို့ရဲ့ မိန်းမတွေနဲ့ ပတ်သက်တဲ့ အကြိုက်ပဲ”

သူမ ခေါင်းကို ဆတ်ခနဲ မော့လိုက်ပြီး သူမကို မကျီစားပါနဲ့လို့ ပြောတယ်။ ကျွန်တော်ဟာ သူမကို နှစ်လိုဖွယ် စကားတွေ ပြောပြီး စိတ် အနှောင့်အယှက် ဖြစ်နေစေတယ်လို့ တွေးရမှာဟာ စိတ်ပျက်စရာပါပဲ။ ဒါပေမဲ့ လည်း ဒီအမျိုးသမီးဟာ ဘားတွေမှာ လက်မှတ်အတုတွေ ထိုးပြီး စာအုပ်တွေ ဝေခဲ့တဲ့ လူလိမ်ကောင်ကို ကြိုက်ဖူးတဲ့ မိန်းမပါပဲ။ အဲဒီတော့ မျှော်လင့်ချက် ရှိသေးတာ သေချာတာပေါ့။

ဘာပဲပြောပြော၊ ကျွန်တော်က အစစ်ပဲလေ။

“ကိုယ် မင်းကို စနေတာ မဟုတ်ပါဘူး၊ ကိုယ် မင်းကို တကယ် သဘောကျတာပါ”

ကျွန်တော်တို့ ဖလာရီရှုန်ပိန် သောက်နေကြတာပါ။ မတ်ဆုမိက ခွက်ကို လှလှပပလေး ကုန်အောင် သောက်လိုက်ပါတယ်။

“သူက ကျွန်မကို အဲဒီလိုမျိုး တစ်ခါမှ မပြောဖူးဘူး”

“ဘယ်လိုမျိုးလဲ”

“ကိုယ် မင်းကို သဘောကျတယ်တို့၊ ကိုယ် မင်းကို ချစ်တယ် ဆိုတာမျိုး ပေါ့”

“မင်းတို့က ချစ်သူတွေ မဟုတ်ဘူးလား”

“သူ ကလပ်ကိုလာတဲ့ အကြိမ်တော်တော်များများမှာ သူ့စားပွဲကို တခြား မိန်းကလေးတွေ ပြောင်းပြောင်း ခေါ်ထိုင်တတ်တယ်”

“ထူးဆန်းတာပဲ”

“သူက တခြားကောင်မလေး သုံး၊ လေးယောက်လောက်ကို လုပ်ခဲ့ပုံပေါ်တယ်”

“ဘာလုပ်တာကို ပြောတာလဲ”

“လိင်ဆက်ဆံခဲ့တာလေ၊ လုပ်တယ် ဆိုတာ အဲဒါကို ပြောတာ”

ကျွန်တော်တို့ ဘေးစားပွဲက လူတွေက ကျွန်တော်တို့ကို ကြည့်တယ်။ မတ်ဆုမိက မျက်တောင်တစ်ချက်တောင် မခတ်ဘူး။

“သူ ပျောက်မသွားခင်အထိ ကျွန်မကို မလုပ်ခဲ့ဘူး”

“တကယ်လား၊ အဲဒါတော့ ကောင်းသားပဲ”

“ကောင်းသားပဲ၊ ဟုတ်လား”

“မလုပ်တာကို ဆိုလိုတာပါ၊ လုပ်ခဲ့ရင် ပိုဆိုးမှာပေါ့၊ အဲဒီလို တွေးမိတာပါ”

“သူ မလုပ်ချင်ခဲ့တာ”

“နောက်ဆုံးတော့ မင်းလုပ်ခဲ့တယ် မဟုတ်လား”

“နေပါဦး၊ လုပ်ခဲ့တယ်၊ မလုပ်ခဲ့ဘူး ဆိုတဲ့ မေးခွန်းတွေနဲ့ ရှင် ဘာဖြစ်နေတာလဲ၊ ကျွန်မ မကြိုက်ပါဘူး” လို့ သူမက ပြောရင်း ဘဲကင်ကြွပ်ကြွပ် တစ်ဖတ်ကို ခက်ရင်းနဲ့ထိုးပြီး ပါးစပ်ထဲ ထည့်လိုက်တယ်။

“မင်း ကိုယ့်စာအုပ် တစ်အုပ်တလေ ဖတ်ဖူးလား”

“အကုန်ဖတ်ဖူးတယ်”

“အကုန် ဟုတ်လား”

“ဟုတ်တယ်၊ ကျွန်မ ရှင့်ရဲ့ ပရိသတ် ဖြစ်ခဲ့ဖူးတယ်”

“မင်းက ကိုယ့်ရဲ့ ပရိသတ် ဖြစ်ခဲ့ဖူးတယ် ဟုတ်လား” ကျွန်တော် ကြောင်တောင်တောင် အပြုံးကို မကွယ်ဝှက်နိုင်ခဲ့ဘူး။ “မတ်ဆုမိချန်ရေ၊ မင်းနဲ့ အဲဒီလူရဲ့ ဆက်ဆံရေးကို ကိုယ်တော့ နားမလည်နိုင်တော့ဘူး”

“ကျွန်မကို မူချန်လို့ပဲ ခေါ်ပါ၊ ကလပ်မှာ အဲဒီလိုပဲ ခေါ်ကြတယ်”

“မူချန်”

“ဘာပဲပြောပြော၊ ကျွန်မ သူ့ကို သဘောကျခဲ့ပါတယ်၊ အဲဒါပါပဲ”

“အဲဒီလူက ဘယ်လို လူစားမျိုးလဲ”

သူမ ဝါးလုံးကွဲ ရယ်တော့တာပဲ။

“ဘာတွေများ ရယ်စရာ ပါနေလို့လဲ”

“ရှင်လေ၊ တကယ့်အစစ်က အတုအကြောင်းကို စပ်စုနေတာ မထူးဆန်းဘူးလား”

“ကိုယ်သိချင်နေတာက မင်း ဘယ်လို ယောကျ်ားမျိုးကို ကြိုက်လဲဆိုတာကိုပါ”

“ကျွန်မက သူ့ကို ရှင်လို့ ထင်ခဲ့တာလေ၊ မဟုတ်ဘူးလား”

“အဲဒါ မှန်ပါတယ်၊ ဆိုတော့ စာရေးဆရာ ဆိုရင် ဘယ်ယောကျ်ားဖြစ်ဖြစ် အဆင်ပြေတယ် ဆိုတဲ့ သဘောလား”

“ကျွန်မက ရှင့် ပရိသတ်လို့ ပြောခဲ့တယ်လေ”

“ကောင်းပြီလေ၊ ခဏလေး၊ ငြင်းလို့ မရနိုင်တဲ့ အချက်က အဲဒီစာအုပ်တွေကို ရေးခဲ့တာက ကိုယ်လေ”

မတ်ဆုမိ ထပ်ရယ်ပြန်ပါတယ်။

“ကျွန်မ သိပါတယ်”

“အဲဒီတော့ မင်း ကိုယ့်ကို ချစ်မိသွားဖို့ကော မဖြစ်နိုင်ဘူးလား”

သူမ ရယ်တာ ရပ်သွားပါတယ်။ သူမ ခေါင်းကို ညိတ်တယ်။ ဆင်စွယ်ဘူးလေးထဲက အမေရိကန် စီးကရက်သွယ်သွယ် တစ်လိပ်ကို ဆွဲထုတ်လိုက်ပြီး မီးညှိတယ်။ ပြီးတော့ သူမ ကျွန်တော့်ကို မော့ကြည့်ပြီး ခံစားချက်တွေနဲ့ဆိုင်တဲ့ မေးခွန်းတစ်ခုပဲလို့ ပြောတယ်။

“ကျွန်မ ရှင့်ကို ချစ်သွားနိုင်ခဲ့ပါတယ်”

လို့ သူမက ပြောတယ်။

“ဒါပေမဲ့ အဲဒါ မဖြစ်ခဲ့ပါဘူး”

“ကလေးကို ဘာလုပ်ဖို့ စဉ်းစားထားလဲ”

“ရှေ့တစ်ပတ်ထဲ သွားဖျက်ချမယ်”

အဲဒီစကားကို ကြားရတာ ကျွန်တော် ဝမ်းနည်းသွားတယ်။ အားလုံးက ကျွန်တော့်အပြစ်တွေကြောင့်လို့ ခံစားရတယ်။

※※※

လက်ထဲမှာ ပန်းစည်းတစ်စည်းရယ်၊ လက်မှတ်ထိုးထားတဲ့ ကျွန်တော့်ရဲ့ နောက်ဆုံးထွက် စာအုပ်ဖြစ်တဲ့ The Ultra-LSI Club Epistles တို့ကို ကိုင်ပြီး မတ်ဆုမိရဲ့ ကွန်ဒိုကို ကျွန်တော် ရောက်လာပါတယ်။ သူမ ညအိပ်ဘောင်းဘီနဲ့ ဝတ်ရုံရှည်ကို ဝတ်ဆင်ထားပါတယ်။ ဘာမိတ်ကပ်မှ မလိမ်းထားပါဘူး။ ဒါပေမဲ့ သူမ အရင်အတိုင်းပဲ ချစ်ဖို့ ကောင်းနေပါတယ်။

သူမ ကျွန်တော့်ကို ကော်ဖီတစ်ခွက် ဖျော်တိုက်ပါတယ်။

“ခုလို ထနေရတာ အဆင်ပြေရဲ့လား၊ ဘယ်လိုနေလဲ”

ကျွန်တော့် စိတ်ထင် ဖြစ်ကောင်း ဖြစ်နိုင်တာက သူမ ပါးချောင်လေး နည်းနည်းကျနေပါတယ်။

“ကောင်းပါတယ်၊ ကျွန်မကို နေ့တိုင်း ဖုန်းဆက်ပေးတာ ကျေးဇူးတင်ပါ တယ်၊ အဲဒါကြောင့် ကျွန်မ သိပ်စိတ်ဓာတ်မကျတာပါ၊ ရှင့်ဆီက ဖုန်းတွေ လာ လွန်းလို့ ရှင်ဟာ ကလေးအဖေလို့တောင် ကျွန်မ ခံစားလာရပါတယ်”

ငါသာ ကလေးအဖေ ဖြစ်လိုက်ပါတော့လား။

“ကိုယ်တို့ ဖုန်းထဲမှာ ပြောခဲ့တာတွေကို ပြန်စဉ်းစားဖြစ်သေးလား”

“ရှင် ကျွန်မကို စိတ်သက်သာရာရအောင် ပြောနေတာ မဟုတ်လား၊ ကျွန်မကို လက်ထပ်ဖို့ ပြောတဲ့ အဲဒီအူကြောင်ကြောင် စကားတွေပေါ့”

“ကိုယ် တကယ့်ကို လေးလေးနက်နက် ပြောတာပါ”

ကျွန်တော် ကွာရှင်းပြတ်စဲပြီးနောက် ကျွန်တော့်မှာ ရည်းစား သုံးယောက် ထိ ရှိလာခဲ့ပါတယ်။ ပြဿနာက မတ်ဆုမိနဲ့ တွေ့ကတည်းက သူတို့နဲ့ အိပ်ချင် စိတ်တွေ လုံးလုံး ပျောက်ကွယ်သွားခဲ့တာပါပဲ။ မတ်ဆုမိရဲ့ အခန်းက စတူဒီယို တိုက်ခန်းပါ။ သူမဆီမှာ ပန်းချီကားဒေါက်နဲ့ ဆီဆေးတွေ ရှိပါတယ်။ သူမက

ပန်းချီဆရာမတစ်ယောက် ဖြစ်ချင်ခဲ့တာပါ။ သူမက ဘားမယ်လုပ်တာ ပန်းချီဆွဲဖို့ အချိန်ပို တော်တော်ရမယ်လို့ ထင်ခဲ့ပေမယ့် လက်တွေ့မှာတော့ တခြားစီပါ။

“ကိုယ့်ကိုကြည့်ပါဦး” လို့ ကျွန်တော် ပြောလိုက်တယ်။

“ဘာလဲ”

“ဘာတွေ ပြောင်းလဲသွားလဲ ဆိုတာ သတိထားမိလား”

“အခုမှ ရှင်နဲ့တွေ့တာ သုံးကြိမ်ပဲ ရှိသေးတယ်လေ”

“ကိုယ်အလေးချိန် ဂရမ်ရှစ်ရာ ကျသွားတယ်”

သူမ The Ultra-LSI Club Epistles စာအုပ်ကနေ တစ်ဆင့် ကြည့်လို့နေတယ်။ ခုတော့ စာအုပ်ပိတ်လိုက်ပါပြီ။ ကျွန်တော့်ကို သနားတဲ့ အကြည့်နဲ့ ကြည့်ပါတယ်။ ကျွန်တော် အရက်သောက်တာ လျှော့လိုက်ပါပြီ။ ရေကူးကလပ်ကို သွားနေပါပြီ။ ညမအိပ်ခင် ဗိုက်မှာ အဆီကျစေတဲ့ ဆေးကို လိမ်းပါတယ်။

“ရှင် ဝိတ်ချနေတာလား”

“ဟုတ်တယ်”

“ဘာဖြစ်လို့လဲ”

“ပထမဆုံး စာအုပ်ထဲက ပုံစံအတိုင်း ပြန်ဖြစ်ချင်လို့”

ကျွန်တော်က သူမ ခုတင်ရဲ့ ထောင့်စွန်းမှာ ထိုင်နေပါတယ်။ သူမ ကျွန်တော့်ဆီ ထလာပြီး ကျွန်တော့်လက်ကို ကိုင်ပါတယ်။

“သူ ရောက်မယ့်အစား ကလပ်ကို ရှင် ဘာလို့ ရောက်မလာခဲ့တာလဲ”

“ပြောရရင်ကွာ၊ ကိုယ်ဟာ ကိုယ့်အကြောင်းကိုယ် စဉ်းစားနေခဲ့တာ၊ နည်းနည်းတော့ ရှုပ်ထွေးပါတယ်၊ ဘယ်လို ပြောရမလဲ၊ ကိုယ်တို့နှစ်ယောက် ချစ်ကျွမ်းဝင်ဖို့ ကံကြမ္မာပါလာခဲ့တယ်လို့ ကိုယ် ထင်မိတယ်၊ ဒါပေမဲ့ အမှားအယွင်း အတိမ်းအစောင်း တစ်ခု ရှိခဲ့တယ်”

“အမှားအယွင်း အတိမ်းအစောင်း ဟုတ်လား”

“ကိုယ်တို့ နည်းနည်း လွဲချော်ခဲ့ကြတယ်”

“ရှင် ကျွန်မကို ဘာလို့ အတင်း နားသွင်းနေတာလဲ”

“မူချန် ကိုယ်တို့ နှစ်ယောက်ကြား ရပ်နေတာ အကုန်လုံးက တစ္ဆေတစ်ကောင်ပဲ၊ လူသေရဲ့ ပုံရိပ်ပဲ”

“အင်း၊ သူက ရှင့်ဟန်ဆောင်နေတာ”

“ကိုယ်နဲ့ ဘာမှ မသက်ဆိုင်တဲ့ လူတစ်ယောက် ဆိုရင်တော့ ဘာမှ မဖြစ်လှပါဘူး၊ မင်းဟာ ကိုယ်တစ်ခါမှ မကြားဖူးတဲ့ လူတစ်ယောက်ရဲ့ လှည့်ဖြားတာကို ခံခဲ့ရရင်ပေါ့”

“ရှင် ဆိုလိုချင်တာကို ကျွန်မ နားလည်ပါတယ်”

“ဟုတ်ပါတယ်၊ မင်း နားလည်တယ်၊ မင်းက ကိုယ့်စာအုပ်တွေ ဖတ်တဲ့ ပရိသတ်တစ်ယောက်ပဲ၊ ကိုယ့်စာပေလက်ရာတွေ အားလုံးရဲ့ ပင်မ အကြောင်းအရာတွေက ဒစ်ဂျစ်တယ် အချိန်ကာလရဲ့ စေ့ဆော်မှုအပေါ် မှီခိုနေရတဲ့ အန်နာလော့ဂ် အချိန်ပါပဲ၊ ဒစ်ဂျစ်တယ် အချိန်ဆိုတာက တခြားနည်းလမ်းနဲ့ ဘယ်လိုမှ မလည်ပတ်ဘူး”

“ကျွန်မ နောက်တစ်ခေါက် လည်ပတ်စေတာကို လိုချင်တာလား”

“ဥပမာပြောရရင် သွားကိုက်တာက ကိုယ်ရည်ကိုယ်သွေးအပေါ် သက်ရောက်မှု ရှိစေသလိုပဲ”

“ကျွန်မတို့ရဲ့ ပတ်သက်မှုက အဲဒီလို ဖြစ်နေတာနဲ့ တူတယ်လို့ ပြောချင်တာလား”

“မေးပါရစေဦး၊ အဲဒီလူကို မင်း ဘယ်လိုခေါ်လဲ”

“ပထမတော့ ဆရာလို့ ခေါ်တယ်၊ ဒါပေမဲ့ အဲဒီအသံကို မကြိုက်လို့ အိုကူတေဂါဝါစံလို့ ပြောင်းခေါ်တယ်၊ သူ့ကို ကျွန်မက ဂျွန်လို့ ခေါ်ဖို့ ပြောပါတယ်၊ ဒါပေမဲ့ သူက ကျွန်မ လေးစားရတဲ့ စာရေးဆရာ ဖြစ်နေတာကြောင့် အရမ်းကြီးရင်းနှီးနေတာကိုလည်း မကြိုက်ဘူး၊ အဲဒါနဲ့ အိုကူတေဂါဝါလို့ပဲ ဆက်ခေါ်ဖြစ်တယ်၊ ခေါ်ရတာ ပါးစပ်ထဲမှာ တစ်လုံးတစ်ခဲတော့ ရှိလှတယ်၊ ဒါပေမဲ့...”

“မင်းကတော့ ကိုယ့်ကို တစ်ခါမှ နာမည်တပ် မခေါ်ဘူး၊ ကိုယ်ကမှ အိုကူ တေဂါဝါဂျွန် အစစ်ပါ”

“ကျွန်မ သိပါတယ်”

“ကိုယ့်ဘက်က ဒီနေရာမှာ နစ်နာတာပေါ့၊ သူနဲ့က ကောင်းလား”

“ဘာကို ပြောတာလဲ”

“လိင်ကိစ္စ”

“ဘာအကြောင်းတွေ လာမေးနေတာလဲ”

“အဲဒါ အရေးကြီးတယ်၊ အဲဒါကြောင့်ပဲ ကိုယ့်အိမ်ထောင်ရေး ပြိုကွဲခဲ့ရတာ”

“ရှင့်မိန်းမနဲ့က မကောင်းဘူးလား”

“အဲဒီ ကိစ္စက ခုပြောချင်တာနဲ့ မဆိုင်ဘူး၊ မင်းနဲ့ အယောင်ဆောင်တဲ့ သူနဲ့ အတူတူ ပြီးကြလား”

“အတူတူ အော်ဂတ်ဆန် ဖြစ်လားလို့ မေးချင်တာလား”

မတ်ဆုမိ ရုက်လို့နေပါတယ်၊ သူမရဲ့ နားရွက်ဖျားတွေ ပန်းရောင်သန်းသွားတယ်။ ဒါပေမဲ့ သူ့ရဲ့ ပါးစပ်ထောင့်ဖျားမှာ အပြုံးလေးတစ်ခု တွဲလဲခိုလို့ နေတယ်။ အော်ဂတ်ဆန်ဖြစ်တဲ့ မှတ်ဉာဏ်ဟာ ဖိနှိပ်လို့ မရကောင်းပါဘူး။ ဘယ်တော့မှ ကွယ်ဝှက်လို့ မရဘူး။

“မင်း အသက်ဘယ်လောက် ရှိပြီလဲ”

“နှစ်ဆယ့်နှစ်နှစ်”

“မင်း အသက်အရွယ်မှာ လိင်တံအရွယ်အစားက ကိစ္စမရှိပါဘူး၊ ဟုတ်တယ် မဟုတ်လား၊ အရေးကြီးတာက အချစ်ပဲ”

“ကျွန်မ နားထောင်နေပါတယ်”

“မင်းရဲ့ ပါတနာကို ချစ်တယ် ဆိုရင် အော်ဂတ်ဆန် ဖြစ်တယ်”

“ကောင်းလိုက်တဲ့ ပို့ချမှုပဲ၊ ကိုယ်ဝန်ဖျက်ချပြီးခါစ မိန်းကလေး တစ်ယောက် ကြားချင်တဲ့ စကားမျိုးပဲ”

“ဆောရီးပါ၊ ဒါပေမဲ့ မင်းဟာ ကိုယ့်နေရာမှာ ဟန်ဆောင်ခဲ့တဲ့ လူကို ချစ်ခဲ့တာ ထင်ရှားနေတယ်၊ ကိုယ် ဆိုလိုချင်တာ နားလည်လား၊ ဘာကိုဆိုလိုလဲ ဆိုတော့ မင်းအတွက်တော့ ကိုယ်ဟာ အယောင်ဆောင်သူပါပဲ”

မတ်ဆုမီက ကျွန်တော့်ကို ပြန်ပါတော့လို့ တောင်းဆိုတယ်။ သူမရဲ့ မျက်ဝန်းတွေကနေ ပါးပြင်ပေါ် မျက်ရည်တွေ စီးထွက်လာပြီး သူမရဲ့ လက်ခုံပေါ်က သွေးကြောစိမ်းစိမ်းတွေ အပေါ် ကျလို့ သွားတယ်။ ကိုယ်ဝန်ဖျက်ချထားတာကြောင့် ကိုယ်ရော၊ စိတ်ပါ ညှိုးငယ်နေချိန်မှာ သူမဟာ ဒီကိစ္စကိုပါ ဖြေရှင်းနေရတယ်။ ပထမတော့ သူမဟာ အိုကူတေဂါဝါရဲ့ ဝတ္ထုတွေကို ဖတ်တဲ့ ပရိသတ်တစ်ယောက် ဖြစ်ခဲ့တယ်။ အဲဒီနောက် သူမရဲ့ ကမ္ဘာထဲကို မမျှော်လင့်ဘဲ ရောက်လာတဲ့ အိုကူတေဂါဝါရွှန်ကို ချစ်မက်မိသွားတယ်။ အစမှာတော့ အဲဒီနာမည်ဟာ သူမအတွက် အဝတ်အစားတစ်စုံ သက်သက်ပဲ။ ဒါပေမဲ့ အဝတ်အစားက ကျွတ်ကျသွားပြီး နာမည်တွေဆိုတာ ဘာဖြစ်ဖြစ် အော်ဂတ် ဆန်သို့ သွားရာ လမ်းမှာ အရေးမကြီးတော့ဘူး။

“ကိုယ့်ဟန်ဆောင်တဲ့ လူက ညစ်ပတ်တဲ့ စိတ်မျိုးရှိတဲ့ လူစားလား”

“သူ ကျွန်မကို မျိုးစုံလုပ်ခိုင်းတယ်”

လို့ သူမ ဝန်ခံပါတယ်။ သူမ ငိုနေတုန်းပဲ။ သူမဟာ နှစ်ခါပြန် စွန့်ပစ်ခြင်း ခံခဲ့ရတယ်။ အမည်နာမအားဖြင့် အိုကူတေဂါဝါ ဆိုတာနဲ့ ဝတ်လစ်စားလစ် ဖြစ်ခဲ့တဲ့ အမည်မသိလူ။

ကျွန်တော့်ကိုကော ဘယ်ကို ဦးတည်စေလဲ။ မတ်ဆုမီ ရှုထောင့်ကဆို ကျွန်တော်ဟာ ခပ်ဖျော့ဖျော့ အတုအပက လွဲလို့ ဘာမှမဟုတ်ပါဘူး။

※※※

ကျွန်တော့် ငယ်သူငယ်ချင်းတစ်ယောက်နဲ့ တွေ့ဖို့အတွက် ကျွန်တော် Cray Research ကုမ္ပဏီကို သွားခဲ့ပါတယ်။ သူက ဂျပန်နိုင်ငံရဲ့ ထိပ်တန်း ကွန်ပျူတာ နည်းပညာရှင် သုံး၊ လေးယောက် စာရင်းမှာ ပါဝင်ပါတယ်။ ကျွန်တော့် အဆိုပြုချက်ကို နားထောင်ပြီး သူက ခေါင်းကို ခါတယ်။

“မွေလိုက်”

လို့ သူက ပြောတယ်။

“ကျေးဇူးပြုပြီး ကြိုးစားကြည့်ပေးပါ၊ လူသားဦးနှောက်အတွက် အရမ်းကြီးမားနေလို့ပါ၊ ဉာဏ်အတု (artificial intelligence) ရဲ့ အကူအညီ နည်းနည်းလောက်ယူတာ ဘာဖြစ်လို့လဲကွာ”

ကျွန်တော့်မှာ မတ်ဆုမိ ဖြေထားတဲ့ မေးခွန်းငါးဆယ် အမေးလွှာ ရှိနေပါတယ်။ ပြီးတော့ ကျွန်တော် သူမကို အဲဒီအတိုင်းပဲ အယောင်ဆောင်သူနဲ့ ပတ်သက်တဲ့ မေးခွန်းငါးဆယ်ကို အကောင်းဆုံး ထပ်ဖြေခိုင်းပါတယ်။ နောက်ဆုံးတော့ ကျွန်တော့်ကိုယ်ကျွန်တော် အဲဒီမေးခွန်းတွေ ဖြေခိုင်းခဲ့ပါတယ်။ ကျွန်တော့်မှာ သက်ဆိုင်ရာ အချက်အလက် အဖြေသုံးစုံ ရထားပါတယ်။ အရပ်အမြင့်နဲ့ ကိုယ်အလေးချိန်၊ မိဘတွေရဲ့ အလုပ်အကိုင်များ၊ အကြိုက်ဆုံး ဟင်း၊ အကြိုက်ဆုံး ရုပ်ရှင်၊ အကြိုက်ဆုံး ဂီတအမျိုးအစား၊ အကြိုက်ဆုံး ဘော့စ်ဘောအသင်း၊ ဖက်ရှင် နှစ်ခြိုက်မှုများ၊ စီးကရက်များ၊ ခန္ဓာကိုယ်အနှံ့၊ ယေဘုယျခန္ဓာကိုယ် အနေအထား၊ သွားခံတွင်းပေါက် အရေအတွက်၊ အကြိုက်ဆုံး ယမကာ၊ ဝီစကီကြိုက်လျှင် ဘာဘွန်းလား၊ စကော့ချ်လား၊ ကနေဒီယန်လား၊ အိုင်းရစ်ရှ်လား စသည်ဖြင့်၊ အကြိုက်ဆုံး ကော့ခ်တေး ဆူရှီဆိုင်မှာ အရင်ဆုံး မှာတတ်တဲ့ အရာ၊ ကစားတဲ့ အားကစား၊ လိင်ဆက်ဆံရာမှာ အကြိုက်ဆုံး ပုံစံအနေအထား၊ လိင်စိတ် နိုးထစေသော နေရာများ၊ သတင်းစာဖတ်ရင် အရင်ဆုံးဖတ်တဲ့ စာမျက်နှာ၊ မာ့က်စ်ဝါဒ သဘောထားအမြင်နဲ့ စသည်ဖြင့်။ အူကြောင်ကြောင် နိုင်မှန်းတော့ ကျွန်တော် သိပါတယ်။ ကွန်ပျူတာကနေ တစ်ဆင့် ချိန်းတွေ့ရာမှာ ဖြည့်ရတာတွေထက် မပိုပါဘူး။ ဒါပေမဲ့ ကျွန်တော် ကောက်ရိုးမျှင်လေးတွေကို ဖမ်းဆုပ်ကိုင်နေတာပါ။ ကျွန်တော်ဟာ မတ်ဆုမိရဲ့ ပြဿနာအပေါ် စွဲလမ်းလွန်းစိတ် ဖြစ်နေတာကြောင့် ဘာအလုပ်မှ လုပ်လို့ မရပါဘူး။

“မင်းကလေ တကယ့်ကို ငကြောင် တစ်ကောင်ပါပဲ၊ မင်းမိန်းမ မင်းကို ထားသွားတုန်းကလည်း ဒီလိုမျိုး ညည်းတွားသေးတယ်၊ အခုဟာက ပိုတောင် ဆိုးသေးတယ်၊ ဝတ္ထုရေးဆရာတွေဟာ ဉာဏ်ကောင်းလိမ့်မယ်လို့ ငါ အမြဲတမ်း ထင်ထားတာ၊ အဲဒီအမြင်အရဆိုရင် မင်းကတော့ ခြွင်းချက်ပဲ”

သူ အချက်အလက်တွေ ထည့်သွင်းတော့ ပိုလို့တောင် ညည်းညူလာခဲ့တယ်။

“သနားစရာ ဘော်ရဂဲလ်လေးအတွက် စိတ်မကောင်းပါဘူး”

လို့ သူက ကီးဘုတ်ကို တချောက်ချောက် ရိုက်ရင်း ပြောပါတယ်။

“ဘယ်သူလဲ ဘော်ရဂဲလ်”

“ပြီးခဲ့တဲ့ လကမှ ရထားတဲ့ စူပါကွန်ပျူတာအသစ်၊ ငါ အဲဒီထဲကို အချက်အလက်တွေ ပို့နေတာ”

“မင်းက ဘာလို့ စိတ်မကောင်း ဖြစ်ရတာလဲ”

“ဘော်ရဂဲလ်က တစ်စက္ကန့်မှာ အော်ပရေးရှင်းပေါင်း တစ်ဘီလျံ၊ သန်းခြောက်ရာကို ကူးယူနိုင်တယ်၊ ငါတို့ သူ့ဆီကို မင်းရဲ့ သောက်ပေါ ပြဿနာကို ပို့နေရတယ်၊ မင်းဟာတွေက အရမ်း ပိန်းလွန်းအားကြီးရင်တော့ ဘာမှမလုပ်ဖို့ သူက ငြင်းလိမ့်မယ်၊ မင်း နားလည်လား”

သူ ကျွန်တော့်ကို ကြည့်ပြီး သွားဖြဲပြပါတယ်။

“အခုဆိုရင် လူတွေက မင်းအနေနဲ့ အယောင်ဆောင် လာကြပြီ”

လို့ သူက ပြောတယ်။

“အဲဒါက မင်း ဘယ်လောက် နာမည်ကြီးနေလဲ ဆိုတာကို ပြနေတာပဲ”

“ငါလည်း ဒီလို သွားဖြဲနေခဲ့ရတာပါ၊ အဲဒီအမျိုးသမီးကို တွေ့တဲ့အထိ ပေါ့”

“ဘော်ရဂဲလ်က ပုံစံတူ တစ်ခုကို လုပ်ပေးဖို့ သဘောတူလိုက်ပြီ”

“ဘော်ရဂဲလ်ဆိုပဲ၊ မင်းက သူ့ကို လူတစ်ယောက်လို ဆက်ဆံနေတာပဲ”

“ဟုတ်တယ်၊ သူက နှစ်သက်စရာကောင်းတဲ့ ပုံစံ ရှိတယ်”

“မင်းက တချို့စက်တွေကို နှစ်လိုဖွယ်ကောင်းတဲ့ ပုံစံရှိတယ်လို့ အမြဲ ပြောတတ်တယ်”

“တချို့စက်တွေက လူတွေထက် ပိုကောင်းတယ်၊ လူတွေက အမြဲတမ်း သူတို့ကိုယ်သူတို့ပဲ သက်သေပြနေ၊ သူတို့ရဲ့ ဂုဏ်သိက္ခာတွေကို ထိန်းသိမ်းနေတာချည်းပါပဲ၊ အားလုံး အတူတူပဲ၊ အဲဒါက တရွတ်ဆွဲနေတာပဲ၊ ဘော်ရဂဲလ်က သူမွေးတဲ့ နေ့မှာကတည်းက ကိုယ့်ကိုယ်ကိုယ် တန်ဖိုးထားတတ်တဲ့ စနစ်အတပ် ခံထားရတယ်”

“ကွန်ပျူတာတွေမှာ ကိုယ့်ကိုယ်ကိုယ် တန်ဖိုးထားတာ ရှိလို့လား”

“ရှိတာပေါ့”

“ငါက သူတို့မှာ စိတ်ခံစားမှုတွေ မရှိဘူးပဲ ထင်တာ”

“ကိုယ့်ကိုယ်ကိုယ် တန်ဖိုးထားတာနဲ့ စိတ်ခံစားမှုနဲ့က မတူဘူးကွ၊ မင်းက ဘယ်လို ဝတ္ထုရေးဆရာလဲကွာ၊ ကိုယ့်ကိုယ်ကိုယ် တန်ဖိုးထားမှု ဆိုတာက ကိုယ့်ကိုယ်ကိုယ် သိရှိမှုပဲ၊ မင်းရဲ့ အကန့်အသတ်ကို အပြည့်အဝ သိနေတာ၊ ကိုယ်ပိုင်စနစ်တွေနဲ့အညီ ရှင်သန်နေတာ၊ ငါ မှန်လား၊ ဒါမှမဟုတ် ငါ မှန်လား”

အကွာရာတွေ၊ စာလုံးတွေ၊ သင်္ကေတတွေ၊ ကိန်းဂဏန်းတွေဟာ ကွန်ပျူတာ ဖန်သားပြင်မှာ တစ်လိုင်းပြီး တစ်လိုင်း ပြည့်လို့ လာတယ်။ ပြီးတော့ ပျောက်လို့သွားပြန်တယ်။ ကျွန်တော့် သူငယ်ချင်းက ကျွန်တော့်ကို လှောင်ပြုံး ပြုံးပြပါတယ်။

“အံ့သြဖို့ကောင်းတယ် မဟုတ်လား”

လို့ သူက ပြောတယ်။

“ဘာကိုလဲ”

“ဘယ်အရာက အံ့သြဖို့ကောင်းတယ် ဆိုတာ မင်း မမြင်ဘူး မဟုတ်လား၊ မင်းပဲ အဆင့်မြင့် နည်းပညာ ခေါင်းစဉ်တွေ တပ်ပြီး စာအုပ်တွေ ရောင်းနေပြီးတော့၊ မင်းကတော့ ဆရာယောင်၊ သမားယောင်ပဲ၊ ဘော်ရဂဲလ်က မင်းရဲ့ မေးခွန်းငါးဆယ် အမျိုးအစားတွေအတွက် ဖြစ်နိုင်ဖွယ်ရှိတဲ့ ပေါင်းစပ်မှုတွေကို ပုံစံတူ လုပ်ပေးနေတယ်၊ ဒေတာ သုံးစုံကို တစ်ခုချင်းစီ လုပ်နေတာကို ပြောတာ၊ မင်းဘာသာမင်းဆို နှစ်တစ်ထောင်လောက် ကြာလိမ့်မယ်၊ ဒါနဲ့ မင်းဇနီးဟောင်း ဘယ်လိုလဲ”

“သူ အဆင်ပြေပါတယ်၊ ငါ့သားဆီကနေ တစ်ခါတလေ ကြားရတယ်၊ ရေကူးသင်တန်း၊ ယောဂသင်တန်း၊ ကွတ်ကီးဖုတ်နည်း သင်တန်းတွေ တက်နေပြီး ကောလိပ်က ဘွဲ့စ်ဘောနည်းပြ ဆရာတစ်ယောက်နဲ့ ကြိုက်နေတယ်လို့ သားက ပြောတယ်၊ မင်း မိန်းမဟောင်းကော”

“သူ နောက်အိမ်ထောင်ပြုသွားပြီ။ ကော်ဖီတင်ပို့တဲ့ ကုမ္ပဏီက အမှုဆောင် အရာရှိတဲ့၊ အဲဒီတစ်ယောက်က သုံးဆယ်ကျော်ကျော်ပဲ ရှိသေးတယ်တဲ့၊ ပြီးတော့ ပထမဆုံး အိမ်ထောင်ပြုတာ ဆိုပဲ၊ မင်း မေးရင်တော့ တော်တော် အံ့သြဖို့ကောင်းတယ်လို့ပဲ ငါဖြေမှာ၊ ငါ့မိန်းမ ဒါမျိုးတွေ သံယောဇဉ် ဖြတ်နိုင်တာကို ငါတော့ အထင်ကြီးမိတယ်၊ ငါကတော့ ဘော်ရဂဲလ်အပေါ်ပဲ ယုံကြည်နိုင်တဲ့ လူစားမျိုး၊ ဒီမှာ အဖြေတစ်ခု၊ ကဲ့ပ်ဆိုတာ ဘာလဲ၊ ဘာ အဓိပ္ပာယ်လဲ”

“ဟီရိုရှီးမားကဲ့ပ် ဘွဲ့စ်ဘောအသင်းကို ပြောတာ၊ ငါ့ဟန်ဆောင်တဲ့ ကောင်ရယ်၊ မတ်ဆုမိရယ်၊ ငါရယ်က ကဲ့ပ်အသင်းရဲ့ ပရိသတ်တွေချည်းပဲ၊ ဒါက အဖြေမဟုတ်သေးဘူး၊ စက်က ဘာပြောချင်နေတာလဲ”

“မင်းက တော်တော်ထူတဲ့ ကောင်ပဲ၊ ကောင်မလေးကို ဘွဲ့စ်ဘောပွဲ ခေါ်သွားတယ်၊ အားကစားက သန့်ရှင်းပါတယ်၊ ရိုးရှင်းတယ်၊ ဒါပေမဲ့ ဘာတွေများ ကောင်းလို့လဲ၊ ဘာမှ မသက်ဝစရာ မရှိဘူး၊ ဘောလုံးပစ်မယ်၊ ရိုက်မယ်၊ ပြေးမယ်၊ ဒါပဲ၊ အယောင်ဆောင်တဲ့ ကောင်ကလည်း အဲဒီအသင်းရဲ့ ပရိသတ်ပဲ၊ သူနဲ့ ပတ်သက်တဲ့ နှစ်လိုဖွယ်ရာ မှန်သမျှနဲ့ ဘွဲ့စ်ဘောနဲ့ ပတ်သက်တဲ့ မှတ်ဉာဏ်တွေဟာ မင်းဆီကို ကူးပြောင်းလာလိမ့်မယ်၊ အဲဒါတော့ ကောင်းတယ်”

※※※

ဝေလငါးများနဲ့ ကဲ့ပ်အသင်းတို့ရဲ့ ရှစ်ကြိမ်မြောက် ပုံမှန် ရာသီပွဲစဉ် ကြည့်ဖို့ ကျွန်တော်တို့ ယိုကိုဟားမား အားကစားရုံကို ရောက်လို့နေပါတယ်။ ကျွန်တော်က ပွဲကြည့်ဖို့ ဖိတ်တော့ မတ်ဆုမိက စီခနဲမြည်အောင် အသံထွက် ပျော်သွားပါတယ်၊ ပြီးခဲ့တဲ့ လေးနှစ်တုန်းက ကဲ့ပ်အသင်းရဲ့ မန်နေဂျာနဲ့အတူ စားပွဲဝိုင်းဆွေးနွေးပွဲမှာ ပါဝင် စကားပြောပြီး ကတည်းက ကျွန်တော်ဟာ ကဲ့ပ်အသင်းရဲ့ ပရိသတ်တစ်ယောက် ဖြစ်လို့လာပါတယ်။ ဒီပွဲစဉ်ဟာ ဘောလုံးပစ်သမားတွေ ဖြစ်တဲ့ ဝေလငါးများအသင်းက အန်ဒိုနဲ့ ကဲ့ပ်အသင်းက ကီတာဘက်ပူတို့

နှစ်ယောက်ရဲ့ အားပြိုင်ပွဲ ဖြစ်လို့လာပါတယ်။ တတိယတန်းရဲ့ အောက်ခြေမှာ ကာတိုက ကီတာဘက်ပူရဲ့ ဘောလုံးကို ရိုက်လိုက်ပါတယ်။ ပြီးတော့ လီယွန်လီက ဘောလုံးကို ရိုက်ပြီး ညာဗဟိုကို ပြေးသွားပါတယ်။

လေက တော်တော့ကို အေးစိမ့်စိမ့် နိုင်လှပါတယ်။ ဒါပေမဲ့ ဘီယာအရသာက ကောင်းလွန်းလှပါတယ်။ မတ်ဆုမိနဲ့ ပူးပူးကပ်ကပ် ထိုင်နေရတာ ကြောင့်လည်း ဘီယာအရသာက ပိုကောင်းနေတာပါ။ မတ်ဆုမိဟာ သားရေဘောင်းဘီ ကျပ်ကျပ်၊ ငွေရောင် ခြေညှပ်ဖိနပ်နဲ့ အိစက်စက် တီရှပ်တို့ကို ဝတ်ဆင်ထားပြီး သူမရဲ့ ပါးကို ပြောင်းဖူးပေါက်ပေါက်နဲ့ ပွတ်သပ်လို့ နေပါတယ်။

“မူချန် မင်း ဘာဖြစ်လို့ ကာ့ပ်ပရိသတ် ဖြစ်နေတာလဲ၊ ဟီရိုရှီးမားမှာ မွေးခဲ့တာလည်း မဟုတ်ဘဲနဲ့”

“အဲဒီမှာ မမွေးခဲ့ပါဘူး၊ ဒီအသင်းက လူငယ်ကစားသမား တော်တော်များများကြားကြားက ချောလို့ပါ၊ ရာမိန်းက ကြည့်မကောင်းဘူးလား၊ တာကာဟာရှိယိုရှိဟီကိုလည်း ချောတာပဲ၊ ကိုဘာယာကာဝါ၊ ကာဝါဂူချီ၊ မိုရိဝါကီ... အကုန်လုံး ချောတယ်”

“မင်း အတွက် ရုပ်က အရေးကြီးတယ်ပေါ့၊ ဟုတ်လား”

“စာအုပ်တစ်အုပ်ကို အဖုံးနဲ့ကြည့် မဆုံးဖြတ်နဲ့လို့ ပြောကြတယ်၊ အဲဒါ မမှန်ဘူး၊ အဲဒီ အဖုံးနဲ့ ဆုံးဖြတ်ရမှာပဲလေ”

“ဒါပေမဲ့ ပြင်ပသွင်ပြင် လက္ခဏာတွေက လှည့်ဖြားတတ်တယ်လေ၊ မဟုတ်လား”

“တခြားလူတွေ ဘယ်လို ထင်လဲ ဆိုတာတွေကို ကိုယ့်ကို အလွှမ်းမိုးခံလိုက်မှ ဖြစ်တာပါ၊ ရှင်က ကိုယ့်ရဲ့ ကိုယ်ပိုင်ခံစားချက်တွေကို ယုံကြည်တယ်ဆိုရင်၊ ဘယ်သူ့ကိုမဆို သူတို့ရဲ့ အမြင်နဲ့ ဆုံးဖြတ်နိုင်တယ်၊ ဘယ်တော့မှ မမှားဘူး”

အဲဒါ ဘာကို ဆိုလိုတာလဲ။ ကျွန်တော်နဲ့ ကျွန်တော့်အယောင်ဆောင်သူကိစ္စကို ရည်ညွှန်းလေသလား။ သူ့ပုံစံ ဘယ်လိုရှိလဲ ဆိုတာ ကျွန်တော် သိချင်စမ်းပါဘိ။ မတ်ဆုမိဟာ အဲဒီကောင်ရဲ့ စိတ်ထဲမှာ ဘာတွေရှိလဲ ဆိုတာ

ဘယ်တော့မှ နားလည်မှာ မဟုတ်ပါဘူး။ အဲဒီကောင်က ကျွန်တော့်ထက်ပဲ ရုပ်ပိုချောနေသလား။

ကီနူဂါဆာဝါ ပဉ္စမအလှည့် အရှေ့ဆုံးမှာ တစ်ကိုယ်တော် ရိုက်ပြေးသွားတာက ကျွန်တော့်ရဲ့ အတွေးရထားကို လမ်းချော်စေပါတယ်။ ကျွန်တော် တို့နှစ်ယောက် တစ်ယောက်လက်ကို တစ်ယောက် ကိုင်ပြီး ထိုင်ခုံတွေကနေ ထခုန်လိုက်တယ်။ အရူးတွေလို အော်ဟစ်အားပေးကြတယ်။

သတ္တမအလှည့်ရဲ့ ထိပ်မှာ တာကာဟာရှိယိုရှိဟီကိုဟာ ရိုက်ချက် လေးချက် ရိုက်ခွင့်ရလာတယ်။

တာကာဟာရှိဟာ ဇွန်လကတည်းက တတိယနေရာကနေ ရိုက်လာခဲ့ပါတယ်။ သူ့နောက်မှာက ယာမာမိုတိုကိုဂျိပါ။ အပြင်တွေ မပါဘူး။ အပြေးသမားက အရင်ပါ။

ကျွန်တော်တို့နောက် သုံးတန်းမြောက်က သောက်ရူးတချို့က မတ်တတ်ရပ်ပြီး-

“ပြေးထား၊ တာကာဟာရှိ”

လို့ ထအော်ကြပါတယ်။

“ဒီအချိန်မှာ မပြေးသင့်သေးဘူး”

လို့ ကျွန်တော် မတ်ဆုမိကို တိုးတိုးလေး ပြောလိုက်ပါတယ်။

“ဘာလို့ မပြေးရမှာလဲ”

သူမက ကစားသမားတွေ အားလုံးထဲမှာ တာကာဟာရှိကို အကြိုက်ဆုံးပါ။

“ကိုဂျိကို သူ့အလုပ်သူ အာရုံစိုက်စေသင့်တယ်”

လို့ ကျွန်တော် သူမကို ပြောတယ်။

“တာကာဟာရှိက ပစ်မယ့်သူကို အာရုံနောက်နေရင် ကိုဂျိက သူ့အလုပ်ကို သူ ဘယ်လို အာရုံစိုက်နိုင်မလဲ၊ ကိုဂျိက အပြတ်ရိုက်နိုင်တဲ့ သူပါ၊ သူ့အလုပ်သူ လုပ်ပါစေ”

“ဒါက ယိုရှိဟီကိုလေ၊ ကျွန်မ သူ့ကို ပြေးစေချင်တယ်၊ သူ ပြေးတာကို ကြည့်ရတာ ကျွန်မ အရမ်းကြိုက်တယ်”

တာကာဟာရှိက ဦးဆောင်လို့နေပါတယ်၊ အန်ဒိုက အချိန်ဆွဲပြီး ပထမ ဆုံး ပစ်ချက်တွေကို အချိန်ဆွဲ ဝေ့လည်ကြောင်ပတ် လုပ်လို့ နေတယ်။ ယာမာ မိုတို စောင့်လို့နေတယ်။ စည်းအပြင်ကို ထွက်လိုက်ပြီး နောက်ထပ် ပစ်လာမှာ တွေကို စောင့်တယ်။

တစ်မိနစ်ကျော်လောက် ကြာသွားတဲ့အထိ အန်ဒိုက ဒုတိယမြောက် ပစ် ချက်ကို မပစ်သေးဘူး။

ဒီတစ်ခါတော့ ယာမာမိုတို စိတ်မရှည်တော့ဘဲ၊ ခံစစ်ဘက်ကို ပြောင်းပြီး ဘောလုံး အပြင်ထွက်စေဖို့ ဒဗယ်ပလေး ကစားမယ့်နေရာကို ရွှေ့လိုက်တယ်။

“တွေ့လား၊ တာကာဟာရှိ ဟိုရွှေ့ဒီရွှေ့လုပ်နေရင်း ပထမဆုံး အပြင်ကို ရောက်သွားစေလိုက်ပြီ၊ အန်ဒိုက ဒီနေ့ မယုံနိုင်လောက်အောင်ပဲ၊ ကိုယ်တို့ ကတော့ အပြေးသမား များများရမှာ မဟုတ်ဘူး”

အန်ဒိုနဲ့ ကီတာဘက်ပူတို့ နှစ်ယောက်လုံး ပစ်ချက်တွေ အရမ်း ကောင်း နေတာကြောင့် ပွဲက အပိုအင်းနင်း ရိုက်ချက်တွေအထိ ရှည်လာခဲ့တယ်။

ဆယ်ကြိမ်မြောက်ရဲ့ ပထမဆုံးပစ်ချက်။ တာကာဟာရှိက ပထမ။ ပထမ ပစ်ချက်မှာ သူ ရိုက်ချက် ကောင်းကောင်းရပါတယ်။ အမြန်အဝေးပစ် ဘောကို သူ လွတ်သွားတယ်။ ပြီးတော့ ဒုတိယ ပစ်ဘောမှာ လှလှပပ ရိုက်ပြီး တတိယ ပြေးလမ်းပေါ် ရောက်သွားစေတယ်။

ဘယ်သူမှ မထွက်ရသေးဘူး။ ပထမမှာပဲ။ ဒီတစ်ကြိမ်မှာတော့ တာကာ ဟာရှိဟာ ဦးဆောင်မှုကြီးကြီးကို မယူထားသေးပါဘူး။ ယာမာမိုတိုက အန်ဒို အမြင့်ပုံ၊ အမြန်ဘောကို လွှဲရိုက်နိုင်လိုက်ပါတယ်။ နာဂါရှိမာက ဘောလုံး ရပြီး တတိယပစ်ချက် ဖြစ်စေတယ်။

နောက်ထပ် ဝင်လာတာက ကိုဘာယာကာဝါပါ။ သူက ကျွန်တော့် အကြိုက်ဆုံး ကစားသမားပါ။ သူ အရိုက်သမား စည်းဝင်ဝင်ချင်းမှာပဲ တာကာ ဟာရှိက ဦးဆောင်မှုကြီးကြီးကို ရယူလိုက်ပြန်ပါတယ်။

“ကြည့်စမ်း၊ အဲဒီငကြောင်ကောင်က ကိုဘာယာကာဝါ ရိုက်ဖို့ အနှောင့်အယှက် ပေးနေတယ်”

ကျွန်တော် မကျေမနပ် ဖြစ်လာတာက အခုလိုကြောင့်ပါ။ တခြား လူတွေရဲ့ အသံထက် အဆပေါင်းများစွာ ကျယ်လောင်တဲ့ အသံတစ်သံ ထွက်ပေါ် လာခဲ့တယ်။

“ပြေးထား၊ တာကာဟာရှီ”

ယောကျ်ားတစ်ယောက်ရဲ့ အသံပါ။ အဲဒီအသံကို ကြားတော့ မတ်ဆုမိ မျက်နှာ ဆတ်ခနဲ တွန့်လိုသွားတယ်။ အော်တဲ့ အဲဒီလူက ကျွန်တော်တို့ အတန်းရဲ့ နောက် တော်တော်အကွာမှာ ရှိနေပါတယ်။ ထိုင်ခုံကနေ မတ်တတ် ထပြီး မတ်ဆုမိ သူ့ကို လှည့်ကြည့်လိုက်တော့ ထိတ်လန့်တုန်လှုပ်တဲ့ မျက်နှာ ဖြစ်လို့ သွားတယ်။ သူမ ခက်ထန်မာကျောသွားပြီး နည်းနည်း ငိုတယ်။

ကျွန်တော်က ဒန်နီဆိုင်က ဟမ်ဘာဂါ အမဲသားပြား ဆိုရင်၊ အဲဒီ အယောင်ဆောင်တဲ့ လူက မေဇင်ဆိုင်က နွားလေးသား အသားပြားနဲ့ တူပါတယ်။ ကျွန်တော်တို့နှစ်ယောက် အသားအမျိုးအစားချင်း တူပေမယ့် ရုပ်ထွက်ချင်းနဲ့ အရသာချင်းက နှိုင်းယှဉ်လို့တောင် မရနိုင်ပါဘူး။ မတ်ဆုမိဟာ အိပ်ပျော်ရင်း လမ်းလျှောက်နေသလို မတ်တတ်ထပြီး အဲဒီနွားအသားပြားဆီ ပြေးလို့ သွားပါ တယ်။

※※※

နောက်ထပ် သုံးရက်အကြာမှာ သူမ ကျွန်တော့်ဆီ ဖုန်းဆက်လာပါတယ်။

“ဖြစ်ခဲ့တာတွေအတွက် ကျွန်မ စိတ်မကောင်းပါဘူးရှင်၊ ဒါပေမဲ့ သူ ကျွန်မကို ချစ်နေတာ ကျွန်မ သိလိုက်ရပါတယ်၊ သူ ကျွန်မကို အမြဲတမ်း ချစ်ခဲ့ပါတယ်၊ အဲဒါကြောင့်ပဲ ကျွန်မဟာ ရှင့်ရဲ့ ပရိသတ်ဆိုတာ သိတော့ သူက သူဟာ ရှင်ပါပဲလို့ ပြောခဲ့တာပါ၊ ကျွန်မဆီက အာရုံစိုက်ခံရမှုကို လိုချင်လို့ပါ၊ သူ့စားပွဲကို တခြားမိန်းကလေးတွေကို ခေါ်ရတာက သူက ကျွန်မကို အရမ်းနှစ်သက်လို့ ခေါ်ရမှာ ရှက်လို့ လို့ ပြောပါတယ်၊ အဲဒါကြောင့် သူ ကျွန်မကို ဂရုမစိုက်သလို ဟန်ဆောင်နေခဲ့တာပါ၊ သူ တခြား မိန်းကလေးတွေနဲ့ မအိပ်ခဲ့သလို၊ ဘာမှလည်း မဖြစ်ခဲ့ပါဘူး၊ ဒါပေမဲ့ မန်နေဂျာက ရှင့်ဆီကို ဖုန်းဆက်ပြီး နောက်

မှာတော့ သူဟာ ဖြေရှင်းဖို့ ကြိုးစားနေတုန်းပါပဲ၊ ဘောက်ချာတွေက ရှင့်နာမည်နဲ့ ဖြစ်နေတာမို့ သူ့စာရင်းကနေ လွှဲပေးလို့မရ ဖြစ်နေခဲ့တာပါ၊ ခုတော့ သူ အားလုံးကို ပြန်ပေးပြီးပါပြီ၊ ပြီးတော့ သူက ရှင့်ကို ဒုက္ခတွေ များစေခဲ့တဲ့ အတွက် တကယ့်ကို စိတ်မကောင်းပါဘူးလို့ ပြောပါတယ်၊ သူက ပြောပါသေးတယ်၊ ရှင့်ကို တောင်းပန်လို့ ရအောင်လို့ ကျွန်မတို့နဲ့ တစ်ခါလောက် ညစာလိုက်စားနိုင်မလားလို့ ကျွန်မကို မေးခိုင်းပါတယ်၊ ရှင် ဘယ်လိုသဘောရလဲ”

❑

(I am a Novelist by Ryū Murakami)

လွန်ခဲ့တဲ့ တစ်နှစ်ခွဲလောက်မှာ ဒါတွေအားလုံး စဖြစ်ခဲ့တာ

ဒါတွေအားလုံး လွန်ခဲ့တဲ့ တစ်နှစ်ခွဲလောက်မှာ စဖြစ်ခဲ့တာပါ။ ကျွန်တော်ဟာ အများအားဖြင့် သဘော်တင်ပို့မယ့် အဝတ်အစားတွေကို သယ်ယူပို့ဆောင် ပေးရတဲ့ ထရပ်ကားမောင်းသမား တစ်ယောက် ဖြစ်ခဲ့ပါတယ်။ ကျွန်တော်တို့ ရုံးက ကိုမာဇဝါမှာပါ။ ဒါပေမဲ့ တစ်ရက်မှာတော့ ကျွန်တော့် သူငယ်းနဲ့အတူ သောက် နေရင်း ကျွန်တော့်ကို သာမန်ထက် နည်းနည်း ပိုထူးခြားတဲ့ နေရာတစ်ခုကို ခေါ်သွားမယ် ပြောပြီးတော့ ရော့ပ်ပွန်ဂီမှာရှိတဲ့ ဂေးဘားတစ်ခုကို ခေါ်သွားခဲ့ပါ တယ်။ ဘားမှာ အဖော်ပြုပေးတဲ့ သူတွေ အကုန်လုံးက ဂေးတွေ ဖြစ်ပြီးတော့ သူတို့တွေရဲ့နာမည်တွေ အားလုံးဟာ ဟင်းသီးဟင်းရွက် နာမည်တွေကို ပေး ထားကြပါတယ်။ ခရမ်းချဉ်သီးချန်၊ ဂေါ်ဖီထုပ်ချန်၊ ရွှေဖရုံချန်၊ တရုတ်နံနံချန် စသည်ဖြင့် ပေါ့။ ဖျော်ဖြေမှုတွေပေးမယ့် ဂေးတွေရှိရာ ဘားကို ကျွန်တော်တို့ အဖွဲ့ရောက် သွားခဲ့ပါတယ်။ ခရမ်းချဉ်သီးချန်က ကျွန်တော်တို့စားပွဲမှာ ထိုင်ပြီး တော့ ကျွန်တော်တို့ကို သူ့ရဲ့ ပျော်ရွှင်ကြည်နူးဖွယ် ဟာသညာဏ်နဲ့ ဧည့်ခံပါ တယ်။ သူက ကျွန်တော့် ဘေးမှာ ထိုင်ပါတယ်။

“ကျွန်တော့်နာမည် ခရမ်းချဉ်သီးပါ၊ ဝန်ဆောင်မှုပေးဖို့ အသင့်ပါပဲ”

ကျွန်တော့် သူ့ပခုံးကို ပုတ်လိုက်ပါတယ်။ ပြီးတော့ သူ့လက်မောင်းကို ထိ စမ်းမိတယ်။

“မင်း ဒီနားမှာ ကြွက်သားတွေ တော်တော်ရှိတာပဲ” လို့ ကျွန်တော် ပြော လိုက်ပါတယ်။

“ကြွက်သား ဟုတ်လား၊ အား... ယား၊ မပြောပါနဲ့ဗျာ” သူက ရုက်သွားသ ယောင် ပြုမူပါတယ်။ ဒါပေမဲ့ သူ့မှာ လေ့ကျင့်ထားတဲ့ ကြွက်သားတွေက အတောင့်လိုက်ကြီး ရှိလို့နေတယ်။ အထက်တန်း ကျောင်းသား ဘဝတုန်းက လက်ဝှေ့ထိုးခဲ့လို့ ကျွန်တော် သိနေတာပါ။ ကျွန်တော် ခန္ဓာကိုယ် ဖွဲ့စည်းမှု ပုံစံ မျိုးစုံကို မြင်တွေ့ဖူးပါတယ်။ ခရမ်းချဉ်သီးချန်ရဲ့ ကြွက်သားတွေက ကျစ်လျစ် ပြီး ပျော့ပျောင်းတာကြောင့် လက်ဝှေ့သမား တစ်ယောက်အတွက် အကောင်း ဆုံးပါပဲ။

“အသက် ဘယ်လောက် ရှိပြီလဲ”

“ကျွန်တော့် အသက်လား၊ ဂေးတစ်ယောက်ရဲ့ အသက်ကို မမေးသင့်ဘူးလေ၊ အဲဒါလေးတောင် မသိဘူးလားဗျ”

“ပြောစမ်းပါကွ၊ အသက် ဘယ်လောက် ရှိပြီလဲ”

“ဆယ့်ရှစ်နှစ်”

“လက်ဝှေ့အကြောင်း စဉ်းစားဖူးလား၊ အီတာဘာရှိမှာ လက်ဝှေ့ရုံ ဖွင့်ထားတဲ့ တစ်ယောက်ကို ငါသိတယ်၊ ငါ မိတ်ဆက်ပေးလို့ ရတယ်”

ခရမ်းချဉ်သီးချန်ဟာ တစ်မိနစ်လောက် တည်ကြည်လေးနက် သွားတယ်။ ကျွန်တော့် လက်ဝှေ့ရုံရဲ့ လိပ်စာနဲ့ ဖုန်းနံပါတ်ကို တိတ်တိတ်လေး တောင်းတယ်။ ကျွန်တော် ဖန်ခွက်အောက်ခံပြားမှာ ရေးပြီးတော့ ပေးလိုက်တော့ သူက ကျွန်တော့်ကိုကြည့်ပြီး ပြောတယ်။

“အစ်ကိုက ခမ်းနားကြီးကျယ်တဲ့ ဂေးတစ်ယောက်ကို ဖန်တီးပေးလိုက်ပြီဆိုတာ သိထားပါ”

ဂေးတွေနဲ့ အရင်က တစ်ခါမှ နီးနီးကပ်ကပ် မရှိဖူးတော့ အဲဒီတုန်းက သူပြောတဲ့ စကားကို ကျွန်တော် ဘယ်လိုမှ မထင်မိခဲ့ဘူး။

※※※

လွန်ခဲ့တဲ့ တစ်နှစ်တုန်းက ကျွန်တော့်မိန်းမ ကျွန်တော်တို့ တိုက်ခန်းကနေ ထွက်သွားတယ်။ သူမ နောက်တစ်ယောက် တွေ့လို့ကတော့ သူတို့ နှစ်ယောက် စလုံးကို ကျွန်တော် သတ်ပစ်မှာ မယုံမရှိနဲ့။ ဒါပေမဲ့လည်း အဲဒီလို ဖြစ်စဉ်မျိုး ရှိပုံ မရဘူး။ သူမ ပြောခဲ့တာဆိုလို့ “နင်က အကုန်တလွဲတွေချည်းပဲ။ နင်က ဘယ်လို အရူးကောင်မှန်း မသိဘူး” ဆိုတာပဲ ရှိတယ်။ သူမ ဘာပြောချင်လဲ ဆိုတာ ကျွန်တော် နားမလည်ဘူး။ တစ်ခါတော့ ကျွန်တော် သူမရဲ့တိုက်ခန်းသစ်ကို လိုက်သွားခဲ့တယ်။ တံခါးကို ကျွန်တော့်ဘာသာ ကျွန်တော် ရအောင် အတင်းတွန်းဖွင့်ပြီးတော့ သူမကို ရှင်းပြခိုင်းတယ်။

“နင့်ကိုယ်နင် ပြန်ကြည့်ဦး”

လို့ သူမက ပြောတယ်။

“နင်က တစ်နေ့ကို ဆယ်နာရီ ကုန်တင်ကားကြီး မောင်းတယ်၊ ပြီးရင် အိမ်ကို တညည်းညည်း တညူညူနဲ့ ရောက်လာတယ်၊ ငါ့ကိုတောင် စကားမ ပြောဘူး၊ ဧည့်ခန်းက ခုံမှာ ဘုတ်ခနဲ ထိုင်တယ်၊ ဘီယာနှစ်ပိုင့် သောက်တယ်၊ ထမင်းတစ်ဇလုံခွဲနဲ့ ဟင်းသီးဟင်းရွက် ဆားရည်စိမ်တွေကို ပလပ်ပလပ်နဲ့ စား တယ်၊ ပြီးရင် အီးတဘူဘူ ပေါက်တယ်၊ တဟေ့ဟေ့နဲ့ လေတက်တယ်၊ ငါတို့နှစ် ယောက် လုပ်ကြတော့လည်း နင်က ဖလပ်ဖလပ် ငါးခါဆို ပြီးသွားတယ်၊ အဲဒါနဲ့ များ နင့်ကိုယ်နင် ယောကျ်ားတစ်ယောက်လို့ ပြောချင်သေးလား၊ နင်ဟာ ဘယ်လောက် အူကြောင်ကြောင်နိုင်လဲ ဆိုတာ သိရဲ့လား၊ နင်လုပ်သမျှက အကုန် တလွဲတွေချည်းပဲ”

ကျွန်တော်က အီးပေါက်တာ၊ လေတက်တာနဲ့ ဖလပ်ဖလပ် ကိစ္စတွေကို ပြင်ဖို့ ကြိုးစားမယ် ဆိုရင်ကောလို့ မေးပေမယ့် အလုပ်မဖြစ်ပါဘူး။ ကျွန်တော် ဘာတွေ မှားနေလို့လဲ ဆိုတာ နားကို မလည်နိုင်သေးဘူး။

※※※

ကျွန်တော်တို့သမီးလေးက အလယ်တန်း တတိယနှစ် တက်လို့ နေပါတယ်။ ကျွန်တော်တို့လင်မယား သီးခြားစီ နေပြီးနောက် သမီးက ကျွန်တော်နဲ့ပဲ နေပါ တယ်။ သမီးက အဖေနဲ့ တူလို့လား၊ အမေနဲ့ တူလို့လားတော့ မသိဘူး၊ ဉာဏ်ရည်က နည်းနည်း မြင့်တယ်။

လူလည်လည်း ကျတတ်တယ်။ သမီးက မီးဖိုချောင်ထဲမှာ မုန်လာဥနီ လှီးနေတာလား၊ ဒါမှမဟုတ် ပန်းကန်ဆေးနေတာလား မသိဘူး လုပ်နေတုန်း ကျွန်တော့်ကို ပြောတယ်။

“မေမေ ဘယ်လို ခံစားရလဲ ဆိုတာ သမီး နားလည်တယ်”

“သမီး နားလည်တယ် ဆိုတာ ဘာကို ပြောတာလဲ”

“ဖေဖေက နှိမ့်ချတတ်တာမျိုး လုံးဝ မဟုတ်ပါဘူး”

“ဖေဖေက ဘာကို နှိမ့်ချရမှာလဲ”

“အဲဒါပဲ ကြည့်လေ၊ သမီး ပြောချင်တာ အဲဒါ”

“ဘာလဲ”

“ဖေဖေ့ ဘဝကို တခြားနည်းလမ်းနဲ့ ရှင်သန်နိုင်ဖို့ အကြောင်း မပေါ်ဖူး ဘူးလား၊ ထရပ်ကားမောင်းတာနဲ့တင် ဖေဖေ့ဘဝ ပြည့်စုံပြီးဆုံးသွားပြီလို့ ထင် နေတယ်လေ”

“ထရပ်ကားမောင်းတာ ဘာများ မှားလို့လဲ”

“ဖက်ရှင်မကျလို့”

“နားထောင် သမီး၊ ပြောပါရစေဦး၊ လူတစ်ယောက်က သူ့အလုပ်နဲ့ ပတ်သက်ပြီး စိုးရိမ်ပူပန်စရာ မလို...”

“ကိုယ့်အကြောင်းပဲ ကိုယ်တွေးတဲ့ ကောင်လေးတွေဟာ အလယ်တန်း ကျောင်းမှာတောင် မထင်ရှားဘူး”

“နေပါဦး၊ သမီးမေမေကို ရသမျှ ပိုက်ဆံအပ်တယ်၊ သမီးကို ကျွေးထား နိုင်တယ်၊ ကိုယ့်ဘီယာ ကိုယ် သောက်တယ်၊ အဲဒါ ဘာများမှားလို့လဲ”

“သမီးအတွက်တော့ အဆင်ပြေပါတယ်၊ သမီးက ဖေဖေ့ သမီးလေ၊ ဒါပေမဲ့ ဖေဖေနဲ့ မေမေက သူစိမ်းတွေ ဖြစ်ကုန်ကြပြီ၊ ဖေဖေက ကိုယ်နဲ့ သွေးသား မတော်စပ်တဲ့ လူတွေနဲ့ ပတ်သက်ရင် မျှမျှတတ စဉ်းစားပေးဖို့ လို တယ်”

ကျွန်တော် ခုချိန်ထိလည်း နားမလည်နိုင်သေးပါဘူး၊ ကျွန်တော့် သမီး ကတောင် ကျွန်တော့် နားလည်နိုင်မှုထက် ပိုမြင့်လို့နေတယ်။

တစ်နေ့တော့ သမီးကို ဘဲကြောင့် ကျွန်တော်နဲ့ နေတာလဲလို့ အရဲစွန့် မေးလိုက်ပါတယ်။ သမီးက ဒီလို ပြန်ပြောတယ်။

“မေမေ အိမ်ကနေ ဘော်စတွန် အိတ်ကြီးဆွဲပြီး ထွက်သွားခါစတုန်းက သမီး ခရာမာ vs ခရာမာ ရုပ်ရှင်ကြည့်ရတယ်၊ သမီး တော်တော်လေး သဘောကျသွားတယ်၊ ရုပ်ရှင်ထဲက ကလေးထက် သမီးက အသက်အများကြီး ပိုကြီးတာ သမီး သိပါတယ်၊ ဒါပေမဲ့ အဲဒီရုပ်ရှင်ကြောင့် ကိုယ့်အဖေနဲ့ ပြင်သစ် ပေါင်မုန့် မီးကင်နဲ့ တခြားမုန့်တွေ လုပ်စားရတာ ဘယ်လောက် ပျော်ဖို့ကောင်း မလဲလို့ တွေးမိခဲ့တယ်”

ပြီးတော့ သမီးက တခစ်ခစ်ရယ်တယ်။

နားမလည်ဘူး။ နားကို မလည်နိုင်တော့ဘူး။ ဒါပေမဲ့ သမီးက ကျွန်တော့်ကို ကောင်းကောင်း စောင့်ရှောက်ပါတယ်။ သမီးသာ မရှိရင်တော့ ကျွန်တော် တော့ သေပြီပဲ။ တွေးလိုက်ရုံနဲ့တင် ကျွန်တော် ကြက်သီးထ၊ ကြောက်လန့်မိတယ်။

***

ဒီလိုနဲ့ နောက်ခြောက်လ အကြာမှာ ကျွန်တော့် ကုမ္ပဏီဟာ ငွေကြေးမတတ်နိုင်တော့လို့ ရပ်လိုက်ရတယ်၊ ကျွန်တော့် သူငွေးက ရိုးတယ်၊ လေးလေးနက်နက် ရှိတယ်၊ သူက ကျွန်တော်တို့အနေနဲ့ ရုံးပိုင်းဆိုင်ရာသုံး လူအစားထိုး စက်ပစ္စည်းတွေရဲ့ တိုးတက်မှုကို လိုက်နိုင်ခဲ့ဖို့ အရေးကြီးကြောင်း၊ အဲဒီလို မလိုက်နိုင်ခဲ့လို့ ကျွန်တော်တို့ ကျရှုံးတာက သက်သေလို့ပဲ တွေးတဲ့လူပါ။

ကျွန်တော် အလုပ်အကိုင်မဲ့ အာမခံကြေး ထုတ်ယူပြီး တခြား ထရပ်ကား ကုမ္ပဏီ တော်တော်များများမှာ အလုပ်တွေ လိုက်လျှောက်ပါတယ်။ ဒါပေမဲ့ နောက်နှစ်ပတ်လောက် အကြာမှာတော့ ကျွန်တော် စိတ်မပါတော့ကြောင်း နားလည်လာခဲ့တယ်။ ထရပ်ကားတွေက ကျွန်တော့်ကို ဘာများ ဆွဲဆောင်နေခဲ့တာလဲ။ ကျွန်တော့် မိန်းမ အိမ်ကနေ ထွက်သွားတယ်၊ ကျွန်တော့်သမီး... ပြောရရင်... သူကလည်း ကျွန်တော့်ကို မလေးစားဘူး။ ကျွန်တော့်မှာရှိတဲ့ အရည်အချင်းကလည်း ကွန်တိန်နာ ကားမောင်းတာက လွဲလို့ ကျန်တာ ဘာမှ မရှိဘူး။

ဘာတွေ ဖြစ်နေလဲ ဆိုတာ ကျွန်တော့်သမီးကို မပြောပြပါဘူး။ ဒါပေမဲ့ မကြာခင်မှာ သမီးက ရိပ်မိသွားတယ်။

“အဖေ အလုပ်က ထွက်လိုက်တာလား”

တစ်ညမှာ သမီးက ဟင်းအိုးထဲ ဟင်းခတ်မှုန့် ထည့်ရင်း မေးတယ်။ ကျွန်တော်က တီဗွီကလာတဲ့ ဘောပွဲ ကြည့်လို့နေတယ်။

“အဖေ ထွက်တာ မဟုတ်ဘူး”

“ဒါဆို ကုမ္ပဏီ ဒေဝါလီခံတာပဲ ဖြစ်ရမယ်”

“မှန်တယ်”

လူတစ်ယောက်ရဲ့ အလုပ်အကိုင်ကို လုယူလိုက်တာဟာ အဲဒီလူရဲ့ အသက်ရှင်သန်မှုကို လုယူလိုက်တာပါပဲ။ အဲဒါ အမှန်ပဲ။

“ဒါဆိုလည်း ခဏလောက် နားနားနေနေ နေပေါ့”

သမီးအသံက ဘာကိုမှ မပူပန်တဲ့ အသံမျိုး။

“နေလို့ မရဘူး၊ နောက်နှစ်ဆို သမီးက အထက်တန်းကျောင်း တက်ရတော့မှာလည်း ရှိတယ်”

“အစိုးရကျောင်းတွေက ဈေးပေါပါတယ်၊ သမီးလည်း အစိုးရကျောင်းပဲ တက်ချင်တာ၊ ဖေဖေ့မှာ စုထားတဲ့ ပိုက်ဆံတွေ ရှိသေးတယ် မဟုတ်လား”

ကျွန်တော့်မှာ တော်တော်များများ ရှိပါသေးတယ်။ ဒါပေမဲ့ ကျွန်တော် မထိချင်ဘူး။ ကျွန်တော် အဲဒီပိုက်ဆံနဲ့ သမီးကို ဂျူနီယာကောလိပ် ပို့ရမှာ။

“အဖေ အလုပ်မရှိဘူး ဆိုပေမယ့် အားလုံး အဆင်ပြေတယ် မဟုတ်လား”

အဲဒါ ထူးဆန်းတယ်။ သမီးက ကျွန်တော့်ကို အရှိအသေ တန်နေပေမယ့် ကျွန်တော် ဒေါသမထွက်မိပါဘူး။ အရင်ကဆို ကျွန်တော် မတ်တတ်ထပြီး စားပွဲကိုလှန်၊ သောက်ပါးစပ်ပိတ်ထား လို့ ပြောမိမှာ ဖြစ်ပေမယ့် ခုတော့ အဲဒီလို စိတ်မဖြစ်မိဘူး။ သမီး ပန်းကန်ပြင်ပေးတာ စောင့်ပြီး “ကျေးဇူး၊ ချစ်တုံးလေး” လို့ ပြောလိုက်တယ်။ သမီးက အားပါးတရပြုံးတယ်။ သမီးက ကျွန်တော့်ကို “မေမေ့ကို အဲဒီလို တစ်ခါလောက် ပြောခဲ့သင့်တာ” လို့ ပြောချင်နေမှန်း ကျွန်တော် ပြောရဲတယ်။

တီဗွီမှာ လာနေတာက ဂျိုင်းယန်နဲ့ ကာ့ပ်ပွဲပါ။ နီရှိမိုတိုက ဂျိုင်းယန့် အတွက် ဘောလုံး ပစ်ပေးရမှာဖြစ်ပြီး သုံးကြိမ် ပစ်ထားခဲ့ပြီးပြီ ဖြစ်ပါတယ်။ ကျွန်တော်က အိုဂျီမှာ မွေးခဲ့တာဆိုတော့ ကျွန်တော့် ဘောမွေးတွေအထိ ကျွန်တော်ဟာ ဂျိုင်းယန့်ရဲ့ ပရိသတ်ပါပဲ။ ကျွန်တော့် မိန်းမက ကာ့ပ်ရဲ့ ပရိသတ်။ သူမ ကြီးပြင်းခဲ့ရာ အိုကာယာမက ကစားသမားဖြစ်တဲ့ ယာမိန်းဟာ သူမအကြိုက်ဆုံး အသင်းပါပဲ။ ကျွန်တော့်သမီးကလည်း ကာ့ပ် ပရိသတ်ပဲ။ သမီး ကြိုက်ရတဲ့ အကြောင်းက ရှင်းရှင်းလေးပါ။ ကာ့ပ်ကစားသမားတွေ အားလုံးက ရုပ်ချောလို့တဲ့။ ဘယ်လိုပဲ ပြောပြော ကျွန်တော်က ညစာစားရင်း

ဘေ့စ်ဘောပွဲကို ကြည့်လို့နေတယ်။ သမီးက ကျွန်တော့်ဘေးမှာ ကာ့ပ်အသင်းကို အားပေးလို့ နေတယ်။

“မျက်လုံးက လှလိုက်တာ၊ ယိုရှိဟီကို”

ဒါမှမဟုတ်

“ပြေးတော့၊ ကိုဘာယာကာဝါ”

ကာ့ပ်အသင်း နောက်ကနေလိုက်ပြီး အနိုင်ရပါစေလို့တောင် ကျွန်တော် မျှော်လင့်မိတယ်။ အဲဒါက ကျွန်တော့်ကို ကြောက်လန့်စေတယ်။

ပထမတော့ ဂျိုင်းယန့် အသင်းက ကောင်ချောလေးတွေ ဖြစ်တဲ့ အဂ္ဂဝါနဲ့ ဟာရာတို့ ဧရာမအိမ်ကြီးတွေ ဆောက်ကြတဲ့ ပုံစံကို ခံစားမိတယ်လို့ တွေးမိသေးတယ်။ ကျွန်တော့်သူငယ်ချင်းနဲ့ ကျွန်တော် နောက်မှပေါ်လာပြီး ကောင်လေးတွေဟာ အိမ်အကြွေးဆပ်ဖို့ ဘေ့စ်ဘော ကစားနေကြတာကို ဘယ်လိုမှ မခံစားနိုင်တဲ့ အကြောင်းတွေ ပြောဖြစ်ကြတယ်။ အဂ္ဂဝါနဲ့ ဟာရာတို့ အကြောင်းတော့ မဟုတ်ပါဘူး။ ကျွန်တော့် စိတ်ထဲမှာ ဖြစ်နေတဲ့ အကြောင်းပါ။ ကာ့ပ်အသင်း အနိုင်ရတာ မြင်ရင် ကျွန်တော့်မိန်းမနဲ့ သမီးတို့ ပျော်မယ်ဆိုရင် ကျွန်တော်လည်း ပျော်မှာပါပဲ။ အဲဒီအကြောင်းက ကျွန်တော့်စိတ်ထဲ အခုရောက်နေတာပါ။ အဲဒီလို တွေးမိတာနဲ့တင် ကျွန်တော် လန့်မိပါတယ်။ အခုချိန်မှာ ကျွန်တော့် စိတ်ထဲ ဘာတွေ ဖြစ်နေတာလဲ ဆိုတာကို တွေးနေမိတယ်။ ကျွန်တော် ဟင်းသုံးပွဲ စားပစ်လိုက်တာကြောင့် ကျွန်တော့်သမီးက ဝမ်းသာနေတယ်။ ကျွန်တော့်သမီးကို ကျွန်တော် ပြန်ပြုံးပြလိုက်ချိန်မှာ ကျွန်တော် ဘယ်သူလဲ ဆိုတာ မသိတော့ဘူး ဆိုတဲ့ ခံစားချက် ဖြစ်ပေါ်လာပြီး ကျွန်တော့် မျက်လုံးတွေထဲမှာ မျက်ရည်တွေ လျှံတက်လာပါတယ်။ ဒါပေမဲ့ အဲဒီအချိန်မှာပဲ ရှေးဆိုရိုးစကား တစ်ခုကို သတိရ လိုက်မိပါတယ်။ ဗိုက်ပြည့်နေတာကြောင့် မငိုသင့်ဘူး တဲ့။ ထိုက်တန်တဲ့ အားလုံးအတွက် ကျွန်တော် မျက်ရည်တွေကို ထိန်းလိုက်ပါတယ်။

※※※

ကျွန်တော့် သမီး ပြောသလို အေးအေးဆေးဆေး နေပေါ့ ဆိုတာကို လိုက်နာခဲ့တာ မဟုတ်ပေမယ့် ကျွန်တော် အလုပ်ရှာတာကို ရပ်လိုက်ပါတယ်။ အဲဒီလို

အလုပ်မလျှောက်တော့ ကျွန်တော် လောင်းကစား စလုပ်တာ၊ ဒါမှမဟုတ် အဖော်အပေါင်းတွေနဲ့ သောက်စားနေတာလို့တော့ မထင်လိုက်ကြပါနဲ့။ ကျွန်တော် လုပ်တာဆိုလို့ မိုးမျှော်တိုက်ကြီးတွေရှိတဲ့ ရှင်ဂျူကူ အနောက်ပိုင်းကို နေ့တိုင်း သွားပြီး လမ်းလျှောက်တာပဲ ရှိပါတယ်။ ကျွန်တော် ရေပန်းတွေကို ကြည့်တယ်၊ စာအုပ်ဆိုင်တွေ ဝင်တယ်၊ ပန်းခြံမှာ လမ်းလျှောက်တယ်၊ ကော်ဖီဆိုင်တွေမှာ အချိန်ကုန်တယ်။

ကျွန်တော့်ကို ဘယ်သူကမှ ကလေကချေ တစ်ယောက်လို့ မထင်စေချင်တာကြောင့် ကျွန်တော် မနက်တိုင်း မုတ်ဆိတ်၊ နှုတ်ခမ်းမွေးရိတ်တယ်၊ ခေါင်းဖြီးတယ်၊ ကျွန်တော့်သမီး လျှော်ဖွပ်၊ မီးပူတိုက်ပေးတဲ့ သန့်ရှင်းတဲ့ ရှပ်အင်္ကျီကို ဝတ်တယ်၊ ရှူးဖိနပ် ကောင်းကောင်းစီးတယ်။ အဲဒါတွေက ကျွန်တော် အလုပ်လုပ်နေတုန်းက လုပ်ဖို့ မလိုအပ်ခဲ့တဲ့ အရာတွေပါ။ ရှူးဖိနပ် ကောင်းကောင်း ဆိုတာကလည်း သာမန်သားရေ ရှူးဖိနပ်ပါပဲ။ ကျွန်တော့်မှာရှိတဲ့ သုံးရန်စလုံးက အသစ်နီးပါး ရှိပါသေးတယ်။ ကျွန်တော် အလုပ်လုပ်တုန်းက အလုပ်သွားရင် ခြေညှပ်ဖိနပ်ပဲ စီးပါတယ်။ ကျွန်တော် နေ့တိုင်းနီးပါး အန်အက်စ် အဆောက်အအုံမှာ ရှိတဲ့ စာအုပ်ဆိုင်ကို သွားပါတယ်။ မတ်တတ်ရပ်ပြီးတော့ အင်္ဂါရုပ်ဆိုင်ရာ စာအုပ်လို စာအုပ်တွေ ဖတ်ပါတယ်။ အဲဒီစာအုပ်တွေက ခင်ဗျားရဲ့ မျက်နှာ အသွင်အပြင်ပေါ် မူတည်ပြီး ခင်ဗျားကို အကြံပေးဖို့ ကြိုးစားထားကြတဲ့ စာအုပ်တွေပါ။ အကြံပေးချက် အများစုက 'သင့်ရဲ့ ကြိုးစားနေမှုတွေကို ထိန်းသိမ်းထားရင် သင်မုချ အောင်မြင်မှာပါ' ဆိုတဲ့ စာသားမျိုးတွေ။ တကယ့် သောက်ပေါစာသားတွေ။ အဲဒီလို စာအုပ်မျိုးတွေ ဖတ်တဲ့ လူတွေက သူတို့ ကြိုးစားမှုတွေကို ထိန်းသိမ်းထားပေမယ့် ဘာမှ မဖြစ်သေးတဲ့ လူတွေပါ။ စာအုပ်ဆိုင်မှာ ကျွန်တော်နဲ့ ရွယ်တူ အမျိုးသမီးတစ်ယောက်ကို မကြာခဏ တွေ့လေ့ရှိတယ်။ တစ်ရက်တော့ ကျွန်တော် သူ့ကို သွားပြီး စကားပြောဖြစ်တာကို ကိုယ့်ဘာသာကိုယ်တောင် အံ့သြမိတယ်။ နောက်ဆက်ဖြစ်တာတွေက ကျွန်တော့်ကို ပိုအံ့သြမိစေပြန်တယ်။

"ကျွန်တော်တို့ ဒီနေရာမှာ မကြာမကြာ တွေ့ဖြစ်တယ်နော်၊ တစ်နေရာရာမှာ ကော်ဖီတစ်ခွက်လောက် လိုက်သောက်ဖို့ စိတ်ဝင်စားမလားဗျ"

လွန်ခဲ့တဲ့ နှစ်သန်းပေါင်းများစွာ လအနည်းငယ်တုန်းက ကျွန်တော် မပြောနိုင်ခဲ့တဲ့ စကားတွေ ကျွန်တော့် ပါးစပ်ထဲကနေ အလိုအလျောက် ထွက်လို့

သွားတယ်။ သူမက ဒီနေ့တော့ အလုပ်များနေလို့၊ နောက်တစ်ခေါက်ပေါ့လို့ ပြောတယ်။ နောက်နှစ်ရက် အကြာမှာတော့ ကျွန်တော်တို့ နှစ်ယောက်ဟာ ဝါရှင်တန်ဟိုတယ်က ကော်ဖီဆိုင်မှာ အတူထိုင်ဖြစ်ခဲ့ကြတယ်။

“ရှင်က စာအုပ်တွေ တော်တော်ကြိုက်တယ်နော်” လို့ သူမက ပြောတယ်။

လွန်ခဲ့တဲ့ လအနည်းငယ်တုန်းက တစ်ယောက်ယောက်က ကျွန်တော့်ကို အဲဒီလိုလာပြောရင် ကျွန်တော် တအားကြီး ရယ်ပစ်မိမှာပဲလို့ တွေးမိပေမယ့် ကျွန်တော်က ကြိုက်ပါတယ်လို့ပဲ ပြန်ဖြေခဲ့တယ်။

“ကျွန်မလည်း ကြိုက်တယ်၊ တခြားအရာတွေထက် ပိုကြိုက်တယ်၊ ရှင် ဘာများလုပ်လဲ ဆိုတာ မေးရင် စိတ်ရှိမလားရှင့်”

ကျွန်တော် အလုပ်အကိုင် မရှိတဲ့အကြောင်း၊ ဒါပေမဲ့ အရင်တုန်းက ထရပ်ကားမောင်းခဲ့တဲ့အကြောင်း ပြောပြလိုက်ပါတယ်။

“ရှင့်ပုံစံက အဲဒီလို ပုံစံလည်း မပေါက်ဘူး”

“ကျွန်တော် ကွန်တိန်နာကားတွေ ဆယ့်ခြောက်နှစ်လောက် မောင်းခဲ့ပါတယ်၊ ကျွန်တော် ထရပ်ကားသမားနဲ့ မတူရင် ဘာနဲ့များ တူနေလဲ”

“ကျွန်မက ရှင့်ကို စာရေးဆရာ၊ ဒါမှမဟုတ် တစ်ခုခုပဲလို့ ထင်နေတာ”

ပြောရရင်တော့ဗျာ၊ ဒီလိုနဲ့ပဲ အကွက်တွေ ဆက်ဖြစ်ခဲ့တာပေါ့။

“ကျွန်မပြောရင် ရှင် စိတ်ရှိမယ်လို့ မထင်ပါဘူး၊ ကျွန်မက ရှင့်ကို ဘဝမှာ ကြုံသလို နေထိုင်တဲ့ ကဗျာဆရာတစ်ယောက်လို့ ထင်နေတာ၊ ဒါမှမဟုတ် သတင်းထောက် တစ်ယောက်ပေါ့၊ အဲဒီလို တစ်ခုခုပေါ့”

အဲဒီစကားက နောက်ထပ် ကွင်းဆက်တွေ ထပ်ဖြစ်စေတာပေါ့။ ဒါပေမဲ့ ကျွန်တော့် စိတ်ခံစားမှုကို ဘယ်လိုမှ မနာကျင်စေပါဘူး။ တကယ်တော့ ကျွန်တော် မပြုံးဘဲ မနေနိုင်ပါဘူး။ ကျွန်တော့် သမီးကို ပြောပြဖို့ မစောင့်နိုင်လောက်အောင် ဖြစ်နေခဲ့ပါတယ်။

※※※

“ကဗျာဆရာ ဟုတ်လား”

လို့ သမီးက ပြောတယ်။

“ကဗျာဆရာဆိုရင် ဘယ်လောက် မိုက်လိုက်မလဲ၊ တစ်ခုခု စမ်းရေး ကြည့်ပါလား၊ ဖေဖေ”

“ထွက်သွားလိုက်တော့”

လို့ ကျွန်တော် သမီးကို ပြောလိုက်တယ်။ ဒါပေမဲ့ တကယ်တမ်းက ကျွန်တော် အိမ်အပြန်လမ်းမှာ ‘ကဗျာ ဘယ်လို ရေးမလဲ’ ဆိုတဲ့ စာအုပ်တစ် အုပ်ကို ဝယ်လာခဲ့ပါတယ်။ ဒါပေမဲ့ ကျွန်တော် ကဗျာ ဘယ်လိုမှ မရေးနိုင်ဘူး ဆိုတာ သိလာခဲ့တယ်။ ဒါပေမဲ့ ခုချိန်ထိ ဘာမှန်းမသိသေးတဲ့ ပါရမီတစ်ခုခု ကျွန်တော့်မှာ ရှိနေတယ် ဆိုတာတော့ ကျွန်တော် သိနေတယ်။

※※※

တစ်လမှာ နှစ်ရက်၊ သုံးရက်လောက် ကျွန်တော့်သမီးက သူ့အမေ အိမ်မှာ သွား နေလေ့ရှိတယ်။ သမီး သွားတဲ့ အချိန်မှာပဲ ကျွန်တော် အဲဒီအမျိုးသမီးနဲ့ စာအုပ် ဆိုင်မှာ ထပ်တွေ့ပြန်ပါတယ်။ ကော်ဖီသောက်ပြီးတော့ ကျွန်တော်တို့ ညစာ အတူတူစားဖို့ ဆုံးဖြတ်လိုက်ကြတယ်။ သူမက ကျွန်တော့်ကို ရော့ပ်ပွန်ဂီက ဖယောင်းတိုင်ထွန်းပြီး ဝိုင်ရတဲ့ ဖားခြေထောက်ပုံစံ စားသောက်ဆိုင်ကို ခေါ် လာခဲ့ပါတယ်။ ဒီက လူတွေက သူမကို သိနေကြပုံရပါတယ်။ ကျွန်တော် တစ်ခါ မှ မမြင်ဖူးတဲ့ ဟင်းပွဲတွေကို စားရပါတယ်။ ကျွန်တော်ကတော့ နေ့တိုင်းစားနေ တဲ့ ဟင်းပွဲတွေ ပုံစံမျိုး ဟန်ဆောင်ရင်းနဲ့ပေါ့။ ကျွန်တော် မူးလာခဲ့တယ်။ နောက်တော့ အမျိုးသမီးက ကျွန်တော့်ကို ကမ်းလှမ်းခဲ့တယ်။

အဲဒီနောက်မှာတော့ သူမဟာ အမျိုးသမီးတစ်ယောက် မဟုတ်မှန်း ကျွန်တော် သိလာခဲ့တယ်။ ဒါပေမဲ့ ကျွန်တော့်ကို စိတ်အနှောင့်အယှက် မဖြစ် စေခဲ့ပါဘူး။ ကျွန်တော့်ကို ထူးဆန်းတဲ့ စိတ်ခံစားမှုကိုတောင် ဖြစ်စေပါတယ်။ ကျွန်တော် မူးနေတာကြောင့်လားတော့ မသိပါဘူး။ ကျွန်တော့်ဘဝမှာ ကျွန် တော့် မိန်းမနဲ့ မလုပ်ဖူးတာတွေကို လုပ်လိုက်ရလို့လည်း ဖြစ်နိုင်ပါတယ်။ ဂန္ဆ ဝင်ဆန်တဲ့ ဒီအမျိုးသမီးရဲ့ ရင်ဘတ်မှာ နူးညံ့တဲ့ တောင်ကုန်းလေးတွေ တစ်ခုမှ မရှိပေမယ့် ပေါင်ကြားမှာတော့ ကျွန်တော့်မှာ ရှိသလို တွဲလောင်းကျနေတာ ရှိ

ပါတယ်။ ကျွန်တော့်အတွက်တော့ လုံးဝကို သဘာဝအတိုင်းပါပဲ။ ကျွန်တော်တို့ နှစ်ယောက် အိပ်ရာပေါ်မှာ လူးလွန့်၊ လုံးထွေး နေခဲ့ပါတယ်။

“ကျွန်မရဲ့ ကလပ်ကို တစ်ခါတလေ လာလည်ပါလား” လို့ ကျွန်တော်တို့ ဟိုတယ်ကနေ ထွက်ခါနီးမှာ အဲဒီ မိန်းမသား-ယောကျ်ားက ကျွန်တော့်ကို မေး ပါတယ်။

“ရှင့်ကို သဘောကျကြလိမ့်မယ်”

အဲဒီစကားကြောင့် ကျွန်တော့်ကို တခြားတစ်ယောက်က ပြောခဲ့ဖူးတာ ကို အမှတ်ရမိတယ်။

လွန်ခဲ့တဲ့ လေးလလောက်က ဖြစ်ခဲ့တာပါ။

※※※

ကျွန်တော်ဟာ ကိုယ့်ကိုယ်ကိုယ် ပိုပြီးတော့ စိတ်ရှုပ်ထွေးလာခဲ့တယ်။ ပထမ ကျွန်တော့်ကုမ္ပဏီ ပျက်တော့ လမ်းပေါ်မှာ မောင်းနှင်နေတဲ့ ကွန်တိန်နာ ကား တစ်စီးကို တွေ့တဲ့အချိန် ကျွန်တော် စူးခနဲ နာကျင်မိတယ်။ ဒါပေမဲ့ နောက်မ ဖြစ်တော့ပါဘူး။ ကျွန်တော် ရှင်ဂျူကူ အနောက်ပိုင်းကို ဆက်သွားဖြစ်နေပါ တယ်။ ကျွန်တော်နဲ့ ဆုံဖြစ်ခဲ့တဲ့ လေဒီနဲ့လည်း မကြာမကြာ ဖြတ်သွားဖြတ်လာ ဆုံမိပါတယ်။ ဒါပေမဲ့ ကျွန်တော်တို့ အိပ်ရာပေါ် ဘယ်တော့မှ ထပ်မရောက်ဖြစ် တော့ဘူး။ အဲဒါဟာ သူတို့ ထားရှိတဲ့ စည်းကမ်းတစ်ခုခုလားလို့ ကျွန်တော် တွေးမိပါတယ်။

တစ်နေ့တော့ ကျွန်တော် ဗာလိန်းရဲ့ ကဗျာစာအုပ်တစ်အုပ် ဝယ်ပြီး ချူ အိုပန်းခြံထဲက ထိုင်ခုံတစ်ခုမှာ ထိုင်ဖတ်နေမိတယ်။ကျွန်တော့်ဘေးမှာ လူငယ် စုံတွဲတစ်တွဲ၊ ကလေကချေကောင်တွေ၊ လမ်းလျှောက်နေတဲ့ လူကြီးတွေ၊ မိခင် တွေနဲ့ ကလေးငယ်များ၊ ခွေးတွေနဲ့ ခိုတွေ။ ပန်းခြံရဲ့ အစွန်ဘက်လမ်းမှာ ပြေး နေတဲ့ လူတွေလည်း ရှိတယ်။ အားကစား ဘောင်းဘီဝတ်ထားတဲ့ လူငယ်တစ် ယောက်က ပြေးရင်းနဲ့ ကျွန်တော့်ကို ကြည့်သွားတယ်။ ဒုတိယအခေါက်နဲ့ တတိယ အခေါက်တို့မှာလည်း ကြည့်သွားတယ်။ နောက်ဆုံးတော့ သူ ကျွန် တော့်နားကို ရောက်လာတယ်။ ချွေးတွေ ထွက်နေတုန်းပဲ။ သူက “ကျွန်တော့်

ကို မှတ်မိလား” တဲ့။ သူက ဂေးဘားမှာ အဖော်ပြု ဝန်ဆောင်မှုပေးတဲ့ ခရမ်းချဉ်သီးချန်ပါပဲ။

“သေပါတော့လား၊ မင်း လက်ဝှေ့ထိုးနေတဲ့အကြောင်း ငါ့ကို မပြောနဲ့ တော့”

“ကျွန်တော် ထိုးနေပါတယ်”

“ငါ ပြောခဲ့တဲ့ လက်ဝှေ့ရုံမှာလား”

“ကျွန်တော် စထိုးတော့ အဲဒီမှာ၊ ခုတော့ တခြားတစ်နေရာ ရောက်သွားပြီ”

“ငါ ညွှန်တဲ့နေရာက သိပ်မကောင်းလို့လား”

“အီတာဘူရှီက ကျွန်တော်နေတဲ့ နေရာနဲ့ တော်တော်ဝေးတယ်၊ ကျွန်တော် ရှင်ဂျူကူမှာ နေတာ”

“အိုး”

“ပုံစံ တော်တော်ပြောင်းသွားတာပဲ၊ ဟုတ်ပါတယ်လေ၊ ကလပ်မှာ မီးအလင်းရောင်က မှိန်တာကိုး၊ တစ်နှစ်ကျော်ပြီနော်”

“ငါ အလုပ်ပြုတ်သွားပြီ”

“အို... စိတ်မကောင်းပါဘူး”

“ရပါတယ်၊ ကိစ္စမရှိပါဘူး၊ ဒါနဲ့ ခရမ်းချဉ်သီးချန်ရေ... အဲ ဆောရီး... မင်းကို ဘယ်လို ခေါ်ရမလဲ”

“ခရမ်းချဉ်သီးချန်က အဆင်ပြေပါတယ်၊ ကျွန်တော် အဲဒီကလပ်မှာ အလုပ်လုပ်နေတုန်းပါပဲ”

“ငါ ဘာပြောမလို့ပါလိမ့်၊ မင်း ပြောလိုက်တယ်နော်၊ ငါ့ပုံစံက တစ်မျိုး ဖြစ်သွားတယ်လို့”

“ဟုတ်တယ်၊ ကျွန်တော် ပြောချင်တာက ကျွန်တော် ခင်ဗျားကို ကောင်းကောင်း မသိသေးတာ ဖြစ်ပါလိမ့်မယ်”

“ပြီးခဲ့တဲ့ ရက်သတ္တပတ် အနည်းငယ်တုန်းက မိတ်ကပ်တွေ လိမ်းထားတဲ့ လေဒီကြီးတစ်ယောက်နဲ့ ငါ အိပ်ဖြစ်ခဲ့တယ်၊ ပြီးတော့...”

“သူက ယောကျ်ားတစ်ယောက် မဟုတ်လား”

“အင်း”

သူက တခစ်ခစ်နဲ့ ရယ်တယ်။

“သူက ခင်ဗျားကို စိတ်အနှောင့်အယှက် ထပ်ပေးနေသေးလို့လား”

“မဟုတ်ဘူး၊ အဲဒီလို မဟုတ်ဘူး၊ ဘယ်လို ပြောရမလဲ”

“ဆိုတော့၊ ခင်ဗျား အဆင်ပြေတယ်ပေါ့၊ နောက်ကနေ လုပ်ခဲ့တာလား”

“အဲဒီလောက်ထိတော့ မဖြစ်ဘူး၊ ဒါပေမဲ့...”

“ပွတ်ကြတယ်၊ စုပ်ကြတယ်ပေါ့”

ကျွန်တော် ခေါင်းညိတ်လိုက်တယ်။

“ဘုရားရေ၊ နေ့ခင်းကြောင်တောင်ကြီး ဘာတွေ ပြောနေမိပါလိမ့်”

လို့ ခရမ်းချဉ်သီးချန်က ပြောတယ်။

“ပြီးတော့ကော”

“အင်း... အဲဒါပါပဲ၊ ဒါပါပဲ သူက ပြောတယ်၊ သူက...”

“ဘာပြောလဲ”

“ငါ ဂေးကောင်းတစ်ယောက် ဖြစ်နိုင်တယ်တဲ့”

“ကျွန်တော်တော့ မအံ့သြမိပါဘူး၊ ကျွန်တော်ပြောခဲ့ဖူးသားပဲ၊ မဟုတ်လား”

“ဟုတ်ပါတယ်၊ ဒါပေမဲ့ ကြည့်ဦး၊ ငါ တစ်သက်လုံး ကျားကျားလျားလျား နေလာခဲ့တာ၊ ငါ ဟိုက်စကူးတုန်းက လက်ဝှေ့သမား ဖြစ်ခဲ့ဖူးတာလည်း မင်းကို ပြောပြဖူးသားပဲ၊ အဲဒီတော့ ဘယ်လိုများ ဖြစ်နိုင်မှာလဲ၊ စကားမစပ် မင်း ပွဲထိုး ပြီးပြီလား”

“ခုချိန်ထိတော့ ခြောက်ပွဲ ထိုးပြီးပြီ၊ ဖယ်သာဝိတ်ကို ဝိတ်ချပြီး ထိုးတုန်းကတော့ သုံးပွဲ ဆက်တိုက်နိုင်တယ်၊ နောက် ဝိတ်တက်တော့ သမခံရတော့တာပဲ”

“ဝိတ် အတင်အချ လုပ်နေတာလား၊ ခုခေတ်မှာတော့ ဝိတ်ချရတာ တော်တော်ခက်မယ် ထင်တယ်၊ ကိုယ့်ပတ်ပတ်လည်မှာ အစားကောင်းတွေကပြည့်နေတာကိုး၊ တိုကျိုက အီသီယိုးပီးယားမှ မဟုတ်တာပဲ”

“ကလပ်ရောက်ရင် အခက်တွေ့တယ်၊ ရေသောက်ပြီး မူးချင်ယောင်ဆောင်နေရတယ်”

“အဲဒီလို ဟန်ဆောင်ရတာ အဆင်ပြေရဲ့လား”

“ကာစတန်မာ တော်တော်များများကို ကျွန်တော် သိလာတာ နှစ်တော်တော်ကြာပါပြီ၊ သူတို့ကတော့ ဘာမှ မဖြစ်ကြပါဘူး”

“ဒါနဲ့ ခုနက စကား ဘယ်ရောက်သွားလဲ”

“ခင်ဗျားက အမြဲတမ်း ယောကျ်ားပီသတဲ့လူလို့ ပြောနေတာ”

“ဟုတ်တယ်၊ ငါပြောချင်တာက ငါက အကြမ်းမဖက်တတ်သလို၊ တခြား ဘာမှလည်း မလုပ်ဘူး၊ တစ်ခါက ရန်ပွဲတွေမှာ ပါလိုက်တာ ထောင်ထဲ ခဏ ရောက်သွားတယ်၊ ပြီးတော့ ငါက ထရပ်ကား မောင်းခဲ့တာလေ”

“အဲဒါတွေနဲ့ ဘာဆိုင်လို့လဲ”

“ဘာကိုလဲ”

“ထရပ်ကားမောင်းသမားပဲ ဖြစ်ဖြစ်၊ ဘာပဲ ဖြစ်ဖြစ်”

“အဲဒီတော့ ဘာဖြစ်လဲ”

“ဘာဖြစ်လဲဆိုတော့ ဂေး ဖြစ်နိုင်တယ်လို့ပြောတာ” လို့ သူက ပြောတာ။

သူပြောတဲ့ ဖြစ်နိုင်တယ် ဆိုတော့ ကျွန်တော်က ဘာလုပ်ရမှာလဲ။

“ဒါပေမဲ့၊ ထားလိုက်ပါတော့၊ ငါ့ကို ဂေးကောင်းတစ်ယောက် ဖြစ်နိုင်တယ် ဆိုတာ ဘာကို ပြောတာလဲ”

“ခင်ဗျားရဲ့ မျက်နှာ”

သူ အဲဒီလို ပြောလိုက်တာကြောင့် ကျွန်တော် ပြုံးမိတယ် ဆိုတာကို ဝန်ခံရမှာပါပဲ။ ဘာကိုမှ မစဉ်းစားမိဘဲ တစ်နေရာရာမှာ မှန်ကြည့်လို့ရမလား ဆိုပြီး ဘေးပတ်ပတ်လည်ကို ကျွန်တော် လိုက်ကြည့်မိတယ်။ ခရမ်းချဉ်သီးချန်က ကျွန်တော့်မျက်နှာက ဘယ်လိုမျိုး ဘဲဥပုံစံ ရှိတဲ့အကြောင်း၊ ကျွန်တော့်မျက်လုံးတွေက ဝိုင်းနေတဲ့ အကြောင်း၊ မျက်ခွံတွေက သူများတွေလို မို့မနေတဲ့ အကြောင်း၊ နှာခေါင်းလှတဲ့အကြောင်း အဲဒီလိုမျိုးတွေ အများကြီး ပြောလို့သွားတယ်။ ကျွန်တော့်ကို အဲဒါတွေက အရင်က ဘာလို့များ ဘယ်သူကမှ မပြောတာလဲလို့ ကျွန်တော် တွေးမိတယ်။ ကျွန်တော်တို့နှစ်ယောက် သူ့တိုက်ခန်းကို သွားတယ်။ အဲဒီမှာပဲ ပထမဆုံးအကြိမ်အဖြစ် ကျွန်တော် မိတ်ကပ် စပြင်ဖူးတာ။

“မျက်ခုံးမွေး နည်းနည်း နုတ်လိုက်ရင် ပိုလှသွားမယ်”

“အဲဒါတော့ လုပ်လို့ မရဘူး၊ ငါ့မှာ သမီးတစ်ယောက် ရှိတယ်”

မိတ်ကပ်ပြင်ပြီး မှန်ကြည့်လိုက်တော့ အံ့သြစရာပါပဲ။ ကျွန်တော် တော်တော်လှတယ်။

※※※

ကျွန်တော် ခရမ်းချဉ်သီးချန်တို့ ကလပ်မှာ ဂေးမယ်တစ်ယောက် ဖြစ်လာခဲ့တယ်။ ကျွန်တော့် အသုံးအဆောင် ပစ္စည်းတွေနဲ့ အဝတ်အစားတွေကို သူ့အခန်းနဲ့ ကလပ်က ဗီရိုလေးထဲမှာ ထားတယ်။ ကျွန်တော့်သမီးကို ရုံးအဆောက်အုံ တစ်ခုမှာ ညစောင့်အလုပ် လုပ်နေပြီ ဆိုတဲ့အကြောင်း ပြောလိုက်တယ်။ ကလပ်က ညခုနစ်နာရီမှာမှ ဖွင့်တာ ဖြစ်ပေမယ့် ညဆယ့်တစ်နာရီ မကျော်မချင်း ဘာအလုပ်မှ မရှိတတ်ဘူး။ အဲဒါကြောင့် အလုပ်မသွားခင် ကျွန်တော့်သမီးနဲ့ ညစာစားလို့ ရတယ်။ အိမ်ကို မနက် သုံးနာရီ၊ လေးနာရီလောက်မှ ပြန်တယ်။ ရေချိုးခန်းမှာ မိတ်ကပ်နုံတွေနဲ့ တခြားအနုံတွေ မကျန်အောင် ကျွန်တော် သေသေချာချာ ဖျက်ရတယ်။ ပြီးတော့မှ အိပ်ရာဝင်တယ်။ သမီးကလည်း ကျွန်တော့်အလုပ်ချိန်နဲ့ အဆင်ပြေတယ်။ သမီးက စာတွေ အများကြီး လုပ်ထားပြီးပြီလို့ ပြောတယ်။ ပြီးတော့ စနေ၊ တနင်္ဂနွေ နားရက်ရတာကြောင့် သမီးနဲ့ အချိန်တော်တော်များများ နေလို့ရတယ်။

“ဖေဖေ အလုပ်ပြန်ဝင်ပြီး ကတည်းက တော်တော် ပျော်နေပုံပဲ”

“သမီးက အဲဒီလို ထင်လား”

ကျွန်တော့် စိတ်ထဲမှာ တစ်စက်လေးတောင် နောင်တ မရမိပါဘူး။

“ညစောင့်လုပ်ရတာ ကြောက်ဖို့ မကောင်းဘူးလား”

“ကြောက်ဖို့ကောင်းတယ် ဟုတ်လား”

“ဖောက်ထွင်းသမားတွေ၊ ဘာတွေ အကြောင်း သိတယ် မဟုတ်လား”

“ဒီခေတ်မှာ အားလုံးကို အီလက်ထရောနစ်နဲ့ လုပ်ထားတာ၊ ဖေဖေတို့ လုပ်စရာ ဆိုလို့ ကွန်ပျူတာတွေနဲ့ ဗီဒီယိုဖန်သားပြင်တွေ ထိုင်ကြည့်ဖို့ပဲ ရှိတယ်”

“အနာဂတ်ဝါဒီ ဆန်လိုက်တာ၊ အဲဒါဆို ဖေဖေ သေနတ်ကိုင်စရာ မလိုဘူးပေါ့”

“သမီး ပိုသိပါတယ်”

“ဖေဖေ မပျင်းဘူးလား”

“ဖေဖေနဲ့အတူတူ အလုပ်လုပ်နေတဲ့ တစ်ယောက်က စိတ်ဝင်စားဖို့ကောင်းတယ်၊ သူက ကြေးစားလက်ဝှေ့သမား”

“သူက ငယ်သေးလား”

“ဆယ့်ရှစ်နှစ်”

“သမီးကို မိတ်ဆက်ပေး”

လို့ သမီးက ပြောတယ်။

ဒီလိုနဲ့ တနင်္ဂနွေ တစ်ရက်မှာ သမီးကို ရှင်ဂျူကူကို ခေါ်သွားပြီး ခရမ်းချဉ်သီးချန်နဲ့ တွေ့ပေးလိုက်တယ်။ ကျွန်တော်တို့ ရုပ်ရှင်သွားကြည့်ကြတယ်။ ပြီးတော့ တရုတ်ဆိုင်မှာ ညစာစားကြတယ်။ ခရမ်းချဉ်သီးချန်က ကျွန်တော့်ဇာတ်လမ်းကို လိုက်လျောညီထွေအောင် လုပ်ပေးနိုင်ခဲ့တယ်။ ပျော်ရွှင်မှု ဆိုတာ ဒါပဲလို့ ကျွန်တော် နားလည်စ ပြုလာတယ်။ ပျော်ရွှင်မှု ဆိုတာ တစ်နေ့

တစ်နေ့ ခွန်အားဖြည့်အချို့ရည် ဆယ်ဘူး၊ ဆယ့်နှစ်ဘူး သောက်ရတာ မဟုတ်ဘူး၊ တစ်ကြိမ်ကို အဝေးပြေးလမ်းပေါ် နာရီပေါင်းများစွာ မောင်းရတာ မဟုတ်ဘူး၊ ရတဲ့ လစာကို စာအိတ်တောင် မဖောက်ရဘဲ မိန်းမလက် တန်းအပ်ရတာမျိုး မဟုတ်ဘူး၊ မိသားစုဆီက လေးစားမှုရဖို့ ကြိုးစားနေရတာမျိုး မဟုတ်ဘူး။ ပျော်ရွှင်မှု ဆိုတာ လှို့ဝှက်ချက်တွေနဲ့ မုသားတွေပေါ်မှာ အခြေခံတယ်။

ကျွန်တော့်ရဲ့ ဂေးဘဝအခြေမ်းကို တွေ့ရှိသွားတာနဲ့ ကျွန်တော့်မိန်းမ ပြောခဲ့တာတွေကို နောက်ဆုံးမှာတော့ နားလည်သွားမိပြီလို့ ခံစားရတယ်။

※※※

ကလပ်ကို လာကြတဲ့ ကာစတန်မာအများစုက ချမ်းသာကြပြီး တကယ့် လူကြီးလူကောင်းတွေ များတယ်။

တစ်ခါတလေမှာ နာမည်ကြီး ဆယ်လီတွေနဲ့တောင် တွေ့ရတယ်။ ကျွန်တော်က အငယ်တွေ ပြောသလို မိန်းမလို ပြောဖို့ မကြိုးစားပါဘူး။ ကျွန်တော် မိတ်ကပ်လိမ်းပြီး ဆံပင်တု တပ်တယ်။ ဝတ်စုံတစ်စုံ ဝတ်ထားပြီး ဒေါက်မြင့်ဖိနပ် နံပါတ် ဆယ့်တစ်ကို စီးတယ်။ ကာစတန်မာတွေကို ကျွန်တော် ပုံမှန်လေသံ အတိုင်းပဲ စကားပြောတယ်။

မှားသွားတာရှိရင် ကျွန်တော် တောင်းပန်လိုက်တယ်။ အားလုံးက ခွင့်လွှတ်ကြပါတယ်။ တကယ့်ကို ယဉ်ကျေးသိမ်မွေ့တဲ့ ကမ္ဘာငယ်လေး တစ်ခုပါ။ ဒီနေရာမှာ မောက်မာထောင်လွှားတာဟာ အရူးတွေအတွက်ပဲ ဆိုတာ နားလည်ထားတဲ့ လူတွေနဲ့ ပြည့်လို့နေတယ်။

“ခင်ဗျားက အသက်လေးဆယ်လို့ မထင်ရဘူး”

“မဟုတ်ရပါဘူး”

“လက်ကလေးတွေက လှနေတုန်းပဲ”

“မြောက်ပြောတတ်ရင် ဘာမဆို ဖြစ်တယ်နော်”

“ထရပ်ကားမောင်းသမား ဘဝ အတွေ့အကြုံကို ပြန်ပြောပြပါဦး”

ကျွန်တော့် ကားလီဗာက ကျောက်တုံးတစ်တုံးနဲ့ ဖိမိနေခဲ့ပြီး တိုဟိုကု အဝေးပြေးလမ်း တစ်လျှောက်လုံးနီးပါး ဝင်တိုက်ခဲ့မိတဲ့အကြောင်း၊ လမ်းကြုံ

လိုက်စီးတဲ့ ဖိလစ်ပိုင် ကောင်မလေးနှစ်ယောက်ကို ခေါ်ခဲ့တဲ့အကြောင်း၊ နှင်းမုန်တိုင်းတိုက်နေတုန်း မေရှင်အဝေးပြေးလမ်းမှာ ဆီပြတ်သွားတဲ့ အကြောင်းတွေ ပြောပြဖြစ်ခဲ့တယ်။ ထရပ်ကားသမား တစ်ယောက်အနေနဲ့ ဆယ့်ခြောက်နှစ် လုပ်ခဲ့တာကြောင့် ကျွန်တော့်မှာ ပြောစရာဇာတ်လမ်းတွေ အများကြီး ရှိလို့ နေပါတယ်။

တစ်ခါတလေမှာ ဂင်ဇာက ဧည့်ကြိုမယ်တွေ၊ မော်ဒယ်တွေနဲ့ မင်းသမီးတွေကတောင် ကျွန်တော့်ဆီ လာပြီး “ကျွန်မထက်တောင် ချောနေသေးတယ်” လို့ ပြောတတ်ကြပါတယ်။

နေ့တိုင်း ကျွန်တော် မျက်ခုံးမွေး သုံးပင်နုတ်တယ်။ မျက်ခုံးမွေးက အမိုးခုံး လှလှလေးလို ဖြစ်တော့မယ်။

⁂

အဲဒီလူ ကျွန်တော်တို့ ကလပ်ကို လာတဲ့ ညတုန်းက မိုးတွေ ရွာနေတယ်။ သူဟာ မထင်မရှား ကောလိပ်က ရဂ်ဘီနည်းပြ ဆရာတစ်ယောက်ပါ။ ကျွန်တော် အရင်က နေခဲ့ဖူးသလိုပဲ သူဟာ မစ္စတာ ကျားကျားကြီးပေါ့။ သူက ခရမ်းချဉ်သီးချန်ကို စအော်ပါတယ်။

“မင်း ဘာပြောတာလဲ ဟယောင်၊ ငါ့ဝီစကီက မင်းအတွက် မကောင်းသေးဘူးပေါ့၊ ဟုတ်လား”

မန်နေဂျာက ဘားကောင်တာနောက်ကနေ ကိုဘူကီစတားတွေမှ ဝတ်နိုင်လောက်တဲ့ ကီမိုနိုလှလှကို ဝတ်ပြီး ထွက်လာခဲ့ပါတယ်။ (မှတ်ချက်- ကိုဘူကီ = ဂျပန်ရိုးရာ ဂီတကဇာတ်) သူက “ခရမ်းချဉ်သီးလေးကို ခွင့်လွှတ်လိုက် ပါ၊ သူက လက်ဝှေ့သမားပါ၊ ဝိတ်ချနေလို့ပါ” လို့ ပြောပါတယ်။ ဒါပေမဲ့ နည်းပြဆရာက နားမလည်ပါဘူး။

“ဘယ်တုန်းက စပြီး အခြောက်တွေက လက်ဝှေ့ထိုးတာလဲ”

သူဟာ ရုပ်အင်္ကျီကို ကြယ်သီးဖြုတ်လိုက်ပြီး။ရွှေဆွဲကြိုးနဲ့ ရင်ဘတ်မွေးတွေကို ပြပါတယ်။ သူ့မျက်နှာအမူအရာက အူကြောင်ကြောင်၊ ရှူးနှမ်းပြီး ကြောက်ဖို့ ကောင်းနေပါတယ်။ သူဟာ ခရမ်းချဉ်သီးချန်ရဲ့ ခွက်ကို ခွဲလိုက်ပါတယ်။ သူ့ခွက်ထဲက ဝီစကီတွေကိုလည်း သူ့မျက်နှာပေါ် လောင်းချလိုက်ပါ

တယ်။ သူဟာ ဆိုးရွားလှတဲ့ နေ့တစ်နေ့ကို ကြုံတွေ့လာပုံပါပဲ။ ဒါပေမဲ့ ဒီနေရာမှာ သူတစ်ယောက်တည်း ရှိနေသလို လာလုပ်နေတာကိုတော့ သည်းခံလို့ မရပါဘူး။ ကျွန်တော် တခြားနည်းလမ်း ရှာမတွေ့သေးပါဘူး။ ခရမ်းချဉ်သီးချန်သာထိုးချင်ရင် အဲဒီလူကို ဆယ်စက္ကန့်တည်းနဲ့ မှောက်သွားအောင် ထိုးလို့ရပါတယ်။ ဒါပေမဲ့ ခရမ်းချဉ်သီးချန်ဟာ လူတိုင်းကို နှိမ့်ချပြီး လေးလေးစားစား ဆက်ဆံပါတယ်။ ဒီနည်းပြကတော့ ဆန့်ကျင်ဘက်ပါပဲ။ ဒီလိုအမှားတွေချည်း လုပ်တတ်တဲ့ လူကို ကျွန်တော် ခွင့်မလွှတ်နိုင်ပါဘူး။ သူဟာ ကျွန်တော်တို့ရဲ့ နူးညံ့တဲ့ ကမ္ဘာငယ်လေးကို စစ်မြေပြင် ဖြစ်အောင် လုပ်နေတဲ့ အတွက်ပေါ့။

ကျွန်တော် အစက်အစက်တွေ ပါတဲ့ ဝတ်စုံရယ်၊ ဒေါက်မြင့်ဖိနပ်ရယ် စီးလျက်နဲ့ အခန်းကူးပြီး သူ့ကို အော်လိုက်ပါတယ်။ “ထွက်သွား၊ ခုချက်ချင်း ထွက်သွား” သူ့ရဲ့ အောက်တန်းကျတဲ့ အဆင့်အတန်းကို ထည့်မတွက်လိုက်မိတဲ့ အတွက် ကျွန်တော် တော်တော် မှားသွားမှန်း ချက်ချင်း သိလိုက်ရပါတယ်။ ဒါပေမဲ့ နောက်ကျသွားခဲ့ပါပြီ။ သူဟာ ရင်ဘတ်ပေါ်က ဆွဲကြိုးတုန်ခါလို့၊ ချီဗက်စ်ရီဂယ် ပုလင်းကို ဆွဲကိုင်ပြီး ကျွန်တော့်ခေါင်းကို ရိုက်ခွဲလိုက်ပါတယ်။ ပုံမှန်အတိုင်းပဲ ကျွန်တော့်ခေါင်း ကွဲကြေလို့ သွားတာပေါ့။

⁂

သူတို့က ကျွန်တော့်ကို လူနာတင်ကားနဲ့ ဆေးရုံကို ခေါ်သွားပါတယ်။ အဲဒီမှာပဲ ကျွန်တော့်သမီးက ကျွန်တော် ဂေးလို ဝတ်ထားတာကို ပထမဆုံးအကြိမ် မြင်ဖူးတာပါပဲ။ သမီးက ကျွန်တော့်မိန်းမနဲ့ လိုက်လာတာပါ။ ကျွန်တော့်မိန်းမက ငိုတယ်။ ကျွန်တော့်သမီးက ရယ်တယ်။

⁂

ကျွန်တော် ဆေးရုံမှာ ရှစ်ရက် နေခဲ့ရတယ်။ သူတို့က ကျွန်တော့်ကို ဦးနှောက် စကင်နဖတ်တယ်။ ဘာပြဿနာ ကြီးကြီးမားမားမှ မတွေ့ခဲ့ရဘူး။ ကျွန်တော့်သမီးက ကျွန်တော့်ကို အထင်သေးသွားမှာကို ကြောက်နေမိတယ်။ ဒါပေမဲ့ ငါးရက်မြောက်နေ့မှာတော့ သမီး ကျွန်တော့်ဆီ ပြန်လာခဲ့ပါတယ်။

“သမီး အရမ်းအံ့သြသွားတယ်”

လို့ ပြောရင်း ကျွန်တော့်အတွက် ပန်းစည်းကို ဖန်ပန်းအိုးထဲ ထည့်လိုက်ပါတယ်။

“သမီးကို မပြောဘဲ ထားတာ တောင်းပန်ပါတယ်”

“ပထမတော့ ဖေဖေ လုံခြုံရေးကုမ္ပဏီက အဝတ်အစားဆန်း ပါတီ၊ ဒါမှ မဟုတ် တစ်ခုခုကို သွားခဲ့တာလို့ ထင်ခဲ့သေးတယ်”

“အခု မေမေနဲ့ နေနေတာလား သမီး”

“မဟုတ်ပါဘူး၊ ပထမဆုံးနှစ်ရက်ပဲ သွားနေခဲ့တာ၊ သမီး ကျောင်းတက်ရမယ်လေ၊ ပြီးတော့ လုပ်စရာတွေလည်း ရှိတယ်”

“သမီး ကြိုက်တာ သမီးလုပ်နော်”

ကျွန်တော် အဲဒီစကားကို ပြောပြီးပြီးချင်းမှာပဲ ကျွန်တော့် မျက်ဝန်းထဲ မျက်ရည်တွေ လျှံလို့လာတယ်။

“သမီး ကြိုက်တာ လုပ်တဲ့လား၊ ဘာကို ဆိုလိုချင်တာလဲ”

“မေမေ့ဆီမှာ သွားနေဖို့ ပြောတာ”

“ဘာဖြစ်လို့လဲ”

ကျွန်တော်မထိန်းနိုင်တော့ဘူး။ ကလေးတစ်ယောက်လို ဖြဲသဲပြီး အော်ငိုတော့တာပဲ။ သမီးက စနူပီ လက်ကိုင်ပဝါလေး ထုတ်ပြီး ကျွန်တော့် ပါးလေးတွေကို သုတ်ပေးတယ်။

“မေမေ့ဆီ သမီး မပြောင်းပါဘူး”

“ဘာဖြစ်လို့လဲ”

“မေမေက ပြောင်းလာစေချင်ပါတယ်၊ ဒါပေမဲ့ သမီး မပြောင်းဘူး”

“ဘာကြောင့်”

“ဖေဖေက ဟိုမိုလား”

ကျွန်တော် ခေါင်းခါလိုက်တယ်။

“အလုပ်သက်သက်ပါ”

“ဒါပေမဲ့ ဖေဖေ ဟိုမိုလား”

“ဖေဖေက ဟိုမိုဆို၊ သမီးကို ဘယ်လို မွေးနိုင်ခဲ့မှာလဲ”

“မေမေ ထွက်သွားပြီးမှ ဖေဖေ သိခဲ့တာပါ၊ အဲဒီလိုမျိုး မဟုတ်လား”

“မဟုတ်ပါဘူးလို့ ပြောနေမှ”

“ဖေဖေဖြစ်နေလည်း ဘာမှမဖြစ်ဘူး၊ ဒါပေမဲ့ သမီးသူငယ်ချင်းတွေ သိသွားရင် သမီးတော့ သေပြီ၊ လူတိုင်းကို လုံခြုံရေးကုမ္ပဏီမှာ အလုပ်လုပ်နေတယ်လို့ပဲ ဆက်ပြောကြရအောင်နော်၊ ဟုတ်ပြီလား ဖေဖေ”

“စိတ်ချ”

သမီးက ကျွန်တော့်အတွက် ဆင်းဒွစ်ချ်တွေ ယူလာခဲ့တယ်။ ကျွန်တော်တို့ အတူတူစားကြတယ်။

“ဖေဖေ ဆေးရုံက ဆင်းရင် သမီး ဘော့စ်ဘောပွဲ သွားကြည့်ချင်လား”

“ပရိုဘော့စ်ဘောပွဲလား”

“ဟုတ်တာပေါ့”

“အိုကေ”

“သမီးတို့ သွားကြည့်ခဲ့တာ တော်တော်ကြာပြီနော်”

“မေမ့ကိုလည်း ဖိတ်ကြစို့”

“လာမယ် ထင်လို့လား”

“ကျွပ်အသင်းရဲ့ပွဲဆို လာမှာ ပြောရဲတယ်၊ ယာမိန်းက ဘောလုံး ပစ်ရင်ပေါ့။

“မေမေက ဖေဖေ့အကြောင်း ဘာပြောသေးလဲ”

“မေမေက ဖေဖေ့ကို ဘယ်လိုမှ နားမလည်နိုင်ဘူး တဲ့”

“ဟုတ်လား၊ သမီးကကော”

“သမီးလား”

“ဖေဖေ့ကို နားလည်လား”

“နောက်နေတာလား”

“သမီးက အမြဲ အဆင်ပြေတယ် မဟုတ်လား”

“ဟုတ်၊ အမြဲ အဆင်ပြေတယ် ထင်တာပဲ”

ဆင်းဒွစ်ချ်တွေက အရသာရှိလိုက်တာ။

***

ဂျင်ကု အားကစားရုံမှာ ပုံလွှားများနဲ့ ကာ့ပ်တို့ရဲ့ပွဲပါ။ ကျွန်တော့်မိန်းမ ရောက်မလာခဲ့ပါဘူး။ အိုဘာနာက ပုံလွှားများ အသင်းအတွက် ဘောလုံးပစ်မှာပါ။ တာကာဟာရှိယိုရှိဟီကို ဘောလုံး ရသွားတော့ ကျွန်တော့်သမီးက လက်ခုပ်တီးအားပေးပါတယ်။

“ယိုရှိဟီကိုက အိပ်မက်မဆန်ဘူးလား”

လို့ သမီးက ပြောတယ်။ သူက ဦးဆောင်နေတော့ သမီးက အော်တယ်။

“ပြေးထား၊ တာကာဟာရှိ”

ပြီးတော့ သမီးက ကျွန်တော့်ကို ကြည့်တယ်။

“ဖေဖေ”

“ပြော သမီး”

“ဒီခေတ်ကြီးမှာ ဟိုမိုတွေ ပိုများလာတော့မှာလား”

“ဖေဖေ ဘယ်လို သိမှာလဲ”

တာကာဟာရှိ ဒုတိယအကြိမ် ပြေးပြန်တယ်။ ကျွန်တော့်သမီး စိတ်လှုပ်ရှားနေတယ်။ သမီး ထခုန်၊ အော်ဟစ်ပြီး လက်ခုပ်တီးတယ်။ ပြီးတော့ ပြန်ထိုင်ပြီး တစ်ယောက်တည်း ပြောနေသလိုနဲ့ ရေရွတ်တယ်။

“သမီး ပြောချင်တာက ဒီလို ဟိုမိုတွေ အရမ်းများလာရင် သမီးအတွက် ယောကျ်ားတစ်ယောက် ရှာဖို့ အရမ်းခက်ခဲတော့မှာပေါ့လို့”

❑

(It all started a year and half ago by Ryū Murakami)

ဘားမှာ အခုလို ထိုင်သောက်တိုင်း

ဘားတစ်ခုမှာ အခုလို ထိုင်သောက်တိုင်း အရက်စပ်ရတဲ့ အလုပ်က တော်တော်လေးကို မြင့်မြတ်လှတဲ့ အလုပ်တစ်ခုပဲလို့ ကျွန်တော် အမြဲတွေးမိတယ်။ အရောင်မျိုးစုံ ပုလင်းတွေရှိတဲ့ ရောင်စုံဖန်ပုလင်းစင်ကို နောက်ခံထားပြီး အရက်ဖျော်စပ် သူဟာ တောက်ပနေတဲ့ အကောင်းစား ဖန်သားတွေနဲ့ အာရုံခံတန်ဆောင်းမှာ ကွက်တိ လှုပ်ရှားလို့ နေတယ်။ ဘုန်းတော်ကြီးတစ်ပါးက ဘာသာရေး ထုံးတမ်းစဉ်လာ တစ်ရပ်ကို ဆောင်ရွက်နေသလိုပေါ့။ ဖန်ခွက်တစ်ခွက်ထဲကို မြင့်မြတ်သော အရည်ကို လောင်းထည့်လိုက်တယ်။ ဖောက်သည်တွေက သူတို့ရဲ့ ဒုက္ခသုက္ခ တွေကို ရေရွတ်နေတာကို သူက တရိုတသေ၊ ကိုယ်ချင်းစာတဲ့ အပြုံးနဲ့ နားထောင်လို့ နေတယ်။

ဘားရဲ့ ဟိုးဘက်ထောင့်စွန်းမှာ အသားအရေ ကြမ်းထော်ထော်နဲ့ မိတ်ကပ်ထူလဖျစ် လိမ်းထားပြီး ဆွဲဆောင်မှု မရှိတဲ့ ဘွားတော်နှစ်ယောက် ထိုင်လို့နေတယ်။ သူတို့နှစ်ယောက်ဟာ အော်ဂလီဆန်လောက်အောင် မူးလို့နေတယ်၊ ဒါမှမဟုတ် မူးချင်ယောင်ဆောင်လို့ နေတယ်။ သူတို့နှစ်ယောက်ရဲ့ စကားပြောဆိုမှုက တီးတိုးဖြစ်လိုက်၊ ကျွက်ကျွက်စီစီ ဖြစ်လိုက်နေပါတယ်။ တစ်ခုခု ဟုတ်လားလို့ အရက်ဖျော်စပ်သူက သူတို့ဘက်ကို အပြုံးတောက်တောက်နဲ့ အလေးအနက် လှမ်းမေးတယ်။

ဘွားတော်တွေရဲ့ ဘေးမှာတော့ ခုမှ လက်ထပ်ထားတဲ့ ဇနီးမောင်နှံ ဆိုတာ ထင်ရှားလို့နေတယ်။ သူတို့နှစ်ယောက်ဟာ ဒီဟိုတယ်မှာပဲ မင်္ဂလာဧည့်ခံပွဲ ကျင်းပခဲ့တာလို့ ကျွန်တော်ထင်တယ်။ အခုတော့ ဟန်းနီးမွန်း မထွက်ခင် ဒီဟိုတယ်မှာပဲ တစ်ည အိပ်ကြလိမ့်မယ်။ သူတို့နှစ်ယောက်စလုံး စကား သိပ်များများစားစား မပြောကြဘူး။ သတို့သားက ဆိုင်ချက် ဝီစကီခွက်ကို နည်းနည်းလေး စုပ်သောက်လိုက်တယ်။ သတို့သမီးက အဝါရောင် အခိုးအငွေ့ထနေပြီဖြစ်တဲ့ သူမရဲ့ မိုင်တိုင်ကော့တေးလ် ရေခဲ အရည်ပျော်နေတာကို သောက်လို့ နေတယ်။ စားစရာ တစ်ခုခု ယူလာပေးရမလားလို့ အရက်ဖျော်စပ်သူက မေးတယ်။ ပြီးတော့ သူ့အပြုံးက ပျောက်ကွယ်လို့ သွားတယ်။

လက်ထပ်ပြီးခါစ လင်မယားရဲ့ ဘေးမှာက ရှလစ် သောက်နေတဲ့ တစ်ကိုယ်တော် အမေရိကန်တစ်ယောက်။ နိုင်ငံခြားသားတွေက ဘီယာပဲ အမြဲမှာတတ်ကြတယ်။ လမ်းညွှန်စာအုပ်တွေက ဂျပန်ဟိုတယ်တွေမှာ စျေးနှုန်းတွေ မဟားတရား ကြီးလွန်းတာကြောင့် ဘီယာပဲ သောက်ကြဖို့ သူတို့ကို လမ်းညွှန်ထားကြတယ်။ အမေရိကန်ကောင်ရဲ့ဘေးမှာ အမျိုးသမီးငယ် တစ်ယောက်နဲ့ အသက် ကြီးကြီး ဘဲတစ်ပွေဟာ ရှန်ပိန်ကော့တေးလ် သောက်နေကြပြီး နမ်းတော့မတတ် ဖြစ်လို့နေတယ်။ သူတို့နှစ်ယောက် ဘေးမှာတော့ ဟိုတယ်ဘားတိုင်းမှာ တွေ့ရတတ်တဲ့ စောက်ရူးတစ်ပိုင်း လူချမ်းသာကောင် နှစ်ကောင်ပါ။ အဲဒီနှစ်ကောင်ရဲ့ ဘေးမှာတော့ ကျွန်တော်ပါ။ ဘယ်လိုဖြစ်ဖြစ် သူတို့နှစ်ယောက်နဲ့ ကျွန်တော့်ကြားမှာ ခုံအလွတ်တစ်ခုံ ရှိနေတယ်။

သူမ နောက်ကျနေတယ်။ ကျွန်တော် တစ်ယောက်တည်း သောက်နေတာပါ၊ ဘယ်သူနဲ့မှလည်း စကားမပြောဘူး။ ကျွန်တော် ဘယ်လောက် မူးနေပြီလဲ ဆိုတာကို ကိုယ့်ကိုယ်ကိုယ် အကဲမဖြတ်နိုင်တော့ဘူး။ ကျွန်တော် ဘယ်နှခွက် သောက်ပြီးပြီလဲ ဆိုတာကို စဉ်းစားမိတယ်။ နောက်တစ်ခွက် ယူပေးရမလားလို့ အရက်ဖျော်သူက အပြုံးနဲ့ မေးတယ်။ ကျွန်တော် ခေါင်းညိတ်လိုက်တယ်။ ဘာဘွန်ဝီစကီတစ်ခွက်ကို ဖန်ခွက်ထဲ လောင်းထည့်လိုက်တယ်။ အင်း... အနည်းဆုံးတော့ နေရာရှာရတဲ့ အလုပ်တော့ ပြီးသွားပြီလို့ ကျွန်တော် သူ့ကို ပြောလိုက်တယ်။ အခုက ရုပ်ရှင်ကို တည်းဖြတ်တဲ့အပိုင်း ရောက်နေပြီ။

ကျွန်တော်ဟာ ရုပ်သံထုတ်လုပ်တဲ့ ကုမ္ပဏီတစ်ခုက ဒါရိုက်တာ တစ်ယောက်ပါ။ ကျွန်တော်တို့ရဲ့ အထူးကျွမ်းကျင်မှုကတော့ နိုင်ငံရပ်ခြား မှတ်တမ်းတွေ ရိုက်ကူး ထုတ်လုပ်တာပါပဲ။ လွန်ခဲ့တဲ့ နှစ်နှစ်ကနေ အခုချိန်ထိ ကျွန်တော်ဟာ ဂီတမျိုးစုံ ဖျော်ဖြေပွဲတွေမှာ ပါဝင်နေရပါတယ်။ အရက်ဖျော်စပ်သူဟာ ဘယ်တော့မှ မနားပါဘူး။ သူဟာ ဖန်ခွက်တွေကို စီတယ်။ ရှန်ပိန်တွေနဲ့ ဝိုင်ဖြူတွေကို အေးအောင် လုပ်ထားတယ်။ ရေခဲတုံးတွေက ပဲ့ထွက်နေတဲ့ အစအနတွေကို ဖယ်ထုတ်တယ်၊ ဆေးလိပ်ပြာခွက်တွေ လဲပေးတယ်၊ ကြက်အူချောင်း၊ ဝက်အူချောင်း ပန်းကန်တွေ ချပေးတယ်၊ ဒါမှမဟုတ် ကမာကောင် အစိမ်းပန်းကန်တွေ ချပေးတယ်။ ဒီဘားမှာ ထိုင်နေတဲ့ လူကိုးယောက်စလုံးဟာ ဒီညမကောင်းမှု တစ်ခုခုကို ပြုလုပ်ကြမယ့် လူတွေဆိုတာ သံသယဝင်စရာ မရှိပါဘူး။ တစ်ယောက် နဲ့တစ်ယောက် အခြေအနေချင်းတော့ မတူညီနိုင်ကြပါဘူး၊ ဒါပေမဲ့ စိတ်ထဲမှာ ရှိကြတဲ့ ခရီးဆုံးကတော့ အတူတူပါပဲ။ သူတို့ရဲ့

ကိုယ်ကျင့်တရား စံနှုန်းတွေ မြင့်တင်ဖို့ ဘယ်သူမှ အရက်မသောက်ကြပါဘူး။ အရက်ဖျော်စပ်သူဟာ ဒီလို နေရာမျိုးမှာ ဘုန်းတော်ကြီးတစ်ပါးပဲ ဆိုတာ အသေအချာပါပဲ။

ကျွန်တော် ရယ်စရာ တစ်ခု၊ ဒါမှမဟုတ် နှစ်ခု ပြောကောင်းပြောနိုင်ပြီး ကျွန်တော် တတ်နိုင်တဲ့ အချိန်မှာ ရယ်မိလိမ့်မယ်။ ဒီညာ ကျွန်တော့်အတွက် မနှစ်မြို့စရာကောင်းတဲ့ တာဝန်တစ်ခု လုပ်ဆောင်ရဖို့ ရှိနေတယ်။ ကြင်နာတတ်တဲ့ အရက်ဖျော်သမားကို ကျွန်တော် ဟာသလေး တစ်ခုလောက်တော့ ပြောကောင်း ပြောမိလိမ့်မယ်။ ပြီးခဲ့တဲ့ ခြောက်လလောက်က ကျွန်တော် ဆင်းရဲသား ရပ်ကွက်တွေအကြောင်း မှတ်တမ်းရုပ်ရှင်တွေ ရိုက်ကူးနေခဲ့တယ်။ ကာလကတ္တား၊ မနီလာ၊ ရီယိုဒီဂျနေးရိုး၊ မွန်တီဗီဒီယို၊ ဘိုဂိုတာ စသည်ဖြင့်။ ခင်ဗျားဟာ ဆင်းရဲသား ရပ်ကွက် တစ်ခုထဲကို ရောက်သွားရင် ကမ္ဘာကြီးတစ်ခုလုံးဟာ ဆင်းရဲသား ရပ်ကွက်တစ်ခု ဟုတ်၊ မဟုတ် စဉ်းစားမိပြီး ဆင်းရဲသား ရပ်ကွက်တွေဟာ ပုံမှန်အခြေအနေပဲ ဆိုတာကို ခံစားရမိလိမ့်မယ်။ အဲဒီနေရာတွေမှာ ကျွန်တော် ဟာသကောင်းတွေ အများကြီး ကြားခဲ့ဖူးတယ်။ သေနေတဲ့ ကလေးအလောင်းတစ်လောင်း မြောင်းထဲမှာ မျောလို့နေပြီး ကျွန်တော်နဲ့ သိတဲ့ အိန္ဒိယတစ်ယောက်က တကယ့်ကို ရယ်စရာ ကောင်းတာတွေကိုပြောတယ်။ ဒါကကော ဘာလဲ။ အင်း, ဒါက သေနေတဲ့ ကလေးလေတဲ့။ ကျွန်တော် အဲဒါကို ပြောရမလား၊ ဒါမှမဟုတ် အဲဒါက ရယ်စရာ မဟုတ်တာ ဖြစ်နိုင်တယ်။

“ဆောရီးပါရှင်”

သူမ ရောက်လာပါပြီ။ ဒီမိန်းမကို ကျွန်တော် မတွေ့မိဘူး။ သူမက ကျွန်တော့်ရဲ့ အချိန်တော်တော်ကြာခဲ့တဲ့ မယားငယ်ပါ။ သူမ အံ့သြလောက်အောင် လှလို့နေတယ်။ ဒါပေမဲ့ သူမက ကျွန်တော့်ရဲ့ မယားငယ် မဟုတ်တော့ပါဘူး။ ခင်ဗျား မိန်းမတစ်ယောက်နဲ့ လိင်ဆက်ဆံတာကို ရုပ်လိုက်တဲ့အခါ၊ ခင်ဗျား သူမနဲ့ ခပ်ကင်းကင်း နေလိုက်တဲ့အခါ အဲဒီမိန်းမက အရင်ကထက် ပိုချောလာတာ ဘာ့ကြောင့်လဲ။

“လမ်းတွေက အရမ်းပိတ်နေတယ်”

လမ်းပိတ်နေတယ်တဲ့လား။ လမ်းတကယ် ပိတ်တာကို မြင်ချင်ရင် ကာလကတ္တားက ဈေးကို သွားကြည့်လို့ ကျွန်တော် ပြောမိတော့မလို့ပါပဲ။ ဒီလို

အချိန်မျိုးမှာတောင် ကြောင်တောင်တောင် အတွေးတွေက ထွက်လာသေးတယ်။ ကျွန်တော် အရက်မူးနေတာကြောင့်လည်း ဖြစ်နိုင်ပါတယ်။

“မတွေ့တာ ကြာပြီနော်၊ ကျွန်မ ဒီည အချိန်ကြာကြာ နေချင်ပါတယ်၊ ဒါပေမဲ့ မနက်ဖြန် မနက်စောစော အမေ လာမှာမို့ အိမ်ပြန်ရလိမ့်မယ်၊ ရှင် ကြည့်ကောင်းနေတယ်”

ကျွန်တော် ကြည့်ကောင်းနေတယ်လို့ မခံစားမိပါဘူး။ အခုက ပိုလို့ တောင် ဆိုးနေပါတယ်။ ကျွန်တော်က မျှော်လင့်ချက်တွေ အများကြီး မထားတတ်ပါဘူး။ ဒါပေမဲ့ သူမနဲ့ ကျွန်တော် ဒီညအတွက် ချစ်မီးလျှံ ပြန်မတောက်နိုင်ဘူးလားလို့ တစ်ဝက်တစ်ပျက်တော့ စဉ်းစားနေမိပါတယ်။ ကျွန်တော် ဒီည အနွေးဓာတ်တချို့ အသုံးပြုနိုင်ပါတယ်။ ဒါပေမဲ့လည်း ဒါဟာ ဘဝပါပဲ။ သူတို့ကို ခင်ဗျား ဖြစ်စေချင်တဲ့ ပုံစံဖြစ်စေဖို့အတွက် အခြေအနေတွေ သိရအောင် ခင်ဗျားဟာ ဆင်းရဲသားရပ်ကွက်မှာ သွားနေတာဟာ ဘယ်တော့မှ အလုပ်မ ဖြစ်ပါဘူး။

“ရှင် ကျွန်မကို ထပ်ရှင်းပြလို့ ရမလား၊ ဖုန်းထဲမှာ ကျွန်မ သေသေချာချာ နားမရှင်းဘူး”

သူမဟာ အေအိုယာမ အနောက်လမ်းတွေက အဝတ်အစားဆိုင် တစ်ဆိုင်မှာ အလုပ်လုပ်ပါတယ်။ ဒီနေ့ခေတ်မှာ ဒီလိုပုံစံ မိန်းမကို နေရာတိုင်းမှာ ခင်ဗျား ရှာလို့ ရပါတယ်။ အရပ်ရှည်ရှည်နဲ့ ချောမောလှပတဲ့ ဒီလိုပုံစံတွေက အခွင့်ထူးတွေ ပေးတတ်တယ်လို့ ယူဆလို့ရတယ်။ သူမ နာမည်က ကီယိုမီပါ။ သူငယ်ချင်းတွေက ကီမီလို့ ခေါ်ပါတယ်။ အိပ်ရာထဲမှာဆို ကျွန်တော်လည်း အဲဒီလို ခေါ်ပါတယ်။ သူမက ကျွန်တော့်ရဲ့ ဝိုင်းတာကီခွက်ကို ငြင်းပြီး သူမ အမြဲသောက်လေ့ရှိတဲ့ ဘရန်ဒီအလက်ဇန္ဒား တစ်ခွက်ကို မှာပါတယ်။

“ကောင်းပြီလေ”

ကျွန်တော် ဒီအကြောင်းကို သိပ်မပြောချင်ပါဘူး။ ကျွန်တော် လုပ်ချင်တာက ဆင်းရဲသားရပ်ကွက်က ဟာသတွေကို အတွဲလိုက်ကြီး ပြောချင်တာပါပဲ။ အရူးအမူး ရယ်လိုက်၊ လျှာတွေ ထုံသွားတဲ့အထိ သောက်လိုက်၊ ရေအတူတူ ချိုး၊ ဟင်းသီးဟင်းရွက်ဆီ တစ်ပုလင်း ဂိမ်းတွေ ကစားလိုက် လုပ်ချင်နေတာပါ။

“ပြောရရင်၊ မိန်းမတစ်ယောက်က ကိုယ့်ကို တရားစွဲနေတယ်”

“ရှင်ပြောတာက ရှင့် မိန်းမဆို”

“မဟုတ်ဘူး၊ ကိုယ့်မိန်းမကလည်း သိပ်မကြာခင် ကိုယ့်ကို တရားရုံး ပို့လောက်တယ်၊ ဒါပေမဲ့ သူကတော့ တန်းစီရဦးမယ်”

“ရှင့်မှာ မိန်းမတွေ အများကြီး ရှိတာပဲ”

“ကိုယ် ဆိုလိုချင်တာ အဲဒါ မဟုတ်ဘူး”

“ကိစ္စမရှိပါဘူး၊ အခုတော့”

“ဘာပဲပြောပြော၊ အခုမိန်းမက နစ်နာကြေးရဖို့ ကိုယ့်ကို တရားစွဲမှာ”

“နစ်နာကြေး ဟုတ်လား၊ ဘာကို ဆိုလိုတာလဲ၊ သူက ငယ်လို့လား”

“မငယ်ဘူး၊ ပုံမှန်ပဲ”

“နှစ်ဆယ့်သုံးလား”

“နှစ်ဆယ့်ငါး”

“ပျမ်းမျှပါပဲ”

“ပျမ်းမျှ၊ ဟုတ်တယ်မလား၊ ဘာပဲပြောပြော သူ့ရှေ့နေက ထုံးတမ်း အစဉ်အလာ လင်မယား ဥပဒေနဲ့ တရားစွဲမယ်လို့ ပြောတယ်”

“အဲဒါက ဘာအဓိပ္ပာယ်လဲ”

“သူက ကိုယ်ဟာ သူ့ကိုချုပ်နှောင်တယ်၊ သူမရဲ့ လွတ်လပ်မှုကို ကန့်သတ်တယ်လို့ စွပ်စွဲတယ်”

“ကျွန်မ နားမလည်ဘူး၊ ကျွန်မ ဆိုလိုချင်တာ သူက ရှင်နဲ့ပတ်သက်ဖို့ ရွေးချယ်ခဲ့တာပဲ မဟုတ်လား၊ ရှင့်မှာ မိန်းမနဲ့ ကလေးတွေရှိမှန်း သိသိကြီးနဲ့ ပေါ့”

“အဲဒီလို ကျိုးကြောင်းဆင်ခြင်မှု သူ့မှာ မရှိဘူး”

“ဒီကိစ္စမှာ ယာကူဇာတွေပါ ပါနေလား”

“မပါဘူး၊ သူက တကယ့်ကို ရိုးရိုးရှင်းရှင်းပါပဲ၊ ပုံမှန်ပဲ၊ ဘာပဲဖြစ်ဖြစ် ကိုယ့်ရှေ့နေ ပြောတာကို ကြည့်၊ သူနဲ့ကိုယ်နဲ့ ဒီနေရာမှာ၊ ဒီဟိုတယ်မှာ အမြဲ တွေ့တယ်၊ သူနဲ့ ပတ်သက်တဲ့ အချိန်တစ်လျှောက်လုံး ဒီတစ်နေရာမှာပဲ တွေ့ တယ်၊ အဲဒီတော့ ဈေးကြီးတဲ့ အချစ်ရေးဆက်နွယ်မှုလို့ သူ့ရဲ့ စွပ်စွဲချက်ကို တရားဝင်စေတယ် တဲ့”

“ကျွန်မ လုံးဝ နားမလည်ဘူး”

“ကိုယ့်ရှေ့နေက ဒီလို ပြောတယ်၊ ဒီဟိုတယ်မှာ ကိုယ်တွေ့တဲ့ တခြား မိန်းမတစ်ယောက် ရှိလားလို့ မေးတယ်၊ အခကြေးငွေ ပေးတာဖြစ်ဖြစ်၊ ဘာ ဖြစ်ဖြစ်ပေါ့၊ အဲဒီလို ရှိရင် ကိုယ်ဟာ အပန်းဖြေတဲ့ ပုံစံမျိုးနဲ့ ဒီနေရာမှာ တွေ့ လေ့ရှိတယ် ဆိုပြီး ချေဖျက်လို့ ရနိုင်တယ်တဲ့”

“အဲဒါကို မေ့ပစ်လိုက်”

ကျွန်တော့်မျက်နှာကနေ သွေးစီးဆင်းနေတာကို ခံစားမိတယ်။ ရုတ်တရက်ကြီး သူမ ဘာ့ကြောင့် အကင်းပါးသွားတာလဲ။

“ခဏလေးပါ၊ ကိုယ်ပြောတာကို အနည်းဆုံးတော့ နားထောင်ပေးပါ”

“ရှင်က ကျွန်မကို ရှင်အတွက် သက်သေခံ ပေးစေချင်နေတယ်လေ၊ မဟုတ်ဘူးလား၊ လူယုတ်မာ”

“ဟုတ်ပါတယ်၊ ဒါပေမဲ့ ကိုယ် မင်းကို တစ်ခုတော့ ကြိုပြောစရာ ရှိတယ်၊ ကိုယ်တို့ ပြောနေတာက တရားခွင် အကြောင်းပါ၊ ကိုယ် မင်းကို လုပ်ခတော့ မ ပေးနိုင်ဘူး”

“ရှင် လူယုတ်မာ၊ ရှင် ကျွန်မကို ဘာတောင်းဆိုနေတာလဲ ဆိုတာ စဉ်းစားကြည့်ဦး၊ ကျွန်မ အိမ်ထောင်တောင် မပြုရသေးဘူး၊ ကျွန်မ... ကျွန်မ အမေကို ဘာပြောရမလဲ၊ ကျွန်မ အမေက အခုထိ အလုပ်လုပ်နေတုန်း၊ သူက ကျွန်မတို့အတွက် ညစာ အမြဲချက်တယ်၊ ညတိုင်းပဲ၊ ရှင် ကျွန်မကို ဘာလုပ်မှာ လဲ၊ ရှင်က တစ်ဖက်သားရဲ့ ခံစားချက်တွေကို ထည့်မတွက်ဘူး၊ ကိုယ့်အတွက်ပဲ ကိုယ်ကြည့်တယ်”

သူမ မငိုဘူး ဆိုရင် ကျွန်တော့်ကို ဆဲလိုက်ပါ။ သူမရဲ့ မျက်တောင်ခြယ် ဆေးတွေဟာ သူမရဲ့ ပါးပြင်တွေပေါ် ကျလို့နေတယ်။ အနက်ရောင် မျက်ရည်

တွေက ဘားရဲ့ စကျင်ကျောက် စားပွဲပေါ်ကျလို့ နေတယ်။ အနက်ရောင်ဝတ်စုံ ဝတ်ထားတဲ့ အမေရိကန်ကောင်က ကျွန်တော့်ကို အပြစ်တင်တဲ့ အကြည့်နဲ့ လှမ်းကြည့်ပါတယ်။ စောက်ရူးတစ်ပိုင်း လူချမ်းသာကောင်တွေက ယိုမိယူရီ ကန်းထရီးကလပ်မှာ အသင်းဝင်တဲ့အကြောင်း ပြောနေကြပြီး ကျွန်တော်တို့ကို သတိမထားမိတဲ့ ဟန်ဆောင်နေကြတယ်။ ရှေးစကားပုံ တစ်ခုရှိတယ်။ ငိုနေတဲ့ ကလေးတစ်ယောက်နဲ့ တခြားအရာတွေကို ခင်ဗျား အကောင်းဆုံး မကိုင်တွယ်နိုင်ဘူးတဲ့။ ဒါပေမဲ့ အဲဒီနှစ်ခုလုံးက ငိုနေတဲ့ မိန်းမတစ်ယောက်လောက် မခက်ခဲဘူး ဆိုတာ ကျွန်တော် ပြောရဲတယ်။ ငိုနေတဲ့ မိန်းမလို့ နာမည်ပေးထားတဲ့ ပီကာဆိုရဲ့ ပန်းချီကားတစ်ချပ် ရှိတယ်။ဒါပေမဲ့ ငိုနေတဲ့ ကလေးတော့ မရှိဘူး။ ပီကာဆိုလား။ ပီကာဆိုက နေရာတကာ ဘာလို့ လိုက်လုပ်နေရတာလဲ။ ကီယိုမီကိုသာ ကျွန်တော် မစည်းရုံးနိုင်ခဲ့ရင် ကျွန်တော့်ရဲ့ ကျန်နေသေးတဲ့ သက်တမ်းနှစ်လေးဆယ်မှာ အကြွေးတွေချည်းပဲ ဆပ်နေရတော့မှာပါ။ ကာလကတ္တားမှာ တိတ်တဆိတ် လမ်းဘေးမှာ ထိုင်နေတဲ့ အဘိုးကြီးတစ်ယောက် ရှိတယ်။ ရုတ်တရက် အဲဒီအဘိုးကြီးကို ကျွန်တော် မနာလိုဖြစ်မိတယ်။ အခု လောလောဆယ်မှာတော့ ကျွန်တော် မဟုတ်တဲ့ လူတိုင်းကို ကျွန်တော် မနာလိုဖြစ်မိတယ်။

“မငိုပါနဲ့၊ မေးစရာတွေ အများကြီး ရှိတယ် ဆိုတာ ကိုယ် သိပါတယ်၊ ဒါပေမဲ့ အခု ကိုယ်...”

“မေးစရာတွေ အများကြီး ဟုတ်လား၊ မေးစရာတွေ အများကြီး ရှိတာ မဟုတ်ဘူး၊ စဉ်းစားလို့တောင် မရတာ၊ အဲဒါပဲ၊ ဒီလိုကိစ္စမျိုး ဘယ်သူများ ကြားဖူးလိမ့်မလဲ”

ဒီမိန်းမ ငိုတာ ဘယ်နှကြိမ်လောက် ကျွန်တော် တွေ့ဖူးလဲလို့ စဉ်းစားမိတယ်။ ကျွန်တော်ကသူ့ကို ကိစ္စပြတ်ပြီလို့ ပြောတုန်းက သူမ ငိုတယ်။ အဲဒီတုန်းက ကျွန်တော်တို့ ရော့ပ်ပွန်ဂျီက ပြင်သစ်စားသောက်ဆိုင် တစ်ဆိုင်မှာပါ။ သူမ ငိုလိုက်၊ ကျွန်တော့်ကို အော်လိုက်နဲ့ပါပဲ။ ရှင်ဟာ ဒီကမ္ဘာပေါ်မှာ ကြောက်စရာ အကောင်းဆုံးလူပဲ၊ ရှင်သေရင် ငရဲကို တန်းသွားရမှာလို့။ သူမရဲ့ အော်သံက ကျယ်လောင်လွန်းလို့ အနားက စားပွဲထိုးတစ်ယောက်ဟာ ကိုင်ထားတဲ့ လင်ပန်း လွတ်ကျသွားခဲ့ပါတယ်။ ခိုသားဟင်း ရောက်လာတော့ သူမ တစ်ကိုက်စာလောက် ဖဲ့လိုက်ပြီး အဆက်မပြတ် ဆဲရေးနေတာကို ရပ်လိုက်ပါ

တယ်။ “အရသာ ရှိလိုက်တာ” တဲ့။ အရပ်ရှည်ပြီး လှပတဲ့ မိန်းမတွေဟာ ရိုးတွင်းချဉ်ဆီအထိ အကျောမာကြပါတယ်။ ကျွန်တော် ဘာလုပ်ရမလဲ။ ကျွန်တော်ကိုယ်တိုင်ပဲ မျက်ရည်လည်ရွဲ ငိုချလိုက်ရတော့မလား။

“ကီယိုမီ၊ မင်း... မင်းတစ်ယောက်ပဲ ကိုယ့်ကို ကူညီနိုင်တာပါ”

သူမ ငိုနေတာ ရပ်သွားပါတယ်။ ကျွန်တော့်ရဲ့ နောက်ဆုံးစကားက သူ့ကို စာနာစိတ် ဖြစ်သွားစေလား၊ ဒါမှမဟုတ် ငိုရတာ ညောင်းလာလို့ ရပ်လိုက်တာလား ဆိုတာကို ကျွန်တော် မသိပါဘူး။ ဒါပေမဲ့ ကျွန်တော် လမ်းစတစ်ခုခုပေါ် ရောက်နေတာ ဖြစ်ကောင်း ဖြစ်နိုင်ပါတယ်။ ကျွန်တော် သူမကို ဂရုတစိုက် ခံစားဖို့ လိုပါတယ်။

“ကိုယ်ဟာ ဘယ်လောက် တစ်ကိုယ်ကောင်းဆန်လဲ ဆိုတာကို ကိုယ် သိပါတယ်” လို့ ကျွန်တော် သူမကို ပြောလိုက်ပါတယ်။ “ကိုယ်ဟာ ပြည့်စုံကောင်းမွန်တဲ့ လူ မဟုတ်တာလည်း သိပါတယ်၊ ဒါပေမဲ့ ကိုယ် အခု အရမ်း အခက်ကြုံနေရပါတယ်၊ ကိုယ့်အဖေက ဒူလာရောဂါနဲ့ မသန်မစွမ်း ဖြစ်ပြီး အိမ်ပြန်လာပါတယ်၊ ကိုယ့်ရဲ့ ညီမလေးကလည်း ကိုယ်ဝန်ပျက်ကျပါတယ်၊ သနားစရာ ကိုယ့်အမေကလည်း လုံးဝ စိတ်မူမမှန်တော့ပါဘူး”

“ဘာပြောတယ်၊ ရှင့်ညီမ ကိုယ်ဝန်ပျက်ကျတယ် ဟုတ်လား”

ကျွန်တော်က သူမကို ကျွန်တော့်ညီမကို ဘယ်လောက် အမှတ်ရစေမိတဲ့ အကြောင်း ပြောတိုင်း သူမ အမြဲ သဘောကျလေ့ ရှိတယ်။

“ဟုတ်တယ်၊ အိမ်ထောင်သက်တမ်း ခြောက်နှစ်အကြာ နောက်ဆုံးမှာတော့ ကိုယ်ဝန်ရခဲ့တယ်၊ ပြီးတော့...”

ကျွန်တော့်ညီမမှာ ကလေးနှစ်ယောက်ရှိတယ်။ နောက်တစ်ယောက်က ကိုယ်ဝန်ဆောင်ထားတုန်းပဲ ရှိသေးတယ်။ လိမ်ပြောခြင်းရဲ့ လျှို့ဝှက်ချက်က ကိုယ်ပြောလာမယ့် အရာက တကယ် ဆိုတာကို ကိုယ်တိုင် ယုံကြည်အောင် လုပ်ဖို့ပါပဲ။ ကိုယ့်ကိုယ်ကိုယ် အရူးမလုပ်နိုင်ရင် သူများကိုလည်း အရူးမလုပ်နိုင်ဘူး။ ရုပ်သံအစီအစဉ်တွေ လုပ်ရတာနဲ့ အတူတူပါပဲ။

“သနားစရာပဲ၊ သူ တော်တော် စိတ်ပျက်ကြေကွဲမှာပဲ”

“သူ အဆင်ပြေပါတယ်၊ မနေ့ကတောင် ဖုန်းဆက် စကားပြောသေး တယ်၊ သူက စိတ်ဓာတ်မာတဲ့ မိန်းကလေးပါ”

“သူက စိတ်ဓာတ်မာကျောတဲ့ ပုံလုပ်နေတာပါ၊ တကယ့်ကို စိတ်ပျက် ကြေကွဲစရာ ကောင်းမှာ၊ ကျွန်မ အစ်ကိုရဲ့ မိန်းမလည်း ကိုယ်ဝန်ပျက်ကျသေး တယ်၊ သူ့အတွက် ဘယ်လောက် ခက်ခဲလဲ ဆိုတာ ကျွန်မ ကောင်းကောင်း သိ တယ်”

“ကိုယ်တို့ ကာလကတ္တားက ဆင်းရဲသား ရပ်ကွက်တွေ အကြောင်း ပြော ခဲ့ကြတယ်နော်၊ ကိုယ် မင်းကို အဲဒီအကြောင်း ပြောဖူးလား”

“မပြောဖူးဘူး”

“တကယ့်ကို ကမ္ဘာပေါ်က ငရဲပဲ၊ ကာလကတ္တားမှာ လူဆယ်သန်းနီးပါး နေကြတယ်၊ တစ်ဝက်လောက်က ဆင်းရဲသား ရပ်ကွက်တွေမှာ နေကြတယ်၊ သူတို့တွေရဲ့ လူသားဖြစ်မှုကို ငြင်းပယ်ခံထားရသလိုပဲ၊ သူတို့တွေဟာ အမှိုက်ပုံ တွေကို တိရစ္ဆာန်တွေလို မွှေနှောက် တူးဖွကြတယ်၊ လူတစ်ရာလောက်အတွက် အိမ်သာတစ်လုံးပဲ ရှိတယ်၊ လမ်းတွေက အညစ်အကြေးတွေ လျှံပြီး ညစ်ပတ် လို့ နေတယ်၊ မြောင်းတွေထဲမှာ ကလေးအသေတွေ မျောလို့ နေတယ်...”

“အိုးမိုင်ဂေါ့ဒ်”

“ဂျပန်ဟာ အရမ်းကောင်းမွန်တဲ့ နေရာ ဆိုတာ မင်း သိပါတယ်၊ တခြား နိုင်ငံတွေက လူတွေရဲ့ ဘဝတွေဟာ မလွယ်ကူဘူး”

အဲဒါကတော့ အမှန်ပါပဲ။ ကျွန်တော် တခြားနိုင်ငံတွေ သွားတိုင်း ဂျပန် ဟာ ထူးခြားကောင်းမွန်တယ် ဆိုတာကို အမှတ်ရပါတယ်။ ဂျပန်လူမျိုးတွေက မျှော်လင့်ချက်မဲ့စွာ ပျက်စီးလို့နေတယ်။ ပထဝီနိုင်ငံရေး အချက်အလက်တွေရဲ့ အချက်အလက် အခွင့်အရေးကြောင့် နိုင်ငံက အဓိကအားဖြင့် ကြီးပွားတိုးတက် လို့ နေတယ်။ ဒါပေမဲ့ လူတွေက ဂျပန်လူမျိုးတွေ အလုပ် အရမ်းကြိုးစားလို့လို့ ထင်ကြတယ်။ အဲဒါတွေ အားလုံးက အခုလောလောဆယ် သက်ဆိုင်ခြင်း မရှိ သေးပါဘူး။ လောလောဆယ် ကျွန်တော့်ရဲ့ ပုဂ္ဂလိက ပန်းတိုင်က ကာလ ကတ္တားက ဆင်ခြေဖုံး ရပ်ကွက်တွေကို ရှင်းလင်းဖို့ထက် အများကြီး ပိုမြင့်မား လို့ နေပါတယ်။

“အဲဒီမှာ အင်တာဗျူးလုပ်ခဲ့တဲ့ မိသားစုတစ်စုအကြောင်း ကိုယ့်ညီမကို ပြောပြဖြစ်သေးတယ်၊ သူတို့နေတာက ဆယ်မီတာ ပတ်လည်လောက်ပဲ ရှိတဲ့ နေရာပါ၊ အိပ်ရာက တစ်ခုတည်းပဲ ရှိတယ်၊ ညစ်ပတ်ပေရေနေတဲ့ စောင် အဟောင်းကြီးတစ်ထည် ခင်းထားတဲ့ သစ်သားပြားကြီးပေါ်မှာ သူတို့ အလှည့်ကျ အိပ်ကြတယ်၊ ကလေးတွေက နေ့တိုင်း ထွက်တောင်းကြတယ်၊ အဖေလုပ်သူက တစ်ပတ်ကို နှစ်ရက်ဆိုလား ဆောက်လုပ်ရေး ကုမ္ပဏီတချို့မှာ အလုပ်လုပ်တယ်၊ တစ်ရက်ကိုမှ နှစ်ဒေါ်လာလောက်ပဲ ရတယ်၊ အဲဒါက စား ဖို့လောက်တယ်၊ ပြောချင်တာက သူတို့ ပျော်နေကြတယ် ဆိုတာပဲ၊ ရွှင်လန်းနေ တာပဲ”

“သူတို့တွေ ရွှင်လန်းနေကြတယ် ဟုတ်လား”

“ရွှင်လန်းနေကြတယ်၊ ကလေးတွေရဲ့ မျက်နှာတွေက တောက်ပလို့ နေ တယ်၊ သူတို့ပုံစံက မင်း တွေ့နေကျ ညတိုင်း ကျောင်းကို မသွားချင် သွားချင် သွားနေကြတဲ့ ဂျပန်ကလေးတွေထက် အများကြီး အများကြီးကို ပျော်ရွှင်လို့ နေတယ်”

သူမရဲ့ ပါးပြင်တွေပေါ်မှာ မျက်တောင်ခြယ်ဆေးတွေ ပေစွန်းလို့နေ တယ်။ ဒါပေမဲ့ အရက်ဖျော်စပ်သူက ရေစွတ်ထားတဲ့ တဘက်ကမ်းပေးဖို့ လုံးဝ မကြိုးစားပါဘူး။ သူဟာ နူးညံ့သိမ်မွေ့ပြီး ကိုယ်ချင်းစာစိတ် ရှိတယ်။ ဒါပေမဲ့ တားမြစ်ထားတဲ့ နယ်နိမိတ်ကိုတော့ ကျူးကျော်ဝင်ရောက်မှာ မဟုတ်ဘူး။ သူ ဟာ သင်္ကေတ တစ်ခုပါပဲ။ သူဟာ ကိုယ်တိုင် ဝင်ရောက်ပါဝင်ရမှုတွေ အားလုံး ကို ရှောင်ရှားတယ်။ လောကကြီး တစ်ခုလုံးအတွက် ဘုန်းတော်ကြီး တစ်ပါးပါ ပဲ။

“အဲဒီတုန်းက ရှင် ကျွန်မအတွက် အများကြီးပဲ လုပ်ပေးခဲ့တယ်၊ ဟုတ် တယ် မဟုတ်လား”

အခုတော့ သူမ စားမြုံ့ပြန်နေပါပြီ။ သူမ နောက်ထပ် ဝမ်းနည်းဖွယ် ကော့တေးလ်တစ်ခွက် မှာလိုက်တယ်။

“အဲဒီအကြောင်းတွေ အခု ပြန်စဉ်းစားရင် ရှင်နဲ့အတူ ရှိခဲ့တဲ့ အချိန်တွေ က ကျွန်မ လိုချင်တဲ့ မက်မောဖွယ်ကောင်းတဲ့ ဘဝ နီးပါးကို ဖြစ်ခဲ့ပါတယ်”

“မကြောင်စမ်းပါနဲ့”

“ဒီရက်ပိုင်းအတွင်း ကျွန်မ စဉ်းစားနေတာ အဲဒီလိုပဲ”

“တကယ် မဟုတ်ပါဘူး”

“ကျွန်မ တကယ်တမ်းကျ ဘာမှမလုပ်နိုင်ဘူး၊ ကျွန်မမှာ ဘာ အရည်အချင်းမှ မရှိဘူး၊ အိမ်ထောင်ပြုတာက လွဲပြီး ကျွန်မ ဘာလုပ်ရမှာလဲ”

“အရမ်းချမ်းသာတဲ့ တစ်ယောက်ယောက်ကို မင်း လက်ထပ်လိုက်လို့ ရ တာပဲ”

“မဟုတ်ဘူး၊ အခု ကျွန်မ သိပြီ”

“အဆင့်အတန်း၊ လူတန်းစား၊ အဲဒါတွေက မရှိတော့တာ မဟုတ်ဘူး၊ ချမ်းလည်း ချမ်းသာပြီး ဆွဲဆောင်မှုလည်း ရှိတဲ့ ယောကျ်ားတွေ ရှိပါတယ်၊ ရှင် က အဲဒီထဲက တစ်ယောက်ပါပဲ”

“ဆက်ပြောပါဦး”

“ဒါပေမဲ့ အဲဒီယောကျ်ားတွေက ကျွန်မလို မိန်းမမျိုးကို မရွေးချယ်ကြဘူး၊ သူတို့တွေက ထက်မြက်ပြီး ချောမောလှပတဲ့ ချမ်းသာတဲ့ မိသားစုတွေက မိန်းကလေးတွေကို ယူကြတယ်၊ အဲဒါကို ကျွန်မ အခု သိပြီ”

“မလိုအပ်ပါဘူး”

“ကျွန်မ အရမ်းကြောက်တယ်၊ ရှင့်ကိုပဲ ကြည့်၊ ကျွန်မ တစ်ခါမှ ရှင့် မိန်းမ ကို ကွာပြီး ကျွန်မကို ယူပါလို့ မပြောဖြစ်ခဲ့ဖူးဘူး၊ ကျွန်မ ပြောခဲ့လား၊ အဲဒါက ကိစ္စမရှိပါဘူး၊ အဲဒါက ကိစ္စရှိတယ်လို့လည်း ပြောမှာ မဟုတ်ဘူး၊ ဒါပေမဲ့ ကျွန်မ ဆိုလိုချင်တာက ကျွန်မ ရှင်နဲ့အတူ ရှိနေခဲ့တုန်းက ကျွန်မ စားခဲ့တဲ့ အစားအစာနဲ့ အရာအားလုံးပဲ၊ ကျွန်မဘဝမှာ ငါးဥဆားနယ်၊ ပုစွန်တုပ်ကြီးတွေ၊ ကမ္ဘာလုံးငါးတွေလို အံ့သြဖို့ကောင်းတဲ့ အစားအစာမျိုး ဘယ်တော့မှ စားနိုင်မှာ မဟုတ်ဘူး ဆိုတာ ကျွန်မ သေချာတယ်၊ ကျွန်မ ဆိုလိုချင်တာက ကျွန်မ အဖေ နဲ့ ကျွန်မ အမေတောင် အဲဒီလို အစားအစာမျိုးတွေ တစ်ခါမှ စားဖူးမှာ မဟုတ် ဘူး၊ ရှင် ကျွန်မကို စင်ကာပူ၊ ဆီဘူကျွန်းနဲ့ တခြားနေရာတွေ အများကြီးကို ခေါ်သွားခဲ့တယ်၊ ကျွန်မတို့ လမ်းခွဲတုန်းက ကျွန်မ တူးတူးခါးခါး ဖြစ်ခဲ့တာ

ဟုတ်ပါတယ်၊ ကျွန်မ အဲဒီလို ပျော်ရွှင်မှုတွေ ဘယ်တော့မှ ပြန်မရတော့ဘူးလို့ ထင်ပါတယ်”

“နားထောင်ပါဦး၊ မင်း ကျန်းမာနေသရွေ့ အဲဒီအရာတွေ အားလုံးကို မျှော်လင့်လို့ ရပါတယ်”

“ရှင့်အတွက်တော့ အမှန်ပဲ ဆိုတာ ကျွန်မ သေချာပါတယ်”

“လူတိုင်းအတွက်ပါ”

“ရှင်က ဒါကို တစ်မိနစ်လောက်တောင် မယုံကြည်ဘဲကိုး၊ ဒီနေ့ထိတောင် လူသားအားလုံးရဲ့ ကိုးဆယ့်ကိုး ရာခိုင်နှုန်းဟာ ကျွန်တွေပဲဆိုတာ ရှင်ပဲ အမြဲ ပြောလေ့ရှိတာလေ”

သူမ ကျွန်တော့်ကို ချုပ်မိသွားပါပြီ။ ကျွန်တော့် အိမ်ထောင်ရေး အဆင်ပြေ ချောမွေ့တုန်းက ကျွန်တော့်ရဲ့ ငါးနှစ်အရွယ်သမီးနဲ့ သုံးနှစ်အရွယ် သားကို အိမ်နားက အပန်းဖြေဥယျာဉ်ကို ခေါ်သွားလေ့ ရှိပါတယ်။ အဲဒီမှာ လူတွေကို လေ့လာကြည့်တော့ ကျွန်တွေဟာ တခြားကျွန်တွေနဲ့ မလွဲမရှောင်သာ ပတ်သက်နေရတာပဲလို့ ကျွန်တော့်ကို အမြဲ တွေးမိစေတယ်။ ကျွန်မျက်နှာတွေနဲ့ ကျွန်ဖက်ရှင်တွေနဲ့ ကျွန်ကားတွေနဲ့ ကျွန်စကားတွေနဲ့ ကျွန်သဘောထားက ထပ်ပြန်တလဲလဲ အချင်းချင်း ပုံတူကူးချလို့ နေတယ်။ ဂျပန်မှာ သူတို့ဟာ ကျွန်တွေ ဖြစ်တယ် ဆိုတာကို ဘယ်သူမှ သဘောမပေါက်ကြဘူး။ အနည်းဆုံးတော့ ကာလကတ္တားလို နေရာမျိုးမှာ ခွဲခြားနိမ့်ချခြင်းက လုံးဝဥဿုံပဲ၊ လုံးဝ ဝရုန်းသုန်းကားပဲ၊ ခင်ဗျားရဲ့ အဆင့်အတန်းက ခင်ဗျားရဲ့ မျက်နှာပေါ်မှာ အမြဲတမ်းရှိလို့ နေတယ်။

“ကောင်းပါပြီ၊ ရှင် နိုင်ပါတယ်”

လို့ သူမက လက်ပေါ် ပါးထောက်ပြီး ပြောတယ်။

“ရှင် မျှော်လင့်ချက်မဲ့နေတယ် မဟုတ်လား၊ ကျွန်မရဲ့ ကိုယ်ရေးကိုယ်တာ လုံခြုံမှုကို ရှင် အာမခံနိုင်မလား၊ ဖိုးကပ်စ်လို မဂ္ဂဇင်းမျိုးမှာ မပါဖို့ကို အာမခံနိုင်လား”

“ပါစရာ အကြောင်းမရှိဘူး၊ ကိုယ် အဲဒီလောက် နာမည်မကြီးသေးဘူး၊ ဒါပေမဲ့ အဲဒါကို ကိုယ် တကယ် သဘောကျတယ်”

“ကျွန်မ ရှင့်ကို ကူညီပေးတာအတွက် တစ်ခုခုတော့ ပြန်လိုချင်တယ်”

“ဘာများလဲ၊ ကိုယ် ပြောထားခဲ့တယ်လေ၊ လုပ်...”

“ပိုက်ဆံ မဟုတ်ဘူး၊ ကျွန်မက ယိုရှိဟီကို တာကာဟာရှိရဲ့ အမာခံ ပရိသတ်ဆိုတာ ရှင် သိပါတယ်၊ ကာ့ပ်အသင်းရဲ့ ဒုတိယဘော့စ်ဘောသမား မဟုတ်လား၊ ခုလောလောဆယ် ကျွန်မရဲ့ အကြီးမားဆုံး အိပ်မက်က သူနဲ့ တွေ့ ရဖို့ပဲ၊ ကျွန်မကို ယိုရှိဟီကိုနဲ့ မိတ်ဆက်ပေးမယ် ဆိုတဲ့ သဘောတူညီချက်ရှိရင် ကျွန်မ ရှင့်အတွက် တရားရုံးမှာ ထွက်ဆိုပေးမယ်”

ဒီသဘောတူညီမှုကို ကျွန်တော်က ငြင်းဆန်ပါ့မလား။

ဒေသရုံးက အားကစားဌာနမှာရှိတဲ့ လုပ်ဖော်ကိုင်ဖက် တစ်ယောက်ကို ကျွန်တော် သွားတွေ့ပါတယ်။

“ယိုရှိဟီကို တာကာဟာရှိ ဆိုတဲ့ ဘော့စ်ဘောကစားသမားကို ခင်ဗျားသိ လား”

ကျွန်တော် ဘာတွေများ လျှောက်လုပ်နေမိပါလိမ့်။ ညတိုင်းညတိုင်း ကျွန် တော့်ကို တရားရုံးပို့မယ့် မိန်းမဆီကနေ တောင်းပန်တာနဲ့ ခြိမ်းခြောက်တာ တစ်လှည့်စီ လုပ်နေတဲ့ တယ်လီဖုန်းတွေ ရလို့ နေတယ်။ ကျွန်တော့် အိမ်ထောင်ဖက် မိန်းမဆီက ရတဲ့ တစ်ခုတည်းသော စကားကတော့ တရားရုံး အမိန့်တွေကို ကျွန်တော်တို့ရဲ့ ကလေးတွေဆီနဲ့ သူမရဲ့ မိသားစုအိမ်ကို ပို့လိမ့် မယ်လို့ ပြောတာပါပဲ။ ကျွန်တော့်မှာ တည်းဖြတ်စရာ ပေါင်းထောင်ရှိတဲ့ ရုပ်ရှင် ရှိနေတယ်။ ကျွန်တော်က ဒီကိုလာပြီး ဘော့စ်ဘောသမားတစ်ယောက်နဲ့ တွေ့ဖို့ စီစဉ်နေတယ်။ လက်ဖြန့်ပြီးတော့ တစ်နေ့စာ စားရဖို့လမ်းပေါ်မှာ ထိုင်ရုံပဲ ထိုင် နေတဲ့ ကာလကတ္တားက သူတောင်းစားကို ကျွန်တော် ဘယ်လောက်တောင် မ နာလိုဖြစ်နေလဲ ဆိုတာ စဉ်းစားသာ ကြည့်တော့။

“လူကိုယ်တိုင်တော့ မသိပါဘူး၊ ဟီရိုရှီးမားက ကာ့ပ်အသင်းဝင် တချို့ကို တော့ သိတယ်၊ ဘာဖြစ်လို့လဲ”

“ပြောရရင် အရှည်ကြီးပါပဲ၊ ဟီရိုရှီးမားဌာနက တစ်ယောက်ယောက်နဲ့ မိတ်ဆက်ပေးလို့ ရမလား”

“လွယ်ပါတယ်၊ ဒါနဲ့ ခင်ဗျားက ဘာလုပ်မလို့လဲ၊ ယိုရှိဟီကိုရဲ့ လက်မှတ် ယူပြီး သူ့ပရိသတ် ကောင်မလေး ငယ်ငယ်တချို့ကို ဆွဲစားမလို့ မဟုတ်လား၊ ခင်ဗျား ပေးဆပ်မှုတော့ ရှိရလိမ့်မယ်”

“ချိုသာပေါ့ပါးတဲ့ ပုံပြင်တစ်ပုဒ် ဆိုရင်တော့ ကောင်းတာပေါ့၊ တကယ် တော့ အခုဟာက မနှစ်မြို့စရာ၊ စိတ်ပျက်စရာ ဇာတ်လမ်းတစ်ခု”

“ခင်ဗျားမှာ တစ်ခါတုန်းက ရှားပါး အီတလီ စီးကရက်တွေ ရှိဖူးတယ်၊ မှတ်မိလား၊ ကျွန်တော် အဲဒီ စီးကရက် လိုချင်တယ်၊ အပြန်အလှန် အနေနဲ့ပေါ့”

“ခဏနေပါဦး၊ အဲဒီ စီးကရက်တွေက ဝယ်လို့ မရဘူး၊ နိုင်ငံခြားက ဂျူတီ ဖရီးဆိုင်တွေမှာတောင် ဝယ်လို့မရဘူး”

“ခင်ဗျား သိတဲ့အတိုင်း ကျွန်တော်က ဖင်စီခံ မပါတဲ့ စီးကရက်ကို အရူး အမူး စွဲလမ်းတဲ့သူပါ၊ ဒီနေ့ခေတ် ဆေးလိပ်ဆန့်ကျင်ရေး လှုပ်ရှားမှု တစ်ခုလုံး က နိုင်ငံတကာ ဆေးကုမ္ပဏီတချို့နဲ့ ကြော်ငြာအေဂျင်စီတွေရဲ့ ဇာတ်ကွက် တစ်ခုပါပဲ၊ ကျွန်တော်...”

“ကျွန်တော် အီတလီမှာ ရိုက်ကွင်းနေရာ ရှာနေတုန်း စန္ဒရားဆရာ တစ် ယောက်က ကျွန်တော့်ကို ပေးခဲ့တာပါ၊ သူက ကျွန်တော့်ကို တစ်ဘူးပဲ ပေးခဲ့ တာပါ”

“တကယ့်ကို ကောင်းတဲ့ စီးကရက်တွေပါပဲ”

“ကျွန်တော် ခင်ဗျားကို တခြားဟာ ပေးနိုင်ပါတယ်၊ ယန်းနှစ်သောင်း ဆို ရင်ကော”

“ကျွန်တော် စီးကရက်ပဲ လိုချင်တယ်”

ဒီသဘောတူညီမှုကို ကျွန်တော်က ငြင်းဆန်ပါ့မလား။

ဂျပန်ဘာသာစကား ပြန်ထည့်နေတဲ့ အချိန်အတွင်း ခဏနားတဲ့ အချိန် ကာလလေးမှာ ကျွန်တော် ညစာမစားဘဲ အီတလီအစိုးရ ခရီးသွားဗျူရိုကို သွား ခဲ့ပါတယ်။ ကာလာလို့ခေါ်တဲ့ ပြည်သူ့ဆက်ဆံရေး အရာရှိနဲ့ တွေ့ဖို့ လာတာ ပါ။ ကျွန်တော် နာမည်ကြီး သီချင်းတစ်ပုဒ်ရဲ့ သမိုင်းအကြောင်း မှတ်တမ်း ရုပ်ရှင် ရိုက်တုန်းက သူမ ကျွန်တော့်ကို အကူအညီ တစ်ခါ ပေးဖူးပါတယ်။

“ပြောရတာ နည်းနည်းတော့ အူကြောင်ကြောင် နိုင်ပါလိမ့်မယ်၊ စီးကရက် အမျိုးအစားတစ်ခုနဲ့ ပတ်သက်လို့ ကျွန်တော် ခင်ဗျားဆီက အကြံဉာဏ် တောင်းချင်လို့”

ကာလာဟာ အလွန်အမင်း ချမ်းသာတဲ့ မိသားစုကနေ ပေါက်ဖွားလာတဲ့ သူတစ်ယောက်ပါ။ သူမရဲ့ မိသားစုက ဘောလုံး အသင်းတစ်သင်းကို ပိုင်ဆိုင် ထားပါတယ်။ သူမရဲ့အဖေက သူမကို အီတလီမှာ နိုင်ငံရေးအရ ပြန်ပေးဆွဲခံရမှု မဖြစ်ရလေအောင် ခရီးသွားဗျူရိုမှာ အလုပ်ခန့်ပြီး တိုကျိုကို ရွှေ့ပြောင်း ပေး ထားတာပါ။ တိုကျိုဟာ ကမ္ဘာပေါ်မှာ အလုံခြုံဆုံး မြို့ပါပဲ။

“တော်တော်လေး တိုက်ဆိုင်တာပဲ၊ ကျွန်မလည်း ရှင့်ဆီ ဖုန်းခေါ်တော့မ လို့”

သူမရဲ့ ရေမွှေးနံ့က ထုံသင်းလို့ နေတယ်။ သူမရဲ့ ခန္ဓာကိုယ်က မွှေးကြိုင် နေတာလည်း သံသယဝင်စရာ မရှိပါဘူး။ ကျွန်တော် အီတလီ အမျိုးသမီး နှစ် ယောက်နဲ့ သိပါတယ်။ သူတို့နှစ်ယောက်လုံး နူးညံ့တဲ့ အသားအရေ ရှိကြတယ်။ လက်တင်အဖုတ်တွေဟာ ဂျပန်ဟာတွေနဲ့ တော်တော်လေး တူတယ်။ အဲဒါက အခုလက်ရှိကိစ္စနဲ့ လုံးလုံး မသက်ဆိုင်ပါဘူး။

“စန္ဒရားဆရာ မက်ဆီမိုသောက်တဲ့ စီးကရက်လေ၊ အဲဒီစီးကရက် ဘယ် က ရနိုင်မလဲ”

“နာမည်က ဘာတဲ့လဲ”

“ကျွန်တော် မမှတ်မိဘူး၊ ဘူးကိုပဲ မှတ်မိတယ်၊ စက္ကူဘူး မဟုတ်ဘူး၊ ဆေးပြင်းလိပ်တချို့ လာသလို သံပြားပါးပါးနဲ့ လုပ်ထားတာ၊ လိုဂိုက နှူတ်ခမ်းမွေးတွေနဲ့ ဆင်တစ်ကောင်ပုံပဲ၊ ဒါမှမဟုတ် ကျွဲတစ်ယောက်လား မသိ ဘူး”

“ကျွန်မ အဲဒီလို စီးကရက် တစ်ခါမှ မတွေ့ဖူးဘူး”

“ကျွန်တော် အဲဒီစီးကရက် နည်းနည်းလောက် လိုအပ်နေတယ်”

“မက်ဆီမိုက အဲဒီ စီးကရက် သောက်တယ်လို့ ရှင် ပြောသလား”

“ဟုတ်တယ်”

“အဲဒါဆိုရင်တော့ အထူးထုတ်လုပ်တာ ဖြစ်လိမ့်မယ်၊ မက်ဆီမိုက ပီရူးဂျီယာက၊ အဲဒီနေရာက အီတလီတွေအတွက်တောင်မှ ဝေးလံခေါင်သီတဲ့ ကျွန်းတစ်ကျွန်းပဲ၊ စဉ်းစားကြည့်ရင်တော့ အဲဒီနေရာက အရမ်းကောင်းတဲ့ စီးကရက်တွေ ထုတ်လုပ်တယ်၊ ဒီနေ့အတွက် လုပ်စရာ အလုပ်တွေ ပြီးသွားပါပြီ၊ ဒါပေမဲ့ မနက်ဖြန် မနက်ကျရင် အရင်ဆုံး ကြေးနန်း ပို့လိုက်ပါ့မယ်”

“ရှာလို့ရမယ်လို့ ခင်ဗျား ထင်လား”

“အီတလီနဲ့ ပတ်သက်ရင် ကျွန်မအတွက် မဖြစ်နိုင်ဘူး ဆိုတာ မရှိပါဘူး၊ တပ်နီတော်နဲ့ အင်တာဗျူးမှာက လွဲရင်ပေါ့”

ကာလာက ရယ်ပါတယ်။ သူမရဲ့ ဇရာမ ရင်သားတွေ တုန်ခါသွားတယ်။ တစ်ခါက ကျွန်တော် သူမနဲ့ အနှေးကဖူးတယ်။ ကျွန်တော့်မျက်နှာက အဲဒီ ရင်သားတွေကြားမှာ နစ်မြုပ်နေခဲ့တယ်။ အသက်ရှူမရလောက်အောင် ဖြစ်ခဲ့ရတယ်။

“ကျွန်မလည်း ရှင့်ကို အကူအညီတောင်းစရာ ရှိတယ်၊ ကျွန်မတို့ ဆူကူဂျီမှာ ဆယ်မွန်ငါးဥဟင်း အထူးချက် သွားစားခဲ့တာ မှတ်မိလား”

“ဒန်ဆုရုံးချုပ် အနောက်က နေရာလား”

“ဟုတ်တယ်၊ အဲဒီနေရာပဲ၊ အဲဒီမှာ အမြည်းအနေနဲ့ ငါးခြောက်လေးတွေ ပေးတယ်လေ၊ ကျွန်မရဲ့ နောက်လုပ်မယ့် ပါတီမှာ အဲဒီ ငါးခြောက် ကျွေးချင်လို့”

“အင်း၊ အဲဒီငါးခြောက်က ဘယ်နေရာမှာမှ ရှာလို့ မရဘူး၊ ဂျပန်ပင်လယ်ကမ်းခြေက အရမ်းဝေးတဲ့ နေရာက လာတာ၊ ဒါမှမဟုတ်...”

“ကျွန်မ ရှင့်ကို ဖုန်းဆက်လိုက်မယ်၊ ရှင် အဲဒီ ငါးခြောက်ရအောင် အမြန်ဆုံး ရှာထား၊ ကျွန်မ ရှင့်အတွက် စီးကရက်ရအောင် လုပ်ထားပေးမယ်”

ဒီလို တောင်းဆိုမှုတွေကို ကျွန်တော် ဘယ်လို ငြင်းရမလဲ၊ ဒါမှမဟုတ် ညှိနှိုင်းဆွေးနွေးဖို့ ဘယ်လို လုပ်ရမလဲ။

တည်းဖြတ်တဲ့ အလုပ်ကို ဆက်လုပ်နေကြပါတယ်။ ဒီအလုပ်မှာ ပါတဲ့ လူတိုင်းဟာ တစ်ညပြီးတစ်ည ညဉ့်နက်အောင် အလုပ်လုပ်ထားရလို့ အကုန်လုံး

မျက်လုံးတွေနီရဲပြီးလမ်းလျှောက်နေကြပါတယ်။ ဖန်သားပြင်ပေါ်မှာ ကာလ ကတ္တားက ဇရာမ အမှိုက်ပုံကြီး ပေါ်နေပါတယ်။ ကလေးချီထားတဲ့ အမျိုးသမီး နှစ်ယောက်ဟာ တစ်ဝက်ပုပ်နေတဲ့ ဖရဲသီးအခွံရဖို့ ရင်ဘတ်ချင်း တိုက်ပြီး ရန်ဖြစ်နေကြပါ တယ်။ “ဒီလိုမျိုး ဘယ်လိုလူတွေ နေနိုင်ကြတာလဲ” လို့အသံ ဖမ်း အင်ဂျင်နီယာက ရေရွတ်တယ်။ “ဒီလူတွေက လူသိက္ခာ ဆိုတာရဲ့ ဟိုး တစ်ဖက်စွန်းမှာ နေနေကြတာ” လို့ နည်းပညာသမားက သူ့ရဲ့ကီးဘုတ်ကို ခေါက်ပြီး ပြောတယ်။ ကျွန်တော်က အသံအစားထိုးတာကို ညွှန်ကြားပြီး ဇာတ်ညွှန်းနဲ့ ကိုက်ညီအောင် အသေးစား ညှိရမှုတွေကို လုပ်နေပါတယ်။ ဒါပေမဲ့ ကျွန်တော့် ခေါင်းထဲမှာ ရှိနေတာ ငါးခြောက် သေးသေးလေးတွေပါပဲ။

“ကတ်ချန်၊ ငါပါ”

ကတ်ချန်ဟာ ဒန်စုမှာ အလုပ်လုပ်ခဲ့ဖူးပါတယ်။ ပြပွဲမှာ ဆူမီတိုမို အ ရောင်းပြခန်းရဲ့ တာဝန်ခံ ဖြစ်ခဲ့ပါတယ်။ လွန်ခဲ့တဲ့ ခြောက်နှစ်က အလုပ်ထွက် ပြီး ဒန်ဆုအနောက်ဘက်က ဆူကူဂျီမှာ သူ စားသောက်ဆိုင်တစ်ဆိုင် ဖွင့်ခဲ့ပါ တယ်။ ပွဲစီစဉ်သူ ရာထူးကနေ သူ ဘာ့ကြောင့် အလုပ်က ထွက်သွားခဲ့လဲ ဆို တာ ဘယ်သူမှ မသိကြပါဘူး။ တချို့က သူဟာ လိင်တူနှစ်ခြိုက်သူ ဖြစ်လို့ အလုပ်ထုတ်ခံရတာလို့ ပြောပါတယ်။ သူကတော့ ဟင်းချက်တာ ဝါသနာပါလို့ လို့ ရိုးရိုးလေးပဲ ပြောပါတယ်။ ကျွန်တော် ပြောနိုင်တာကတော့ သူဟာ အကောင်းစား ဟင်းပွဲတချို့ ချက်တတ်ပါတယ်။ ဥပမာအားဖြင့် သူ့ရဲ့ ခရုဟင်း နဲ့ ကီဝီငှက်သား သုပ်တို့က ဒီကမ္ဘာပေါ်မှာ အကောင်းဆုံးပါပဲ။

“ဟော့... ဟယ်လို လူစိမ်းကားကြီး”

“မင်းကို အကူအညီတောင်းစရာ တစ်ခုရှိလို့”

“ဖုန်းနဲ့ မပြောနဲ့လေ၊ လူကိုယ်တိုင် လာခဲ့၊ ခင်ဗျား မျက်နှာ မြင်ချင်လို့”

“မနှစ်က နွေရာသီတုန်းက မင်းဆီမှာ အရသာရှိတဲ့ ငါးခြောက် သေးသေး လေးတွေ ရှိခဲ့တာ မှတ်မိလား၊ တကယ့်ကို သေးသေးလေးတွေလေ”

“မှတ်မိတယ်၊ ဝါဆာကာက လာတာ”

“ကောင်းပြီ၊ အဲဒီငါးခြောက် အခုရှိသေးလား”

“မရှိတော့ဘူး”

“မရှိတော့ဘူးလား”

“အဲဒီ ငါးတွေကိုဖမ်းတာ လူကောင်သေးသေး အဘိုးကြီး တစ်ယောက်ပဲ ရှိတယ်၊ သူက ဝါဆာကာမှာတော့ တကယ့် ဒိတ်ဒိတ်ကြဲပဲ၊ ခင်ဗျား ရဖို့ဆိုတာ လုံးဝ မဖြစ်နိုင်ဘူး၊ အဲဒီ ငါးခြောက်တွေက မယုံနိုင်လောက်အောင်ပဲ၊ အမှာတွေ ဘယ်လောက်ရှိမလဲ ဆိုတာ ခင်ဗျားဘာသာ စဉ်းစားကြည့်”

“သေပါပြီကွာ”

“ခင်ဗျား အဲဒီ ငါးခြောက် လိုနေလို့လား”

“ဟုတ်တယ်”

“ဒါ ဆိုရင် ခင်ဗျားကို နည်းနည်းရအောင် လုပ်ပေးမယ်”

“တကယ်လား”

“ဒါပေမဲ့ အဲဒီအတွက်ခင်ဗျား ကျုပ်ကို တစ်ခုတော့ ပြန်လုပ်ပေးရမယ်”

“ဟော... ဟော့၊ ခဏလောက် နေဦး၊ ငါ မလုပ်၊ ငါ မဟုတ်...”

“ကျုပ် ခင်ဗျား ဖင်ကို မလိုချင်ဘူး၊ ငကြောင်ကြီးရဲ့၊ နားထောင်၊ အာရီကာဝါ အေဂျင်စီက ကင်ဘိုကို ခင်ဗျား တွေ့သေးလား”

“ငါ ဂီတ ပရိဂရမ်တွေ မလုပ်တော့ဘူး”

“အဲဒီတော့ အဲဒီ အေဂျင်စီတွေအပေါ် ခင်ဗျားမှာ ဘာသြဇာမှ မရှိတော့ဘူးပေါ့”

“အာရီကာဝါလို မဖြစ်စလောက် အေဂျင်စီလေးအပေါ် ဘာလို့ မရှိရမှာလဲ၊ ဘာပြဿနာမှ မရှိဘူး၊ မင်း ဘာလိုလို့လဲ”

“ကင်ဘို့ကို သွားရှာ၊ ကျွန်တော့်ရဲ့ တင်းနစ်ရက်ကက် ပြန်ပေးပါလို့ ပြောလိုက်၊ ကျွန်တော် သူ့ကို ကျွန်တော့်ရဲ့ ဒန်းလော့ပ်မက်ဇ် ၂၀၀၀ ငှားထားတာသူ ပြန်မပေးဘူး၊ ကျွန်တော် သန်ဘက်ခါ အီဇူတောင်တန်းတွေဘက် ခရီးသွားမလို့၊ အဲဒီ ရက်ကက်ကို ယူသွားချင်လို့”

များပြားလိုက်တဲ့ ရုပ်ဝတ္ထုပစ္စည်းတွေပဲ၊ အီတလီနိုင်ငံ၊ ပီရူးဂျီယာ ဒေသက စီးကရက်၊ ဝါဆာကာက ငါးသေးသေး၊ တင်းနစ်ရက်ကက်။ ဂျပန်ဟာ ပျက်စီးမယ့် လမ်းပေါ် ရောက်လို့နေပြီ။ ကာလကတ္တားကိုပဲ ကြည့်။ အရေပြား ရောဂါတစ်ခုခုကြောင့် လက်နှစ်ဖက်လုံးမှာ အနာတွေ ဖုံးလွှမ်းနေတဲ့ သူတောင်းစားမကြီး တစ်ယောက်ဟာ အောက်သိုးသိုး ဘီစကွတ်တစ်ချပ် လက်ထဲ ရောက်လာဖို့ အလျှံတညီးညီး နေရောင်အောက်မှာ ဆယ်နာရီ လောက် မတ်တတ်ရပ်ရတယ်။

ကျွန်တော် တည်းဖြတ်ခန်းထဲက ရှောင်ထွက်လာပြီး လေးလွှာမှာ ရှိတဲ့ စတူဒီယို ၃ ကို သွားမယ့် လှေကားတွေပေါ် ပြေးတက်ခဲ့တယ်။ ကင်ဘိုဟာ အာရိကာဝါ အနုပညာအေဂျင်စီက လူငယ်ငေး မန်နေဂျာတစ်ယောက်ပါ။ သူဟာ အဆိုတော်တွေ ရှိုးပွဲမရှိချိန်မှာ အစမ်းလေ့ကျင့်မှုတွေဆီ လာပြီး အစီအစဉ် တင်ဆက်သူကို ဖားပြီး ဟိုမေးဒီမေး လုပ်နေပါတယ်။

“မင်းက ဒီမှာပဲ၊ တစ်စက်ကလေးမှ အချိုးမပြောင်းဘူးနော်”

လို့ ကျွန်တော် ဟိန်းဟောက်လိုက်ပါတယ်။

“ဟိုအရင် တကယ့်ကမ္ဘာကြီးပါပဲလား”

“နားထောင်၊ ဖားပြုပ်လေး၊ ငါ့မှာ မင်းအတွက် သတင်းစကား ပါတယ်၊ ဆူဂျူကီက ကတ်ချန်က သူရဲ့ရက်ကက် ပြန်လိုချင်နေတယ်၊ ဒီညပဲ”

“ဘုရားရေ၊ ကျွန်တော်တော့ မယုံနိုင်အောင်ပဲ”

“မင်း ယုံတာ၊ မယုံတာကို ငါ ဂရုမစိုက်ဘူး၊ ပြန်သာ ပေးလိုက်၊ မင်း မ ပေးရင်တော့ ငါ တိုင်အကြီးကြီးပတ်ပြီ”

“ခဏလောက်နေပါဦး၊ ဒီတစ်ကြိမ်တော့ ရှင်းပြပါရစေ၊ သူ ကျွန်တော့်ကို အဲဒီ ရက်ကက်ပေးခဲ့တာ”

“ပြန်ပေးလိုက်လို့ မင်းကို ငါ ပြောနေတယ်၊ ငါ မင်းကို ရှင်းအောင် ပြောရ မလား”

“ခင်ဗျား ဘာတွေ စိတ်လှုပ်ရှားနေတာလဲ၊ ဘာတွေ ဖြစ်နေတာလဲ”

“ဒီရှိုးရဲ့ အစီအစဉ်တင်ဆက်သူက ငါ့သူငယ်ချင်း အရင်းကြီးနော်၊ နားလည်လား၊ ငါ ဘာလုပ်မလဲ မင်း သိပါတယ်၊ ငါ ထုတ်ပြောရအောင် မလုပ်နဲ့”

“ဒုက္ခပါပဲ၊ ကောင်းပြီလေ၊ ဒါပေမဲ့ ခင်ဗျားအနေနဲ့ ကျွန်တော့်ကို တစ်ခုတော့ ပြန်လုပ်ပေးရမယ်”

“မင်း ကံကောင်းနေတာကို တွန်းမထုတ်နဲ့နော်၊ ဖားပြုပ်”

“ဒါဆိုလည်း ကောင်းပြီလေ၊ ခင်ဗျား ကြိုက်သလိုသာ လုပ်ပေတော့၊ အခုလောလောဆယ် ကျွန်တော်တို့မှာ သင့်တော်တဲ့ အဆိုတော် တစ်ယောက်မှ မရှိသေးဘူး၊ အခြေအနေ ပိုဆိုးအောင် ခင်ဗျား ဘာမှ လုပ်လို့မရဘူး”

“ဟေး”

“ကတ်ချန်ကို ပြောလိုက်ပါ၊ ပေးပြီးသား ပစ္စည်းကို ပြန်ရဖို့ မမျှော်လင့်နဲ့လို့”

“ခဏနေဦး၊ ကောင်းပြီ၊ မင်း ဘာလိုချင်လဲ”

“ဂင်ဇာမှာ ဘီဇားလို့ခေါ်တဲ့ ကလပ်လေးတစ်ခု ရှိတယ်၊ ခင်ဗျား သိတယ် မဟုတ်လား”

“ငါ သိတယ်၊ မင်း အကြွေး ဘယ်လောက် တင်နေလဲ”

“နိုး... နိုး... နိုး... မဟုတ်ဘူး၊ အဲဒီလို မဟုတ်ဘူး၊ အဲဒီမှာ ဆာကီလို့ ခေါ်တဲ့ ကလပ်မယ်တစ်ယောက် ရှိတယ်”

“မင်း ဘယ်တုန်းက မိန်းမတွေ စိတ်ဝင်စားသွားတာလဲ”

“ဒီစီးပွားရေးလုပ်ငန်းမှာ လူတိုင်း ကာဗာတစ်ခုတော့ လုပ်ထားရတယ်လေ၊ ကျွန်တော် သိသလို ခင်ဗျားလည်း သိပါတယ်”

“ကောင်းပြီ၊ ကောင်းပြီ၊ အဲဒီတော့ ဘာလုပ်ပေးရမလဲ”

“ကျွန်တော် မနက်ဖြန် သူ့ဆီ မလာနိုင်ဘူးလို့ ခင်ဗျားကို ပြောပေးစေချင်တယ်”

“ရပြီ”

“ဖုန်းနဲ့ ပြောတာ မဟုတ်ဘူးနော်၊ မဟုတ်သေးပါဘူး”

“မဟုတ်သေးဘူးလား”

“အဲဒီကလပ်ကို သွား၊ ကျွန်တော် ပြောမယ်၊ ယန်းခုနစ်ထောင်တန် နှင်းဆီပန်းစည်း ဝယ်သွားပြီး သူမ နားကို ကပ်ပြောလိုက်။ ‘ကင်ဘို လွှတ်လိုက်တာပါ၊ သူ မနက်ဖြန် မလာနိုင်ဘူး တောင်းပန်တဲ့အနေနဲ့ ဒီပန်းစည်းကို ပေးခိုင်းလိုက်တယ်’ လို့ ပြောလိုက်”

ဒါကြီးက ပြီးကောပြီးဦးမှာလား။ ကလပ်မယ် ဆာကီက ဘာတောင်းဆိုဦးမလဲ မသိဘူး။ ဒါက အရင်ဆုံး လုပ်ရမယ့် အလုပ်ပဲ။

လမ်းဘေးဈေးသည် တစ်ယောက်ဆီကနေ ကျွန်တော် နှင်းဆီပန်းတွေ ဝယ်လိုက်တယ်။ ညဉ့်နှက်နေပြီ ဖြစ်လို့ ဟီဘီယာဈေးမှာ ဝယ်ရင် ပေးရမှာ ထက် သုံးဆ ပိုပေးလိုက်ရတယ်။ အသံအစားထိုးတဲ့ အလုပ်ကို ကျွန်တော် တစ်နာရီလောက် ဆိုင်းထားလိုက်တယ်။ ဂင်ဇာမှာ မိုးရွာနေပါတယ်။ နီယွန်မီးရောင်တွေ မထင်မရှား ဖြစ်လို့နေတယ်။ လေထဲမှာ ဆန်မုန့်နုံ့တွေ ထောင်းခနဲပဲ။ ကျွန်တော် နေ့လယ်ကတည်းက နေ့လယ်စာ ခေါက်ဆွဲ ပန်းကန်လုံးတစ်လုံး စားထားတာက လွဲလို့ ဘာမှ မစားရသေးဘူး။ ရီတီတီနဲ့ ခေါင်းကိုက်လို့ နေပါတယ်။ တည်းဖြတ် အလုပ်ကြောင့် ကျွန်တော့်မျက်လုံးတွေ ကိုက်နေပါတယ်။ ကျွန်တော်ဟာ ကာလကတ္တားက သူတောင်းစား တစ်ယောက်လို ခံစားနေရတယ်။ ကျွန်တော်က သူတောင်းစားထက် ပိုတာတော့ အမှန်ပါပဲ။ ဒါပေမဲ့ ကျွန်တော်ဟာ သူ့လိုပဲ စိတ်ပျက်လက်ပျက်နဲ့ လက်ကို ဆန့်လို့ ထားတယ်။ ကျွန်တော်ဟာ လမ်းတွေထက် စိတ်ဒုက္ခရောက်၊ ဝရုန်းသုန်းကားနဲ့ လျှောက်သွားနေပါတယ်။ ကာလကတ္တားက သူတောင်းစားဟာ ပိုက်ဆံ၊ ဒါမှမဟုတ် စားစရာ မရတော့တဲ့အခါ သူ့လက်တွေကို သူ ပြန်ရုပ်လိုက်ပါတယ်။ ကျွန်တော်တို့ နှစ်ယောက်ထဲမှာ ဘယ်သူက တကယ့် ဂုဏ်သိက္ခာရှိလဲ ဆိုတာ အထင်အရှားပါပဲ။

“ကင်ဘိုက ကျွန်မကို ကြောက်နေတယ်၊ ရှင် မြင်တဲ့အတိုင်း ကျွန်မက လှတယ်၊ ချောတယ်၊ ချောတဲ့ မိန်းမတွေ စိတ်ဆိုးရင် လူတွေကို ကြောက်စေတယ်၊ ရုပ်ဆိုးတဲ့ မိန်းမတွေ စိတ်ဆိုးရင် ရယ်စရာကောင်းတယ်၊ ရှင် အဲဒီလို မ

ထင်ဘူးလား၊ သူ့ကို ပြောလိုက်ပါ၊ ကြက်ပေါက်စ တစ်ကောင်လို ကြောက်မနေနဲ့လို့၊ ကျွန်မဆီ ဖုန်းဆက်ပါလို့”

ကျွန်တော် ကလပ်မယ် ဆာကီကို ပန်းစည်းပေးလိုက်တယ်။ ကျွန်တော် ပိန်းဥဟင်းပွဲသေးလေး တစ်ပွဲ စားတယ်။ ချီးဗက်စ်ဝီစကီ တစ်ခွက်နဲ့ ရေသောက်တယ်။ အသံတစ်သံကို ကြားလိုက်ရတော့ ကျွန်တော့်အစာအိမ်ထဲမှာ မီးတောက် သွားသလိုပဲ။ “ယိုရှိဟီကို ဒီကိစ္စ မင်း ဘယ်လို ပြောမလဲ” တဲ့။ ယိုရှိဟီကို တဲ့။ ဒီနာမည်ကို ဘယ်မှာ ကြားဖူးပါလိမ့်။

“တစ်ယောက်ယောက်က ယိုရှိဟီကိုလို့ ပြောလိုက်သလား”

ဆာကီက နှင်းဆီပန်းတွေနဲ့ မျက်နှာအပ်လို့နေတယ်။

“အင်း”

“ယိုရှိဟီကို တာကာဟာရှိလား၊ ကျွပ်အသင်းက ကစားသမားလား”

“ဟုတ်တယ်”

“သူ ဒီမှာလား”

“ရှင့် အနောက်တည့်တည့်မှာ”

“ဘာရယ်၊ သူ ဒီကို တော်တော် လာတတ်သလား”

“သူ တိုကျိုကိုရောက်တိုင်း တစ်ကြိမ်လောက် ရောက်တယ်၊ မိန်းကလေးတွေက သူ့ကို ချစ်ကြတယ်၊ သူ ဘယ်တော့မှ မမူးဘူး၊ ရိုင်းစိုင်းတာမျိုးလည်း မရှိဘူး”

“သူနဲ့ မိတ်ဆက်ပေးပါ၊ ကျေးဇူးပြုပြီးတော့”

“ရှင်က သူ့ပရိသတ်လား”

“ငါမင်းကို အီတလီ စီးကရက်ပေးလို့ ရတယ်၊ ဒါမှမဟုတ် ဝါကာဆာက ငါးသေးသေးလေးတွေ၊ ဒါမှမဟုတ် တင်းနစ်ရက်ကက် တစ်ချောင်း၊ မင်း လိုချင်တာ ဘာမဆို ပေးမယ်၊ ကျေးဇူးပြုပြီး မိတ်ဆက်ပေးစမ်းပါ”

“သူ သဘောကျပါလိမ့်မယ်၊ သူ့ ပရိသတ်တွေက သူ့အတွက် အရေးကြီးတယ်”

တဒိတ်ဒိတ် ခုန်နေတဲ့ ရင်ဘတ်ပေါ် ကျွန်တော် လက်တင်လိုက်တယ်။ အခန်းကို ဖြတ်ပြီး ဆာကိုနောက်က လိုက်သွားလိုက်တယ်။

ယိုရှိဟီကို တာကာဟာရှိက ဘုရားသခင်ပါပဲ။

ကျွန်တော်သူ့ကို ကျွန်တော့်ရဲ့ လိပ်စာကတ် ကမ်းလိုက်ပြီး ကျွန်တော့်ကိုယ် ကျွန်တော် မိတ်ဆက်လိုက်တယ်။ ကျွန်တော့်သူငယ်ချင်း တစ်ယောက်က သူ့ကို အရူးအမူး အားပေးတဲ့အကြောင်း ပြောလိုက်တယ်။ တောင်းဆိုရတာ အလွန်ရိုင်းပျတယ် ဆိုတာ သိပေမယ့် သူမကို တယ်လီဖုန်းနဲ့ စကားပြောပေးနိုင်မလားလို့ ကျွန်တော် မေးလိုက်တယ်။ သူ နှစ်လိုဖွယ်ရာ ပြုံးပြပြီး သဘောတူကြောင်း ပြသပါတယ်။ အကြွင်းမဲ့ပါပဲ။

“ကီယိုမီ... ကိုယ်ဘယ်သူနဲ့ တွေ့နေလဲသိလား၊ ယိုရှိဟီကို တာကာဟာရှိနဲ့ တွေ့နေတယ်၊ ကီယိုမီ၊ နွေဦးရာသီ လေ့ကျင့်ရေး စတော့မယ်၊ သူနဲ့ လူချင်း တွေ့ရဖို့က ဖြစ်နိုင်တယ်၊ နည်းနည်းတော့ ခက်ခဲတယ်၊ ဒါပေမဲ့... ဟယ်လို၊ ကြားလား”

“ခဏလေး၊ ကျွန်မ နှလုံးသား ခုန်နေတယ်၊ ဘုရားရေ၊ ကျွန်မ မေ့လဲကျတော့မယ်”

“ကီယိုမီ... ကိုယ် ဘာတွေဖြစ်ခဲ့လဲ မင်း မသိပါဘူး၊ ကီယိုမီ၊ ကိုယ်... ကိုယ်...”

ကျွန်တော့် မျက်လုံးတွေထဲမှာ မျက်ရည်တွေ ပြည့်လျှံလာတယ်။

“ကျွန်မ ခန့်မှန်းလို့ရပါတယ်၊ ကျွန်မ နောက်နေတာ သက်သက် ဆိုတာကို ရှင်သိမယ်လို့ ကျွန်မ ထင်ခဲ့တယ်၊ ဒါပေမဲ့ ကျေးဇူးတင်ပါတယ်၊ တကယ့်ကို”

“နောက်နေတာ ဟုတ်လား”

“ဟုတ်တယ်၊ နားထောင်ဦး၊ ကျွန်မ စိတ်လှုပ်ရှားလွန်းလို့ စကားတောင် မပြောနိုင်တော့ဘူး၊ ခိုးယူခံထားရတဲ့ ဘော့စ်ဘောသရဖူ ဒီနှစ် ပြန်အနိုင်ရ

အောင် လုပ်ပေးပါလို့ ပြောပေးပါ၊ ကျွန်မအတွက် ရှင် ပြောပေးမှာလား”

“စိတ်ချ၊ ကိုယ် ပြောလိုက်မယ်၊ မင်း ကိုယ့်ကို နောက်နေခဲ့တာလား”

“မိတ်ဆက်ပေးခိုင်းတာက နောက်တာပါ၊ ဒါပေမဲ့ စိတ်မပူပါနဲ့၊ ကျွန်မ ရှင့်အတွက် သက်သေထွက်ပေးဖို့ ရည်ရွယ်ထားဆဲပါပဲ”

ယိုရှီဟီကို တာကာဟာရှီဟာ တခြား ကစားသမားတွေရယ်၊ ကလပ်မယ် တစ်သိုက်ရယ်နဲ့အတူ စားပွဲတစ်ခုမှာ ထိုင်နေဆဲပါပဲ။ စကားတွေ ပြောလိုက်၊ ရယ်မောလိုက်ပါပဲ။ ကျွန်တော် သူ့ကို အနှောင့်အယှက် မပေးခဲ့ခင်တုန်းက အတိုင်းပါပဲ။

နောက်တစ်လအကြာ၊ ကျွန်တော့်ရဲ့ အကုသိုလ်မက တရားစွဲဆိုမှုကို ရုပ်သိမ်းပြီး၊ ကွာရှင်းပြတ်စဲခြင်းအမှု တရားခွင် စခါနီးမှာ အိုကီနာဝါက မက်ဆကို ဗာဒို သကြားတစ်ထုပ် လက်ခံ ရရှိလိုက်ပါတယ်။ ပေးပို့သူ မစ်စတာ ယိုရှီဟီကို တာကာဟာရှီပါ။ ရာသီစရင် ကျွန်တော်နဲ့ ကီယိုမီ ဘော့စ်ဘောပွဲတစ်ပွဲ သွားကြည့်မလို့ ဆုံးဖြတ်ပြီးသားပါ။ ကျွန်တော်တို့ နှစ်ယောက် တစ်ပြိုင်တည်း အော်နေမယ့် အသံကို ကြားယောင်နေမိတယ်။

“ပြေးထား၊ တာကာဟာရှီ”

❑

(Whenever I sit at a bar drinking like this

by Ryū Murakami)

မင်းရဲ့ ခံဝန်ချက်ကို ငါ တစ်ကြိမ်ဖတ်လိုက်တိုင်း

မင်းရဲ့ ခံဝန်ချက်ကို တစ်ကြိမ်ဖတ်တိုင်း ငါ နားမလည်တာ တစ်ခု ရှိတယ်။ မင်း အဲဒီအမျိုးသမီးကို ဘာ့ကြောင့် မသတ်ခဲ့ရတာလဲ။

ဆွဲချရှေ့နေက ကျွန်တော့်ကို အဲဒီလိုမေးတယ်။ အမြဲတမ်း အဲဒီအတိုင်းပဲ။ အမြဲတမ်းလည်း အဲဒီမေးခွန်းပဲ။ ကျွန်တော် အဲဒီမေးခွန်းကို မဖြေချင်ပါဘူး။ ရိုးရှင်းအိုဟောင်းနေပြီ ဖြစ်တဲ့ တရားရုံးက ခန့်ထားတဲ့ အဲဒီရှေ့နေဟာ ဒီမေးခွန်းကို အကြိမ်တစ်ထောင်လောက် မေးပြီးပါပြီ။ သူက ကျွန်တော် ဒီမေးခွန်းကို ရှင်းလင်းနိုင်ရင် ကျွန်တော့်ရဲ့ ပြစ်မှု လျော့ကျမယ်လို့ ပြောပါတယ်။ ဒါပေမဲ့ ဘယ်သူမှ နားလည်ကြမှာ မဟုတ်ပါဘူး။ ကျွန်တော် ကိုယ်တိုင်တောင် နားမလည်တာ၊ သူတို့က ဘယ်လို နားလည်မှာလဲ။

“မင်း အဲဒီအမျိုးသမီးကို မသတ်ရတဲ့ အကြောင်းရင်းက ဘာလဲ၊ ဒီမေးခွန်းက ထူးဆန်းတယ် ဆိုတာကိုတော့ သိပါတယ်၊ ဒါပေမဲ့ ရုံးတော်ကို မင်း နောက်တစ်ကြိမ် ရှင်းပြဖို့ ကြိုးစားနိုင်မယ် ဆိုရင်ပေါ့”

ကျွန်တော် ဒီဆွဲချရှေ့နေကို သဘောမကျတာတော့ မဟုတ်ပါဘူး၊ ဘာ့ကြောင့်လဲ ဆိုတာကို ကျွန်တော် စဉ်းစားမိပါတယ်။ သူက ကျွန်တော့်ဦးလေးကို သတိရစေတာ ဖြစ်ကောင်း ဖြစ်နိုင်တယ်။ ကျွန်တော့်အပေါ် ကောင်းတာ ဆိုလို့ ကျွန်တော့် ဦးလေး တစ်ယောက်ပဲ ရှိပါတယ်။ သူ အဝတ်လျှော် ဆပ်ပြာမှုန့် အရောင်းသမား လုပ်တုန်းက သူ့ဆိုင်ကယ်နောက်မှာ ကျွန်တော့်ကို လိုက်စီးစေတယ်။ အဲဒါက ကျွန်တော့်ရဲ့ အပျော်ရွှင်ဆုံး အမှတ်ရစရာတွေထဲက တစ်ခုပါပဲ။

“ဒီလိုဆိုရင် ကောင်းပြီ၊ နောက်တစ်ကြိမ် ပြန်စကြတာပေါ့၊ အချက်အလက်တွေကို ပြန်အတည်ပြုပါ၊ သတင်းအချက်အလက် အသစ် ရှိတယ်ဆိုရင်လည်း ငါတို့ကို ပေးသိပါ၊ အဆင်သင့်ပဲလား”

ကျွန်တော့်နာမည်က XXX နို့ရီယူကီပါ။ ကျွန်တော့်လိပ်စာက ၃-၁၂၅ ကို ဝါချို၊ တိုကိုရာဇဝါ၊ ဆိုင်တမာစီရင်စုနယ်။ ကျွန်တော် အရမ်းစွဲလမ်းတဲ့ လိပ်စာတော့ မဟုတ်ပါဘူး။ ကျွန်တော် လုံးဝ မကြိုက်ပါဘူး။ တကယ်တော့ ကျွန်တော် မုန်းပါတယ်။ ကျွန်တော် တကယ် သတ်ချင်တာက အဲဒီလိပ်စာ ဖြစ်

ကောင်း ဖြစ်နိုင်ပါတယ်။ ကျွန်တော် မူလတန်းကျောင်းတက်တုန်းက လိပ်စာက မတူပါဘူး။ စကားလုံးတွေ လုံးဝ မတူဘူး။ ကျေးရွာ၊ မြို့နယ်၊ ခရိုင် မတူပါဘူး။ နံပါတ်တွေ မရှိပါဘူး။ လုံးဝ လုံးဝကို ခြားနားပါတယ်။ ကျွန်တော် တတိယတန်း ရောက်တဲ့ အချိန်ထိ အဲဒီနေရာကို ဆေဘူကော်ပိုရေးရှင်းက ဆောက်လုပ်ရေး မလုပ်သေးပါဘူး။

“မင်းပြောတာ မင်းအဖေနဲ့ အမေကို မုန်းတယ်ပေါ့၊ ဘာ့ကြောင့်လဲ”

ကျွန်တော့် အဖေက ကျွန်တော့်အမေကို ယူတဲ့အချိန်မှာ သူ့ကို အမွေရဲ့ မိသားစုက မွေးစားထားခဲ့တာပါ။ သူက အထက်တန်း အောင်ပါတယ်။ ကားပြင်ဆရာပါ။ အမေက မြေရှင်ကြီးတစ်ယောက်ရဲ့ သမီးပါ။ အမေက ဆိုင်တမာတက္ကသိုလ်က ဆေးဝါးကျွမ်းကျင်နဲ့ ဘွဲ့ရပါတယ်။ ဒါပေမဲ့ ရုပ်ဆိုးလွန်းလို့ အသက် သုံးဆယ့်လေးနှစ်ထိ အပျိုစင် ဖြစ်နေခဲ့ပါတယ်။ ကျွန်တော့်အဖေမှာ ရဲမှတ်တမ်း ရှိပါတယ်။ အသုံးမကျတဲ့ ရန်ပွဲတစ်ခုကြောင့် ထောင်ရှစ်လ ကျခဲ့ရပါတယ်။ သူ့ထက် အသက်ခုနစ်နှစ်ကြီးပြီး ရုပ်ဆိုးတဲ့ မိန်းမကို ယူခဲ့တာက ဆေးဆိုင်တစ်ဆိုင် ပိုင်ချင်လို့ပါ။ ကျွန်တော်ဟာ ကျွန်တော့်အမေရဲ့ ဦးနှောက်၊ အဖေ့ရဲ့ ရုပ်ရေနဲ့ မွေးလာခဲ့မယ် ဆိုရင် ကျွန်တော် အခု ဒီနေရာကို ရောက်နေမှာ မဟုတ်ပါဘူး။ ဒါပေမဲ့ တလွဲတွေ ဖြစ်ခဲ့ပါတယ်။ ကျွန်တော် ဒီအကြောင်းကို ဂျပန်မှာ ရှိသမျှ လူတိုင်းကို ပြောပြချင်ပါတယ်။ ကျေးဇူးပြုပြီး ကလေးတွေ မယူခင် သေသေချာချာ စဉ်းစားကြပါ၊ အထူးသဖြင့် ခင်ဗျားက ရုပ်ဆိုးတယ်၊ ဒါမှ မဟုတ် ဉာဏ်နည်းတယ် ဆိုရင်ပေါ့။

“တစ်ချိန်မှာ မင်းရဲ့ မိဘတွေက ဆေးဆိုင်ကို ချဲ့ခဲ့တယ်၊ အဲဒီအချိန်က စလို့ မင်းရဲ့ မိဘတွေကို မင်း စမုန်းခဲ့တာ မဟုတ်လား”

ရထားတွေ စပြေးတော့ တိုက်ခန်းတွေ၊ ကွန်ဒို့တွေ၊ နေအိမ်တွေ၊ အပန်းဖြေပန်းခြံတွေ၊ စာတိုက်တွေ၊ ပါချင်ကို ဆိုင်တွေ နေရာအနှံ့ ပေါ်လို့လာတယ်။ အမေက ဆိုင်ကို ပြန်ပြင်ပြီး ချဲ့ခဲ့တယ်။ ကျွန်တော့်အဖေက ငွေသိမ်းကောင်တာမှာ အမြဲထိုင်တယ်။ အမေက နောက်ခန်းထဲမှာ တစ်ချိန်လုံး ဆေးစပ်နေခဲ့တယ်။ ကျွန်တော်တို့ဟာ ဆေးဝါးတွေထက် မိတ်ကပ်တွေ၊ ဆပ်ပြာတွေနဲ့ တခြားပစ္စည်းတွေ ပိုရောင်းကောင်းခဲ့တယ်။ ကျွန်တော့်အဖေက ပျင်းခွေနေရုံ သာမက လိင်ဝါသနာအိုးလည်း ဖြစ်ပါတယ်။ အဲဒါက အမေနဲ့ လုပ်ရမယ့် အရာပါ။ ကျွန်တော့်အဖေက ကောင်တာက ပိုက်ဆံယူလေ့ရှိပြီး ပန်ချီကို

ဂိမ်းသွားဆော့လေ့ ရှိတယ်။ ဒါမှမဟုတ် နေ့ခင်းကြောင်တောင် အရက်မူးနေတတ်တယ်။ ဒါမှမဟုတ် အနှိပ်ခန်းတွေ သွားတယ်။ ကျွန်တော့်ကိုလည်း တော်တော်ရိုက်တယ်။ ကျွန်တော်က အမေနဲ့ တူတယ်။ အဲဒါကြောင့် ဖြစ်နိုင်တယ်။

သားက ထူးခြားတဲ့ ကလေးပါ။ အမေက အဲဒီလို အမြဲပြောလေ့ ရှိပါတယ်။ ဒါပေမဲ့ ကျွန်တော် ဘာမှ မထူးခြားဘူး ဆိုတာ ကိုယ့်ကိုယ်ကိုယ် သိပါတယ်။ ကျွန်တော် ဘယ်နေရာမှာမှ မတော်ပါဘူး။ အလယ်တန်းကျောင်းမှာ ခေါင်းတစ်ချက် မမော့နိုင်ပါဘူး။ ကျွန်တော် ရေမကူးတတ်ဘူး။ ကျွန်တော် အနီးမှုန်တယ်။ ကျွန်တော့်မှာ ကျူရှင်ဆရာ တစ်ဒါဇင်လောက် ရှိခဲ့ပါတယ်။ သူတို့အားလုံး ဆက်မသင်ကြဘူး။ ကျွန်တော့်မှာ သွားပိုးစားနေတဲ့ သွားတစ်ချောင်း ရှိတယ်။ ကျွန်တော် အရပ်ပုတယ်။ ကိုယ်အလေးချိန်က ကီလိုတစ်ရာ ကျော်တယ်။ ကျွန်တော်ဟာ လှောင်ရယ်ခံရပြီး အနှိမ်ခံရဖို့ မွေးလာခဲ့တာ ဖြစ်တယ်။ အမေက ကျွန်တော်ဟာ ထူးခြားတယ်လို့ ပြောတယ်။

ကျွန်တော် အမေ့ကို သနားတယ်။ အမေက အဖေလုပ်သမျှကို သည်းခံတယ်၊ ဘာမှ မပြောဘူး။ တစ်နေကုန် ဆေးပဲ စပ်လို့နေတယ်။ ကျွန်တော် အမေ့ကို သနားတယ်။ ဒါပေမဲ့ အမေက ချစ်လို့ မရလောက်အောင် ရုပ်ဆိုးတယ်။ ကျွန်တော် အမေ့ကို မုန်းကောင်းမုန်းနေတာ ဖြစ်နိုင်တယ်။ ကျွန်တော်ဟာ အဖေ့ထက် အမေ့ကို ပိုမုန်းကောင်း မုန်းနေနိုင်တယ်။ အမေ့လို လူစားမျိုးက သူ့ဘေးနားမှာ ရှိသမျှ လူတိုင်းကို စိတ်ပျက်စေတယ်။ နာကျင်စေပြီးရင်း နာကျင်စေတယ်။ ကျွန်တော့်ကို မေးရင်တော့ တစ်ချိန်လုံး နာကျင်နေရတဲ့ လူတွေဟာ အသက်ရှင်ခွင့် မရသင့်ဘူးလို့ ဖြေမှာပါပဲ။

“ဆာကူမာကျိုကို မင်း ပထမဆုံးအကြိမ် စကားပြောခဲ့တာက ဇန်နဝါရီ၊ ၁၅၊ ၁၉၈၅ ခုနှစ် အရွယ်ရောက်ခြင်း အထိမ်းအမှတ် (ဂျပန်တွင် နှစ်စဉ်ကျင်းပလေ့ ရှိသော အရွယ်ရောက်သူ၊ သို့မဟုတ် အရွယ်ရောက်လာမည့် သူများကို ကြိုဆိုသော အထိမ်းအမှတ်နေ့) နေ့မှာနော်၊ အဲဒါ မှန်ပါသလား”

ဆာကူမာကျိုကိုဟာ အိမ်ထောင်ရှိတဲ့ အသက် သုံးဆယ့်နှစ်နှစ်အရွယ် အမျိုးသမီးတစ်ယောက် ဖြစ်ပြီးတော့ အဝတ်အစားချုပ်တာ သင်ပါတယ်။ ဒါပေမဲ့ သူမဟာ ညဘက်တွေမှာ ပါတီပွဲတက်ရတာ သဘောကျပြီး ဆေးဆိုင်ကို တော်တော် လာပါတယ်။ ကျွန်တော် အသက်နှစ်ဆယ်ရှိပြီ ဖြစ်ပေမယ့်

ဟိုက်စကူး တတိယနှစ်မှာပဲ ရှိနေပါသေးတယ်။ ကျွန်တော် မကြာမကြာ ကျောင်းမသွားပါဘူး။ လူတိုင်းက မင်းကို နှိမ်တဲ့အခါ ဘယ်သူတွေက နှိမ်တာလဲ။ ကျွန်တော် ဘယ်နေရာကိုမှ မသွားပါဘူး။ ကျွန်တော် စကိတ်ကွင်းတွေကို မသွားပါဘူး၊ နှင်းလျှောစီးကွင်းကိုလည်း မသွားပါဘူး။ ရုပ်ရှင်ရုံတွေ၊ စာအုပ်ဆိုင်တွေ၊ စားသောက်ဆိုင်တွေ၊ ရေကူးကန်တွေ၊ မက်ဒေါနယ်၊ ကင်တက်ကီကြက်ကြော်ဆိုင်၊ လော်တီးရီးယား၊ ဖက်စ်ချစ်ကင်း၊ ဆေယုစတိုး၊ ရုပ်ကွက်ပန်းခြံတွေကိုလည်း မသွားပါဘူး။ ကျွန်တော်က ဝပြီး ရုပ်ဆိုးပါတယ်။ ကျွန်တော့်ကို လူအမြင် မခံချင်ပါဘူး။ ကျွန်တော် စတိုးဆိုင်မှာပဲ တစ်နေကုန် နေပါတယ်။ တစ်ခါတလေ၊ ကျွန်တော့်အဖေ့နေရာ ငွေသိမ်းကောင်တာ ထိုင်ပါတယ်၊ တစ်ခါတလေ ကြမ်းပြင် တံမြက်စည်းလှည်းပါတယ်၊ ဒါပေမဲ့ ကျွန်တော် အကြိုက်ဆုံးအရာက ရှီရှဲဒိုး၊ ဒါမှမဟုတ် ကာနီဘိုတို့လို ကုမ္ပဏီတွေက ငယ်ရွယ်တဲ့ အရောင်းစာရေးမလေးတွေနဲ့ စကားပြောရတာပါပဲ။ အထူးသဖြင့် ကိုဆေးကုမ္ပဏီက မစ်ဆူယိုစံ ဆိုတဲ့ မိန်းကလေးပါ။ သူမက အသက် နှစ်ဆယ့်ခြောက်နှစ်ရှိပြီ ဖြစ်ပြီး အရမ်းလှပါတယ်။ သူမ အမေ့ဘေးမှာ ရပ်လိုက်ရင် လူသားမျိုးနွယ်တစ်ခုတည်း မဟုတ်သလိုပါပဲ။ မစ်ဆူယိုစံက ကိုအာလာ ဝက်ဝံပေါက်လေး ဆိုရင် အမေက အင်ခရက်ဒီဘဲလ်ဟုခ် အကောင်ကြီးပါပဲ။ မစ်ဆူယုစံက အိမ်ထောင် မကျသေးပါဘူး။ ဒါပေမဲ့ လူတွေက သူမဟာ မယုံနိုင်လောက်တဲ့ လူတစ်ယောက် နဲ့ ဖြစ်နေတယ်လို့ ပြောကြပါတယ်။ နိုင်ငံရေးသမား တစ်ယောက်၊ ဒါမှမဟုတ် တစ်ခုခုပေါ့။ ကိုယ့်ကို မင်းမျိုးမင်းနွယ်လို ဆက်ဆံကြတဲ့ စားသောက်ဆိုင်တွေ၊ ကျွန်တော် ကြားတောင် မကြားဖူးတဲ့ ဟင်းပွဲတွေအကြောင်း သူမ ကျွန်တော့်ကို ပြောပြလေ့ ရှိတယ်။ တစ်ခါက မှန်အနက်တွေနဲ့ မာစီဒီးကားတစ်စီး ဆေးဆိုင်ရှေ့မှာ သူမကို လာကြိုတာ တွေ့ဖူးတယ်။

မစ်ဆူယုစံက ကျွန်တော့်ကို စိတ်မဝင်စားပါဘူး။ သူမ ကျွန်တော့်ကို ဥပေက္ခာပြုတယ်။ ဒါပေမဲ့ ဘယ်လိုပဲဖြစ်ဖြစ် ကျွန်တော် သူမကို သဘောကျတယ်။ တစ်ခါတလေ သူမနဲ့ စကားပြောရတာကို ကျွန်တော် ဘယ်လောက်တောင် ပျော်လဲ ဆိုတာကို တွေးမိပြီး ဝမ်းနည်းမိတယ်။

အရွယ်ရောက်ခြင်းနှေဟာ ဝမ်းနည်းဖို့ကောင်းတဲ့ နေ့တွေထဲက တစ်နေ့ပါပဲ။ မစ်ဆူယိုစံက ဟိုက်စကူးထွက်ခါစ အသက် ဆယ့်ခြောက်နှစ်အရွယ် အလုပ်သင် အရောင်းစာရေးမလေး တစ်ယောက်ကို လိင်အကြောင်း ပြောပြနေ

ခဲ့ပါတယ်။ မစ်ဆူယိုစံက “ဒုတိယအကြိမ်ကို သဘောကျတယ် ဆိုရင် နင် တစ်ခုခု မှားနေတာပဲ ဖြစ်လိမ့်မယ်၊ ဘာဖြစ်လို့လဲ ဆိုတော့ ငါတောင်မှ မကြာသေးခင်ကမှ တကယ်ပြီးတဲ့ အရသာကို ခံစားခဲ့ရတာ” လို့ ပြောတယ်။ ကျွန်တော် နားထောင်ပြီး သွားဖြေလို့နေပါတယ်။ သူမ ကျွန်တော့်ဘက်ကို လှည့်ကြည့်ပြီး “နို့ရီယူကီကွန်လို ဝတုတ်ဘုတ်ထိုင်းကတော့ လူပျိုရည်မပျက်သေးဘူး ဆိုတာ ငါပြောရဲတယ်” လို့ ဆက်ပြောတယ်။ ဒါပေမဲ့ ကျွန်တော် ဆက်ပြီး သွားဖြီးလို့ နေပါတယ်။

“ဟဲ့၊ နင် လူပျိုရည် မပျက်သေးဘူး မဟုတ်လား”

လို့ သူမက ပြောတယ်။

အလုပ်သင် ကောင်မလေးက ဒါဟာ ရယ်စရာကောင်းတယ်လို့ ထင်ပြီး စီခနဲ အသံထွက်လာပါတယ်။ အမ်... လူပျိုရည် မပျက်သေးဘူး ဆိုပဲ၊ ငါ့ပါးစပ်ကို ပိတ်ထားလိုက်ပါတော့။

“မစ်ဆူယိုစံ”

လို့ သူမက ပြောတယ်။ “စမိုင်းမှာလား ဖရက်ရှ်မှာလား မသိဘူး၊ ကျွန်မ ဆောင်းပါးတစ်ပုဒ် ဖတ်ဖူးတယ်၊ ဝပြီး ရုပ်ဆိုးတဲ့ ယောကျ်ားအများစုက လိင်ပိုင်းဆိုင်ရာ မူမမှန်တဲ့ လူတွေ ဖြစ်သွားတတ်ကြတယ် တဲ့၊ သူတို့တွေဟာ ကြိုးနဲ့ တုပ်ခံရတာ၊ အမ်၊ ကျာပွတ်နဲ့ အရိုက်ခံရတာတွေကို သဘောကျကြတယ်တဲ့၊ အမ်၊ အဲဒီလို ဟာမျိုးတွေပေါ့”

သူမ စကားပြောရင် တအမ်အမ်နဲ့ ထည့်ပြောသွားပါတယ်။ နောက်ဆုံးတော့ ကျွန်တော် သွားဖြဲနေတာ ရပ်လိုက်ပါတယ်။ ကျွန်တော့် နားရွက်တွေ နီရဲလာတယ်လို့ ကျွန်တော် ခံစားလိုက်ရပါတယ်။ တကယ့်ကို ကျွန်တော့်ကို ကြောက်လန့်စေပါတယ်။ သူမ ဘယ်လို သိနေတာလဲ။ ကျွန်တော်က လိင်စိတ်မူမမှန်တဲ့ လူတစ်ယောက်ပါ။ သူတို့ ပြောတဲ့ နာကျင်မှုကို သာယာတတ်သူတစ်ယောက်ပေါ့။ မစ်ဆူယုစံ ကျွန်တော့် မျက်နှာကို ဒေါက်မြင့်ဖိနပ်နဲ့ တက်နင်းထားတယ်လို့ မြင်ယောင်ပြီး ကျွန်တော် တစ်ကိုယ်ရေ အာသာဖြေလေ့ ရှိပါတယ်။

အဲဒီအချိန်မှာ ဆာကူမာကျိုကို ဆိုင်ထဲကို ဝင်လာပါတယ်။ တကယ့် အဆိုးဆုံး အချိန်ပါပဲ။ မစ်ဆူယိုစံနဲ့ အသက်ဆယ့်ရှစ်နှစ် ပြည့်တော့မယ့် ကောင်မလေးဟာ အသံကျယ်ကျယ်နဲ့ ချိုချိုသာသာ သူမကို မြှောက်ပြောပါ တယ်။ သူတို့ ကုမ္ပဏီတွေရဲ့ အလှကုန်တွေကို ဝယ်အောင်လို့ပါ။

ဆာကူမာကျိုကိုဟာ မစ်ဆူယိုစံလို လုံးဝ မချောမောပါဘူး။ ဒါပေမဲ့ ကျွန်တော့်အမေကို မြင်နေကျဖြစ်တဲ့ ကျွန်တော့် အတွက်တော့ ကြည့်ကောင်းပါ တယ်။ မိန်းကလေးတွေ ပြောလေ့ရှိတဲ့ မျက်တောင်ပင့်ထားပါတယ်။ သူမ အနီ တောက်တောက် နှုတ်ခမ်းနီ ဆိုးထားပါတယ်။ အာဖရိကန် တစ်ယောက်လို၊ ဒါ မှမဟုတ် တစ်ခုခုလိုပေါ့။ သူမ ကျွန်တော့်ကို ကြည့်တဲ့ပုံစံက “ကောင်လေး၊ နင် အမြဲတမ်း ရုပ်ဆိုးနေတာလား” လို့ သူမ မျက်လုံးတွေက ပြောနေသလိုပါပဲ။ ဒါပေမဲ့ ကျွန်တော် သူ့ကို ကြည့်လိုက်တော့ ကျွန်တော်ဟာ မာတောင့်တောင့် ဖြစ်လို့ သွားပါတယ်။ လိင်စိတ်မူမမှန်တဲ့ သူတွေနဲ့ ပတ်သက်လို့ ကျွန်တော့်မှာ သီအိုရီတစ်ခု ရှိပါတယ်။ သူတို့တွေ တွေ့တဲ့အခါ သူတို့တွေကြားထဲမှာ လျှပ်စစ် စီးကြောင်း ဖြစ်သွားတတ်ကြတယ် ဆိုတာပါ။

အဲဒီနေ့ကစလို့ ကျွန်တော်ဟာ ငွေသိမ်းကောင်တာက ပိုက်ဆံခိုးပြီး ဆာ ကူမာကျိုကို ကို လိုက်ချောင်းမြောင်း ကြည့်တော့တာပဲ။ သူမက အမေနဲ့ မစ်ဆူ ယိုစံ ကြားထဲက တစ်ဝက်လောက်မှာ ရှိပါတယ်။ ရုပ်ဆိုးတာနဲ့ ချောတာရဲ့ ကြားထဲမှာရှိပြီး အိမ်ထောင်ပြုထားတဲ့ အမျိုးသမီးတွေဟာ လိင်စိတ် မူမမှန်ဘူး လို့ ကျွန်တော် တွက်မိပါတယ်။

သူမ ဘူတာနားက ကွန်ဒိုတစ်ခုမှာ နေပါတယ်။ သူမမှာ ဆယ်နှစ်အရွယ် သားနဲ့ ခုနစ်နှစ်ရွယ် သမီးတစ်ယောက် ရှိပါတယ်။ သူမရဲ့ယောကျ်ားက စတော့ နဲ့ စာချုပ်တွေ ရောင်းတဲ့ အလုပ်လုပ်ပါတယ်။ တနလ်း၊ ဗုဒ္ဓဟူးနဲ့ သောကြာနေ့ တွေ ဆိုရင် သူမဟာ မိသားစုဝင်တွေကို လိုက်ပို့ပြီးတာနဲ့ အဝတ်ချုပ်တာ သင်ပေးဖို့ ဘူတာအဆောက်အအုံက ဆယ်လွှာကို သွားပါတယ်။ ကျန်တဲ့ နေ့ တွေမှာတော့ အိမ်မှာနေပြီး သူမ စက်ချုပ်ပါတယ်။ ကျွန်တော် သူမဆီကို နေ့ တိုင်း ဖုန်းဆက်ပြီးတော့ ညစ်တီးညစ်ပတ် စကားတွေကို ပြောပါတယ်။ အက်စ် အန်အမ် မဂ္ဂဇင်းက ပုံတွေကို ညှပ်ပြီးတော့ သူမဆီကို ပို့ပါတယ်။ သူမဟာ အဲဒီ လို ပုံစံမျိုးဆိုတာ သက်သေပြစရာ ကျွန်တော့်မှာ တစ်ခုမှ မရှိပါဘူး။ ဒါပေမဲ့

သူမဟာ ကျွန်တော့်လိုပဲ ရုက်လို့ ဖုန်းကွယ်ထားတာလို့ ကျွန်တော် ဆုံးဖြတ်ခဲ့ပါတယ်။

“သူက အက်စ်အန်အမ်ထဲကလိုပဲ လို့ မင်း ဘာကြောင့် ပြောနိုင်တာလဲ၊ မင်း သူ့နောက်ကို နှစ်လနီးပါးလောက် နောက်ကလိုက်ပြီး အဲဒီအမြင် မှန်ကြောင်း သက်သေပြဖို့ ကြိုးစားခဲ့ပေမယ့် လုံးဝ မတွေ့ခဲ့ရဘူး မဟုတ်လား၊ မင်းက ထူးဆန်းတဲ့ ကောင်လေးပဲ”

ဆွဲချရှေ့နေကို ကျွန်တော် တော်တော် သဘောကျမိပါတယ်။ သူက ရိုးသားတယ်။ မင်းက ထူးဆန်းတဲ့ ကောင်လေးပဲ။ အဲဒီလို ပြောတာကို ကြားရတာ ကျွန်တော် ပျော်မိတယ်။ လူသုံးယောက်ကို ကျွန်တော် သတ်ဖြစ်မိတဲ့ အကြောင်းရင်းက ကျွန်တော့်အမေက ကျွန်တော့်ကို ထူးခြားတယ်လို့ တစ်ချိန်လုံး ပြောနေခဲ့တာကြောင့်လည်း ဖြစ်ကောင်း ဖြစ်နိုင်ပါတယ်။ အမေဟာ ကျွန်တော့်ကို ထူးဆန်းတယ်လို့ပဲ ပြောခဲ့သင့်ပါတယ်။ တစ်ယောက်ယောက်က မင်းဟာ ထူးခြားတယ်လို့ ပြောလိုက်ရင် ငါးပါးမှောက်တာပါပဲ။ ခင်ဗျားဟာ သူပြောတာနဲ့ ဆန့်ကျင်ဘက်ပဲ ဆိုတာ ခင်ဗျား သိနေတယ်။ ခင်ဗျား စိတ်မအေးနိုင်ဘူး။ မိဘတွေဟာ သူတို့ရဲ့ သားသမီးတွေကို ရိုးသားသင့်ပါတယ်။ မင်းက ထူးဆန်းတဲ့ကလေး၊ မင်းက ရုပ်ဆိုးတယ်၊ မင်းက ငတုံး။ မိဘတွေက အမှန်အတိုင်း ပြောပြ သင့်ပါတယ်။ မင်းက အူကြောင်ကျား၊ ရုပ်ဆိုးတယ်၊ ဉာဏ်ထိုင်းတယ်၊ ငါလည်း မင်းအရွယ်တုန်းက အဲဒီအတိုင်းပဲ၊ ဘဝမှာ ပျော်ရွှင်စရာတွေ အများကြီး ရှိပါသေးတယ်၊ ပျော်စရာ အချိန်တွေကို အမြဲ မှတ်မိနေရလိမ့်ဦးမယ်။ မိဘတွေက အဲဒီလိုသာ ပြောခဲ့ရင် သူတို့ရဲ့ ကလေးတွေဟာ လူသတ်သမားတွေ ဖြစ်ချင်မှ ဖြစ်လာမှာပါ။ လူသားတွေဟာ ကျောက်ရောဂါကို ပျောက်ကွယ်အောင် လုပ်နိုင်သေးရင် သူတို့ရဲ့ သား၊ သမီးတွေကိုလည်း လူတွေကို မသတ်အောင် လုပ်နိုင်မှာ ဖြစ်ပါတယ်။

“မတ်လ ၂၀ရက်တုန်းက ဘူတာနားမှာရှိတဲ့ ပါပူး ကာရာအိုကေဘားမှာ မင်း ဆာကူမာကျိုကိုနဲ့ တွေ့ခဲ့တယ် မဟုတ်လား”

အဲဒီနေ့က ကျွန်တော် တစ်နေ့လုံး သူမနောက်ကို နောက်ယောင်ခံ လိုက်နေခဲ့တာပါ။ လူတစ်ယောက်နောက်ကို နောက်ယောင်ခံလိုက်တာ ပိုက်ဆံ ကုန်ပါတယ်။ စီအိုင်အေနဲ့ ကေဂျီဘီတို့ဟာ အဲဒီအတွက် ငွေကြေးအမြောက်အမြားအသုံးပြုမှာ ကျွန်တော် ပြောရဲပါတယ်။ ခင်ဗျားဟာ မွဲနေရင် လူတွေကို နောက်

ယောင် ခံလိုက်လို့ မရပါဘူး။ သူမရဲ့ ယောကျ်ားနဲ့ ကလေးတွေ အပြင်သွားတာကို နှုတ်ဆက်ပြီးတဲ့နောက် သူမဟာ တစ်မှေး အိပ်လိုက်ပါသေးတယ်။ သူမ အမြဲလုပ်နေကျ အတိုင်းပါပဲ။ သူမက ညဇီးကွက်လေ။ မနက်ဘက် တစ်မှေးလောက်မှ မအိပ်လိုက်ရရင် သူမဟာ နေလို့မကောင်းဘူး။ ကျွန်တော်တို့ဆိုင်က အရောင်းစာရေးမလေးတွေကို သူမ ပြောနေတာ ကျွန်တော် ကြားခဲ့ရတယ်။

သူမ နေတဲ့ ကွန်ဒိုနားက ကလေးပန်းခြံထဲမှာ ဒန်းပေါ်ထိုင်ရင်း ကျွန်တော် သူမကို စောင့်နေခဲ့တယ်။ ကျွန်တော် တကယ့်ကို ကိုယ်ကျင့်တရား ကျဆင်းတာပဲလို့ ခံစားရတယ်။ ဖူဂျီဟာ ချယ်ရီပန်းတွေ၊ ကျည်ဆန်ရထားတွေနဲ့ အဆင်ပြေလို့နေတယ်။ ပန်းခြံတွေကလည်း ကိုယ်ကျင့်တရား ပျက်ပြားသူတွေနဲ့ အဆင်ပြေ ချောမွေ့လို့ နေတယ်။ ပန်းခြံထဲမှာ ကလေးတစ်ယောက်မှ မရှိဘူး။ သက်ကြီးပိုင်း တချို့နဲ့ ကြမ်းပြင်တွေကို သန့်ရှင်းရေး လုပ်နေတဲ့ အမျိုးသမီးတစ်ယောက်ပဲ ရှိတယ်။ ကလေးတစ်ယောက်မှ မရှိတာကို ကျွန်တော် ဝမ်းသာမိတယ်။ ကျွန်တော် ကလေးတွေကို မုန်းတယ်။ ကလေးတွေက အရမ်းချစ်ဖို့ကောင်းတယ်။ တကယ့်ကို ရုပ်ဆိုးလွန်းပါတယ် ဆိုတဲ့ ကလေးတောင်မှ ငယ်ငယ်လေးဆို ချစ်ဖို့ကောင်းတယ်။

ဆယ့်တစ်နာရီမှာ ဆာကူမာကျိုကို ထွက်လာတယ်။ အဲဒီနေ့က အေးတယ်။ သူမဟာ အနက်ရောင် သားရေဘောင်းဘီ ကျပ်ကျပ်နဲ့ သားမွေးကုတ်အင်္ကျီတို့ကို ဝတ်လို့ထားပြီး ခွာသွယ်သွယ်ချွန်ချွန် ဒေါက်မြင့်ဖိနပ်ကို စီးလို့ထားတယ်။ သူမဟာ ကွန်ဒိုက ကားပါကင်ကို သွားပြီးတော့ သူမရဲ့ အနီရောင် အော်ဒီကွက်ထရိကားကို မောင်းလို့ အလုပ်သွားတယ်။ သူမ ဘာကြောင့် အမြဲတမ်း ကားမောင်းလဲ ဆိုတာ ကျွန်တော် နားမလည်ဘူး။ လမ်းလျှောက်လိုက်တာကမှ ပိုမြန်သေးတယ်။ သူမရဲ့ အော်ဒီကားကို ကြွားချင်လို့လည်း ဖြစ်ကောင်း ဖြစ်ပါ လိမ့်မယ်။ ဘူတာမှာ ကားရပ်တဲ့အတွက် ဘာမှ ပေးစရာ မလိုပါဘူး။

ကျွန်တော် ဘူတာ အဆောက်အအုံကို လမ်းလျှောက်လိုက်တော့ သူမ ထက် အရင် ရောက်ပါတယ်။ သူမဟာ တတိယထပ်က ကော်ဖီဆိုင်မှာ နောက်ကျ မနက်စာ စားပါတယ်။ သူမ အမြဲတမ်း တစ်မျိုးတည်းကို မှာပါတယ်။ သူမ တောင်အာဖရိက ပန်းသီးဖျော်ရည်၊ ဆင်းဒွစ်ချ်ပူပူတစ်ခုနဲ့ လူဆန်ပဲပင်သုပ်တစ်ပွဲ မှာလေ့ရှိပါတယ်။ ကျွန်တော် သူမ ထိုင်နေတဲ့ ကော်ဖီဆိုင်ကို

လှမ်းမြင်နိုင်တဲ့ စာအုပ်ဆိုင်မှာ မတ်တတ်ရပ်ပြီး မဂ္ဂဇင်းစာအုပ်တွေကို ကြည့်လို့နေပါတယ်။ ကျွန်တော် အက်စ်အန်အမ် မဂ္ဂဇင်းကို ကြည့်ချင်ပေမယ့် ဈေးဝယ်တွေ များနေတာကြောင့် ပိုပီယီ မဂ္ဂဇင်းကိုပဲ ကြည့်နေလိုက်ပါတယ်။ အဲဒီမှာ 'ပထမဆုံး ဒိတ်' ဆိုတဲ့ ဆောင်းပါးတစ်ပုဒ် ဖတ်ရပါတယ်။ဆောင်းပါးထဲမှာ နာမည်ကြီးယောကျ်ား တော်တော်များများဟာ သူတို့ရဲ့ ရည်းစားနဲ့ ပထမဆုံး အကြိမ် ချိန်းတွေ့တုန်းက အကြောင်းတွေကို ဖော်ပြထားပါတယ်။ သရုပ်ဖော်ပန်းချီဆရာ တစ်ယောက်က သူ့ရဲ့ ပထမဆုံးချိန်းတွေ့မှုဟာ အင်နီကာရှီရာပန်းခြံမှာ ဖြစ်ခဲ့တယ်လို့ ဆိုပါ တယ်။ ပြိုင်ကားမောင်းသမား တစ်ယောက်ကတော့ လူဇင်ဘတ်ဥယျာဉ်လို့ ပြောပါတယ်။ စားသောက်ဆိုင်တွေ အများကြီး ပိုင်တဲ့ ပိုင်ရှင်တစ်ယောက်ကတော့ စင်ထရယ်ပန်းခြံမှာပါတဲ့။ သူတို့ အားလုံးရဲ့ ဓာတ်ပုံတွေက လှပကြော့မော့ နေတာချည်းပါပဲ။ နာမည်ကြီးတဲ့ လူတွေထဲမှာ ဘာကြောင့် ရုပ်ဆိုးလွန်းလှတဲ့ လူတစ်ယောက်မှ မပါရတာလဲလို့ ကျွန်တော် တွေးမိတယ်။ နာမည်ကြီးတာကပဲ ပိုကြည့်ကောင်းစေတာလည်း ဖြစ်ကောင်း ဖြစ်နိုင်ပါတယ်။ အဲဒီလိုဆိုရင် ကျွန်တော်ဟာ ပိုက်ဆံအံဆွဲထဲက ပိုက်ဆံခိုးစရာ မလိုတော့သလို၊ ကျောင်းကိုလည်း အနိုင်ကျင့် မခံရဘဲ သွားနိုင်မှာ ဖြစ်ပါ တယ်။ ဆာကူမာကျိုကိုက ကော်ဖီဆိုင်ထဲက မထွက်၊ သူမရဲ့ နှုတ်ခမ်းတွေကို လက်ကိုင်ပဝါနဲ့ ဖိနေတုန်း ကျွန်တော့်အတွက် နာမည်ကြီးစေမယ့် နည်းလမ်း တစ်ခုခုများ မရှိဘူးလားလို့ ကျွန်တော် တွေးနေမိတုန်းပဲ။

အဝတ်အစားချုပ်တဲ့ သင်တန်းက ညနေ မရောက်မချင်း ပြီးမှာ မဟုတ်ပါဘူး။ ကျွန်တော် တစ်နေ့လယ်လုံး ပန်ချင်ကို ဂိမ်းဆိုင်နဲ့ ရုပ်ရှင်ရုံတစ်ရုံမှာ အချိန်ဖြုန်းနေလိုက်တယ်။ နေ့လယ်ခင်းက အရမ်း ရှည်ကြာလွန်းတယ်။ သူမ Audi ကားကို မောင်းပြီး သူမရဲ့ ကွန်ဒိုအခန်းကို ပြန်သွားတယ်။ အဲဒီမှာ သူမ မိသားစုအတွက် ညစာချက်ရမှာ ဖြစ်တယ်။ ပြီးတော့ သူမ အပြင်ထွက်လာပြန်တယ်။ ဘူတာရှေ့က ကြက်ကင်ဆိုင်ထဲကို သူမ ဝင်သွားခဲ့တယ်။ အဲဒီမှာ လူတချို့နဲ့ သူမ တွေ့တယ်။ ယောကျ်ားနှစ်ယောက်၊ မိန်းမသုံးယောက်။ အဲဒီမှာ သူတို့တွေဟာ S&M ထဲကလို မီးကုန်ယမ်းကုန် ပျော်ပွဲဆင်နွှဲဖို့ စီစဉ်နေတာလို့ ကျွန်တော် ထင်မိတယ်။ ယောကျ်ားနှစ်ယောက်က အရပ်ရှည်တယ်၊ အသက်သုံးဆယ်ဝန်းကျင်လောက်၊ အတွင်းကုတ်အင်္ကျီအပါ အနောက်တိုင်းဝတ်စုံကို ဝတ်လို့ထားတယ်။ အမျိုးသမီးတွေက ဝတ်စုံတွေ၊ ဘောင်းဘီတွေ၊ ဘလောက်စ်တွေ၊ ဆွယ်တာတွေ၊ သားမွေးကုတ်တွေနဲ့ ကက်ရှ်မီးယား ဂျက်ကက်တွေ

ဝတ်လို့ထားတယ်။ သူတို့တွေက လှကြတယ်။ မော်ဒယ်မျိုးစုံ ဂန်ဒမ် အရုပ်စုံတွေကို ကျွန်တော် ကြည့်နေတဲ့ လမ်းတစ်ဖက်က အရုပ်ဆိုင်ထဲကနေတောင် ကြက်ကင်နဲ့ ကျွန်တော် ရလို့နေတယ်။ အနံ့က တော်တော်ကောင်းတယ်။ ကျွန်တော် ဗိုက်တကြုတ်ကြုတ် ဆာလို့နေတယ်။ ဆာကူမာကျိုကိုနဲ့ သူမရဲ့ သူငယ်ချင်းတွေကို ကျွန်တော် ပြတင်းပေါက်ကနေ တစ်ဆင့် မြင်နေရတယ်။ သူတို့တွေဟာ တကယ့်ကို ပျော်ရွှင်နေတဲ့ ပုံပါပဲ။ ကျွန်တော် မနာလိုဖြစ်လွန်းလို့ ငိုချမိမှာစိုးလို့ မနည်းထိန်းထားရတယ်။ ကျွန်တော်လည်း တစ်ခုခု စားသင့်ပြီလို့ တွေးမိတယ်။ ကျွန်တော် အပြင်မှာရှိတဲ့ အရောင်းစက်ထဲကနေ ကယ်လိုရီမိတ် ချောကလက် တောင့်တစ်တောင့် ဝယ်လိုက်တယ်။ ကြော်ငြာထဲမှာ အိုဆာဒါဟာရု ပြောတဲ့ စကားကိုတောင် ကျွန်တော် သတိရလိုက်မိသေးတယ်။ အလုပ်များလေ ကယ်လိုရီမိတ် လိုအပ်လေတဲ့။ အလုပ်များတဲ့ လူတွေ ဒီချောကလက်တောင့်တွေ စားတာ ကျွန်တော် မြင်ယောင်ကြည့်လို့တောင် မရပါဘူး။ သူတို့ ခြောက်ယောက်ဟာ ကြက်ကင်ဆိုင်ထဲကနေ ညနေ ခြောက်နာရီမှာ ထွက်လို့သွားတယ်။ သူတို့ လမ်းဘေးတစ်နေရာကနေ ပါပူးလို့ အမည်ရတဲ့ ဘားထဲကို ဝင်လို့သွားတယ်။ လမ်းထဲက စတိုးဆိုင်တွေ တစ်ဆိုင်ပြီးတစ်ဆိုင် သံတံခါးတွေ ဆွဲချကြတဲ့ အသံတွေ ကြားရပါတယ်။ နောက် တစ်ခဏလောက် နေတော့ လမ်းဘေးဆိုင်တန်း ဘက်ကို သူငယ်ချင်းနှစ်ယောက်နဲ့ ဝင်လာတဲ့ မစ်ဆူယိုစံကို ကျွန်တော် တွေ့လိုက်ရပါတယ်။ ကျွန်တော် ပုန်းဖို့နေရာ ရှာလိုက်ရတယ်။ စတိုးဆိုင် အများစုက ပိတ်သွားပေမယ့် လမ်းဘေးဆိုင်တွေကတော့ မီးထွန်းထားတုန်းပါပဲ။ ကျွန်တော် သွားစရာ တစ်နေရာပဲ ရှိပါတယ်။ အဲဒါက ပါပူး ဆိုတဲ့ ဘားပါပဲ။ ဘားထဲမှာ တစ်ယောက်ယောက်က ကာရာအိုကေ တေးသွားနဲ့ သီချင်းဆိုလို့ နေပါတယ်။ ဆိုင်ရှင်အဘွားကြီးက “နို့ရီယူကီကွန် (ဂျပန်ရုပ်ပြ နာမည်ကျော်ဇာတ်ကောင်) မဟုတ်ရင် ဝင်ခဲ့ပါ၊ မင်းတစ်ယောက်တည်းလား” လို့ မေးပါတယ်။ ကျွန်တော့်အမေက ဒေသကုန်သည်များ အသင်းရဲ့ ဥက္ကဋ္ဌဖြစ်တာကြောင့် ဒီအနီးအနားက လူတိုင်း ကျွန်တော့်ကို သိကြပါတယ်။ ကျွန်တော် ကောင်တာမှာ ထိုင်ပြီးတော့ လိမ္မော်ရည်တစ်ခွက် မှာလိုက်ပါတယ်။ ကျွန်တော် အရက်မသောက်နိုင်ပါဘူး။

မကြာခင်မှာပဲ ကျွန်တော့်ကို ဆာကူမာကျိုကိုက သတိထားမိ သွားခဲ့ပါတယ်။ ကျွန်တော့် နှုတ်ခမ်းတွေ တုန်ယင်စ ပြုလာတယ်။ သူမဟာ မျက်လုံး

တွေ စောင်းပြီးတော့ လမ်းထလျှောက်လာပါတယ်။ တုန်ခါမှုက ကျွန်တော့် တစ်ကိုယ်လုံးကို ပုံ့နှံ့လို့သွားပါပြီ။

“မင်းက ဆေးဆိုင်က ကောင်လေး မဟုတ်လား”

ကျွန်တော် ခေါင်းညိတ်လိုက်ပါတယ်။

“မင်း ဒီကို တစ်ယောက်တည်း လာတာလား”

ကျွန်တော် ခေါင်းထပ်ညိတ်လိုက်ပါတယ်။ ကျွန်တော် အသံမထွက်တော့ဘူး။

“မင်း ဒီကို ခဏခဏ လာတတ်လား”

ကျွန်တော် ခေါင်းခါလိုက်တယ်။ သူမရဲ့ ရေမွှေးနံ့က တော်တော်လေး ပြင်းပါတယ်။ သူမရဲ့ သားရေဘောင်းဘီဟာ သူမရဲ့ ခါးကို တစ်ရစ်လို့ နေတယ်။ အိုး၊ ဂျဲဒ်၊ ဒီသားရေပဲ။ ကျွန်တော် ဒီသားရေနံ့ကို မခံနိုင်ဘူး။

“ဒီည ကဲမလို့ မဟုတ်လား”

ကျွန်တော် ခေါင်းခါလိုက်တယ်။ ကျွန်တော် သူမရဲ့ မျက်လုံးတွေကို မကြည့်နိုင်ဘူး။

“ငါတို့နဲ့ လာပူးပေါင်းပါလား”

ကျွန်တော် ခေါင်းထပ်ခါလိုက်ပါတယ်။ သူမနဲ့ အတူ ထိုင်နေတဲ့ လူတွေက ဘာဖြစ်တာလဲ၊ အဲဒါ ဘယ်သူလဲလို့ ပြောနေကြပါတယ်။

“လာစမ်းပါ၊ အားလုံး အတူတူသောက်ရအောင်”

သူမ ကျွန်တော့် လက်မောင်းကို ဆွဲလိုက်ပါတယ်။ ကျွန်တော် ထိုင်ခုံပေါ်ကတောင် ပြုတ်ကျမလို ဖြစ်လို့ သွားပါတယ်။ ကျွန်တော်ဟာ အိပ်ရင်းနဲ့ လမ်းလျှောက်နေသူ တစ်ယောက်လိုပါပဲ။ ကျွန်တော့် စိတ်တစ်ခုလုံး ဟာလာဟင်းလင်း ဖြစ်လို့ နေပါတယ်။ ကျွန်တော် ဒယီးဒယိုင်နဲ့ သူမတို့ စားပွဲဝိုင်းကို ရောက်လို့ သွားပါတယ်။

“ဒါ ငါ အလှကုန်တွေ ဝယ်နေကျ စတိုးဆိုင်က ကောင်လေးလေ”

ကျွန်တော် ပါးစပ်ကြီးဟပြီး မတ်တတ်ရပ်လို့ နေပါတယ်။ လူတိုင်းကို ဦးညွှတ်လိုက်ပါတယ်။

“ငါ့ သူငယ်ချင်းတွေနဲ့ မိတ်ဆက်ပေးပါရစေ၊ ဒါက ဆိုအန်ဆိုစံ၊ သူက ကီချီဂျီဂျီမှာ ဖက်ရှင်ဆိုင် ဖွင့်ထားတယ်”

တွေ့ရတာ ဝမ်းသာပါတယ်လို့ အဲဒီအမျိုးသမီးက ပြောတယ်။

“ဒီမိန်းကလေးကတော့ သူ့ဆီမှာ အလုပ်လုပ်တယ်၊ မင်းတို့ပြောသလို ဆိုင်မှာ အလှဆင်တဲ့ အရုပ်မတော့ မဟုတ်ဘူး၊ သူက အရောင်းစာရေးမ မဟုတ်ဘူး၊ သူက အဝတ်အစားတွေအတွက် တစ်ခါတလေ မော်ဒယ် လုပ်ပေးတယ်၊ ချစ်စရာ မကောင်းဘူးလား”

ကောင်မလေးက သူမရဲ့ မေးစေ့ကို ဆတ်ခနဲ ဆွဲလိုက်ပြီး မျက်နှာရှစ်ခေါက်ချိုးနဲ့ ကြည့်တယ်။ သူမက ကျွန်တော့်ကို ဒီနေရာမှာ မရှိစေချင်တာပါပဲ။

“ဒါကတော့ ဖက်ရှင်ဆိုင်ဘေးက ကိတ်မုန့်ဆိုင်ပိုင်ရှင်ပါ”

ဒီအမျိုးသမီးက ကျွန်တော့်ကို ဟန်ဆောင်ပြုံး ပြုံးပြတယ်။ သူတို့ စီးပွားရေးလုပ်ငန်းထဲက လူတွေဟာ လူဝတွေကို အမြဲတမ်း ပြုံးပြကြတယ်။ အဲဒါမှ အလုပ်နဲ့ ကိုက်ညီမှာ။

“သူတို့ကတော့ ငါတို့ရဲ့ ဘဲတွေပေါ့၊ ဟားဟား၊ သူတို့နှစ်ယောက်လုံးက ဆေဘူ အားကစားစင်တာက နည်းပြဆရာတွေပါ၊ ငါတို့အားလုံး အဲဒီမှာ နှင်းလျှော စီးတာ၊ တင်းနစ်ရိုက်တာ သင်ကြတယ်၊ အေရိုးဘစ်ရောပဲ”

ဒီယောကျ်ားနှစ်ယောက်စလုံးက အဆိုးဆုံးပဲ။ သူတို့တွေဟာ အရပ်ရှည်ပြီး အသားညိုတယ်၊ ခြေထောက်တွေ ရှည်လျားပြီး အာရုံခံစားလွယ်တဲ့ ရှည်လျားတဲ့ လက်ချောင်းတွေ ရှိတယ်။ သူတို့နှစ်ယောက်ဟာ Popeye မဂ္ဂဇင်းထဲက လူတွေထက် အများကြီး ပိုကြည့်ကောင်းတယ်။ သူတို့နှစ်ယောက်က ကျွန်တော့်ကို ကျွန်တော် ဘာမှန်းမသိတဲ့ ပုံနဲ့ လှမ်းကြည့်ကြတယ်။ ဒါပေမဲ့ အနည်းဆုံးတော့ ကျွန်တော်ဟာ ဝပြီး ရုပ်ဆိုးတာကြောင့် ဘယ်သူ့ကိုမဆို ရယ်ချင်စေမိလောက်တယ်။ အိုး... သူတို့မျက်လုံးတွေကိုလည်း ကြည့်လိုက်ပါဦး။

အသတ်ခံရတော့မယ့် ဝက်တစ်ကောင်ကို ကြည့်နေတဲ့ သားစပ်ခြံထဲက မြင်းသိုး တွေလိုပဲ။

“မင်းက ကောလိပ်ကျောင်းသားလား”

လို့ တစ်ယောက်က မေးတယ်။ ကျွန်တော် အောက်ကိုငုံ့ပြီး ခေါင်းခါ လိုက်တယ်။ ဆာကူမာကျိုကိုက ကျွန်တော့်အတွက် ဖြေပေးပါတယ်။

“သူက ဟိုက်စကူးတက်တုန်းပဲ၊ ဟုတ်တယ် မဟုတ်လား”

“ဟိုက်စကူး ဟုတ်လား၊ မင်းက ဟိုက်စကူး ကျောင်းသားတစ်ယောက် အတွက် တော်တော်ကြီးနေပြီ”

အဲဒီ မြင်းသိုးကောင်က ကျွန်တော့်ကို အလွတ်မပေးပါဘူး။

“မင်း အသက် ဘယ်လောက် ရှိပြီလဲ”

ဆယ့်ရှစ်။ ကျွန်တော် လိမ်လိုက်တယ်။

“မနောက်နဲ့၊ မင်းပုံစံက အသက်နှစ်ဆယ် ကျော်နေပြီ”

သူက ချီဗက်စ်ရီဂယ်ကို ရေနဲ့ သောက်နေပါတယ်။ သူ့ရဲ့ အားနေတဲ့ လက်တစ်ဖက်က ဆာကူမာကျိုကိုရဲ့ ပခုံးပေါ်ကို ရောက်လို့ နေပါတယ်။ ကျွန်တော် အရက်မသောက်ပေမယ့် ချီဗက်စ်ရီဂယ်ကို သိပါတယ်။ အဲဒီ အကြောင်းကလည်း ဝမ်းနည်းစရာ ကောင်းပါတယ်။

အမေဟာ မြေရှင်ကြီးတစ်ယောက်ရဲ့ သမီးဖြစ်ပေမယ့် တကယ့်ကို ကပ်စေးနဲ့ ကော်တရာ တစ်ယောက်ပါ။ အမေသိတာ ဆိုလို့ အလုပ် ဘယ်လို လုပ်ရမလဲ ဆိုတာပဲ ရှိပါတယ်။ ဒါပေမဲ့ ပြီးခဲ့တဲ့နှစ်တုန်းက အမေဟာ ပထမဆုံး အကြိမ်အဖြစ် နိုင်ငံခြား သွားခဲ့ရပါတယ်။ အမေဟာ ဟောင်ကောင်နဲ့ စင်ကာပူ ကို ရောက်ခဲ့ပါတယ်။ ဒီလောက် ပြောရတာတောင် တော်တော်လေး ဝမ်းနည်း ဖို့ ကောင်းနေပါပြီ။ အဆိုးဆုံးအပိုင်းကတော့ အမေဟာ သူတို့ရဲ့ နှစ်ပတ်လည် နေ့မှာ အဖေနဲ့အတူ သောက်ဖို့ ချီဗက်စ်ရီဂယ် သုံးလုံး ဝယ်လာခဲ့တာပါပဲ။ ဝယ် လာတဲ့ နေ့မှာပဲ အဖေက တစ်လုံးကုန်အောင် သောက်လိုက်ပါတယ်။ နောက်နေ့မှာ သူနဲ့ သူ့ရဲ့ မာကျောက် ကစားဖက် သူငယ်ချင်းတွေက နောက် တစ်လုံးကို သောက်လိုက်ပါတယ်။ နောက်ဆုံးကျန်တဲ့ တစ်လုံးကိုတော့ အဖော်

အချွတ် ကချေသည် တစ်ယောက်ရဲ့ တိုက်ခန်းမှာ သောက်ပစ်လိုက်ပါတယ်။ Chivas Regal ကို ကျွန်တော် အဲဒီလို သိတာပါ။ မြင်းသိုးနှစ်ကောင်ကတော့ ကျွန်တော့်ကို ခေါင်းမူးစေတဲ့ ရေမွှေးနံ့စူးစူးတွေ ဆွတ်ထားတဲ့ မိန်းမတွေရဲ့ ပခုံးတွေပေါ် လက်တင်ထားပြီး အေးအေးဆေးဆေးနဲ့ ဟာဒီ ဝမ်းနည်းဖွယ်ရာ ကောင်းလွန်းတဲ့ ဝီစကီတွေကို သောက်လို့ နေပါတယ်။

“ချမ်းသာတဲ့ ကောင်လေးတစ်ယောက်အနေနဲ့ နင့်ပုံစံက စုတ်ပြတ်နေတာပဲ”

လို့ ဆိုင်အလှဆင် အရုပ်မက ပြောတယ်။

“နင် စကားမပြောတတ်ဘူးလား၊ တစ်ခုခု ပြောစမ်းပါ”

သူမဟာ မလိုတမာမှုတွေ ပြည့်လျှံနေသလိုပဲ။ ကျွန်တော် ခေါင်းငုံ့ပြီး ပခုံးကို ကိုင်းလိုက်ပါတယ်။

“ဟော့”

လို့ သူမက ပြောတယ်။

“ရယ်စရာ တစ်ခုခု ပြောစမ်းပါ၊ ဘာဖြစ်ဖြစ်”

ပြီးတော့ သူမ ရယ်တယ်။ တကယ့်ကို အသံအကျယ်ကြီးနဲ့။ သူတို့ အားလုံး ရယ်ကြတယ်။ ကျွန်တော် လေထဲ မြောက်တက်သွားတော့မလို ခံစားရတယ်။ ကျွန်တော့် နှလုံးသားက တဒိတ်ဒိတ် ခုန်နေတယ်။ ကျွန်တော့် မျက်လုံးတွေထဲမှာ မျက်ရည်တွေ။

“မသောက်ဘူးလား”

ကျွန်တော် ခေါင်းခါပြလိုက်တယ်။

“အဲဒါဆို ဒီကို ဘာလာလုပ်တာလဲ၊ လိမ္မော်ရည် သောက်ချင်ရင် အပြင်က အရောင်းစက်ထဲမှာလည်း ရှိတယ်”

လူတိုင်း ရယ်ကြပြန်တယ်။ ကျွန်တော် ဒေါသထွက်သွားတယ်။ ကျွန်တော် ဘီယာသောက်မယ်လို့ ပြောလိုက်တယ်။ သူတို့အားလုံး အားပေးကြတယ်။ ကျွန်တော့် ဘဝရဲ့ ပထမဆုံးဘီယာကို ကျွန်တော် သောက်လိုက်တယ်။

နောက်ထပ် ကျွန်တော် မှတ်မိတာက ကျွန်တော်ဟာ ကာရာအိုကေ ဖန်သားပြင်ရှေ့မှာ မိုက်ခရိုဖုန်းကိုင်ပြီး သီချင်းဆိုနေတာပါပဲ။ ကျွန်တော့် ခန္ဓာကိုယ်တစ်ခုလုံးဟာ အာရုံခံစားမှု ကင်းမဲ့တဲ့အထိ ထုံထိုင်းလို့ နေတယ်။ ကျွန်တော့်ရဲ့ ဦးနှောက်ရောပဲ။ အိပ်မက်တစ်ခုရဲ့ အလယ်ကို ရောက်နေသလိုပဲ။ အဲဒီအိပ်မက်က မကောင်းတဲ့ အိပ်မက်တော့ မဟုတ်ဘူး။ ‘ဝိုင်အနီရောင် နှလုံးသား’ သီချင်းကို ကျွန်တော် ဆိုလိုက်တယ်။ ကျွန်တော် သီချင်းဆိုနေရင်းနဲ့ ဆာကူမာကျိုကိုကို တည့်တည့် ကြည့်လို့နေတယ်။ သူမရဲ့ မျက်နှာ အမူအရာက တဖြည်းဖြည်းချင်း ပြောင်းလာတာ ကျွန်တော် တွေ့လိုက်ရတယ်။ သီချင်း ဒုတိယအပိုဒ် ဆိုလို့ပြီးချိန်မှာ သူမ ကျွန်တော့်ဆီကို လျှောက်လာတယ်။ သူမရဲ့ မျက်လုံးထောင့်တွေက အရင်ကထက် အများကြီး စွေစောင်းလို့နေတယ်။ သူမရဲ့ ပါးတွေ တဆတ်ဆတ် တုန်ခါလို့ နေတယ်။ သူမဟာ မိုက်ကို ယူလိုက်ပြီး သီချင်းပိတ်လိုက်တယ်။ ဘားတစ်ခုလုံး တိတ်ဆိတ်လို့ သွားတယ်။

“အဲဒါ နင်ပဲ”

လို့ သူမ ပြောတယ်။ ကျွန်တော် ပါးစပ်ဟလျက်သားနဲ့ ထိုင်လို့နေတယ်။

“ငါ့ဆီကို တစ်လျှောက်လုံး ဖုန်းဆက်နေတာ နင်ပဲ”

ကျွန်တော့် ပါးစပ်ကို ကျွန်တော့်လက်တွေနဲ့ အုပ်လိုက်တယ်။ ဒါပေမဲ့ နောက်ကျသွားခဲ့ပါပြီ။ သူမ ကျွန်တော့် ပါးကို ခပ်ပြင်းပြင်း ရိုက်တယ်။ အသံအကျယ်ကြီး ထွက်သွားတယ်။

“ရုက်တတ်ရင် လဲသေသင့်တယ်၊ ငါ ဘယ်လို ဖြတ်သန်းခဲ့ရတယ် ဆိုတာ နင် သိလား၊ အိမ်မှာ ကလေးတွေ ရှိတယ်၊ ငါ- ငါ ဘာလုပ်မလဲ သိလား၊ မနက်ဖြန်မနက် အရင်ဆုံးလုပ်ရမှာက နင့်အမေကို သွားပြောဖို့ပဲ၊ ငါ့မှာ တိပ်ခွေတွေ ရှိတယ်၊ နင့်အမေကို နားထောင်ခိုင်းမယ်၊ ငါပြောတာ နားလည်လား”

သူငယ်ချင်းတွေနဲ့အတူ သူမ ထွက်လို့သွားတယ်။ ကမ္ဘာကြီး တစ်ခုလုံးက ကျွန်တော့်မျက်စိရှေ့ ရွှေ့လာတယ်။ ရုတ်တရက် အရာအားလုံးဟာ အဝေးကြီး ဖြစ်လို့သွားတယ်။ မှန်ဘီလူးကို ပြောင်းပြန် ကြည့်လိုက်မိသလိုပါပဲ။ ကျွန်တော် တစ်ယောက်တည်း။ ဆိုင်ရှင်အဘွားကြီးနဲ့ တခြား စားသုံးသူတွေ ရှေ့တည့်တည့်မှာ ကျွန်တော် မျက်ရည်တွေ ပိုးပိုးပေါက်ပေါက် ကျလို့ နေပါတယ်။

ကျွန်တော် ငိုနေရင်းနဲ့ တချို့အရာတွေကို ပြန်အမှတ်ရလို့ နေတယ်။ ကျွန်တော့် အဖေက ကျွန်တော့်ကို ရိုက်ပြီးရင် အမေက ကျွန်တော့်ရဲ့ ပေါက်ပြဲ ဒဏ်ရာတွေကို ဘယ်လို ဆေးထည့်ပေးတာ၊ ပြီးတဲ့နောက် ကျွန်တော့်ကို အရုပ်တွေ ဝယ်ပေးတာတွေကို ကျွန်တော် ပြန်မှတ်မိလို့နေတယ်။ အမေက ကျွန်တော့်ကို စက်ဘီးတစ်စီး၊ ကလေးစီးကားတွေ၊ ဘော့စ်ဘော လက်အိတ်တစ်စုံနဲ့ ပုံဆွဲစာအုပ်တွေ ဝယ်ပေးခဲ့တာတွေကို ကျွန်တော် ပြန်အမှတ်ရလို့နေတယ်။ ပြီးတော့ အမေက ကျွန်တော့်ကို ဘူတာရှေ့က သစ်သီးဆိုင်တစ်ဆိုင်ကို ခေါ်သွားပြီး ကျွန်တော်စားချင်သမျှ အချို့တွေ စားခွင့်ပြုခဲ့တာတွေကို သတိရမိတယ်။ ကျွန်တော် အော်လိုက်တယ်။ အမေရေ ကယ်ပါ၊ အမေရေ ကယ်ပါ၊ အမေ ကယ်ပါလို့ အော်ပြီး ကျွန်တော် အပြင်ကို ပြေးထွက်လာခဲ့တယ်။

ဆာကူမာကျိုကိုရဲ့ စကားတွေက ကျွန်တော့် ခေါင်းထဲမှာ ဝဲပျံလို့နေတယ်။

မနက်ဖြန်

မနက်ဖြန်

မနက်ဖြန် ငါ ပြောတော့မယ်

ငါ ပြောတော့မယ်

နင့်အမေကို ပြောမယ်

နင့်အမေကို

နင့်အမေကို

ကျွန်တော် အိမ်ကို ပြန်လာခဲ့တယ်။ ခြံနောက်ဘက်ထဲမှာ ဟိုလျှောက် ဒီလျှောက် အကြောကြီး လုပ်နေခဲ့တယ်။ ဘာလုပ်ရမယ်မှန်း ကျွန်တော် မသိဘူး။ နောက်ဆုံးတော့ ကျွန်တော် ကားဂိုဒေါင်ထဲ ရောက်သွားပြီး အိမ်က ထရပ်ကားမှာ သုံးတဲ့ ခွထောက်အရှင်ကြီး တစ်ခုကို ကောက်ယူလိုက်တယ်။ ကျွန်တော် ဖြည်းဖြည်းချင်း လမ်းလျှောက်လာရင်းနဲ့ လမ်းမပေါ်ကို ရောက်လို့လာတယ်။ ကျွန်တော်နဲ့ သိတဲ့ ရဲတစ်ယောက် စက်ဘီးစီးလာတာနဲ့ သွားတိုးတယ်။ သူက ကျွန်တော်တို့ဆိုင်မှာ ဗူလ်ကန် ဆံပင်သန်ဆေး ဝယ်နေကျ လူငယ်တစ်ယောက်ပါ။

“ဟေ့၊ ဘယ်သွားမလို့လဲ”

သူငယ်ချင်းတစ်ယောက်အိမ်ကို။

“လက်ထဲက ဘာကြီးလဲ”

ခွထောက်ရှင်ပါ။

“အဲဒါကြီးနဲ့ ဘာလုပ်မလို့တုံး”

သူငယ်ချင်းက ယူခဲ့ဆိုလို့။

“ကောင်းပြီလေ၊ အဲဒါကြီးနဲ့ တစ်ယောက်ယောက်ကိုတော့ မထုလိုက်နဲ့နော်”

ဗူလ်ကန် မလိမ်းဘူးလား။

“တာဝန်ချိန်ဆို မလိမ်းပါဘူး”

စကားပြောနေတုန်း ကျွန်တော် ပြုံးလို့နေခဲ့တယ်။ ဆာကူမာကျိုကိုလို ချောမောလှပတဲ့ မျက်လုံးတွေနဲ့ မိန်းမတစ်ယောက်က အမွေလို ရုပ်ဆိုးဆိုးနဲ့ အမျိုးသမီးတစ်ယောက်ကို ငိုအောင် လုပ်တာဟာ မကောင်းပါဘူး။ တကယ်လို့ ကျွန်တော်ဟာ အရမ်းကို ထူးခြားတယ်ဆိုရင် မသင့်တော်တဲ့ အရာတစ်ခုကို ပြန်ပြင်ပေးဖို့ ဆိုတာ ကျွန်တော့်သဘောပဲ ဖြစ်ရမှာပေါ့။ ကျွန်တော် ကွန်ဒိုရဲ့ တံခါးရှေ့မှာ ရပ်ပြီးတော့ ခေါင်းလောင်းတီးလိုက်ပါတယ်။ ယောကျ်ားဖြစ်သူက တံခါးဝကို ထွက်ကြည့်ပါတယ်။ သူ့ကို ကျွန်တော့်နာမည်နဲ့ တောင်းပန်ဖို့ လာတာလို့ ပြောလိုက်ပါတယ်။ တံခါးမှာ ချိန်းကြိုး တပ်ထားပါတယ်။ ဒါပေမဲ့ ဟနေတဲ့ ကြားကနေ သူ့မျက်နှာကို ရိုက်လိုက်ပြီး အော်လိုက်ပါတယ်။ ငရဲကို သွားလိုက်သေလိုက် မျိုးမစစ်ကောင်။ ခွထောက်ရှင်ကို သူ့မျက်နှာဆီ ထိုးရိုက်လိုက်တယ်။ မျက်နှာတွေက အဲဒီလောက် နူးညံ့မှန်း ကျွန်တော် မသိခဲ့ဘူး။ အူထရာမန်းလိုမျိုးလို စူပါပါဝါတွေ ကျွန်တော့်မှာ စဖြစ်နေပြီလားလို့တောင် ကျွန်တော် တွေးမိတယ်။ ချိန်းကြိုးပြတ်ထွက်သွားပြီး သူ့မျက်နှာကို ထိသွားတယ်။ သူဟာ ကြမ်းပြင်ပေါ် မှောက်ကျသွားတယ်။ ကြေမွသွားတဲ့ဖရဲသီး တစ်လုံးလို ဖြစ်သွားတဲ့အထိ ကျွန်တော် သူ့ရဲ့ ခေါင်းအနောက်ဘက်ကို ရိုက်ချလိုက်တယ်။ ကလေးလေးနှစ်ယောက်ဟာ ပါးစပ်မှာ သွားတိုက်တံတွေ ကိုက်လျက်သားနဲ့ ငေးကြည့်

လို့နေတယ်။ သူတို့ခေါင်းတွေက ပိုလို့တောင် ပျော့သေးတယ်။ ဗွက်ထဲ ကို နင်း လျှောက်ရသလို အသံမြည်သွားတယ်။

“တော်တော့၊ ဒီနေရာကို ငါ နားမလည်ဘူး၊ ဘာ့ကြောင့် အဲဒီ အမျိုးသမီး ကို မင်း မရိုက်လိုက်တာလဲ၊ အမျိုးသမီးကို မရိုက်ဘဲ ဘာလို့ တီဗွီကို ရိုက်လိုက် တာလဲ”

ဆာကူမာကျိုကိုဟာ ပန်းရောင် ညအိပ်ဝတ်စုံကိုဝတ်ပြီး ပါးစပ် အဟောင်းသားနဲ့ ဧည့်ခန်းထဲမှာ တွားသွားလို့နေတယ်။ သူမရဲ့ လည်ချောင်းက နေ ကြို့ထိုးသံ ထွက်လို့လာတယ်။

အဲဒီအချိန်မှာပဲ ကျွန်တော် ဒီအသံ ကြားလိုက်ရတယ်။ ပြေးထား၊ တာ ကာဟာရှီ။

တီဗွီမှာ ဘော့စ်ဘော အစီအစဉ်ဖြစ်တဲ့ ပရိဘော့စ်ဘော အစီအစဉ် လာနေ ပါတယ်။ ကာ့ပ်နဲ့ ဘရော့ဗ်အသင်းတို့ ကစားခဲ့တဲ့ ပွဲထဲက အကောင်းဆုံး ကစားကွက်တွေကို ပြန်ပြနေတာ ဖြစ်ပါတယ်။ ကိုတာယာကာဝါက ဟစ်ရပြီး တာကာဟာ ရှီယိုရှိဟီကိုက တတိယမြောက် လွန်းထိုး ပြေးလို့နေတယ်။ အဲဒီ အချိန်မှာ ကျွန်တော် အော်သံတစ်သံကို ကြားလိုက်ရတာပါပဲ။ အဲဒီအသံကို ကြားလိုက်ရချိန်မှာ ကျွန်တော် အားလုံးကို နားလည် သဘောပေါက်လို့ သွား တယ်။ လူတွေက ကျွန်တော့်ကို ဘာလို့ရယ်တာလဲ ဆိုတာနဲ့ အနားအကပ် မခံ ချင်တာကို ကျွန်တော် နားလည်သွားတယ်။ ဘာကြောင့်လဲဆိုတော့ ကျွန်တော် က ဝပြီး နေးတယ်၊ ဉာဏ်ထိုင်းတာကြောင့်ပါပဲ။ ဟိုး ကျောက်ခေတ်တုန်းက ကျွန်တော်တို့ အားလုံးဟာ မုဆိုးတွေ ဖြစ်ခဲ့ကြပါတယ်။ ဒါပေမဲ့ ကျွန်တော့်လို လူတွေကတော့ လေးလံပြီး ပုံပန်းမကျတာကြောင့် ဘယ်ကစားပွဲမှာမှ ပါလို့ မ ရပါဘူး။ အဲဒါကြောင့် လူတိုင်းက ကျွန်တော်တို့ကို အနိုင်ကျင့်တယ်၊ ရှောင်ကြဉ်ကြတယ်။ ကျောက်ခေတ်ဟာ နှစ်ထောင်ပေါင်းများစွာ၊ နှစ် ထောင်ပေါင်းများစွာ ဆက်လက် တည်ရှိနေခဲ့တာကြောင့် အဲဒီ မှတ်ဉာဏ်တွေ ဟာ ကျွန်တော်တို့ဆီမှာ ရှိနေဆဲပဲ ဖြစ်ပါတယ်။ အခုချိန်မှာ ကျွန်တော်တို့တွေ အားလုံးဟာ တန်းတူညီမျှ ဖြစ်နေပြီလို့ ပြောကြပေမယ့် အဲဒါ မမှန်ပါဘူး။ အဲဒီ မှတ်ဉာဏ်တွေက ကျွန်တော်နဲ့ အမှေလို လူတွေကို လူတွေက ဘာ့ကြောင့် ရ မည်ရွာကြသလဲ ဆိုတာပါပဲ။

တာကာဟာရှိ ပြေးနေတာဟာ အရမ်းလှတယ်။ ကျွန်တော့်ကို ကြက်သီးတွေပါ ထစေတယ်။ တာကာဟာရှိ၊ ကားလ်လူးဝစ်စ်၊ ဂျွန်မက်အန်ရိုးတို့လို လူတွေဟာ သူတို့ ပြေးနေတာကို ကြည့်မိရုံနဲ့တင် လူတွေကို နေလို့ထိုင်လို့ ကောင်းမွန်စေတယ်။ အဲဒါကြောင့်ပဲ အဲဒီလူတွေဟာ ကျွန်တော်တို့ကို ကောင်းမွန်မှုတွေ ပေးစွမ်းနိုင်ကြတာ ဖြစ်ပါတယ်။ ဒီမှတ်ဉာဏ်က ကျွန်တော့်ကို ပျော်ရွှင်စေတယ်။ ကြမ်းပြင်ပေါ်မှာ တွားသွားပြီး လွတ်မြောက်ဖို့ ကြိုးစားနေတဲ့ ဆာကူမာကျိုကိုကို ကျွန်တော် လျစ်လျူရှုထားလိုက်ပြီး တီဗွီကို ရိုက်ခွဲလိုက်တယ်။ ကျွန်တော်ဟာ တစ်ကမ္ဘာလုံးကို ရိုက်ခွဲလိုက်သလို ခံစားရလိုက်တယ်။

“ဘာဖြစ်လို့ တီဗွီကို ရိုက်ခွဲလိုက်တာလဲ၊ မင်း ရှင်းပြဖို့ ငြင်းဆန်နေတုန်းပဲလား”

ဒါကို နားလည်နိုင်တာ ကျွန်တော် တစ်ယောက်တည်းပဲ ရှိတာ ဖြစ်ကောင်း ဖြစ်နိုင်ပါတယ်။ ဒါပေမဲ့လည်း “ပြေးထား၊ တာကာဟာရှိ” လို့ အော်လိုက်တာ ဘယ်သူများလဲလို့ ကျွန်တော်တွေးမိတယ်။ အဲဒီအသံက အမျိုးသမီးတစ်ယောက်ရဲ့ အသံဖြစ်ကောင်း ဖြစ်နိုင်ပါတယ်။ ဆာကူမာကျိုကိုကတော့ အဲဒီလို အော်နိုင်တဲ့ အနေအထားမှာ မရှိပါဘူး။ တီဗွီမှာလာနေတဲ့ ဘော့စ်ဘောပွဲကို ကြည့်နေတဲ့ ပွဲကြည့်ပရိသတ် တစ်ယောက်ယောက် အော်လိုက်တာလည်း ဖြစ်ကောင်းဖြစ်နိုင်ပါတယ်။ ဒါပေမဲ့ ကျွန်တော် သိသလောက်တော့ ကျွန်တော်လည်း ဖြစ်ကောင်း ဖြစ်နိုင်တာပဲ။ ဒါပေမဲ့ ဘာကြောင့် အမျိုးသမီးအသံ ဖြစ်နေရတာလဲ။ ကျွန်တော် နားလည်တာထက် ကျွန်တော်ဟာ ပိုစိတ်ရှုပ်ထွေးနေတာလည်း ဖြစ်ကောင်း ဖြစ်နိုင်ပါတယ်လေ ……။

❑

(Each time I read your confession

by Ryū Murakami)

ဥဿဖရား

သူနဲ့ကျွန်မ လမ်းမှာ ဆုံတော့ ကျွန်မရဲ့ ကိုယ်တွင်းအင်္ဂါတွေ ပေါက်ကွဲထွက်တော့မလို ဖြစ်ပြီး လမ်းပေါ်မှာတင် လဲကျတော့မယ်လို့ ထင်မိပါတယ်။ ကျွန်မ ဘယ်လိုမှ သည်းမခံနိုင်တဲ့ ဖောက်သည်မျိုးနဲ့ ကြုံခဲ့ရပြီး အကြီးအကျယ် စိတ်ပျက်ရပြီးနောက် အထူးသဖြင့် အခုလို စနေနေ့လယ်မျိုးမှာ ကျွန်မပေါ် ကျရောက်နေတဲ့ သက်ရောက်မှုက အကျိုးအကြောင်း ရှိပါတယ်။ ကျွန်မ ရုံးကို ပြန်သွားချင်စိတ် မရှိသေးပါဘူး။ စိတ်ပြန်ရှင်လာအောင် အစားကောင်း တစ်ခုခု စားမယ်လို့ ဆုံးဖြတ်လိုက်ပါတယ်။ အေအိုယာမ စျေးဆိုင်တန်းဘက်ကနေ လမ်းလျှောက်လာတဲ့ တစ်လျှောက်လုံး အဲဒီလူအကြောင်းကိုပဲ ကျွန်မ စဉ်းစားလို့ နေပါတယ်။ သူ့ကို အဆိုတော်၊ တေးရေးဆရာအဖြစ် လူသိများပါတယ်။ ဒါပေမဲ့ သူက ရုပ်ရှင်လည်း ရိုက်တယ်၊ ပန်းချီလည်း ဆွဲတယ်၊ တခြားဟာတွေလည်း လုပ်တယ်။ တစ်ခါတလေ ဝတ္ထုပါ ရေးလိုက်သေးတယ်။ အခုဆိုရင် သူဟာ အသက်လေးဆယ်ကျော်ပြီ။ ဒါပေမဲ့ သူက အမြဲတမ်း ကြည့်ကောင်းတယ်။

ကျွန်မရဲ့ ကိုယ်တွင်းအင်္ဂါတစ်ခု ပေါက်ကွဲ ထွက်ပြီးပြီးချင်းမှာပဲ သူဟာ အနီရောင် စပေါ့ကားထဲ ဝင်သွားပါတယ်။ ကျွန်မ မတ်တပ်ရပ်ပြီး သူချန်ထားခဲ့တဲ့ ကိုယ်ရောင်ကိုယ်ဝါတွေကို ရှုသွင်းနေရင်း ကားကြောထဲမှာ သူ့ကား ပျောက်ကွယ်သွားတာကို ကြည့်လို့နေပါတယ်။ ကျွန်မ အခုမှ နေသာထိုင်သာ ရှိသွားတယ်။ ရယ်စရာကောင်းတဲ့ အတွေးတစ်ခု ခေါင်းထဲ ရောက်လို့လာတယ်။ ကျွန်မသာ ကျွန်မအမေ အသက်အရွယ်လောက် ရှိတဲ့လူ ဆိုရင် သူထွက်သွားတဲ့ လမ်းကြောင်း ဘက်ကို ခါးညွှတ်အရိုအသေ ပေးမိမယ် ဆိုပြီး တော့ပေါ့။

သူက အီတလီ စားသောက်ဆိုင်ဘေးက လက်ဝတ်ရတနာဆိုင်ကနေ ထွက်လာခဲ့တာ။ ကျွန်မ အဲဒီဆိုင်ထဲ ဝင်သွားလိုက်တယ်။ ခပ်ပိန်ပိန်၊ မုတ်ဆိတ်မွေးတွေနဲ့ အနောက်တိုင်းဝတ်စုံကို ဝတ်ထားတဲ့ မန်နေဂျာက ကျွန်မကို နှုးညံ့စွာ ပြုံးပြပြီး ကျွန်မ လက်တွေကို ကြည့်ပါတယ်။ “ဒီလိုလက်ချောင်းတွေက ဥဿဖရားနဲ့ ထိုက်တန်တယ်” လို့ သူက ပြောတယ်။

ကျွန်မ သူ့အကြောင်းပဲ စဉ်းစားနေမိတယ်။ စိတ်ထဲမှာ သူ့မျက်နှာ၊ ပန်းချီကားတွေနဲ့ ဂီတတွေပဲ ရောက်လို့နေတယ်။ 'ဥဿဖရား' ဆိုတဲ့ အသံကို ကြားတော့ သူ ပြောလိုက်တယ်လို့ပဲ ထင်မိတယ်။

အဲဒါကြောင့် ကျွန်မ သည်းမခံနိုင်တဲ့ ဖောက်သည်ဆီက ရတဲ့ ယန်း တစ်သောင်းတန် ငွေစက္ကူတွေကို ထုတ်လိုက်တယ်။ သူနဲ့ လွန်ခဲ့တဲ့ တစ်နာရီလောက်က အထပ်မြင့် ဟိုတယ်ခန်း တစ်ခန်းထဲမှာ တွေ့ခဲ့တာပါ။ သူဟာ ကျွန်မ ခန္ဓာကိုယ်ကနေ သူ့လမ်းကြောင်း သူ ယူသွားပါတယ်။ ကျွန်မ သူ့ကို ချွေးတွေ စေးကပ်ကပ်နဲ့ ချန်ထားခဲ့ပါတယ်။ ဒါပေမဲ့ ကျွန်မ လက်စွပ်ကို စွပ်လိုက်ချိန်မှာ ကျွန်မဟာ ဟိုအနုပညာရှင်ရဲ့ ကောင်မလေးလို့ ထင်မိပါတယ်။ ရှင် ထောက်ခံလို့ ကျွန်မ ဝယ်လိုက်ပြီလို့ ကျွန်မ ရေရွတ်မိပါတယ်။ ကျွန်မ ရေချိုးပြီးတာ နာရီဝက်လောက်ပဲ ရှိသေးပေမယ့် ကျွန်မရဲ့ အောက်ပိုင်းမှာ ၌ နစ်နေတယ်လို့ ခံစားရပါတယ်။ သုက်ပေနေတဲ့ ငွေစက္ကူသုံးရွက်နဲ့ ကျွန်မ ငွေချေလိုက်ပါတယ်။ အဲဒီနောက်တော့ ဗိုက်ဘရေတာ တုန်ခါစက် ကျွန်မဟာထဲ တစ်ချိန်လုံး အထည့်ခံခဲ့ရပြီး ဖောက်သည်ရဲ့ ခံတွင်းနံ့ဆိုးကို ခံခဲ့ရလို့ ဗိုက်နာပြီး တစ်နေကုန် ပင်ပန်းလေးလံ နေပေမယ့် ကျွန်မရဲ့အနုပညာရှင် ထွက်လာခဲ့တဲ့ အီတလီ စားသောက်ဆိုင်ရဲ့ ဆိုင်းဘုတ်နဲ့ မီနူးကို ကြည့်ပြီး အထဲဝင်ဖို့ ဆုံးဖြတ်လိုက်ပါတယ်။ ဘုရားကျောင်း တစ်ကျောင်းထဲ ဝင်လိုက်ရသလို ခံစားချက်လေး ဖြစ်မိပါသေးတယ်။ အရပ်ရှည်ရှည်နဲ့ စားပွဲထိုးက ကျွန်မကို ထောင့်က ခုံကို ပြပါတယ်။

"တစ်ခုခု သောက်မလား ခင်ဗျ"

လို့ သူက ပြောတယ်။ ကျွန်မ ဘီယာတစ်ခွက် မှာလိုက်တယ်။ သူ ကျွန်မကို ကြောင်ပေါက်စပုံ လှလှလေးပါတဲ့ မီနူးစာအုပ် ပေးတော့ ကျွန်မ အနုပညာရှင်ရဲ့ နာမည်ကို ထုတ်ပြောပြီး "သူ ဒီကို မကြာမကြာ လာတတ်တယ်လို့ ကြားတယ်၊ ဟုတ်လား" လို့ မေးလိုက်တယ်။ စားပွဲထိုးက နွေးနွေးထွေးထွေး ပြုံးပြီးတော့ "တကယ်တော့ ဒါ နှစ်လအတွင်း သူ့ကို ကျွန်တော်တို့ ပထမဆုံး တွေ့ရတာပါပဲ" လို့ ပြောတယ်။ စားပွဲထိုး အကြံပေးတဲ့ အရသာရည်နဲ့ နှပ်ထားတဲ့ ငါးလေးကို စားရင်း၊ ဘီယာသောက်ရင်း ကျွန်မဟာ အနုပညာရှင်ရဲ့ ကောင်မလေးအဖြစ် စိတ်ကူးစယဉ်ပါတော့တယ်။ ကျွန်မတို့ ဒီဆိုင်မှာ အေးအေးဆေးဆေး လာစားလေ့ ရှိတယ်။ မနေ့ညတုန်းက အိပ်ရာပေါ်မှာ တိရစ္ဆာန်တစ်ကောင် ပုံစံ

လို လုပ်ပြီး နောက်ဖြစ်သေးတယ်၊ စသည်ဖြင့်ပေါ့။ ဒါပေမဲ့ သူက နာမည်ကြီးပြီး လူတိုင်းက သူ့ကို မှတ်မိတာကြောင့် သူက မိနစ်အနည်းငယ်လောက် စောထွက်ပြီး လူခွဲပြန်ရတယ်။ ကျွန်မရဲ့ စိတ်ကူးလေးနဲ့ ပျော်နေတုန်းပဲ ရှိသေးတယ်၊ ကျွန်မရဲ့ ပေကျာက အသံ မြည်လာပါတယ်။

စက္ကူပုံးကို လွှစက်နဲ့ ဖြတ်လိုက်သလို စူးစူးရှရှအသံက ကျွန်မရဲ့ နှေခင်းဘက် အိပ်မက်ကို ဖျက်ဆီးသွားပါတယ်။ ကျွန်မမျက်နှာပေါ်က အပြုံးတွေ ပျောက်ကွယ်လို့ သွားပါတယ်။

ငွေရှင်းကောင်တာဘေးမှာ တယ်လီဖုန်း ရှိပါတယ်။ စာရွက်ရှည်ပေါ် တစ်ခုခု ရေးနေတဲ့ သဘောကောင်းတဲ့ စားပွဲထိုးဟာ ကျွန်မကို အလုပ်ရှုပ်ကြတယ်နော်၊ ကျွန်တော်တို့လို့ ပြောနေသလို ကိုယ်ချင်းစာတဲ့ အကြည့်နဲ့ လှမ်းကြည့်ပါတယ်။ မာမားစံရဲ့အသံကို ဖုန်းခွက်ထဲကနေ နားထောင်နေရင်း ကျွန်မဟာ ကျွန်မအမေရင်း လိင်ဆက်ဆံနေသလို ရှက်မိပါတယ်။ ကျွန်မရဲ့ နှလုံးက တဒိတ်ဒိတ် ခုန်နေပါတယ်။

“ဟဲ့ကောင်မ အကီကို ဘာတွေ လုပ်နေတာလဲ၊ စနေနေ့ ဆိုတာ နင် သိတယ်လေ၊ ဖုန်းက မပြတ်တမ်း လာနေတာ”

သူမရဲ့ ထူထဲပြီး ချွဲကပ်နေတဲ့ အသံက အင်းဆက်ကောင်တွေ စားတဲ့ အပင်တွေပေါ်က စေးကပ်နေတဲ့ အချွဲတွေလိုပါပဲ။ ကျွန်မရဲ့ နှေခင်းဘက် အိပ်မက်အပိုင်းအစတွေကို စုပ်ယူလိုက်ပြီး မှောင်မိုက်တဲ့ တွင်းနီနီထဲကို တွန်းချလိုက်ပါတယ်။ ကျွန်မ အသံသေးသေးလေးနဲ့ သူမကို တောင်းပန်လိုက်ပါတယ်။

“နင် အခု ဘယ်မှာလဲ၊ အေအိုယာမမှာပဲလား၊ စားနေလား၊ ကျို့တိုက ဆရာဝန်၊ ယိုရှိရဲ့ ဖောက်သည်ကို နင်သိတယ် မဟုတ်လား၊ ဒေါက်တာ ယာမာဂိရှိလေ၊ ယိုရှိက ဒီနေ့အလုပ် မလာဘူး၊ သူ ရာသီလာနေတယ်၊ နင့်ကို သူ့အစား လွှတ်မလို့၊ နှစ်နာရီလို့ ပြောတယ်၊ နင် သူနဲ့ အဆင်ပြေရင် ရေရှည်အတွက် ကောင်းတယ်၊ ယိုရှိဆို နောက်ထပ် နှစ်နာရီ၊ သုံးနာရီ အမြဲထပ်ရပြီး အပိုင်ငွေ နှစ်သောင်းလောက်နဲ့ ပြန်ပြန်လာတယ်၊ နင့်ကို ဟိုတယ်ကို အခုချက်ချင်း သွားစေချင်တယ်၊ အိုကေလား၊ နယူးအိုတာနီ ဟိုတယ်၊ သူက ဝမ်းချူမှာ ဆိုတော့ အများကြီး စားမသွားနဲ့၊ နေမကောင်း ဖြစ်မယ်”

ကျွန်မ ဖုန်းချလိုက်တော့ စားပွဲထိုးရဲ့ အပြုံး မရှိတော့ဘူးလို့ထင်တယ်။ ကျွန်မရဲ့ ပါးတွေ ထူပူသွားတယ်။ ကျွန်မဆိုင်ထဲက ထွက်လာတော့ ကျွန်မရဲ့ အနက်ရောင် အိတ်ကြီးထဲက လိင်ကိစ္စသုံး ကစားစရာတွေ အသံမြည်နေတာကို ကြားရတယ်။ ဖောက်သည် တစ်ယောက်ယောက်က ကျွန်မကို အရှက်ရ၊ နှိမ်ချတာတွေ လုပ်တဲ့အခါ ခံစားရတဲ့ ခံစားမှုကို ကျွန်မ ရနေတယ်။ ကျွန်မရဲ့ အိပ်မက်လေးထဲက အကြွင်းအကျန်တွေကို ကျွန်မ လိုက်ရှာလို့နေတယ်။ ဒါပေမဲ့ အခုချိန်မှာတော့ ဘာမှ မကျန်တော့ပါဘူး။

※※※

ယာမာဂီရှီ ဆိုတဲ့ ဖောက်သည်ဟာ အသက် သုံးဆယ်ကျော်ကျော်ပဲ ရှိပါသေးတယ်။ အရပ်ရှည်ပြီး ခန္ဓာကိုယ် ကျစ်လျစ်တယ်။ ကျွန်မ မကြိုက်တဲ့ ပုံစံမျိုး မဟုတ်ပါဘူး။ သူ့မျက်နှာက ကြည့်ကောင်းပြီး စန္ဒရားဆရာလို သွယ်လျတဲ့ လက်ချောင်းတွေ ရှိတယ်။ သူဟာ ကျွန်မ တစ်ခါမှ အနုံမရဖူးတဲ့ ကိုလုံးရေမွှေးဆွတ်လို့ထားတယ်။ အဲဒါတွေကြောင့် သူ့ရှေ့မှာ အဝတ်အစားတွေ ချွတ်တော့ ကျွန်မ ရှက်လို့နေတယ်။

“ကျွန်မတို့ အမှောင်ထဲမှာ လုပ်လို့ ရမလား” လို့ ကျွန်မ မေးလိုက်တယ်။ သူက ရယ်ပြီး မီးတွေ အကုန်ပိတ်လိုက်တယ်။ ဒါပေမဲ့ လိုက်ကာတွေ အားလုံးကို ဖွင့်လိုက်ပြီး ကျွန်မကို နယူးအိုတာနီတာဝါရဲ့ ကွေးညွှတ်တဲ့ ပြတင်းပေါက်နားမှာ မတ်တတ်ရပ်ဖို့ ပြောတယ်။ ညနေခင်းနေက အခန်းထဲကိုဝင်လို့နေတယ်။ အောက်က ရှူတိုလမ်းမကြီးမှာ ကားတွေ၊ ထရပ်ကားကြီးတွေဟာ ကြက်သီးထစရာ ကောင်းတဲ့ ခူကောင်တွေ၊ ကင်းခြေများတွေနဲ့ တူလို့နေပါတယ်။

ပြီးတဲ့နောက် သူဟာ သူ့ရဲ့ လက်ဆွဲအိတ်ထဲက ငွေရောင် ရေချိုးခန်းသုံး ခေါင်းစွပ်ကို ထုတ်ပြီး ကျွန်မဆံပင်တွေကို ချည်ထားဖို့ ပြောပါတယ်။ “မင်းမျက်နှာက တော်တော့်ကို ကြီးတာပဲ” လို့ သူက ပြောပါတယ်။ ကျွန်မဟာ ဒေါက်မြင့် ဖိနပ်စီးပြီး အတွင်းခံဘောင်းဘီ၊ ဘရာတို့နဲ့ မတ်တတ်ရပ်နေတာပါ။ သူက ရေခဲသေတ္တာထဲက ဘီယာတစ်ဘူး ထုတ်ပြီး တစ်ကျိုက် သောက်လိုက်ပါတယ်။ “ဖင်ကို လှုပ်၊ အလုပ်ခံချင်တာ သေမတတ် ဖြစ်နေပေမယ့် ကိုယ့်ကိုယ် ကိုယ် အရှက်ကြီး ရှက်နေတဲ့ ရုံးဝန်ထမ်း ကောင်မလေးတစ်ယောက်လို အတွင်းခံတွေကို ချွတ်လိုက်” လို့ သူက ပြောပါတယ်။

နေရောင်ကြောင့် ပူနေတဲ့ ကျွန်မရဲ့ တင်ပါးကို ဆုံလည်ပုံစံ လှည့်လိုက်ပါတယ်။ ဒါပေမဲ့ သူက “ဘာလုပ်နေတာလဲ၊ နင် လုပ်နေတာ လေ့ကျင့်ခန်း လုပ်နေသလိုပဲ” လို့ ပြောတော့ ကျွန်မ ရယ်မိပါတယ်။ သူက ဘီယာဘူးကို စားပွဲပေါ် ဆောင့်ချလိုက်ပြီး ကြောက်စရာ မျက်နှာပေးနဲ့ “မရယ်နဲ့၊ ကောင်မ” လို့ အော်ပြောပါတယ်။ သူ ကျွန်မဆီ လမ်းလျှောက်လာပြီး ကျွန်မရဲ့ဘရာကို ဆောင့်ဆွဲလိုက်တယ်။ သူ့လက်ချောင်းတွေနဲ့ ကျွန်မရဲ့ နို့သီးတွေကို ဖျစ်ညှစ်ပါတယ်။

“ဒီမှာ ဒါက နင်၊ ဒီမှာ၊ ဒီမှာ”

လို့ သူက ပြောပါတယ်။ ကျွန်မကို ဆုပ်ညှစ်ပါတယ်။

“နင်က ရယ်ရဲသေးတယ် ဟုတ်လား၊ ငတုံးမ”

လို့ သူက ပြောပါတယ်။

“နင်က ဘာကောင်မမှ မဟုတ်ဘူး ဆိုတာကို နားလည်လား၊ နင့်မှာ ကိုယ်ပိုင်အမှတ်အသား မရှိဘူး၊ နင့်ရဲ့ ချီးစား ဦးနှောက်ကလည်း ကိုယ်ပိုင်အမှတ်အသား ဆိုတာ ဘာမှန်း သိမှာ မဟုတ်ပါဘူး၊ နင့်မှာ မရှိဘူး၊ နင်က ဘာကောင်မမှ မဟုတ်ဘူး၊ ဘာမှ မဟုတ်တဲ့ လူက ခံစားချက်တွေ ဘယ်လို ရှိမလဲ၊ ဘယ်လို ရယ်မလဲ”

သူက ကျွန်မရဲ့ နို့သီးတစ်လုံးကို ညှစ်နေတုန်းပဲ။ လက်တစ်ဖက်က ကျွန်မရဲ့ ပေါင်ကြားကို ဆောင့်ထိုးလို့နေတယ်။ အရမ်းနာလို့ ကျွန်မ သေးပေါက် ချင်လာတယ်။ ဒါပေမဲ့ သူ ကျွန်မကို ထပ်အော်မှာကြောက်လို့ အောင့်ထားလိုက်တယ်။ ကျွန်မ ခေါင်းငုံ့ပြီး တောင်းပန်ပါတယ်လို့ ထပ်တလဲလဲ ပြောလို့နေတယ်။

“နင် စဉ်းစားရင် ဒါတွေ၊ ဒါတွေကိုပဲ စဉ်းစားရမယ်၊ နားလည်လား၊ နင့် စောက်ခေါင်းကို ညိတ်၊ သေစမ်း”

နောက်ဆုံးတော့ သူ လက်လွှတ်လိုက်ပြီး ဆိုဖာပေါ် ပစ်ထိုင်လိုက်တယ်။ ကျွန်မရဲ့အောက်ပိုင်းက နာကျင်လွန်းလို့ တုန်နေဆဲပဲ။ ကျွန်မ သူ့ရှေ့မှာ ဒူးထောက်ထိုင်လိုက်ပြီး သူ့ခြေချောင်းတွေကို တစ်ချောင်းပြီး တစ်ချောင်း ကျွန်မပါးစပ်ထဲ ထည့်လိုက်တယ်။ သူ့ကို ခွင့်လွှတ်ဖို့ တောင်းပန်နေရတယ်။ သူ့ရဲ့

ခြေထောက်တစ်ဖက်ကို ခေါင်းစွပ်ပေါ်တင်ပြီး မိုးလေဝသသတင်း ကြေညာသူလို ကြည်လင်၍ရွှင်မြူးတဲ့အသံနဲ့ ရယ်ပါတယ်။ မှန်ထဲမှာ ပေါ်နေတဲ့ ငွေရောင် ခေါင်းစွပ်ကို ကြည့်ပြီး ကျွန်မက ငတုံးတစ်ယောက် ဆိုတာ သိပါတယ်လို့ သူ့ကို ကျွန်မ ပြောပါတယ်။ နောက် သိပ်မကြာခင်မှာ ကျွန်မရဲ့ နို့သီးထိပ်တွေနဲ့ ကျွန်မပေါင်ကြားက အမို့အမောက်နဲ့ အက်ကွဲရာကသာ တကယ် အသက်ရှင်နေတဲ့ အရာတွေလို့ ကျွန်မ ခံစားမိလာတယ်။ အဲဒီနေရာတွေက ပြန့်ကားနေသလိုပဲ။ အန္တာတိက၊ ဒါမှမဟုတ် တခြားနေရာက ရေပေါ်ပေါ်နေတဲ့ ရေခဲတောင်ကြီးတွေလိုပဲ။ ကျွန်မရဲ့ နို့တွေနဲ့ ပူစီက အဲဒီလို ဖြစ်နေပုံရတယ်။ အဲဒါတွေက ကျွန်မရဲ့ ခန္ဓာကိုယ် တစ်ခုလုံးကို သိမ်းပိုက်ထားပြီး သူတို့ကိုယ်သူတို့ပဲ ပြသနေသလိုလို။ အဲဒီလို တွေးတွေးမိချင်းမှာပဲ တခြား မနှစ်မြို့ဖွယ် အတွေးတွေ အများကြီးပဲ ကျွန်မခေါင်းထဲ ရောက်လာခဲ့တယ်။ လွန်ခဲ့တဲ့ နှစ်လ လောက်ကထိ ကျွန်မနဲ့ တွဲနေခဲ့တဲ့ ကွန်ပျူတာ အဟောင်းသမားနဲ့ လိင် ဆက်ဆံရတာ ဘယ်လောက် ကောင်းသလဲ၊ ခေါင်းကနေ ခြေဖျားအထိ ပူစီကြီး ကြီးတစ်ခုလို ခံစားရတာကို ကျွန်မ အမှတ်ရမိတယ်။ ကျနေရဲ့ အလင်းရောင်မှာ ရောင်ပြန်နေတဲ့ ကျွန်မရဲ့ ချောမွေ့တဲ့ ငွေရောင် ခေါင်းစွပ်ကို ဆောင်းပြီး တင်ပါးတွေကို ကျွန်မ ဖြည်းဖြည်းချင်း ဖိလို့နေတယ်။ သူက ကျွန်မကို ပုံစံမှန်တဲ့အထိ ထပ်ပြန်တလဲလဲ လုပ်ခိုင်းလို့နေတယ်။ နောက်ဆုံးမှာတော့ သူက အတွင်းခံဘောင်းဘီကို ချွတ်ခိုင်းပါတော့တယ်။

***

ယာမာဂီရှိနဲ့ ကစားပွဲက လေးနာရီလောက် ကြာပါတယ်။ ဒီအတောအတွင်းမှာ ကျွန်မ မရေမတွက်နိုင်လောက်အောင် ပြီးခဲ့တယ်။ သူက ကျွန်မ ပါးစပ်ထဲမှာ နှစ်ခါပြီးတယ်။ ပထမအခေါက်နဲ့ ဒုတိယအခေါက် ကြားမှာ လက်ဆွဲအိတ်ထဲမှာ သူ ထည့်ယူလာတဲ့ ဗီဒီယိုစက်အသေးလေးနဲ့ ခိုတွေကို ချစ်တဲ့ ကောင်လေးတစ်ယောက် အကြောင်း ရိုက်ထားတဲ့ ဟန်ဂေရီ ရုပ်ရှင်ကားတစ်ကား ကျွန်မတို့ ကြည့်ကြတယ်။

သူ ဒုတိယအကြိမ် မပြီးခင် သူဟာ သူ မကြာခဏ သွားတတ်တဲ့ ဘား၊ ဒါမှမဟုတ် ကလပ်တစ်ခုလို့ ထင်ရတဲ့ နေရာတစ်ခုဆီကို ကျွန်မကို ဖုန်းဆက်ခိုင်းတယ်။ ကျွန်မကို အိမ်သာထဲမှာ မဟုတ်ဘဲ၊ ရေချိုးကန်ထဲမှာ ၄၀၀ စီစီ ဝမ်းချုဆေး ပေးပြီးတဲ့ နောက်မှာပါ။ ဗိုက်ဘရေတာ တုန်ခါစက်ကို ကျွန်မ ကိုယ့်

ဘာသာကိုယ် သွင်းလိုက်၊ ထုတ်လိုက် လုပ်ရင်း မိန်းမတစ်ယောက်နဲ့ စကားပြောရတယ်။

“ကျွန်မ အီးထွက်ကျတော့မယ်”၊ “ဗိုက်ဘရေတာက အရမ်း ကောင်းတယ်”၊ “ကျွန်မ ဒေါက်တာ ယာမာဂီရှိရဲ့ ဟာကို စကားပြောရင်း စုပ်နေတယ်” အဲဒီလို စကားတွေပေါ့။ အဲဒီမိန်းမက စိတ်လှုပ်ရှားပြီး အူကြောင်ကြောင် အသံနဲ့ ရယ်တယ်။ “အို အိုး” ၊ “ပေါက်ပေါက်ချာချာ” ၊ “သေချာ မျိုချလိုက်” ဆိုတာတွေ အဲဒီမိန်းမက ပြောတယ်။ နောက်ဆုံးမှာတော့ သူဟာ ကျွန်မ ပါးစပ်ထဲမှာ ပြီးသွားတယ်။ ယာမာဂီရှိက ကျွန်မဆီက ဖုန်းကို ယူပြီး တစ်ဖက်က မိန်းမကို ကလေးတစ်ယောက်လို အသံမျိုးနဲ့ “ချစ်တယ်” လို့ ပြောပါတယ်။

သူဟာ ကျွန်မကို ထင်ထားတာထက် အများကြီး ပိုပေးပါတယ်။ အဲဒီအတွက် ကျွန်မ ဖုန်းဆက်တော့ မာမားစံ ပျော်သွားပါတယ်။ ကျွန်မ အခန်းထဲကနေ ထွက်တော့ တကယ့်ကို ပျော်ရွှင်နေပါတယ်။ ကျွန်မ ဓာတ်လှေကားနဲ့ အောက်ကို ဆင်းလာပါတယ်။ နယူအိုတာနီရဲ့ ပင်မထပ်က ရှည်လျားလွန်းလှတဲ့ ကော်ရစ်ဒါကို ဖြတ်လျှောက်ပြီး အီတလီ ကုတ်အင်္ကျီတစ်ထည် ကြည့်မလို့ အမျိုးသားဝတ် စတိုးဆိုင်ရှေ့မှာ ရပ်လိုက်ပါတယ်။ ကျွန်မရဲ့ အနုပညာရှင်ကို ကျွန်မ တွေးမိနေပါတယ်။ သူသာ ဝတ်လိုက်ရင် ဘယ်လောက် လှလိုက်မလဲ တွေးနေချိန်မှာ ကျွန်မ လက်မှာ ဥဿဖရား လက်စွပ် မရှိတာကို ရုတ်တရက် သိလိုက်တယ်။

ယာမာဂီရှိရဲ့ အခန်းကို ကျွန်မ ချက်ချင်း ဖုန်းဆက်လိုက်ပါတယ်။ ဒါပေမဲ့ အော်ပရေတာက “ဧည့်သည်က ဖုန်းအဝင် လက်မခံဘူးလို့ ပြောထားပါတယ်” လို့ ပြောပါတယ်။ ကျွန်မ ဘာလုပ်ရမယ်မှန်း မသိတော့ဘူး။ နောက်ဆုံးတော့ ကျွန်မ အိမ်သာခန်းထဲ ဝင်ပြီးတော့ ကျွန်မရဲ့အိတ်ကို အိမ်သာခုံပေါ် သွန်ချပြီးတော့ တစ်နေရာရာမှာများ လက်စွပ်ရှိမလားလို့ ရှာကြည့်မိပါတယ်။ ဒါပေမဲ့ မတွေ့ပါဘူး။

ကြိုးတွေ၊ ဝမ်းချုပ်တဲ့ ပစ္စည်းတစ်စုံ၊ ဗိုက်ဘရေတာတွေကို ကျွန်မအိတ်ထဲ ပြန်ထည့်ရင်း လိင်တံနဲ့တူတဲ့ အနီရောင် ဖယောင်းတိုင်ကြီးတစ်ချောင်း ကျွန်မ ကြမ်းပြင်ပေါ် ကျသွားပါတယ် အဲဒါက လိမ့်ပြီးတော့ တံခါးထောင့်ကို ရောက်သွားပါတယ်။ မှန်ရှေ့မှာ ကောင်မလေး သုံးယောက် စကားပြောလို့နေတယ်။ ကျွန်မ အပြင်ကို ထွက်တော့ ကောင်မလေးတစ်ယောက်က ဖယောင်းတိုင်ကို

လက်ထဲမှာ ကိုင်ထားပြီး အံ့အားသင့်တဲ့ ပုံစံနဲ့ ကြည့်လို့နေတယ်။ “ဒီမှာ” လို့ ကောင်မလေး တစ်ယောက်က ပြောပြီး ကျွန်မကို မပေးဘဲ နေနေတယ်။ သူတို့တွေဟာ ဘွဲ့ယူပါတီ ကျင်းပနေတဲ့ ကောလိပ်ကျောင်းသူတွေ ဖြစ်ပုံရတယ်။ ဘာကြောင့်လဲ ဆိုတော့ သူတို့ထဲက နှစ်ယောက်က ခပ်ဆန်းဆန်း ကီမိုနိုဝတ်စုံဝတ်လို့ ထားတယ်။ ဖယောင်းတိုင်ကို ကိုင်ထားတဲ့ ကောင်မလေးက ကတ္တီပါသား ညနေခင်း ဂါဝန်ကို ဝတ်လို့ထားတယ်။ သူတို့ သုံးယောက်လုံးက ကျွန်မထက် အရပ်ပိုရှည်ပြီး တော်တော်လေး ပိုလှကြတယ်။ ကျွန်မ ဖယောင်းတိုင်ကို ဆတ်ခနဲ ဆွဲယူရင်း ရုက်ပြီး မျက်နှာရဲသွားတာ သိလိုက်တယ်။ ကျွန်မ ထွက်သွားမလို့ လုပ်တော့ ကတ္တီပါ ဂါဝန်ဝတ်ထားတဲ့ ကောင်မလေးက “ခဏနေဦး” လို့ ပြောပြီး ကျွန်မလက်မောင်းကို ဆုပ်ထားပါတယ်။

ကျန်တဲ့ ကောင်မလေးတွေက ကျွန်မကို လွှတ်လိုက်ဖို့ ပြောနေပါတယ်။ ဒါဟာ နှိမ်ချစော်ကားနေတာထက် အများကြီး ပိုတာကြောင့် ကျွန်မ ခေါင်းထဲမှာ ဘာမှမရှိတော့ပါဘူး။ ဒီလို မိန်းမစားတွေဟာ အနုပညာရှင်နဲ့ အီတလီစားသောက် ဆိုင်တွေမှာ တကယ် ညစာစားပြီး သူ့ကို လက်ဝတ်ရတနာတွေ၊ ပစ္စည်းတွေ ဝယ်ခိုင်းကြမယ့် အစားတွေပဲလို့ ကျွန်မ တွေးနေမိပါတယ်။ ကတ္တီပါဂါဝန် ဝတ်ထားတဲ့ ကောင်မလေးဟာ တကယ့်ကို ချစ်စရာကောင်းတဲ့ ဒီဇိုင်းနဲ့ အစိမ်းရောင် ကျောက်ပါတဲ့ လက်စွပ် ဝတ်ထားတာကို ကျွန်မ တွေ့လိုက်တယ်။ ကျွန်မ ကြောက်လန့်တကြား ဖြစ်လာတယ်။ လက်ကို လွတ်အောင် ရုန်းပေမယ့် မရဘူး။ ကောင်မလေးက ကျွန်မကို သရော်လှောင်ပြောင်ပြုံးပြီးတော့ ကျွန်မရဲ့ လက်တစ်ဖက်မှာ ရှိနေတဲ့ ဖယောင်းတိုင် လိင်တံတုကို ကြည့်ရင်းနဲ့ “ရှင်က ဒီလို ရွံစရာကောင်းတာတွေကို လုပ်တတ်တဲ့ မိန်းမတစ်ယောက်ပါလား၊ ရှင်က ရွံစရာ ကောင်းတာတွေ လုပ်ပြီး ပိုက်ဆံရှာတတ်တဲ့ မိန်းမစား မဟုတ်လား” လို့ ပြောပါတယ်။

ကောင်မလေးက ကျွန်မထက် ဆယ်စင်တီမီတာလောက် အရပ်ပိုရှည်ပါတယ်။ မျက်လုံးတွေက ပြူးပြီးတော့ လက်ချောင်းတွေက သွယ်လျပါတယ်။ ကျွန်မ မျက်လုံးတွေထဲမှာ မျက်ရည်တွေ ရွဲလာပါတယ်။ ကောင်မလေးက ကျွန်မကို မတောင်းပန်ရင် သွားခွင့်မပေးဘူးလို့ ပြောတဲ့အချိန်မှာ ကျွန်မ ဘာကြောင့် သူ့လက်ကောက်ဝတ်ကို ကိုက်မိလိုက်မှန်း မသိပါဘူး။

ကျွန်မ အိမ်သာကနေ ထွက်ပြေးလာတော့ လုံခြုံရေးခေါ်လို့ သူတို့ ပြော နေတာကို ကြားလိုက်ရပါတယ်။ ကျွန်မက ဒီမှာ ဆက်နေပြီး လက်စွပ် ရှာချင် နေသေးတာပါ။ ကျွန်မ ဧည့်ခန်းကို ဖြတ်ထွက်လာပြီး တက္ကစီတစ်စီးပေါ် တက် လိုက်ပါတယ်။

“အဆင်ပြေရဲ့လား မိန်းကလေး”

လို့ တက္ကစီသမားက ကျွန်မကို နောက်ကြည့်မှန်ကနေ ကြည့်ပြီးတော့ မေးပါတယ်။ ကျွန်မက ပါးပြင်ပေါ် စီးကျနေတဲ့ မျက်ရည်တွေကို လက်နဲ့ သုတ် နေချိန်မှာ သူက မေးတာပါ။

“စည်းကမ်းတစ်ခုအရ ကိုယ့်ခရီးသည်တွေရဲ့ စီးပွားရေးတွေကို စပ်စုလေ့ မရှိပါဘူး” လို့ သူက ပြောတယ်။ “ဦးကို ခွင့်လွှတ်ပါ၊ ဦးလေးမှာ သမီးနဲ့ ရွယ်တူ လောက် သမီးတစ်ယောက် ရှိပါတယ်၊ ပျော်ပျော်နေပါ။ ဦးလေးလို လူတစ် ယောက်ဆီကနေ ခုလို စကားတွေ ကြားတော့ အံ့သြကောင်း အံ့သြပါလိမ့်မယ်၊ ဒါပေမဲ့ ဘဝဆိုတာ အဆိုးချည်းပဲလည်း မဟုတ်ပါဘူး၊ သိလား” စသည်ဖြင့် ဘလာ၊ ဘလာ၊ ဘလာတွေ ပြောပါတော့တယ်။ ကျွန်မမှာ ဓားတစ်လက် လောက် ပါရင် သူ့ကို ထိုးမိမလားပဲ။

“ဦးလေးရဲ့ သမီးကို အမြဲတမ်း ပြောလေ့ ရှိတယ် သိလား၊ လူတွေက အချိန်တွေက ပြောင်းလဲသွားတယ်လို့ ပြောတတ်ကြတယ်၊ ဟုတ်ပါတယ်၊ အဲဒါ ကို နားလည်ပါတယ်၊ အဲဒါကို နားလည် သဘောပေါက်ပါတယ်၊ ဒါပေမဲ့ ဘယ်လို ပြောရမလဲ၊ အချိန်တွေကို ကျော်လွန်သွားတဲ့ အရာတချို့လည်း ရှိပါ တယ်၊ ဘယ်လို ပြောရမလဲ၊ အဲဒီလို ပြောတာဟာ ဟိတ်ကြီးဟန်ကြီးနဲ့ ဟန်ဆောင်ပန်ဆောင် ပြောတာလို့ပဲ ထင်မိတယ်၊ ဒါပေမဲ့ သိလား၊ ဦးကတော့ အဲဒီလိုပဲ ထင်မိတယ်”

သူ့မျက်လုံးတွေက ဝါနေတယ်။ သူ့မျက်နှာက အိမ်မြောင်တစ်ကောင်နဲ့ တူတယ်။ သူ ဗလွတ်ဗလွတ် ပြောတာကို နားထောင်နေရတာဟာ ဆိုးရွားတဲ့ သွားပုပ်စော်နံတဲ့ လူတစ်ယောက်က မျက်နှာကို ဝင်လျက်နေသလို ခံစားရ တယ်။ နောက်ဆုံးတော့ ကျွန်မ အော်လိုက်မိတယ်။ “ပါးစပ်ပိတ်” လို့ ကျွန်မ အသံအကျယ်ကြီးနဲ့ အော်လိုက်တယ်။ သူ ဘရိတ်ကို တအား ဖိနင်းလိုက်

တယ်။ “ဖေလိုးမ၊ ဝက်ရုပ်နဲ့ကောင်မ၊ ကားပေါ်ကနေ ဆင်းစမ်း” လို့ သူက ပြန်ပြောတယ်။ သူက ကားတံခါးဖွင့်ပြီး လမ်းပေါ် တံတွေးထွေးလိုက်တယ်။

ကျွန်မ ရုံးခန်းကို ပြန်ရောက်တော့ မာမားစံက ဒေါက်တာနဲ့ လေးနာရီ ကစားခဲ့တဲ့အတွက် ချီးကျူးပြီးတော့ ကျွန်မကို ချန်နယ် လည်စည်းတစ်ခု ပေးပါတယ်။ ကျွန်မ ဗိုက်ဆာနေတာကြောင့် အူဒွန်ခေါက်ဆွဲ တစ်လုံးနဲ့ တို့ဟူးကြော် စားလိုက်ပါတယ်။ ပြီးတဲ့နောက် မာမားစံက အိမ်ပြန်ချင်ရင် ပြန်လို့ရပြီလို့ ပြောပါတယ်။ ဒါပေမဲ့ ကျွန်မကို တစ်ယောက်ယောက်က နယူးအိုတာနီဟိုတယ်ကိုများ ပြန်ခေါ်လေမလား ဆိုပြီး မျှော်နေပါသေးတယ်။ သန်းခေါင်ချိန်သာ ရောက်လာတယ်၊ ဘယ်ဖုန်းမှ မခေါ်ပါဘူး။ ကျွန်မ ကံမကောင်းဘူး။ နောက်ဆုံး ကျွန်မ ထွက်လာပြီး လမ်းလျှောက်တော့ ခဏလောက် စဉ်းစားမိတယ်။ ယာမာဂီရှိဆီ ထပ်ဖုန်းဆက်မလားလို့ပေါ့။ ဒါပေမဲ့ အော်ပရေတာက ဖုန်းလွဲပေးမှာ မဟုတ်တာ အသေအချာပါပဲ။ အဲဒီကို ဘယ်လိုဖြစ်ဖြစ် ပြန်သွားဖို့ ကျွန်မ ဆုံးဖြတ်လိုက်ပါတယ်။

***

ကော်ရစ်ဒါမှာ ကျရင် ကျခဲ့မှာလို့ တွေးမိပြီး ကျွန်မ ခေါင်းငုံ့ပြီး တတ်နိုင်သမျှ ဖြည်းဖြည်းလေး လျှောက်လာခဲ့ပါတယ်။ ဧည့်ကြိုကောင်လေးက “ဘာရှာနေတာလဲ အစ်မ” လို့ လာမေးတော့ ကျွန်မ ခေါင်းခါပြီး ခပ်သွက်သွက် လျှောက်ပါတော့တယ်။ ပြီးတော့ ကော့ခ်တေးလ်ခန်းမထဲ ဝင်လိုက်ပါတယ်။ ကျွန်မ ဘားမှာ ထိုင်ပြီး ဂျင်တောနစ်တစ်ခွက် မှာလိုက်ပါတယ်။

ထောင့်ဘက်မှာ ဝတ်ကောင်းစားလှ ဝတ်ပြီး ထိုင်နေတဲ့ ကောင်မလေးတွေ မြင်တော့ ကျွန်မ နှလုံး အေးခဲသွားပါတယ်။ ပထမတော့ သူတို့တွေဟာ ကောလိပ်ကျောင်းသူတွေလို့ ထင်မိပါတယ်။ ဒါပေမဲ့ သူတို့က ကောလိပ်ကျောင်းသူတွေ မဟုတ်ပါဘူး။ အဲဒီကောင်မလေးတွေ ပြန်တွေ့ရင် သတ်ပစ်မယ်လို့ ကျွန်မ ဆုံးဖြတ်လိုက်တဲ့ အချိန်မှာ “ထိုင်ပါရစေ” လို့ ပြောပြီး မျက်နှာဖြူရော်ရော်နဲ့ ခပ်ဝဝ ယောကျ်ားတစ်ယောက် ကျွန်မဘေးမှာ ဝင်ထိုင်ပါတယ်။

ကျွန်မတို့ ဘေးချင်းယှဉ်ပြီး ထိုင်တာ ငါးမိနစ်လောက် အကြာမှာ သူက စကားစပြောဖို့ ကြိုးစားပါတော့တယ်။ သူဟာ အာမဲ့စ် ကိုလုံးရေမွေး ဆွတ်ထား

ပါတယ်။ အဲဒီအနံ့ကို ကျွန်မ တော်တော်မုန်းပါတယ်။

“တစ်ဆိတ်လောက်ခင်ဗျာ၊ တစ်ခွက်လောက် ဝယ်တိုက်ခွင့်ပြုပါ၊ ကျွန်တော့်မှာ ဒီနေ့ သတင်းကောင်းတစ်ခု ရှိတယ်”

ကျွန်မ ဘာမှ မပြောတော့ သူက အရက်စပ်သမားကို ကျွန်မ မကြားဖူးတဲ့ ကော့ခ်တေးလ် တစ်ခွက်ကို မှာလိုက်ပါတယ်။ အဲဒီခွက်က ချိုလွန်းလို့ သောက်ရ လွယ်ပါတယ်။

“ဒီကောင်က ချိုကောင်း ချိုပါလိမ့်မယ်၊ ဒါပေမဲ့ ပြင်းတယ်၊ တက်ကီလာနဲ့ စပ်ထားတာ၊ သတိတော့ထား၊ တချို့ အကျင့်မကောင်းတဲ့ အဘိုးကြီးတွေက ဒီကော့ခ်တေးလ်ကို အများကြီး သောက်ဖြစ်အောင် ကြိုးစားတတ်ကြတယ်”

သူ ဒီစကားပြောရင်းနဲ့ ရယ်ပါတယ်။ ပြီးတော့ သူဟာ ဂီတမဂ္ဂဇင်း တစ်စောင်မှာ အလုပ်လုပ်တာပါလို့ ပြောပြီး ကျွန်မကို မဂ္ဂဇင်း ထုတ်ပြပါတယ်။ စာအုပ်ထဲမှာ ဓာတ်ပြားသစ် ထွက်ထားတဲ့ လူတွေနဲ့ အင်တာဗျူးထားတာတွေ ပါပါတယ်။ ဘယ်သူ့ကိုများ ဗျူးထားလဲ ကြည့်တော့ ကျွန်မရဲ့ အနုပညာရှင်ကြီးလေ။ အဲဒီ စာမျက်နှာကို ဆွဲဖြဲပြီး အငမ်းမရ မျိုတောင် ချလိုက်ချင်သေးတယ်။

“ကျွန်မက သူ့ရဲ့ ပရိသတ်လေ”

လို့ ကျွန်မ သူ့ကို ပြောလိုက်တယ်။

“ခင်ဗျားလို ငယ်တဲ့ တစ်ယောက်ယောက်က သူ့ကိုကြိုက်တာ တော်တော်ရှားတာပဲ”

လို့ သူက ပြောရင်း နိုင်ငံခြား စီးကရက်တစ်လိပ်ကို မီးညှိလိုက်ပါတယ်။

“သူက အသက်ကြီးပေမယ့် အထင်ကရ ကြယ်တစ်ပွင့် ဆိုတာတော့ ပြောရဲပါတယ်၊ ဟုတ်တယ် မဟုတ်လား”

“ရှင် သူနဲ့ သိလား”

“သူ ဒီလောကထဲ စဝင်ကတည်းက သိတာ ဆိုပါတော့၊ ခုထိလည်း တစ်ခါတလေ သူနဲ့ ဂေါက်ရိုက်နေတုန်းပါပဲ၊ သူက ဘယ်လိုပြောရမလဲ၊ သူက လူတစ်မျိုး”

ပြီးတော့ သူက အနုပညာရှင်ဆီ ဖုန်းဆက်ပြီးတော့ ကျွန်မကို အလိုအလျောက် ဖြေဆိုမှုမှာ သူ့ရဲ့ အသံအစစ်ကို နားထောင်စေပါတယ်။ ကျွန်မရဲ့ နှလုံးသား ခုန်နေပုံက ပေါက်ကွဲထွက်တော့မလိုပါပဲ။ ကျွန်မ ဘာ စကားမှ မပြော နိုင်ပါဘူး။ ဒါပေမဲ့ ကျွန်မ ပျော်လွန်းလို့ ငိုမိမတတ်ပါပဲ။ အဲဒါနဲ့ ကျွန်မ သူ့အခန်းကို လိုက်သွားပြီး သူ့မျက်နှာထက်တောင် ပိုဖြူရော်တဲ့ သူ့ဟာ ကို စုပ်ပေးလိုက်ပါတယ်။ ကျွန်မကိုလည်း လုပ်ချင်တာ လုပ်ခွင့်ပြုလိုက်ပါ တယ်။

※※※

လုပ်သင့်၊ မလုပ်သင့် ဆိုတာ ကျွန်မ မသေချာပေမယ့် သောက်ထားတာတွေ ကြောင့် သတ္တိတွေ ကောင်းပြီး နောက်ဆုံးတော့ ယာမာဂီရှိရဲ့ အခန်းကို ကျွန်မ သွားလိုက်ပါတယ်။ လူခေါ် ခေါင်းလောင်းကို တီးလိုက်တယ်။

တစ်မိနစ်လောက် အကြာမှာ သူဟာ ရေချိုးခန်းဝတ်စုံ ဝတ်ပြီး တံခါး လာဖွင့်ပါတယ်။ သူ အိတ်ကပ်တစ်ခုကို နှိုက်လိုက်ပြီး ကျွန်မလက်ကို ယူပြီး ဥဿဖရားလက်စွပ်ကို လက်ချောင်းတစ်ချောင်းမှာ စွပ်ပေးပါတယ်။

“တော်တော်ချောင်နေတာပဲ”

လို့ သူက ပြောပါတယ်။

“ဝယ်လာတဲ့ ဆိုင်ကို ပြန်သွားပြီး ကျပ်ခိုင်းလိုက်”

ကျွန်မ ငိုမိတော့တာပါပဲ။ သူက-

“အိုး၊ ခက်ပြီ”

လို့ ရေရွတ်ပြီး ကျွန်မကို အထဲကို ခေါ်၊ ဘီယာ တိုက်ပါတယ်။

“ကျွန်မ ပိုက်ဆံ မလိုပါဘူး၊ ဒီည ဒီမှာ အိပ်လို့ရမလား”

လို့ ကျွန်မ မေးလိုက်ပါတယ်။ ဒါပေမဲ့ သူက မနက်အစောကြီး အလုပ် ထ လုပ်စရာ ရှိတယ်လို့ ပြောပြီး ကျွန်မရဲ့ နဖူးနဲ့ပါးတွေကို နမ်းပါတယ်။ ပြီးတော့ ကျွန်မကို ဓာတ်လှေကားအထိ လိုက်ပို့ပေးပါတယ်။

※※※

ကျွန်မ အခန်းပြန်ရောက်တော့ ပထမဆုံး လုပ်တာက မျက်နှာဖြူရော်ရော်နဲ့ လူပေးတဲ့ မဂ္ဂဇင်းထဲက အနုပညာရှင်ရဲ့ ဓာတ်ပုံကို ဖြဲပြီးတော့ နံရံပေါ် ကပ်လိုက်တာပါပဲ။ “ကျွန်မ ရှင့်ကို ချစ်တယ်” လို့ အသံတိုးတိုးလေးနဲ့ ပြောပြီး ဓာတ်ပုံကို နမ်းလိုက်ပါတယ်။ တကယ့်ကို ကောင်းမွန်တဲ့ ခံစားမှုပါပဲ။ ကိုယ် အရမ်းကြိုက်တဲ့ အရုပ်လေးကို ရလိုက်သလိုပါပဲ။ အထက်တန်းတုန်းက ကျောင်းနေဖက် သူငယ်ချင်းဆီ ဖုန်းဆက်ပြီးတော့ ငါ သူ့အသံ ကြားလိုက်ရတယ်လို့ ပြောလိုက်ပါတယ်။ ပြီးတော့ တစ်နာရီလောက်ကြာအောင် ကျွန်မ ဥဿဖရား လက်စွပ်လေးကို ငေးစိုက်၊ ငေးစိုက် ကြည့်နေတော့တာပါပဲ။

❑

(Topaz by Ryū Murakami)

သားချော့တေး

သူ့နာမည်ကို တီဗွီမှာ ကြေညာလိုက်တော့ ကျွန်မ တုန်လှုပ်မိသွားတယ်။ သူ စကားစပြောတော့ ကျွန်မနဖူးမှာ ချွေးတွေ သီးလို့နေတယ်။ တိုရု သတိမထားမိ အောင်လို့ ကျွန်မ အိမ်သာထဲ ဝင်သွားလိုက်တယ်။ တိုရုဟာ နောက်ထပ် ပေါင်မုန့်တစ်ချပ်ကို ယိုသုတ်လို့ နေတယ်။ သူ ပြောလိုက်တာကို ကျွန်မကြားရ တယ်။ “ဒီလို ကောင်စားမျိုးတွေကို မြင်လိုက်ရတာနဲ့တင် ငါအန်ချင်တယ်” မှန် ထဲမှာ မြင်နေရတဲ့ ကျွန်မရဲ့ မျက်နှာက ကျွန်မ ငယ်ငယ်လေးတုန်းက၊ ကျွန်မ မိဘတွေ ကွာရှင်းတုန်းက လိမ်ညာပြောမယ့် မုသားတချို့ကို ခက်ခက်ခဲခဲ ရှာဖွေနေခဲ့ရတာကို အမှတ်ရမိတယ်။ နားထင်ကနေ ပါးပြင်ပေါ်ကို စီးကျနေတဲ့ အေးစက်စက် ချွေးစက်တွေကို ကျွန်မ ထိတွေ့လိုက်တယ်။ အဲဒီ ချွေးစက်တွေ က ကျွန်မ ကိုယ်တွင်းကနေ အဝေးကို အရည်ပျော်ကျနေတဲ့ တန်ဖိုးရှိတဲ့ တစ်စုံတစ်ရာရဲ့ နောက်ဆုံး အမှတ်အသားတွေလိုပါပဲ။ တီဗွီမှာ ဂီတသမားက သူ့ရဲ့ မိသားစုအကြောင်းကို ပြောလို့နေတယ်။

ဟုတ်ကဲ့၊ ပြောချင်တာက ကျွန်တော်တို့ တစ်ယောက်စီတိုင်းဟာ လုံးဝ အမှီအခိုကင်းမဲ့တယ် ဆိုတာပါပဲ။ ရယ်စရာ ကောင်းပေမယ့် တချို့ လူတွေကတော့ ကျွန်တော်ဟာ အိမ်ထောင်ရှိတယ်လို့ ပြောရင် အများစု က မယုံကြည်ကြဘူးဗျ။ သူတို့က ကျွန်တော့်ကို လူပျိုလို့ပဲ ထင်နေကြ တာ။ ကျွန်တော့် မိန်းမလည်း အဲဒီလိုမျိုး ကြံုရတယ်။ အခုဆိုရင် ကျွန် တော့်မိန်းမက ကလေးတွေကြောင့် မကြာမကြာ ခွင့်ယူနေရပါတယ်။ ဒါပေမဲ့ သူက တစ်ချိန်လုံး အလုပ်ပဲ လုပ်နေတာပါ။ လူတွေက သူ့ကို အလုပ်လုပ်နေတဲ့ ဆင်ဂယ်မားသားလို့ပဲ ထင်ကြတာ။ တစ်ခါက သူ ကျောင်းသားဟောင်း တွေ့ဆုံပွဲသွားတုန်းက သူ့သူငယ်ချင်းတွေ ပြောတာ ပြန်ပြောပြတယ်။ “နင် အခုထိ ယောကျ်ားမရသေးဘူးလား” တဲ့။ ကျွန်တော်တို့ နှစ်ယောက်ရဲ့ ပထမဆုံးသား မွေးမွေးချင်း ကျွန်တော်တို့ နေ့ကလေးထိန်းတဲ့ အလုပ်တွေ လုပ်ခဲ့ရပါတယ်။ အကျိုးဆက်ကတော့ သားဟာ မိဘတွေထက်တောင် ပိုပြီးတော့ သန်မာ၊ အမှီအခို ကင်းခဲ့ပါ တယ်။ သားက အခုဆိုရင် ဒုတိယတန်း တက်နေပြီ ထင်ပါတယ်။ ပုံမှန် အားဖြင့်တော့ ပထမဆုံး ကလေးတွေဟာ ရှက်တတ်၊ ကြောက်တတ်ပြီး

မပွင့်မလင်း ဖြစ်တတ်ကြတာ သဘာဝပါပဲ။ သားကတော့ အဲဒီလို လုံးဝ မဟုတ်ပါဘူး။ လုံးဝ လုံးဝကို အဲဒီလို မဟုတ်တာ။ အဘိုး၊ အဘွားတွေက သားဟာ မိဘမဲ့ကလေး တစ်ယောက်လို ကိုယ့်ကိုယ်ကိုယ်ပဲ အားကိုး တတ်တယ်လို့ ပြောပါတယ်...

သူ မြန်မြန်ပြောပြီး ဖန်သားပြင်ပေါ်ကနေ ပျောက်ကွယ်သွားပါစေလို့ ကျွန်မ ဆုတောင်းမိတယ်။ ကျွန်မ ဟင်းချက်တဲ့ မီးဖိုချောင်ထဲက ပန်းကန်ဆေး ကန်မှာ ရေတွေ ကျနေတုန်းပဲ။ ကျွန်မ ရှူးရှူးလည်း မပေါက်ချင်၊ အီးအီးလည်း မပါချင်တာကြောင့် အိမ်သာထဲမှာ မတ်တတ်ရပ်နေတာ အူကြောင်ကြောင်နိုင်တယ်လို့ ခံစားမိတာကြောင့် အပြင်ပြန်ထွက်လာခဲ့ပါတယ်။ ဒါပေမဲ့ "အယုတ်တမာကောင်ပဲ၊ ဒီလို အယုတ်တမာကောင်တွေ ဘယ်လို မိန်းမမဆို တက်လုပ်တဲ့ ကောင်စားတွေ၊ ပြီးရင် သူတို့ရဲ့ မိသားစု ဘဝအကြောင်းကို ကြွားကြတယ်" လို့ တိုရု ပြောနေတာကို မကြည့်ပါဘူး။ တိုရုဟာ ကျွန်မထက် အသက် တစ်နှစ်ငယ်ပါတယ်။ သူဟာ ကလေးဘဝကတည်းက ပေါင်မုန့်ကြိုက်ခဲ့ပါတယ်။ ဒါပေမဲ့ သူ့မိဘတွေက ဆင်းရဲလွန်းလို့ ပေါင်မုန့် မီးကင်စက် တစ်ခုတောင် မဝယ်နိုင်ပါဘူး။ အဲဒါကြောင့် သူဟာ ပေါင်မုန့်ကို မီးမကင်ဘဲ ဒီအတိုင်း ယိုသုတ်စားတတ်တဲ့ အကျင့် ဖြစ်နေတာပါ။

ကျွန်တော့်အနေနဲ့ကတော့ မိသားစုတစ်စု ဆိုတာ တစ်ယောက် အပေါ်မှာ တစ်ယောက် အမြဲတမ်း ရှိနေဖို့ မလိုဘူးလို့ မြင်ပါတယ်။ ဒါပေမဲ့ တစ်ယောက်နဲ့ တစ်ယောက် နီးနီးစပ်စပ် ရှိနေဖို့ကတော့ အရေးကြီးတယ်လို့ ကျွန်တော် မြင်ပါတယ်။ အဲဒါကြောင့် ကျွန်တော် ခရီးတွေ အတူတူ ထွက်ဖြစ်အောင် အမြဲတမ်း လုပ်ပါတယ်...

တီဗွီဖန်သားပြင်ပေါ်မှာ သူနဲ့ သူ့မိသားစု တောင်ပင်လယ် ကျွန်း တစ်ကျွန်းပေါ်မှာ မြူးထူးပျော်ပါး ပြေးလွှားနေတဲ့ ပုံတွေ၊ နိုင်ငံခြား နှင်းလျှာစီး အပန်းဖြေစခန်း တစ်ခုမှာ နှင်းတွေကြား ဆော့ကစားနေတဲ့ ဓာတ်ပုံတွေ၊ အဲဒီလို ပုံတွေ ပြလို့ နေပါတယ်။ ကျွန်မ တီဗွီကို မကြည့်မိအောင် ကြိုးစားနေပါတယ်။ ဘာမှလုပ်စရာ မရှိတာကြောင့် ဟိုကြည့်ဒီကြည့် လုပ်လို့နေပါတယ်။ နောက်တော့ ကျွန်မခေါင်းက ပတ်ပတ်လည် လိုက်ကြည့်နေပါတယ်။ မီးဖိုချောင်က ရေကို သွားပိတ်လိုက်ပြီး တီဗွီနဲ့ ကျောခိုင်းပြီး ခပ်ဝေးဝေးမှာ ပြန်ထိုင်ပါတယ်။ ကျွန်မအနောက်က အသံက ကျွန်မ ကျောထဲထိကို အေးစိမ့်နေ

စေပါတယ်။ ကျွန်မ အော်ဟစ် ပစ်လိုက်ချင်ပါတယ်။ ပါးစပ်နဲ့ မဟုတ်ဘဲ ကျွန်မရဲ့ ခန္ဓာကိုယ်မှာ ရှိသမျှ မွေးညင်းပေါက်တွေကနေ အသံအကျယ်ကြီးနဲ့ အော်ပစ်လိုက်ချင်တာ။ ကျွန်မ တစ်ခါကြားဖူးတဲ့ အင်ကန် ပုလွေသံလိုပေါ့။ အစစအရာရာ ဘာလို့ ဒီလို ဖြစ်သွားရတာလဲ။ သူဟာ သူ့ရဲ့ မိသားစုနဲ့အတူ လှပတဲ့ကမ်းခြေ၊ ဒါမှမဟုတ် တောင်ထိပ်တစ်ခုခုပေါ်မှာ ပျော်လို့နေတယ်။ ကျွန်မကတော့ ဒီမှာ တိုရှဘေးက တာတာမီဖျာပေါ်မှာ ထိုင်လို့နေတယ်။ တိုရှက ဒူးတစ်ဖက်ပေါ် မေးစေ့တင်ပြီး တီဗွီကြည့်လို့နေတယ်။ သူဟာ ပေါင်မုန့်ကို ယိုသုတ်၊ ဂျယ်လီဒိုးနတ်မုန့်လို လုံးလိုက်ပြီး ပါးစပ်ထဲ အပြည့် ထိုးထည့်လိုက်တယ်။ ကျွန်မ သူ့ကို သတ်ပစ်မိလောက်အောင် စ မုန်းလာခဲ့တယ်။

နောက် သိလိုက်ရတာက ကျွန်မ ငိုနေတာပါပဲ။ တိုရှ ကျွန်မကို တစ်မိနစ်လောက် ငေးစိုက် ကြည့်နေပါတယ်။ ပြီးတော့ ကျွန်မနားကို ရွှေ့လာခဲ့တယ်။ သူ့ရဲ့ ဒူးတွေကို ဖက်ထားဆဲပဲ။ သူက “မင်း ဘာဖြစ်လို့ငိုနေတာလဲ” လို့ ပြောတယ်။ ပေါင်မုန့် အစအနတွေ ပေကျံနေတဲ့ သူ့လက်တစ်ဖက်နဲ့ ကျွန်မ ပခုံးကို သူ လာကိုင်တယ်။ “ဘာဖြစ်တာလဲ၊ ငါ မင်းကို စိတ်ထိခိုက်အောင် တစ်ခုခုများ လုပ်လိုက်မိလို့လား၊ မနေ့ညက ငါ ပြောတာက အမှန်တွေပါ၊ အမှန်အတိုင်း ပြောတာပါ၊ ကာဘူကီချိုက အလုပ်ကို ဘာဖြစ်ဖြစ် ငါ ထွက်တော့မယ်၊ အထက်တန်းကျောင်းတုန်းက သူငယ်ချင်းတစ်ယောက်အကြောင်း ပြောတယ် မဟုတ်လား၊ သူ့မှာ ကုမ္ပဏီအသေးစားလေး တစ်ခု ရှိတယ်၊ ဆွဲခန့်လို့ ပြောတာ မျိုးပေါ့၊ အလုပ်က အထိုင်အလုပ်ပါ၊ စားပွဲမှာ တစ်နေကုန်ထိုင် အလုပ်လုပ်နေရမှာပါ၊ အများကြီး ပိုကောင်းသွားမှာ” တိုရှက ကျွန်မ ပခုံးကို လှုပ်လို့ နေပါတယ်။ တီဗွီက အသံကို မကြားရအောင် အော်သလိုမျိုး နားနားကပ် ပြောပါတယ်။ တီဗွီမှာ လာနေတဲ့လူကို ကျွန်မဘဝမှာ ဘယ်တော့မှ ထပ်တွေ့ရတော့မှာ မဟုတ်ဘူး ဆိုတာကို တွေးလိုက်မိချိန်မှာ ကျွန်မဟာ တကယ့်ကို အရာအားလုံးကို ဆုံးရှုံးရတော့မှာ ဖြစ်ပါတယ်။ သူ ကျွန်မကို ဖုန်းထပ်မဆက်တော့တဲ့ အချိန်မှာ ကျွန်မ ဘယ်လို ခံစားခဲ့ရတာတွေ၊ ကျွန်မ ခန္ဓာကိုယ်က စားလက်စ ထားကျန်ရစ်တဲ့ ကိတ်မုန့်လို ခံစားရတာတွေ၊ အဲဒီလိုဖြစ်ရတာ ဘယ်လောက် ကြောက်ဖို့ ကောင်းတယ် ဆိုတာတွေကို ကျွန်မ ပြန်အမှတ်ရလာမိတယ်။ အခု ကျွန်မ ပိုလို့တောင် လှိုက်လှိုက်သည်းသည်း ငိုနေမိတယ်။ မွေးခါစ ကလေးတွေ ငိုသလိုမျိုးပေါ့။ တိုရှက ကျွန်မ လက်နှစ်ဖက်ကို ကိုင်လိုက်တယ်။ ကျွန်မ အဖက်ခံထားရဖို့ လိုတယ်လို့ သူ တွေးမိတယ်။ အဲဒါ

ကြောင့် သူ ရှေ့နည်းနည်း တိုးလာခဲ့ပြီး သူ့မျက်နှာကို ကျွန်မနား ကပ်လာခဲ့တယ်။ ဒါပေမဲ့ ကျွန်မ သူ့ရဲ့ လည်ပင်းက ဖြူလျော့လျော့ အရေပြားထဲကို ကျွန်မရဲ့ လက်သည်းတွေကို စိုက်လိုက်ပြီး သူ့ကို လည်ပင်း စည့်စ်ဖို့ ကြိုးစားပါတယ်။ သူ အဲဒါကို မမျှော်လင့်ထားပါဘူး။ သူ တစ်ခုခု ပြောဖို့ ကြိုးစားပေမယ့် ဗလုံးဗထွေး အသံတွေပဲ ထွက်လို့လာပါတယ်။ သူ့မျက်နှာကြီး နီရဲလာပါတယ်။ နောက်ဆုံးတော့ သူက "လွတ်" လို့ အော်ပြီး ကျွန်မ ခေါင်းကို ရိုက်ပါတယ်။ ကျွန်မ လဲကျပြီး အနံ့ဆိုး ထွက်နေတဲ့ တာတာမီဖျာနဲ့ ကျွန်မမျက်ခုံး ခြစ်မိသွားပါတယ်။ တီဗွီမှာ ကြော်ငြာလာနေတာ ကျွန်မ သတိထားမိပါတယ်။

***

"နင်က ဘာလဲ၊ စောက်ရူးမလား"

"သူက ငါ့ဘဝမှာ အရမ်းအရေးကြီးတဲ့ လူ"

"သူက နာမည်ကြီးတယ် မဟုတ်လား"

"အခုမှပါ"

"နင်တို့ တွေ့နေတုန်းက ဘယ်လိုလဲ"

"အဲဒီတုန်းက သူက အခုလောက် နာမည်မကြီးသေးဘူး၊ စတူဒီယိုမှာ တီးတဲ့ ဂီတသမားတစ်ယောက်ပဲ၊ သူက စင်သဇိုက်ဆာ အကြီးကြီး တီးတယ်၊ ပိုက်ဆံ တောင်ပုံရာပုံ ရှိတယ်၊ ရော့ပွန်ဂီမှာ ရှိတဲ့ ရွှိုင်းအဆောက်အအုံက အီတလီ စားသောက်ဆိုင် သေးသေးလေးကို နင် သိတယ် မဟုတ်လား၊ ဓာတ်ပုံဆရာတွေ၊ နာမည်ကြီးတွေ စားကြတယ်လေ"

"မသိဘူး၊ အဲဒီဆိုင်က ဘယ်လိုမျိုးလဲ၊ သူ နင့်ကိုခေါ်သွားလား"

"အင်း၊ ပြီးတော့ သူ ငါ့ကို ဟာယာမနဲ့ ဟာကုန်းတို့လို နေရာမျိုးတွေကို လည်း ခေါ်သွားတယ်"

"နင်တို့ ဘယ်လောက် တွဲခဲ့ကြလဲ"

"နှစ်ဝက်လောက်"

"အဲဒီလောက်နဲ့တော့ တွဲတယ်လို့ ပြောလို့ မရဘူးလေ"

“အဲဒါဆို ဘာအဓိပ္ပာယ်လဲ”

“အဓိပ္ပာယ်က နင်ဟာ သူ့ရည်းစား မဟုတ်ဘူး ဆိုတာပဲ”

“ငါ သူ့ဆီကို ဖုန်းခေါ်လို့ မရပေမယ့် နှစ်ပတ်တစ်ခါ အမြဲ တွေ့တယ်”

“သူက နင့်ကို အသုံးချခဲ့တာ”

“ငါ သူ့ကို သွားတွေ့ဖို့ စဉ်းစားနေတာ”

“ကောင်းပြီလေ၊ နင် ငါ့ကို အာရုံလာစားနေတာပဲ၊ နင်က တကယ့်ကို စောက်ရူးမ၊ မဟုတ်ဘူးလား”

ယိုရှီကိုဟာ ခေါက်ဆွဲကြော် ပန်းကန်ထဲက တူကို မြှောက်လိုက်ပြီး စကားပြောရင်း ကျွန်မဘက်ကို ထိုးလို့ထားတယ်။ အဲဒီနောက် တစ်ယောက်က ဖုန်းခေါ်တော့ အမေက ကျွန်မကို အလုပ်တာဝန်ပေးတယ်။ ကျွန်မ ထွက်လာခဲ့ရတယ်။ အမေဆိုတာ ကျွန်မတို့ရဲ့ တကယ့်အမေ မဟုတ်ပါဘူး။ ကျွန်မတို့က အမေလို့ပဲ ခေါ်ကြပါတယ်။ အမေဟာ တစ်ချိန်လုံး လေဒီကြီးရဲ့ ခုနစ် ဆိုတဲ့ စာအုပ်ကို ဖတ်ပြီး ဒီနေရာမှာ ရှိနေခဲ့ပါတယ်။ ကျွန်မတို့ ပြောတာတွေကို သူမ အကုန် ကြားနိုင်ပေမယ့် ဘာမှ ဝင်မပြောပါဘူး။ ကျွန်မတို့ မိန်းကလေးတွေရဲ့ ကိုယ်ရေးကိုယ်တာတွေကို သူမ ဘယ်တော့မှ ဝင်စွက်ဖက်လေ့ မရှိပါဘူး။

ဂီတသမားနဲ့ ပထမဆုံး တွေ့တဲ့ညတုန်းကလည်း အခုလိုပါပဲ။ ကျွန်မ ဆိုဖာပေါ်မှာ ထိုင်ပြီး စီးကရက် တစ်လိပ်ကို သောက်လို့ နေပါတယ်။ အမေက လေဒီကြီးရဲ့ ခုနစ်ဆိုတဲ့ စာအုပ်တော့ မဟုတ်ပါဘူး၊ မိန်းမအတ္တစိတ် ဆိုတဲ့ စာအုပ်ကို ဖတ်နေခဲ့ပါတယ်။ ဖုန်း ဝင်လာခဲ့တယ်။ အမေက ပုံမှန် ကျွန်မတို့ သွားနေကျ အချစ်ဟိုတယ် နာမည်ကို ပြောလိုက်တော့ တစ်ဖက်လူက နယူးအိုတာနီ ဟိုတယ် ဆွဲခန်းကို အရင်လွှတ်လိုက်ဖို့ ပြန်ပြောပါတယ်။ ကျွန်မ အဲဒီ အခန်းကို ရောက်သွားတော့ အခန်းထဲမှာ ဂီတပစ္စည်းတွေ အများကြီး တွေ့ရတယ်။ ဝတ်လစ်စားလစ်နဲ့ အဲဒီလူက-

“အခုမှ ရေချိုးပြီးတာ၊ ဗိုက်ဆာပြီ၊ ဘားမှာ တစ်ခုခု သွားစားရအောင်”

လို့ ပြောတယ်။ ကျွန်မက ကျွန်မ အချိန်နှစ်နာရီပဲ ရတယ်လို့ ပြောလိုက်တော့ သူက ပိုက်ဆံကြောင့် ဆိုရင် အချိန်ပိုအတွက် ပိုက်ဆံ သူ ပေးမယ်လို့ ပြန်ပြောပါတယ်။ အဲဒီလိုနဲ့ ဘားသွားပြီးတော့ ရှန်ပိန်နဲ့ ကမာကောင်အစိမ်း

တွေကို စားသောက်ကြတယ်။ အဲဒီ နှစ်မျိုးစလုံးက ကျွန်မ ဘဝရဲ့ ပထမဆုံး အကြိမ်တွေပါပဲ။ ဘားမှာ သူ့ဘေးနား ထိုင်နေတုန်း သူက စားတာ၊ သောက်တာကို တစ်ယောက်တည်း မလုပ်ချင်တဲ့အကြောင်း ပြောပြတယ်။ သူ ကျွန်မရဲ့ ဆံပင်ကို ကိုင်ပြီးတော့ ပြုံးပြတယ်။ အဲဒီအပြုံးက လှတယ်။ သူ ကျွန်မကို အကြောင်းအရာတွေ အများကြီးပဲ ပြောပြတယ်။ ကိစ္စပြီးလို့ ကျွန်မတို့ ဝတ်လစ်စားလစ်နဲ့ တစ်ယောက်ကို တစ်ယောက် ပွတ်သပ်နေချိန်မှာတောင် သူက စကားတွေ ထပ်ပြောနေသေးတယ်။ အများစုကတော့ နိုင်ငံခြားတိုင်းပြည်တွေ အကြောင်းပါပဲ။ အင်ဒိုနီးရှား ထင်တယ်။ အဲဒီ အနားက ကျွန်းသေးသေးလေးပေါ်မှာ ဒေသခံတစ်ယောက်က မန္တန်တွေရွတ်ဆို၊ အိပ်မွေ့ချပြီး ရောဂါဘယတွေကို ကုသတဲ့အကြောင်းကို သူက ပြောပြတယ်။ အဲဒီလူက လူတစ်ယောက်ရဲ့ နှလုံးကို သူ့လက်နဲ့ ဒီအတိုင်း ဆွဲထုတ်လိုက်ပြီး သေခါနီး လူတစ်ယောက်ရဲ့ ကျန်းမာသန်စွမ်းတဲ့ နှလုံးနဲ့ အစားထိုး ကုသပေးတာမျိုးပေါ့။ သူက ကျွန်မကို ကမ္ဘာဦးအစက လူမျိုးစုတစ်စုရဲ့ အကြောင်းလည်း ပြောပြသေးတယ်။ အဲဒီလူမျိုးစုထဲက တစ်ယောက်ယောက် ရူးသွပ်သွားတယ်ဆိုရင် နီရဲပူကြွပ်နေတဲ့ သံစူးချွန်ကို အဲဒီရူးနေတဲ့ လူရဲ့ ခေါင်းထဲကို ထိုးထည့်ပြီး မျှဝေလိုက်ရင် ပြန်ကောင်းသွားတယ်တဲ့။ အဲဒီလို ပုံပြင်မျိုးတွေ ပြောပြတယ်။ ပြီးတော့ ကျွန်မကို ကျောင်းသူလားလို့ သူက မေးတယ်။ ကျွန်မ လွန်ခဲ့တဲ့ ခြောက်လကအထိ အလှပြင်ဆိုင် တစ်ဆိုင်မှာ အလုပ်လုပ်ခဲ့ပေမယ့် ဟုတ်တယ်လို့ လိမ်ပြောလိုက်တယ်။

“ဘယ်ကောလိပ်လဲ”

လို့ သူက မေးတယ်။

“နာမည်ပြောစရာ မလိုပါဘူး၊ ဘယ်မြို့ကလဲလို့ပဲ ပြောလိုက်”

ကျွန်မ ထပ်မလိမ်နိုင်တော့ဘူး။ ရှက်ပြီးတော့ ငိုတော့တာပဲ။ ဒါပေမဲ့ သူက ပြုံးပြီးတော့ ကျွန်မ ဆံပင်တွေကို ပွတ်သပ်ပေးပါတယ်။ ကျွန်မဟာ ဘယ်သူ့ဆီကမှ ကြင်ကြင်နာနာ ဆက်ဆံ မခံရခဲ့ဖူးတဲ့ သနားစရာ ခွေးလေး တစ်ကောင်လိုပဲ ခံစားရမိတယ်။

ဒီတစ်ကြိမ်တော့ နယူးအိုတာနီ မဟုတ်ပေမယ့် ပုံမှန် အချစ်ဟိုတယ် ပါပဲ။ ဧည့်သည်က အရက်မူးနေတဲ့ လခစားသမားပါ။ သူဟာ အိပ်ရာအဝိုင်းရဲ့

အစွန်မှာ ထိုင်ပြီး လက်တစ်ချောင်းနဲ့ တွဲလဲချိတ်ထားတဲ့ ပလတ်စတစ်အိတ်နဲ့ ထည့်ထားတဲ့ ဆူရှီကို လှည့်လို့နေတယ်။ “အသက်ပြည့်ပြီ မဟုတ်လား” လို့ သူက ကျွန်မဝင်လာတာကို တွေ့တော့ ပြောတယ်။ ပြီးတော့ သူ့ဘောင်းဘီဇစ်ကို ဖွင့်ပြီးတော့ ပျော့နေတဲ့ သူ့ဟာလေးကို လက်ညှိုးထိုးပြပြီး “စစုပ်တော့” လို့ ပြောပါတယ်။ ရေအရင်ချိုးကြမလားလို့ ကျွန်မ သူ့ကို မေးချင်ပေမယ့် သူ ရုံးကို ဖုန်းဆက်ပြီး နောက်တစ်ယောက်လဲခိုင်းမှာ စိုးတာကြောင့် ရှေ့တိုးပြီး ဒူး ထောက်လိုက်တယ်။ ခဏနေတော့ ကျွန်မ မတ်တတ်ရပ်လိုက်ချိန်မှာ ကိုယ်ကို ရှေ့ကို ကိုင်းခိုင်းပြီး စကတ်ကို မ တင်လိုက်တယ်။ နောက်ကနေ သူလုပ်နေတာကို ကျွန်မ စအိုက သည်းခံနေခဲ့ရတယ်။ ဒီလိုပုံနဲ့ ဆိုရင် ကျွန်မ ဘဝက ရင်နင့်စရာ ပိုကောင်းသည်ထက် ကောင်းလာတော့မှာပဲလို့ တွေးမိတယ်။ ကျွန်မ သေသာသေလိုက်ချင်တော့တယ်။ တွေးမိလာတယ်။ ကျွန်မပေါင်ကြားမှာ ခွဲပျစ်ပြီး စေးကပ်လာချိန်မှာ ဂီတဆရာအိမ်ကို သွားတွေ့ဖို့ ဆုံးဖြတ်လိုက်တယ်။ ကျွန်မ ဆုံးဖြတ်ချက် ချချ လိုက်ချင်းမှာပဲ ထမ်းပိုးထားရတဲ့ လေးပင်မှုကြီးဟာ ပျောက်ကွယ်သွားတယ်။ တိုရု ထိုးထားတဲ့ ကျွန်မ ပါးရိုးပေါ်က နာကျင်မှုကိုပါ မခံစားရတော့ဘူး။

ဂီတသမားရဲ့ လိပ်စာက ဆင်ခြေဖုံး အပြင်ဘက်မှာ ရှိတာကြောင့် နေ့လယ်စာပါ ထုပ်သွားဖို့ လိုပါလိမ့်မယ်။ အဲဒါကြောင့် ဝိုင်နာဝက်အူချောင်းတွေ၊ ကြက်ဥမွှေကြော်နဲ့ ဆားစိမ်သနပ် အချို့ကို ဘူးလေးထဲ ထည့်လိုက်တယ်။ ဒါပေမဲ့ ရထားပြောင်းစီးတော့ မက်ဂူရိုဘူတာကို ရောက်တာ အချိန်ဆယ့်ရှစ်မိနစ်ပဲ ကြာပါတယ်။ ဒီနေရာက ကျွန်မနဲ့ တိုရုနေတဲ့ နေရာနဲ့ မတူပါဘူး။ အဆောက်အအုံတွေက တစ်ခုပေါ်တစ်ခု ရှိလို့နေကြတယ်။ ဘူတာရဲ့ရှေ့မှာ လမ်းမကျယ်ကြီးက တစ်မျှော်တစ်ခေါ် ရှည်လျားတယ်။ ရုပ်ရှင်တွေထဲမှာ မြင်ရတတ်တဲ့ အမေရိကန်မြို့လေး တစ်မြို့လိုပဲ။ လမ်းညွှန် မေးလို့ရမယ့် ရဲကင်း မတွေ့တာကြောင့် ကျွန်မ အမှတ် ၁ ဘတ်စ် ကားပေါ် တက်လိုက်တယ်။ ဂီတသမား နေတဲ့ မြို့ရဲ့ လမ်းဆုံက အရက်ပုလင်း အရောင်းဆိုင်ရဲ့ ညာဘက်မှာရှိတဲ့ ကားမှတ်တိုင်မှာ ကျွန်မ ဆင်းလိုက်တယ်။ ပြတင်းပေါက်ရှေ့မှာ ရာပေါင်းများစွာသော ဝိုင်ပုလင်းတွေကို အဆာသွတ်ထားတဲ့ တိရစ္ဆာန်တွေနဲ့အတူ တန်းစီလို့ထားတယ်။ ဂေါရီလာတစ်ကောင်၊ ယုန်တစ်ကောင်၊ ဖားတစ်ကောင် ရှိတယ်။ ကျွန်မ ဆိုင်ထဲ ဝင်လိုက်ပြီး ဂီတသမားရဲ့ လိပ်စာကို ပြလိုက်ပြီး ဘယ်လို သွားရမလဲလို့ မေးလိုက်တယ်။ ဆိုင်ရှင်က မြေပုံကို ထောက်ပြီး

ဟိုလိုလို၊ ဒီလိုလို လုပ်နေတာကြောင့် ၁၄၈ ယန်းတန် ဝိုင်ပုလင်း တစ်လုံးကို ဝယ်လိုက်တယ်။ ဒီလက်ဆောင်က အကောင်းဆုံး ဖြစ်လိမ့်မယ်လို့လည်း တွေးရင်းနဲ့ပေါ့။ ဒီက လမ်းတွေက ကျယ်လွန်းလှတယ်။ လမ်းပေါ်မှာ လမ်းလျှောက်နေတဲ့လူ မရှိသလောက်ပဲ။ မကြာခဏ ဆိုသလို ဘန်ပါ အရောင် တောက်တောက်နဲ့ နိုင်ငံခြားဖြစ် ကားတစ်စီးဟာ အရှိန်ပြင်းပြင်းနဲ့ ဖြတ်ဖြတ် သွားတယ်။ တစ်ကြိမ် ဖြတ်သွားတိုင်း ဂီတသမားများ ကားမောင်းနေတာလား လို့ တွေးမိပြီး ကားထဲ ကြည့်ဖို့ ကြိုးစားပေမယ့် ဘာမှ မမြင်ရပါဘူး။

အိမ်တိုင်းက ခြံအကျယ်ကြီးတွေနဲ့ အကြီးကြီးတွေချည်းပဲ။ တချို့အိမ်တွေက နှင်းဆီခြံတွေ၊ ရေကူးကန်တွေ၊ လှေကားထစ် ပွဲကြည့်စင်တွေပါ ပါတယ်။ ကျွန်မ ဗိုက်ဆာလာတယ်။ အဲဒါကြောင့် ခွေးဟောင်တဲ့ အိမ်တစ်အိမ်ကို ဖြတ်ကျော်လာပြီးတဲ့နောက် ကျောက်တုံးတွေပေါ်မှာ ထိုင်ပြီး နေ့လယ်စာ ထုတ်စားလိုက်တယ်။ ဝက်အူချောင်းဆီ၊ ကြက်ဥမှာ ဆမ်းထားတဲ့ အချဉ်ရည်တွေ ပျော်ဝင်နေတဲ့ ထမင်းက ဟိုးတုန်းက လွမ်းစရာ အရသာကို ပေးလို့နေတယ်။ နေ့လယ်စာ ယူလာခဲ့တာ တော်သေးတာပေါ့လို့ တွေးနေတုန်းမှာ ကျွန်မအနောက်က အက်ကွဲကွဲ အသံတစ်သံက-

“နင် ဒီမှာ ဘာလုပ်နေတာလဲ”

လို့ ပြောတယ်။ ကျွန်မ အနောက်မှာ ကီမိုနို ဝတ်ထားတဲ့ အသက်ကြီးကြီး မိန်းမကြီးတစ်ယောက် ရောက်နေတာ တွေ့လိုက်ရတယ်။

“ဆောရီးပါရှင်၊ ကျွန်မ ဗိုက်ဆာလို့ပါ၊ ပြီးတော့...”

အဲဒီ မိန်းမကြီးက ကျွန်မကို လမ်းကို လက်ညှိုးထိုးညွှန်ပြပြီး

“ရှေ့နည်းနည်းသွားရင်... ပန်းခြံလေးတစ်ခု ရှိတယ်၊ အဲဒီမှာ နင် နေ့လယ်စာ စားလို့ရတယ်”

လို့ ပြောတယ်။

ပန်းခြံက သစ်ပင်တွေ အပြည့်ပဲ။ ကလေးတွေအတွက် ကျောက်တုံးတွေ၊ ဘိလပ်မြေတွေနဲ့ လုပ်ပေးထားတဲ့ လျှောအကြီးကြီး တစ်ခု ရှိတယ်။ အနားတစ်ဝိုက်မှာလည်း ပန်းပုတချို့ တွေ့ရတယ်။ တစ်ယောက်ယောက်က အော်ပရာပုံစံ သီချင်းဆိုပြီး ဂီတသံရှိရင် သိပ်ကောင်းမှာပဲလို့ ကျွန်မ တွေးလိုက်

တုန်းပဲ ရှိသေးတယ်။ ကျွန်မလက်ထဲက တူဟာ လေထဲမှာ အေးခဲသွားတယ်။ သီချင်းသံ အကျယ်ကြီး ထွက်လာတယ်။ ပြီးတော့ အသက်ကြီးကြီး အမျိုးသမီးကြီး တစ်ယောက်ဟာ လက်ပိုက်ပြီးတော့ ဖြည်းဖြည်းချင်း ကသလို လက်တွေကို ဝှေ့ရင်း ချယ်ရီပင် အကြီးကြီး နောက်ကနေ ဆံပင်ဖိုးရိုးဖားရားနဲ့ ပေါ်ထွက်လို့ လာခဲ့တယ်။ သူမ အသက်ရှူဖို့ ခဏနားလိုက်တဲ့ အချိန်မှာ ကျွန်မကို ပြုံးပြတယ်။ သူမ သီချင်းဆိုလို့ပြီးတော့ ကျွန်မ လက်ခုပ်တီးလိုက်တယ်။ သူမ ကျွန်မဆီကို တန်းတန်းလှမ်းလာခဲ့ပြီး-

“ကာရှိဝါဘာရာစံလား”

လို့ ပြောတယ်။ ကျွန်မ ခေါင်းခါ ပြလိုက်တယ်။

“နေပါဦး၊ နင်မှန်း သိပါတယ်”

လို့ သူမက ပြောပြီး ခုံပေါ်မှာ ကျွန်မဘေး ဝင်ထိုင်တယ်။

“နင် ငါ့ကို ဘာလို့ လာတွေ့တာလဲ၊ ခုတော့ တံတားအောက်မှာ ရေတွေ စီးသွားခဲ့ပြီလေ”

သူမ ကျွန်မကို ဘာတွေ ပြောနေလဲ ဆိုတာ ကျွန်မ မသိဘူး။ သူမ အသက်ကြီးပြီး ပိန်နေပြီ ဆိုပေမယ့် လှနေဆဲပဲ။ ဇာတ်စင်ပေါ်မှာ မြင်ရလေ့ ရှိတဲ့ ဝတ်စုံမျိုးကို ဝတ်လို့ထားတယ်။ မိတ်ကပ်ထူလပျစ်ကြီး လိမ်းလို့ထားတာကြောင့် ကျွန်မ ပျို့တက်ချင်လောက်အောင် ဖြစ်မိတယ်။ အဲဒါကြောင့် လူမှားနေတယ် ဆိုတာကို ရှင်းမပြနိုင်ဘူး ဖြစ်ရတယ်။

“မကောင်းတဲ့ အရာတွေ အားလုံးကို မေ့ပစ်ဖို့ ဆုံးဖြတ်ခဲ့တာ တော်တော်ကြာလှပြီ၊ နင်လည်း မေ့ပစ်လိုက်သင့်ပြီ၊ ဒါနဲ့ နင် ဇူးရစ်ကို မှတ်မိသေးလား၊ ငါ့မှာ ဂရန်လို့ နာမည်ပေးထားတဲ့ စကော့တယ်ရီယာ ခွေးလေးတစ်ကောင် ရှိခဲ့တယ်၊ ဂရန်က ခွေးသန်းရောဂါနဲ့ သေသွားခဲ့တယ်၊ ငါ့ယောကျ်ားး သတ်ခဲ့တာတော့ မဟုတ်လောက်ပါဘူးနော်လို့ ငါ အမြဲတမ်း တွေးနေခဲ့မိတယ်၊ သူက ခွေးတွေကို မုန်းတယ်၊ နင်လည်း သိပါတယ်၊ သူ စင်ကာပူမှာ စစ်ဘက်တာဝန် သွားမထမ်းဆောင်ခင်လေးမှာ ဖြစ်ခဲ့တာ၊ ငါထင်တာ မှားပါတယ်၊ ဂရန်က ခွေးသန်းရောဂါနဲ့ တကယ်ပဲ ဆုံးခဲ့တာပါ၊ အဲဒါကို ငါ သဘောပေါက်တာ မကြာသေးဘူး၊ ငါနဲ့ ငါ့ယောကျ်ားး ဖြစ်ခဲ့တာတွေက အတိတ်မှာ ကျန်ခဲ့ပါပြီ၊ အဲဒီအကြောင်းကို

ငါ ဘယ်တော့မှ မတွေးပါဘူး၊ ဘာပဲဖြစ်ဖြစ်ပါ၊ အခုတော့ ငါတို့ နှစ်ယောက်လုံး အဘွားကြီးတွေ ဖြစ်နေကြပြီနော်”

ကျွန်မရဲ့ လက်ကို ကောက်ကိုင်လိုက်ပြီး သူမရဲ့ ရင်ဘတ်နားမှာ ကပ်လို့ ထားတယ်။ ဒီတစ်လျှောက်လုံး သူမ ပြုံးလို့နေတယ်။ ကျွန်မ နည်းနည်းတော့ ကြောက်လာပြီ။ ဟုတ်ကဲ့၊ ဟုတ်ကဲ့ လို့ပဲ တောက်လျှောက် ပြောလို့နေတယ်။

“ဘာကြောင့်လဲ ငါ မသိဘူး၊ နင် ရောက်လာလိမ့်မယ်လို့ ငါ ခံစားနေရ တယ်၊ အဲဒါကြောင့် ဒီသီချင်းကို ငါ ဆိုနေတာ၊ နင် ရှူးမန်းရဲ့ ဂီတကို ချစ်တယ် လေ၊ စန္ဒရားနဲ့ တွဲဆိုတဲ့အခါ ငါ ဆိုတာက ရွှာဇကော့ပ်ထက် အများကြီး ပိုလှပ တယ်လို့ နင် ပြောဖူးတယ်လေ၊ မဟုတ်ဘူးလား၊ အခုတော့ ငါ့နှလုံးသားကို သန့်စင်အောင် ဆေးကြောခဲ့ပြီးပြီ၊ ကောင်းတဲ့ ကိစ္စတွေကိုပဲ ငါ ပြန်အမှတ်ရချင် တယ်”

“ဟုတ်”

လို့ ကျွန်မ ပြောလိုက်တယ်။ သူမက နောက်ထပ် တစ်ပိုဒ်လောက် ထပ် ဆိုချင်သေးတယ်လို့ ကျွန်မကို ပြောတယ်။ ဒီတစ်ကြိမ်တော့ သူမဟာ ခုံကနေ မတ်တတ်ရပ်ပြီး သူမရဲ့ လက်အစုံကို သူမရင်ဘတ်မှာ ကပ်လို့ထားတယ်။ သူမ သီချင်း စဆိုဆိုချင်းမှာပဲ လေပြင်းတိုက်ခတ်ပြီး ချယ်ရီသစ်ရွက်တွေ ဝေ့ဝဲ လှုပ် ခတ်လို့ သွားပါတယ်။ ကျွန်မ နာမည်မသိတဲ့ မီးခိုးရောင်ငှက်ကလေးဟာ ကြည်လင်နေတဲ့ ကောင်းကင်မှာ ပျံသန်းလို့ သွားပါတယ်။ အမျိုးသမီးကြီးရဲ့ လျှပ်ပြက်သလို အသံကို ကြားနေရတဲ့ အချိန်မှာ စောင်းလောင်းထော်လော် မ ညီမညာ ဖြစ်နေတဲ့ ကျွန်မရဲ့ နှလုံးသားဟာ ညီညာ ပြန့်ပြူးသွားသလို ဖြစ်လို့ သွားတယ်။ ခရစ္စမတ်မတိုင်မီ နှင်းတွေ ထူထဲဝေဆာတဲ့ ညက အချိန်လေးကို ကျွန်မ ပြန်သတိရမိသွားတယ်။ ဂီတသမားက ကျွန်မကို ညစာစားဖို့ ခေါ်သွားခဲ့ ပြီး စားသောက်ဆိုင်က စန္ဒရားကို တီးပြခဲ့တယ်။

“နင် မကျေမနပ် ဖြစ်နေတုန်းပဲလား၊ ကာရှီဝါဘာရာစံ”

အမျိုးသမီးကြီးက ငှက်ကလေးတစ်ကောင် ခုံကို တောက်လိုက်သလို နှုတ်ခမ်းစူပြီး ပြောတယ်။

“မဖြစ်ပါဘူး”

သူမက ခြေဖလာနဲ့။ ခြေချောင်း တစ်ချောင်းစီကို မတူညီတဲ့ ခြေသည်းအရောင်တွေ ဆိုးလို့ထားတယ်။ ဘယ်ဘက်ခြေထောက် ခြေမကစလို့ ခြေချောင်းတွေကို အနီ၊ အဝါ၊ ခရမ်း၊ လိမ္မော်၊ အနက်ဆိုးထားပြီး ညာခြေထောက်မှာတော့ ပန်းရောင်၊ အစိမ်း၊ အပြာနဲ့ ခြေသန်းကိုတော့ ဘာအရောင်မှ ဆိုးမထားဘူး။

“နင် ငါ့ဆီက လိုချင်တာ တစ်ခုခု ရှိလား”

လို့ သူမက ပြောတယ်။

“ရှင် သီချင်း ဆိုတာကို ကြားချင်လို့ လာတာပါ”

“တကယ်ပဲလား"

လို့ သူမက ကျွန်မရဲ့ စားစရာကို လက်ညှိုးထိုး ပြောတယ်။

“ဒါ ဘာတွေလဲ”

“နေ့လယ်စာ”

“ဝိုင်နာ ဝက်အူချောင်းနဲ့ တူတဲ့ဟာက ဘာလဲ”

“ဝိုင်နာ ဝက်အူချောင်းပါ”

“ကြော်ထားတာလား”

“ဟုတ်တယ်”

“ကြက်ဥမွှေကြော်နဲ့ တူတာက ဘာတွေလဲ”

“အဲဒါ ကြက်ဥမွှေကြော်”

“အိုး၊ ငါက ကြက်ဥမွှေကြော်နဲ့ တူပေမယ့် ကြက်ဥမွှေကြော် မဟုတ်ဘူးလို့ ထင်နေတာ၊ ဆူဖလေအိုမာရွှန်၊ ဒါမှမဟုတ် ပုစွန်ခရုဟင်း၊ ဒါမှမဟုတ် အင်ဂျန်မာမဲ၊ ဒါမှမဟုတ် ဗန်နဆင်ပတေး ဟင်းထင်လို့”

“မဟုတ်ပါဘူး၊ ရိုးရိုး ကြက်ဥကြော်ပါပဲ”

ရုတ်တရက် ရွှံ့ဗွက်တွေ ပေနေတဲ့ သူမရဲ့ ဘယ်ဘက် ခြေထောက်ကို ကျွန်မ မျက်နှာရှေ့ကို မ တင်လိုက်ပြီး ပြောတယ်။

“ယက်လိုက်”

ကျွန်မ နောက်ကို တွန့်သွားတော့ သူမက အော်တယ်။

“ဟဲ့ ဖာသည်မ”

ကျွန်မရဲ့ပခုံးကို ကန်လိုက်တာကြောင့် ကျွန်မရဲ့ နေ့လယ်စာ မြေကြီးပေါ် ကျသွားပါတယ်။

အဲဒီနောက်မှာတော့ ကျွန်မ မြင်လိုက်ရတာက မိန်းကလေးငယ်လေးတွေ သစ်ပင်နောက်က ပေါ်လာပြီး ကျွန်မတို့ ဘက်ကို ပြေးလို့ လာတယ်။ သူမ ဒေါသထွက်နေတဲ့ ပုံပါပဲ။ အမျိုးသမီးကြီးဟာ သီချင်းဆိုပြန်တယ်။ ဒါပေမဲ့ သူမကို အမျိုးသမီးတစ်ယောက်က လက်မောင်းကနေ ဆွဲခေါ်သွားပြီး အဲဒီ အမျိုးသမီးကပဲ ကျွန်မကို တောင်းပန်တဲ့အနေနဲ့ ဦးညွှတ်သွားပါတယ်။ စားမရတော့တဲ့ နေ့လယ်စာကို ကျွန်မက အမှိုက်ပုံးထဲ သွားပစ်လိုက်ချိန်မှာ ပန်းခြံနဲ့ ကပ်လျက်မှာ ရှိတဲ့ အိမ်ရဲ့ ပြတင်းပေါက်ကနေ တစ်ဆင့် မျက်မှန်တပ်ထားတဲ့ အမျိုးသားတစ်ယောက်ကို သတိထားမိသွားတယ်။ သူက သူ့ခေါင်းပေါ်ကို လက်ညှိုး ထိုးပြပြီး ဝိုက်ပြတယ်။ ကျွန်မ သူ့ကို ဂီတသမားရဲ့ နေအိမ်ကို သွားမေးလိုက်တယ်။

ပန်းခြံနဲ့ သိပ်မဝေးလှပါဘူး။ လမ်းမကျယ် တစ်ခုနဲ့တစ်ခု ဆုံတဲ့ လမ်းထောင့်မှာပါ။ ကျေးလက်က အင်းတစ်ခုနဲ့တောင် တူလို့နေပါတယ်။ နှင်းလျှောစီး အပန်းဖြေစခန်းတွေမှာ မြင်တွေ့ရလေ့ရှိတဲ့ ပုံစံမျိုးပေါ့။

ကျွန်မ လူခေါ် ခေါင်းလောင်းနှိပ်ရ၊ မနှိပ်ရ ဆုံးဖြတ်လို့ မရပါဘူး။ နောက်ဆုံးမှာတော့ ကျွန်မ ဂိတ်တံခါးကို တွန်းဖွင့်လိုက်တော့ ပွင့်လို့ သွားတယ်။ အဲဒါနဲ့ ကျွန်မ ခြံဝင်းထဲ ဝင်လိုက်တယ်။ အမွေးပွ ခွေးလေးတစ်ကောင်ဟာ ခရင်မ်ရောင် ခွေးအိမ်ထဲကနေ ထွက်လို့လာတယ်။ သူ့ကို ချည်ထားတဲ့ ကြိုးကတိုတော့ ကျွန်မဆီ မရောက်လောက်ပါဘူး။ ခွေးဟာ သွားပေါ်အောင် ဟောင်လို့နေတယ်။ ကျွန်မ ငယ်ငယ်တုန်းက တူတူပုန်းတမ်း ကစားတုန်းက ဒီလို ခွေးတစ်ကောင် ကိုက်တာ ခံခဲ့ရဖူးပါတယ်။ ဒီထက် အမွေးနည်းနည်း ပိုရှည်

တဲ့ ခွေးပါ။ ကျွန်မ ဒီလောက် အဝေးကြီး လာပြီးမှတော့ ဒီခွေးလေးက ဟန့်တားတာကို ခံမှာ မဟုတ်ပါဘူး။ ကျွန်မ တည်ငြိမ်သွားအောင် အသက်ပြင်း ပြင်း ရှူလိုက်ပြီး အိမ်ရှေ့တံခါးဆီကို လျှောက်သွားလိုက်တယ်။

သော့ခတ်ထားပါတယ်။ ကျွန်မ တံခါးခေါက်တော့ ဘယ်သူမှ ပြန်မဖြေ ကြဘူး။ အဲဒါနဲ့ နောက်ပြန်လှည့်လိုက်တယ်။ ဝန်ထမ်း ဝင်ပေါက်လို့ ရေးထား တဲ့ တံခါးပေါက်ကလည်း သော့ခတ်ထားပြန်တယ်။ ကျွန်မ ပြန်လာတော့ ခွေး က ဟောင်နေတုန်းပဲ။ အပေါ်ကို မော့ကြည့်လိုက်တော့ ဒုတိယထပ် ဝရန်တာ မှာ ပြတင်းပေါက်တစ်ခု ပွင့်နေတာ တွေ့လိုက်တာကြောင့် ခွေးအိမ်ကနေ တစ်ဆင့် တက်လို့ရမယ် ဆိုတာ ကျွန်မ နားလည်လိုက်တယ်။ ကျွန်မ ရှေ့ကို ခြေတစ်လှမ်း တိုးလိုက်တော့ ခွေးက အမြီးကုပ်၊ မျက်နှာကို ရှေ့တိုးပြီး သွားဖြဲ ပြလို့ နေတယ်။ ဒါပေမဲ့ ကျွန်မ မကြောက်တော့ပါဘူး။ ပြန်တောင် ဟောက် လိုက်ပါသေးတယ်။

“ပါးစပ်မပိတ်ရင် နင့်ကို တစ်ကောင်လုံး အကင်စက်ထဲထည့် ကင်စား ပစ်လိုက်မယ်”

ကျွန်မ ခွေးအိမ်ပေါ် ခြေတစ်ဖက် နင်းလိုက်တယ်။ ကျွန်မတစ်ကိုယ်လုံး အပေါ်ရောက်သွားတော့ အထပ်သားခေါင်မိုးဟာ ကျဉ်ကျပြီး ကွဲအက်တဲ့အသံ ထွက်သွားတယ်။ ကျွန်မခြေထောက်က ခွေးအိမ်ထဲ ရောက်သွားတယ်။ ခွေးက ကျွန်မကို ကိုက်လိုက်တယ်။ တော်တော်လေးကို နာပါတယ်။ ကျွန်မ ပြန် ဆွဲထုတ်ဖို့ ကြိုးစားရပါတယ်။ နံရံကို ခွထားတဲ့ ကျန်တဲ့ ခြေထောက်တစ်ဖက် မြေပေါ်ကနေ ချော်ကျပြီး လဲကျသွားပါတယ်။ ကျွန်မ ဒီထက် အရှိန်ပိုမြင့်နိုင် တော့ပါဘူး။ ကျွန်မ ဖြစ်နေတဲ့ အကြောက်တရားက လျင်လျင်မြန်မြန် ဖြစ်လို့ နေပါတယ်။ ကျွန်မ ဂီတသမားရဲ့ နာမည်ကို အသားကုန် အော်ခေါ်တော့တာ ပဲ။

ကျွန်မ အော်ခေါ်နေရင်းနဲ့ စိတ်ထဲမှာ မြင်ယောင်နေတာ သူ့မျက်နှာ မဟုတ်ပါဘူး။ သူ့လိင်တံပါ။ အဲဒါကြီးကို ကျွန်မ ပါးစပ်ထဲ သူ ထိုးထည့်နေကျ၊ တစ်ခါတလေကျရင် မာကျောလွန်းလို့ နှူတ်ခမ်းတွေတောင် ကွဲရပြီး သွေးပါကျ တယ်။ ကျွန်မ ခြေထောက်ကလည်း အခု သွေးထွက်နေတာ သေချာပါတယ်။ အရက်ပုလင်း အရောင်းဆိုင်ကလူ ကျွန်မဘက်ကို လက်ညှိုးထိုးပြီး လာနေတာ ကို တွေ့လိုက်ရချိန်မှာ ကျွန်မ အသက်တောင် မရှူနိုင်လောက်အောင် နာကျင်

နေတာမို့ ကျွန်မ ငိုနေပါတယ်။ အဲဒီလူရဲ့ နောက်တည့်တည့်မှာတော့ ရဲနှစ်ယောက် ပါလာတယ်။ ရဲနှစ်ယောက်က ကျွန်မ ခြေထောက်ကို ဆွဲထုတ်ပေးတယ်။ သူတို့ နှစ်ယောက်လုံး ချွေးနဲ့ နံနေတယ်။ “သူပဲ” လို့ အရက်ပုလင်း အရောင်းဆိုင်က လူက ပြောတယ်။ “အိမ်လိပ်စာ မေးတာ သူပါပဲ” ရဲတစ်ယောက်က ကျွန်မရဲ့ အင်္ကျီကော်လာကို ဆွဲကိုင်ပြီး ရဲပတ္တယောင် ကားဆီကို ဖွတ်တရွတ် ဆွဲခေါ် သွားတယ်။ ကျွန်မ ရုန်းတော့ ခေါင်းကို မသိမသာ ပုတ်ပါတယ်။ သူတို့ ကျွန်မ ရင်သားတွေကိုလည်း စမ်းပါသေးတယ်။

“ရပ်လိုက်စမ်း”

လို့ အသံတစ်သံ ထွက်လာပါတယ်။

“အဲဒါ ငါ့သူငယ်ချင်း”

ပန်းခြံထဲမှာ သီချင်းဆိုတဲ့ အမျိုးသမီးပါ။ ခုနက အဝတ်အစားကို ဝတ်ထားဆဲပါပဲ။ သူမ ကျွန်မကို ဆွဲလိုက်ပါတယ်။ ရဲနှစ်ယောက် တစ်ယောက်ကို တစ်ယောက်ကြည့်ပါတယ်။ “ဘာလဲဟ” လို့ တစ်ယောက်က ပြောတယ်။ နောက်တစ်ယောက်က “ဆေးရုံက နောက်ထပ် အရူးတစ်ယောက်ပဲ ထင်တယ်” လို့ ပြောတယ်။ ဒီလိုနဲ့ ကျွန်မကို အမျိုးသမီးကြီးနဲ့ ပြန်လွှတ်ပေးလိုက်ပါတယ်။ အမျိုးသမီးကြီးနဲ့ ကျွန်မ ပန်းခြံဆီ လမ်းပြန်လျှောက်ပြီး ထိုင်ချလိုက်ပါတယ်။

ကျွန်မ ငယ်ငယ်တုန်းက ကျွန်မအဘွားက ကျွန်မတို့ဆီမှာ ဖြစ်တဲ့ ပွန်းပဲ့၊ ရှရာတွေကို လိမ်းဖို့အတွက် တချို့သော ပေါင်းပင်တွေကို နုတ်လေ့ ရှိပါတယ်။ အဲဒီလို ပေါင်းပင်မျိုး ခုံတန်းဘေးမှာ ပေါက်နေပါတယ်။ ကျွန်မ အရွက်တချို့ ဆွတ်လိုက်ပြီး ခွေးကိုက်ထားတဲ့ ခြေမျက်စိမှာ ပွတ်ခြေပြီး လိမ်းလိုက်ပါတယ်။ အမျိုးသမီးကြီးဟာ ခုံတန်းကနေ ထ၊ လက်ပိုက်ပြီးတော့ ကျွန်မသိတဲ့ သားချော့တေး တစ်ပုဒ်ကို စဆိုပါတယ်။ အဲဒီသီချင်းက ဘရာဟမ်လား၊ ရှူးဘတ်လား ဆိုတာကို မှတ်မိဖို့ကြိုးစားနေတုန်း ဂီတသမားရဲ့ လိင်တံက စိတ်ထဲရောက်လို့လာခဲ့ပြန်တယ်။ သားချော့တေးက တကယ့်ကို လှပပါရဲ့။ ကျွန်မ မျက်ရည်တွေ မရပ်တော့ဘူး။

❑

(Lullaby by Ryū Murakami)

ဖောင်တိန်ဓာတ်မီး

အခုလေးတင် နယူးယောက်ကနေ ပြန်ရောက်တာလို့ အဲဒီလူက ပြောတယ်။

“အဖြူမတွေရဲ့ အသားအရေတွေက ကြောက်စရာကြီးတွေ၊ ခြောက်သွေ့နေလိုက်တာ ငရဲကျနေတာပဲ၊ ဂျပန်မ တစ်ယောက်ယောက်ကို ထိတွေ့ဖို့ကို မစောင့်နိုင်လောက်အောင် ဖြစ်နေရတယ်၊ ဒါပေမဲ့ ခုတော့ဟာ၊ နင်တို့ရုံးမှာ နင့်ထက်ကောင်းတဲ့ တစ်ယောက်ယောက် မရှိတော့ဘူးလား”

ပြီးတော့ သူဟာ ကျွန်မတို့ရဲ့ ရုံးခန်းကို ဖုန်းဆက်ပါတော့တယ်။

“ဟုတ်တယ်၊ သူက တော်တော်ငယ်ပုံတော့ ပေါက်ပါတယ်၊ ပြောတာနားထောင်ပါဦး၊ ကျွန်တော် သူ့အတွက် အပြန်တက္ကစီခ ပေးလိုက်မယ်၊ နောက်ထပ် တစ်ယောက် လွှတ်ပေးလိုက်၊ ဟုတ်ပြီလား”

ကျွန်မ ကိုယ်တွင်းက အခြား လူတစ်ယောက်ကို ကျွန်မ ပြောလိုက်တယ်။ ထပ်ဖြစ်ပြန်ပြီဟာ။ သူက ငါ့ကို ဝက်တဲ့။

နင်က ဘာတွေ မျှော်လင့်နေတာလဲ။ နင်က ဝက်တစ်ကောင်ပဲလေ။ ဒီအမြင့်နေရာက မြင်ကွင်းက လှလိုက်တာ။ ဟောင်ကောင်မှာ ငါ တည်းခဲ့တဲ့ ဟိုတယ်လိုပဲ။

နင် ဟောင်ကောင်ကို ရောက်ဖူးလား။

ငါ နေရာတိုင်းကို ရောက်ဖူးတယ်၊ ဟောင်ကောင်မှာ ဆူမီတိုမိုဘဏ်က ကာဝါမူရ ဆိုတဲ့ လူတစ်ယောက်က ငါ့ကို အထူးသီးသန့် ကလပ်တစ်ခုဆီ ခေါ်သွားခဲ့တယ်၊ အဆောက်အအုံကတော့ ဟောင်းနေပါပြီ။ အပြင်မှာ ဘာဆိုင်းဘုတ်မှ တပ်မထားဘူး။ သတ္တုလှေကားအတိုင်း တက်သွားရတယ်။ တတိယ ထပ်ထင်တယ်။ အဲဒီမှာ သစ်သားတံခါး ထူထူကြီး ရှိတယ်။ အဲဒီတံခါးမှာ နှင့် လက်ဖဝါးလောက်ရှိတဲ့ အပေါက်လေးတစ်ခု ရှိတယ်။ စကားဝှက်ပြောမှ တံခါးဖွင့်ပေးတယ်။ စကားဝှက်က ဆလဗ် ဘာသာစကားနဲ့။ ဟောင်ကောင်ကို အရှေ့ဥရောပနိုင်ငံတွေက တိုးရစ်တွေ အများကြီး လာကြတယ်လေ။ ပိပြားနေတဲ့နှာခေါင်းနဲ့ အရပ်ခြောက်

ပေခွဲလောက် ရှိတဲ့ လူတစ်ယောက်က တံခါးလာဖွင့်တယ်။ သူ့ပုံစံက ပ ရော်ဖက်ရှင်နယ် နပန်းသမား ဖြစ်ခဲ့ဖူးပုံပဲ။ ပန်းရောင်လိုက်ကာ ရှိတဲ့ နေရာအထိ အောက်ကို ဆင်းလျှောက်သွားရတယ်။ လိုက်ကာ နောက်မှာ တော့ သီချင်းဖွင့်ထားတယ်။ နေရာတိုင်းမှာ ကောင်မလေးတွေ ရယ်မော နေကြတယ်။ ဒါမှမဟုတ် ဝတ်လစ်စားလစ် ကလို့နေကြတယ်။ ဒါမှ မဟုတ် ပေါက်တတ်ကရတွေ လုပ်နေကြတယ်။

အဲဒီကလပ်မှာ နင် ဘာလုပ်ခဲ့လဲ။

ငါ ကြည့်ပဲ ကြည့်နေခဲ့တာပါ၊ နင် သိပါတယ်၊ ကမ္ဘာကြီးအကြောင်း တစ်ခုခု သင်ယူရတာ ဘာများ နစ်နာစရာရှိတာ လိုက်လို့။

ကာဝါမူရ ဆိုတဲ့ လူနဲ့ နင် ဘယ်မှာ တွေ့ခဲ့တာလဲ။

ဟိုတယ်မှာပဲ။ ကိုးလွန်းက မန်ဒရင်းပဲလေ့စ် ဟိုတယ်ရဲ့ လက်ဖက်ရည်သောက်ခန်းမှာ။ သူ ငါ့ဆီ လာပြီး သူ့ကိုယ်သူ မိတ်ဆက် တယ်။ တကယ့် လူကြီးလူကောင်း တစ်ယောက်ပါ။ အရပ်လည်း ရှည် တယ်။ လူပျို။

ဘာတွေ ပစိပစိ ပြောနေတာလဲ လို့ တယ်လီဖုန်း စကားပြောခွက်ကို ကိုင်ထားတဲ့ အဲဒီလူက ကျွန်မကို ပြောတယ်။ “နင်တို့ရုံးက မိန်းမက နင်နဲ့ စကားပြောချင်လို့တဲ့” ကီယိုမီပြောတဲ့ ဟောင်ကောင်က ညနဲ့တူတယ် ဆိုတဲ့ ဟိုတယ် ပြတင်းပေါက်က မီးရောင်တွေကို ကျွန်မ ငေးကြည့်လိုက်ချိန်မှာ ရုံးက အန်တီက ကျွန်မကို အော်ပါတော့တယ်။

“နင်ဘာတွေ ဝတ်ထားတာလဲ၊ ဖိုသီဖတ်သီ မဝတ်နဲ့လို့ ငါ နင့်ကို ပြောထားသားရဲ့နဲ့၊ မိတ်ကပ်ကော လိမ်းထားရဲ့လား၊ နင့်လက်သည်းတွေမှာ ကြေးတွေ ရှိနေတာ ငါ့ကို မပြောနဲ့တော့”

ကျွန်မ လက်သည်းတွေကို ကြည့်လိုက်တယ်။ ကြေးတွေချည်းပဲ။ သူမ ဘယ်လိုများ သိနေလဲ ဆိုပြီး ကျွန်မ ကြောက်တောင် ကြောက်သွားတယ်။ ကျွန်မရဲ့ တိုက်ခန်းဘေးက စူပါမားကက်ကနေ ဝယ်လာတဲ့ ယန်းကိုးရာ့ရှစ် ဆယ် ပေးရတဲ့ ဘလောက်စ်ကို ကျွန်မ ဝတ်ထားတယ်။ ဂျင်းဘောင်းဘီ ကတော့ လွန်ခဲ့တဲ့ လေးနှစ်က ဝယ်ထားတာ။ ဒီနေ့တစ်နေ့လုံး ကျွန်မ ဘာ

မိတ်ကပ်မှ မလိမ်းထားဘူး။ ကျွန်မ တစ်နေကုန် စားပွဲအသေးလေးမှာ ထိုင်နေတာ။ စားပွဲအောက်မှာက ဒီတစ်နေ့လုံး တစ်ခါမှ ထုတ်မထားတဲ့ လျှပ်စစ်အပူပေးစက် ရှိနေတယ်။ အိပ်ဒိုက်လိုက်၊ ရာမန်ခေါက်ဆွဲ စားလိုက်၊ လေဒီခုနစ်မဂ္ဂဇင်း ဖတ်လိုက်၊ တီဗွီကြည့်လိုက်နဲ့ပါပဲ။ သူမ ဘယ်လိုများ သိပါလိမ့်။

အဲဒီလူက ကျွန်မကို တက္ကစီခလို့ ပြောပြီး ယန်းတစ်သောင်း ပေးပါတယ်။ အဲဒီတော့ ကျွန်မ ပြန်ရတာကို စိတ်ထဲမှာ ဘာမှ မရှိဘူး။ ဟိုတယ်ကနေ တက္ကစီဖိုးက ယန်းနှစ်ထောင်ပဲ ရှိတာ။ ပြီးတော့ ရထားတွေ သွားနေတုန်းပဲ။ အဲဒီတော့ ကျွန်မ အက်ိုတောင် မချွတ်ရဘဲနဲ့ ယန်းရှစ်ထောင် ရတာပေါ့။

ကျွန်မ အိမ်ကိုပဲပြန်ဖို့ ဆုံးဖြတ်လိုက်တယ်။ ကောင်းကောင်းစားပြီး ကီယိုမီနဲ့ စကားပြောမယ်။ ကီယိုမီက အားလုံးကို သိတယ်၊ သူ တကယ်ကို သိတာ။

အိမ်မှာ စားစရာ ဘာမှ မရှိတော့ဘူး ဆိုတာ ကျွန်မ သတိရလိုက်လို့ ဘူတာကနေ ဆင်းတဲ့ လမ်းမှာရှိတဲ့ ဘီယာဆိုင်တစ်ဆိုင်ကို ဝင်လိုက်တယ်။ သောကြာညမို့ လူတွေ ပြည့်လို့နေတယ်။ ထိုင်ခုံလွတ် ဆိုလို့ ကောင်တာရှေ့က ဆိုင်ပဲ ရှိတယ်။

ကျွန်မ ဘေးမှာ ထိုင်နေတဲ့ လူက ကျွန်မကို စကားလာပြောတယ်။

“ကျွန်တော်နဲ့ အတူ ဘီယာသောက်မလား”

လို့ သူက ပြောတယ်။

“စပါဂတ်တီနဲ့ ဘီယာက လိုက်တယ်”

ကျွန်မ ဘီယာ သောက်ချင်နေတယ်။ ပြီးတော့ ကျွန်မက ကရကင့်ရီ ရာသီဖွား၊ အိုသွေးအမျိုးအစား၊ မိသားစုထဲမှာ အငယ်ဆုံး၊ အဘွားရဲ့ အချစ်တော်၊ ကျွန်မက ရုပ်ဆိုးပြီး ဝတယ်။ အဲဒါကြောင့် ယောကျ်ားတစ်ယောက်ယောက်ဆီက ဖိတ်ခေါ်မှုတွေကို ကျွန်မ ပယ်ချလေ့ မရှိဘူး။

“ပါစတာက မင်းအတွက် ကောင်းတယ်။ ကာဘိုဟိုက်ဒရိတ် မျိုးစုံပါတယ်” လို့ သူက ပြောတယ်။ ပါစတာဆိုတာ ဘာမှန်း ကျွန်မ မသိပါဘူး။ အဲဒါနဲ့ ကီယိုမီကို မေးလိုက်တယ်။ ကီယိုမီ၊ ပါစတာက ဘာလဲ။

ခေါက်ဆွဲပဲ။ နင်စားနေတဲ့ စပါဂတ်တီလိုပဲ။

အဲဒီလူက သူဟာ အားကစား အာဟာရ အတိုင်ပင်ခံလို့ ပြောတယ်။ ကျွန်မ ကီယိုမီကို စကားပြောနေတာကို မြင်တဲ့ လူတိုင်း အံ့သြကြပေမယ့် သူကတော့ ကျွန်မကို ပြုံးပြီးတော့ ကျွန်မက စိတ်ဝင်စားစရာ ကောင်းတဲ့ ကောင်မလေးပဲလို့ ပြောပါတယ်။

“ကီယိုမီစံနဲ့ သိတာ ဘယ်လောက် ကြာပြီလဲ၊ မင်းတို့ အမြဲတမ်း နီးနီးစပ်စပ် ရှိနေကြတာလား”

ကီယိုမို့အကြောင်းကို လူတွေ သိအောင် ကျွန်မ ပြောချင်စိတ် ရှိရတဲ့ အထိ အရေးကြီးတာကြောင့် ကျွန်မ တည်ငြိမ်အောင် လုပ်လိုက်ပါတယ်။

“ဒီလိုမေးလို့ စိတ်မရှိပါနဲ့၊ ကိုယ်ပြောခဲ့သလိုပဲ၊ ကိုယ်ဟာ အခု လက်ရှိမှာ အာဟာရဗေဒပညာရှင်ပါ၊ ဒါပေမဲ့ ဒီပညာရပ်ကို အသက် နှစ်ဆယ့်ရှစ်နှစ် ရောက်တဲ့အထိ မသင်ခဲ့ပါဘူး၊ အသက် နှစ်ဆယ့်ရှစ်နှစ် အရွယ်မှာ အသည်းအသန် နေမကောင်း ဖြစ်ခဲ့တယ်၊ အဲဒီတော့မှ နေမကောင်းတာက စားသောက်တဲ့ အကျင့်ကောင်းကောင်းနဲ့ ဖြတ်ကျော်ရမယ် ဆိုတာကို နားလည်ခဲ့တယ်၊ အဲဒါကြောင့် ကိုယ် တက္ကသိုလ် ပြန်တက်ပြီး အာဟာရဗေဒ ပညာရပ်ကို သင်ယူခဲ့တယ်၊ မူလသင်ခဲ့တာက စိတ်ပညာရပ်ပါ၊ ကိုယ် မင်းကိုရော၊ ဒါမှ မဟုတ် ဘယ်အရာကိုမှ ဟာသလုပ်ဖို့ ကြိုးစားနေတာ မဟုတ်ပါဘူး၊ ရိုးရိုးသားသား စိတ်ဝင်စားတာပါ”

ကီယိုမီက ရပါတယ်လို့ ပြောတယ်။ အဲဒါကြောင့် သူ့ကို ဆက်ပြောပြဖို့ ကျွန်မ ဆုံးဖြတ်လိုက်တယ်။

“ကျွန်မတို့ တဖြည်းဖြည်းချင်း သူငယ်ချင်း ဖြစ်လာခဲ့တာပါ၊ ကျွန်မ ဆိုလိုချင်တာက လူတိုင်းလည်း အဲဒီလိုပဲ မဟုတ်လား၊ တစ်ယောက်ယောက်နဲ့ ရင်းရင်းနှီးနှီး ဖြစ်သွားခဲ့တဲ့ အချိန်ကို ဘယ်သူမှ တိတိကျကျ မမှတ်မိကြပါဘူး၊ မဟုတ်ဘူးလား”

“မင်းတို့ ပထမဆုံးအကြိမ် တွေ့တာ ဘယ်တုန်းကလဲ၊ အနီးစပ်ဆုံးဆို ရပါတယ်၊ မူကြို၊ မူလတန်း၊ မကြာသေးခင်ကလား”

“ဟိုက်စကူးတုန်းကပါ”

“သူက ရုတ်တရက် ပေါ်လာခဲ့တာလား”

ဆိုင်က တော်တော်လေး ဆူညံလာတယ်။ အဲဒါကြောင့် စကားပြောဖို့ ကျွန်မအခန်း လိုက်ခဲ့ပါလို့ ဖိတ်လိုက်တယ်။ ကျွန်မ အခန်းထဲကို ဝင်လိုက်တာနဲ့ သူ မျက်နှာပျက်သွားတယ်။ သူဟာ ကြမ်းပြင်ပေါ် ခြေစမ်းပြီး လျှောက်လို့နေတယ်။ သူ့ခြေအိတ်ကို ဘာနဲ့မှ မထိအောင် ကြိုးစားနေတယ်။ ပြီးတော့ ဆိုဖာအိပ်ရာပေါ်မှာ ထိုင်ချလိုက်တယ်။ မထိုင်ခင်မှာ အတွင်းခံဘောင်းဘီ၊ သတင်းစာ၊ မဂ္ဂဇင်း၊ အလှကုန်ပစ္စည်းတွေ၊ မက်ဒေါနယ် ဟမ်ဘာဂါ စားကြွင်းစားကျန်တွေ၊ အချဉ်ရည်ဘူး၊ အစာသွတ်တိရစ္ဆာန် အရုပ်တွေထဲက အစအနတွေ၊ ပြည့်လျှံနေတဲ့ စီးကရက်ပြာခွက်၊ ယန်းတစ်ဆယ် အကြွေစေ့တွေ၊ ကွတ်ကီး အစအနတွေ၊ မီးခြစ်ဆံတွေ၊ ပိုးကောင်အသေတွေနဲ့ ပစ္စည်းပစ္စယတွေကို ရှင်းပြီး နေရာလုပ်ရသေးတယ်။

“ဘယ်လို အခန်းကြီးလဲ”

“ကျွန်မ သန့်ရှင်းရေးလုပ်ရတာ မကြိုက်ဘူး”

“အခန်း သန့်ရှင်းရေးကော လုပ်ဖူးလား”

“တစ်ခါတလေတော့ လုပ်ပါတယ်၊ ကီယိုမီက အရမ်းဆိုးရွားလွန်းနေ ပြီလို့ ပြောတဲ့အခါမှာပေါ့၊ ဒါပေမဲ့ ပစ္စည်းတွေ ကောက်ရတာ၊ နေရာရှေ့ရတာတွေကို ကျွန်မ မကြိုက်ဘူး”

“သူက မင်း ဟိုက်စကူးတက်နေတုန်းမှာ ပေါ်လာခဲ့တာလို့ မင်း ပြောဖူးတယ်နော်၊ ရုတ်တရက် ပေါ်လာခဲ့တာလား”

“မနက်ခင်း ဩဝါဒ အချိန်မှာပါ”

“မနက်ခင်း ဩဝါဒ ဟုတ်လား”

“ရှိသမျှ ကျောင်းသား၊ ကျောင်းသူ အကုန်လုံးဟာ အားကစား ကွင်းထဲမှာ အတန်းလိုက် တန်းစီပြီးတော့ ကျောင်းအုပ်ဆရာကြီး ပြောတာတွေကို နားထောင်ရတဲ့ အချိန်ပါ၊ တနလ်ာနေ့တိုင်း ထင်တယ်၊ တစ်ရက်မှာတော့ တစ်နေရာကနေ ပေါ်ထွက်လာတဲ့ အသံကို ကျွန်မ ကြားလိုက်ရတယ်”

ဘွဲ့ယူတာ၊ ဒါမှမဟုတ် သရုပ်ပြရတာ၊ အဲဒီလို တစ်ခုခုဆိုရင် ကျွန်မ ရယ်စရာကောင်းတဲ့ အခြေအနေ တစ်ခုခု ဖြစ်လေ့ ရှိတယ်။ ကျောင်းသား၊ ကျောင်းသူတွေ အားလုံးဟာအတန်းလိုက် ရပ်နေကြရတယ်။ တစ်ခါတစ်ခါကျရင် ခေါင်းမူးပြီး နေရဆိုးတယ်။ သတိပါ မေ့သွားတယ်။ ကျွန်မ ဆရာမက ကျွန်မဟာ သွေးအားနည်းတယ်လို့ ပြောတတ်တယ်။ ဒါပေမဲ့ ဆေးစစ်ဖို့သွားတော့ အဲဒီလို မဟုတ်ဘဲ၊ ဆရာဝန်တွေက ကျွန်မကို စိတ်ကုဆရာဝန်နဲ့ ပြဖို့ တိုက်တွန်းလိုက်ပါတယ်။

ကျွန်မ မိဘတွေက ဟင်းသီးဟင်းရွက်ဆိုင် သေးသေးလေး တစ်ဆိုင်ကို ဖွင့်ထားတာပါ။ သားသမီး ခြောက်ယောက် ရှိပါတယ်။ တစ်ယောက်ကိုမှ စိတ်ကုဆရာဝန်ဆီ လိုက်မပြဖူးပါဘူး။ ဈေးကြီးတာ၊ လူတွေက ပြောတာကြောင့် ဖြစ်ကောင်း ဖြစ်နိုင်ပါတယ်၊ ကျွန်မ စိတ်ကုဆရာဝန်ဆီ တစ်ခေါက်မှ မရောက်ခဲ့ပါဘူး။

“ရယ်စရာကောင်းတဲ့ အခြေအနေ တစ်ခုခု ဟုတ်လား”

“ဟုတ်တယ်၊ မြင်ကွင်းတွေက လှုပ်ရှားနေတယ်လို့ ကျွန်မ စခံစား လာခဲ့ရတယ်၊ ရထားလို၊ တခြား တစ်ခုခုလိုမျိုး မဟုတ်ပါဘူး၊ ကျွန်မက သေးသေးလာတယ်၊ အရမ်း မြန်လာတယ်၊ ရွှတ်ခနဲ၊ ရွှတ်ခနဲပဲ၊ အဲဒါနဲ့ပဲ အရာအားလုံးဟာ ဟိုးအဝေးကြီး၊ အဝေးကြီးကို ရောက်လို့သွားတယ်၊ ဘာကြောင့်မှန်းတော့ မသိဘူး။

ကျောင်းဝတ်စုံ ဝတ်ပြီး အတန်းလိုက် အတန်းလိုက် ရပ်နေကြတဲ့ ကျောင်းသား၊ ကျောင်းသူ အားလုံးဟာ သစ်ပင်တွေနဲ့ တူလာတယ်။ သစ်ပင်အကြီးကြီးတွေ ရှိတဲ့ တောအုပ် တစ်ခုလိုပဲ၊ ဒါမှမဟုတ် ပျက်စီးနေတဲ့ ဘုရားကျောင်း တချို့ထဲက ကျောက်တုံး ရုပ်တုတွေလိုပဲ၊ ဒါမှမဟုတ် တစ်ခုခုပေါ့၊ ကျွန်မ တက်နင်းမိမှာ၊ ဖိမိမှာကို တော်တော်လေး ကြောက်လာခဲ့တယ်”

“အဲဒီ အကြောက်တရားက ကီယိုမီစံနဲ့ တစ်နည်းနည်း ပတ်သက်နေလား”

ကျွန်မ အခန်းက လေဝင်လေထွက် မကောင်းဘူး။ အဲဒီလူဟာ ပူနေပုံရတာကြောင့် ဂျက်ကက်အင်္ကျီကို ချွတ်လိုက်တယ်။ သူ့ရဲ့ ကိုလုံးရေမွှေးနဲ့ ချွေးနံ့

ရောနေတဲ့ အနံ့ဟာ နေရာအနှံ့ ပျံ့နှံ့သွားပြီး ကြမ်းပြင်ပေါ်မှာ ထိုင်နေတဲ့ ကျွန်မ ဆီကိုပါ ရောက်လို့လာတယ်။

“ကျွန်မ မသိဘူး”

လို့ ကျွန်မပြောလိုက်တယ်။ ပြီးတော့ ရုတ်တရက် စကားလမ်းကြောင်း ပြောင်းလိုက်ပြီး ကျွန်မဟာ အပျော်မယ်တစ်ယောက် ဆိုတာကို ပြောပြလိုက် တယ်။ သူဟာ အံ့သြပုံ မပြသလို၊ ဘယ်လိုမှလည်း မနေပါဘူး။

“အဲဒီတော့ ပထမဆုံး အသံကို ကြားတာပေါ့”

“ဟုတ်တယ်”

“သူက မင်းကို စကားပြောတာလား”

“သူက ဟယ်လို လို့ ပြောတယ်၊ အနားက ဘယ်သူကများ ပြောတာလဲလို့ ကျွန်မ စဉ်းစားမိတယ်၊ လှည့်ကြည့်တော့ အနားမှာလည်း တစ်ယောက်မှကို မ မြင်ရဘူး၊ ကျွန်မကို စကားပြောတဲ့ လူက အများကြီး မရှိပါဘူး”

“အမြဲတမ်း အဲဒီလိုပဲလား”

“ဘယ်လိုမျိုးလဲ”

“လူတွေ အများကြီးကို စကားမပြောတာ”

“ဟယ်လို လို့ နှုတ်ဆက်တာလောက်တော့ ရှိပါတယ်၊ အဲဒီလောက်ပါပဲ”

“အဲဒီတုန်းက ကီယိုမီစံက မင်းကို ဘာပြောလဲ”

“စံ ဆိုတာကြီးကို ထည့်မခေါ်ပါနဲ့၊ ကီယိုမီလို့ပဲ ခေါ်လို့ ရပါတယ်၊ သူ စိတ်မရှိပါဘူး၊ အဲဒီတုန်းက ဘာပြောလဲ ဟုတ်လား၊ သူက ကျွန်မကို သူငယ်ချင်း ဖြစ်ချင်တယ်လို့ ပြောတယ်”

“မင်း ဘယ်လို သဘောရလဲ၊ အဲဒီလို အသံတစ်သံကို ကြားရတာ ထူးဆန်းတယ်လို့ မထင်ဘူးလား”

“သူ ကျွန်မကို အကုန်လုံး ရှင်းပြတယ်”

“ဘယ်သူလဲ”

“ကီယိုမီ၊ ပထမဆုံးအကြိမ် ကတည်းက သူ ကျွန်မကို အကုန်လုံး ရှင်းပြ တယ်၊ ကျွန်မက ဆိုင်တမကပါ၊ ကီယိုမီကတော့ ယိုကိုဟားမားမှာ မွေးတာပါ၊ သူ့အဖေက နာမည်ကြီးတစ်ယောက်ပဲ၊ ဘယ်လိုခေါ်လဲတော့ မသိဘူး၊ စန္ဒရား လား၊ ဘာလား”

“စန္ဒရားဆရာလား”

“မဟုတ်ဘူး၊ စန္ဒရားတွေကို အသံပိုကောင်းအောင် လုပ်ပေးတဲ့ သူ”

“စန္ဒရားကြိုးညှိဆရာ”

“ဟုတ်တယ်၊ သူ့အဖေက အဲဒါ၊ စန္ဒရားကြိုးညှိဆရာ လို့ သူ ပြောတယ်၊ ကြိုးညှိဆရာ အများစုဟာ စန္ဒရားဆရာ ဖြစ်ချင်ကြပေမယ့် မဖြစ်ခဲ့ကြဘူး၊ သူ့ အဖေကလည်း အဲဒီလိုပဲ၊ အဲဒါကြောင့် သူ့အဖေက သူ့ကို စန္ဒရားဆရာမ ဖြစ်ဖို့ ကြိုးစားခဲ့တယ်၊ သူ့အဖေက သူ့ကို ခက်ခဲတဲ့ သင်ခန်းစာတွေကို သင်ယူစေခဲ့ တယ်၊ သူကလည်း ပါရမီပါတယ်၊ အလယ်တန်းမှာ ပြိုင်ပွဲအားလုံးမှာ ဆုရခဲ့ တယ်၊ နောက်တော့ သူ့ရဲ့စန္ဒရားဆရာက သူ့မှာ သီချင်းဆိုတာနဲ့ ပတ်သက်ပြီး ပါရမီပိုပါတာကြောင့် အဆိုသင်ခန်းစာတွေ ယူဖို့ ပြောခဲ့တယ်၊ အဲဒီက စလို့ ဝမ်းနည်းဖွယ် ဖြစ်ရပ်ကြီး တစ်ခုလုံး စတင်ခဲ့တာပါပဲ”

“ဝမ်းနည်းဖွယ် ဖြစ်ရပ်ကြီး ဟုတ်လား”

“ကီယိုမီက အဆိုကောင်းလွန်းလို့ တချို့လူတွေက သူဟာ ဂျပန်နိုင်ငံရဲ့ အကောင်းဆုံး ဆိုပရာနို အဆိုသမား ဖြစ်လာလိမ့်မယ်လို့တောင် ပြောခဲ့တယ်၊ ဒါပေမဲ့ အဲဒီနောက်တော့ သူ ရုတ်တရက် ဝလာခဲ့တယ်”

“ဩော်... သဘောပေါက်ပြီ၊ အသံကောင်းကောင်း ထုတ်နိုင်ဖို့ ခန္ဓာကိုယ် အစိတ်အပိုင်းတွေ အကုန်လုံးကို အာဟာရတွေ အများကြီး ဖြည့်ဆည်းပေးဖို့ လိုတယ် ဆိုတာ အမှန်ပဲ”

“အဲဒီလို မဟုတ်ဘူး၊ သူက ဆိုပရာနို ရောဂါဖြစ်ခဲ့တာ”

“ဆိုပရာနိုရောဂါ ဟုတ်လား၊ အဲဒီလို ရောဂါ တကယ်ရှိလို့လား”

“ဆိုပရာနို အဆိုသမားတွေ ဆိုလိုက်ရင် တုန်ခါသံတွေ ဖြစ်တယ် မဟုတ် လား၊ အဲဒီ တုန်ခါသံက သူတို့ ဦးခေါင်းကို တုန်ခါစေတယ်၊ အဲဒါကနေ ပြဿနာ

တွေ ဖြစ်စေတာ၊ ကီယိုမီလည်း ဦးနှောက် တစ်နေရာကို ထိခဲ့ပြီးတော့ ဟော်မုန်းတွေ ကြောင်ကုန်တာ”

“သဘောပေါက်ပြီ၊ အဲဒါကြောင့် ကိုယ်အလေးချိန် တက်ခဲ့တာပေါ့”

“ဟုတ်တယ်၊ အဲဒါကိုပဲ သူ မခံနိုင်တာ ထင်တယ်၊ ဘာကြောင့်လဲ ဆိုတော့ သူက အမြဲတမ်း လှနေခဲ့တာ၊ အဲဒါကြောင့် အစားရှောင်တာတွေ စလုပ်ခဲ့တယ်”

“အင်း၊ လူတွေက ပုံမှန်စားသောက် နေထိုင်ရင်း ကျန်းမာရေး မထိခိုက်ဘဲ ကိုယ်အလေးချိန် လျှော့ချနိုင်တယ် ဆိုတာကို မသိကြဘူး”

“ရှင့်လို လူတစ်ယောက်ယောက်နဲ့ တွေ့ခဲ့ရင် သူ သေချင်မှ သေမှာ”

“ဒါနဲ့ သူ သေသွားခဲ့တယ်ပေါ့”

“ဟုတ်တယ်၊ သူ မသေရင် ကျွန်မ ခန္ဓာကိုယ်ထဲမှာ ဘယ်လိုလုပ် နေမလဲ”

“သူ မင်းကို ရွေးချယ်တာ ဘာလို့လို့ ထင်လဲ”

“သူ လူတော်တော်များများကို စကားပြောဖို့ ကြိုးစားခဲ့တယ်လို့ ပြောပါတယ်၊ ဒါပေမဲ့ လူငါးယောက်ကပဲ စကားပြန်ပြောတယ်၊ ကျန်တဲ့ လေးယောက်က ရှင်ဂျူကူက ခုံးကျော်တံတားအောက်မှာ အိပ်တဲ့ အိမ်ခြေရာမဲ့တစ်ယောက်၊ နားမကြားတဲ့ အဘွားကြီးတစ်ယောက်၊ စိတ်ကျန်းမာရေး ဆေးရုံမှာ နေနေရတဲ့ အရက်သမားတစ်ယောက်၊ နှလုံးရောဂါ မကောင်းတဲ့ အသက်ခြောက်နှစ်အရွယ် ကလေးလေးတစ်ယောက် တဲ့၊ ဆိုတော့ ကျွန်မ တစ်ယောက်ပဲ အလားအလာ ရှိတယ်”

“အလားအလာ ဟုတ်လား”

“ဟုတ်တယ်လေ၊ လူတစ်ယောက်ယောက်ရဲ့ ခန္ဓာကိုယ်ထဲမှာ နေတော့မယ် ဆိုရင် ကိုယ်နဲ့ အကြိုက်ချင်းတူတာ တချို့ ရှိမှ အကောင်းဆုံး ဖြစ်မှာပေါ့၊ မဟုတ်ဘူးလား၊ ကောင်လေး တစ်ယောက်၊ ဒါမှမဟုတ် အရက်သမား တစ်ယောက်နဲ့ ဘာတွေ ပြောလို့ရမလဲ”

အဲဒီလူက ကျွန်မကို ငေးကြည့်လို့ နေတယ်။ ကျွန်မ နည်းနည်း ပူလာပြီ လို့ ပြောပြီး ကျွန်မရဲ့ ဘလောက်စ်အကြီကို ချွတ်လိုက်ပါတယ်။

နင် သူနဲ့ အိပ်ချင်နေတာ မဟုတ်လား လို့ ကီယိုမီက ပြောပါတယ်။

မဟုတ်ဘူး၊ ငါ ချွေးထွက်နေလို့ အကြီ ချွတ်လိုက်တာပါဟာ။

“မင်း ကီယိုမီနဲ့ စကားပြောနေပြန်ပြီ မဟုတ်လား”

“သူ ဘာပြောတယ် ထင်လဲ၊ ကျွန်မ ရှင်နဲ့ ဆက်ဆံချင်နေတယ်လို့ သူ ထင်တယ်တဲ့”

“ကိုယ်လည်း အဲဒီလို တွေးမိတယ်”

“ရှင် ဖြစ်ချင်ရင် ရတယ်နော်”

လို့ ကျွန်မ သူ့ကို ပြောလိုက်ပြီး ဘရာကို ချွတ်လိုက်တယ်။ ဒါပေမဲ့ သူက အဝေးကို ကြည့်နေတာကြောင့် ကျွန်မ တီရုပ် ဝတ်လိုက်တယ်။

“ကီယိုမီ လှတယ် ဆိုတာ မင်း ဘယ်လိုလုပ် သိလဲ၊ မင်းကမှ သူ့ကို မမြင် ရတာ”

“သူက သူ လှခဲ့တယ်လို့ ပြောတယ်၊ ကျွန်မ သူ့ကို ယုံကြည်တယ်၊ သူ ပြောသမျှ အားလုံးကို ကျွန်မ ယုံကြည်တယ်၊ ကျွန်မ သူ့ကို မယုံရင် စိတ်ကုန် သွားမှာပေါ့၊ မဟုတ်ဘူးလား၊ ကျွန်မတို့က အမြဲတမ်း အတူတူ ရှိနေတာလေ၊ ကျွန်မတို့ တစ်ခါတလေ စကားများကြတယ်၊ ဒါပေမဲ့ ကျွန်မတို့ စိတ်အတွင်း နက်နက်ရှိုင်းရှိုင်းထဲက တစ်ယောက်ကို တစ်ယောက် ယုံကြည်ကြတယ်”

“ကောင်းပါပြီ၊ ကီယိုမီအကြောင်း ပြောပြလို့ ကျေးဇူးတင်ပါတယ်၊ အခု မင်းအကြောင်း သိချင်တယ်”

“ကျွန်မအကြောင်း ဟုတ်လား၊ ရှင် ဘာကို ဆိုလိုချင်တာလဲ”

“နည်းနည်းတော့ ပုံမှန်မဟုတ်ဘူးလို့ မင်း မထင်ဘူးလား၊ သူစိမ်း တစ် ယောက်ကို မင်းရဲ့ ကိုယ်ထဲမှာ ရှိနေစေတာကို”

“ရှင်ကော အဲဒီလို ရှိချင်လို့လား”

အဲဒီလူက ရယ်ပြီး ပြောတယ်။ “မရှိချင်ပါဘူး။ ဒီအတိုင်းပဲ ပျော်ပါတယ်” ပြီးတော့ သူက သောက်စရာ တစ်ခုခုရှိလားလို့ မေးတယ်။ ကျွန်မဆီမှာ မရှိပါဘူး။

“ဝိုင်သောက်ကြမလား” လို့ သူက ပြောပြီး ကျွန်မကို။ယန်းတစ်သောင်း တန်တစ်ရွက် ပေးပါတယ်။

“ဆိုင်တွေကတော့ ခုချိန်ဆို ပိတ်လောက်ပြီ၊ ဒါပေမဲ့ ခုနက ဘီယာဆိုင်မှာ သွားဝယ်ရင်တော့ ရမယ်”

ပိုက်ဆံကို ကျွန်မရဲ့ ပိုက်ဆံအိတ်ထဲ ထည့်လိုက်ပြီး ကျွန်မတို့ ဆုံခဲ့တဲ့ ဘီယာဆိုင်ကို ပြန်လာခဲ့ပါတယ်။ စားပွဲထိုးကောင်မလေးကို စောင့်နေတုန်း အသက်ဆယ့်ခြောက်နှစ်၊ ဆယ့်ခုနစ်နှစ်အရွယ် ကောင်လေးတစ်ယောက်က ကျွန်မကို လာဖက်ပြီး ကျွန်မရဲ့ နားရွက်ဖျားကို လာကိုက်တယ်။ “ငါတို့နဲ့ လာသောက်လေ” လို့ သူက ပြောတယ်။ သူက အရမ်းကို ချစ်စရာကောင်းတယ်။ ကိုကာကိုလာ ကြော်ငြာထဲက လူလို၊ ဒါမှမဟုတ် တစ်ခုခုလိုပဲ။ အဲဒါနဲ့ ကျွန်မ သူတို့ဝိုင်းမှာ သွားထိုင်လိုက်တယ်။ ကျွန်မ စိတ်ကြွလာပြီး ဘီယာသောက်နေရင်းနဲ့ လုပ်ချင်စိတ်တွေ ကြွလို့ လာတယ်။ ကိုကာကိုလာ ကောင်လေးကတော့ ကျွန်မကို အခုတော့ အာရုံကို မစိုက်တော့ပါဘူး။ နောက်ဆုံးတော့ သွားတွေ မညီမညာ ချွန်ထွက်နေတဲ့ အသက်ကြီးကြီး တစ်ယောက်နဲ့ပဲ ကျွန်မ ဟိုတယ်လိုက်သွားခဲ့ရတယ်။

ကျွန်မ ဟိုတယ်ကနေ ထွက်တော့ မနက် သုံးနာရီ ထိုးနေပါပြီ။ ကျွန်မ လုပ်ခဲ့တာက ဆိုးရွားတယ်လို့ ခံစားရတာကြောင့် အာဟာရပညာရှင်အတွက် လက်ဆောင်တစ်ခုခု ဝယ်သွားဖို့ ကျွန်မ ဆုံးဖြတ်လိုက်တယ်။ နှစ်ဆယ့်လေးနာရီ ဖွင့်တဲ့ စူပါမားကက်တစ်ခုကို ဝင်ပြီးတော့ သူ့အတွက် ခြေအိတ်တချို့နဲ့ မစ်ကီမောက်စ်ပုံပါတဲ့ ဖောင်တိန်မာတ်မီး တစ်လက် ဝယ်လိုက်တယ်။

ပြန်ရောက်တော့ ကျွန်မ အခန်းက မှောင်မည်းနေတယ်။ အဲဒီလူ မရှိတော့ဘူး။ ယောကျ်ားတွေ ကျွန်မ အခန်းကို ဘယ်တုန်းကမှ မလာကြဘူး။ အဲဒါကြောင့် ကျွန်မ အထီးကျန်တာကို ခံစားလိုက်ရတယ်။ ကျွန်မ ထိုင်ချလိုက်ပြီး သူထိုင်ခဲ့တဲ့ နေရာကို အနံ့ခံလိုက်တယ်။ သူ့အနံ့ကို မရတော့သလောက်ပါပဲ။ ပြီးတော့ ကီယိုမီက ကျွန်မ ကိစ္စကို ပြောပြန်တယ်။

နင်က တကယ့်ကို စောက်ရူးပဲလို့ သူက ပြောတယ်။ သူက စိတ်ဝင်စားစရာ ကောင်းတဲ့ လူတစ်ယောက်ပါ။ သူ့ကို ဒီမှာ တစ်ယောက်တည်း ထိုင်ခိုင်းထားပြီး တခြားတစ်ယောက်နဲ့ နင်က လိုက်သွားတယ်။ ခွေးတောင်မှ ဒီလိုလုပ်မှာ မဟုတ်ဘူး။

သူက စိတ်ဝင်စားစရာ ကောင်းတယ်လို့ နင်က ဘာလို့ ထင်တာလဲ။

သူက ပညာတတ်တယ်။ လူကြီးလူကောင်း တစ်ယောက်ပါ။ နင် သူ့ကို ဖြားယောင်းတုန်းက သူ ဘယ်လိုပြုမူလဲ၊ နင် မမြင်ဘူးလား။

သူ အိမ်ထောင်ရှိတယ် ဆိုတာ ငါ ပြောရဲပါတယ်။

အဲဒါနဲ့ ဘာဆိုင်လို့လဲ။

သူ့မှာ ချစ်စရာကောင်းတဲ့ ဇနီးတစ်ယောက် ရှိချင်ရှိမယ်။ ငါ့လို ဝက်တစ်ကောင်နဲ့ ဘာမှ မလုပ်ချင်တာလည်း ဖြစ်ရင်ဖြစ်မယ်။

အိမ်ထောင်သည် တော်တော်များများက နှင့်ဆီက လိင်ကိစ္စကို ပိုက်ဆံပေး ဝယ်ကြတာပဲလေ။

ဟုတ်ပါတယ်။ ဒါပေမဲ့ နင်နားမလည်ဘူး။ ဖောက်သည်တစ်ယောက်က ငါ့ကို တစ်ခါပြောဖူးတယ်။ သူက မိန်းမတစ်ယောက် လွတ်လိုက်ပါလို့ ဖုန်းခေါ်လိုက်တယ်။ သူ အဲဒီမိန်းမကို စောင့်နေတုန်းမှာ အဲဒီမိန်းမဟာ တကယ့်ကို ကြည့်ကောင်းလိမ့်မယ်လို့ စိတ်ကူးနဲ့ ပုံဖော်ကြည့်နေတယ်။ တကယ့်တကယ်မှာ သူ ထင်သလောက် ဖြစ်မှာ မဟုတ်တာကို သိရက်သားနဲ့ပေါ့။ အဲဒီနောက်တော့ ငါ့လို မိန်းမတစ်ယောက် ရောက်လာခဲ့တယ်။ အဲဒီတော့ သူက ဟုတ်တယ်၊ ငါ မျှော်လင့်ထားတဲ့ အတိုင်းပဲ ဆိုပြီး ဖြစ်သွားတယ်။

ငါ ပြောတာကို နင် နားမလည်ပြန်ဘူး။

နင် ခုနက ပြောခဲ့ပါတယ်။ နင်ပြောတာကို ငါစိတ်တိုမိတယ်။ ခွေးတွေနဲ့ ပတ်သက်ပြီး ဘာကို ပြောချင်တာလဲ။ နင်ပြောတော့ ခွေးတောင်မှ အဲဒီလို လုပ်မှာ မဟုတ်ဘူးတဲ့။ အဲဒါ ဘာသဘောလဲ။

ငါ တစ်ဘဝလုံး ခွေးတွေ မွေးလာခဲ့တာ။ ငါပြောတာ ငါသိတယ်။ ခွေးမတွေက သူတို့ စိတ်မပြင်းထန်ရင် ဘယ်တော့မှ လိင်မဆက်ဆံဘူး။

နင့်ဆီမှာ ဘယ်လို ခွေးတွေ ရှိခဲ့တာလဲ။

ခွေးတွေက နင့်ထက် အများကြီး ပိုနားလည်တယ်။ နင်က ခွေးတွေထက် ပိုတုံးတယ် ဆိုတာကို သေချာ မှတ်ထားလိုက်။

နင့်ဆီမှာ ခွေးမျိုးရိုးစဉ်ဆက် ဇယားနဲ့ ခွေးတစ်ကောင် ရှိခဲ့တာ မဟုတ်လား။ စာရွက်တွေနဲ့ စာရင်းတွေနဲ့လေ။

ဟုတ်တယ်။

အဲဒီခွေးက အမွေးရှည်တယ် မဟုတ်လား။

တချို့ခွေးတွေက အမွေးရှည်တယ်။

ခွေးမြို့စားတွေနဲ့ ခွေးမြို့စားကတော်တွေ လိုပေါ့။ တခြားနိုင်ငံတွေမှာ ရှိတဲ့ လူတွေလိုပေါ့။

ငါ့မိသားစုဝင်တွေ အကုန်လုံးက ခွေးချစ်ကြတယ်။ တစ်ယောက်နဲ့ တစ်ယောက် အကြိုက် မတူကြဘူး။ အမေက အမွေးရှည်ရှည်နဲ့ ခွေးအကြီးကြီးတွေကို ကြိုက်တယ်။ အဲဒါကြောင့် အမေက ဂရိတ်ပီရနီး ခွေးတစ်ကောင် အမြဲ ရှိခဲ့တယ်။ ငါကတော့ ဂျာမန်မွေးတို ပြုံင်တာတွေ၊ ဝိုင်ယာဖောက်စ် တယ်ရီယာလို အကောင်သေးပြီး ဉာဏ်ရှိတဲ့ ခွေးလေးတွေကို သဘောကျတယ်။

အဲဒါတွေ ငါ တစ်ခါမှ မကြားဖူးဘူး။ ငါ သိတာက နင့်ဆီမှာ စာရွက်စာတမ်းတွေနဲ့ ခွေးတစ်ကောင် ရှိတယ် ဆိုတာပါပဲ။ အဲဒီလောက်ဆိုရင် ငါ့အတွက် လုံလောက်ပါပြီ။

နင် ခုနကလူကို လိင်တံ စုပ်ပေးပြီး သာယာနေခဲ့တယ် မဟုတ်လား။ ဟိုတယ်မှာလေ။

နင် ကြည့်နေခဲ့တာပဲ။ နင်ကော အဲဒီလို မလုပ်ဖူးဘူးလား။

ဒါ လူကောင်းတွေ ပြောတတ်တဲ့ စကား မဟုတ်ဘူး။

နင် တကယ် ချစ်ခဲ့တဲ့ လူကိုတော့ လုပ်ကို လုပ်ခဲ့မှာပါ။ သူက ဘယ်လို ပုံစံလဲ။ အရပ်ရှည်လိမ့်မယ် ဆိုတာတော့ ငါပြောရဲတယ်။ နင် ဘော့စ်ဘော

ကစားသမား တစ်ယောက်ယောက်နဲ့ သိလား။

ဟော်ကီ ကစားသမားတစ်ယောက်နဲ့ပဲ သိတယ်။

သူက နာမည်ကြီးလား။

အိုလံပစ်ပြိုင်ပွဲ နှစ်ကြိမ် ပါဖူးတယ်။ ပထမအကြိမ်က ကစားသမား အနေနဲ့။ ဒုတိယအကြိမ်က နည်းပြအနေနဲ့။

အဲဒီလို လူမျိုးတွေက အရမ်းတော်မှာပဲနော်၊ ဟုတ်ဘူးလား။

သူ ကနေဒါကို ပြောင်းသွားတယ်။ ခုတော့ အဲဒီက ဂျပန်ကုမ္ပဏီ တစ်ခု အတွက် ရှေ့နေ လုပ်လို့နေတယ်။

နင် သူ့ကို ပါးစပ်နဲ့ လုပ်ပေးဖူးလား။

ငါ နင့်လို ဖာသည်မ မဟုတ်ဘူး။ အဲဒီလို ကိစ္စမျိုးကို ငါ မပြောချင်ဘူး။ အဲဒါက အရေးမကြီးပါဘူး။ အရေးကြီးတာက ကိုယ်ချစ်တဲ့ လူတစ်ယောက်နဲ့ အချိန်ပြည့်နီးပါး အတူရှိနေဖို့ပါပဲ။ ဟုတ်တယ် မဟုတ်လား။

ငါ မသိပါဘူး။ အဲဒီလိုမျိုး ငါ တစ်ခါမှ မဖြစ်ဖူးပါဘူး။ နင်က အနုပညာသမားတွေနဲ့လည်း သူငယ်ချင်း ဖြစ်တယ်။ အဲဒီလို လူတွေနဲ့ရောပေါ့။ မဟုတ်ဘူး။ ကဗျာဆရာတို့၊ ဘာတို့ပေါ့။

ဟုတ်ပါတယ်။ ငါ ဖြစ်ခဲ့ပါတယ်။ ငါ အဲဒီအကြောင်း လုံးဝ မပြောချင်ပါဘူး။

ဆုတွေ အများကြီးရတဲ့ ကဗျာဆရာ တစ်ယောက်လိုပေါ့၊ ဟုတ်လား။

သူက တော်တော်လေး နာမည်ကြီးပါတယ်။ ဒါပေမဲ့ ငါတို့ ပျော်ပျော်ရွှင်ရွှင် အတူတူနေရဖို့ ကံမပါလာဘူး။

သူ့မှာ မိန်းမတစ်ယောက်နဲ့ ကလေးတွေ ရှိတယ်၊ ဒါပေမဲ့ သူက နင့်ကို ဘာပဲဖြစ်ဖြစ် ချစ်တယ်၊ အဲဒီလိုလား။

ငါတို့ တစ်ယောက်ကို တစ်ယောက် ဖက်ပြီးတော့ အဆုံးစီရင်လိုက်ဖို့တောင် တစ်ခါ ဆုံးဖြတ်ဖူးတယ်။ သူက သူ့သားကို ချစ်လွန်းတော့ အတူတူနေမယ့် ဘဝက မဖြစ်နိုင်ဘူး။ ငါတို့ သေမယ့်နေရာအဖြစ် စပိန်

ကို ရွေးချယ်ခဲ့တယ်။ စပိန်က သေတာကို လက်ခံတဲ့ နိုင်ငံ။ သေခြင်းနဲ့ အနီးအပါးမှာ ရှိတာက ဘဝကို မြှင့်တင်ပေးတယ်လို့ အသိအမှတ်ပြုထားတဲ့ နိုင်ငံ။ အဲဒါကြောင့် သူ ငါ့ကို စပိန်ကို ခေါ်သွားခဲ့တယ်။ ဒါပေမဲ့ မနက်ခင်း တစ်ခုမှာတော့ ငါ သူ့ကို အဲဒီလို မဖြစ်စေသင့်ဘူးလို့ ဆုံးဖြတ်ချက်ချလိုက်တယ်။ ဘာစီလိုနာက ဟိုတယ်ကနေ ငါလစ်ထွက်ခဲ့ပြီး မာယော့ကာကို သွားခဲ့တယ်။ နှင့်လို လူတစ်ယောက်အတွက်ကတော့ ဒါဟာ ဘာမှဟုတ်တာ မဟုတ်ဘူးလို့ ထင်မှာပဲ။ ဘာစီလိုနာမှာ မီရို ဒီဇိုင်းဆင်ထားတဲ့ ရောင်စုံကျောက်တွေနဲ့ ခင်းထားတဲ့ ပလက်ဖောင်းတစ်ခု ရှိတယ်။ ပလက်ဖောင်းပေါ် ငါလမ်းလျှောက်နေတုန်း မြူခိုးလို မိုးဖွဲဖွဲလေး ကျနေခဲ့တယ်။ ငါ အရမ်း အထီးကျန်နေခဲ့ပြီး တကယ်ကို သေချင်နေခဲ့တာ။ ဒါပေမဲ့ အဲဒီအတွေ့အကြုံက ငါ့ကို ဆက်ပြီးတော့ ရှင်သန်စေတယ်။ ငါ ဘယ်လို ခံစားရလဲ ဆိုတာကို နင် နားလည်လား။

တော်တော် ရိုမန်းတစ်ဆန်တာပဲ။ ငါလည်း တစ်နေ့ အဲဒီလိုမျိုး အတွေ့အကြုံ ရချင်လိုက်တယ်။ ဘယ်တော့မှ ရမှာ မဟုတ်ဘူး ဆိုတာ ငါ သိပါတယ်။ ဒီည ဟိုတယ်မှာ ဖြစ်ခဲ့သလိုပေါ့။ ငါ အရမ်း အိပ်ချင်နေတာကြောင့် ဟိုတယ်မှာ တစ်ညလုံး နေခဲ့ချင်တာ။ ညဉ့်နက်ချိန်မှာ ဟိုတယ်ခန းနှစ်နာရီပဲ ငှားငှား၊ တစ်ညလုံးပဲ ငှားငှား အတူတူပဲ။ ဒါပေမဲ့ အဲဒီလူက သူ့ဟာကို ပြန်ထုတ်ပြီးတာနဲ့ "ယောကျ်ားတစ်ယောက်က ဘယ်လောက်ထိတောင် အောက်တန်း ဆင်းနိုင်မလဲ" လို့ ပြောပြီး ဘောင်းဘီ ချက်ချင်း ကောက်ဝတ်တယ်။ ပြီးတော့ သူ့ဟာကို လက်ညှိုးထိုးပြီးတော့ "ဒီ ငလူးကောင်ကြောင့်ပေါ့၊ ဒီကောင့် အမှား" လို့ ပြောပြီး နှူတ်ဆက်စကားတောင် မပြောဘဲ ထွက်သွားတယ်။ ငါ တစ်ယောက်တည်းကျ နေခဲ့ဖို့ကတော့ အူကြောင်ကြောင် နိုင်တယ်လေ။ မဟုတ်ဘူးလား။

ကီယိုမီမဟာ ရွံရှာတဲ့ ပုံပေါက်ပေမယ့် ဘာမှတော့ မပြောဘူး။ ကျွန်မ မီးတွေ မှိတ်ပြီးတော့ ဝယ်လာတဲ့ ဖောင်တိန်ဓာတ်မီးလေးကို တစ်ခန်းလုံး အနှံ့ထိုးကြည့်မိတယ်။ ကီယိုမီကိုလည်း စကားတွေ ဆက်ပြောနေမိတယ်။ စာရွက်လေးတစ်ရွက် သူ ချန်ထားခဲ့တာကို ကျွန်မ သတိထားမိသွားတယ်။

"အရာအားလုံးအတွက် ကျေးဇူးတင်ပါတယ်၊ ကိုယ် တစ်နာရီလောက် စောင့်ခဲ့ပါသေးတယ်၊ ဒါပေမဲ့ သွားရတော့မယ်၊ ဖုန်းနှစ်ခါ လာတယ်၊ ကိုယ့်

အကျင့်အတိုင်း မကိုင်ခဲ့ပါဘူး၊ မင်းနဲ့ ထပ်တွေ့ချင်သေးတယ်၊ ကျေးဇူးပြုပြီး ကိုယ့်ဆီ ဖုန်းဆက်ပါ”

ဖုန်းနံပါတ်တစ်ခု ရေးထားပါတယ်။ ကျွန်မ ဖုန်းကို လိုက်ရှာပြီး ခေါ်လိုက်တယ်။ ဒါပေမဲ့ တိပ်ခွေထဲက အသံတစ်သံကပဲ ပြန်ဖြေပါတယ်။ ဘလာဘလာ နိုင်ငံတကာ ဘလာဘလာ စင်တာကို ဖုန်းခေါ်ဆိုတဲ့အတွက် ကျေးဇူး တင်ပါတယ်။ ကျွန်တော်တို့ရဲ့ရုံးတွေ ယနေ့အတွက် ပိတ်သွားပါပြီ။ ဒါဒါ ဒါဒါ ဒါဒါ ဒါဒါ။ တိတ်ခွေရဲ့ အသံအဆုံးမှာတော့ ကာဘိုဟိုက်ဒရိတ် မျိုးစုံနဲ့ ပရိုတင်း များများစားပြီး အဆီကို တတ်နိုင်သမျှ အနည်းဆုံး စားဖို့ ပြောတာကြောင့် အာဟာရနဲ့ဆိုင်တဲ့ နေရာ ဆိုတာ သေချာပါတယ်။ တိပ်ခွေထဲက အသံက နားထောင်ကောင်းလို့ ကျွန်မ အစအဆုံး ဆယ့်နှစ်ကြိမ် နားထောင်လိုက်တယ်။

မနက်လေးနာရီမှာ ကျွန်မရုံးခန်းက ကျွန်မဆီကို ဖုန်းဆက်ပြီးတော့ ရှင် ဂျူကူအနောက်ဘက်က အကောင်းစား ဟိုတယ်တစ်ခုမှာ ဧည့်သည်နဲ့ သွားတွေ့ဖို့ ပြောပါတယ်။ တိပ်ခွေထဲက အသံကို နားထောင်လိုက်တာကြောင့် ထင်ပါတယ်။ ကျွန်မ နေလို့ထိုင်လို့ ကောင်းနေတယ်။ ကျွန်မ မျက်နှာသစ်ပြီး ရေမွှေး ဆွတ်လိုက်ပါတယ်။ မိတ်ကပ်လိမ်း၊ အိုင်းရှဒိုးဆိုး၊ နှုတ်ခမ်းနီဆိုးပြီး လက်သည်း၊ ခြေသည်းတွေကိုတောင် ဆေးခြယ်လိုက်ပါသေးတယ်။ ပြီးတော့ ကျွန်မ ဟိုက်စကူး ဘွဲ့ယူတုန်းက အဖေမသိအောင် အမေ ဝယ်ပေးခဲ့တဲ့ ဝတ်စုံကိုပါ ဝတ်လိုက်ပါသေးတယ်။

ဟိုတယ်တွေမှာ ကျွန်မ အမြဲတမ်း သံသယ အဝင်ခံရပါတယ်။ ဒီတစ်ကြိမ်မှာတော့ တံခါးစောင့် ကောင်လေးကတောင် ဧည့်ခန်းမှာ ကျွန်မကို ပြုံးပြပါတယ်။ ဧည့်သည်က အသက်သုံးဆယ်ကျော် အရွယ်၊ ကျူရှူးကျွန်းက ပွဲစားတစ်ယောက်ပါ။ ကျွန်မကို ပြန်မောင်း မထုတ်ပါဘူး။ သူ အရက် အရမ်းမူးနေပါတယ်။ ကျွန်မကို ငွေကြိုပေးပါတယ်။ သူ ကျွန်မကို နောက်ကနေ ကြိုးစားပေမယ့် ခေါင်းမထောင်နိုင်ပါဘူး။ သူ အိပ်ပျော်သွားတော့ ကျွန်မ ယောင်ကြောင်ကြောင် ဖြစ်နေပါတယ်။

အာဟာရပညာရှင်ဆီ နင် ဖုန်းဆက်မလို့လား၊ ကီယုံမီက ကျွန်မကို မေးပါတယ်။

ကျွန်မ မဆုံးဖြတ်ရသေးဘူးလို့ သူ့ကို ပြန်ပြောခဲ့ပါတယ်။

နင် လိမ်နေတာ။ နင် သူနဲ့ ထပ်တွေ့ချင်သေးတယ် မဟုတ်လား။

ဟုတ်တယ်။ နင်ပဲ သူ့ကို အဲဒီလောက် စိတ်ဝင်စားနေတာ။ ငါ သူ့အပေါ် တော်တော် ရိုင်းခဲ့တယ်။ ကီယိုမီ၊ အခုည သူ့ကို ငါ လုပ်ခဲ့တာ တော်တော် ရိုင်းပါတယ်။ သူ့ကို ငါ လက်ဆောင်တစ်ခုခု ပေးမလို့ ခုပဲ ငါ စဉ်းစားနေတာ။ ငါ ယန်းလေးသောင်း ရထားတယ်။ ခြေအိတ်တို့၊ ဘောလ်ပင် ဓာတ်မီးတို့ မဟုတ်ဘူး။ နက်ခ်တိုင် ဖြစ်ဖြစ်ပေါ့ တစ်ခုခုပေါ့ဟာ။ လက်ဆောင်ပေးပြီး တောင်းပန်မလို့။

နင် သူနဲ့ တွေ့ဖို့ စီစဉ်နေတယ်ပေါ့။

အင်း၊ ဘာလို့ မတွေ့ရမှာလဲ။

လူတွေ ငါတို့အကြောင်း သိသွားလိမ့်မယ်။

သူ သိပြီးနေပြီလေ။ ပြီးတော့ သူက သိပ်ကြီးကြီးကျယ်ကျယ်လည်း သဘောမထားပါဘူး။ မဟုတ်ဘူးလား။ သူက တခြားသူတွေနဲ့ မတူဘူး။

ကီယိုမီဟာ အဲဒီအကြောင်းကို ထပ်မပြောတော့ပါဘူး။

ကျွန်မ သူ့ကို ဖုန်းဆက်ဖို့ တနလ်ာနေ့ထိ စောင့်နေလိုက်တယ်။ ကိုယ့် ဘဝကို တကယ် စိတ်ဝင်စားစရာ ကောင်းအောင် ဆောင်ရွက်ပေးတဲ့ အရာ တစ်ခုခုကို စောင့်မျှော်ရတာပဲ ဆိုတာကို ကျွန်မ နားလည်စေတယ်။ ကျွန်မ အိပ်ရာက နိုးနိုးချင်း လိုက်ကာတွေ ဖွင့်လိုက်တယ်။ ဘယ်လောက် သာယာလိုက်တဲ့ နေ့လေးပါလဲ။ ကျွန်မက ဒီလိုဟာတွေကို သတိထားမိတတ်တဲ့ လူစားမျိုး မဟုတ်ပါဘူး။ ကျွန်မက အရာရာကို ရေလိုက်ငါးလိုက် နေတတ်တဲ့ လူစားမျိုးပါ။ ဒါပေမဲ့ ကျွန်မမှာ ဖုန်းဆက်ရမယ့် လူတစ်ယောက် ရှိတယ်၊ အဲဒီလူက ကျွန်မကို အခကြေးငွေ ပေးတဲ့လူ မဟုတ်ဘဲ ကျွန်မကို လူသားတစ်ယောက်လို စိတ်ဝင်စားတဲ့ လူတစ်ယောက် ရှိတယ် ဆိုတာကို သိလိုက်ရကတည်းက ကျွန်မဟာ ရာသီဥတုကို သတိထားမိရုံ သာမက အခန်းသန့်ရှင်းရေး လုပ်တယ်၊ အဝတ်အစား လျှော်တယ်၊ မိုက်ခရိုဝေ့ဗ်နဲ့လုပ်တာ မဟုတ်ဘဲ တကယ့် စပါဂတ်တီ ချက်စားဖြစ်ပါတယ်။ ကျွန်မ စားနေတုန်း အက်ဖ်အမ်က သီချင်းကို နားထောင်တယ်။ ဒါပေမဲ့ စိတ်ကတော့ တစ်ချိန်လုံး ဖုန်းဆီမှာပဲ ရှိနေပါတယ်။ ဒါပေမဲ့ ကျွန်မမှာ ဖုန်းခေါ်စရာ လူတစ်ယောက်တလေမှ မရှိဖူးတာကြောင့်

တယ်လီဖုန်း ဝန်ဆောင်မှုတွေဆီကိုပဲ ခေါ်ခေါ်မိနေတယ်။ တိပ်ခွေထဲက အသံကို နားထောင်ရတာကတောင် ဘာအသံမှ မကြားရတာထက် ပိုကောင်းလို့ နေတယ်။ ကျွန်မ အကြောင်းအရာမျိုးစုံ နားထောင်တယ်။

တစ်ခါတုန်းက တယ်လီဖုန်းဝန်ဆောင်မှုတွေကို စာရင်းပြုစုပေးထားတာကို မဂ္ဂဇင်းတစ်စောင်မှာ ကျွန်မ ဖတ်ဖူးတယ်။ တိုကျို တစ်မြို့တည်းမှာတင် တယ်လီဖုန်းဝန်ဆောင်မှု ငါးရာလောက် ရှိနေတယ်။ ခေါ်ရအခက်ဆုံး ဖုန်းတွေကတော့ နာမည်ကြီး မင်းသားတွေ၊ အဆိုတော်တွေဆီက မက်ဆေ့ဂျ်စကားကြားရတဲ့ ဖုန်းတွေပါပဲ။ ဘာ့ကြောင့်လဲဆိုတော့ သူတို့တွေက အမြဲတမ်း အလုပ်ရှုပ်နေကြတယ်လေ။ ဒါပေမဲ့ နာဂါနိုဆီကိုတော့ ဖုန်းခေါ်လို့ရတယ်။ သူ့ဆီက ငှက်တွေ သီချင်းဆိုတဲ့အသံ ကြားရတယ်။ နစ်ကို့ဆီ ဆက်ရင်တော့ ဖက်ထုပ်ပေါင်း ဘယ်လိုလုပ်ရလဲ ဆိုတာကို သင်ပေးတယ်။ အိုကီနာဝါက လှိုင်းတွေရဲ့ အသံလည်း ကျွန်မ နားထောင်ခဲ့တယ်။ စနေ၊ တနင်္ဂနွေ အဝေးပြေးလမ်းမ အစီရင် ခံချက်တွေကို ကျွန်မ တော်တော် နားထောင်လေ့ ရှိတယ်။ ယောကျ်ားတစ်ယောက်နဲ့ မိန်းမတစ်ယောက် လုပ်နေတဲ့အသံကို ကြားရတဲ့ တစ်နေရာလည်း ရှိသေးတယ်။ အရုပ်လုပ်တဲ့ စက်ရုံ ဘန်ဒိုင်းက ဆိုရင် ထရန်စဖော်မာ အရုပ်တစ်ရုပ်ရဲ့ ရယ်စရာ အသံကို နားထောင်ရတယ်။ ကျွန်မ နေမကောင်းမဖြစ်ဘဲနဲ့ ကျန်းမာရေးဌာန တစ်ခုကို ဖုန်းဆက်လေ့ ရှိတယ်။ "မြန်မြန် နေကောင်းပါစေ" ဆိုတဲ့ အသံကို ကြားချင်ရုံသက်သက်နဲ့ပါ။ ကျွန်မ အကြိုက်ဆုံး ဖုန်းကတော့ အားလုံးထဲမှာ အရိုးရှင်းဆုံး တစ်ခုပါပဲ။ အဲဒါက မိုးလေဝသ ခန့်မှန်းချက်ပါ။ တစ်ခါတလေ တစ်ညတည်း အကြိမ်ပေါင်း ဒါဇင်ပေါင်းများစွာ ကျွန်မ နားထောင်လေ့ ရှိတယ်။ ကျွန်မနဲ့ ဟိုးအဝေးကြီးက မြို့တွေရဲ့ ရာသီဥတု အခြေအနေတွေကို သိချင်တာကြောင့် ကျွန်မ ဖုန်းဘေလ်တွေကလည်း မဟားတရားကို ကုန်တာပါပဲရှင်။

နောက်ဆုံးတော့ ကျွန်မ ဖုန်းဆက်လိုက်တယ်။ သူ ကျွန်မ အသံကို ချက်ချင်း မှတ်မိတယ်။

"ဟိုနေ့က ကိစ္စအတွက် ကျွန်မ တောင်းပန်ပါတယ်" လို့ ကျွန်မ သူ့ကို ပြောလိုက်တယ်။

"ဘီယာဆိုင်မှာ အရေးပေါ်ကိစ္စ တစ်ခု ပေါ်လာခဲ့လို့ပါ"

လူလိမ် လို့ ကီယိုမီက ပြောတယ်။ ဒါပေမဲ့ ကျွန်မ သတိမထားမိလောက်အောင်ပါပဲ။ သူမ ရုတ်တရက် စကားတွေ ပြောလာခဲ့ရင် ကျွန်မ အထိတ်တလန့် ဖြစ်ဖြစ်သွားရတာလည်း ရယ်စရာပါပဲ။ နင်က သွားတွေဆိုးဆိုးနဲ့ လူကို ပါးစပ်နဲ့ လုပ်ပေးခဲ့တယ်လေ။

“ကိစ္စမရှိပါဘူး၊ အဲဒီအကြောင်းကို မပြောပါနဲ့၊ မင်းဆီကို အတင်း လိုက်ခဲ့မိတဲ့အတွက်တောင် ကိုယ့်ကိုယ်ကိုယ် အပြစ်တင်နေမိတာပါ”

အင်း၊ အို၊ အင်းအင်း ဆိုတာကလွဲပြီး ကျွန်မ ဘာမှ ပြန်မပြောနိုင်ပါဘူး။ အဲဒီလိုပဲ စကားလိုက်ထောက်နေရပါတယ်။ တစ်ဖက်မှာလည်း ကီယိုမီက မရပ်တမ်း စကားတွေ ဆက်တိုက် ပြောလို့နေပါတယ်။ ကျွန်မက အာဟာရပညာရှင် ပြောနေတဲ့ စကားတွေကို အားစိုက်ပြီး နားထောင်နေရပါတယ်။ ဘာကြောင့်လဲ ဆိုတော့ လူနှစ်ယောက် တစ်ပြိုင်တည်း ပြောနေတာကို နားထောင်ရတာ စိတ်ရှုပ်ထွေးဖို့ ကောင်းလို့ပါ။

နင် ဒီလောက်ထိ တုံးလိမ့်မယ်လို့တော့ ငါ မထင်ပါဘူး။ နင်သိတဲ့အတိုင်း ငါက ဝိညာဉ်လေ။ အဲဒီလူက နင့်ကို စိတ်ဝင်စားနေတယ်လို့ ငါ ပြောထားတယ်လေ။ ဒါပေမဲ့ နင် လုပ်ပုံက ပထမဆုံးအကြိမ်မှာ အထင်ကြီးစရာ တော်တော် ကောင်းတာပဲ။ ငါ သူ့ကို သိရအောင် အခုလုပ်နေတယ်။ သူက ကြောက်စရာ ကောင်းတဲ့ လူတစ်ယောက်။ နင် နားလည်နိုင်စရာ အကြောင်းမရှိတာကို ငါ သိပါတယ်။ ဒါပေမဲ့ ငါ့ကို ယုံပါ။ သူက တကယ့်ကို ဆိုးတဲ့ လူတစ်ယောက်။ ခဏလောက်လေးပဲ စဉ်းစားကြည့်။ အခုလို ကိုယ်ပိုင် စီးပွားရေးလုပ်ငန်း တစ်ခုကို ပိုင်ဆိုင်တဲ့ လူတစ်ယောက်က နင့်လို မိန်းမတစ်ယောက်ကို ဘာလို့ စိတ်ဝင်စားတာလဲ။ သူက နင် ကြုံဖူးသမျှထဲမှာ အဆိုးရွားဆုံး မိစ္ဆာစိတ်ရှိတဲ့ လူတစ်ယောက်ပဲ။ လူတစ်ယောက်ယောက်ကို သတ်ဖို့ ဘာကိုမှ မစဉ်းစားတဲ့ လူစားမျိုးပဲ။

“မင်း ဒီည အလုပ်များမလား၊ ကိုယ့်အလုပ်ကတော့ ညနေစောစော ပြီးမယ်၊ တစ်ခုခု ကောင်းကောင်းလေး သွားစားရအောင် မင်း စိတ်ဝင်စားမလား မသိဘူး၊ တီဘီအက်စ် အဆောက်အအုံ နောက်က အလက်စကာမှာ ဆိတ်ငြိမ်တဲ့ အီတလီစားသောက်ဆိုင် တစ်ဆိုင် ရှိတယ်၊ ခြောက်နာရီခွဲ ဆုံကြမလား။

အဲဒီနေရာက ရှာရတာတော့ ခက်တယ်၊ အဲဒီတော့ တီဘီအက်စ် ဝင်ပေါက်က ကော်ဖီဆိုင်မှာ အရင်ဆုံကြတာပေါ့”

နင်ဘယ်လို ပိုက်ဆံရှာလဲ ဆိုတာ သူ့ကို ပြောပြထားပြီးပြီ။ သူက တစ်စက်လေးတောင် စိတ်မဝင်စားဘူး။ သူက အကုန်လုံးကို သိတယ်။ နင် မတွေ့ဘူးလား။ သူ နင့်ကို ပစ်မှတ်ထားနေတာ။

စားသောက်ဆိုင်မှာ ကြမ်းခင်း၊ နံရံ၊ တိုင်လုံးတွေ၊ မျက်နှာကြက် အားလုံးကို စက္ကူကျောက်နဲ့ လုပ်လို့ ထားတယ်။ အာဟာရပညာရှင်က ကျွန်မမိသားစုနဲ့ တခြားအကြောင်းတွေကို မေးတယ်။ ဒါပေမဲ့ ကျွန်မ အင်းအင်း ဆိုတာက လွဲလို့ ဘာမှ မပြောနိုင်ဘူး။ စားပွဲထိုးတွေနဲ့ အကူကောင်လေးတွေ အကုန်လုံးဟာ ကျွန်မ တွေ့ဖူးသမျှထဲမှာ အချောဆုံးတွေပဲ။ စားစရာက ပုံပန်းမကျတဲ့ ခရုတွေနဲ့ ငါးတွေ ပါတယ်။ ကျွန်မကို မွေးတဲ့နေရာမှာ ပင်လယ် မရှိသလို၊ အခုလို ပင်လယ်စာတွေကိုလည်း တစ်ခါမှ မမြင်ဖူးတာကြောင့် ကျွန်မ စိတ်လှုပ်ရှားမိတယ်။ အချဉ်ကလည်း အချဉ်နဲ့မတူဘူး။ ကျွန်မအထင်တော့ ခရမ်းချဉ်သီး တစ်ဖဲ့ကနေ ချိစ် ဖြစ်သွားသလိုပဲလို့ ထင်ရတယ်။ ကျွန်မရဲ့ လည်ချောင်းက အရိုးလို ခြောက်သွေ့နေတာကြောင့် ကျွန်မ ဝိုင်တွေ သောက်ပြီး စားနေရတယ်။

“မင်းဘဝမှာ ထူးခြားတဲ့ ပန်းတိုင်တွေ ရှိလား၊ ပြောပြပါ”

“ကျွန်မလား၊ မရှိပါဘူး”

“တစ်နေ့မှာ ပင်လယ်နားက အိမ်လေးတစ်လုံး ပိုင်ချင်တာတို့၊ ဒါမှ မဟုတ် ဥရောပကို ခရီးသွားချင်တာမျိုးတို့ပေါ့၊ ငယ်သေးတဲ့ မိန်းကလေးအများစုမှာ အဲဒီလို အိပ်မက်မျိုး ရှိတတ်ကြတာ ကိုယ် သေချာပြောရဲပါတယ်၊ မဟုတ်ဘူးလား”

ကျွန်မ အကြောင်း ကျွန်မ သိပ်မပြောဖြစ်တာကြောင့်လည်း ထင်ပါတယ်။ သူနဲ့ ကီယိုမီတို့ နှစ်ယောက်စလုံးက စကားတွေ ပြောနေကြတယ်။ ကီယိုမီက သူဟာ အန္တရာယ်ရှိတဲ့အကြောင်း၊ ကျွန်မ အခုချက်ချင်း ထွက်ခွာသွားသင့်တဲ့ အကြောင်း ပြောနေပါတယ်။

“အိပ်မက်တစ်ခုရှိတာ အရေးကြီးတယ်လို့ မထင်ဘူးလား၊ ကိုယ့်ဆေးခန်းကို လာကြတဲ့ အမျိုးသမီးတိုင်းကတော့ ဝိတ်ကျဖို့နဲ့ ပိုပြီး ဆွဲဆောင်မှု ရှိဖို့ ဆိုတဲ့

ရည်မှန်းချက် တစ်ခုတော့ ရှိကြတယ်၊ အဲဒါကလည်း အိပ်မက်လိုမျိုးပေါ့၊ ဒါပေမဲ့ ဘယ်သူမှ ထိုင်နေရင်းနဲ့တော့ အိပ်မက်ကို လက်တွေ့ဖြစ်လာအောင် မလုပ်နိုင်ကြဘူး၊ အဲဒါကို မင်း နားလည်တယ် မဟုတ်လား”

ပထမတော့ ကီယိုမှိအသံက အထက်စီးဆန်တယ်။ နောက်တော့ ကျွန်မက မတုံ့ပြန်တဲ့အတွက် အကြံပေးတဲ့ပုံစံ ဖြစ်လာတယ်။ အခုတော့ ကျွန်မကို သူ့စကားနားထောင်ဖို့ တောင်းပန်နေတယ်။

ငါ ပြောနေတာကို နင် ဘာလို့ နားမထောင်တာလဲ။

“မင်းသာ အားထုတ်မယ် ဆိုရင် ဘာမဆို ဖြစ်နိုင်တယ်၊ အိပ်မက်တွေ ဆိုတာက လက်တွေ့ဖြစ်လာဖို့ပါပဲ”

ကီယိုမီ ပြောနေတာကို ကျွန်မ အာရုံစိုက်ဖို့ ကြိုးစားပေမယ့် ဒီတစ်ယောက်က တစ်ချိန်လုံး စကားတွေ ပြောနေပါတယ်။ ဝိုင်က ရီဝေစ ပြုလာပါပြီ။ ကျွန်မ ကီယိုမီကို စကားပြန်မပြောဘူး ဆိုရင် သူမ ဘာတွေ ဆက်လုပ်မလဲ ဆိုတာ ကျွန်မ နားလည်နိုင်ဖို့ ခက်လိမ့်မယ်။

“တကယ်တော့ အဲဒါကိုပဲ မင်းနဲ့ပတ်သက်လို့ ကိုယ် စိတ်ဝင်စားတာ၊ မင်းဟာ အိပ်မက်တွေကို လက်တွေ့ဖြစ်လာဖို့ အခွင့်အရေး တစ်ကြိမ်မှတောင် မပေးဘဲ အိပ်မက်တွေ အားလုံးကို ပစ်ချထားတယ်၊ ဘာကြောင့်လဲ ဆိုတော့ မင်းကိုယ်မင်း ယုံကြည်မှု မရှိလို့ပဲ၊ မင်းကိုယ်မင်း ရုပ်ဆိုးတယ်လို့ ထင်တယ်၊ ဒါပေမဲ့ အဲဒါက လုံးဝ မဟုတ်ဘူး၊ မင်းဟာ တော်တော်လှတယ်၊ ဒါပေမဲ့ အဲဒါကို ချက်ချင်း မမြင်နိုင်ဘူး၊ ဒီနေ့ခေတ်မှာ လူတွေက ဘယ်မိန်းမ မဆို အဝတ်အစားကောင်း ဝတ်၊ မိတ်ကပ်လိမ်းလိုက်ရင် ဆွဲဆောင်မှု ရှိတယ်လို့ ထင်ကြတယ်၊ တကယ်တော့ တကယ့်အလှစစ်က အဲဒီထက် ပိုတယ်၊ မင်းက မင်းပုံစံနဲ့မင်း လှပြီးသား၊ ဒါပေမဲ့ မင်း တစ်ခုခုကို ကြောက်နေတယ်၊ ကီယိုမီ တကယ်ရှိတယ်လို့ မင်း ထင်နေပုံ ရတယ်၊ သူ မရှိပါဘူး၊ The Shining ဆိုတဲ့ ရုပ်ရှင်ကို မင်း ကြည့်ဖူးလား”

ကျွန်မ ကီယိုမီကို နားထောင်ဖို့ ကြိုးစားတဲ့ အထိတောင် လုပ်နေရတာက သူ ကျွန်မကို အခုလို နားပူနားဆာ တကျည်ကျည် လုပ်နေခဲ့တာတွေ မတိုင်ခင်က ဖြစ်ခဲ့တာ တချို့ကြောင့်ပါ။ ပထမဆုံး အကြိမ်တုန်းက ဟိုက်စကူးပြီးလို့ အလှပြင်ဆိုင်မှာ အလုပ်လုပ်နေတုန်းက ကျွန်မ လျှပ်စစ်မျက်နှာ အလှပြင်စက်

ကို ကိုင်တော့မလို့ အနေအထားပါ။ ကီယိုမီက အဲဒီစက်ကို မထိဖို့ တောင်းပန်တာကြောင့် ကျွန်မ မထိခဲ့ပါဘူး။ ကျွန်မက အလုပ်သင် ဖြစ်ပြီးတော့ မန်နေဂျာက ကျွန်မကို ဒေါသထွက်နေတာတောင် ကျွန်မ မထိခဲ့ပါဘူး။ အဲဒီစက်က နိုင်ငံခြားသား တစ်ယောက်ဆီကနေ ဝယ်ထားတဲ့ စက်အတု ဖြစ်နေပါတယ်။ နောက်ထပ် ရက်အနည်းငယ်လောက် အကြာမှာ ဖောက်သည်တစ်ယောက် ဓာတ်လိုက်သွားလို့ အရေးပေါ် လူနာတင်ကား ခေါ်ခဲ့ရပါတယ်။ ဒုတိယအကြိမ်ကတော့ တောင်အမေရိကမှာ ကီယိုမီနဲ့ ကျွန်မ လက်ချင်းချိတ်ပြီး သွားနေတဲ့ အိပ်မက်တစ်ခုထဲမှာပါ။ ကီယိုမီက ကျွန်မရဲ့ အလယ်တန်းတုန်းက အချစ်ဆုံး သူငယ်ချင်း ဖြစ်တဲ့ မီကိုချန် နေမကောင်း ဖြစ်နေတယ်လို့ ကျွန်မကို ပြောပါတယ်။ နောက်နေ့မနက် ကျွန်မ မီကိုရဲ့ အိမ်ကို ဖုန်းဆက်တော့ သူ့အိမ်က သူဟာ ဦးနှောက် ရောင်သလို ဖြစ်နေတယ်လို့ ပြောပါတယ်။ ရထားပေါ်မှာ ကီယိုမီက မီကိုဟာ မေလ ၅ ရက်နေ့မှာ သေတော့မှာလို့ ပြောခဲ့ပါတယ်။ ကျွန်မ စဉ်တော့တာပဲ။ တကယ်လည်း မေလ ၅ ရက်၊ ကလေးများနေ့မှာ မီကိုကို ကွယ်လွန်ခဲ့ပါတယ်။

“မင်း မကြည့်ဖူးဘူး မဟုတ်လား၊ ပြောပြမယ်၊ အဲဒီ ရုပ်ရှင်ထဲမှာ ကောင်လေးတစ်ယောက်က သူ့ကိုယ်ထဲမှာတခြားတစ်ယောက် နေနေတယ်လို့ ပြောတယ်၊ ဖြစ်နေတာက ကောင်လေးက ဝိညာဉ်၊ ဒါပေမဲ့ သူ အဲဒီလိုဖြစ်နေတာကို ကိုယ်တိုင် ကြောက်နေတယ်၊ အဲဒါကြောင့် သူ ဝိညာဉ်ဖြစ်နေတဲ့ အပိုင်းကို တခြားတစ်ယောက်ပါလို့ သူ စိတ်ကူးယဉ်တာ၊ ကောင်လေးက အဲဒီလူကို စကားပြောတယ်၊ မင်းလိုပဲပေါ့။

မင်းနဲ့ တစ်ပုံစံတည်းပဲလို့ ပြောနေတာ မဟုတ်ပါဘူး၊ တူတဲ့ အချက် တစ်ချက်တော့ ရှိတယ်၊ အဲဒါက အကြောက်တရားပဲ။ မင်းဟာ တစ်ခုခုကို အရမ်းကြောက်လို့နေတယ်၊ ကိုယ့်ရဲ့ အလုပ်အရ အားကစားသမား တော်တော်များများနဲ့ အဆက်အသွယ် ရှိတယ်၊ ကိုယ် ပြောနိုင်တာကတော့ အားကစားနယ်ပယ်စုံက ထိပ်တန်း အားကစားသမားတိုင်းမှာ သူတို့ရဲ့ ဝန်ထမ်းအနေနဲ့ စိတ်ကုဆရာတွေ၊ ဒါမှမဟုတ် စိတ်ပညာရှင်တွေ ထားထားကြတယ်၊ အကျိုးဆက်ကတော့ သိပ္ပံနည်းကျရော၊ ဒါမှမဟုတ် ဖလော်ဆိုဖီ နည်းလမ်းအရရော ကိုယ်တို့ အများကြီး သင်ယူခဲ့ရပါတယ်၊ ဖိအား၊ အကြောက်၊ ကိုယ့်ကိုယ်ကိုယ် သံသယဝင်မှု စသည်ဖြင့်တွေပေါ့၊ တကယ့်ကို အရေးကြီးတဲ့ ပွဲတွေမှာ စွမ်းဆောင်ရည် လျော့ကျခဲ့တဲ့ ကစားသမားတွေကိုပဲ ကြည့်၊ လူတွေဟာ

သူတို့ရဲ့ အဆိုးဆုံးရန်သူ အကြောင်းကို ဘယ်လို ပြောတတ်ကြသလဲ ဆိုတာ မင်း သိတယ် မဟုတ်လား၊ ဟုတ်တယ်၊ ပြောရရင် အဲဒါအမှန်ပဲ၊ ပရော်ဖက်ရှင်နယ် ဂေါက်သီးသမားတစ်ယောက်က ရှေ့ကနေ အများကြီး ဦးဆောင်ပြီးတော့ ပြိုင်ပွဲမှာ ရှုံးနိမ့်သွားတယ် ဆိုရင် ဘဝရဲ့ နယ်ပယ်တိုင်းမှာ သူဟာ အရှုံးသမားပဲ ဆိုတဲ့ ခံစားချက်ကို သူ့မှာ ဖြစ်စေတယ်၊ မင်းဟာ ရှုံးနိမ့်မှုတွေနဲ့ အသားကျနေပါလိမ့်မယ်၊ မင်းဟာ အသံတိုးတိုးလေးကို စကြားလာလိမ့်မယ်၊ နောက်ဆုတ်လက်လျှော့မယ့် အသံပေါ့၊ အဲဒီအသံက မင်းကို နိုင်စရာ မလိုပါဘူးကွာလို့ ပြောလိမ့်မယ်၊ မင်းဟာ အကောင်းဆုံး အားမထုတ်ရင်၊ မင်း ရှုံးသွားခဲ့သည့် တိုင်အောင်မှ အများကြီး မနာကျင်ရဘူး ဆိုပြီးတော့ပေါ့၊ ဘာကြောင့်လဲဆိုတော့ မင်း ရှုံးခဲ့တာက တကယ်မှ မဟုတ်လို့ပေါ့၊ မင်း နားလည်လား။

မင်း ဖြစ်နေတာက အဲဒီဥပမာနဲ့ အရမ်းတူညီနေတယ်၊ မင်းမှာ အိပ်မက်တွေရှိတယ်။ အဲဒါတွေကို လက်တွေ့ ဖြစ်နိုင်မယ့် စွမ်းအားတွေ မင်းမှာ ရှိတယ်၊ ဒါပေမဲ့ အဲဒီအိပ်မက်တွေ လက်တွေ့ ဘယ်တော့မှ မဖြစ်လာနိုင်ခြင်းရဲ့ အလားအလာက ခံစားရတာ နာကျင်လွန်းလို့ပဲ။ အဲဒါကြောင့် မင်းဟာ ကိုယ့်ကိုယ်ကို ကာကွယ်ဖို့အတွက် မင်းဟာ မင်း ဖြစ်ချင်တာတွေကို လုပ်နိုင်တဲ့ စိတ်ကူးယဉ် သေပြီးသား ဇာတ်ကောင် တစ်ကောင်ကို ဖန်တီးလိုက်တယ်၊ အဲဒါကတော့ မင်းရဲ့ ကီယိုမီပဲ၊ ပထမဆုံးအကြိမ် မင်းနဲ့တွေ့ကတည်းက ကိုယ် သဘောပေါက်ခဲ့တယ်၊ ကိုယ် ပြောနေတာကို နားလည်လား၊ ကီယိုမီက မင်း ကိုယ်တိုင်ပဲ၊ ဆိုလိုချင်တာက မင်းဟာ ကီယိုမီ ဖြစ်လာနိုင်တယ်။

“မင်းမှာ အိပ်မက်တွေ ရှိနေခဲ့တာ အချိန်အတော်ကြာပြီ၊ ဒါပေမဲ့ အဲဒီအိပ်မက်တွေကို လက်တွေ့ဖြစ်ဖို့ တိုက်ခိုက်ရမယ်ဆိုတဲ့ အတွေးမှာ အရှုံးပဲရှိတယ် ဆိုတာက မင်းကို ကြောက်လန့်နေစေတယ်၊ ဘာကိုမှ ရုက်စရာ မရှိပါဘူး၊ စိတ်မရှိနဲ့နော်၊ လူတိုင်း ကြောက်ကြတာပဲ၊ ဒါပေမဲ့ ကိုယ့်ကို တကယ့်ကို အံ့သြစေတာက မင်းရဲ့ အိပ်မက်က ဘယ်လောက်တောင် ခိုင်မာနေလဲ ဆိုတာပဲ၊ မင်းရဲ့ အိပ်မက်ကြောင့် မင်း ဘယ်လောက်တောင် ခိုင်မာနေသလဲ ဆိုတာပဲ၊ ကိုယ် ဆိုလိုချင်တာက ကီယိုမီကိုပါ၊ တစ်ခါတုန်းက ရုပ်သံစီးရီးအဟောင်း တစ်ခုထဲမှာ ရှေ့နေပြောခဲ့တဲ့ စကားကို ကိုယ် တော်တော်လေး လေးစားမိတယ်၊ ‘မင်း ဘာလိုချင်မှန်း မသိရင် မင်း ဘယ်တော့မှ ရှာဖွေတွေ့ရှိမှာ မဟုတ်ဘူး’ တဲ့၊ အဲဒီစကားကို ကိုယ် စိတ်ထဲမှာ အမြဲ မှတ်ထားတယ်။

“အခုလည်း မင်းရဲ့ တကယ့် မျှော်လင့်ချက်တွေနဲ့ အိပ်မက်တွေက လုံးဝ ရှင်းလင်းပြတ်သားတယ်၊ မင်းမှာ ကီယိုမီနဲ့ ပတ်သက်ပြီး အသေးစိတ် စိတ်ကူး တစ်ခု ရှိတယ်၊ အဲဒါက မင်း ဘာလိုချင်လဲ ဆိုတာကို အတိအကျ ပြသနေတယ်၊ အဲဒါက ကောင်းတဲ့အရာပါ၊ ဒါပေမဲ့ မင်းရဲ့ အိပ်မက်တွေ အားလုံးကို သူ့ဆီမှာ လက်လျှော့ထားလိုက်တာက မှားတာပဲ၊ ကိုယ် ပြောမယ်၊ ကိုယ် မင်းကို ကူညီ နိုင်တယ်၊ မင်း အိပ်မက်တွေ ပြန်ရဖို့၊ မင်းကိုယ်မင်း ပြန်လည်ရဖို့ ကိုယ် ကူညီ နိုင်တယ်”

သူ ဘာတွေ ပြောနေလဲ ဆိုတာကို ကျွန်မ နားမလည်နိုင်ပါဘူး။ ကီယိုမီ ကလည်း ကျွန်မကို တစ်ချိန်လုံး စကားတွေ ပြောလို့နေပါတယ်။ ကျွန်မရဲ့ ခေါင်းနဲ့ လက်ချောင်းထိပ်တွေ ကိုက်ခဲလာတဲ့အထိ ကျွန်မ ခရမ်းရောင် ဝိုင် အကောင်းစားကို တောက်လျှောက် သောက်လို့နေတယ်။ သူ ပြောတာကို ကျွန်မ လုပ်ချင်လာပါပြီ။ သူ့ရဲ့ ရုံးခန်းကို သွားပြီး ကျွန်မကို သူ့ရဲ့ ဖောက်သည် တစ်ယောက်လို ကုစားပေးဖို့ တောင်းဆိုချင်လာပါပြီ။ ဒါပေမဲ့ အာဟာရ ပညာရှင်က သူ့ရဲ့ အခန်းမှာ နောက်ထပ် ထပ်သောက်ဖို့ ကျွန်မကို ဖိတ်ပါ တယ်။ ဒါပေမဲ့လည်း ကီယိုမီက ကျွန်မကို သူ့နေရာမှာ လိုက်မသောက်ဖို့ တောက်လျှောက် ပြောနေပြန်ပါတယ်။ ကျွန်မကတော့ ဘာဖြစ်ဖြစ် သွားမှာပါ ပဲ။ သူ ကျွန်မကို သခ်ျိုင်း နောက်က ခုနစ်ထပ် အဆောက်အအုံကို ခေါ်သွားပါ တယ်။ အေအိုယာမထဲမှာ ရှိတယ် ဆိုတာ ကျွန်မ သိတယ်။

ကွန်ဒိုအခန်းက အိပ်ခန်းတစ်ခန်းပဲ ပါတယ်။ ဒါပေမဲ့ ကျွန်မရဲ့ တိုက်ခန်း ထက်ဆယ်ဆ ပိုကျယ်ပါတယ်။ တဖိတ်ဖိတ် တောက်ပနေတဲ့ လူနေမှုပုံစံ မဂ္ဂဇင်းတွေထဲက ကွန်ဒို တစ်ခုလိုပါပဲ။ ဧရာမတီဗွီကြီး ရှိတယ်။ ဘားတစ်ခု ရှိ တယ်။ အိစက်ညက်ညောတဲ့ ဆိုဖာကြီးတစ်ခု ရှိတယ်။ သူက စီဒီနဲ့ ခေတ်ဟောင်း ရုပ်ရှင်ကားတစ်ကားကို ဖွင့်ထားတယ်။ ပိန်လှီလှီ မင်းသမီး နာမည်က အော်ဒရေ ဟပ်ဘန်း တဲ့။

နင့်ကို အခုချက်ချင်း ထွက်သွားဖို့ ငါ တောင်းပန်ပါတယ်။ နင် ဒီက မထွက်ရင်တောင်မှ အနည်းဆုံးတော့ တစ်ယောက်ယောက်ကိုတော့ ဖုန်း ဆက်ပြီး နင် ဘယ်မှာရှိတယ် ဆိုတာ ပြောထား။။ ဘယ်သူပဲဖြစ်ဖြစ် ကိစ္စ မရှိဘူး။။ ရုံးကို ဖြစ်ဖြစ်၊ နင့် အိမ်နားက ဘီယာဆိုင်ကို ဖြစ်ဖြစ် ဖုန်းဆက် ထားလိုက်၊ ဘယ်သူ့ကို ဖြစ်ဖြစ်။

“ကျွန်မ ဖုန်း ခဏာ သုံးလို့ ရမလား”

သူဟာ ရေခဲ၊ အရက်ပုလင်းနဲ့ တခြားဟာတွေပါ ယူပြီး ထွက်လာခဲ့တယ်။ ဒါပေမဲ့ သူ့မျက်နှာက ကျွဲမြီးတိုသွားတဲ့ ပုံစံပေါက်လို့ သွားပါတယ်။

“ဆောရီးပါရှင်၊ ကျွန်မဆီ အရေးကြီးတဲ့ ဖုန်းလာစရာရှိလို့ပါ၊ ဖုန်းဆက်ပြီးတဲ့အထိ စောင့်ရလို့ စိတ်မရှိပါနဲ့”

ကီယိုမီက အော်တယ်။ နင် ခုချက်ချင်း ဆက်ရမှာ။

ဒါပေမဲ့ ကျွန်မ သူ့ကို လျစ်လျူရှုထားလိုက်တယ်။ အီတလီ စားသောက်ဆိုင်က စားပွဲထိုးကောင်လေး တစ်ယောက်ဆီ ဖုန်းဆက်မလားလို့ ကျွန်မ တွေးမိတယ်။

“မင်း ဘယ်သူ့ဆီ ဖုန်းဆက်မလို့လဲ”

“ရုံးကို” ကျွန်မ အဲဒါပဲ ပြောလိုက်တယ်။ ကျွန်မ ရုံးက ဘယ်လို အမျိုးအစားလဲ ဆိုတာ ရှင်းပြစရာမလိုဘဲ သူ သိပါတယ်။

“ကိုယ် မင်းကို ပြောပြချင်တယ်” လို့ သူက ပြောတယ်။ သူဟာ ဘရန်ဒီ နည်းနည်း ထည့်လိုက်တယ်။ ဘရန်ဒီ ဆိုတာ ကျွန်မ ဘဝမှာ တစ်ကြိမ်သာ သောက်ဖူးပါတယ်။ သူက ငါးဟင်းချိုခွက်လောက်ရှိတဲ့ ဖန်ခွက်ထဲကို ထည့်လိုက်တာပါ။

“ဘယ်လို ပြောရမလဲ၊ ကိုယ်ဟာ မင်း တွေ့နေကျ လမ်းပေါ်က လူတွေနဲ့ မတူပါဘူး၊ အဲဒါကို မင်းလည်း သိပါတယ်”

ကီယိုမီက သူ ပြောနေတာကို ပြန်ဖြေဖို့ ကြိုးစားနေပြီး စဉ်းပါတော့တယ်။ ကျွန်မတို့ ဘယ်လို စတွေ့ခဲ့တဲ့ အကြောင်းတွေကို ပြောပြပါတယ်။ ဒါပေမဲ့ ကျွန်မက အနုပြင်းတဲ့ ဘရန်ဒီကို ဝိုင်သောက်သလို မော့ချလိုက်တယ်။ ကျွန်မကို လူတွေက စကားလာပြောပြီး နှောင့်ယှက်နေလို့ မရအောင်ပါ။ ဒီလူက တကယ်ကို သဘောကောင်းတယ်လို့ ကျွန်မ တွေးလာပါတယ်။ ကျွန်မ မူးနေပေမယ့် ကီယိုမီက မမူးသေးပါဘူး။

နင် တစ်ခုခုဖြစ်သွားရင် ငါဘယ်ကို သွားနေရမလဲ။ နင်တစ်ယောက်ပဲ ငါ့ကို လက်ခံထားတာ။ နင်က အရက်သမားလည်း မဟုတ်ဘူး။ စိတ်မ

မှန်တဲ့ လူလည်း မဟုတ်ဘူး၊ ကလေးတစ်ယောက်လည်း မဟုတ်ဘူး။ နင်က ဂျပန်လို ပြောတယ်။ ငါက အင်္ဂလိပ်လို ပြောနိုင်တယ်။ ပြင်သစ်နဲ့ စပိန်စကား နည်းနည်း နားလည်တယ်။ ဂျာမန်လို ဖတ်တတ်တယ်။ ဒါပေမဲ့ အလုပ်မဖြစ်ဘူး။ ငါ တစ်ခါက နိုင်ငံခြားသား တစ်ယောက် ကိုယ်ထဲ ဝင်နေဖူးတယ်။ အဲဒီအကြောင်း ငါ နင့်ကို ပြောပြဖူးပါတယ်။ မှတ်မိသေးလားတော့ မသိဘူး။ သူက ဆွစ်လူမျိုး။ သူများကို နှိပ်စက်ပြီး လိင်သာယာတဲ့ လူ။ သူ့ရဲ့ လိင်စိတ်ဖောက်ပြန်မှုကို တစ်လကို နှစ်ခါ၊ သုံးခါလောက်ပဲ သူ လုပ်ပါတယ်။ အဲဒီတော့ ပြဿနာ ကြီးကြီးမားမား မဟုတ်ပါဘူး။ နေရာ တော်တော်များများမှာတော့ သူက ငါ့အတွက် စံပြပါပဲ။ သူက မိုနာကို ချာမိနစ်တို့မှာ အပန်းဖြေ နေအိမ်တွေကို ပိုင်တဲ့ ကုမ္ပဏီရဲ့ အကြီးအကဲပဲ။ သူက ကလင်မ်ရဲ့ မင်နှိပ်လက်ရာတွေကို စုဆောင်းတယ်။ သူက ငါ့ကို တော်တော်လေး သဘောကျပါတယ်။ ငါတို့နှစ်ယောက် တော်တော်လည်း အဆင်ပြေတယ်။ ဒါပေမဲ့ သူက ဂျပန်စကား နားမလည်ဘူး။ အဲဒါဘယ်လောက် ခက်ခဲလဲ ဆိုတာ နင် မသိပါဘူး။ ငါ့ကို ခြေကုန်လက်ပန်းကျပြီး ကျန်ရစ်စေတယ်။ အဲဒီတော့ နင်တစ်ယောက်ပဲ ငါ့မှာ ရှိတော့တာပါ။

"ကိုယ်က သူများနဲ့ မတူဘူး။ ကိုယ်က မေတ္တာတရား ရှိတဲ့လူ"

ကျွန်မ အီတလီ စားသောက်ဆိုင်က အရပ်ရှည်ရှည်နဲ့ စားပွဲထိုးကို စဉ်းစားနေမိတယ်။ ကျွန်မ မျက်လုံးမှိတ်လိုက်တော့ ခေါင်းက ချာချာလည်နေပါတယ်။ ကျွန်မ သိတာဆိုလို့ ခန္ဓာကိုယ် တောင့်တောင့် ယောကျ်ားတစ်ယောက်က ကျွန်မကို လုပ်တာကို ခံနေချင်တာပဲ သိတယ်။

"ကိုယ်က ဇီဝကမ္မဗေဒနဲ့ စပ်ဆက်တဲ့ အာဟာရဗေဒ ပညာရပ်နဲ့ သိစိတ်နဲ့ ဆက်နွယ်တဲ့ စိတ္တဗေဒပညာရပ်တို့ကို ကျွမ်းကျင်သူပါ၊ လူတစ်ယောက်ဆီက တခြားတစ်ယောက်နဲ့ ဆက်ဆံရေးကို ကိုယ် လေ့လာခဲ့ပါတယ်၊ ပုံမှန်အားဖြင့်၊ ဒါမှမဟုတ် ခပ်ရိုးရိုးပြောရရင် ကိုယ် မင်းကို စိတ်ပူတယ်၊ မင်းအနေနဲ့ မင်းရဲ့ ရုံးနဲ့ ပတ်သက်နေတာတွေ အားလုံး ဖြတ်တောက်လိုက်စေချင်တယ်၊ ကိုယ် ဆိုလိုချင်တာက ဖုန်းနဲ့ခေါ်ရင် သွားရတဲ့ အလုပ်ကို ပြောတာ၊ ကိုယ် မင်းကို စိတ်ဝင်စားသလို၊ စိတ်လည်း ပူတယ်။ ဒီကမ္ဘာကြီးပေါ်မှာ ကိုယ်ကျင့်တရားနဲ့ ဖြေရှင်းလို့ မရတဲ့ ကိစ္စရပ်တွေ အများကြီး ရှိတယ်။ အမှန်တကယ်တော့ ဒီ

ကမ္ဘာပေါ်မှာ ကိုယ်ကျင့်တရားနဲ့ ဖြေရှင်းလို့ရတဲ့ ကိစ္စရပ်တွေက နည်းနည်းလေးပဲ ရှိပါတယ်။ ကောင်းတာလုပ်တဲ့ လူတွေက မင်း မကောင်းတာ လုပ်နေတာကို ရပ်တန့်စေဖို့အတွက် မင်းမိဘက ဘယ်လိုထင်လိမ့်မယ်၊ ဘယ်လို ပြောလိမ့်မယ်လို့ ပြောကြလိမ့်မယ်၊ အဲဒါက လက်တွေ့မှာ ဘာမှ အထောက်အကူ မပြုဘူး၊ ဥပမာအားဖြင့် မင်းရဲ့ဖြစ်စဉ်ကိုပဲ ပြန်ကြည့်၊ မင်းဟာ ဖုန်းခေါ်ကောင်မလေး အဖြစ် အလုပ်လုပ်ရတာက သေချာတဲ့ မလွဲမရှောင်သာမှုပဲ၊ အဲဒီနောင်တစိတ်ကြောင့်ပဲ မင်းဟာ မင်းရဲ့ စိတ်ကူးယဉ်သူငယ်ချင်း ကီယိုမီကို ဖန်တီးခဲ့တယ်၊ အဲဒီ နောင်တစိတ်ကို မင်းက သုတ်သင်ရှင်းလင်း ပစ်ချင်နေတယ်၊ သုတ်သင် ရှင်းလင်းပစ်တယ် ဆိုတာက လုံးဝ အမြစ်ပြတ် ဖယ်ထုတ်လိုက်ချင်တာပဲ၊ မသိစိတ်ထဲမှာ မင်းဟာ မင်းကိုယ်မင်း အပြစ်ပေးရမယ်လို့ သိနေတယ်၊ မင်းအနေနဲ့ ဖုန်းခေါ်ကောင်မလေး အဖြစ်ကနေ နုတ်ထွက်လိုက်သင့်တယ်လို့ ကိုယ် စဉ်းစားဖို့ မလိုပါဘူး၊ တကယ်တော့ မင်းရဲ့ ခန္ဓာကိုယ်ကို ရောင်းစားနေတာဟာ မင်းကိုယ်မင်း ကီယိုမီကနေ သီးခြားခွဲနေဖို့နဲ့ ကိုယ့်ကိုယ် ကိုယ် ပြန်ရဖို့ တစ်ခုတည်းသော နည်းလမ်းပဲ၊ ဒါပေမဲ့ မင်း အခုတွဲနေတဲ့ လူတွေနဲ့ အတူ တွဲမနေသင့်တော့ဘူး”

ဆိုဖာက သိပ်ပြီးတော့ သက်သောင့်သက်သာ မဖြစ်ပါဘူး။ ကျွန်မ မေးစေ့က ကျွန်မရဲ့ ရင်ဘတ်ကို ထိတဲ့အထိ ကျွန်မ ခေါင်းညွှတ်ကျသွားတယ်။ ဘာမှ ကြိုတင် အသိပေးခြင်း မရှိဘဲ အီတလီ အစားအစာတွေ၊ ပြာနှမ်းနှမ်း၊ စေးကပ်ကပ် အခွံမာငါးနှစ်ကောင်ကို ကျွန်မအဖေကို မပြောဘဲ ကျွန်မ အမေ ဝယ်ပေးခဲ့တဲ့ ဝတ်စုံအပေါ်ကို ဝေ့ခနဲ အန်ချလိုက်မိပါတယ်။ “အိုး၊ ဘုရားသခင်” လို့ သူက ပြောတယ်။ ပြီးတော့ ကျွန်မကို ရေချိုးခန်းကို ဦးဆောင်ခေါ်သွားတယ်။ ဒါပေမဲ့ ကျွန်မ ထပ်မအန်နိုင်တော့ဘူး။ အိမ်သာထိုင်ခုံမှာ ခေါင်းတင်ပြီး နားနေရတယ်။ ကျွန်မ အိပ်ပျော်သွားတယ်။ ဝိုးတိုးဝါးတားနဲ့ အဝေးတစ်နေရာကို ရောက်လို့ သွားတယ်။ တယ်လီဖုန်း မြည်သံကို ကျွန်မ ကြားရတယ်။

နင်အိပ်လိုက်တော့။ ဘာတွေ ဖြစ်လဲ ဆိုတာ ငါပြောပြမယ် လို့ ကီယိုမီက ငိုနေရင်းနဲ့ ပြောပါတယ်။ အဲဒီတော့ ကျွန်မ အိပ်တော့မယ်။

ရေချိုးခန်းတံခါးက တစ်ဝက် ပွင့်လို့နေတယ်။ ဧည့်ခန်း တစ်ဝက်ကို မြင်နေရတယ်။ အာဟာရပညာရှင်ဟာ ယောကျ်ားသုံးယောက်နဲ့ မိုးကာအင်္ကျီကြီး

ပခုံးပေါ် တွဲကျပြီး ခွဲစိတ်ဆရာဝန်တွေ ဝတ်သလို အဖြူရောင် နှာခေါင်းစည်း တပ်ထားတဲ့ အမျိုးသမီးတစ်ယောက်နဲ့ အတူ ရှိလို့နေတယ်။ ယောကျ်ားတွေထဲက တစ်ယောက်က မြင်ဖူးနေကျ ဆံပင်ဖြူဖြူနဲ့ ခပ်တုံးတုံး အဘိုးကြီး တစ်ယောက်လိုပဲ။ ကျန်တဲ့ နှစ်ယောက်ကတော့ ပုံမှန် စီးပွားရေးသမားတွေနဲ့ တူတယ်။ အမျိုးသမီးရဲ့ မျက်နှာက နှာခေါင်းစည်းကို ဖယ်လိုက်တော့ သူမ မျက်နှာက လုံးဝ ရယ်စရာ ကောင်းတယ်။ သူမရဲ့ပါးစပ်မှာ အဝတ်ညှပ်တဲ့ ကလစ်ကို တပ်လို့ ထားတယ်။ ခပ်သွယ်သွယ် သစ်သားကလစ်က သူမရဲ့ နှုတ်ခမ်းနဲ့ လျှာကို ညှပ်လို့ ထားတယ်။ သွားရည်တွေက ကြမ်းပြင်ပေါ် တစ်စက်စက် ကျလို့ နေတယ်။

“သူ့ကို ဘယ်မှာ ရှာတွေ့တာလဲ” လို့ အာဟာရ ပညာရှင်က မေးတယ်။ စီးပွားရေးသမား တစ်ယောက်က “နာရာမြို့ပြင်က ရေပူစမ်း အပန်းဖြေစခန်းလေး တစ်ခုမှာပါ” လို့ ပြောတယ်။ ပြီးတော့ ကျန်တဲ့ တစ်ယောက်ကို ကားထဲက ကိရိယာတန်ဆာပလာတွေ သွားယူဖို့ အဲဒီလူက ပြောလိုက်တယ်။ အဲဒါတွေကို ကျွန်မကိုယ်တိုင် မြင်နေရတာ မဟုတ်ပါဘူး။ ကီယိုမီက ကွက်ကွက်ကွင်းကွင်း မြင်အောင် ပြောပြနေလို့ ကျွန်မ ကိုယ်တိုင် မြင်နေရသလို ဖြစ်နေတာပါ။ ကျွန်မ အကြောင်းကို ပြောကြသေးတယ်။ အမိန့်တွေ ပေးနေတဲ့ လူက “ဝက်” လို့ ပြောတယ်။ အာဟာရပညာရှင်က “သူ ဘာမှ မသိတော့ဘူး၊ ကျုပ်တို့ သူ့ကို ပျော်စရာ လုပ်လို့ရတယ်” လို့ ပြောတယ်။ ခုနက လူဟာ လက်တွန်းလှည်းနဲ့အပြည့် ကိရိယာ တန်ဆာပလာတွေ ယူလာပြီးတော့ ဆံပင်ဖြူ အဘိုးကြီးကို ပြောလိုက်တယ်။ “ဘယ်လိုပဲဖြစ်ဖြစ် ခင်ဗျား တိုက်ဖျိမှာ ရှိနေတာ ကောင်းတယ် ဆန်ဆေ၊ ရှိမနေရင် သူက အလကားဖြစ်မှာ၊ ကျွန်တော်တို့ သူ့ကို ရှင်းပစ်ရမယ်၊ နည်းနည်းတော့ ရှုပ်ပွသွားလိမ့်မယ်၊ ဒါကို ဝတ်ထားမှ ကောင်းမယ်” လို့ ပြောတယ်။ ပြီးတော့ သူက ဝတ်ရုံလို သန့်ရှင်းတဲ့ ဗီနိုင်းစကို အဘိုးကြီးဆီ လက်ကမ်းပေးလိုက်တယ်။

စီးပွားရေးသမား နှစ်ယောက်ဟာ ဆိုဖာ၊ တီဗွီနဲ့ အားလုံးကို ထောင့်ဘက်တွေကို ကပ်လိုက်ပြီး ကြမ်းပြင်မှာ ဗီနိုင်းစ ထူထူကြီးကို ခင်းလိုက်တယ်။ ပြီးနောက် လေထိုးလိုက်တဲ့ အခါမှာတော့ ကလေးရေကူးကန် ဖြစ်လို့သွားတယ်။ အမျိုးသမီးရဲ့ မိုးကာအင်္ကျီကို သူတို့ ချွတ်လိုက်တော့ သူမ ဝတ်ထားတဲ့ တီရှပ်အပေါ်မှာ လွှမ်းထားတဲ့ဟာက ရယ်စရာကောင်းနေပြန်ရော။ အဲဒီဟာက

အာလူးအိတ်နဲ့ တူတယ်။ အဲဒီ အာလူးအိတ်ကို သားရေခါးပတ်တွေနဲ့ ချည်လို့ ထားတယ်။

“စလိုက်ကြရအောင်လား” လို့ စီးပွားရေးသမားက ပြောတယ်။ ခေါင်းဖြူ အဘိုးကြီးက သူ့ဆီကို စာအိတ်တစ်အိတ် ကမ်းပေးလိုက်တယ်။ သူက အာဟာရပညာရှင်ဆီ ထပ်ပေးတယ်။ အာဟာရပညာရှင်ဟာ စာအိတ်ထဲက ယန်းတစ်သောင်းတန် ငွေစက္ကူတွေကို ရေတွက်ပြီး ခေါင်းညိတ်ပြလိုက်တယ်။ ပြီးတော့ ထောင့်နားက စီဒီစက်ဆီကို သွားပြီး အော်ပရာလိုလို၊ ဘာလိုလို ကလပ်စစ်ဂီတ ဖွင့်လိုက်တယ်။ သူတို့တွေဟာ အလှပြင်ဆိုင်မှာလို ဗီနိုင်းစ သွားရည်ခံတစ်ခုကို အမျိုးသမီးဆီမှာ တပ်လိုက်တယ်။ ကတ်ကြေးတွေနဲ့ အမျိုးသမီးရဲ့ ဆံပင်တွေကို ညှပ်ကြတယ်။ ပြီးတော့ လျှပ်စစ်ဆံပင်ရိတ်စက်နဲ့ သူမရဲ့ ခေါင်းကို ရိတ်တယ်။ ခပ်ကြမ်းကြမ်း လုပ်နေတာကြောင့် နေရာအနှံ့က သွေးတွေ စီးကျလာတယ်။ အမျိုးသမီးဟာ ခုခံဖို့ ကြိုးစားတဲ့ အနေနဲ့ ခေါင်းကို ယိမ်းလို့နေတယ်။ ဒါပေမဲ့ သူမရဲ့ ပါးစပ်မှာ တပ်ထားတဲ့ သစ်သားကလစ်နဲ့ အာလူးအိတ်လို အင်္ကျီကြောင့် မလှုပ်နိုင်၊ ဘာမှ မပြောနိုင်ဘူး။ “သူ့အသံလေး နားထောင်ရအောင်” လို့ အဘိုးကြီးက ပြောတယ်။ စီးပွားရေးသမားက ဒီ အဆောက်အအုံက အသံလုံစနစ်က သိပ်မကောင်းပေမယ့် ပါးစပ်က ကလစ်ကို ဖယ်လိုက်ဖို့ ပြောတယ်။ အမျိုးသမီးဟာ ပထမတော့ မေးရိုးကို မလှုပ်နိုင်ဘူး။ နှာခေါင်းပေါက်ကတော့ တော်တော်လေးကို ကျယ်ကျယ်ပွင့်နေတယ်။ မျက်လုံးတွေကနေ မျက်ရည်တွေ စီးကျနေတယ်။ အဘိုးကြီးက အမျိုးသမီးရဲ့ မျက်နှာကို ဗီဒီယို ကင်မရာနဲ့ စရိုက်လို့ နေတယ်။

“နင် ငိုဖို့ ရမယ်ရှာနေတာလား၊ ငိုစမ်း၊ ငိုစမ်း” လို့ သူက ပြောပြီး လက်တစ်ဖက်နဲ့ အမျိုးသမီးရဲ့ ပါးကို ခပ်ပြင်းပြင်း ရိုက်လိုက်ပြီး ကျန်လက်တစ်ဖက်နဲ့ ကင်မရာ ရိုက်လို့နေတယ်။ ဒီအတောအတွင်းမှာ အာဟာရပညာရှင်က သူ့ဟာကို ဆွဲထုတ်လိုက်ပြီး အာသာဖြေဖျောက်လို့ နေတယ်။

အဲဒီနောက် သူတို့လေးယောက် အမျိုးသမီးကို ရေကူးကန်ထဲ ပစ်ထည့်ပြီး ကန်ကျောက်၊ ရိုက်နှက်ကြတယ်။ အဘိုးကြီးက သူ့ရဲ့ ညှိုးငယ်နေတဲ့ ဟာကို အမျိုးသမီးရဲ့ ပါးစပ်ထဲ ထည့်ဖို့ ကြိုးစားနေချိန်မှာ သူမဟာ ချေးတွေ၊ သေးတွေ ယိုကျလို့ နေတယ်။ စီးပွားရေးသမားက ဗီနိုင်းစနဲ့ ယာယီတဲလေးလိုဟာကို ဆင်လိုက်တယ်။ အထဲကနေ လျှပ်စစ်ကြိတ်စက်နဲ့ လျှပ်စစ်လွှကို ထုတ်

လိုက်တယ်။ အမျိုးသမီးဟာ ချေးအလူးလူး၊ သေးအလူးလူး ဖြစ်နေတဲ့ ကန်ထဲကနေ ထထွက်ဖို့ ကြိုးစားရင်း အော်ဟစ်ငိုယိုလို့ နေတယ်။ ဒါပေမဲ့ အာလူးအိတ်ကြောင့် ထွက်လို့ မရပါဘူး။ အဘိုးကြီး ဗီနိုင်းလက်အိတ်ကို ဝတ်ပြီး ပြောတယ်။ “နင် အော်တာထက် တခြား ဘာမှ မလုပ်တတ်တော့ဘူးလား” မစင်တုံးတစ်တုံးကို ကောက်ကိုင်ပြီး အမျိုးသမီးရဲ့ ပါးစပ်ထဲ ထည့်လိုက်တယ်။ ပြီးတော့ အမျိုးသမီးကို ကန်ထဲကနေ ဆွဲထုတ်ပြီး ခြေမျက်စေ့တွေကို ရေဆေးတယ်။ အခန်းက အရက်နံ့၊ မစင်နံ့တွေနဲ့ ပြည့်လို့နေတယ်။ အဘိုးကြီးဟာ ဝင်ပေါက်မှာရှိတဲ့ သူ့ရဲ့ သားရေဖိနပ်ကို သွားယူတယ်။ အဲဒီအတောအတွင်းမှာ အရည်မထွက်ဘဲ သူ့ဟာကို ဘောင်းဘီထဲ ပြန်သိမ်းလိုက်တဲ့ အာဟာရပညာရှင်က အဘိုးကြီးကိုယ်စား ကင်မရာ ကိုင်ထားပေးတယ်။ စီးပွားရေးသမား တစ်ယောက်က စီဒီစက်ကို အသံအမြင့်ဆုံး တင်လိုက်တယ်။ ကျန်တစ်ယောက်က အမျိုးသမီးရဲ့ ခြေမျက်စေ့တွေကို ကန်ပေါင်ပေါ် တင်ထားလိုက်တယ်။ နောက်မကြာခင်မှာပဲ သူတို့တွေဟာ အမျိုးသမီးရဲ့ ခြေဖဝါးတွေကို လျှပ်စစ်လွှဲနဲ့ ဖြတ်တယ်။ အမျိုးသမီးဟာ နာကျင်လွန်းလို့ အော်ဟစ်လို့ နေတယ်။ အာဟာရပညာရှင်က ကင်မရာကို အမျိုးသမီးရဲ့ မျက်နှာကနေ ကန်ထဲကို ရောက်သွားတဲ့ ခြေထောက်ဆီကို ရွှေ့လိုက်တယ်။ စီးပွားရေးသမား တစ်ယောက်က ခြေထောက် အငုတ်တွေကို အဖြူရောင် စေးကပ်ကပ် အရည်တွေ ဖျန်းလိုက်ပြီး ပန်းထွက်နေတဲ့ သွေးတွေကို ရပ်အောင် လုပ်လိုက်တယ်။ ဒါပေမဲ့ ခြေမျက်စိအောက်က ဟာတွေကတော့ ခြေထောက်ဆိုတာနဲ့ ဘယ်လိုမှ မတူတော့ပါဘူး။ ကျန်တဲ့တစ်ယောက်က ဇရာမ အီတလီ အခွံမာငါးနဲ့ တူနေတဲ့ ခြေထောက်ကို ကန်ထဲကနေ ယူလိုက်တယ်။ ခြေထောက်တွေကို ဗီနိုင်းတဲလေးထဲ ထည့်လိုက်တယ်။ ပြီးတော့ ရှည်လျားပြီး ပါးလျတဲ့ ဓားနဲ့ အသားတွေကို သေးသေးမွှားမွှားလေးတွေ ဖြစ်အောင် ခုတ်တယ်။ အရွက်တွေကို ဖြတ်လိုက်တယ်။ ကြိတ်စက်သုံးပြီးတော့ အရိုးတွေကို အမှုန့်ဖြစ်အောင် ကြိတ်လိုက်ပါတယ်။ ပြီးတော့ အဲဒါတွေ အားလုံးကို အသုပ်ပန်းကန်လုံး အကြီးကြီးထဲ ထည့်လိုက်တယ်။ ပြီး ပြီးတော့ အဲဒီပန်းကန်လုံးကို ကျွန်မရှိနေတဲ့ ရေချိုးခန်းထဲ ယူလာခဲ့တယ်။ သူက ကျွန်မကို အိမ်သာခုံကနေ ဖယ်လိုက်တယ်။ ကျွန်မရဲ့ သွေးခုန်နှုန်းကို စမ်းပြီးတော့ အာဟာရပညာရှင်ကို ပြောလိုက်တယ်။ “သစ်တုံးကြီးလို အိပ်နေတယ်၊ ဆေးသုံးလိုက်သေးလား” အာဟာရပညာရှင်က “သုံးလိုက်တယ်၊ ခင်ဗျားတို့ ဖုန်းဆက်ပြီးပြီးချင်းပဲ” စီးပွားရေးသမားဟာ အသားအတုံးအတစ်တွေ အပြည့်ပါတဲ့ ပန်းကန်လုံးကို လောင်းချပြီး အိမ်သာရေ ဆွဲချလိုက်တယ်။ ရေ လေးခါ

ဆွဲချတယ်။ ဒီအတောအတွင်းမှာ အဘိုးကြီးက ခြေဖဝါး မရှိတော့တဲ့ မိန်းမကို ခြေထောက်ဆွဲပြီးတော့ လုပ်မလို့ ကြိုးစားနေတယ်။ နောက်တော့ သူတို့တွေဟာ အမျိုးသမီးကို ဘာမှ မသိတော့အောင် ဆေးထိုးလိုက်တယ်။ အဲဒီနောက် တစ်နာရီလောက် သူတို့ သန့်ရှင်းရေးလုပ်ကြတယ်။

ကျွန်မ တကယ့်ကို အိပ်ပျော်နေခဲ့တယ်။ ဒါပေမဲ့ ကီယိုမီက ဘာတွေ ဖြစ်နေတယ် ဆိုတာ အကုန်လုံးကို ကျွန်မကို ပြောပြတယ်။ ဘေ့စ်ဘောပွဲလို ပွဲမျိုးတွေမှာ ပွဲကြေညာသူက ပြောနေသလိုပေါ့။ သူတို့အားလုံး ပြန်သွားတော့ အာဟာရပညာရှင်ဟာ အိပ်ပျော်လို့ သွားတယ်။ ကီယိုမီက ကျွန်မကို အတင်းထခိုင်းတယ်။ ကျွန်မတို့ ထွက်လာခဲ့တယ်။ ဒါပေမဲ့ ကျွန်မရဲ့ အခန်းကို ပြန်ရင် မလုံခြုံတာကြောင့် သူက ရုံးကို သွားဖို့ ပြောပါတယ်။ ရုံးက ကျွန်မကို တစ်ည လုံး ခေါ်တဲ့ ဖောက်သည်ရှိရာ ရှီဘူယာက အချစ်ဟိုတယ် တစ်ခုဆီကို လွှတ်လိုက်ပါတယ်။ အဲဒီကို ရောက်လို့ ကျွန်မ အဝတ်အစားတွေ ချွတ်တော့ အိတ်ကပ်ထဲမှာ တစ်ခုခု ရှိနေသလို ခံစားလိုက်ရတယ်။ အဲဒါက ကျွန်မ အာဟာရပညာရှင်ကို ပေးမယ့် ဖောင်တိန်ဓာတ်မီးပါပဲ။

“ဒါတွေ အားလုံးက အိပ်မက်တစ်ခု မဟုတ်လား” လို့ ကျွန်မ ရေရွတ်နေတုန်း ကီယိုမီကို ပြောလိုက်တယ်။ ဒါပေမဲ့ ကီယိုမီက ငိုပြီးရင်း ငိုနေတော့တာပဲ။ စကားပြန်မပြောဘူး။ ကျွန်မ ဆံပင်တွေကြားထဲမှာ တစ်ခုခု ရှိလို့နေတယ်။ ကျွန်မ ဆွဲထုတ်လိုက်တော့ သွေးဖြစ်နိုင်ပေမယ့် ကျွန်မ လွှတ်ပစ်လိုက်တဲ့ အခွံမာ ငါးလည်း ဖြစ်နေနိုင်တယ်။

ကျွန်မ ဖောက်သည်ကို မီးတွေ အားလုံး ပိတ်လိုက်ဖို့ တောင်းဆိုလိုက်တယ်။ ကျွန်မ ဖောင်တိန်ဓာတ်မီးကို ဖွင့်လိုက်တယ်။ ဓာတ်မီးကို ဟိုဟိုသည်သည် လျှောက်ထိုးတော့ သူက ရယ်တယ်။ ကျွန်မကို ညစ်တီးညစ်ပတ်စိတ် ရှိတယ်လို့ သူက ပြောတယ်။ အမှောင်စုံးစုံးထဲမှာ မီးရောင်ကို ကျွန်မရဲ့ ခြေမျက်စေ့တွေဆီ ထွန်းလိုက်ပြီး ပြောလိုက်တယ်။ “ဒီမှာကြည့်၊ ကီယိုမီ၊ ငါ့ခြေဖဝါးတွေ ရှိနေတုန်းပဲ” လို့ ပြောလိုက်တယ်။ ပြီးတော့ ကျွန်မ ရယ်တော့တာပဲ။

❑

(Penlight by Ryū Murakami)

နောက်ဆုံးပုံရိပ်ပြပွဲ

အဲဒီတုန်းက ကျွန်တော့် အသက် ဆယ့်ရှစ်နှစ်။

အမေရိကန် ရေတပ် အခြေစိုက်စခန်းရှိရာ ကျူးရှူးကျွန်းက ဆိပ်ကမ်းမြို့လေး တစ်မြို့ကနေ ကျွန်တော် တိုကျိုမြို့ကို ရောက်ခါစပဲ ရှိသေးတယ်။ ကျွန်တော်ဟာ အီနိုကာရီရာ ပန်းခြံရဲ့ မြောက်ဘက်မှာ ရှိတဲ့ ကီချီဂျိုဂျိုက သစ်သား အဆောက်အအုံထဲက ခနော်နီခနော်နဲ့ တိုက်ခန်းသေးသေးလေးထဲမှာ သူငယ်ချင်းတချို့နဲ့ နေနေခဲ့ပါတယ်။ ဒီသူငယ်ချင်းတွေဟာ ဇာတိမြို့မှာ ဘလူးစ်ဂီတအဖွဲ့တစ်ဖွဲ့ ဖွဲ့ခဲ့ပြီး မြို့ကြီးပြကြီးမှာ တီးဝိုင်ကြီးတစ်ဝိုင်း ဖြစ်ဖို့ အိပ်မက်မက်နေသူတွေ ဖြစ်ကြပါတယ်။ ကျွန်တော်က ဒရမ်တီးပါတယ်၊ ဒါပေမဲ့ ဝေးလံခေါင်ဖျားတဲ့ ဇနပုဒ်က အဖွဲ့တစ်ဖွဲ့နဲ့ ဆက်တီးနေရမှာကိုတော့ လုံးဝ မပျော်နိုင်ပါဘူး။ ကျွန်တော့်ရဲ့ အဓိက ဦးတည်ချက်က ကျွန်တော့်မိဘတွေ သဘောတူထားတဲ့ ကောလိပ်အကြို ကျောင်းတစ်ကျောင်း တက်ရင်း လစဉ် အသုံးစရိတ် ပို့ပေးမယ်၊ တိုကျိုကို သွားဖို့သဘောတူတယ် ဆိုတဲ့အတိုင်း မိဘတွေနဲ့ ဝေးရာကို အရင်ဆုံး ထွက်လာခဲ့ချင်တာပါ။ ကျန်တဲ့ ကောင်တွေကတော့ ပရော်ဖက်ရှင်နယ် ဂီတသမားဘဝ စတင်နိုင်ဖို့အတွက် စားသောက်ဆိုင် သန့်ရှင်းရေး လုပ်သူလုပ်၊ စားပွဲထိုး လုပ်သူလုပ်နဲ့ပါ။ အဲဒီအချိန်မှာ ကျွန်တော်က ကိုယ်ပိုင်အခန်း ရှာတာထက် သူတို့နဲ့ အတူနေတာက ပိုလွယ်တာ တစ်ခုတည်းကြောင့် သူတို့နဲ့ အတူနေဖြစ်နေ တာပါ။

အစီအစဉ်က ညဘက်တွေမှာ အလုပ်လုပ်မယ်၊ နေ့လယ်ဘက် လေ့ကျင့်မယ်၊ ဂီတပွဲကြီးတွေ သွားပြီး သင့်တော်တဲ့ လူတွေနဲ့ ဆုံမယ်၊ ဓာတ်ပြားကုမ္ပဏီတွေနဲ့ ထုတ်လုပ်ရေး အေဂျင်စီတွေက လုပ်တဲ့ လူရွေးပွဲတွေ သွားမယ် ဆိုပြီး တော့ပေါ့။ ကျွန်တော်တို့ မြို့ကနေ တစ်ညလုံး စီးရတဲ့ ရထားပေါ်မှာ ခြောက်လအတွင်း ဟီဘာရာပန်းခြံက ဖျော်ဖြေပွဲတွေမှာ စင်ပေါ် စတက်မယ်ဆိုတဲ့ ရည်မှန်းချက်ကို ချမှတ်ခဲ့ပါတယ်။ ကျွန်တော်တို့အဖွဲ့မှာ ကျွန်တော် အပါအဝင် စုစုပေါင်း ငါးယောက်ရှိပြီး မတူညီတဲ့ နောက်ခံသမိုင်းကြောင်း ကိုယ်စီနဲ့ပါ။ ဘေ့စ်သမားနဲ့ အဖွဲ့ခေါင်းဆောင်ဖြစ်တဲ့ နာကာနိုရဲ့ အဖေက မကြာသေးခင်ကမှ အငြိမ်းစား ယူခဲ့တဲ့ လခစားသမားတစ်ယောက် ဖြစ်ပါတယ်။ ဂစ်တာသမား

ယာမာဂူချီရဲ့ အဖေက သွင်းကုန်၊ ပို့ကုန် ကုမ္ပဏီလေးတစ်ခုကို ဖွင့်လှစ်ထားပါ တယ်။ သူ့အမေကလည်း စန္ဒရား ဆရာမတစ်ယောက်ပါ။ အော်ဂင်တီးတဲ့ ရှီမာ ဒါကတော့ တစ်ဦးတည်းသော ကလေးဖြစ်ပြီး သူ့မိဘတွေက ဓာတ်ဆီဆိုင် ပိုင်ရှင်တွေပါ။ အဆိုသမား ကာတိုကတော့ အမေက တစ်ယောက်တည်း ပြုစု ပျိုးထောင်ခဲ့တဲ့ ကလေးပါ။ ကျွန်တော်တို့ရဲ့ ငွေကြေးအခြေအနေတွေကလည်း မတူကြပါဘူး။

နာကာနိုနဲ့ ကာတိုက အိမ်ကနေ ထွက်ပြေးလာခဲ့တာလို့ပဲ ဆိုရမှာပါ။ သူ တို့နှစ်ယောက်စလုံးမှာ သူတို့အပိုင် ထိုင်ဖုံတစ်လုံး၊ ဒါမှမဟုတ် ပန်းကန်လုံး တစ်လုံးတောင် မရှိကြပါဘူး။ ရှီမာဒါရဲ့ မိဘတွေကတော့ သူ့ကို အစားအသောက်တွေ၊ အဝတ်အစားတွေနဲ့ စာအိတ်အပြည့် ငွေစက္ကူတွေ အပတ်စဉ် ပို့ပေးပါတယ်။ ယာမာဂူချီဆီမှာတော့ ကာဗာမပါဘဲ အခွေဖွင့်တဲ့ ကက်ဆက်တစ်လုံး ပါလာခဲ့ပါတယ်။ သူတို့လေးယောက်စလုံးဟာ စားသောက်ဆိုင်တွေမှာ သန့်ရှင်းရေးနဲ့ စားပွဲထိုး အလုပ်တွေ ကိုယ်စီနဲ့ပါ။ ကာ တိုနဲ့ ရှီမာဒါက ရော့ပွန်ဂျီက ကလပ်တွေမှာ အလုပ်လုပ်ပါတယ်။ ယာမာဂူချီက ရှင်ဂျူကူက စင်တင်တေးဂီတ ဆိုင်မှာ အလုပ်လုပ်ပြီး ဂင်ဇာက စားပွဲရုံတစ်ရုံ မှာ အလုပ်လုပ်ပါတယ်။ ဒါပေမဲ့ အစီအစဉ်က ညဘက်တွေ အလုပ်လုပ်ပြီး နေ့ ဘက်တွေမှာ လေ့ကျင့်ဖို့ ဖြစ်ပေမယ့် စတယ် ဆိုကတည်းက ဘယ်လိုမှ မလုပ် နိုင်ပါဘူး။ သူတို့ အလုပ်လုပ်ကြတဲ့ နေရာတွေ အားလုံးက ညနေ ခြောက်နာရီ ကနေ ညဆယ့်တစ်နာရီထိ ဖွင့်ကြတယ်။ ဒါပေမဲ့ သန့်ရှင်းရေးသမားတွေနဲ့ စားပွဲထိုးတွေဟာ အဲဒီနေရာတွေကို ရောက်အောင် နှစ်နာရီ၊ သုံးနာရီလောက် စောထွက်ကြရပြီး ဆိုင်ပိတ်ပြီးတဲ့ နောက်မှာတော့ သန့်ရှင်းရေးတွေ၊ ပန်းကန် ဆေးတာတွေ ဆက်လုပ်ရပါသေးတယ်။ နာကာနိုက တိုက်ခန်းကနေ နှစ်နာရီ မှာ ထွက်ရပြီး မနက်နှစ်နာရီမှ ဒယီးဒယိုင် ယိမ်းထိုးပြီး နောက်ဆုံးရထားနဲ့ ပြန်လာရပါတယ်။ ကီချီဂျိုဂျီ အနီးအနားမှာ ပျော်ပွဲစားရုံတွေ ရှိပေမယ့် နာကာ နိုက ဂင်ဇာက ဆိုင်တွေမှာသာ ဘလူးစ်ဂီတ နယ်ပယ်က အဆက်အသွယ်တွေ ရနိုင်မယ်လို့ ယုံကြည်ပါတယ်။ သူ အဲဒီစိတ်ကူး ဘယ်ကရလဲ ဆိုတာ ဘုရား သာ သိနိုင်ပါမယ်။ ပြန်တွေးကြည့်ရင် မရယ်ရတဲ့ ဟာသတစ်ခုနဲ့တောင် တူနေ ပါတယ်။

ရှီမာဒါက မိုက်တစ်လုံးနဲ့ အမှတ်စဉ်ကို ကျူရှူးကနေ ယူလာခဲ့ပါတယ်။ ကျွန်တော်ကလွဲလို့ ကျန်တဲ့ လူတွေ အားလုံး သူတို့ရဲ့ တူရိယာတွေကို ယူလာခဲ့

ပါတယ်။ ဒရမ်တွေက နေရာယူလွန်းပြီး နဂိုကတည်းကမှ သုံးပြီးသားကို ဝယ်ထားတာမို့ ဖြည်းဖြည်းချင်း တစ်စစီ ပြုတ်ထွက်တော့မှာ ဖြစ်ပါတယ်။ အဲဒါကြောင့် ကျွန်တော် အချိန်ပိုင်း အလုပ်လုပ်ပြီး ရလာတဲ့ ပိုက်ဆံနဲ့ ဒရမ်ဆက် အသစ်ဝယ်မယ်လို့ ကတိပေးထားပါတယ်။ ဒါပေမဲ့ စိတ်ထဲမှာတော့ မရှိတော့ပါဘူး။ ကျွန်တော့်ရဲ့ ဒရမ်ရိုက်တံကို ယူလာခဲ့တာကြောင့် လေ့ကျင့်ရေး အချိန်တွေမှာ ကျွန်တော် တာတာမီဖျာကို တီးရင်း ဝင်ပါပါတယ်။ ဒါပေမဲ့လည်း အခြေအနေက စိတ်ပျက်စရာ ကောင်းသည်ထက် ကောင်းနေပါတယ်။ စားပွဲထိုးတွေနဲ့ သန့်ရှင်းရေးသမားတွေဟာ နှစ်ပတ်မှ တစ်ရက် ခွင့်ရပါတယ်။ တစ်ခါပိတ်ရက်ရတဲ့ နေ့ကလည်း မတူပါဘူး။ ကျွန်တော့် အခန်းဖော်တွေဟာ အိမ်ကို ညဉ့်နက်မှ တကွဲတပြား ပြန်လာကြပြီး ကျွန်တော် သူတို့အတွက် လုပ်ထားတဲ့ ရာမန်ခေါက်ဆွဲ စားပြီးတာနဲ့ ခြေကုန်လက်ပန်းကျလို့ နေပါပြီ။ စကားနည်းနည်းတောင် မပြောနိုင်တော့ဘဲ သူတို့ရဲ့ အိပ်ရာတွေပေါ် ပစ်အိပ်လိုက်တော့တာပါပဲ။ ကျွန်တော်တို့ အတူတူ လေ့ကျင့်လို့ရတဲ့ အချိန်က မနက်အစောပိုင်းကနေ နေ့လယ်အစောပိုင်း အချိန်ကလေးပဲ ရှိပါတယ်။ အဲဒါတောင်မှ ကျွန်တော်တို့ရဲ့ အော်ဂင်၊ ဂစ်တာတွေ၊ အဆိုအတွက် မိုက်တွေ တစ်ပြိုင်တည်း တပ်လို့ရအောင် အမှ်ကို ချော့မြူတပ်ရပါတယ်။ တစ်ကြိမ်မှာတော့ ကျွန်တော်တို့ စပင်ဆာဒေးဗစ် အဖွဲ့ရဲ့ 'အချစ်တချို့ပေးပါ' သီချင်းကို လေ့ကျင့်နေတုန်း ဆူညံသံအကျယ်ကြီး ထွက်လာလို့ အပေါ်ထပ်မှာနေတဲ့ လူက ကျွန်တော်တို့ တိုက်ခန်းကို အော်ဟစ်ဆဲဆိုခဲ့ပါတယ်။ သူဟာ ပိန်ပိန်လှီလှီ၊ အသက်ငယ်ငယ် ယာကူဇာ တစ်ယောက်ပါ။ ခန္ဓာကိုယ်က အရိုးငေါငေါနဲ့ပါပဲ။ နာကာနိုနဲ့ ရှီမာဒါတို့ဟာ ကျွန်တော်တို့ မြို့မှာတော့ တကယ့်ဖိုက်တာတွေအဖြစ် တခြားကျောင်းက ကောင်တွေကပါ အသိအမှတ်ပြုရပါတယ်။ ဒါပေမဲ့ တိုကျိုမြို့က တကယ့် ဂန်းစတား တစ်ယောက်က သူတို့မျက်နှာတွေ ကြည့်ပြီး မြည်တွန်တောက်တီးနေချိန်မှာ ဘာမှ ပြန်ပြောစရာ မရှိခဲ့ပါဘူး။

အချိန်တစ်လကုန်သွားပြီး တီးဝိုင်းအတွက် ဘာတိုးတက်မှုမှ မရှိတော့အစွမ်းအစမဲ့တဲ့ စိတ်ကသိကအောက် ဖြစ်မှုတိမ်တိုက်ဟာ အခန်းထဲမှာ ဝဲပျံလာခဲ့ပါတယ်။ နောက်မကြာခင်မှာ ကျွန်တော့်ဆီကို ရွာချပါတော့တယ်။ ဟယောင် ယာဇာကီ၊ မင်း ဘယ်တော့မှ စောက်အလုပ်ရပြီး ဒရမ်ဆက် ဝယ်နိုင်မှာလဲ။ ကျွန်တော် တီးဝိုင်းဆက်လုပ်ရမလား၊ ကောလိပ် သွားတက်ရမလားလို့ ဆုံးဖြတ်နေတဲ့အကြောင်း သူတို့ကို ပြောလိုက်ပါတယ်။ တီးဝိုင်းဖွဲ့ဖို့ ကိစ္စ

ကြောင့်သာ လူတွေအားလုံးက ပိုက်ဆံတွေကို အိမ်ငှားတဲ့နေရာမှာ သုံးထား တာ ဖြစ်လို့ ကျွန်တော် တီးဝိုင်းက ထွက်မယ်ဆိုရင် ဒီအခန်းကနေလည်း ထွက် ရမှာကို ကျွန်တော် သိပါတယ်။ ရှီမာဒါရဲ့ အမျိုးတစ်ယောက်က နေရာတစ်ခု တွေ့ထားပါတယ်။ အိပ်ခန်းသေးနှစ်ခန်း၊ မီးဖိုချောင်အသေး၊ ဆောင့်ကြောင့်ထိုင် အိမ်သာတစ်ခုနဲ့ ရေချိုးခန်းမပါ၊ ကီချီဂျီဂျီ ဘူတာနဲ့ မိနစ် နှစ်ဆယ်လောက် လမ်းလျှောက်ရပေမယ့် စျေးကတော့ မပေါပါဘူး။ ကျွန် တော့်မိဘတွေဆီကနေ အိမ်ပြောင်းမယ့် စရိတ်ထပ်တောင်းရမယ့် အနေအထား ကျွန်တော့်မှာ မရှိပါဘူး။ ကျွန်တော်ဟာ အသက်ဆယ့်ရှစ်နှစ်နဲ့ ဝေးလံခေါင်ဖျားတဲ့ နေရာကနေ အခုမှ ထွက်လာခါစ ဆိုတော့ ကျွန်တော့်ရဲ့ ကိုယ်ပိုင်နေရာလေး တစ်ခုကို ဘယ်လို ရှာဖွေရမလဲ ဆိုတာကို လုံးဝ မသိပါ ဘူး။ ကျွန်တော်ဟာ ကောလိပ်အကြိုကျောင်းကိုလည်း မတက်ဘူး၊ အလုပ် လည်း မရှာပါဘူး။ နေ့တော်တော်များများမှာ ကျွန်တော်ဟာ ကန်ဒါက အဟောင်းဆိုင်တွေ တစ်လျှောက် မွှေနှောက်ပြီး ဝတ္ထုအဟောင်းတချို့၊ ကဗျာ စာအုပ်ဟောင်းတချို့ ဝယ်နေတတ်ပါတယ်။ ဝယ်ပြီးရင် ဂျက်ဇ်၊ ဒါမှမဟုတ် ရော့ခ် ဖွင့်တဲ့ ကော်ဖီဆိုင်တစ်ဆိုင်မှာ နာရီတော်တော်ကြာ ထိုင်တတ်ပါတယ်။

ဒီလိုနဲ့ အချိန်နှစ်လ ကုန်သွားခဲ့ပါတယ်။ တကယ့် မုန်တိုင်းတစ်လုံး အစပျိုးလာခဲ့ပါတယ်။ တစ်ညမှာတော့ နာကာနိုက စားပွဲထိုး အလုပ်ခေါ်တာ တွေ့တယ်လို့ ပြောပါတယ်။ ကျွန်တော်က အလုပ်လျှောက်ဖို့ ငြင်းလိုက်ပါ တယ်။ ကျွန်တော်တို့နှစ်ယောက် လက်သီးချင်း ထိုးလုနီးပါး ဖြစ်သွားခဲ့ပါတယ်။ “နာကာနို ပြောတာ မှန်တယ်။ ယာဇာကီက စကားမတည်ဘူး။ ဒါပေမဲ့ ရန်ဖြစ် စရာအကြောင်း မရှိပါဘူး။ ငါတို့တွေ တိုကျိုကို တက်လာတာ ငြင်းခုံရန်ဖြစ်ဖို့မှ မဟုတ်ပဲ” ယာမာဂူချီက ပြောပါတယ်။ တိုက်တော့မယ့် မုန်တိုင်းက လမ်းကြောင်းလွဲသွားပါတယ်။ ဒါပေမဲ့ အဲဒီမှာ ကျွန်တော့်အတွက် နေစရာ မရှိ တော့ပါဘူး။ လူတိုင်းရဲ့ မျက်လုံးတွေက ကျွန်တော့်ကို တံခါးဝကို ညွှန်ပြနေပါ တယ်။

မနက် နှစ်နာရီပဲ ရှိပါသေးတယ်။ ကျွန်တော် သွားနေကျ ရော့ခ်ကဖေးက လည်း ပိတ်သွားလောက်ပါပြီ။ ကျွန်တော့် အသုံးစရိတ်ကလည်း မရောက် သေးတာကြောင့် ကျွန်တော့်မှာ လုံးဝ ပိုက်ဆံမရှိပါဘူး။ ဇွန်လထဲမှာပါ။ လေက နွေးပြီး စိုထိုင်းနေပါတယ်။ အီနိုကာရှီရာ ပန်းခြံဟာ မီးခိုးရောင် မြူခိုးတွေ ကြောင့် အုံ့ဆိုင်းလို့ နေပါတယ်။ စိတ်ခံစားမှုအရ ကျွန်တော်ဟာ ချုံးချုံးကျလို့

နေပါတယ်။ စိုထိုင်း၊ သိပ်သည်းတဲ့ လေထုက နံရံကပ်စက္ကူနဲ့ တူနေတဲ့ ကျွန်တော့် အရေပြားကို ထိုးနှက်လို့နေပါတယ်။ ဘယ်နေရာကိုမှ သွားစရာမရှိတာကြောင့် ကျွန်တော်ဟာ သစ်ပင်တွေကြားက လူသူမရှိတဲ့ လမ်းလေးအတိုင်း ရေကန်ဘက်ကို လျှောက်လာခဲ့ပါတယ်။ သစ်ပင်တွေ အောက်က ဟိုနားဒီနား ခပ်ချဲ့ချဲ့ ရှိနေတဲ့ ခုံတွေပေါ်မှာ အတွဲတွေ ရှိလို့နေတယ်။ ကျွန်တော် စမ်းတဝါးဝါး လျှောက်လာရင်းနဲ့ ရေထဲက ရေငှက်တွေရဲ့ အတောင်ပံ ရိုက်သံတွေ၊ အော်သံတွေကို ကျွန်တော် ကြားရတယ်။ ငှက်တွေရဲ့ အစ်တစ်တစ် နှာခေါင်းသံပါတဲ့ အော်သံက ကျွန်တော့်ကို ဗန်မော်ရစ်ဆင် ဘလူးစ်သီချင်းတွေ အော်လိုက်တာကို အမှတ်ရစေပါတယ်။ ကျွန်တော်နဲ့ တခြားသူတွေက ဂီတကို ပထမနေရာမှာ ထားပြီး တီးခတ်ဖို့ ဘာကြောင့် ဆန္ဒပြင်းပြကြတာလဲလို့ တွေးမိတယ်။

ကျူရှူးကျွန်း အနောက်ပိုင်း အစွန်းဘက်မှာရှိတဲ့ ဆိပ်ကမ်း မြို့တစ်မြို့က လူမည်းအများစုပါတဲ့ အမေရိကန် သဘော်သားတွေကို ဖျော်ဖြေရင်း ဘလူးစ် ဂီတဟာ ဂီတအမျိုးအစား အားလုံးရဲ့ မိခင်သတ္တုကြောဆိုတာကို အလွယ်တကူ စဉ်းစားနိုင်ခဲ့တယ်။ ဂျွန်လင်နွန်၊ မစ်ဂျက်ကာ၊ ဘော့ဒီလန်တို့ အားလုံးဟာ ဘလူးစ်ဂီတကနေ ဆင့်ပွားလာခဲ့ကြတာပါ။ ဘလူးစ်ဂီတကို ကမ္ဘာပေါ်က နေရာအနှံ့မှာ တီးခတ်ကြပါတယ်။ ဆိုးလ်ဂီတနဲ့ ရော့ခ်အင်ရိုးလ်ဂီတတို့ရဲ့ အမြစ်တွေ အားလုံးဟာ ဘလူးစ်ဂီတထဲမှာ ပါပါတယ်။

အဲဒီတုန်းက ကျွန်တော်တို့ ဒီလို ယုံကြည်ခဲ့ကြတယ်။ တိုကျိုရောက်တော့ အဲဒီလို ယုံကြည်တာ ပိုခိုင်မာလာခဲ့တယ်။ ဒါပေမဲ့ တကယ်တမ်းမှာကျတော့ ကျွန်တော်တို့ဟာ မြို့ကို ရောက်ကတည်းက ဘလူးစ်တီးတာကို တစ်ခါတောင်မှ နားမထောင်ရသေးပါဘူး။ ရော့ခ်ကဖေးတွေမှာ ဘလူးစ်ဓာတ်ပြား ဖွင့်ခဲ့ပါတယ်။ ရှင်ဂျကူ ပလာဇာရွှေ့က လူတွေဟာ ဘာမှ မဖျော်ဖြေပေမယ့် လုပ်ပြီးဝမ်းနည်းတဲ့ စစ်ဆန့်ကျင်ရေး ကျေးလက်သီချင်းတွေပဲ ဆိုကြပါတယ်။ ကျွန်တော်တို့ ဂီတကို တိုကျိုမြို့မှာ ဘယ်နေရာမှာမှ ရှာလို့ မတွေ့ပါဘူး။ ရှီမာဒါနဲ့ ယာမာဂူချီတို့ရဲ့ အံ့သြဖွယ်ကောင်းတဲ့ ဓာတ်ပြားတွေကို ကျွန်တော်တို့ရဲ့ စုတ်ပြတ်နေတဲ့ တိုက်ခန်းမှာ အသံတိုးတိုးလေးနဲ့ ဖွင့်တာဟာ ကျွန်တော်တို့ရဲ့ ရေတပ်အခြေစိုက်ရှိရာ ဆိပ်ကမ်းမြို့လေးမှာ ဟိုတုန်းက ဝုန်းဒိုင်းကြဲ ဖွင့်ရတဲ့ အရသာနဲ့တော့ မတူပါဘူး။ ကျွန်တော်ကတော့ အဲဒီလိုပဲ ခံစားရတယ်။ ကျန်တဲ့ လေးယောက်ကော အဲဒီလို ခံစားရပါ့မလား မသိဘူး။ ဒစ္စကိုတွေ၊ စင်တင်

ကလပ်တွေနဲ့ ပျော်ပွဲစားရုံတွေမှာ ဖီလစ်ပင်း ကာဗာအဖွဲ့တွေ၊ ဒါမှမဟုတ် ပေါ့ပ်အဆိုတော်အဖွဲ့တွေ၊ ဒါမှမဟုတ် အပေါစား အန်ကာအဆိုတော်တွေ ဆိုတာပဲ ကြားရမှာပါ။ မကြာသေးခင်က ကာတိုက လက်လျှော့ပြီး အိမ်ပြန်ကြဖို့ အဆိုတင်သွင်းသေးတယ်။ ဒါပေမဲ့ နှစ်လတည်းနဲ့ ဘာမှမပြောနိုင်သေးဘူး ဆိုတဲ့ နာကာနိုရဲ့ ချေပချက်ကြောင့် သူ့အဆိုပြုချက် မအောင်မြင်ခဲ့ဘူး။ အများသဘောဆန္ဒက ကျွန်တော်တို့ ဘာမှ မဖြစ်သေးဘဲ အိမ်ကိုပြန်တာဟာ အသုံးမကျရာ ရောက်လိမ့်မယ် ဆိုတာပါပဲ။

ကျွန်တော် ရေကန်ကို ရောက်လို့လာတယ်။ လမ်းအတိုင်း လျှောက်လာရင်း အခြေအနေက ပိုဆိုးတေ့မှာကို ကျွန်တော် တွေးနေမိတယ်။ ကျွန်တော် နေရာပြောင်းရင် ပြောင်း၊ ဒါမှမဟုတ် ဒရမ်ဝယ်ရမယ်။ နှစ်ခုစလုံးက ပိုက်ဆံလိုတာချည်းပါပဲ။ နောက်နေ့မှာတော့ လမ်းမီးရောင်ကြောင့် အပေါ်ထပ်မှာနေတဲ့ ယာကူဇာကို တွေ့လိုက်ချိန်မှာ ကျွန်တော် အလုပ်ရှာဖို့ ဆုံးဖြတ်လိုက်ပါတယ်။ သူဟာ ချုံပုတ်အဝိုင်းကြီးတွေ ဘေးက လမ်းလေးမှာ လမ်းလျှောက်လို့နေပါတယ်။ ကျွန်တော် ကုပ်ချောင်းချောင်းနဲ့ ခေါင်းငုံ့သွားတဲ့ အချိန်မှာ သူက ကျွန်တော့်ကို ရပ်ခိုင်းပြီး “ဟယောင် ခဏနေဦး” လို့ ပြောတယ်။ သူက အလုပ်လုပ်တဲ့ လက်အိတ်ကို စွပ်ထားပြီး အင်္ကျီအနက်ရောင် ပွပွနဲ့ သူ့ရဲ့ ပိန်လှီတဲ့ ခါးမှာ ချိတ်နေတဲ့ အကွက်ကျဲကျဲ ဘောင်းဘီကို ဝတ်လို့ ထားတယ်။ သူ့ဘေးနားက မြေကြီးပေါ်မှာ ဖွင့်ထားတဲ့ ပလတ်စတစ် အမှိုက်အိတ်တစ်အိတ်ကို တွေ့ရတယ်။

“ခဏလောက်”

ကျွန်တော် သူ့ဆီ မဝံ့မရဲ လျှောက်သွားရင်းနဲ့ သူ လှမ်းထိုးရင် ရှောင်ဖို့ ပြင်ဆင်နေတယ်။ တစ်ချက်တည်းနဲ့ မပြီးရင်တော့ ကျွန်တော် ပြန်ခုခံတာ ပို ကောင်းလိမ့်မယ်လို့ ဆုံးဖြတ်မိတယ်။

“ငါ့ကို သိတယ် မဟုတ်လား၊ မင်းတို့ အပေါ်ထပ်မှာ နေတယ်လေ”

လို့ သူက ပြောတယ်။ ကျွန်တော် ခေါင်းညိတ်လိုက်တယ်။

“မင်းနာမည် ဘယ်လိုခေါ်လဲ”

သူ့ပုံစံက အသက်သုံးဆယ် မပြည့်သေးဘူး။ မျက်ပေါက်ကျဉ်းကျဉ်း၊ မျက်လုံးစောင်းစောင်း၊ ပါးချိုင့်ချိုင့်၊ နှာခေါင်းပြားပြား၊ ပါးစပ်ပေါက်ကျဉ်းကျဉ်းနဲ့ သူ့ရဲ့ ချွေးစိုနေတဲ့ ခေါက်ဓားကို တော်တော် ကျွမ်းမယ့်ပုံပါပဲ။ ကျွန်တော် သူ့ကို နာမည်ပြောလိုက်တယ်။

“အေး... ငါ့နာမည်က တာဆုမိ၊ မင်း ငါ့ ကူပေးပါလား၊ ငါတို့ လုပ်စရာရှိတယ်”

သူက ချုံပုတ်ကို ညွှန်ပြတယ်။ ခြောက်လပန်းပင်တွေ။ “ငါ မင်းကို သုံးရာ၊ မဟုတ်သေးဘူး၊ ငါးရာ ပေးမယ်”

ဘာလုပ်ရမှာလဲလို့ ကျွန်တော် သူ့ကို မေးလိုက်တယ်။ ဒီအရွက်တွေ ခူးပေးဖို့လို့ သူက ပြောတယ်။

“အရွက်အသစ်တွေက အကောင်းဆုံးပဲ၊ ခူးပြီးတော့ ပလတ်စတစ်အိတ်ထဲ ထည့်လိုက်”

ကျွန်တော် သူပြောတဲ့အတိုင်း လုပ်လိုက်တယ်။ ဒီခြောက်လပန်း အရွက်တွေကို ဘာတွေ လုပ်မလဲလို့ ကျွန်တော် တွေးကြည့်မိတယ်။

“ငါ ဒါတွေကို အခြောက်ခံပြီး ရောင်းတယ်” လို့ သူက ဂုဏ်ယူစွာ ပြောပါတယ်။ “အခြောက်ခံပြီး ခြေလိုက်တယ်။ ပြီးရင် လိပ်လိုက်တယ်။ အနံ့က ဆေးခြောက်အတိုင်းပဲ။ ဆေးခြောက် ဘာလဲ ဆိုတာ မင်းလို ဇိုးတစ်ကောင်က သိမှာပါ မဟုတ်ဘူးလား”

တကယ့် ယာကူဇာ အစစ်တစ်ယောက်က ကျွန်တော့်ကို ဇိုးလို့ပြောတာ ရယ်စရာပါပဲ။ ကျွန်တော်တို့ ဆိပ်ကမ်းမြို့မှာ ကျွန်တော် ဆေးခြောက် ခဏခဏ ချဖူးပါတယ်။ အမေရိကန် သင်္ဘောသားတွေက ဘားတွေမှာ ပုံမှန် စီးကရက်တွေလို လိပ်သောက်ကြတယ်။ ကျွန်တော်က သူတို့ကို ရောင်းတယ်။ အဲဒါက တရားမဝင် ဆိုတာကို ကျွန်တော် စိတ်ထဲမထားဘူး။ နာကာနိုနဲ့ ကျန်တဲ့လူတွေက တိုကျိုမှာ ဆေးခြောက်မရဘူး ဆိုပြီး ညည်းကြတယ်။ ပုံမှန် အားဖြင့်တော့ ဘယ်မှာ ရှာရမလဲဆိုတာ သိရင် ရပါတယ်။ ဒါပေမဲ့ ဒီမှာက ကိုယ့်မြို့မှာလို ကိုယ်သိတဲ့ နေရာတွေမှ မရှိတာ။

“ကျွန်တော် ဒါကို လိုရာ ဆွဲတွေးမိတာပဲ၊ ကောင်းတာက ဒါဟာ ဥပဒေ ကို ချိုးဖောက်ရာ မရောက်တာပဲ၊ ပြီးတော့ ဒါဟာ ခြောက်လပန်းရွက်တွေ ဆို တာ ဘယ်သူမှ မသိဘူး၊ နောက်ဆုံး သူတို့ သိသွားရင်တောင်မှ ရဲတိုင်ပြီး အမှု ဖွင့်လို့ ရတဲ့ အရာမျိုးမှ မဟုတ်တာ၊ မဟုတ်ဘူးလား”

အီနိုကာရှိရာ ပန်းခြံထဲမှာ ညဘက်ကြီး ခြောက်လပန်း အရွက်တွေ ခူးနေ ရတာဟာ ကျွန်တော်တို့မြို့မှာ ဆိုရင် တကယ့်ဆေးခြောက် သောက်တာထက် ကို ပိုပြီးတော့ ဥပဒေချိုးဖောက်ရာ ရောက်ပါတယ်။ ဒီအလုပ်က ကျွန်တော် ထင်တာထက် ပိုပြီးတော့ ခက်ခဲပါတယ်။ ကျွန်တော် လုပ်ရတာက အရွက်သစ်၊ နူးညံ့တဲ့ အရွက်တွေကို ခူး၊ ပြီးရင် အိတ်ထဲ ထည့်လိုက်ရတာပါပဲ။ ဒါပေမဲ့ အရွက်တွေကို ခြေရတာက ခါးနာပါတယ်။ ပြီးတော့ ညက နွေးထွေး၊ စိုစွတ်နေ တာကြောင့် မကြာခင်မှာပဲ ကျွန်တော်ဟာ ချွေးတွေ ကျလို့လာပါတယ်။ စက်ဘီးတစ်စီး ကျွန်တော်တို့နားကို ကပ်လာတဲ့ အသံကို ကြားတော့ ပထမဆုံး အိတ်ပြည့်ခါနီးနေပါပြီ။ တာဆုမိက ချုံနောက်ကို ခုန်ပုန်းလိုက်တာကြောင့် ကျွန်တော်လည်း သူ့လို လိုက်လုပ်လိုက်ပါတယ်။ ရဲမဟုတ်ဘဲ နွားနို့ပို့ကောင် လေး ဖြစ်နေတာကြောင့် ကျွန်တော်တို့ ကိုယ့်အလုပ်ကိုယ် ပြန်လုပ်ပါတယ်။ ကျွန်တော်တို့ ဘာမှ မကောင်းတာ လုပ်နေတာမှ မဟုတ်တာပဲလို့ ကျွန်တော် ပြောလိုက်တယ်။ အတိတ်က ခါးသီးတဲ့ အမှတ်ရစရာရဲ့ ခြောက်လှန့်မှုကို ခံနေ ရတဲ့ တာဆုမိက မျက်မှောင်ကြုတ်ပြီး ရေရွတ်လိုက်ပါတယ်။

“ရဲတွေက မင်းကို ဘယ်တော့မှ သံသယအကျိုး ခံစားခွင့် မပေးဘူး”

ကျွန်တော်တို့ ခြောက်လပန်းရွက်တွေ အိတ်နှစ်အိတ် ပြည့်သွားချိန်မှာ အရှေ့ဆီမှာ ရောင်နီယွန်းလာခဲ့ပါပြီ။ ကျွန်တော်တို့တိုက်ဆီ ပြန်လာတဲ့ လမ်း မှာ သူနဲ့ ကျွန်တော် သူ့အကြောင်း၊ ကိုယ့်အကြောင်း ပြောဖြစ်ပါတယ်။ ကျွန်တော်က ကျူရှူးကျွန်းက ထွက်လာခါစ၊ တိုကျိုရောက်တာ နှစ်လပဲ ရှိ သေးတဲ့အကြောင်း၊ ကျွန်တော့် သူငယ်ချင်းတွေက ဘလူးစ်ဂီတအဖွဲ့ တည်ထောင်ဖို့ ကြိုးစားနေတဲ့အကြောင်း၊ ကျွန်တော်က အလုပ်ရှာဖို့ စဉ်းစား နေတဲ့ အကြောင်းတွေ ပြောလိုက်တယ်။ အံ့သြဖို့ကောင်းတာက တာဆုမိဟာ ကျွန်တော့်ထက် သုံးနှစ်ပဲ ကြီးနေတာပါပဲ။ သူက သူ့ဂိုဏ်းရဲ့ ဆက်သွယ်တာကို ခံခဲ့ရကြောင်း၊ သူတို့ဂိုဏ်းရဲ့ ရုံးခန်းက ရှင်ဂျူကူမှာ ရှိတဲ့အကြောင်း၊ သူ အလယ်တန်းကတည်းက ပါဝင်ခဲ့တဲ့အကြောင်း၊ ဒီနေ့ခေတ်မှာ ယာကူဇာတစ်

ယောက် ဖြစ်ဖို့ ပညာရေးကောင်းကောင်း လိုအပ်တဲ့ အကြောင်း၊ သူဟာ သူ့အ
မေနဲ့ အသက်ရွယ်တူဖြစ်တဲ့ ဘားမယ်တစ်ယောက်နဲ့ အတူနေပြီး သူ့ရဲ့ အစ်မ
ရင်းသဖွယ် နီးချန်လို့ ခေါ်တဲ့အကြောင်းတွေ ပြောပြပါတယ်။

※※※

“မင်းရဲ့ ဘော်ဒါတွေအားလုံးက မင်းကို ဝေဖန်ဆဲဆိုထားတာ ဆိုတော့ မင်း
မျက်နှာပြဖို့ မလွယ်ဘူး၊ ဒီနေ့ နီးချန် မရှိဘူး၊ မင်း ဒီမှာ ခဏလောက် အိပ်ချင်
အိပ်လေ”

တာဆုမိရဲ့ အခန်းပုံစံက ကျွန်တော်တို့ အခန်းပုံစံအတိုင်းပါပဲ။ ဒါပေမဲ့
အခန်းကျဉ်းလေး နှစ်ခန်းထဲမှာ ဧရာမနှစ်ယောက်အိပ် မွေ့ရာ၊ အလှကုန်ပစ္စည်း
တွေ၊ ရေမွှေးတွေနဲ့ ပြည့်လို့နေတယ်။

ကျွန်တော် နေ့လယ်ဘက် ကြမ်းပြင်ထက်က အိပ်ရာကနေ နိုးလာပြီး
ခဏနေပြီးတော့ ခြောက်လပန်းရွက်တွေ လိပ်တာကို ကူညီပေးပါတယ်။

တာဆုမိက အရွက်တွေကို နေရောင် မလှန်းသေးပါဘူး။ “ငါ ဒီအရွက်
တွေကို ခေါင်မိုးပေါ်မှာ နေလှန်းလို့ရမယ် ထင်နေလား” လို့ သူက ပြောပြီး ပြုံး
ပါတယ်။ သူ့အပြုံးက ထူးဆန်းတယ်။ ကျွန်တော် အရင်က တစ်ခါမှ မမြင်ဖူးတဲ့
အပြုံးမျိုး။ ရှက်လို့၊ ဒါမှမဟုတ် အူကြောင်ကြောင်ဖြစ်လို့ ပြုံးတဲ့ အပြုံးမျိုး
မဟုတ်ဘူး။ ဒါပေမဲ့ စိတ်လိုလက်ရ အပြုံးမျိုးလည်း မဟုတ်ပြန်ဘူး။ သူဟာ
ပြုံးဖို့အတွက် မျက်နှာပေါ်က ကြွက်သားတွေကို အသုံးမပြုဘဲ၊ ဘာလုပ်ရင်
ကောင်းမလဲလို့ စဉ်းစားနေတဲ့ အပြုံးမျိုးပဲ။ သူက သစ်ရွက်တွေကို ဓာတ်ငွေ့
မီးတောက် ပူပူနဲ့ ဒယ်အိုးပြားထဲ ထည့်လှော်ပါတယ်။ “အစိုဓာတ်တွေ အားလုံး
ကိုတော့ ထုတ်ပစ်ရတယ်” လို့ သူက ပြောတယ်။ “နေခြောက်ကလည်း မလှန်း
ချင်ဘူး ဆိုရင်တော့၊ ဒီမှာ အတွေ့အကြုံ ယူလိုက်” သစ်ရွက်တွေကို ဒယ်အိုးထဲ
က ပြန်မယူခင် ပိုင်အိုတံဆိပ် ခံတွင်းနုံ့ မွှေးဆေး နှစ်စက်၊ သုံးစက်လောက် ချ
လိုက်ပါတယ်။ “ဒါက လျှို့ဝှက်ချက်ပဲ၊ နမ်းဖို့အတွက် ပူဒီနာ ဆိုတာလေး ထည့်
လိုက်ရင် မင်းရဲ့ဟာ အကောင်းဆုံး သွင်းကုန် ဖြစ်သွားပြီ” လို့ သူက ပြောပြီး
ရယ်ပါတယ်။ ကျွန်တော်က လှော်ထားတဲ့ အရွက်တွေကို ခွေပြီး လိပ်တဲ့နေရာ
မှာ တာဝန်ခံ ဖြစ်နေပါတယ်။ တာဆုမိက သဘောကျလို့ နေတယ်။

“မင်း ကောင်းကောင်း လုပ်တတ်တာပဲ” လို့ သူက ပြောတယ်။

အဲဒီညမှာ ကျွန်တော် သူနဲ့အတူ ရှင်ဂျုကူမှာ ထုတ်ကုန် သွားရောင်းပါတယ်။ ကဇာတ်ရုံနဲ့ ပန်းခြံကြားက နောက်ဖေးလမ်းကို သူ ရွေးလိုက်ပါတယ်။ သူ့ရဲ့ ပစ္စည်းတွေကို မူးနေတဲ့ ကောင်တွေဆီ အဓိက ရောင်းပါတယ်။ သူတို့တွေက ပုံမှန်အားဖြင့်တော့ သူ့ကို လက်ယမ်းပြီး ငြင်းကြပါတယ်။ ဒါပေမဲ့ သူ အက်ိုပြတ်နဲ့ ချဉ်းကပ်လာတာ သတိထားမိတဲ့ စုံတွဲတစ်တွဲက ဖနောင့်နဲ့တင်ပါး တစ်သားတည်း ကျအောင် အသက်လု ပြေးပါတယ်။ ရှဲ့ကြိုးနဲ့ ပိတ်တဲ့ အိတ်လုံး အရှည်ထဲမှာ အလိပ်တစ်ထောင်လောက် ကျွန်တော်တို့မှာ ပါလာပါတယ်။ ဆယ်လိပ်တစ်စည်း အဖြစ် စက္ကူအကြည်နဲ့ ထုပ်ထားပါတယ်။ ဒါပေမဲ့ ကျွန်တော်တို့က တစ်ယောက်ချင်းစီကို တစ်တိုင်ကို ယန်းတစ်ထောင်နဲ့ ရောင်းချင်တာပါ။

“အမြဲတမ်း ရောင်းရခက်လား” လို့ ကျွန်တော် မေးလိုက်တယ်။

“အမှန်အတိုင်း ပြောရရင်တော့” လို့ သူက ပြောတယ်။ “အရင်က ဒါတွေ အကုန်လုံးကို တစ်ယောက်တည်း တစ်ခါမှ မရောင်းဖူးဘူး။ နှစ်ကြိမ်လောက်နဲ့ ငါးတိုင်၊ ခြောက်တိုင်လောက် ရောင်းတယ်။ ကျန်တာတွေကို မင်းလို ဆံပင် အရှည်နဲ့ ငကြောင်တွေဆီ ရောင်းလိုက်တယ်။ မင်းလို ငကြောင်တွေ ဘယ်မှာ ရှိတတ်လဲ” ကျွန်တော် အမြဲတမ်း သွားနေကျ အိမ်နားက ရော့ခ်ကဖေးတစ်ခု ရှိပါတယ်။ ဒါပေမဲ့ အဲဒီဆိုင်အကြောင်း ပြောသင့်၊ မပြောသင့် ကျွန်တော် မသိသေးပါဘူး။ အဲဒီက လူတွေက တစ်တိုင်ကို ယန်းတစ်ထောင်ဆို ပျော်ပျော်ကြီး ပေးဝယ်ကြမှာပါ။ ဒါပေမဲ့ သူတို့တွေက ကျွမ်းကျင်သူတွေပါ။ အတုမှန်းသိတာနဲ့ ကျွန်တော် အဲဒီနေရာကို ဘယ်တော့မှ သွားလို့ရတော့မှာ မဟုတ်ပါဘူး။ ပြီးတော့ တစ်ကြိမ်ထက် ပိုပြီးတော့ ဘယ်သူမှ ဝယ်မှာ မဟုတ်ပါဘူး။ ဆိုတော့ အကောင်းဆုံးနည်းက တစ်ကြိမ်တည်း နဲ့ အများကြီး ရောင်းလိုက်တာပဲ ရှိတယ်။ ရောင်းရသမျှရဲ့ နှစ်ဆယ်ရာခိုင်နှုန်းကို ကျွန်တော်ရမှာပါ။ ဒါပေမဲ့ အဲဒီလောက်နဲ့ ကျွန်တော် မပျော်နိုင်ပါဘူး။ လေးဆယ်ရာခိုင်နှုန်း ကျွန်တော် တောင်းလိုက်တယ်။ လေးဆယ်ရာခိုင်နှုန်း ရမယ်ဆိုရင် ကျွန်တော် သူ့ကို ဟစ်ပီတွေ အများကြီးရှိတဲ့ နေရာတစ်ခုကို ခေါ်သွားပြီး မိတ်ဆက်ပေးမှာပါ။ နောက်ဆုံးတော့ ကျွန်တော်တို့ သုံးဆယ့်ငါးရာခိုင်နှုန်းနဲ့ ဈေးတည့်သွားတယ်။ ဒါပေမဲ့ အခုလောလောဆယ် ကျွန်တော်တို့ တကယ့်အစစ် နှစ်တိုင်၊ သုံးတိုင်လောက် လိုပါတယ်။

“ဘာအတွက်လဲ” လို့ တာဆုမိက မေးပါတယ်။

အနည်းဆုံး အတိုင်လေးရာ ရောင်းချင်တယ်လို့ ကျွန်တော် သူ့ကို ပြော လိုက်တယ်။

“ကျွန်တော်တို့ အရေအတွက် နည်းနည်းပဲ ရောင်းရင် သူတို့တွေ ကောင်း မှာ မဟုတ်ဘူး။ အဲဒါဆို သူတို့ လူတိုင်းကို ပြောလိမ့်မယ်။ ဈေးကွက်တစ်ခုလုံး ကို ပြောလိမ့်မယ်။ ကျွန်တော်တို့က လက်လီသမားတွေကို ရောင်းချင်တာ၊ အဲ ဒါကြောင့် နမူနာ လိုတယ်”

ဥဏှ်ကောင်းတဲ့ ကောင်လေးပဲ လို့ တာဆုမိက ပြောရင်း ကျွန်တော့် ပါး ကို ပွတ်တယ်။ ယိုကိုတာ စစ်အခြေစိုက်စခန်းက အမေရိကန်စစ်သားတွေ၊ ဂရို၊ တူရကီက သဘော်သားတွေ လာလေ့ရှိတဲ့ ညစ်ပတ်စုတ်ပြတ်တဲ့ ဒစ္စကို သေး သေးလေး တစ်ခုကို ကျွန်တော်တို့နှစ်ယောက် သွားပြီး တကယ့်အစစ်သုံးတိုင် ဝယ်လိုက်ပါတယ်။ ပြီးတော့ ကျွန်တော့်ရဲ့ ရော့ခ်ကဖေးကို သွားပြီး ပြန်ရောင်း မယ့် လူတွေ အလာကို စောင့်နေလိုက်ပါတယ်။ အထဲမှာ နားကွဲလောက်မယ့် အသံနှုန်းနဲ့ ပင့်ဖလွိုဒ် ဓာတ်ပြားကို ဖွင့်ထားပါတယ်။

“ငါ မခံနိုင်ဘူး” လို့ တာဆုမိက ကျွန်တော့် နားရွက်နား ကပ်အော်ပါ တယ်။ “ဒီနေရာကြီးက လီးပဲကွာ”

ညကိုးနာရီဆိုတာ ပြန်ရောင်းမယ့်ကောင်တွေ လာဖို့အတွက် အရမ်း စော သေးတာတော့ အမှန်ပါပဲ။ အဲဒါကြောင့် ကျွန်တော်တို့ ရုပ်ရှင်သွားကြည့်ဖို့ ဆုံးဖြတ်လိုက်တယ်။ လမ်းထဲက တစ်ညလုံးပြတဲ့ ရုပ်ရှင်ရုံမှာ နောက်ဆုံးပုံရိပ် ပြပွဲ ရုပ်ရှင် ပြလို့နေပါတယ်။ ပထမတော့ နိုင်ငံခြားသားတွေ ရှိတဲ့ ရုံထဲမှာ ရုပ်ရှင်မကြည့်ချင်ဘူး ဆိုပြီး တွန့်ဆုတ်တွန့်ဆုတ် လုပ်ပါသေးတယ်။ ဒါပေမဲ့ ရုပ်ရှင် တစ်ဝက်လောက် အရောက်မှာ သူဟာ မငိုမိအောင် မနည်း ထိန်းနေရပါ တော့တယ်။

“ဒီလို ရုပ်ရှင်မျိုး အရင်က တစ်ခါမှ မကြည့်ဖူးဘူး” လို့ ကျွန်တော်တို့ ရော့ခ်ကဖေးကို ပြန်မသွားခင် ညစာစားရင်း ဘီယာနှစ်ဘူးလောက် သောက်နေ ချိန်မှာ သူက ပြောပါတယ်။

“မင်း ဒီလို ရုပ်ရှင်တွေ အမြဲကြည့်တာလား”

အမြဲတော့ မဟုတ်ပါဘူးလို့ ကျွန်တော် ပြောလိုက်တယ်။

“အဲဒါဆို မင်း ဒီရုပ်ရှင်ကို ဘယ်လိုထင်လဲ”

အမေရိကမှာတောင်မှ အထီးကျန်နေတဲ့ လူတွေ ရှိတယ် ဆိုတာကို နားလည်စေတယ်လို့ ကျွန်တော် ပြောလိုက်ပါတယ်။

“အဲဒါက ဘာကို ပြောတာလဲ”

ကျွန်တော့် နယ်မြို့က သဘော်သားတွေ အားလုံးဟာ ဆောင့်ကြွားကြွား နိုင်ကြတယ်၊ တကယ့် ကြီးမြတ်တဲ့ ယောကျ်ားတွေက အမြဲပြုံးနေ၊ အမြဲ ပျော်စရာ ရှိနေတယ်၊ အဲဒါကြောင့် အမေရိကန် အကုန်လုံးဟာ ချမ်းသာပြီး ပျော်ရွှင်ကြတယ် လို့ ကျွန်တော် ထင်ခဲ့တဲ့အကြောင်း ပြောပြလိုက်တယ်။

“မင်း ဘာစောက်စကားတွေ ပြောနေလဲ ဆိုတာကို ငါ နားမလည်ဘူး” လို့ တာဆုမိက ပြောတယ်။ သူက ခေါင်းငုံ့ပြီး ထိုင်လို့နေတယ်။ “အဲဒီလိုလူစားတွေက ဟိုဘက်မှာ၊ အသက်ကြီးကြီး မိန်းမတွေနောက် လိုက်တတ်တဲ့ လူစားတွေ”

သူ ခဏလောက် ဘာစကားမှ မပြောနိုင်ဘဲ ဘီယာသောက်ရင်း တနှုံ့နှုံ့ စဉ်းစားလို့နေတယ်။

တာဆုမိက အသောက်သမား မဟုတ်ပါဘူး။ ဘီယာ သုံးဘူးလောက် သောက်ပြီးချိန်မှာ သူ့ခြေထောက်တွေက ဒယိမ်းဒယိုင် ဖြစ်လာခဲ့ပါတယ်။

ကျွန်တော်တို့ ရောခ်ကဖေးကို ပြန်သွားကြတယ်။ သည်ဒိုးရဲ့ သီချင်းသံတွေက နံရံတွေကို တုန်ခါနေစေတယ်။ ကျွန်တော် သူ့ကို ယိုကိုဆူကာက လက်လီသမားတစ်စုနဲ့ မိတ်ဆက်ပေးလိုက်တယ်။ သူဟာ အိုကီနာဝါက အခုမှ ရောက်လာတဲ့ ယာကူဇာတစ်ယောက်လို့ ပြောပြီးတော့ပေါ့။ သူတို့ အချင်းချင်း စကားပြောပြီး အတိုင် သုံးရာလောက် ရောင်းလိုက်ရတယ်။

※※※

“နီချန်၊ ယာဇာကီနဲ့ တွေ့လိုက်ပါဦး၊ ဆံပင်ရှည်တာကို စိတ်ထဲမထားပါနဲ့၊ ဒီကောင်လေးက ဦးနှောက်ကောင်းတယ်”

ကျွန်တော်တို့ တက္ကစီနဲ့ အိမ်ပြန်လာခဲ့တယ်။ ကျွန်တော့် တိုက်ခန်းမှာ မီးတွေ ပိတ်နေတယ်။ ဒါပေမဲ့ တာဆုမိရဲ့ အခန်းထဲမှာ နီချန်လို့ သူခေါ်တဲ့ မိန်းမကြီးကတော့ ကြိုးတစ်လုံးအကိုင်အပါးနဲ့ ထိုင်ပြီး အသင့်စား ရာမန်ခေါက်ဆွဲ စားလို့နေပါတယ်။ သူ့အမေ၊ ဒါမှမဟုတ် ကျွန်တော့်အမေ အရွယ်လောက် အသာလေး ရှိပါတယ်။ သူမဟာ ဘရာမဝတ်ထားဘူး။ ချိုင်းမွေး မရိတ်တာလည်း နည်းနည်း ကြာနေပြီ။ သူမ ဘာမှ မပြောဘူး။ ကျွန်တော် ရှိနေတာကိုတောင် အသိအမှတ် မပြုဘူး။ ဒါပေမဲ့ မိတ်ကပ်အထူကြီး လိမ်းပြီး ခေါက်ဆွဲကို တည်တည်ငြိမ်ငြိမ် တရှုပ်ရှုပ် စား၊ လက်တစ်ဖက်မှာ မီးညှိထားတဲ့ စီးကရက်နဲ့ မိန်းမကြီးကို ကြည့်နေရင်း၊ နောက်ဆုံးပုံရိပ်ပြပွဲ ရုပ်ရှင် ကြည့်နေရင်း တာဆုမိ ဘာ့ကြောင့် မျက်ရည်တွေ လျှံလာသလဲ ဆိုတာကို ကျွန်တော် နားလည်လိုက်သလို ခံစားလိုက်ရပါတယ်။ ရုပ်ရှင်ထဲမှာ အမေရိကန် အလယ်ပိုင်း အနောက်ဘက်၊ ဒါမှမဟုတ် တစ်နေရာရာမှာ နေတဲ့ တီမိုသီဘော်တမ်ဟာလိင်ပါတနာအနေနဲ့ သူ့ထက် အသက်နှစ်ဆကြီးတဲ့ အထီးကျန်နေတဲ့ မိန်းမတစ်ယောက်ကို လက်ထပ်ခဲ့ပါတယ်။ နောက်ဆုံးခန်းမှာ သူဟာ မြို့ကနေ ခွာပြီး သူ့ရဲ့ ပစ်ကပ်ကားကို မောင်းထွက်မလို လုပ်ပြီးမှ ဂငယ်ကွေ့ကွေ့ပြီး အမျိုးသမီးဆီ ပြန်လာခဲ့ပါတယ်။ ပင်ပန်းပြီး အထီးကျန်နေတဲ့ မိန်းမကြီးဟာ အမေရိကန်ရဲ့ သင်္ကေတ တစ်ခုပါပဲ။ အမေရိကန်ဟာ တစ်ချိန်က သူမှာ ရှိခဲ့တဲ့ တစ်စုံတစ်ရာကို ဆုံးရှုံးခဲ့ရပါတယ်။

“ကျွန်တော်နဲ့ သူနဲ့ ပိုက်ဆံ ဘယ်လောက် ရှာလာခဲ့သလဲ ဆိုတာ ကြည့်”

တာဆုမိဟာ သူ့ရဲ့ အရောင်တောက်တောက် ဘောင်းဘီအိတ်ထဲက ယန်းတစ်သောင်းတန် အထပ်လိုက်ကို ဆွဲထုတ်လိုက်ပြီး သူမ ရှေ့မှာ ချလိုက်ပါတယ်။ သူမဟာ ရာမန်ခေါက်ဆွဲ ပန်းကန်လုံးကို ဘေးချပြီး ပိုက်ဆံတွေကို ရေတွက်ပါတယ်။ ခေါက်ဆွဲစားနေတုန်းကလိုပဲ သူမ မျက်နှာမှာ ဘာခံစားမှုမှ မရှိပါဘူး။

“မင်း ဘယ်တွေ သွားနေတာလဲ” လို့ နာကာနိုကာ ကျွန်တော် အခန်းထဲဝင်တော့ မေးပါတယ်။

“အားလုံးက မင်း ကို စိတ်ပူနေတာ”

အိပ်ရာက နိုးနေတာ သူတစ်ယောက်တည်းပဲ ရှိပါသေးတယ်။ သူဟာ မီးဖိုးချောင်ထဲမှာ အောက်ခံဘောင်းဘီ၊ ရှပ်အင်္ကျီနဲ့ ဈေးအပေါဆုံး ဆန်တိုရီ ဝိစကီကို သောက်လို့ နေပါတယ်။

“ငါတို့ ဒီနေ့ အကုန်လုံး ဆွေးနွေးဖြစ်တယ်” လို့ သူက ပြောတယ်။

“ကာတိုရဲ့ အမေက နေမကောင်း ဖြစ်ပြန်ပြီ၊ သူ အိမ်ပြန်ချင်တယ်၊ လက်တွေ့ကျကျ ရင်ဆိုင်ကြစို့၊ ငါတို့တွေဟာ အခုလိုနေရင်းနဲ့ တီးဝိုင်း ဘယ်လိုမှ မထောင်နိုင်ပါဘူး၊ ရှီမာဒါက သူနဲ့ သိတဲ့အဖွဲ့တွေမှာ နယ်လှည့်ဖျော်ဖြေရေးတွေမှာ တူရိယာတွေ တပ်ဆင်ပေးတဲ့ ရုဒ်ဒီ အလုပ် လုပ်တော့မယ်၊ ယာမာဂူချီက ဂျက်ဇ်ဂီတကျောင်း တက်ချင်တယ်၊ ငါကတော့ ဘာလုပ်ရမယ်မှန်း ခုထိ မဆုံးဖြတ်ရသေးဘူး၊ ငါ ပင်ပန်းလှပြီ၊ နှစ်လလောက်နဲ့ လက်လျှော့ရတာ ဇ မရှိရာ ကျပေမယ့် ဒါဟာ ဘဝပဲလေ၊ ဒီလို တစ်နှစ်ဆက်နေလည်း ငါတို့ ဘာမှ ဖြစ်မှာမဟုတ်ဘူး၊ ဘာပဲပြောပြော အခုကနေ နောက်သုံးပတ်မြောက် တနင်္ဂနွေနေ့ ကျရင် ပန်းခြံထဲက ဖျော်ဖြေပွဲလေးမှာ ငါတို့ ပွဲလေးတစ်ပွဲ လုပ်မယ်၊ ဘယ်လို သဘောရလဲ၊ ရှီမာဒါက သူ ဒရမ်ဌားပေးလို့ ရတယ်တဲ့၊ မင်း ပါမယ် မဟုတ်လား၊ အဲဒါ ငါတို့ အတူတူ တီးတာ နောက်ဆုံးအကြိမ် ဖြစ်သွားနိုင်တယ်၊ အီနိုရှီရာပန်းခြံမှာ ပွဲတွေလုပ်တဲ့ လေဟာပြင် စတိတ်စင်လေး တစ်ခု ရှိတယ်၊ စနေ၊ တနင်္ဂနွေ နေ့လယ်တွေမှာ အများစု ဖော့ခ်အဖွဲ့တွေ လာတီးကြတယ်၊ ပွဲစီစဉ်တဲ့ လူနဲ့တွေ့ပြီး ငါတို့ တင်ဆက်လို့ ရမလားလို့ မေးခဲ့တယ်၊ သူက ရတယ်တဲ့၊ အဲဒီလိုနဲ့ ပွဲဖြစ်တာပဲ”

“မပါတော့ဘူး၊ ကျေးဇူးတင်တယ်” လို့ ကျွန်တော် ပြောလိုက်တယ်။

“ငါ ပိုက်ဆံရပြီ၊ မနက်ဖြန်ဆိုရင် ငါအခန်း လိုက်ရှာမယ်၊ ဒါပေမဲ့ မင်းတို့ တီးတာတော့ သေချာလာကြည့်မယ်”

ကျွန်တော် အခန်းတစ်ခန်း အလွယ်တကူ ရှာတွေ့ခဲ့ပါတယ်။ သိပ်လည်း မဝေးပါဘူး။ ကျွန်တော့် ပစ္စည်းနည်းနည်းကို တက္ကစီနဲ့ ရွှေလို့ရပါတယ်။ အခန်းက ကျဉ်းကျဉ်းလေးပါ။ ဖျာလေးချပ်ခွဲ ခင်းစရာလောက်ပဲ ရှိပါတယ်။ ကျွန်တော် လက်ကျန်ငွေနဲ့ ကက်ဆက်တစ်လုံး ဝယ်လို့ရပါတယ်။ ကျွန်တော့် နေပုံထိုင်ပုံက အများကြီး မပြောင်းသွားပါဘူး။ စာအုပ်အဟောင်းဆိုင်တွေမှာ ဝတ္ထုအဟောင်းတွေ၊ ကဗျာစာအုပ်တွေ ကျွန်တော် ဝယ်ပြီး ဂျက်ဇ်ကဖေးတွေ

မှာ ဖတ်နေဆဲပါပဲ။ ကျွန်တော် ပိုက်ဆံပြတ်ရင် ခြောက်လပန်းချုံတစ်ချုံ လိုက် ရှာပြီး ဆေးခြောက်တု လုပ်ရောင်းပါတယ်။ ကျွန်တော့် ပစ္စည်းတွေကို အကာ ဆာကာ၊ ဒါမှမဟုတ် ရော့ပ်ပွန်ဂျီမှာ ရောင်းပါတယ်။ ကျွန်တော် ရှင်ဂျူကူကို တော့ ရှောင်ပါတယ်။ တစ်ကြိမ်မှာတော့ ယိုကိုဆူကာက လက်လီအရောင်း သမားတွေနဲ့ ကျွန်တော် ဒစ္စကို တစ်ခုမှာ ဆုံပါတယ်။ အတုတွေမှန်း သူတို့ လုံး ဝ မရိပ်မိတာ အသေအချာပါပဲ။ ပစ္စည်း သိပ်မကောင်းဘူးလို့ပဲ သူတို့က ပြော ကြပါတယ်။

အဲဒီ တနင်္ဂနွေနေ့မှာတော့ ပန်းခြံထဲက လေဟာပြင်စင်လေးမှာ ဖော့ခ် အဆိုတော်တွေ၊ မခံမရပ်နိုင်လောက်အောင် စိတ်ပျက်စရာကောင်းတဲ့ သီချင်း တွေ တစ်ပုဒ်ပြီးတစ်ပုဒ် ဆိုတဲ့ သုံးယောက်တွဲ အဖွဲ့တွေ သောင်းကျန်းနေကြပါ တယ်။ လူသုံးဆယ်လောက်က ထိုင်ပြီး နားထောင်နေကြတယ်။ လက်ခုပ်သံ ချောက်တီးချောက်ချက်ကနေ မရှိတော့လောက်အောင်ပါပဲ။ နာကာနိုနဲ့ ကျန် တဲ့သူတွေ နားကြပ်တွေ တပ်ပြီး စတီးတော့ ခိုတွေကို ပေါင်မုန့်ကျွေးနေတဲ့ အသက်ကြီးကြီး လူတစ်ယောက် ထထွက်သွားပါတယ်။ ဂျွန်မေအောရဲ့ သီချင်း နှစ်ပုဒ်ပဲ တီးပြီးတဲ့အချိန်မှာ ဒရမ်မပါတဲ့ လေးယောက်အဖွဲ့ဟာ ထာဝရ အနားယူသွားခဲ့ပါတယ်။ သူတို့ လေးယောက်စလုံး သူတို့ကိုယ်သူတို့ ပျော်ရွှင် နေပုံပါပဲ။ သူတို့ အကျဉ်းချုံး ဖျော်ဖြေပြီးတဲ့နောက် သူတို့တွေဟာ စတိတ်စင်ရဲ့ ဘေးတစ်ဖက်မှာ အအေးသောက်ပြီး သူတို့နောက်မှ တက်လာတဲ့ ဖော့ခ်အဖွဲ့ တွေကို ရယ်လို့ နေကြပါတယ်။

နာကာနိုက ကျွန်တော့်ကို တွေ့သွားပြီး လက်ယပ် လှမ်းခေါ်ပါတယ်။ ဒါပေမဲ့ ကျွန်တော် လက်ယမ်းလိုက်ပြီး ခေါင်းခါလိုက်ပါတယ်။ ကျွန်တော် ရေကန်ဘက်ကို လမ်းလျှောက်ချင်ပါတယ်။ နောက်ထပ် မိနစ်အနည်းငယ်ကြာ တော့ တာဆုမိနဲ့ ကျွန်တော်တို့ အရွက်ခူးခဲ့တဲ့ ခြောက်လပန်းချုံတွေနားက ခုံ တစ်ခုံမှာ ကျွန်တော် ထိုင်နေခဲ့ပါတယ်။

မိုးရာသီ ကုန်သွားခဲ့ပါပြီ။ ပန်းချုံတွေ ညှိုးရော်သွားခဲ့ပါပြီ။ လက်ကျန် ညှိုးရော်နေတဲ့ ပန်းပွင့်တွေကို ကြည့်ရင်း ကျွန်တော်တို့ ဒီနေရာမှာ ထိုင်ပြီး အရွက်တွေ ခူးခဲ့တဲ့ အိုက်စပ်စပ် ညကို သတိရနေမိပါတယ်။ ရုတ်တရက် နောက်ဆုံးပုံရိပ်ပြပွဲ ရုပ်ရှင်ကို ကျွန်တော် ရှုံရှာမုန်းတီးမိပါတယ်။ တာဆုမိလို

လူစားမျိုးကို ငိုအောင် လုပ်တဲ့အတွက် အဲဒီရုပ်ရှင်ကို ကျွန်တော် ဘယ်တော့မှ ခွင့်မလွှတ်ပါဘူး။

ကျွန်တော် သူ့ကို သွားတွေ့မယ်လို့ ဆုံးဖြတ်ပြီး တိုက်အဟောင်းကို ကျွန်တော် သွားလိုက်ပါတယ်။

“နီချန်ရှိတယ်၊ ဒါပေမဲ့ ဝင်လာခဲ့”

အမျိုးသမီးက အလုပ်သွားဖို့ အသင့်ပြင်နေပါတယ်။ သူမဟာ အနီရောင် ရင်ဟိုက်ဝတ်စုံကို ဝတ်ပြီး မိတ်ကပ်တွေ အများကြီး ဖို့ထားပါတယ်။ ခြေသည်းတွေကို ဆေးဆိုးလို့ နေပါတယ်။ ခြေသည်းဆိုးဆေးတွေကြောင့် လေထုက ထူထဲနေပြီး အသက်ရှူရ ခက်နေပါတယ်။ တာဆုမိက ခြောက်လပန်းရွက်တွေကို လက်ကိုင်အိုး အပြားထဲ ထည့်လှော်နေပါတယ်။ မိန်းမကြီးက ကျွန်တော့်ကို လှမ်းကြည့်ပေမယ့် ဘယ်လိုမှ မနှုတ်ဆက်ပါဘူး။ ကျွန်တော် အဲဒီမှာ တိတ်တဆိတ်ထိုင်ပြီး သူမ ခြေသည်းနီ တစ်ချောင်းစီ ဆိုးနေတာကို ထိုင်ကြည့်လို့ နေပါတယ်။

❑

(The Last Picture Show by Ryū Murakami)

ရိုင်းတဲ့ အိန်ဂျယ်တွေ

၁၉၇၀ ခုနှစ်မှာ တိုကျိုမြို့ကို ကျွန်တော် အမေရိကန်ရေတပ် အခြေစိုက်စခန်း ရှိရာ ကျူးကျော်ကျွန်း အနောက်ဘက် အစွန်းကနေ ရောက်လာခဲ့ပါတယ်။

တိုကျိုမြို့လေထုထဲမှာ ထောင်ကိုးရာခြောက်ဆယ် နှောင်းပိုင်းနှစ်တွေ တုန်းက ဆူပူသောင်းကျန်းခဲ့တဲ့ အငွေ့အသက်တွေ ရှိနေဆဲပါပဲ။ ဒါပေမဲ့ စိတ် လှုပ်ရှားဖွယ်ကောင်းတဲ့ ကျွန်တော်တို့ရဲ့ ရေတပ်မြို့လေးနဲ့ အသားကျနေတဲ့ ကျွန်တော့် မျက်လုံးတွေထဲမှာတော့ ဒီမြို့ကြီးဟာ မှုန်မှိုင်းနေတယ်လို့ ထင်ရပါ တယ်။

အနုပညာကျောင်းလို့ အမည်ရတဲ့ သာမန်ထက် ထူးခြားတဲ့ ပုဂ္ဂလိက ကျောင်းတစ်ကျောင်းကို ကျွန်တော် တက်ခဲ့ပါတယ်။ ဒါပေမဲ့ နောက်သိပ်မကြာ ခင်မှာ ကျွန်တော် အတန်းတွေ မတက်တော့ပါဘူး။ ကျွန်တော်ဟာ တိုကျိုမြို့ ကို အထက်တန်းကျောင်းက သူငယ်ချင်းတွေနဲ့အတူ ဘလူးစ်ဂီတအဖွဲ့ တည်ထောင်မယ် ဆိုတဲ့ မျှော်လင့်ချက်နဲ့ ရောက်လာခဲ့တာပါ။ ဒါပေမဲ့လည်း နောက် သိပ်မကြာခင်မှာ သူတို့နဲ့ လမ်းကြောင်းတွေ မတူတော့ဘဲ တစ်ယောက်တည်း နေခဲ့ပါတယ်။ ကျွန်တော် ဘာမှ မလုပ်ခဲ့ပါဘူး။ ကျွန်တော် စာမသင်ဘူး၊ လေ့ကျင့်ခန်းတွေ မလုပ်ဘူး၊ အချိန်ပိုင်း အလုပ်တွေ မလုပ်ဘူး၊ လူမှုရေးလုပ်ငန်းတွေ၊ နိုင်ငံရေး လှုပ်ရှားမှုတွေမှာ မပါခဲ့ဘူး။ ကျွန်တော် ဘာ လုပ်ချင်လဲ ဆိုတာကို မသိသေးတာမျိုး မဟုတ်ဘဲ၊ ကျွန်တော်ဟာ ဘာဆိုဘာမှ မလုပ်ခြင်းကို နှစ်သက်နေတာပဲ ဖြစ်ပါတယ်။

တိုကျိုကို ရောက်ပြီး မကြာခင်မှာ ယိုကိုလို့ အမည်ရတဲ့ အမျိုးသမီး တစ် ယောက်နဲ့ တွေ့ခဲ့ပါတယ်။ သူမက ကျွန်တော့်ထက် အသက်ငါးနှစ် ပိုကြီးပြီး ဝါသနာအနေနဲ့ ဆီဆေးပန်းချီကားတချို့ ဆွဲတဲ့ ရုံးဝန်ထမ်း အမျိုးသမီး တစ် ယောက်ပါ။ သူမဟာ လိင်မှုကိစ္စကို အရူးအမူး နှစ်သက်စွဲလမ်းစိတ်ရှိသူ တစ် ယောက်လည်း ဖြစ်ပါတယ်။ ပြောရရင် ‘လိင်တရူးမ’ ဆိုတဲ့ စကားလုံးနဲ့တောင် ဖော်ပြလို့ မရလောက်အောင်ပါပဲ။

ယိုကိုဟာ အီနိုကာရှီယာလမ်းဘေးက ငှားထားတဲ့ အိမ်လေးမှာ နေပါတယ်။ စနေ၊ တနင်္ဂနွေတွေကို ကျွန်တော်တို့ အဲဒီမှာ ကုန်ဆုံးပါတယ်။ ပြောရရင် သူမ အလုပ်က ပြန်လာတဲ့ စနေနေ့လယ်ကတည်းက တနလ်ာနေ့ မနက်အထိ ကျွန်တော်တို့ နှစ်ယောက်တည်း အတူရှိနေတာပါ။ အပြင်ထွက် စျေးဝယ်တာ၊ အစားထွက်စားတာတောင် မလုပ်ခဲ့ဘူးနဲ့ ထင်ပါတယ်။ ကျွန်တော်တို့ ရုပ်ရှင်လည်း သွားမကြည့်သလို၊ တီဗွီလည်း မကြည့်ဘူး။ သောက်နေရင်းနဲ့လည်း စကားမပြောကြဘူး။ ကျွန်တော်တို့ တစ်ချိန်လုံး အိပ်ရာထဲမှာပဲ နေဖြစ်တယ်။ အဲဒီလို ရှိနေတာကလည်း ကျွန်တော်တို့ နှစ်ယောက် တစ်ယောက်ကို တစ်ယောက် တကယ် ချစ်ကြတာမျိုး မဟုတ်သလို၊ လိင်စိတ် ထကြွနေတာကြောင့်လည်း မဟုတ်ပါဘူး။ ဘယ်လိုလဲ ဆိုတော့ ကျွန်တော်တို့ဟာ အားကစား လှုပ်ရှားမှုတစ်ခုမှာ ပါဝင်နေသလို၊ ကလပ်တစ်ခုရဲ့ လှုပ်ရှားမှုမှာ ပါနေသလိုမျိုးပါ။ ကျွန်တော်တို့ဟာ ပြဇာတ်တိုက်ရာမှာ၊ ဒါမှမဟုတ် ဘော့စ်ဘောလေ့ကျင့်ရာမှာ ဇွဲနပဲအပြည့်နဲ့ အချိန်နောက်ကျတဲ့အထိ ပါဝင်နေတဲ့ အထက်တန်း ကျောင်းသားတွေရဲ့ စိတ်အားထက်သန်မှုမျိုးနဲ့ပေါ့။ “မင်းက ငါ့ကို လိင်ကိစ္စ ရူးသွပ်နေတဲ့သူလို့ ထင်ကောင်း ထင်လိမ့်မယ်” လို့ ယိုကို အဲဒီလို ပြောတာ ကြားဖူးလားလို့ မေးရင်တော့ အကြိမ်ပေါင်း တစ်ရာလောက် ကျွန်တော် ကြားဖူးတယ်လို့ပဲ ပြောမှာပါ။

၁၉၇၀ နှောင်းပိုင်းမှာတော့ ကျွန်တော် နောက်ထပ် အမျိုးသမီးတစ်ယောက်နဲ့ ထပ်တွေ့ပါတယ်။ ကီမီကိုလို့ ခေါ်တဲ့ အိမ်ထောင်ရှိတဲ့ အမျိုးသမီးတစ်ယောက်ပါ။ သူမနဲ့အတူ ယိုကိုတာလေတပ် အခြေစိုက်စခန်းနားမှာ ရှိတဲ့ ဖူဆာမြို့ကို ပြောင်းရွှေ့ခဲ့ပါတယ်။ ယိုကိုနဲ့ လမ်းခွဲတာဟာ ကျွန်တော် ထင်ထားတာထက် အများကြီး ပိုတည်ငြိမ်ခဲ့ပါတယ်။ ကျွန်တော် သူမကို အမှန်အတိုင်းပဲ ပြောပြခဲ့ပါတယ်။ အတူတူနေဖို့ အခြား အမျိုးသမီးတစ်ယောက်နဲ့ ကျွန်တော် တွေ့နေတဲ့အကြောင်း ပြောပြခဲ့ပါတယ်။ ပုံမှန်အတိုင်း ဆိုရင်တော့ ကျွန်တော် အလယ်တန်းတုန်းက တစ်ဖက်သတ် ကြိုက်ခဲ့တဲ့ ကောင်မလေးနာမည်ကို ပြောရင်တောင် ယိုကိုက ဒေါသထွက်တတ်တာကြောင့် သူမ ဝုန်းဒိုင်းကြဲတုံ့ပြန်မယ်လို့ ကျွန်တော် ထင်ခဲ့မိပါတယ်။

“ငါ နားလည်ပါတယ်” ဆိုတာပဲ သူမ ပြောခဲ့တယ်။

“ငါ့ကို ထပ်မပြောနဲ့တော့၊ ဒါပေမဲ့... ဒါက မင်းအတွက်လည်း လွယ်ကူမှာ မဟုတ်ပါဘူး၊ အရင်လိုမျိုး တနလ်းနေ့ မနက်အထိ ငါနဲ့ အတူနေပေးလို့ ရမလား၊ ပြီးရင် လမ်းခွဲကြတာပေါ့”

※※※

“ဘာတွေ ဖြစ်နေတာလဲ၊ နင့်ပုံစံက သေမင်းက အပူငွေ့ပေးသွားတာ ကျနေတာပဲ”

ကျွန်တော် ဖူဆာကို ပြောင်းပြီး ခြောက်လအကြာ ၁၉၇၁ ခုနှစ်၊ နွေရာသီမှာ ကျွန်တော် ယိုကို့ကို နောက်တစ်ခါ သွားတွေ့ခဲ့ပါတယ်။ ခုနက စကားကို သူမ အရင်ဆုံး ပြောခဲ့ပါတယ်။ စနေနေ့လယ်မှာ သူမ တခြားတစ်ယောက်ယောက်နဲ့ အတူရှိနေလိမ့်မယ်လို့ ကျွန်တော် ထင်ခဲ့ပေမယ့် သူမ တစ်ယောက်တည်းပါပဲ။

“အပြင်မှာ ပူတယ်၊ လာ အထဲဝင်” လို့ သူမ ပြောတယ်။

အဲဒီနေ့က အပူဒဏ် ပြင်းထန်လွန်းလှတယ်။ ကျွန်တော် မအိပ်ရတာ နာရီငါးဆယ် ကျော်နေပါပြီ။ ကျွန်တော် အစာလည်း မစားရသေးဘူး။ အဲဒါကြောင့် ကျွန်တော့်ပုံစံက အဆင်ပြေမနေဘူး။ ကျွန်တော့်ကို ခဏလောက် လှဲလိုက်ဖို့ ယိုကိုက အကြံပေးပါတယ်။ စိတ်မပူပါနဲ့၊ နင် အိပ်နေတုန်း နင့်ကို ငါ မုဒိမ်းမကျင့်ပါဘူးလို့ မိတ်ကပ်ပါးပါး လိမ်းထားတဲ့ မျက်နှာမှာ ပြုံးပြီးတော့ သူမက ပြောပါတယ်။

“ကျေးဇူးပါပဲ၊ အိပ်မလို့ စဉ်းစားနေတာ၊ ကျွန်တော် လုံးဝ အားမရှိတော့ဘူး”

သူမ ခေါင်းညိတ်ပြီးတော့ အိပ်ရာခင်းကို ဖယ်လိုက်ပါတယ်။ ကျွန်တော် အိပ်ရာပေါ်မှာ ကျောခင်းလိုက်တယ်။ သူမက တယ်ရီစ အသားစောင်ကို ကျွန်တော့်အပေါ် ခြုံပေးပါတယ်။ ကျွန်တော် မျက်လုံးတွေ မှိတ်ပြီး လဲလျောင်းနေချိန်မှာ စိုးရိမ်ပူပန်မှုကြောင့် ကျွန်တော့် နှလုံးခုန်နှုန်းက မြန်လို့နေတယ်။ ကျွန်တော် နှစ်ရက်ဆက်တိုက် နိုးနေခဲ့တာတောင် ခုထိ အိပ်မပျော်နိုင်သေးဘူး။ နှစ်ရက်၊ သုံးရက်လောက် ဘာမှမစားဘဲ၊ တက်လိုက်၊ ကျလိုက် ဖြစ်နေပြီးတဲ့ နောက် တစ်ခါတလေမှာ ခင်ဗျားရဲ့ အာရုံကြောစနစ်က ပုန်ကန်တတ်ပါတယ်။

ခင်ဗျားဟာ အလွန်အမင်း ခြေကုန်လက်ပန်းကျ ပင်ပန်းနေတာထက် ကျော်လွန်နေတဲ့တိုင် အိပ်မပျော်နိုင်သေးဘူး။ အစာစားနိုင်ဖို့ အင်အားမရှိတော့ လောက်အောင် ဖြစ်ပြီး အာဟာရပြတ်တောက်မှုနဲ့ သေတော့မလိုပါပဲ။ ဒါပေမဲ့ မူးယစ်ဆေးတွေကြောင့် ရိုးရိုးသားသား ပင်ပန်းနွမ်းနယ်တာမျိုး မဟုတ်ဘဲ၊ ကိုယ့်ကိုယ်ကိုယ် ရွံရှာမုန်းတီး နေတာမျိုးတွေပါ ပါနေပါတယ်။ အောက်ခြေကနေ ပြိုလဲကျနေသလို ခံစားရတာနဲ့ အဆုံးသတ်ရတာပါပဲ။

“နင် ဘာတွေ ဖြစ်နေတာလဲ” လို့ ကျွန်တော့်ဘေးကို တိုးဝင်လာတဲ့ ယိုကိုက ကျွန်တော့် မျက်နှာကို ကြည့်ပြီး မေးတယ်။ “တစ်ကိုယ်လုံး ပူချစ်နေတာပဲ၊ နင် တုန်နေတယ်”

သူမရဲ့ ခန္ဓာကိုယ်က ကျွန်တော့် ဘေးနားမှာ ရောက်နေပေမယ့် ကျွန်တော် ဘာလုပ်ရမယ်မှန်း မသိဘူး။ ကျွန်တော် သူမကို ဖက်လိုက်ရမလား။ ကျွန်တော်က သူမကို ထားခဲ့ပြီးနောက် အဲဒီလိုလုပ်တာ ကောင်းပါ့မလား။ ကျွန်တော် လုံးဝ မသိပါဘူး။

ကျွန်တော်တို့ စနေ၊ တနင်္ဂနွေတွေ အတူတူ ရှိနေခဲ့တုန်းက ယိုကိုဟာ မိတ်ကပ်တစ်ခါမှ မလိမ်းဖူးပါဘူး။ အခု ပြောင်းလဲသွားတာဆိုလို့ မိတ်ကပ် နည်းနည်းလိမ်းတာပဲ ဖြစ်လိမ့်မယ်။ သူမရဲ့ အဝတ်အစားတွေ၊ သူမရဲ့ ပန်းချီ ပစ္စည်းတွေ၊ နံရံပေါ်က ဓာတ်ပုံတွေ၊ ပရိဘောဂ ထားပုံတွေ၊ လေထဲက အနံ့တွေ အားလုံးဟာ အတူတူပါပဲ။

“နင့်ကြည့်ရတာ ကြောက်နေသလိုပဲ”

သူမ ကျွန်တော့်အပေါ်ကို အုပ်မိုးလိုက်ပြီး အဲဒီလိုပြောတယ်။ ကျွန်တော် တစ်ယောက်ယောက်ကို ရင်ဖွင့်လိုက်ချင်တယ်။

ယိုကို၊ နားထောင်။ အဲဒီမိန်းမက အိပ်မက်ဆိုးပဲ။ ကျွန်တော် အဲဒီ မိန်းမနဲ့ ဘာဖြစ်လို့များ အတူနေမိတာလဲ မသိဘူး... အဲဒီလိုသာ ပြောလိုက်ရင် တော်တော်လေး စိတ်သက်သာသွားမှာ။ သူမကို ဇာတ်လမ်းတစ်ခုလုံးကို ပြောပြလိုက်ရင်ပေါ့။

※※※

ကိမိကိုဟာ ပထမတုန်းကတော့ အိန်ဂျယ်တစ်ယောက်နီးပါး အပြစ်ကင်းတဲ့ ကလေးလေး တစ်ယောက်လိုပေါ့။ သူမဟာ အိုကာယာမ၊ ဒါမှမဟုတ် ဟီရိုရှီးမား တစ်ဝိုက်က ကားအရောင်းသမား တစ်ယောက်ရဲ့ သမီးတစ်ယောက်ပါ။ သူမမှာ မောင်နှမ မရှိဘူး။ အဲဒါကြောင့် သူမ အချစ်ခံရပြီး ပျက်စီးနေတာပါ။

ဒါပေမဲ့သူမက ဘယ်လိုလူစားလို့ ပြောရမလဲ။ ခွေးပေါက်လေး တစ်ကောင်ကို လူတစ်ယောက်က မတော်တဆ အမြီးကို တက်နင်းမိတယ် ဆိုရင်တောင် သူမ မျက်လုံးတွေထဲမှာ မျက်ရည်တွေ ပြည့်လျှံလာတတ်တယ်။ သူမက အဲဒီလိုပါ။ အနည်းဆုံးတော့ ကျွန်တော်တို့ ဖူဆာကို ပြောင်းပြီး တစ်လလောက်ကြာတဲ့ အထိ အဲဒီလို ဖြစ်နေခဲ့ပါတယ်။ သူမရဲ့ ဖုန်းကွယ်ထားတဲ့ တကယ့် ကိုယ်ကျင့်စရိုက်က ဘာလဲ ဆိုတာတော့ ကျွန်တော် မပြောတော့ပါဘူး။ နောက်တော့ သူမ ဘယ်သူလဲ ဆိုတာကို ထုတ်ဖော်ပြသလာပါတယ်။

နောက်မကြာခင်မှာ ကျွန်တော်တို့ဟာ ကျွန်တော်ရတဲ့ မုန့်ဖိုးနဲ့ မလောက်တော့ဘူး ဆိုတာ သိလာလို့ သူမဟာ ဟာချီယိုဂျီက ကလပ်တစ်ခုမှာ အလုပ်လုပ်ပါတယ်။ အဲဒါလည်း သူမရဲ့စိတ်ကူးပါ။ ကျွန်တော်က လုပ်ပါလို့ မတိုက်တွန်းခဲ့ပါဘူး။ သူမ ကလပ်မယ်အဖြစ် အလုပ်ဖယ်ရှား မခံရပါဘူး။ အထူးသဖြင့် ဟာချီယိုဂျီလို မြို့ငယ်လေးမှာပေါ့။ ဒါပေမဲ့ သူမ ပိုက်ဆံတော်တော် ရပါတယ်။ ကျွန်တော် ရတဲ့ ပြက်သိကာမျှ မုန့်ဖိုးထက် အများကြီး ပိုရပါတယ်။

ကျွန်တော့်အတွက် ပြဿနာက သူမ တိုက်ခန်းကနေ ထွက်သွားတဲ့ ညနေ အစောပိုင်းတွေနဲ့ သူမ ပြန်လာတဲ့ အရာဏ်တက်ချိန်တွေ ကြားထဲမှာ ကျွန်တော် ဘာလုပ်ရမယ်မှန်း မသိတာပါ။ ကျွန်တော် အရက်သောက်ရင် သောက်၊ ဆေးချရင် ချ၊ ဒါမှမဟုတ် တီဗွီကြည့်။ တစ်ခုမှလည်း ပျော်ဖို့မကောင်းပါဘူး။ ကျွန်တော် စိတ်ပိုင်းဆိုင်ရာ အဆင်မပြေတဲ့ အချိန်တွေလည်း ရှိပါတယ်။ အရက်မူးနေတဲ့ စီးပွားရေးသမားတွေက သူမ ပခုံးပေါ် လက်တင်ထားတာ၊ ဒါမှမဟုတ် သူမရဲ့ ပေါင်ပေါ် လက်တင်ထားတာတွေကို စဉ်းစားမိတဲ့ အချိန်တွေမှာပေါ့။ ရိုးရှင်းတဲ့ သဝန်တိုမှုလို့ပဲ ကျွန်တော် ထင်ပါတယ်။ ဒါပေမဲ့ အဲဒီထက်တော့ ပိုပါတယ်။ သူမရဲ့ ဖောက်သည်တစ်ယောက်က သူမအပေါ် စွဲလမ်းမှု အရမ်းကြီးမားလာတဲ့ အချိန်မှာပေါ့။ အဲဒီလူက ချမ်းသာတဲ့ ဈေးဆိုင်ပိုင်ရှင်၊ ဒါမှမဟုတ် တစ်ခုခုရဲ့ သားပါ။ ဒီဘာမင် အမဲလိုက်ခွေးကြီး လေး

ကောင်ရှိတဲ့ ပလေးဘွိုင်း ပုံစံမျိုးရှိတဲ့ ကောင်ပါ။ ကီမီကိုဟာ အဲဒီလူကို လုံးဝ သဘောမကျပါဘူး။ တစ်ညမှာတော့ သူမ ငိုမိပြီး အလုပ်ထွက်ချင်တယ်လို့ ပြောလာပါတယ်။ ကျွန်တော် ဘာပြောရမယ်မှန်း မသိပါဘူး၊ ဘာဆုံးဖြတ်ချက်မှ မချနိုင်ပါဘူး။ ကျွန်တော် သိတာဆိုလို့ ကျွန်တော့်မှာ အလုပ်တစ်ခု ရလောက်အောင် ဘာအရည်အချင်းမှ မရှိဘူး ဆိုတာပါပဲ။ ကျွန်တော်ဟာ ဘဝမှာ ဘာဖြစ်မယ်၊ ဘာလုပ်ချင်တယ် ဆိုတာတောင် မသိပါဘူး။ အဲဒီလိုဖြစ်လို့လည်း ကျွန်တော် အလုပ် မလုပ်ချင်တာ မဟုတ်ပါဘူး။ အချိန်ပိုင်း အလုပ်တစ်ခု လုပ်ရင်တော့ တာဝန်ယူရမှုကို ရှောင်လွှဲနိုင်ပါတယ်။ အဲဒီလို ကျွန်တော်ဟာ တစ်ကိုယ်ကောင်း ဆန်လွန်းပြီး တာဝန်မယူရာ ရောက်တယ်လို့ ခံစားရပါတယ်။ သူမ အလုပ်လုပ်နေတယ် ဆိုတာကို ဂရုမစိုက်ဘဲ ကျွန်တော်ဟာ သက်သောင့်သက်သာနဲ့ ဘီယာတွေ မော့သောက်နေတာက အဆင်ပြေကောင်း ပြေနိုင်ပါတယ်။ ဒါပေမဲ့ အဲဒီလိုလည်း ကျွန်တော် မလုပ်နိုင်ပါဘူး။ ကျွန်တော် အရင်က တစ်ခါမှ နားမလည်ဖူးတဲ့ အရာတစ်ခုကို တဖြည်းဖြည်းနဲ့ နားလည်လာတယ်။ ကျွန်တော်ဟာ တကယ့်ကို သုံးစားလို့ မရတဲ့ကောင် ဆိုတာကိုပေါ့။

အဲဒီအကြောင်းတွေကို အခု ပြန်တွေးကြည့်တော့ နောက်ဆုံးမှာ ကျွန်တော် ချလိုက်တဲ့ ဆုံးဖြတ်ချက်က အဆိုးဆုံး ဖြစ်ခဲ့တယ်လို့ ဆိုရမှာပါပဲ။ ညတိုင်း သူမကို အဖော်ပြုလိုက်ပို့ဖို့ကို ကျွန်တော် ဆုံးဖြတ်လိုက်ပါတယ်။ ကျွန်တော်နဲ့ တစ်သက်လုံး အတူနေပါမယ်လို့ ကတိပြုထားတဲ့ အမျိုးသမီးတစ်ယောက် အပေါ် ကျွန်တော် အနည်းဆုံး ဒီလောက်တော့ လုပ်ပေးသင့်တယ်လို့ နားလည်မိပါတယ်။ ဒါပေမဲ့ ဒီကောင်းမွန်တဲ့ စိတ်ကူးက ကျွန်တော်တို့ကို ရထားခတွေ ပိုကုန်စေပါတယ်။ အခြေအနေတွေက ပိုဆိုးရွားလာပါတယ်။ ကျွန်တော် သူမကို သွားကြိုတဲ့ ညဉ့်နှက်ပိုင်း တစ်ညမှာတော့ သူမဟာ ဟိုပလေးဘွိုင်းကောင်က တစ်နေရာက ပါတီပွဲကို လိုက်ခဲ့ဖို့ အတင်းခေါ်နေတာကို ငြင်းဆန်ဖို့ ကြိုးစားရာမှာ မအောင်မြင်တာကို ကျွန်တော် ကြည့်နေခဲ့ရပါတယ်။ အဲဒီကောင်က သူမကို တက္ကစီထဲ အတင်း ထည့်လိုက်ပါတယ်။ ကျွန်တော် တစ်ယောက်တည်း ရပ်ကြည့်ရင်း ကျန်ခဲ့ရပါတယ်။ ပိတ်ထားတဲ့ ကလပ်ရဲ့ တံခါးကို ငေးကြည့်ပြီးတော့ ဒီကမ္ဘာကြီးထဲမှာ ဒီလောက် နိမ့်ကျနေတဲ့ အသက်ဆယ့်ကိုးနှစ် အရွယ်တွေ ဘယ်နှယောက်များတောင် ရှိနေလဲလို့ ကျွန်တော် တွေးမိပါတယ်။ ကျွန်တော် လက်နဲ့ ထိလိုက်တဲ့ အရာတိုင်းဟာ မစင်တွေ ဖြစ်ကုန်ပါတယ်။ ကျဆုံးမှု တစ်ခုစီတိုင်းက ကျွန်တော့်ရဲ့ အသုံးမကျမှုကို

သက်သေခံလို့ နေပါတယ်။ ဆေးချတာလည်း ပျော်ဖို့ မကောင်းတော့ပါဘူး။ ဖူဆာမှာ ကျွန်တော်ဝယ်တာ အများစုက ဆေးခြောက်၊ ကိုကင်းနဲ့ ဘိန်းတွေပါပဲ။ ကျွန်တော် အဲဒါတွေကို တိုကျိုမှာ ပြန်ရောင်းရင်ရောင်း၊ ဒါမှမဟုတ် အက်ဆစ်လို့ ခေါ်တဲ့ အယ်လ်အက်စ်ဒီတွေ၊ ဒီအမ်တီတို့နဲ့ လဲရင်လဲ၊ ဒါမှမဟုတ် ယိုကိုဆူကာမှာ မီစကာလိုင်းတွေနဲ့ လဲပါတယ်။ အဲဒီလိုတွေ လုပ်နေတာလည်း ပိုက်ဆံများများစားစား မရပါဘူး။ ကျွန်တော့်ရဲ့ အားနည်းပျော့ညံ့မှုတွေနဲ့ အသုံးမဝင်မှုတွေကပဲ ကြီးမားလာခဲ့ပါတယ်။ အရှုံးပေးလိုက်။ တစ်ယောက်ယောက်က ကျွန်တော့် နားရွက်နားမှာ အဆက်မပြတ် တီးတိုးလာပြောနေသလို ခံစားရပါတယ်။ မင်းမှာ ပေးစရာ ဘာမှ မရှိဘူး၊ အရှုံးပေးလိုက်။ အရှုံးပေးလိုက်တာက အရာရာကို အများကြီး လွယ်ကူသွားစေမှာပါ။ ဒါပေမဲ့ အရှုံးပေးတဲ့အထဲမှာ ဘာတွေပါနေလဲ ဆိုတာ မသေချာပြန်ဘူး။ အရှုံးပေးတယ် ဆိုတာက ကိုယ် မလိုချင်တာတွေကို လက်ခံလိုက်တာလို့ ကျွန်တော် ထင်မိတယ်။ ကောင်းပြီ၊ ကျွန်တော် အလုပ်မလုပ်ချင်ဘူး၊ ကျွန်တော် သူမကို အလုပ် သွားမလုပ်ခိုင်းချင်ဘူး၊ ပြီးတော့ ဥပမာအားဖြင့် ကျွန်တော် လူမည်းဝန်ထမ်းတွေ၊ သူတို့ရဲ့ ရည်းစားကောင်မလေးတွေနဲ့ ဆေးအတူချတာ မလုပ်ချင်ဘူး၊ သူမ အလုပ်သွားချိန်မှာ ကျွန်တော် ဆိုးလ်ဂီတကို နားထောင်ပြီး မနေချင်ဘူး။ ဒါပေမဲ့ ကျွန်တော် အလိုချင်ဆုံး အရာက အလုပ်လုပ်ရမှာပဲလို့ ထင်တယ်။ အဲဒါက မေးခွန်းထုတ်စရာတောင် မလိုပါဘူး။ ဒါ့အပြင် ကီမီကိုက အစောပိုင်း ကတည်းက ကျွန်တော် အလုပ်လုပ်ဖို့ မလိုဘူးလို့ အမြဲပြောပါတယ်။ မရယ်ပါနဲ့။ သူမက ကျွန်တော့်မှာ အလိုလို ထွက်ပေါ်လာမယ့် ထူးခြားတဲ့ ပါရမီတစ်ခုခု ရှိတယ်လို့ လက်ခံထားပါတယ်။ “အချိန်တန်ရင် ပေါ်လာပါလိမ့်မယ်” လို့ သူမက ကျွန်တော့်ကို ပြောပါတယ်။ အဲဒီ စကားကြောင့် တစ်စိတ်တစ်ဒေသအားဖြင့် ကျွန်တော်ပန်းချီတွေ အရူးအမူး ဆွဲဖြစ်ခဲ့တဲ့ အချိန်တစ်ခု ရှိခဲ့တာ ဖြစ်ပါလိမ့်မယ်။ ကျွန်တော် သူမကို ကလပ်ကို လိုက်ပို့ပြီး အခန်းကို ပြန်ရောက်တာနဲ့ သွားကြိုရမယ့် အချိန် မရောက်မချင်း ပန်းချီဆွဲနေခဲ့ပါတယ်။ ဒါပေမဲ့ ပန်းချီကားတွေက တော်တော်လေးကို ဆိုးရွားစုတ်ပြတ်လွန်းပါတယ်။ သေစမ်း၊ ငါ လေးနှစ်သားတုန်းက ဆွဲတာတောင် ဒီထက် ကောင်းခဲ့သေးတယ်လို့ ကျွန်တော် တွေးမိပြီး ငယ်ဘဝကို သတိရမိပါတယ်။ ကျွန်တော့်အဖေက အနုပညာဆရာပါ။ အဲဒါကြောင့် ကျွန်တော့်ကို ငယ်ငယ်လေး ကတည်းက ပန်းချီ ဘယ်လို ဆွဲရမလဲ ဆိုတာ သင်ပေးခဲ့ပါတယ်။

ဖခင် အုပ်ချုပ်မှုကို ပုန်ကန်တဲ့ အရွယ်ရောက်တဲ့အထိ ကျွန်တော်ဟာ အဖေနဲ့အတူ အနုပညာလက်ရာ လုပ်ရတာကို နှစ်သက်ပြီးတော့ အဖေက ကျွန်တော် ဆွဲထားတာကို ချီးကျူးခံရတိုင်း စိတ်လှုပ်ရှားမိပါတယ်။ ဒါပေမဲ့ ဆယ်ကျော်သက်အရွယ် အလယ်ပိုင်းလောက် ရောက်တဲ့အချိန်မှာ ကျွန်တော်ဟာ အဘိုးကြီးရဲ့ တန်ဖိုးစနစ်ကို နာခံပြီး ပုံတွေ ဆွဲနေတာပဲလို့ တစ်ခါတလေ ခံစားမိတာကြောင့် ကျွန်တော် ထပ်မဆွဲတော့ပါဘူး။ ကျွန်တော် အနုပညာ ကျောင်း တက်ရတဲ့ တစ်ခုတည်းသော ရည်ရွယ်ချက်က အလုပ်လက်မဲ့ ဖြစ်မ နေအောင်ပါပဲ။ မှန်သည်၊ မှားသည် ဘေးထားပြီး ကျွန်တော်ဟာ ပန်းချီဆွဲခြင်း ကို အထင်သေးမိပါတယ်။ ဒါပေမဲ့ ဟာချီယိုဂျီမှာ ကလပ်မယ် လုပ်နေတုန်း ကျွန်တော်ဟာ သူမ ဝယ်ပေးတဲ့ ပန်းချီပစ္စည်းတွေကို သုံးပြီး ရေဆေးတွေနဲ့ တို့ ခြစ်နေရင်း ငယ်ငယ်တုန်းက မြစ်ကမ်းနဖူးမှာ အဖေ့ဘေးထိုင်ရင်း တစ်ဖက် ကမ်းက ဘုရားကျောင်းကို ဆွဲနေခဲ့တာကို သတိရမိပါတယ်။ အဲဒီ ကောက်ကြောင်းတွေက ကျွန်တော့်အတွက် တော်တော်လေး ကောင်းတယ်လို့ ခံစားမိပါတယ်။ ဒါပေမဲ့ သူမ အလုပ်ပြီးချိန်ကို စောင့်ရင်း ဆွဲနေတဲ့ ကျွန်တော့် ပန်းချီကားတွေက ဖန်တီးထားခဲ့တဲ့ အရာတွေထဲမှာ အဆိုးရွားဆုံး လက်ရာတွေ ပါပဲ။ ကိုယ့်ကိုယ်ကိုယ် အဲဒီလို ဝန်ခံပြီးတဲ့နောက် ကျွန်တော် စိတ်ပျက်မိပြီး ဘိန်းဖြူနည်းနည်း တင်လိုက်ပါတယ်။ ကျွန်တော့် ဆေးခြောက်၊ အယ်လ်အက် စ်ဒီ၊ ကိုကင်းနဲ့ ဘယ်လိုလုပ်ရမယ် ဆိုတာ ကျွန်တော်တို့ သိတဲ့ အိပ်ဆေးပြား တွေ ကျွန်တော်တို့ တိုက်ခန်းထဲမှာ အများကြီး ရှိပေမယ့် ကျွန်တော့် စိတ် ခံစားမှုက ဘိန်းဖြူကိုပဲ တောင့်တနေပါတယ်။ ဘိန်းဖြူ ဆိုတာ မူးယစ်ဆေး တွေ အားလုံးရဲ့ မူးယစ်ဆေး၊ မူးယစ်ဆေး အားလုံးရဲ့ တကယ့်ကို စစ်မှန်တဲ့ ဘုရင်မ၊ အဲဒါကြောင့်လည်း အရမ်းစွဲလွန်းတယ်။ ဒါပေမဲ့ သတိထား သုံးရင် တော့ မစွဲအောင် ရှောင်နိုင်ပါတယ်။ နှစ်လ၊ သုံးလလောက် နေ့တိုင်း ထိုးပြီး၊ ဖြည်းဖြည်းချင်းနဲ့ ဆေးပမာဏ မမြှင့်တင်ရင်တော့ ခန္ဓာကိုယ်က အဲဒီအပေါ်မှာ မမှီခိုပါဘူး။ အဲဒီလို သုံးရပါတယ်။ ကျွန်တော်က တစ်ပတ်တစ်ကြိမ် သုံးပြီး နှစ် ရက်လောက် နားပါတယ်။ ကျွန်တော် အဲဒီလို သုံးပါတယ်။ ကျွန်တော်က လူလည်ကျတဲ့ နေရာမှာ တော်ပါတယ်။ ကျွန်တော် တကယ့် ဘိန်းစားတစ် ယောက်လည်း မဖြစ်ချင်ပါဘူး။ ကျွန်တော် သင့်တင့်ရုံ၊ နည်းနည်းလောက် ထိုး လိုက်ပြီး ကျွန်တော့် ငယ်ဘဝကို တမ်းတလွမ်းဆွတ်လို့ နေပါတယ်။ ကျောက်ဆောင် အောက်ခြေပါပဲ။ ကျွန်တော့် ဆယ်ကျော်သက်အရွယ် အစော ပိုင်းကာလတွေကို တွေးကြည့်တော့ အဲဒါတွေအားလုံး မရှိတော့ပါဘူး။ ပြီး

တော့ အဲဒါတွေ ဘယ်တော့မှ ပြန်မရတော့ဘူး ဆိုတာကို တွေးမိပြန်တယ်။ ကျွန်တော့်မျက်နှာမှာ အသုံးမကျတဲ့ ဘိန်းဖြူနဲ့ ပြုံးနေတဲ့ အပြုံးနဲ့ ကျွန်တော် ဒီအတိုင်း ထိုင်နေခဲ့ပါတယ်။

ကီမီကိုဟာလည်း ကလပ်မှာ အလုပ်လုပ်ပြီး မကြာခင်မှာ ပြောင်းလဲလာခဲ့ပါတယ်။ ဒါမှမဟုတ် ပြောင်းလဲတယ် ဆိုတဲ့ စကားလုံးကို သုံးရမှာ မဟုတ်ဘဲ၊ သူမရဲ့ မူရင်းအစစ်အမှန်ဆီကို ပြန်ရောက်သွားပြီလို့ ပြောရမယ် ထင်ပါတယ်။ သူမ ဆေးတွေ အများကြီး ချပါတယ်။ အဲဒီဆေးတွေကို အရက်ပမာဏ တနင့်တပိုးနဲ့ သူမ ပြန်ထိန်းပါတယ်။ မူးယစ်ဆေး အကြမ်းတွေက အသည်းကို အရက်ထက် အများကြီး ပိုဒုက္ခပေးပါတယ်။ ခင်ဗျားရဲ့ ခန္ဓာကိုယ်ထဲမှာ ပုံမှန်လည်ပတ် မနေတော့တာကို မသိခင်မှာတင် အရက်စွဲတဲ့ သံသယ ဖြစ်နေစေပါပြီ။

သုံးလကြာတော့ သူမ သွေးတွေ စအန်ပါတယ်။ သူမ ကျွန်တော်ပြောသမျှ ဘာကိုမှ နားမထောင်ပါဘူး။ ကျွန်တော် ဘာလုပ်ရမယ်မှန်း မသိတော့ပါဘူး။ နောက်ဆုံးမှာတော့ သူမရဲ့ မိသားစုဆီ ဖုန်းဆက်လိုက်ရပါတယ်။ သူမရဲ့ အမေ တိုကျိုကို လာပြီး သူမကို ဆေးရုံတင်ပါတယ်။ သူမရဲ့ အမေက ခပ်ပိန်ပိန်နဲ့ပါ။ သူမရဲ့ အသက်အရွယ်နဲ့ လိုက်တဲ့ ပုံစံမျိုးပါပဲ။ ကီမိုနို အမြဲတမ်း ဝတ်ပါတယ်။ ကျွန်တော်ဟာ အားကိုးမရ၊ စိတ်မချရ၊ တာဝန်မယူတတ်တဲ့ လူတစ်ယောက် ဆိုတာကို သွယ်ဝိုက်ပြောပါတယ်။ ကျွန်တော်လည်း အဲဒီလို ခံစားနေရတာကြောင့် ဘာမှ ပြန်မပြောခဲ့ပါဘူး။ ကီမီကိုရဲ့ အမေက သမီးဖြစ်သူ ကျွန်တော်တို့ တိုက်ခန်းထဲမှာ ဘိန်းချတာကို မြင်လိုက်တော့ မျက်ရည်တွေ ကျပြီးတော့ ကျွန်တော်တို့ နှစ်ယောက်လုံးကို ဘာမှ မပြောတော့ဘဲ၊ အိုကီနာဝါလား၊ ဘယ်လား မသိတဲ့နေရာကို ပြန်သွားပါတယ်။ ဆေးကွဲနေတဲ့ ကီမီကိုက ဗလုံးဗထွေးနဲ့ ကျွန်တော့်ဘက် လှည့်ပြီး “နင် ငါ့ကို ဘယ်တော့မှမထားခဲ့ဘူး မဟုတ်လား။ နင့်မှာ ထူးခြားတာ ရှိတယ်၊ နင်သိပါတယ်” လို့ ပြောတယ်။ သူမ ပြုံးပြုံးကြီးနဲ့ အဲဒီစကားကိုပဲ အကြိမ်ပေါင်းများစွာ ထပ်တလဲလဲ ပြောလို့နေတယ်။ ကြောင်တောင်တောင် နိုင်တဲ့ ကလေးဆန်တဲ့ အပြုံးမျိုး ပါတယ်။ သူမရဲ့ ဘဝနောက်ဆုံး အချိန်ကို ဖြတ်သန်းနေသလိုပါပဲ။

သူမ ကျွန်တော့်ကို စမ်းသပ်နေတယ် ဆိုတာ ကျွန်တော် သိပါတယ်။ သူမဟာ ကျိုးကြောင်းဆင်ခြင်တတ်မှု မရှိပေမယ့် ကျွန်တော် သူမကို အနှေးနဲ့

အမြန် ထားခဲ့တော့မယ် ဆိုတဲ့ နက်နက်ရှိုင်းရှိုင်း အမြစ်တွယ်နေတဲ့ အကြောက်တရား ရှိနေပါတယ်။ သူမရဲ့ အပြုအမူက သည်းမခံနိုင်လောက်အောင် ဖြစ်ပေမယ့် ကျွန်တော် အဆင်ပြေအောင် နေပါတယ်။ သူမကို စိတ်ခဏာ ပြေလောက်အောင် လုပ်ရင်းနဲ့ပေါ့။ တကယ်လည်း ခဏာတာပါပဲ။ သူမ ကျွန်တော့်အပေါ် ဘယ်တော့မှ အကြမ်းဖက်မှာ မဟုတ်ဘူး ဆိုတာကို ကျွန်တော် မပြောရဲပါဘူး။ ဒါပေမဲ့ အကြမ်းဖက်မှုဟာ ပြဿနာအကြီးကြီး မဟုတ်ပါဘူး။ ကျွန်တော်တို့ တိုက်ခန်းထဲမှာ မူးယစ်ဆေးတွေ ရှိတယ်။ အဲဒါကြောင့် မီးဖိုချောင်သုံး ဓားကို ကိုင်နေပြီ ဆိုရင်၊ စတင် အော်ဟစ်နေပြီဆို၊ နံရံတွေကို ရိုက်နှက်နေပြီ ဆိုရင် ကျွန်တော်ဟာ အစောကြီးကတည်းကနေ အခန်းတံခါးပိတ်ပြီး နေတော့တာပဲ။ သူမ အဲဒါကြောင့် အာရုံရမှာပေါ့။ သူမရဲ့ အလိုလိုသိစိတ်က အဲဒီလုပ်ရပ်တွေဟာ စိုးထိတ်ဖွယ် ကောင်းတယ် ဆိုတာကို။ သူမရဲ့ အဓိက လက်နက်တွေက စကားလုံးတွေပါပဲ။ အဲဒီ စကားလုံးတွေကို သုံးပြီး သူမက ခင်ဗျားရဲ့ နှလုံးသားကို ထိုးစိုက်လိမ့်မယ်။ “ဒီပုံစံနဲ့ ဆိုရင် ငါ ရူးတော့မယ်လို့ နင် မထင်ဘူးလား၊ ငါ တခြားယောကျ်ားး တစ်ယောက်ယောက်နဲ့ နေပေးရတယ် ဆိုရင် အဲဒါ နင့် အတွက် ငါလုပ်နေတယ် ဆိုတာကို နင် နားမလည်ဘူးလား၊ ငါ အတန်းကျောင်း တက်နေကတည်းက ဖာသည် ဖြစ်လာမယ် ဆိုတာ ငါ အမြဲတမ်း သိနေခဲ့တယ်” အဲဒီလို စကားမျိုးကို ဘယ်လိုမှ ပြန်တိုက်ခိုက်လို့ မရပါဘူး။ တစ်ခါတလေကျရင် သူမဟာ ကိုယ့်ကိုယ်ကိုယ် အနာတရဖြစ်အောင် လုပ်တော့မယ်လို့ စကားဦးသန်းလေ့ ရှိပါတယ်။ သူမ အိမ်နားက စာရေးကိရိယာ ဆိုင်ကနေ စက္ကူဖြတ် ဓားတစ်ချောင်းတောင် မဟုတ်ဘူး၊ နှစ်ချောင်းတောင် ဝယ်လာခဲ့ပါတယ်။ ကျွန်တော့်ရှေ့မှာ သူမရဲ့ ကုပ်ပိုးကို ခွန်မြနေတဲ့ ဘလိတ် ဓားနဲ့ ဆံပင်ရိတ်တယ်၊ ဒါမှမဟုတ် ရေခဲထိုးတဲ့ စူးနဲ့ သူမလက်သည်းကို သန့်ရှင်းရေး လုပ်တယ်။ တကယ်တော့ ကျွန်တော် တစ်ခါမှ သူမကို မရိုက်ပါဘူး။ မကြာသေးခင်ကမှ သူမနဲ့ စကားများပြီး ပြန်အော်ခဲ့မိတာပဲ ရှိပါတယ်။ သူမရဲ့ ရူးသွပ်မှုထဲမှာ ပိတ်မိမိချင်တာက ကြင်နာမှုနဲ့ မဆိုင်ပါဘူး။ ကျွန်တော် သူမ ပြောသမျှ ဘာမဆို လုပ်ပေးတယ်လို့ ထင်ပါတယ်။ နင် ငါ့ကို ကလပ်မှာ လာကြိုမှာ မဟုတ်လား။ ငါ အပြင်ထွက်လာတဲ့ အချိန်ကို နင် စောင့်နေမှာ မဟုတ်လား။ ရုတ်တရက် ငါ ပီဇာစားချင်စိတ် သေမတတ်ဖြစ်လာရင် နင် နီကို လာဆိုင်ကို ပြေးဝယ်ပေးမှာလား။ သူမ ပြောတဲ့အတိုင်း ကျွန်တော် အမြဲ လုပ်ပေးပါတယ်။ တစ်ညမှာတော့ သူမ ရည်ရွယ်ချက်ရှိရှိ ပျောက်ဆုံးနေခဲ့ပါတယ်။

ကျွန်တော် ပတ်ဝန်းကျင် တစ်ခုလုံးမှာ သူမနာမည်ကို မနက်အရုဏ်တက်တဲ့ အထိ အော်ခဲ့ပြီး ရှာခဲ့ရပါတယ်။

ပြီးခဲ့တဲ့ တစ်လလောက်တုန်းက ကျွန်တော် ပထမဆုံးအနေနဲ့ သူမကို တကယ် ဒေါသထွက်ခဲ့မိပါတယ်။ ဖြစ်တာကလည်း သမီးရည်းစား အများစု ရန်ဖြစ်ကြသလို အူကြောင်ကြောင် ကိစ္စတစ်ခုကြောင့်ပါ။ ကျွန်တော်တို့ နှစ် ယောက် ဖူဆာက အိန္ဒိယနဲ့ အရှေ့အလယ်ပိုင်းက အနုပညာနဲ့ လက်မှုပစ္စည်း တွေ ရောင်းတဲ့ ဆိုင်တစ်ဆိုင်ထဲကို ရောက်နေခဲ့ပါတယ်။ ဝတ်စုံထဲမှာ မှန်သေး သေး ဝိုင်းဝိုင်းလေးတွေ ထည့်ချုပ်ထားတဲ့ အိန္ဒိယ အဝတ်တစ်ထည်ကို သူမ တွေ့ခဲ့ပါတယ်။ အဲဒီဝတ်စုံကို ယူမယ်လို့ သူမက ပြောပါတယ်။ ကျွန်တော်တို့ နှစ်ယောက်လုံး ဆေးပြန်ကျလို့ စိတ်တိုနေကြတဲ့ အခြေအနေမှာပါ။ အဲဒီ ဝတ်စုံ ဝယ်ဖို့ ဘယ်က ပိုက်ဆံရမှာလဲလို့ စတိုးဆိုင်ထဲမှာ အသံကျယ်ကျယ်နဲ့ မေး လိုက်မိပါတယ်။ “ယိုကိုဆူကာကို သွား၊ ဘိန်းဖြူနည်းနည်း ရောင်းလိုက်၊ ဒီ ဝတ်စုံကို အခု လိုချင်တယ်၊ ဘယ်ကမှ ပိုက်ဆံမရဘူး ဆိုရင် ငါ့ ခန္ဓာကိုယ်ကို ရောင်းစားလိုက်မယ်၊ ဒီဝတ်စုံကို ရမှဖြစ်မယ်” အဲဒီမှာ ကျွန်တော် သူမကို ပထမဆုံးအကြိမ် အော်ဟစ်မိတာပါပဲ။ “နင် လုပ်ချင်တာ ဘာမဆိုသာ လုပ် လိုက်” လို့ ကျွန်တော် အော်လိုက်တယ်။ သူမ မျက်တောင်တောင် မခတ်ဘဲ၊ လှည့်ပြီးတော့ ဆိုင်ထဲက ထွက်သွားတယ်။ ကျွန်တော် သူမ နောက်ကို မလိုက် ခဲ့ပါဘူး။ ကျွန်တော် တိုက်ခန်းကို တန်းပြီး ပြန်လာခဲ့တယ်။ သူမ ပြန်အလာကို စောင့်နေခဲ့တယ်။ နောက်နေ့ နေ့လယ်လောက်မှာ သူမဟာ အိန္ဒိယဝတ်စုံကို ဝတ်လျက်သား ပြုံးပျော်ပြီး ပြန်ဝင်လာပါတယ်။ “ငါ့ကိုယ်ငါ တကယ်ရောင်း လိုက်တယ်” လို့ သူမ ပြောတယ်။

ပထမတော့ သူမ စကားကို ကျွန်တော် မယုံခဲ့ဘူး။ ဒါပေမဲ့ သူမ ကျွန် တော့်ကို ခရေစေ့တွင်းကျ ဇာတ်လမ်း တစ်ခုလုံးကို အသေးစိတ် ပြောပြခဲ့ တယ်။ ကျွန်တော် မျက်ရည်တွေ ကျတော့မယ်လို့ ထင်နေခဲ့တယ်။ တကယ် လည်း ကျခဲ့ပါတယ်။ တကယ့်ကို နာကျင်စရာပါပဲ။ သူမ သက်သေအနေနဲ့ အချစ်ဟိုတယ်ကနေ အောင်သွယ် စာအုပ်တစ်အုပ်ကို ယူလာခဲ့တယ်။ ကျွန်တော် သူမ တကယ် လုပ်ခဲ့တာကို ဖိအားပေး လက်ခံလိုက်ရပါတယ်။

ပြီးတဲ့နောက် မနေ့ကလေးတင် အဲဒီလိုပြဿနာ ထပ်ဖြစ်ပါသေးတယ်။ ဒီတစ်ခါကတော့ ပေါင်မုန့်မီးကင်စက်ပါ။ ကျွန်တော်တို့ မက်လို့ခေါ်တဲ့ မီသမ်ဖီ

တမင်းတွေကို ဖွာပြီးတဲ့နောက် ပေါင်မုန့်မီးကင် စားချင်ခဲ့ပါတယ်။ သူမ စိတ်ဖောက်နေတိုင်း ကျွန်တော်လည်း ဖောက်ရပါတယ်။ ဘာ့ကြောင့်လဲ ဆိုတော့ ကျွန်တော် ချထားတဲ့ ပမာဏက သူမနဲ့ အရမ်းကွာနေတော့ ဘယ်လိုမှ သူမကို လိုက်မမီပါဘူး၊ သူမ ဘာလုပ်နိုင်လဲ ဆိုတာတော့ ပြောမနေပါနဲ့တော့။ ဒါပေမဲ့ မနေ့ကတော့ နည်းဗျူဟာကျကျ ရလဒ်ပြောင်းပြန် ဖြစ်ခဲ့ပါတယ်။ မက် ဆိုတာ စေးကပ်တဲ့ အရာဖြစ်လို့ ဆေးတံနဲ့ အငွေ့ပြန်အောင် ရှိရပါတယ်။ ဆိုတော့ အဲဒီ အငွေ့တွေက စက္ကန့်ပိုင်းအတွင်း ခင်ဗျားကို လေထဲပျံအောင် လုပ်ပေးပါလိမ့်မယ်။ ဒါပေမဲ့ နောက်ထပ် နာရီဝက်ကြာတဲ့အခါ ထိုးကျသွားတဲ့အတွက် နောက်တစ်ခါ ထပ်ရှိုရပါတယ်။ ပုံမှန်အားဖြင့်က ခင်ဗျား သုံးစွဲလေ ခံနိုင်ရည်ပမာဏ မြင့်တက်လေပါပဲ။ ဒါပေမဲ့ တက်လိုက်၊ ကျလိုက် ဖြစ်စဉ်ကို ထပ်ပြန်တလဲလဲ လုပ်နေရင် ခင်ဗျားဟာ အားကုန်သည်ထက် ကုန်လာပါလိမ့်မယ်။ သူမနဲ့ ကျွန်တော်ဟာ နှစ်ရက်လုံးလုံး အဲဒါကို သုံးစွဲပြီး သူမရဲ့ ချစ်လှစွာသော ဂျက်ဇ်ဂီတကို နားထောင် နေခဲ့ပါတယ်။ ဒုတိယနေ့ ကုန်ခါနီးမှာတော့ ကျွန်တော်တို့ နှစ်ယောက်ဟာ သုံးမိနစ် တစ်ခါ ရှိုလို့ နေပါတော့တယ်။ တစ်လုံးကို နှစ်ဒေါ်လာနဲ့ လူမည်းဝန်ထမ်းဆီက ဝယ်လာခဲ့တဲ့ ဝိုင်ပုလင်းငါးလုံးလည်း ကုန်ခါနီးနေပါပြီ။ အဲဒီလိုနဲ့ သူမက လက်မောင်းနဲ့ ပခုံးနာတယ်လို့ ပြောလာပါတယ်။ အာရုံကြောစနစ်ကြီး ပူလောင်နေရင်၊ နာကျင်မှုက ကိုယ်တွင်းအင်္ဂါတွေကနေ တစ်ဆင့် ခင်ဗျားရဲ့ ကြွက်သားတွေထိ တက်လာခဲ့လိမ့်မယ်။ တကယ်ဖြစ်နေတာက ခင်ဗျားရဲ့ ဦးနှောက်နဲ့ အာရုံကြောတွေက ခင်ဗျားကို တော်ပါတော့လို့ အော်ပြောနေတာပါပဲ။ ဒီအတောအတွင်း ကျွန်တော်တို့ ဂျက်ဇ်ဓာတ်ပြားတွေ တစ်ပုံတစ်ခေါင်း နားထောင်ခဲ့ကြပါတယ်။ သူမမှာ ဂျက်ဇ်ဓာတ်ပြားခွေ တစ်ရာကျော် ရှိပါတယ်။ ကျွန်တော်တို့ အဲဒီဓာတ်ပြားတွေ အကုန်နီးပါး နားထောင်လိုက်တယ်။ နာရီ နှစ်ဒဇင်လောက်ကို မရပ်မနား မက်တွေ သောက်နေပြီး ချာလီပါကားကနေ ဆီဆယ်လ်တေလာ သီချင်းတွေအထိ အကုန်လုံးကို နားထောင်နေတာကို မြင်ယောင်ကြည့်လိုက်ပါ။ သာမန်လူ တစ်ယောက်တောင် ရူးသွားနိုင်ပါတယ်။ အခု ဆယ်နာရီလောက် အကြာမှာတော့ ကျွန်တော်တို့နှစ်ယောက်လုံး အူလိမ်နေအောင် ဗိုက်ဆာလာပါတယ်။ ကျွန်တော်တို့မှာ စားစရာမျိုးစုံ ရှိပေမယ့် အစာမျိုချလို့ မရဘူး ဖြစ်နေတယ်။ အစာအိမ်နဲ့ အသည်းက သံချေးတွေ တက်နေပြီး အဝတ်စုတ်တွေနဲ့ ပတ်ထားသလို ခံစားနေရချိန်မှာ အစားကို ထိလို့တောင် မရပါဘူး။ ဒါပေမဲ့ သူမက နှစ်ဖက်စလုံး အညိုရောင်ဖြစ်အောင် ကောင်းကောင်းလေး ကင်ထားတဲ့ ပေါင်မုန့်

မီးကင် နည်းနည်းစားချင်တယ်လို့ ပြောပါတယ်။ ပေါင်မုန့်မီးကင်စက် ပျက်နေတာကို သူမ သိပါတယ်။ ကျွန်တော် မီးဖိုချောင်ထဲမှာရှိတဲ့ စင်တစ်ခုကနေ ယူလိုက်တာက သုံးမရတဲ့ သတ္တုနဲ့ ပလတ်စတစ် သေတ္တာတစ်ခုပါ။ “ဟဲ့နွား၊ အဲဒါက သုံးမရတော့ဘူးလေ၊ အသစ်တစ်ခု သွားဝယ်လိုက်” မနက် သုံးနာရီ ရှိနေပါပြီ။ ကျွန်တော် စိတ်မဆိုးပါဘူး၊ အဲဒီစက်ကို နံရံကို ပစ်ပေါက်လိုက်တယ်။ တစ်စစီ ပြုတ်ထွက် ပြီးတော့ ကြမ်းပြင်ပေါ် ပြန့်ကျဲကုန်တယ်။ ပြီးတော့ ကျွန်တော် ထိုင်လိုက်တယ်။ ကိုးလ်ထရိန်းရဲ့ “အမြင့်ဆုံးအချစ်” သီချင်း ဖွင့်လို့နေတယ်။ သူမက အသံကို အမြင့်ဆုံး တင်လိုက်တယ်။ ကျွန်တော်က အသံကို လျှော့၊ ပတ်ဝန်းကျင်က လာပြောလိမ့်မယ်လို့ ပြောလိုက်ပါတယ်။ သူမ အဝတ်အစားတွေကို လဲလိုက်ပါတယ်။ ဘယ်သွားမလို့လဲ ကျွန်တော် မေးတော့ သူမက ပြုံးပြီး “ငါ ဘာလုပ်မလဲ ဆိုတာ နင် သိပါတယ်” လို့ ပြောပြီး တိုက်ခန်းကနေ ထွက်သွားတယ်။ ဘောပဲ လို့ ကိုယ့်ဘာသာကိုယ် ပြောလိုက်တယ်။ သွားပါစေ၊ ငါ ဒီချီးထုပ်ကို လိုက်ထိန်းစရာ မလိုဘူး။ ခွေးမ သွားပါစေ။ ကျွန်တော် တိုက်ခန်းထဲကနေ ချက်ချင်း ထွက်သွား ချင်ပေမယ့် ကျွန်တော် မလုပ်နိုင်ပါဘူး။ မနက် အရုဏ်မတက်ခင်မှာ ရှင်ဂျူကူကို ပထမဆုံး ရထားနဲ့လိုက်လာခဲ့ပြီး အချစ်ဟိုတယ်တွေ ရှိရာဘက်ကို လမ်းလျှောက်လာခဲ့တယ်။ ကျွန်တော် ငတုံးပါပဲ၊ ကျွန်တော် ဘယ်နေရာမှာမှ သူမကို မတွေ့ပါဘူး။ မင်း သူမကို ထွက်မသွားအောင် တားမလား၊ မျက်ခွက်ကို တအားထိုးပြီး တားရင်ဖြစ်ဖြစ်၊ ဒါမှမဟုတ် သူမကို လက်လျှော့လိုက်မလား။ အဲဒီစကားတွေ ကျွန်တော့်ကိုယ် ကျွန်တော် ထပ်ပြန်တလဲလဲ ပြောလို့နေပါတယ်။ ကျွန်တော်ခေါင်း စကိုက်လာတယ်။ ပလက်ဖောင်းပေါ် ခြေတစ်လှမ်း လှမ်းလိုက်တိုင်း ကျွန်တော့် ခန္ဓာကိုယ်ထဲမှာ တုန်ခါမှုလှိုင်းတွေ ဖြစ်လို့နေတယ်။ ကျွန်တော့်မှာ သွားစရာနေရာ မရှိပါဘူး။

※※※

ဒါတွေ အားလုံး ယိုကို့ကို ကျွန်တော် ပြောပြလိုက်ချင်တယ်။ ဒါပေမဲ့ အဲဒီလို ပြောတာ မကောင်းဘူးလို့ ကျွန်တော် ခံစားနေရတယ်။

ကျွန်တော်က ဘာမှ မပြောတော့ သူမဆီ ဘာကြောင့် လာတာလဲလို့ မေးပါတယ်။ ကျွန်တော့်မှာ တခြား သွားစရာ မရှိဘူးလို့ ကျွန်တော် ပြောလိုက်တယ်။ စဉ်းစားလို့ရတာ ဆိုလို့ ဒီတစ်နေရာပဲ ရှိပါတယ်။

“သွားစရာ ဘယ်နေရာမှ မရှိဘူး” လို့ ကျွန်တော် ထပ်ပြီးတော့ ရေရွတ်လိုက်ပါတယ်။

ပြီးတော့ ယိုကိုက ရုပ်ရှင်တွေအကြောင်း စပြောပါတယ်။

“မင်း ဒီကို မလာတော့ကတည်းက ကိုယ် ရုပ်ရှင်တွေ အများကြီး သွားကြည့်ဖြစ်တယ်” လို့ သူမက ပြောတယ်။ “စာတွေလည်း အများကြီး ဖတ်ဖြစ်တယ်။ အရင်ကတော့ ရုပ်ရှင်တွေနဲ့ စာအုပ်တွေက ဘာများ ကောင်းလို့လဲ၊ ဘာတွေပေးဖို့ ရည်ရွယ်တာလဲ ဆိုပြီး တွေးတတ်တယ်၊ ကိုယ်ပြောတာ နားလည်လား”

သိပါတယ်လို့ ကျွန်တော် ပြောလိုက်တယ်။ ကျွန်တော် နားထောင်မနေပါဘူး။ ဒါပေမဲ့ သူမ ဘေးနားမှာ လှဲနေတာ ကျွန်တော့်ကို အသက်ရှူရ ပိုလွယ်ကူစေတယ်။

“တခြား တစ်ယောက်ယောက် ဖန်တီးထားတဲ့ တစ်စုံတစ်ခုထဲမှာ ပျော်ဝင်သွားရမှာကို ကိုယ် ဘယ်တုန်းကမှ မကြိုက်ခဲ့ဘူး၊ ကိုယ်က ကိုယ့်ကိုယ် ကိုယ် အရမ်းသိစိတ် ရှိတယ်၊ လက်တွေ့ အရမ်းကျတယ်လို့ ထင်တယ်၊ အချိန်ဖြုန်းတာလို့ပဲ ထင်မိတယ်၊ ဒါပေမဲ့ မင်း ထွက်သွားပြီး နောက်မှာတော့ အချိန်က ကိုယ့်ကိုယ်ကိုယ် ပြန်ဖြုန်းတီးနေတယ် လို့ စခံစားလာရတယ်၊ စက္ကန့်တံလေး ရွေ့သွားတိုင်း ကိုယ့်အရေပြားထဲကို အပ်တစ်ချောင်း စိုက်လိုက်သလို ခံစားရတယ်၊ ဆစ်၊ ဆစ်၊ ဆစ်နဲ့”

အချိန်က ကိုယ့်ကို ပြန်ဖြုန်းတီးနေတယ် ဆိုတဲ့ စကားစုက ကျွန်တော့်ရဲ့ ခြေကုန်လက်ပန်းကျနေတဲ့ ဦးနှောက်နဲ့ ခန္ဓာကိုယ်ထဲကို တုန်ခါစက်တစ်ခုလို ထိုးဖောက် ဝင်ရောက်လာတယ်။ ကျွန်တော် ကီမီကို ကလပ်က ပြန်အလာကို စောင့်နေခဲ့ရတဲ့ နာရီတွေ အားလုံးကို ပြန်တွေးမိတယ်။ ယိုကိုက ကျွန်တော့် ခံစားချက်ကို ဘာသာပြန် ပေးလိုက်တာပါပဲ။

“ဘာမှမလုပ်ဘဲ ထိုင်နေရတာဟာ တော်တော် ခက်ခဲပါတယ်၊ ကိုယ် ဆိုလိုချင်တာက ကိုယ် အထီးကျန်နေခဲ့တယ်၊ အဲဒါကြောင့် ဝတ္ထုတွေ စဖတ်၊ ရုပ်ရှင်တွေ စကြည့်ခဲ့ပါတယ်၊ နောက်ဆုံး ရုပ်ရှင်တွေနဲ့ ပတ်သက်လို့ ကောင်းတဲ့ အချက်တွေကို နားလည်ခဲ့တယ်၊ ကိုယ် ခံစားနေရသလို၊ မင်းလည်း ခံစား

နေရချိန်မှာ ရုပ်ရှင်တွေက ကောင်းတယ်၊ ‘ရိုင်းတဲ့ အိန်ဂျယ်တွေ’ ဆိုတဲ့ ရုပ်ရှင် ကြည့်ဖူးလား”

ကြည့်ဖူးပါတယ်လို့ ကျွန်တော် ပြောလိုက်တယ်။

“အလွယ်တကူ စီးနင်းသူများ ဆိုတဲ့ ရုပ်ရှင်ထက်တောင် ပိုကောင်းသေး တယ်၊ နောက်ဆုံးအခန်း မှတ်မိလား”

“မင်း ဒီကို မလာတော့ကတည်းက ကိုယ် ရုပ်ရှင်တွေ အများကြီး သွား ကြည့်ဖြစ်တယ်” လို့ သူမက ပြောတယ်။ “စာတွေလည်း အများကြီး ဖတ်ဖြစ် တယ်။ အရင်ကတော့ ရုပ်ရှင်တွေနဲ့ စာအုပ်တွေက ဘာများ ကောင်းလို့လဲ၊ ဘာ တွေပေးဖို့ ရည်ရွယ်တာလဲ ဆိုပြီး တွေးတတ်တယ်၊ ကိုယ်ပြောတာ နားလည် လား”

သိပါတယ်လို့ ကျွန်တော် ပြောလိုက်တယ်။ ကျွန်တော် နားထောင်မနေပါ ဘူး။ ဒါပေမဲ့ သူမ ဘေးနားမှာ လှဲနေတာ ကျွန်တော့်ကို အသက်ရှူရ ပို လွယ်ကူစေတယ်။

“တခြား တစ်ယောက်ယောက် ဖန်တီးထားတဲ့ တစ်စုံတစ်ခုထဲမှာ ပျော် ဝင်သွားရမှာကို ကိုယ် ဘယ်တုန်းကမှ မကြိုက်ခဲ့ဘူး၊ ကိုယ်က ကိုယ့်ကိုယ် ကိုယ် အရမ်းသိစိတ် ရှိတယ်၊ လက်တွေ့ အရမ်းကျတယ်လို့ ထင်တယ်၊ အချိန်ဖြုန်းတာလို့ပဲ ထင်မိတယ်၊ ဒါပေမဲ့ မင်း ထွက်သွားပြီး နောက်မှာတော့ အချိန်က ကိုယ့်ကိုယ်ကိုယ် ပြန်ဖြုန်းတီးနေတယ် လို့ စခံစားလာရတယ်၊ စက္ကန့် တံလေး ရွေ့သွားတိုင်း ကိုယ့်အရေပြားထဲကို အပ်တစ်ချောင်း စိုက်လိုက်သလို ခံစားရတယ်၊ ဆစ်၊ ဆစ်၊ ဆစ်နဲ့”

အချိန်က ကိုယ့်ကို ပြန်ဖြုန်းတီးနေတယ် ဆိုတဲ့ စကားစုက ကျွန်တော့်ရဲ့ ခြေကုန်လက်ပန်းကျနေတဲ့ ဦးနှောက်နဲ့ ခန္ဓာကိုယ်ထဲကို တုန်ခါစက်တစ်ခုလို ထိုးဖောက် ဝင်ရောက်လာတယ်။ ကျွန်တော် ကီမီကို ကလပ်က ပြန်အလာကို စောင့်နေခဲ့ရတဲ့ နာရီတွေ အားလုံးကို ပြန်တွေးမိတယ်။ ယိုကိုက ကျွန်တော့် ခံစားချက်ကို ဘာသာပြန် ပေးလိုက်တာပါပဲ။

“ဘာမှမလုပ်ဘဲ ထိုင်နေရတာဟာ တော်တော် ခက်ခဲပါတယ်၊ ကိုယ် ဆိုလိုချင်တာက ကိုယ် အထီးကျန်နေခဲ့တယ်၊ အဲဒါကြောင့် ဝတ္ထုတွေ စဖတ်၊

ရုပ်ရှင်တွေ စကြည့်ခဲ့ပါတယ်၊ နောက်ဆုံး ရုပ်ရှင်တွေနဲ့ ပတ်သက်လို့ ကောင်းတဲ့ အချက်တွေကို နားလည်ခဲ့တယ်၊ ကိုယ် ခံစားနေရသလို၊ မင်းလည်း ခံစားနေရချိန်မှာ ရုပ်ရှင်တွေက ကောင်းတယ်၊ 'ရိုင်းတဲ့ အိန်ဂျယ်တွေ' ဆိုတဲ့ ရုပ်ရှင် ကြည့်ဖူးလား"

ကြည့်ဖူးပါတယ်လို့ ကျွန်တော် ပြောလိုက်တယ်။

"အလွယ်တကူ စီးနင်းသူများ ဆိုတဲ့ ရုပ်ရှင်ထက်တောင် ပိုကောင်းသေးတယ်၊ နောက်ဆုံးအခန်း မှတ်မိလား"

မှတ်မိပါတယ်လို့ ကျွန်တော် ထပ်ပြောလိုက်တယ်။ သူမ ဘာပြောနေလဲ ဆိုတာ ကျွန်တော် ခုမှ နားလည်လာတယ်။

ရိုင်းတဲ့ အိန်ဂျယ်တွေ ကားရဲ့ နောက်ဆုံးအခန်းမှာ ငရဲအိန်ဂျယ်များ အဖွဲ့ရဲ့ ခေါင်းဆောင် ဘလူးစ်အဖြစ် သရုပ်ဆောင်တဲ့ ပီတာဖွန်ဒါဟာ သူ့ရဲ့ ကျဆုံးသွားတဲ့ ရဲဘော်တစ်ယောက်ရဲ့ စျာပနကို ကျင်းပနေတုန်း ရဲတွေ ရောက်လာပါတယ်။ သူ့ရဲ့ မိန်းမဖြစ်တဲ့ နန်စီဆီနာထရာက "ကျွန်မတို့ ဒီကနေ ထွက်မှ ရတော့ မယ်၊ ဘလူးစ်၊ သွားကြစို့" လို့ ပြောတယ်။ ဘလူးစ်က မြေမှုန်တွေကို အုတ်ဂူပေါ် ဖျန်းလိုက်ပြီး "သွားစရာ နေရာ မရှိဘူး" လို့ ရေရွတ်ပါတယ်။

"ကိုယ် အဲဒီ ဇာတ်ဝင်ခန်းကို အရမ်း သဘောကျတယ်" လို့ ယိုကိုက ပြောပါတယ်။ "အဲဒီရုပ်ရှင်ကို အကြိမ်တစ်ရာလောက်တောင် ကြည့်သင့်ပါတယ်၊ ကိုယ့်အကြိုက်ဆုံးက နောက်ဆုံးခန်းလို့ပဲ ထင်ပါတယ်၊ ကြည့်ပါဦး၊ တစ်ယောက်ယောက်ဟာ ဘယ်နေရာကိုမှ သွားစရာ မရှိတော့တာ အမှန်ပဲလား၊ တစ်နေရာရာကို သွားစရာမလိုအောင် ဖြစ်စေမယ့် တစ်ခုခုကို စဉ်းစားရမှာပဲလေ။ လူအများစု အတွက်တော့ တစ်နေရာရာကို သွားစရာ ရှိနေတာဟာ အရေးပေါ်ကိစ္စနဲ့ ပြေးရတာလို့ အဓိပ္ပာယ်ရောက်ပါတယ်၊ တစ်ယောက်ယောက်က သူတို့ကို အမိန့်ပေးနေတယ်၊ လူတိုင်းအတွက် မှန်တယ်လို့ ထင်တယ်၊ အောက်ဆုံးအဆင့် စစ်သားကနေ သမ္မတ အထိပေါ့ အဲဒီအကြောင်းကို မင်း ထွက်သွားကတည်းက ကိုယ်စဉ်းစားမိတယ်၊ မင်းမှာ ထူးခြားတဲ့ ပါရမီရှိမရှိဆိုတာ ကိုယ်မသိပေမယ့် မင်းဟာ အရေးပေါ် ကိစ္စတွေနဲ့ ပြေးလွှားနေရမယ့် လူတစ်ယောက် မဟုတ်ဘူး ဆိုတာကို ကိုယ်သိ တယ်၊ မင်း အဲဒီလို ပြေးနေရတဲ့ အချိန်မှာမှ မင်းမှာ သွားစရာနေရာ မရှိတာကို သိလာလိမ့်မယ်၊ မင်း သွားရမယ့်

နေရာကို ရှာမတွေ့တော့ရင် မင်းဟာ မင်း မသွားချင်တဲ့ နေရာကိုပဲ နောက်ဆုံးမှာ သွားရမှာပဲ”

နားလည်ပြီ လို့ ကျွန်တော် ပြောပြီး အိပ်ရာထဲကနေ ထလိုက်တယ်။

“ကျွန်တော် ဖူဆာကို ပြန်တော့မယ်”

သူမ ခေါင်းညိတ်တယ်။

⁂

နောက်ထပ် နှစ်ဆယ့်လေးနှစ်အကြာမှာ လေ့စ်အိန်ဂျလိစ်မြို့မှာ ကျွန်တော်နဲ့ ယိုကို အတူရှိနေပါတယ်။

ကျွန်တော်တို့ စန်ကျူရီစီးတီးက ဘားမှာ တွေ့ပါတယ်။ သူမ ပိန်ပိန်ပါးပါး ရှိနေဆဲပဲ။ မိတ်ကပ်ပါးပါးလိမ်းပြီး သူမနဲ့လိုက်တဲ့ ခပ်ပွပွ ချည်ထိုးထားတဲ့ ဝတ်စုံကို ဝတ်လို့ထားပါတယ်။

အဲဒီမှာ ကျွန်တော်တို့ ဘားပိတ်တဲ့အထိ အကြောင်းအရာမျိုးစုံကို ထိုင်စကားပြောဖြစ်ခဲ့ပါတယ်။

“ငါ့ ဘဝမှာ လိင်ကိစ္စက အများစု ရှိခဲ့တယ်” ဆယ့်ခုနစ်ခွက်မြောက် ကော့ညက်ကို သောက်ပြီးနောက် သူမ ကျွန်တော့်ကို ပြောတယ်။ အတူတူပါပဲလို့ ကျွန်တော် ပြောတော့ သူမရဲ့ လှပပြီး အရေးအကြောင်း မရှိသလောက် မျက်နှာမှာ အပြုံးတစ်ပွင့် တောက်ပသွားတယ်။ “အခုချိန်ထိ မပြောင်းသေးတာ တစ်ခု ရှိသေးတယ်နော်၊ မင်းက ခုချိန်ထိ လူလိမ်တစ်ယောက် ဖြစ်နေသေးတာပဲလေ” လို့ သူမက ပြောတယ်။

❑

(The Wild Angels by Ryū Murakami)

ချိုသော ဘဝ

ကျွန်တော် အသက် နှစ်ဆယ့်သုံးနှစ်လောက်ပဲ ရှိဦးမယ်။

အခုချိန် ပြန်တွေးကြည့်တော့ ကျွန်တော် ဘာကြောင့်များ အနုပညာ ကျောင်းတက်ခဲ့တာလဲ မသိဘူး။ ကျွန်တော့် အဖေက အနုပညာ ကျောင်းဆရာ တစ်ယောက် ဖြစ်ပြီး အဖေ ပန်းချီဆွဲတာကို ကြည့်ရင်း ကျွန်တော် အရွယ်ရောက်လာတာကတော့ အမှန်ပါပဲ။ ကျွန်တော် အဖေ့ခြေရာ လိုက်နင်း ဖြစ်လိမ့်မယ်လို့တော့ တစ်ခါမှ မတွေးဖူးဘူး။

ကျွန်တော့်ဆီ ပိုက်ဆံတွေ လှိမ့်ဝင်နေတာကိုပဲ ကျွန်တော် လိုချင်ခဲ့တာ လို့ ထင်တယ်။ ကျွန်တော် ကောလိပ်တစ်ခုခု မတက်ရင် ကျွန်တော် မုန့်ဖိုးရ တော့မှာ မဟုတ်ဘူး။ ပထမ နှစ်နှစ်မှာတော့ ကျွန်တော်ဟာ လူတွေ ခေါ်ကြတဲ့ ရိုနင်တစ်ယောက်ပေါ့။ ဒါပေမဲ့ ကျွန်တော် သွားနေတဲ့ လမ်းကြောင်းက သခင်မ ရှိတဲ့ ဆာမူရိုင်းတစ်ယောက်အနေနဲ့ ကျောင်းသားတစ်ယောက်အနေနဲ့ လူ ကြိုက်များ ခေတ်စားတဲ့ ပုံရိပ်နဲ့ အပုံကြီး ဝေးလို့နေတယ်။ ကောလိပ်ဝင်ခွင့် စာမေးပွဲတွေ နီးမှ စာတွေကို အတင်းတွန်းထိုး ကျက်ပြီး နေနေတတ်ခဲ့တယ်။ ကျွန်တော်ဟာ ကျွန်တော့်ထက် အသက်ကြီးတဲ့ အမျိုးသမီးတစ်ယောက်နဲ့ ယို ကိုတာက အမေရိကန် လေတပ်အခြေစိုက် စခန်းနားမှာ နေနေခဲ့တယ်။ အမေ ရိကန် စစ်သားတွေနဲ့ တပူးတွဲတွဲနေပြီး လူတွေသိသမျှ ဆေးမှန်သမျှ ချတယ်။ မြောက်မြားစွာသော ရာဇဝတ်မှုတွေနဲ့ သံသယအဝင်ခံရပြီး အဖမ်းခံထိခဲ့တယ်။ ဘဝနေမှုပုံစံက အဲဒီအတိုင်း ဆက်သွားနေပြီး အဘက်ဘက်ကနေ ယိုယွင်း ပျက်စီးလို့ နေခဲ့တယ်။ ဒါပေမဲ့ အဲဒီလိုနေတာကနေ သာယာမှုတွေ ရတယ်လို့ တော့ မပြောနိုင်ပါဘူး။ မမှားယွင်းနိုင်တဲ့ တိကျမှုတွေ၊ အဆိုးရွားဆုံး ဖြစ်နိုင်တဲ့ ရွေးချယ်မှုတွေနဲ့ လုပ်ဖြစ်သွားတာချည်းပဲ။

အဲဒီ အမျိုးသမီးနာမည်က ကီမီကို။ ကျွန်တော် သူမနဲ့ စတွေ့တုန်းက သူမက အိမ်ထောင်သည်။ ကျွန်တော်က အသက် ဆယ့်ရှစ်နှစ်ပဲ ရှိသေးတယ်။ သူမက ကျွန်တော့်ထက် အသက် ခြောက်နှစ်ကြီးတယ်။ ကျွန်တော်တို့ ကီချီဂျို ဂျီက ရော့ခ်ကဖေးတစ်ခုမှာ ဆုံခဲ့တာပါ။ အသံချဲ့စက်ကနေ သည်ဒိုးရဲ့ မော်ရစ်

ဆင်သီချင်း အကျယ်ကြီး လာလို့နေတယ်။ အကွက်စရွှေ့တာက ကျွန်တော် ပေါ့။

“ကျွန်တော့်မှာ အရွက်ခြောက်နည်းနည်းနဲ့ နီဘရိုလ်ရှိတယ်၊ စိတ်ဝင်စား လား”

ကီမီကိုဟာ ကော့ခ်တေးတစ်ခွက် သောက်လို့နေပါတယ်။ ဆိုက်ကား လား၊ မော်စကိုမြူးလားတော့ မသိဘူး။ အဲဒီလို တစ်ခုခုပဲ ထင်ပါတယ်။ အဲဒီလို ဟာမျိုးကို ကျွန်တော်ဖြစ်ဖြစ်၊ ကျွန်တော့်သူငယ်ချင်းတွေ ဖြစ်ဖြစ် အရင်က မ မြင်ဖူးကြဘူး။ သောက်ကြည့်ဖူးဖို့ဆို ဝေးရော။ ကျွန်တော်တို့က ကော်ဖီ ဖြစ်ဖြစ်၊ ကိုလာဖြစ်ဖြစ်ပဲ သောက်ကြတယ်။ ကော့ခ်တေး ဆိုတာ ရှေးရိုးစွဲပုံစံ တွေ ကြိုက်ကြတဲ့ အရာလို့ ကျွန်တော်တို့က မြင်တယ်။ ကီမီကိုက ဆံပင်ကို ပြင်ထားတယ်။ ဝတ်စုံတစ်စုံ ဝတ်ထားတယ်။ ခြေအိတ်ရှည် စွပ်ထားပြီး ဒေါက် မြင့် သားရေဖိနပ်ကို စီးထားတယ်။ ကျွန်တော်နဲ့ တွေ့လေ့ရှိတဲ့ ဘယ်မိန်းမမှ ဒီ လို မဝတ်ကြဘူး။ သူတို့တွေက ဆံပင်ကိုမဟားတရား တိုတိုညှပ်ထားပြီး က ကျိုးကကြောင် ရှည်ထွက်လာအောင် ထားတယ်။ သူတို့တွေက တီရှပ်နဲ့ ဂျင်း၊ ဒါမှမဟုတ် ဆာရီလိုပုံစံမျိုးကို ခြေညှပ်ဖိနပ်၊ ဒါမှမဟုတ် သားရေဖိနပ် အထူ ကြီးတွေနဲ့ ဝတ်ရတာကို ကြိုက်ကြ တယ်။ စနီကာဖိနပ် ဆိုတာ နေ့စဉ် စီးရတဲ့ ဖိနပ်မှန်း ကြားတောင် မကြားဖူးကြဘူး။ ဆူနီကာဇူ ဆိုတဲ့ စကားလုံး အမေရိ ကကနေ ရောက်လာပြီးတော့မှ လူတွေက စီးရကောင်းမှန်း သိလာကြတာ။ အ နှစ်ဒိုဂတ်စု (လေ့ကျင့်ရေးဖိနပ်) လို့ ကျွန်တော်တို့ ဆက်ခေါ်နေရင် သူတို့ ဆက် စီးပါ့မလား မသိဘူး။

အရွက်ခြောက် ဆိုတာ ဆေးခြောက်ကို ခေါ်တဲ့ အမေရိကန်ဗန်းစကား ပါ။ နီဘရိုလ် ဆိုတာက ဟိုင်မီနယ် ဆိုတဲ့ ဆေးကနေ ထုတ်ထားတာပါ။ လူ ကြိုက်အများဆုံး စိတ်ငြိမ်ဆေးပါပဲ။ ကီမီကိုက အဲဒီနှစ်မျိုးစလုံးကို တစ်ခါမှ မ ကြားဖူးဘူး။ ကျွန်တော့်ရဲ့ ဆံပင်ရှည်၊ တီရှပ်၊ သားရေဂျက်ကက် အနက်ရောင် တို့ကို ငေးစိုက်ကြည့်ပြီး မေးတယ်။

“မင်း ပြောလိုက်တဲ့ ဟာတွေက မူးယစ်ဆေးတွေ မဟုတ်လား”

ကျွန်တော့် သူငယ်ချင်းတချို့က တစ်ဖက်စားပွဲကနေ လှမ်းကြည့်နေကြ တယ်။ သူတို့ထဲက တစ်ယောက်နဲ့ ကျွန်တော်လောင်းထားတယ်။ ယိုကိုဆူကာ

က ကောင်နဲ့ပါ။ ကျွန်တော် ဒီအမျိုးသမီးကို မ သွားနိုင်၊ မနိုင်ပေါ့။ ကျွန်တော် နိုင်ရင် ဆေးပြား သုံးထုပ်ရမယ်၊ ရှုံးရင် ဆေးခြောက် သုံးဂရမ် ပေးရမယ်။ အမြင်မှာတော့ ဒီအမျိုးသမီးပုံစံက လက်လျှော့ရလောက်မယ့်ပုံ ဖြစ်နေတာကြောင့် သူလောင်းတာပါ။

ကျွန်တော် အရွက်ခြောက်နဲ့ နီဘရိုလ်ဆိုတာ ဘာလဲလို့ ရှင်းပြလိုက်ပါတယ်။ ကီမီကိုက ပြုံးပြီးတော့ ပြောပါတယ်။

“မင်း ငါ့ကို စမ်းသုံးခွင့် ပေးမှာလား”

နောက်တော့ ဆေးပြားတွေ၊ အရက်တွေ၊ ဆေးခြောက်တွေကြောင့် သူမ စကားတောင် မပြောနိုင်တော့ပါဘူး။ သူမ လမ်းပေါ်ကို မကြာမကြာ လဲကျပါတယ်။ အကြိမ်ရေနည်းနည်း အန်ပါသေးတယ်။ ကျွန်တော့် တိုက်ခန်းမှာပဲ လိုက်အိပ်ပါတယ်။ ကျွန်တော် လောင်းကြေး နိုင်ပါတယ်။ ဒါပေမဲ့ နောက်နေ့ မနက်မှာတော့ သူမဟာ အိမ်ထောင်ရှိမှန်း သိလိုက်ရတော့ ကျွန်တော် ကြောက်လန့်တုန်လှုပ် သွားပါတယ်။

“စိတ်ပူစရာ မလိုပါဘူး” လို့ သူမက ကျွန်တော့်ကို ပြောပါတယ်။

သူမ ယောကျ်ားက ဂင်ဇာက ရတနာဆိုင်တစ်ဆိုင်မှာ အလုပ်လုပ်ပြီး သည်းခံတတ်တဲ့ အသက် သုံးဆယ်ကျော်အရွယ် လူတစ်ယောက် ဖြစ်ပုံရပါတယ်။ သူတို့နှစ်ယောက်ဟာ မီတာကာမှာ ရှိတဲ့ ကွန်ဒိုတစ်ခုမှာ အတူနေကြပါတယ်။ ဒါပေမဲ့ အဲဒီအချိန်ကစလို့ ကီမီကိုဟာ ညဆို ကျွန်တော့်တိုက်ခန်းမှာ အနေများပါတယ်။ သူမမှာ ပိုက်ဆံပြတ်သွားပြီ ဆိုရင် ယောကျ်ားဖြစ်သူဆီက သွားတောင်းပြီး ကျွန်တော့်ဆီကို ချက်ချင်း ပြန်လာပါတယ်။ ကျွန်တော်တို့ အတူနေပြီး တစ်လအကြာမှာတော့ ကျွန်တော့်ကို ဂင်ဇာကို လိုက်ခဲ့ဖို့ သူမ ခေါ်ပါတယ်။ “နောက်ပိုင်း သူ ငါ့ကို ပိုက်ဆံ မပေးတော့ဘူး” လို့ သူမ ပြောပါတယ်။ “သူ့ဆိုင်ကို သွားပြီး သူ့ကို အရည်ညှစ်ရအောင်” ကျွန်တော်တို့နှစ်ယောက် လက်ချင်းချိတ်ပြီး လမ်းလျှောက်သွားတော့ ယောကျ်ားဖြစ်သူဟာ ကျွန်တော်တို့ နှစ်ယောက်ကို အာကာသယာဉ် တစ်စီးထဲက ထွက်လာတဲ့ လူနှစ်ယောက်လို ကြည့်ပါတယ်။ “ရှင် ကျွန်မတို့ ဒီကိုလာတာကို မကြိုက်ဘူး မဟုတ်လား” လို့ သူမက သူ့ကို ပြောလိုက်တယ်။ သူ့ယောကျ်ားရဲ့ ပိုက်ဆံအိတ်ထဲက ယန်းတစ်သောင်းတန် ပိုက်ဆံတွေ အကုန်ယူခဲ့တယ်။ ကျွန်တော်တို့ ရတနာဆိုင်က

နေ ထွက်ထွက်ချင်းပဲ သူမက ကျွန်တော့် လက်ကို ကိုင်ပြီး “အခုတော့ ကစ်လို့ ရပြီ” လို့ ပြောတယ်။

ကီမီကိုရဲ့ မိဘတွေက အိုကာယာမကနေ ဖုန်းနှစ်ကြိမ်လောက် ဆက်ပြီး ဖျောင်းဖြပေမယ့် နောက်ဆုံးမှာတော့ သူမဟာ အဲဒီလူကို ကွာရှင်းခဲ့ပါတယ်။

“ကက်ဆက်က ငါ့ဟာ၊ သူကပြန်မပေးဘူး၊ စိတ်ပျက်ဖို့ ကောင်းတယ်”

တစ်နေ့မှာတော့ သူမက ကျွန်တော်နဲ့ ကျွန်တော့်သူငယ်ချင်း တစ် ယောက်ကို မီတာကာက ကွန်ဒိုခန်းကို ဖောက်ဝင်ပြီး ပိုက်ဆံရမယ့် ပစ္စည်းတွေ ယူဖို့ အကြံပြုပါတယ်။ ကျွန်တော်တို့ လုပ်ခဲ့ပါတယ်။ အဲဒါက ကျွန်တော်တို့ ယို ကိုတာလေတပ် စခန်းနားက အခန်းကို ရွှေ့ခဲ့ပြီးတဲ့ နောက်မှာပါ။

သူမနဲ့ လမ်းခွဲတာ နောက်ထပ် တစ်နှစ်ခွဲ အကြာမှာပါ။ ဆယ့်ရှစ်လ ကာလအတွင်း ကီမီကိုဟာ ကိုယ်ဝန်သုံးကြိမ် ဖျက်ချခဲ့ပါတယ်၊ လက်ကောက်ဝတ်တွေကို နှစ်ကြိမ် ဓားနဲ့လှီးပါတယ်။ မရေတွက်နိုင်လောက် တဲ့ အမေရိကန် လူမည်း စစ်သားတွေနဲ့ လိင်ဆက်ဆံပါတယ်။ နှစ်ကြိမ် အဖမ်း ခံရပြီး၊ နှလုံးမခုန်တော့တာကြောင့် ဆေးရုံကို တစ်ကြိမ် ပြေးရပါတယ်။ ကျွန်တော်လည်း ထို့အတူပါပဲ။ သူမ မူးယစ်ဆေးနဲ့ လိင်ကိစ္စအတွက် ကြုံတွေ့ တာတွေကို ကျွန်တော်က တစ်ဝက်လောက်ပဲ ကြုံတွေ့ရတယ် ဆိုပေမယ့် လည်းပေါ့။ ကောင်းကင်ဘုံနဲ့ ငရဲပဲ ဆိုတာကတော့ ပြောစရာတောင် မလိုပါ ဘူး။ ကီမီကိုဟာ တစ်စစီ ပဲ့ကြွေပြီးတော့ မိဘတွေရှိရာ အိုကာယာမကို ပြန်သွားခဲ့ပါတယ်။ ကျွန်တော်ကတော့ တစ်နည်းတစ်ဖုံနဲ့ ကောလိပ် ရောက်ခဲ့ ပါတယ်။ ကျွန်တော် မောင်မယ်သစ်လွင် ကြိုဆိုပွဲကို မတက်ခဲ့ရပါဘူး။ ကီမီကို နဲ့ လမ်းခွဲတုန်း ဖြစ်ခဲ့တဲ့ ကိစ္စတစ်ခုကြောင့် ကျွန်တော် ရဲဖမ်းတာ ခံထားခဲ့ရပါ တယ်။ ကျွန်တော် အာမခံနဲ့ ပြန်ထွက်လာပြီးတော့ ကျောင်းဖွင့်ပွဲပြီးလို့ တစ်လ အကြာမှာ ကျောင်းကို ရောက်ခဲ့ပါတယ်။ အသက်အရွယ်အရ ကျွန်တော်နဲ့ ကျွန်တော့်အတန်းဖော်တွေ ကြားမှာ ကွာခြားမှု ကြီးကြီးမားမား မရှိပါဘူး။ ဒါပေမဲ့ သူတို့တွေ အားလုံးဟာ ကျွန်တော့်အတွက်တော့ ကလေးတွေလိုပါပဲ။ အတန်းတွေက စိတ်ပျက်စရာတွေပါပဲ။ အထူးသဖြင့် သင်ခန်းစာတွေက အလွန်အမင်း ပျင်းဖို့ ကောင်းလွန်းလှတယ်။ တခြားကျောင်းသားတွေ စကားပြောနေတာကို နားထောင်ရင် ငါ ဒီမှာ ဘာလာလုပ်နေတာလဲလို့ တွေးမိ စေပါတယ်။ သူတို့တွေဟာ သောက်ဖို့၊ နှင်းလျှောစီးဖို့၊ စပေါ့ကားတွေနဲ့ လူ

ကြိုက်များနေတဲ့ ဒစ္စကိုသီချင်းတွေ အကြောင်းကို ပြောကြပါတယ်။ ကျွန်တော် ဘယ်သူနဲ့မှ သူငယ်ချင်း ဖြစ်နိုင်မှာ မဟုတ်တာကို သိနေပါတယ်။ သူငယ်ချင်း ရှိချင်စိတ်လည်း မဖြစ်မိပါဘူး။ ယိုကိုတာမှာ နေပြီးတော့ ကျွန်တော်ဟာ တွေ့ကြုံဖြတ်သန်းရမယ့် အရာတွေ အားလုံးကို ဖြတ်သန်းပြီးသွားပြီလို့ပဲ ထင်နေမိပါတယ်။ ကျွန်တော် ဟိုက်စကူးပြီးတာ နှစ်နှစ်ပဲ ရှိပါသေးတယ်။ ဒါပေမဲ့ ဆယ်စုနှစ် တစ်ခုလောက် ကြာခဲ့ပြီလို့ ထင်ရပါတယ်။

နေ့လယ်စာ စားချိန်လား၊ ကျောင်းဆင်းတာလား ဆိုတာကို ကျွန်တော် မ မှတ်မိပါဘူး။ ကျွန်တော့် အတန်းဖော် တစ်ဖွဲ့ဟာ ဘောလုံးကန်နေကြပါတယ်။ တကယ့်ပွဲကြီးတော့ မဟုတ်ပါဘူး။ သူတို့တွေဟာ အဝိုင်းကြီးတစ်ခုပုံစံနဲ့ ကန် နေကြတာပါ။ သူတို့ ကစားနေတာကို ကျွန်တော် ခဏလောက် ကြည့်လိုက် တယ်။ တစ်ယောက်ကလွဲလို့ ကျန်တဲ့ လူတွေအားလုံးက ဆိုးဆိုးရွားရွား ကစား လို့နေကြတယ်။ စက်ဝိုင်းပုံက မီတာနှစ်ဆယ်၊ သုံးဆယ်လောက်ရှိမယ်။ လူတွေ က ဝင်ကစားလိုက်၊ ထွက်ချင်တဲ့ အချိန် ထွက်လိုက်ပါပဲ။ အဲဒါနဲ့ ကျွန်တော် လည်း ဝင်လိုက်တယ်။ ပထမတော့ ဘောလုံးက ကျွန်တော့်ဆီ မလာဘူး။ ဘောလုံး ကျွန်တော့်ဆီ ရောက်လာရင် ဘောလုံး ဘယ်လိုကန်ရမလဲ သိတဲ့ ကောင်ဆီကို လှမ်းကန်လိုက်ဖို့ ဆုံးဖြတ်လိုက်ပါတယ်။ ကျွန်တော် အလယ်တန်းတုန်းက ကွင်းလယ်ကစားသမား ဖြစ်ခဲ့ဖူးပါတယ်။ ကျွန်တော့် ကျွမ်းကျင်မှုက ဘောလုံးကို ခုတ်တင်လိုက်တာပါပဲ။ နောက်ဆုံးတော့ ဘောလုံး ဟာ ကျွန်တော့်ဆီကို ခပ်ဖြည်းဖြည်း ရောက်လို့လာပါတယ်။ ကျွန်တော် ဘောလုံးကို ပေါင်နဲ့ သပ်သပ်ရပ်ရပ် ထိန်းလိုက်ပေမယ့် ခုတ်တင်လို့ မရအောင် လွဲသွားပါတယ်။ ကျွန်တော် အဲဒီတစ်ယောက်ရဲ့ ခေါင်းပေါ် ရောက်အောင် ဘောလုံးကို ခြေခုံနဲ့ အမြောက်ကန်တင်လိုက်ပါတယ်။ ဒါပေမဲ့ ကျွန်တော် ဟန်ချက်ပျက်ပြီး ယိမ်းယိုင်သွားကာ ဘောလုံးကို စည်းဝိုင်းအပြင်ဘက် ရောက် အောင် ကန်လိုက်မိပါတယ်။

နောက်ခဏနေတော့ ဘော့စ်ဘောအသင်း လေ့ကျင့်ခန်းလုပ်ဖို့ ကွင်းထဲ ရောက်လာပါတယ်။ ကျွန်တော်တို့ ခေါင်းကို ဘော့စ်ဘောသီး မမှန်ချင်ရင် ထွက် လို့ လှမ်းအော်ပါတယ်။ ကျွန်တော်နဲ့ ဘောလုံး အကန်ကောင်းတဲ့ တစ်ယောက် က လွဲလို့ ကျန်တဲ့လူ အကုန်လုံး ကွင်းထဲက ထွက်သွားပါတယ်။ ကျွန်တော်တို့ နှစ်ယောက် အပြန်အလှန် ဘောလုံးဆက်ကန်နေခဲ့ပါတယ်။ ဘော့စ်ဘောအလုံး ကို သတ္တုဘော့စ်ဘောရိုက်တံက ရိုက်လိုက်တဲ့ တောင်ခနဲ မြည်သံကြားလိုက်

တိုင်း ကျွန်တော်တို့ လိုက်ကြည့်ကြပါတယ်။ အဲဒီတစ်ယောက် နာမည်က ဝါဒါတဲ့။

“မင်းက အလယ်တန်းမှာပဲ ဘောလုံး ကစားခဲ့တာပေါ့၊ အထက်တန်းမှာ ဘာလုပ်လဲ” ဝါဒါက လူကောင်သေးပေမယ့် စကားများပါတယ်။ ကျွန်တော်တို့ နှစ်ယောက် ဘူတာရှေ့က တရုတ်ခေါက်ဆွဲဆိုင်မှာ ထိုင်စကားပြောခဲ့ပါတယ်။ ကျွန်တော် ဘီယာမှာတော့ သူ ရှော့ခ်ဖြစ်သွားပြီး ပြောပါတယ်။ “နေ့ခင်းဘက်ကြီး သောက်မလို့လား” ကျွန်တော် ကိုလာပဲ မှာလိုက်ပါတယ်။ ကျွန်တော် အထက်တန်းမှာ ရဂ်ဘီ ကစားချင်တဲ့အကြောင်း ပြောပြခဲ့ပါတယ်။ ဒါပေမဲ့ လေ့ကျင့်ခန်း ကြမ်းလွန်းတာကြောင့် တီးဝိုင်းထောင်ဖို့ ဆုံးဖြတ်ခဲ့ပါတယ်။ သူက ခေါင်းတညိတ်ညိတ်နဲ့ ပြောတယ်။ “ဝေါင်း၊ တီးဝိုင်း ဟုတ်လား၊ ပျော် စရာကြီးပဲပေါ့” ကျွန်တော်တို့ ရာမန်ခေါက်ဆွဲကို တရှုပ်ရှုပ် သောက်ကြတယ်။ ဝက်နံရိုး စားကြတယ်။ ဥရောပ ဘောလုံးသမားတွေ ဖြစ်ကြတဲ့ ဗော့၊ ဘက်ကင်ဘောင်ဝါ၊ ခရိုက်ဖ်၊ နီစကန်တို့ အကြောင်းတွေ ပြောကြတယ်။ ဝါဒါဟာ စကားပြောရတာကို ကြိုက်သလို ရယ်ရတာကိုလည်း ကြိုက်တယ်။ စကားပြောနေရင်းနဲ့ သူနဲ့ ပေါက်ကရတွေပြော၊ ရယ်နေတာကြောင့် ကျွန်တော် ကီမီတို့ကို လုံးဝ မေ့သွားတာကို သတိထားမိတယ်။ အဲဒီအချိန်ထိ ကျွန်တော် ဘာလုပ်လုပ်၊ ပတ်ဝန်းကျင်မှာ ဘာတွေပဲ ဖြစ်နေဖြစ်နေ ကျွန်တော် သူမကို စိတ်ထဲကနေ စက္ကန့်အနည်းငယ်လောက်တောင် ထုတ်လို့မရဘူး။

ဝါဒါက သူဟာ နာမည်ကြီး ဆိုင်တမ အထက်တန်းကျောင်းရဲ့ ဘောလုံး အသင်းမှာ အရန်ကစားသမား ဖြစ်ခဲ့ဖူးကြောင်း ပြောပြပါတယ်။ အဲဒီအသင်းက အသင်းကောင်း ဆိုတာ ကျွန်တော် သိတယ်လို့ သူ့ကို ပြောလိုက်ပါတယ်။ ဒါပေမဲ့ သူ့ရဲ့ ဘောလုံး အထိန်းအသိမ်းကြောင့် အရန်ပဲ ဖြစ်နိုင်ပါတယ်။ သူ ခုံကနေ ထပြီးတော့ “ဟုတ်တယ်၊ ဒါပေမဲ့ ငါ တကယ် လုပ်မယ့်ဟာ ရှိတယ်၊ ငါက ရုပ်ရှင်ရူး” လို့ ပြောပါတယ်။

ဝါဒါမှာ ဆိုင်ကယ်တစ်စီး ရှိပါတယ်။ သူ ကျွန်တော့်တိုက်ခန်းကို မကြာမကြာ လာပါတယ်။ ကျွန်တော့် အခန်းက ကျဉ်းပေမယ့် ကျွန်တော် ကီမီကိုရဲ့ ကက်ဆက်ကို ယူထားလိုက်ပါတယ်။ ကျွန်တော် ပြောင်းလာတော့ အခွေတော်တော်များများလည်း ပါပါတယ်။ ဝါဒါ့ဆီမှာ ကက်ဆက် မရှိပါဘူး။ ဝါဒါဟာ ရသမျှ မုန့်ဖိုးတွေ စုပြီးတော့ ဆယ့်ခြောက်မီလီမီတာ ရုပ်ရှင်ကင်မရာလေး

ဝယ်ဖို့ ကြိုးစားနေပါတယ်။ ကျွန်တော်တို့ သီချင်းတွေ နားထောင်ပြီးတော့ ရုပ်ရှင်အကြောင်းတွေ ပြောကြပါတယ်။ သူက ကျွန်တော့်ကို ကျွန်တော် မ ကြားဖူးတဲ့ ဒါရိုက်တာတွေ၊ ရုပ်ရှင်တွေအကြောင်း အများကြီး ပြောပြပါတယ်။ သူဟာ ဘီတဲလ်ပရိသတ် အကြီးစားပါပဲ။ ဒါပေမဲ့ ကျွန်တော့်ဆီ အလာများပြီး တဲ့နောက် ရိုးလင်းစတုန်းကိုလည်း သူ ကြိုက်လာပါတယ်။ ရိုးလင်းစတုန်းအဖွဲ့ ဂျပန်မှာ ပထမဆုံးအကြိမ် လာဆိုတော့ သူနဲ့ကျွန်တော် လက်မှတ်ဝယ်ဖို့ စောင် တွေခြံုပြီး လမ်းပေါ်မှာ တစ်ရက်ခွဲ တန်းစီခဲ့ပါတယ်။ ဂျပန်မှာ မက်ဒေါနယ် ဘာဂါဆိုင် စဖွင့်တုန်းကလည်း အဲဒီလိုပါပဲ။ ရှင်ဂျူကူမှာ ဖွင့်တာပါ။ ပထမဆုံး လူငါးရာကို ဟမ်ဘာဂါ အခမဲ့ ကျွေးခဲ့ပါတယ်။ ကျွန်တော်တို့ အိတ်ကပ်တွေထဲ မှာ တန်ဖိုးရှိလှတဲ့ ပွဲကြည့်လက်မှတ် ဆယ့်နှစ်စောင်ကို ထည့်ထားပြီး အလကားရတဲ့ ဘာဂါတွေကို ပါးဖြဲနားဖြဲ စားရင်း တစ်ယောက်ကို တစ်ယောက် ဂုဏ်ပြုလိုက်ကြတယ်။ လက်မှတ်အပိုတွေကို ပြန်ရောင်းပြီး ရတဲ့ အမြတ်ကို ရုပ်ရှင်ကင်မရာ ဝယ်ရာမှာ သုံးဖို့ ကျွန်တော်တို့ စီစဉ်ထားပါတယ်။ ဒါပေမဲ့ ရိုး လင်းစတုန်းပွဲ အုတ်အော်သောင်းတင်းနဲ့ ပျက်သွားပါတယ်။ အဖွဲ့သားတွေ ဆေးအလွန်အကျွံ သုံးလို့ပါ။

ကျွန်တော်တို့နှစ်ယောက် ဆုံတိုင်း ရုပ်ရှင်တွေ သွားကြည့်ခဲ့တဲ့ အချိန် တွေလည်း ရှိခဲ့ပါသေးတယ်။ ဖယ်လီနီ၊ ဂိုဒါ့ဒ်၊ အလန်ရေနဲ့တို့ရဲ့ ရုပ်ရှင်တွေ ပေါ့။ တစ်ခါက ကျွန်တော်တို့ ရှင်ဇူအိုကာထိ သူ့ဆိုင်ကယ် မောင်းသွားပြီး အလွတ်တန်း ပြတဲ့ စည်းအပြင်ကလူများ အဖွဲ့ ရုပ်ရှင်ကို သွားကြည့်ခဲ့ပါတယ်။ ကျွန်တော် ပန်းချီတော်တော် ဆွဲဖြစ်ပေမယ့် အတန်းတော့ သိပ်မတက်ပါဘူး။ နောက်ဆုံးတော့ တစ်နှစ် ကျခဲ့ပါတယ်။ ဒီလို ကျခဲ့ပေမယ့် နောက်ဆုံးမှာတော့ ကျွန်တော်တို့ ဆယ့်ခြောက်မီလီမီတာ ကင်မရာကို ကိုင်နိုင်ခဲ့ပါတယ်။ ရေနဲ့ရဲ့ စတာဗင်စကီရုပ်ရှင် ပြပြီးချိန်မှာပါ။ ကျွန်တော်တို့ ဂန္ဆဝင်သီချင်းတွေ ဖွင့်တဲ့ ကော်ဖီဆိုင်ကို သွားခဲ့ပါတယ်။ အဲဒီမှာ ကီမီကိုရဲ့ ယောကျ်ားဟောင်းနဲ့ ဆုံခဲ့ပါ တယ်။ သူ ကျွန်တော့်ဆီ လာပြီး ကျွန်တော် ဘာလုပ်နေလဲ မေးပါတယ်။ ကျွန်တော် ကောလိပ်တက်နေတယ် ဆိုတော့ တကယ့်ကို ဝမ်းသာသွားပုံပါပဲ။

“မင်းအပေါ် ကျေးဇူးရှိတယ်လို့ ငါ ခံစားရတယ်” လို့ သူက ပြောပါတယ်။

“အဲဒီမိန်းမက ဒုက္ခကလွဲလို့ ဘာမှ မပေးတတ်ဘူး၊ သူနဲ့ ပတ်သက်တဲ့ သူ မှန်သမျှ ပျက်စီးတာပဲ၊ သူနဲ့ ဝေးသွားရတာကို ငါ တကယ်ဝမ်းသာတယ်”

သူ အဲဒီအကြောင်းကို အကြောကြီး ပြောပါတယ်။ ကျွန်တော် ကီမီကို ကို ကာကွယ်ဖို့ကြိုးစားပေမယ့် မဖြစ်ခဲ့ပါဘူး။ ကီမီကို သူမရဲ့ ဇာတိကို ပြန်သွားပြီး အဆင်ပြေပါတယ်လို့ပဲ ကျွန်တော် ပြောလိုက်နိုင်ပါတယ်။ အမှန်ကတော့ သူမ ဟာ စိတ်ကျန်းမာရေး ဆေးရုံမှာပါ။

ကီမီကိုရဲ့ ယောကျ်ားဟောင်းက ကျွန်တော်တို့ရဲ့ ကော်ဖီဖိုးကို ရှင်းသွား ပါတယ်။ သူနဲ့ပါလာတဲ့ လူက ကြော်ငြာအေဂျင်စီမှာ အလုပ်လုပ်နေတာ ဖြစ်ပြီး ဘိုလက်စ်ကင်မရာ ရောင်းမလို့ လုပ်နေတာပါ။ သူတို့ အေးဆေးနေပါစေဦးလို့ ကီမီကိုရဲ့ ယောကျ်ားဟောင်းက အဲဒီလူကို ပြောလိုက်တယ်။ ဝါဒါက အဲဒီ ကင်မရာကို ယန်း ၁၈၀၀၀ နဲ့ ဝယ်ဖို့ သဘောတူလိုက်တယ်။ ကော်ဖီဆိုင် အပြင်ဘက်မှာ လမ်းခွဲမလို့ လုပ်တော့ ကီမီကိုရဲ့ ယောကျ်ားဟောင်းဖြစ်သူက "ငါတို့ နှစ်ယောက်လုံးကတော့ ပန်းပန်လျက်ပါပဲ" လို့ ပြောပါတယ်။ ကျွန်တော် တို့ နှစ်ယောက်ကြားမှာ အူကြောင်ကြောင်နိုင်တဲ့ စည်းတစ်ခု ရှိတယ်လို့ သူ ထင်ပုံပါပဲ။ ကီမီကိုနဲ့ ပတ်သက်ဖူးလို့ နာကျင်ရတဲ့ ယောကျ်ားနှစ်ယောက်ပေါ့။ ကျွန်တော့် အမြင်အရတော့ သူမဟာ အပြစ်မဟုတ်ပါဘူး။ ကျွန်တော် ဗလုံးဗထွေးနဲ့ မရေမရာ ပြန်ပြောလိုက်တယ်။ တခြားတစ်ယောက်အတွက် မ နာကျင်ရဘူး ဆိုတာ ကျွန်တော့်အတွက် အမှန်တရား ဆိုတာကို သူ နားလည်ပုံ မပေါ်ပါဘူး။ ကိုယ့်ကိုယ်ကိုယ်က လွဲပြီး တခြားဘယ်သူ့ကိုမှ အပြစ်တင်စရာ ဘယ်တော့မှ မရှိပါဘူး။

အဲဒီလူနဲ့ ကျွန်တော် ဘယ်လို ပတ်သက်လဲ ဆိုတာကို ဝါဒါက မမေးခဲ့ပါ ဘူး။ ဘိုလက်စ်ကင်မရာနဲ့ ယှဉ်ရင် သူ့အတွက် အဲဒီလူက ဘာမှ စိတ်ဝင်စား စရာ မရှိပါဘူး။

"ငါ့အတွက် ဇာတ်ညွှန်းတစ်ခု ရေးပေးမလား" လို့ အဲဒီညမှာ သူပြောပါ တယ်။ ဘိုလက်စ် ကင်မရာကြီး ပိုင်ပြီးတဲ့ နောက်မှာပေါ့။ ကျွန်တော် ယိုကိုတာ မှာ နေတုန်းက အတွေ့အကြုံတွေအကြောင်း ဝတ္ထုရေးမလို့ မှတ်စုတွေ ဖြည်းဖြည်းချင်း ထုတ်ထားတာကို ကျွန်တော် သူ့ကို ပေးဖတ်ထားပါတယ်။

"ဒီလိုရေးနိုင်တာကြောင့်မင်းက ကံကောင်းတယ်" လို့ သူက ပြောတယ်။

"ငါကတော့ လုံးဝ မရေးနိုင်ဘူး၊ ငါ သုံးနှစ်၊ လေးနှစ်အထိ စကားမပြော တတ်ခဲ့ဘူး တဲ့၊ အခုတောင်မှ ငါ ခန်းဂျီစကားလုံးတွေ အများကြီး မသိဘူး၊

ဒါပေမဲ့ ဇာတ်ညွှန်းမရှိဘဲနဲ့ ရုပ်ရှင်ရိုက်လို့ မရဘူး၊ မှတ်တမ်းရုပ်ရှင်ပဲ ဖြစ်ဖြစ် ပေါ့၊ စစ်ကြီး ပြီးပြီတို့၊ ညနဲ့မြူတို့မှာတောင် ဇာတ်ညွှန်းရှိတယ်”

ကျွန်တော် သူ့အတွက် ရေးပေးတဲ့ ဇာတ်ညွှန်းခေါင်းစဉ်က အပျက်အစီး များကြားက အရိပ်တစ်ခုပါ။ ဇာတ်လမ်းက ဒီလိုပါ။

ဇာတ်ကောင်က ဖန်သားပြင်ပေါ် ဘယ်တော့မှ ပေါ်မလာမယ့် လူတစ် ယောက်ပါ။ သူ မြင်သမျှကို ကြည့်နေတဲ့ ကျွန်တော်တို့ မြင်ရမယ်။ တစ်နည်း ပြောရရင် ကင်မရာက သူ့ရဲ့ မြင်ကွင်းကို လိုက်ရိုက်တာ။ မကြာမကြာ သူ့ရဲ့ အတွေးတွေကို စာတန်းထိုးပြီး ကျွန်တော်တို့ကို ပြမယ်။ အဲဒီလူဟာ သူ့ရဲ့ မြင်ကွင်း နယ်ပယ်ထဲမှာ မကြာမကြာ လွန်းထိုးနေတဲ့ အရိပ်တစ်ခုကြောင့် ထာဝရကြောက်ရွံ့မှုတွေနဲ့ နေထိုင်နေတယ်။ အဲဒီအရိပ်က သူ့ကို ချောင်းကြည့် နေတဲ့ သူ့ရဲ့ အတိတ်ဘဝက တစ်စုံတစ်ယောက်လို့ သူ ထင်စပြုလာတယ်။ သူ အဝေးကိုသွားပြီး ကိုယ့်ဘာသာကိုယ် တစ်ယောက်တည်း နေဖို့ လိုတယ်လို့ ဆုံးဖြတ်လိုက်တယ်။ သူဟာ ရှေးဟောင်း လူသူကင်းမဲ့တဲ့ ကျောက်မီးသွေး တွင်း မြို့ကို ကားမောင်း ထွက်လာတယ်။ အဲဒီမြို့ဟာ ပင်လယ်နားမှာရှိပြီး တောခွေးတွေနဲ့ ကျီးကန်းတွေပဲ ရှိတယ်။ သို့ပေမဲ့ အပျက်အစီးတွေကြားထဲမှာ သူဟာ အရိပ်နဲ့ ထပ်ဆုံပြန်တယ်။

ကျွန်တော့် စိတ်ထဲမှာ ရှိတဲ့ ရိုက်ကွင်းနေရာက လူသူမရှိတဲ့ စက်မှုဇုန်ဝင်း တစ်ခုပါ။ ကမ်းခြေနားက နေရာတစ်ခုပေါ့။ အချိန်က နွေရာသီပါ။ ဝါဒါဟာ သူ့ အိမ်က ကိုရိုလာကားကို ငှားလိုက်တယ်။ သူငယ်ချင်း တစ်ယောက်က ကျွန်တော်တို့ကို ရွက်ဖျင်တဲ ငှားလိုက်တယ်။ ကျွန်တော်တို့ ပျက်စီးနေတဲ့ လုပ်ငန်းခွင်နားမှာ ရက်အတော်ကြာ နေလိုက်တယ်၊ ပင်လယ်ဘေးက မြေကွက်လပ်မှာ ရွက်ဖျင်တဲ ထိုးလိုက်တယ်။ လှိုင်းတွေက ကျောက်ဆောင် တွေကို ရိုက်တဲ့ နေရာတွေဆီကို ကျွန်တော်တို့ လမ်းလျှောက်ကြတယ်။ ကျွန်တော်က ရေငုပ်တယ်။ ငါးတွေ၊ ခရုတွေ ကောက်တယ်။ ရေငုပ်တာ ဘယ် မှာ သင်လဲလို့ ဝါဒါက ကျွန်တော့်ကို မေးတယ်။ ကျွန်တော် ကလေးဘဝ ကတည်းက ရေငုပ်လာတာလို့ ပြောပြလိုက်တယ်။ မီးပုံဘေးမှာ ထိုင်ပြီး ကျူ ရှူးကျွန်းက ကျွန်တော့် ဇာတိမြို့အကြောင်းကို ပြောပြလိုက်တယ်။ ကီမီကိုနဲ့ တွေ့ပြီးကတည်းက ဘယ်သူ့ကိုမှ ကျွန်တော့် ကလေးဘဝအကြောင်း မပြောပြ ဖူးတာကို ကျွန်တော် နားလည်မိတယ်။

ဝါဒါက ရိုက်ကူးရေး လုပ်နေချိန်မှာ ကျွန်တော် ကိုရိုလာကား မောင်းချင်မောင်း၊ ဒါမှမဟုတ် အရိပ်အဖြစ် သရုပ်ဆောင်ရတယ်။ စတုတ္ထမြောက်နေ့၊ နေ့လယ်ခင်းမှာ ကျွန်တော် ရေငုပ်ရင်းနဲ့ ပုံစံဆန်းဆန်း ပင်လယ်အနီ မိုနီပန်းကို တွေ့ခဲ့တယ်။ ဝါဒါက အဲဒါကို သဘောကျနေတယ်။ သူ့လက်ချောင်းကို အဝိုင်းပေါက်လို ဖြစ်နေတဲ့ နေရာလေးမှာ ထိုးထည့်လိုက်တော့ အဝက ကျုံ့လို့သွားတယ်။ အဲဒါကို သူက တစ်ခုခု ထိုးထည့်ရမယ်လို့ ထင်နေတယ်။ ကျွန်တော်က အဆိပ်ရှိနိုင်တာကြောင့် မလုပ်ဖို့ တားခဲ့ပါတယ်။ ဒါပေမဲ့ သူက လက်ချောင်းကို ထိုးလိုက်၊ ထုတ်လိုက် အကြိမ်ကြိမ် လုပ်နေခဲ့ပါတယ်။ ညနေရောက်တော့ သူ ကိုယ်ချစ်ချစ်တောက် ပူတော့တာပါပဲ။ ကျွန်တော် ငယ်ငယ်က နဖူးမှာ အဖုအပိမ့်၊ အင်ဖျဉ်ဖြစ်ရင် အဘွား လိမ်းပေးတဲ့ ပေါင်းပင်တစ်မျိုးကို ကျွန်တော် မှတ်မိသွားပါတယ်။ ကျွန်တော် အဲဒီပေါင်းပင်ကို ထောင်းပြီးတော့ နာတဲ့နေရာမှာလိမ်း ဆိုပြီး ဝါဒါကို ပေးလိုက်ပါတယ်။ ပေါင်းပင် ထောင်းထားတာကြောင့်လား၊ ဘာလားတော့ မသိဘူး၊ ညရောက်တော့ နာကျင်တာ တော်တော် လျော့သွားပါတယ်။ အဲဒီအချိန်မှာ ကျွန်တော်တို့ နှစ်ယောက်လည်း တော်တော်ပင်ပန်းနေပါပြီ။ ဒါပေမဲ့လည်း ရုပ်ရှင်နဲ့ပတ်သက်ပြီး ကျွန်တော်တို့ အငြင်းပွားကြပါသေးတယ်။

“ငါ ဘေးကနေ ကြည့်နေတော့ မြင်နေရတယ်” လို့ ကျွန်တော် ပြောလိုက်တယ်။

“ဒါပေမဲ့ အခု ရိုက်ထားတာကို တစ်ယောက်ယောက်ကို ပြလိုက်ရင် ဒါဘာလဲ၊ ဘာအဓိပ္ပာယ်လဲလို့ ဖြစ်ကြလိမ့်မယ်လို့ ငါ ထင်တယ်”

ရုပ်ရှင်မှာ အရုပ်တွေက ဘယ်လို အလုပ်လုပ်တယ် ဆိုတာကို ကျွန်တော် ကောင်းကောင်း နားမလည်လို့ အခုလို ပြောတာလို့ ဝါဒါက ပြန်ပက်ပါတယ်။ ကျွန်တော် အဲဒါကို တစ်မိနစ်လောက် စဉ်းစားလိုက်ပါတယ်။ ဝါဒါက ဆိုင်တမက။ ဆိုင်တမ ဆိုတာက တိုကျိုနဲ့ ကပ်လျက်။ သူက ဂိုဒျိဒ်ရုပ်ရှင်တွေ၊ ပိုလန်ရုပ်ရှင်တွေ၊ အေတီဂျီ ရုပ်ရှင်တွေ ကြည့်ပြီး ကြီးပြင်းလာတဲ့ တစ်ယောက်ပါ။ ကျူရှူးကျွန်း အနောက်အစွန်းဘက်က ကျွန်တော့်ဇာတိမြို့လေးမှာတော့ အဲဒါတွေ မရှိပါဘူး။

“ဟုတ်ပါတယ်၊ မင်း ပြောတာ မှန်ပါလိမ့်မယ်” လို့ ကျွန်တော် အသံတိုးတိုးနဲ့ ဖြည်းဖြည်း ပြောလိုက်တယ်။ ကီမီကိုနဲ့ တစ်နှစ်ခွဲလောက် အတူနေ

လိုက်တာကနေ ကျွန်တော်ဟာ စကားကို တည်တည်ငြိမ်ငြိမ် ပြောတတ်တဲ့ အကျင့်ရလာခဲ့တယ်။ ကိုယ့်ရဲ့ အသံနေအသံထားကြောင့် ဘာပြဿနာမှ မတက်အောင် ထိန်းထားရင်းနဲ့ပေါ့။ ကျွန်တော့်တည်ငြိမ်မှု ပျောက်ဆုံးသွားရင် သူမ ဘာလုပ်မလဲ ဆိုတာကို ကျွန်တော် မသိနိုင်ဘူး။ သေချာတာကတော့ ကောင်းတာတော့ မဟုတ်ဘူး။ ဝါဒါနဲ့ ကီမီကိုဟာ လုံးဝ မတူညီတဲ့ ပုံစံတွေပါ။

“ငါ မင်းလောက် ရုပ်ရှင်တွေ အများကြီး မကြည့်ဖူးပါဘူး” လို့ ကျွန်တော် ဝန်ခံလိုက်ပါတယ်။ “ပြီးတော့ ငါ့မှာ မင်းလို ဒါရိုက်တာပညာ၊ ရိုက်ကူးရေးပညာတွေ မရှိပါဘူး၊ ဒါပေမဲ့ ရုပ်ရှင်တွေ ဆိုတာ ခြေရာခံ ရိုက်ချက်တွေ၊ ကင်မရာကို ဆွဲရိုက်ချက်တွေချည်းပဲနဲ့တော့ မဖြစ်ပါဘူး၊ လှတဲ့ ပန်းပုံတွေ၊ လှိုင်းပုံတွေနဲ့ တောင်တန်းပုံတွေ ရိုက်ရုံနဲ့လည်း မဖြစ်ပါဘူး၊ လှတာက ကောင်းပါတယ်၊ လှလေ ကောင်းလေပါပဲ၊ ဒါပေမဲ့ အဲဒီလို လှတဲ့ မြင်ကွင်းကို ဆယ်စက္ကန့်လောက် ရိုက်ပြရုံနဲ့ ဘာမှ ဖြစ်လာမှာ မဟုတ်ပါဘူး၊ ဘယ်လို ရိုက်ရမလဲ ဆိုတာကို စိတ်မပူခင် မင်း ဘာရိုက်ချင်တာလဲ ဆိုတာကို သိရမယ်၊ တစ်နည်းပြောရရင် မင်း ဘာပြောချင်လဲပေါ့၊ ဘယ်လို ပြောမလဲပေါ့၊ မင်း ရိုက်နေတာကို ငါ ကြည့်နေတယ်၊ ဒါပေမဲ့ မင်း ဘာပြောချင်လဲ ဆိုတာကို ပုံဖော်လို့ မရဘူး”

ဝါဒါဟာ ရေငုံနှုတ်ပိတ်လို့ နေတယ်။ သူ့ပုံစံက ငိုတော့မယ့် အတိုင်းပဲ။

“ငါ့ခေါင်းထဲမှာ ပုံရိပ်တစ်ခု ရှိတယ်” လို့ အချိန်အကြာကြီး တိတ်ဆိတ်ပြီးတဲ့နောက် သူ ပြောတယ်။ “အဲဒါကို ငါ ရုပ်ရှင်ထဲမှာ ထည့်ချင်တယ်၊ ဒါပေမဲ့ အဲဒီပုံရိပ်က ဥပမာပြောရရင် သစ်ပင်တစ်ပင်ကို မင်း မြင်ယောင်ကြည့်လိုက်ရင် အဲဒါက အစေ့တစ်စေ့၊ ဒါမှမဟုတ် အဖူးတစ်ခုပဲ၊ ငါက အဲဒါကို ပျိုးထောင်ရမယ် ဆိုတာကို သိတယ်၊ အဲဒါကို ဇာတ်လမ်းတစ်ခု ဖြစ်အောင် လုပ်ရမယ်။ ဒါပေမဲ့ ငါ မလုပ်နိုင်ဘူး၊ ငါ ကလေးဘဝကတည်းက စဉ်းစားနေခဲ့တာတောင် မလုပ်နိုင်ပါဘူး၊ ငါ့မှာ အဲဒီပါရမီ မပါတာပဲ ထင်ပါတယ်”

သူဟာ အခုတော့ ဖြဲငိုတော့မတတ်ပဲ။ ကီမီကို တစ်ခါက ပြောဖူးတာကို ကျွန်တော် အမှတ်ရမိတယ်။ “အရေးကြီးတဲ့ ကိစ္စတစ်ခုခုကို ပြောဖို့ ကြိုးစားနေချိန်မှာ ထငိုတဲ့ လူတွေကို ငါ မုန်းတယ်၊ ယောကျ်ားရော၊ မိန်းမရောပဲ၊ ငိုတတ်တဲ့ လူတွေကို ယုံလို့မရဘူး။ သူတို့တွေက သူတို့ဟာ လောကကြီးရဲ့ အလယ်ဗဟိုမှာ ရှိတယ်လို့ ထင်ကြတယ်၊ သူတို့တွေရဲ့ မျက်ရည်တွေက သူတို့ကို အရာအားလုံးကနေ လွတ်ငြိမ်းချမ်းသာခွင့် ပေးလိမ့်မယ်လို့ ထင်နေကြ

တယ်” ကျွန်တော် သူမနဲ့ သဘောထားတူပါတယ်။ ဝါဒါ မငိုတဲ့အတွက် ကျေးဇူးတင်မိပါရဲ့။

“မင်း အဲဒီလို မပြောသင့်ဘူး” လို့ ကျွန်တော် သူ့ကို ပြောလိုက်တယ်။

“မင်းမှာ ဘယ်လို ပါရမီပါလဲ ဆိုတာ မင်း မသိဘူး၊ အဲဒီပါရမီကို မင်း မစမ်းကြည့်ဘဲနဲ့လည်း မသိနိုင်ဘူး၊ ငါတို့ အသက် အခုမှ နှစ်ဆယ့်နှစ်နှစ်ပဲ ရှိသေးတယ် ဟယောင်ရေ”

ဝါဒါက အဲဒီစကားကို စဉ်းစားတယ်။ ပြီးတော့ ပြုံးဖြဲဖြဲ ဖြစ်လို့လာတယ်။

“ငါ့ကို ဘယ်သူကမှ အခုလို အရင်က မပြောဖူးဘူး” လို့ သူက ပြောတယ်။ “ရူးကြောင်ကြောင် နိုင်တယ် ဆိုပေမယ့် အဲဒါက အမှန်ပါပဲ၊ မင်း သိပါတယ်၊ အခုချိန်ထိ ငါနဲ့တွဲနေတဲ့ လူတွေအကုန်လုံးက တစ်ခုခု လုပ်တာဟာ လုံးဝ မလန်းဘူး ဆိုတဲ့ အပေါက်မျိုး ချိုးနေကြတယ်၊ လက်လျှော့လိုက်တာက ပိုလန်းတယ်ပေါ့၊ မြောက်ပိုင်းနားမှာ နေခဲ့တဲ့ ပန်းချီဆရာကို ပြန်စဉ်းစားကြည့်၊ သူက သူဟာ နောက်ထပ် ဗန်ဂိုး ဖြစ်လိမ့်မယ်လို့ ပြောခဲ့တယ်၊ ဒီနေ့ခေတ်မှာ ကျောင်းမှာ ကလေးတစ်ယောက်က အဲဒီလို ပြောတတ်တာ မြင်ယောင်ကြည့်၊ လူတွေက သူ့ကို စောက်ရူး၊ ဒါမှမဟုတ် ရူးနေတာလို့ ထင်ကြလိမ့်မယ်၊ မင်း မိဘ၊ ဆရာ၊ ဆရာမတွေ၊ တီဗွီ၊ မဂ္ဂဇင်းတွေ အကုန်လုံးက လက်လျှော့ဖို့ပဲ ပြောနေကြတယ်”

တဲထဲမှာ ပူလောင်ပြီး အိုက်စပ်စပ် ဖြစ်နေပါတယ်။ အပြင်မှာတော့ ခြင်တွေ တဝီဝီနဲ့ ပြွတ်ခဲလို့နေတယ်။ ခြင်တွေ ပြေးအောင် ကျွန်တော် မီးဖိုအကြီးကြီး ဖိုလို့ ထားတယ်။ ကျွန်တော်တို့ ဘီယာပူပူသောက်ပြီး လှိုင်းသံ နားထောင်နေကြတယ်။

“မင်းရဲ့ သဘောထားကို ကြေညာစရာ မလိုပါဘူး” လို့ ကျွန်တော် သူ့ကို ပြောလိုက်တယ်။

“ကိုယ့်ကိုယ်ကိုယ် ဗန်ဂိုး ဖြစ်တော့မယ် ဆိုတဲ့ လူကလည်း သူ့သူငယ်ချင်းတွေဆီ လှည့်ပတ်ပြီး ပြောခဲ့မှာ မဟုတ်ပါဘူး၊ မင်း လုပ်ရမှာက ကိုယ့်အတွင်းကနေ သိနေဖို့ပါပဲ”

“မင်းကကော”

လို့ သူ ပြောတယ်။

“မင်းမှာကော ထူးခြားတဲ့ ပါရမီရှိတယ်လို့ ထင်လား”

“ငါ အဲဒီအကြောင်း သိပ်မစဉ်းစားဖူးဘူး၊ ငါ စဉ်းစားဖူးရင်လည်း ဘယ်သူ့ကိုမှ ပြောမှာ မဟုတ်ဘူး”

“မင်း ငါ့အတွက် နောက်ထပ် ဇာတ်ညွှန်း ရေးပေးဦးမှာလား”

ကျွန်တော် ခေါင်းညိတ်လိုက်ပြီး မီးပုံထဲကို ထင်းထပ်ထည့်လိုက်တယ်။

ဒီခရီးစဉ်က ပြန်လာပြီးနောက် ကျွန်တော်တို့ နေ့တိုင်းနီးပါး ရုပ်ရှင် သွားကြည့်ကြတယ်။

ကျွန်တော်တို့ စိတ်ကူးဉာဏ် ကွန့်မြူးလို့ရတဲ့ ရုပ်ရှင်တိုင်းကို ရုပ်ရှင်ရုံ မျိုးစုံမှာ လိုက်ကြည့်ကြတယ်။ လူကြိုက်များတဲ့ ရုပ်ရှင်ရုံတွေကနေ ယာယီ ရုပ်ရှင်ရုံတွေအထိ လိုက်ကြည့်ကြတယ်။ ထည်ဝါခမ်းနားတဲ့ ရုံတွေကနေ ခုံးတံတား အောက်က အပြာကားပြတဲ့ ရုံတွေထိ ကြည့်ဖြစ်တယ်။ ဒါပေမဲ့ ကျွန်တော်တို့ နှစ်ယောက်လုံး စကားပြောဖြစ်ကြပေမယ့် မကြည့်ရသေးတာက ဖယ်လီနီရဲ့ ချိုသောဘဝ ရုပ်ရှင်ကားပါပဲ။

တဖြည်းဖြည်းနဲ့ ဝါဒါဟာ စတုတ္ထနှစ်ကျောင်းသား ဖြစ်လို့လာတယ်။ နွေရာသီ အားလပ်ရက်ပြီးတော့ သူဟာ သင့်တော်တဲ့ အလုပ်တစ်ခု စရှာလာရတယ်။ သူ့မှာ စိတ်နှစ်ခွ ဖြစ်လို့နေတယ်။

“ငါ ကြော်ငြာကုမ္ပဏီ အကြီးကြီး တစ်ခုမှာ အလုပ်လုပ်ကောင်း လုပ်ရလိမ့်မယ်” လို့ သူ ပြောပါတယ်။ “ငါ့အမေဘက်က ဦးလေးရဲ့ အဆက်အသွယ် တစ်ခု ရှိတယ်၊ ဒါပေမဲ့ ငါက မဆိုစလောက် သေးသေးလေးပဲ ဖြစ်ဖြစ် စတူဒီယို ထဲမှာပဲ အလုပ်လုပ်ချင်တယ်”

အဆက်အသွယ် ရှိပေမယ့် သူဟာ ကြော်ငြာကုမ္ပဏီကြီး တစ်ခုမှာ ကျိန်းသေပေါက် အလုပ်ရမယ့် လူတော့ မဟုတ်ပါဘူး။ အလုပ်ဝင်ခွင့် စာမေးပွဲအတွက် သူ ပြင်ဆင်ရပါတယ်။ အဲဒါကြောင့် ကျွန်တော် တစ်ယောက်တည်း ရုပ်ရှင်တွေ ဆက်ကြည့်ပါတယ်။ နွေရာသီတုန်းက ကျွန်တော်တို့ ဆယ့်ခြောက် မီလီမီတာနဲ့ ရိုက်ခဲ့တဲ့ ရုပ်ရှင်က ရှေ့ဆက် မတိုးတက်လာပါဘူး။ ကျွန်တော်က ကျောင်းကို မသွားတော့သလောက်ပါပဲ။ ကျွန်တော် နေ့ဘက် ရုပ်ရှင်တွေ

ကြည့်တယ်။ ညဘက်ကျရင် ပန်းချီဆွဲတယ်။ ပန်းချီဆွဲတာ ပျင်းလာရင် ကျွန်တော် ဝတ္ထု နည်းနည်းချင်း ရေးတယ်။

ဒီလိုနဲ့ ဆောင်းနှောင်း တစ်ရက်မှာတော့ ချိုသောဘဝ ပြမှာကို ကျွန်တော် သိခဲ့တယ်။ တစ်ကြိမ်ပဲ ပြမှာပါ။ နာကာနိုက ပြည်သူ့ခန်းမမှာပါ။ ကျွန်တော် ဝါဒျဆီကို ချက်ချင်း ဖုန်းဆက်ပါတယ်။ သူ လာနိုင်မှာ မဟုတ်ဘူးလို့ ပြောပါတယ်။

“ငါ့အမေရယ်၊ ဦးလေးရယ်နဲ့ ညစာ သွားစားရမယ်”

“မင်းအမေနဲ့ မင်းဦးလေးနဲ့ ဟုတ်လား”

လို့ ကျွန်တော် ပြောလိုက်တယ်။

“ညစာ ဟုတ်လား”

“ဆောရီးပါကွာ” လို့ သူ ပြောတယ်။

ကျွန်တော် ချိုသောဘဝကို တစ်ယောက်တည်း ကြည့်ခဲ့တယ်။ တော်တော် ရှည်တဲ့ ရုပ်ရှင်ပါ။ ကြည့်ပြီးတဲ့ နောက်မှာတော့ ဝါဒျဆီ ချက်ချင်း ဆက်သွယ်ရမယ် ဆိုတဲ့ စိတ်ဖြစ်ခဲ့တယ်။ ကျွန်တော် ခန်းမထဲက ထွက်တော့ မိုးရွာနေပါတယ်။ ကျွန်တော် အခပေးဖုန်းဆီ တန်းသွားခဲ့ပြီး ဒီကောင့် ဖုန်း နံပါတ်ကို ခေါ်လိုက်တယ်။ ဒါပေမဲ့ သူ ညစာကနေ ပြန်မလာသေးပါဘူး။ ကျွန်တော် ကိုကူညန်ဂျီကို ရထားစီးပြီး သူ့အခန်းဆီကို ဖြည်းဖြည်းချင်း သွားခဲ့ပါတယ်။ မိုးရေကို တတ်နိုင်သမျှ ရှောင်ရင်းနဲ့ပေါ့။ မီး မလင်းသေးဘူး။ မိနစ်နှစ်ဆယ်လောက် ကြာပြီးတဲ့အထိ သူ ပြန်ရောက်မလာသေးဘူး။ ကျွန်တော် မိုးရေထဲမှာ ဘယ်အချိန် ပြန်လာမယ်မှန်း မသိတဲ့ သူငယ်ချင်းတစ်ယောက် ပြန်အလာကို စောင့်နေတဲ့ ကိုယ့်အဖြစ်ကိုယ် မေးခွန်းမထုတ်မိတာမျိုး တစ်ခါမှ မဖြစ်ဖူးပါဘူး။ ကျွန်တော်တို့ နှစ်ယောက်ကြားမှာ သည်းလှိုက်အူလှိုက် ဆက်နွယ်မှုမျိုး ရှိနေတာလည်း မဟုတ်ပါဘူး။ ဒါပေမဲ့ ခုနက ရုပ်ရှင်နဲ့ ပတ်သက်လို့ ကျွန်တော့်မှာ ပြောစရာ တစ်ယောက်မှ မရှိပါဘူး။ ကျွန်တော့် ကိုယ်တွင်းမှာ တစ်ခုခု နိုးထလာခဲ့ပါပြီ။ အဲဒါကို ကျွန်တော် တစ်ယောက်ယောက်ဆီ လက်ဆင့်ကမ်းဖို့ လိုအပ်နေတယ်။ ကျွန်တော် စာတိုလေး ရေးခဲ့ဖို့ ဆုံးဖြတ်လိုက်တယ်။ ကျွန်တော် တံစက်မြိတ်အောက်မှာ ရပ်နေခဲ့

တယ်။ စာတိုက်ပုံးအောက်က ကြမ်းပြင်မှာ တွေ့တဲ့ ကြော်ငြာလက်ကမ်း စာရွက် နောက်မှာ ကျွန်တော် စာရေးခဲ့တယ်။ အေးလွန်းလို့ ကျွန်တော့်လက်တွေ ထုံနေပြီ။ မင်တွေက စာရွက်အနှံ့ ပြန့်သွားတယ်။ ဖယ်လီနီက အံ့ဩစရာပဲ။ မင်း ရုပ်ရှင်ရိုက်သင့်တယ်။ ကြော်ငြာ အေဂျင်စီကို မေ့လိုက်တော့။ နောက်ထပ် ရုပ်ရှင်တစ်ကား အတူတူ ဖန်တီးရအောင်။ စာတိုက်ပုံးထဲ မထိုးသွင်းခင် ကျွန်တော် အဲဒီလို ရေးခဲ့တယ်။

ကျွန်တော့် အခန်းကို ပြန်ရောက်တော့ အဲဒီစာတိုက ကျွန်တော် သူ့ကို ပြောချင်တာရဲ့ တစ်ရာခိုင်နှုန်းတောင် မရှိတာကို သဘောပေါက်မိတယ်။ ကျွန်တော် အရိုးထိအောင် အေးနေလို့ အခန်းမှာရှိတဲ့ ဝီစကီပုလင်းထဲက ဖင်ကပ်လေးကို သောက်လိုက်တယ်။ ကျွန်တော့်မှာ ဆွဲလက်စ ပန်းချီကားတစ်ချပ်နဲ့ ရေးလက်စ ဝတ္ထုတစ်အုပ် ရှိတယ်။ အဲဒါတွေကို ကျွန်တော် အစိတ်စိတ် အမြွာမြွာ ဆုတ်ဖြဲချင် စိတ်ပေါက်လာတယ်။ ကျွန်တော် မလုပ်ဖြစ်ခဲ့ပါဘူး။

⁂

ဝါဒါဟာ ကြော်ငြာ အေဂျင်စီ ကုမ္ပဏီကြီးမှာ အလုပ်ဝင်သွားပါတယ်။ အဲဒီ ကုမ္ပဏီရဲ့ မားကက်တင်းဌာနမှာပဲ အလုပ်လုပ်နေဆဲပါ။

ကျွန်တော် စာမူကို ဆွဲမဖြဲခဲ့ပါဘူး။ ကျွန်တော် ဝတ္ထုရေးဆရာ တစ်ယောက် ဖြစ်လာခဲ့ပါတယ်။ ရုပ်ရှင်တချို့လည်း ရိုက်ဖြစ်ခဲ့ပါတယ်။ ကျွန်တော်တို့ နှစ်ယောက် အတူတူ အလုပ်တစ်ခု လုပ်ဖြစ်ခဲ့ပါတယ်။ ရုပ်ရှင်တော့ မဟုတ်ပါဘူး။ စာရိုက်စက် တစ်ခုအတွက် ကြော်ငြာပါ။ အဲဒီကြော်ငြာမှာ ကျွန်တော် ပါဝင်သရုပ်ဆောင်ရမှာပါ။ အဲဒီပရောဂျက်အတွက် သူက မားကက်တင်းသမားအဖြစ် တာဝန်ကျပါတယ်။ ကျွန်တော်တို့ နှစ်ယောက် ကောလိပ်မှာ စတွေ့ခဲ့တဲ့ အချိန်က ဆိုရင် နှစ်ပေါင်း နှစ်ဆယ်နီးပါး ရှိခဲ့ပါပြီ။ ကြော်ငြာကို ပါရီမြို့ နွေဦးမှာ ရိုက်ခဲ့ပါတယ်။ ဒါဟာ ကျွန်တော်တို့ နှစ်ယောက်အတွက် နှစ်ပေါင်းများစွာ ကြာပြီးမှ မဖြစ်နိုင်တဲ့ ပြန်လည်ဆုံစည်းမှုပါပဲ။ ကျွန်တော်တို့ အကြိမ်ရေ နည်းနည်းလောက် ညစာ အတူတူစား၊ အတူတူ သောက်ဖြစ်ခဲ့ပါတယ်။ ကျွန်တော်တို့ ရုံတင်ခါစ ဖယ်လီနီရဲ့ နောက်ဆုံးရုပ်ရှင်ကို တူတူသွားကြည့်ခဲ့ပါတယ်။ ရုပ်ရှင်ပြီးတော့ ကျွန်တော်တို့ နှစ်ယောက် ဘားတစ်ခု ဝင်ပြီး ခပ်ပြင်းပြင်းတွေ မှာကြပါတယ်။

“ဝေါင်း” လို့ ဝါဒါက ပြောတယ်။ ကျွန်တော် ခေါင်းညိတ်လိုက်ပါတယ်။

“ဖယ်လီနီက အရင်လို အံ့အားသင့်စရာ ကောင်းတုန်းပဲနော်” လို့ သူက သူ့ခွက်ထဲ ကြည့်ပြီး ရေရွတ်တယ်။

သူ ထိပ်တော်တော်ပြောင်နေပြီ။ ကျွန်တော်တို့နှစ်ယောက်လုံး သံယောဇဉ် ရှိတာကို နည်းနည်းတော့ ခံစားရတယ်။ ကျွန်တော် ရေးခဲ့တဲ့ စာအုပ်တိုလေးကို ကျွန်တော် အမှတ်ရမိတယ်။ ဝါဒါလည်း စိတ်ကူးမိလိမ့်မယ်လို့ ကျွန်တော် ထင်ပါတယ်။ ဒါပေမဲ့ ကျွန်တော်တို့ နှစ်ယောက်လုံး အဲဒီအကြောင်း မပြောကြပါဘူး။ ရုက်စရာ ကောင်းလွန်းတယ်လို့ ကျွန်တော် ထင်ပါတယ်။

ကျွန်တော်တို့ လမ်းပေါ်မှာ ဂွတ်ဘိုင်လို့ ပြောကြတယ်။ ကျွန်တော်က တက္ကစီရပ်တဲ့ အတန်းဘက် လျှောက်သွားရင်း အဲဒီညတုန်းက ကျွန်တော် မဆုတ်ဖြဲ ဖြစ်ခဲ့တဲ့ စာမူ အကြောင်းသာမက ကျွန်တော် သူ့ကို ရေးခဲ့တဲ့စာအတိုလေး အကြောင်းပါ စဉ်းစားနေခဲ့မိတယ်။ ကျွန်တော်ဟာ ချိုသောဘဝ ကြည့်ပြီးတဲ့နောက် ထူးခြားရှားပါးတဲ့ စိတ်ခံစားမှုကို ဖြစ်နေခဲ့ပါတယ်။ ဒါပေမဲ့ တဒိန်းဒိန်း ထုနှက်ခံရသလို ခံစားနေခဲ့ရပါတယ်။ ဖယ်လီနီကြောင့် ကျွန်တော် ရေးနေတဲ့အပေါ် မျှော်လင့်ချက်တွေ အားလုံး ပျောက်ကွယ်သွားလောက်အောင် လွှမ်းမိုးကြီးစိုးမှုကြီးကို ကျွန်တော် ခံစားနေခဲ့ရပါတယ်။ ပြီးတော့ ကျွန်တော့် ဘဝမှာ ပထမဆုံးအကြိမ်အဖြစ် တခြားလူတွေနဲ့ ဆက်သွယ်မှု အပြုအမူအပေါ် လေးစားမှုရှိရမယ် ဆိုတဲ့ အသိစိတ် စတင် ဖြစ်ခဲ့ပါတယ်။ ဟုတ်ပါတယ်၊ တခြားလူတွေ ဆိုတာ ဝါဒါ့ကို ဆိုလိုတာ မဟုတ်ပါဘူး။ ကျွန်တော် စာထဲမှာ ရေးခဲ့တဲ့ တစ်ခုခု ဆိုတာလည်း မရည်ရွယ်ပါဘူး။

အခုတော့ မကြာခဏ ဆိုသလို စိတ်ကျန်းမာရေး ဆေးရုံမှာ ရှိနေဆဲ ဖြစ်တဲ့ ကီမီကိုဆီက စာတွေ မကြာမကြာ ရနေပါတယ်။

ကျွန်တော် ဘယ်တော့မှ စာမပြန်ပါဘူး။

❑

(La Dolce Vita by Ryū Murakami)

ငန်းများ

ဘတ်စ်ကားပေါ်ကနေ ဒမ်တိုရန်မျှော်စင်ကို တွေ့လိုက်တော့ ကျွန်မကိုယ်ထဲမှာ တဖျပ်ဖျပ် လင်းနေတဲ့ မီးတောက်တစ်ချက် ထလက်သွားသလို မကောင်းတဲ့ အငွေ့အသက်ကို ကျွန်မ ခံစားလိုက်ရတယ်။

အဲဒီ မကောင်းတဲ့ စိတ်ခံစားချက်က မျှော်စင်ထိပ်ကနေ အော်ပြီးတော့ ခုန်ဆင်းလာသလိုပဲ။

“ကျွန်တော် ဒီမှာ” လို့ အနက်ရောင် အနောက်တိုင်းဝတ်စုံ ဝတ်ထားတဲ့ မျက်နှာဝိုင်းဝိုင်းနဲ့လူက ပြောတယ်။ ဘုရားကျောင်းမျှော်စင်ဟာ ကျူရှူးမှာ ရှိတဲ့ နယ်သာလန်ပုံစံ အပန်းဖြေဥယျာဉ်ဖြစ်တဲ့ ဟူဝီတန်ဘော့ချ်ရဲ့ အလှပြထားတဲ့ နေရာ ဖြစ်ပါတယ်။ ကျွန်မ မဂ္ဂဇင်းတစ်စောင်ထဲက ကံစမ်းမဲပေါက်လို့ ဒီခရီးစဉ်ကို လိုက်ခွင့်ရခဲ့တာ ဖြစ်ပါတယ်။

မျက်နှာဝိုင်းဝိုင်းနဲ့လူက ကျွန်မတို့ကို လက်မှတ်တွေ ပေးတယ်။ ကျွန်မတို့ ရှေ့နောက်တန်းစီပြီး အဝင်ဂိတ်ကို ဖြတ်လာခဲ့တယ်။ ကျွန်မ အတွင်းဘက်ကို ခြေချလိုက်တာနဲ့ ဒီလိုနေရာမျိုးတွေမှာ တွေ့ရတတ်တဲ့အတိုင်း ပျော်ရွှင်နေတဲ့ ပတ်ဝန်းကျင်ကို ခံစားလိုက်ရတယ်။ ဒီလိုနေရာမျိုးမှာက လူတိုင်းက ပျော်နေကြတာလေ။ တိုက်ဗျူဒစ္စနေလန်းကို တာကာကီနဲ့ ကျွန်မ နှစ်ကြိမ်သွားခဲ့ဖူးတာ ပြန်သတိရမိပါတယ်။ အဲဒီ မှတ်ဉာဏ်က ကျွန်မရဲ့ ကျောရိုးအောက်ခြေထိကို အေးစိမ့်သွားစေတယ်။ ကျွန်မ သူ့အကြောင်းကို စဉ်းစားမိတိုင်း အဲဒီလိုမျိုး ဖြစ်တယ်။ ကျွန်မတို့ တစ်ယောက်နဲ့ တစ်ယောက် မတွေ့တော့တာ အခုဆို နှစ်ဝက် ရှိနေပါပြီ။ ဒီခရီးစဉ် မဲပေါက်တဲ့အတွက် သူငယ်ချင်းတွေ အားလုံးက ကျွန်မကို ကံကောင်းတယ်လို့ ပြောကြပါတယ်။ အဲဒီအကြောင်းကို ကျွန်မ တစ်မိနစ်လောက် စဉ်းစားမိပြီးတော့မှ သူတို့ပြောတာ မှန်သားပဲလို့ ကျွန်မ သဘောတူဖြစ်တယ်။ ကံစမ်းမဲပေါက်တဲ့ အကြောင်းကို ခရီးစဉ်မတိုင်မီ တစ်ပတ်အလို ညနေခင်း တစ်ခုမှာမှ သိရတာပါ။ တစ်နေကုန်လုံး ကိုယ်ကိုယ့်ကိုယ် အဆုံးစီရင်ဖို့ စဉ်းစားနေပြီးတဲ့နောက် တစ်ညနေမှာပေါ့။

တာကာကီဟာ ကျွန်မထက် အသက်ဆယ့်နှစ်နှစ် ကြီးပါတယ်။ သူက ပွဲစီစဉ်သူ တစ်ယောက်ပါ။ ဧည့်ခံပွဲတွေ၊ ပါတီပွဲတွေနဲ့ အဲဒီလိုမျိုးပွဲတွေ လုပ်ပါတယ်။ အများစုကတော့ တိုကျိုမြို့က စိတ်လှုပ်ရှားစရာ အကောင်းဆုံး နေရာမှာပါ။ သူဟာ လန်ဒန်မြို့က ဒီဂျေတစ်ယောက်ကို ခေါ်ရင် ခေါ်မယ်၊ ဒါမှမဟုတ် မော်ရိုကို ဒီဇိုင်နာတစ်ယောက်အတွက် ဖက်ရှင်ပြပွဲ တစ်ခုခုကို စီစဉ်ရင် စီစဉ် မယ်။ ဒါမှမဟုတ် စတိတ်စင် တစ်ခုလုံးမှာ သွေးအတုတွေ ပက်ဖျန်းမယ့် ပါဖောင်းမန့်စ် ပွဲတစ်ခုကို စီစဉ်ရင် စီစဉ်လိမ့်မယ်။ သူ့မှာ မိန်းမနဲ့ ကလေးနှစ်ယောက် ရှိပါတယ်။ ကျွန်မတို့ စဆုံတဲ့ ညမှာပဲ အတူ အိပ်ဖြစ်ခဲ့ပါတယ်။ သူက အရပ်မရှည်ပါဘူး။ မျက်မှန် တပ်ပါတယ်။ အပေါ်မှာနေရင် နည်းနည်းပိန်ပါတယ်။ ဒါပေမဲ့ ကျွန်မ သူ့ကို ချစ်မိပါတယ်။ သူက ကျွန်မ တွဲခဲ့တဲ့ တခြားယောကျ်ားတွေနဲ့ မတူပါဘူး။ ပထမဆုံးညမှာ ဟိုတယ်အိပ်ရာထဲ သူ့ကို ကျွန်မရဲ့ အဖေအကြောင်း ပြောပြဖြစ်ခဲ့ပါတယ်။ အဲဒီအကြောင်းကို ကျွန်မ ဘယ်ယောကျ်ားကိုမှ အရင်တုန်းက မပြောပြဖြစ်ခဲ့ပါဘူး။

ကျွန်မအဖေက အူရာဝါက လခစားဝန်ထမ်း တစ်ယောက်ပါ။ ကျွန်မ အထက်တန်း တက်နေတုန်း သူ အလုပ်ထဲမှာ အမှားတစ်ခုခု လုပ်ခဲ့မိပြီး ရုံးကို ဆက်မသွားတော့ပါဘူး။ ဘဝ်ကြောင့်လဲ ဆိုတာကို ကျွန်မ အမေတောင် အသေးစိတ် မသိပါဘူး။ ဖောင်တစ်ခုဖြည့်ဖို့ မေ့ကျန်ခဲ့တာကြောင့်၊ ဒါမှမဟုတ် တစ်ခုခုကြောင့် တိုကျိုက လာတဲ့ ဌာနမှူး လူငယ်ရဲ့ အော်ငေါက်တာ ခံခဲ့ရလို့ ဖြစ်နိုင်ပါတယ်။ အဲဒီအမှားကြောင့် သူ အလုပ်ထုတ်ခံရတာ မဟုတ်ပါဘူး။ သူ အလုပ်ကို မသွားတော့တာပါ။ အဲဒီနောက် မကြာခင်မှာ သူ အိမ်ထဲကနေ အပြင်လည်း မထွက်တော့ပါဘူး။ ပထမတော့ အမေက အဖေ့ကို ဆရာဝန် ပြသင့်တယ်လို့ ပြောတော့ အမေ့ကို အော်ပါသေးတယ်။ ဒါပေမဲ့ နောက်တော့ တဖြည်းဖြည်းနဲ့ အဖေဟာ အော်ဖို့တောင် အင်အား မရှိတော့တဲ့အပြင် စကားတောင် လုံးဝ မပြောတော့ပါဘူး။ တစ်ခါတလေ အဖေဟာ သူ့အခန်းထဲမှာ တိတ်တိတ်လေး ငိုနေတာကို ကျွန်မ တွေ့တွေ့နေရပါတယ်။

ကျွန်မတို့ အိမ်ရဲ့ အနောက်ဘက်မှာ တိုက်ခန်းသေးသေးလေး တစ်ခု ကျွန်မတို့ ဆောက်ထားပါတယ်။ ကျွန်မအမေက အချိန်ပိုင်း အလုပ်တစ်ခု ရပါတယ်။ အဲဒီဝင်ငွေနဲ့ ကျွန်မတို့ အဆင်ပြေအောင် နေခဲ့ရပါတယ်။ ဒါပေမဲ့ ကျွန်မ အထက်တန်းကျောင်း ပြီးပြီးချင်းပဲ အူရာဝါကနေ ထွက်ခဲ့ပြီးတော့ တိုကျိုမှာ ကိုယ့်ဘာသာကိုယ် နေခဲ့ပါတယ်။ ရွှေရောင် နေ့ရက်ကောင်းလေးတွေပေါ့။

အိမ်ခြံမြေ ကုမ္ပဏီတစ်ခုက ရုံးလာပြီး မျက်နှာပြုရုံနဲ့ ကျွန်မတို့ကို တစ်လ ယန်း တစ်သိန်း လစာပေးပါတယ်။ ကျွန်မ အလုပ်ကနေတစ်ဆင့် သိရတဲ့ ပြိုးပြိုးပြက်ပြက်၊ အပျော်ကြိုက်တဲ့ ကောင်မလေးတွေနဲ့ တွဲမိလာခဲ့ပါတယ်။ အဲဒီကာလ ပါတီပွဲတွေ တက်ရတဲ့ အချိန်မှာ တာကာကီနဲ့ ကျွန်မတွေ့ခဲ့တာပါ။

ပထမဆုံးညမှာ အိပ်ရာထဲ ဝတ်လစ်စားလစ် လဲလျောင်းနေရင်း ကျွန်မ အဲဒီအကြောင်း သူ့ကို ပြောပြရင်း ငိုနေခဲ့ပါတယ်။ သူက ကျွန်မအဖေကို မမုန်းဖို့၊ ဒါမှမဟုတ် အထင်မသေးဖို့က အရေးကြီးကြောင်း ပြောခဲ့ပါတယ်။ “ကိုယ်တိုင်တော့ အဲဒီလို အဖြစ်မျိုးနဲ့ မကြုံခဲ့ဖူးပါဘူး” လို့ သူက ပြောပါတယ်။ “မင်းအတွက် ဘယ်လောက် ခက်ခဲမလဲ ဆိုတာကိုတော့ ကိုယ် ခန့်မှန်းလို့ပဲ ရပါတယ်၊ ဒါပေမဲ့ မင်းအနေနဲ့ မင်းအဖေအပေါ်ကို အာဃာတ လုံးဝ မထားသင့်ပါဘူး၊ သူ့အပေါ်ကိုလည်း အတင်းအကျပ် ကိုယ့်ကိုယ်ကိုယ် ဖိအားပေးပြီး နှစ်သက်တာမျိုး မဖြစ်သင့်ပြန်ဘူး၊ ဒါပေမဲ့... ကိုယ် ဘယ်လို ပြောရမလဲ၊ ကိုယ့် ကိုယ်ကိုယ် လွတ်လပ်အောင် နေလို့ပဲ ပြောရမယ်၊ မင်းအဖေအကြောင်းကို တွေးရတာက မင်းကို စိတ်ပျက်ပင်ပန်းစေတယ်၊ ဒါပေမဲ့ သူက မင်းအဖေ ဖြစ် နေတာကြောင့် မင်း သူ့အကြောင်း မစဉ်းစားဘဲလည်း မနေနိုင်ပြန်ဘူး၊ ကိုယ့် ကိုယ်ကိုယ် အခုလို ပြဿနာတွေ ရှိနေတဲ့ ဖော်မြူလာဝမ်း ကားမောင်းသမား တစ်ယောက်လို့ပဲ မြင်ယောင် ကြည့်လိုက်၊ မင်းရဲ့စိတ်ထဲမှာ အဲဒီ အလေးအပင် ကြီး ရှိနေရင် မင်း ပြိုင်ပွဲဝင်လို့ ရမှာ မဟုတ်ဘူး၊ မင်းဟာ ကားမောင်းပြိုင်ပွဲ ဝင်နေရင် နောက်ထပ် အကွေ့တစ်ခုကို မင်း မပြတ်တမ်း မှန်းဆနေရမယ်၊ ဘယ်နားရောက်ရင် ဘရိတ်နင်းရမယ်၊ ဘယ်လိုင်းကို ယူရမယ် ဆိုတာကို အတိအကျ ပုံဖော်ထားဖို့ လိုတယ်၊ အဲဒီလို မင်း လုပ်နေတဲ့ အချိန်မှာ မင်းရဲ့ စိတ်ထဲက ဒုက္ခတွေဟာ ပျောက်ကွယ်သွားလိမ့်မယ်၊ အဲဒီ စိတ်နေစိတ်ထားကို မင်း တစ်ချိန်လုံး စိတ်ထဲမှာ ထားထားဖို့ လိုတယ်၊ ကိုယ်ဆိုလိုချင်တဲ့ လွတ်လပ် အောင်ထား ဆိုတာ အဲဒါပဲ”

ကျွန်မကို ဒီလိုမျိုး ဘယ်သူမှ အရင်က မပြောဖူးပါဘူး။ တာကာကီနဲ့ ကျွန်မ တစ်နှစ်ကျော်ကျော်လောက် တွဲဖြစ်ခဲ့တယ်။ နောက် တဖြည်းဖြည်းနဲ့ ကျွန်မ ကိုယ်ဝန်ရလာခဲ့တယ်။ ကျွန်မတို့ အပြင်းအထန် ရန်ဖြစ်ခဲ့တယ်။ နောက်ဆုံးတော့ ကျွန်မပဲ စိတ်ပျက် ကျန်ခဲ့ရတယ်။ ဒါပေမဲ့ ကျွန်မ သူ ပြောခဲ့ တဲ့ စကားတွေအပေါ် မယုံကြည်တော့တာတော့ မဖြစ်ဘူး။

ဘဏ်တွေ၊ ငွေကြေးကုမ္ပဏီတွေရဲ့ အရှုပ်တော်ပုံတွေအကြောင်း သတင်းစာတွေထဲမှာ ပါလာပြီး သိပ်မကြာခင်မှာ တာကာကီရဲ့ စီးပွားရေးလည်း ကျဆင်းသွားတယ်။ နောက်ဆုံးမှာတော့သူဟာ နာဂိုယာက ဂဏန်းဆိုင်လုပ်ငန်းအတွက် အပေါစားကြော်ငြာ စီစဉ်ရတဲ့အထိ ဖြစ်သွားတယ်။ အဲဒါကြောင့် သူ ကျွန်မနဲ့ တွေ့တဲ့အချိန်မှာ စကားသိပ်မပြောတော့ဘူး။ လမ်းခွဲဖို့ ကျွန်မပဲ စပြီး အကြံပြုခဲ့တာပါ။ သူ စကားလုံးဝ မပြောတော့ဘဲ၊ သူ့အခန်းထဲမှာပဲ တစ်ချိန်လုံး အောင်းနေရင် ဘယ်လိုလုပ်မလဲ ဆိုပြီး ကျွန်မ ကြောက်နေခဲ့ပါတယ်။ အဲဒါ မဖြစ်နိုင်ပါဘူး၊ သူ ခဏလောက် နားပြီးရင် ပြန်အဆင်ပြေမှာပါလို့ ကိုယ့်ကိုယ်ကိုယ် ပြောနေခဲ့ပေမယ့်လည်း အဲဒီအတွေးကတင် ကျွန်မကို ကြောက်လန့်နေစေပါတယ်။ ကျွန်မအဖေ ဘာလို့ မဖြတ်ကျော်နိုင်ခဲ့တာလဲ ဆိုတဲ့ အတွေးကလည်း ရှိလို့နေတယ်။

ကျွန်မတို့ လမ်းခွဲပြီးတဲ့နောက်ထိအောင် ညတိုင်း သူ ကျွန်မဆီ ဖုန်းဆက်လေ့ ရှိပါတယ်။ ကျွန်မတို့ “ချစ်တယ်” ဆိုတာနဲ့ အဲဒီလို စကားတွေ တစ်ယောက်ကို တစ်ယောက် ပြောဖြစ်ပါတယ်။ ဒါပေမဲ့ ကျွန်မ သူနဲ့တော့ မတွေ့ပါဘူး။ နောက် သိပ်မကြာခင်မှာတော့ သူ ကျွန်မဆီ မကြာမကြာ ဖုန်းမဆက်တော့ပါဘူး။ ဒီလိုနဲ့ နှစ်လလောက် အကြာမှာတော့ သူ ကျွန်မဆီ လုံးဝ ဖုန်းမဆက်တော့ပါဘူး။ အဲဒါ အကောင်းဆုံးပဲလို့ ကျွန်မကိုယ်ကျွန်မ တောက်လျှောက် ပြောနေခဲ့ပါတယ်။ နောက်ဆုံးမှာတော့ ကျွန်မဟာ အရာအားလုံးကို ဆုံးရှုံးရသလို ဖြစ်လာပါတယ်။ ကျွန်မ အလုပ်ကနေ ရပ်နားခံရပါတယ်။ အိမ်ခန်းခ မပေးနိုင်တော့ပါဘူး။ ကျွန်မ ဝယ်ခဲ့တဲ့ အဝတ်အစားတွေနဲ့ တခြားပစ္စည်းတွေ ရောင်းချပြီး အိမ်လခ ပေးနေခဲ့ရပါတယ်။

ဟူဝီတန်ဘော့ချ် ခရီးစဉ် ကံစမ်းမဲ ကျွန်မ ဘာကြောင့် ထည့်ဖြစ်ခဲ့လဲ ဆိုတာကို ကျွန်မ တကယ့်ကို မပြောပြနိုင်ပါဘူး။ အဲဒီအချိန်တုန်းက ကျွန်မ ဘာဆို ဘာမှ လုပ်ချင်စိတ် ရှိမနေခဲ့ပါဘူး။ အစာစားတာတောင်မှ အခက်အခဲအများကြီး ဖြစ်ရတယ်။ ကျွန်မရဲ့ ပါးစပ်ထဲမှာ အမြဲခြောက်သွေ့နေပြီး ကျွန်မလည်ချောင်းထဲမှာ ဂွမ်းစတွေ တန်းစီထည့်ထားသလိုပါပဲ။ ကျွန်မ အပြင်ထွက်ချင်စိတ်လည်း မရှိပါဘူး။ ဒါပေမဲ့ တစ်ခုခုမှ မလုပ်ရင် ကျွန်မ ရူးသွားနိုင်တာကို သိနေပါတယ်။ အဲဒါနဲ့ ကျွန်မ မဂ္ဂဇင်းတွေ အကုန်လှန်လှော ဖတ်ပါတော့တယ်။ ကျွန်မ အိပ်ရာထဲ လှဲပြီး အချိန်ကုန်အောင် ကိုယ်ရည်ကိုယ်သွေး စစ်ဆေးချက်တွေ၊ ဒါမှမဟုတ် လိုက်ဖက်မယ့် ရည်းစားရှာဖွေရေး ဝန်ဆောင်မှုတွေရဲ့

မေးခွန်းတွေ ဖြေနေတာတွေကို လုပ်နေခဲ့ပါတယ်။ ဘာပဲဖြစ်ဖြစ်ပေါ့။ ပို့စ်ကတ်တွေ မြင်ရင် ပုံတွေ ဆွဲရမယ် ဆိုတဲ့ စိတ်တွေ ဖြစ်နေခဲ့တယ်။ အဲဒီထက် ပို ကောင်းတဲ့ လုပ်စရာလည်း ရှိမှ မရှိဘဲကိုး။ အဲဒီနောက်တော့ ကိုယ့်ကိုယ့်ကိုယ် သေကြောင်းကြံစည်မယ့် အတွေးက ခေါင်းထဲ ရောက်လို့လာတယ်။ အဲဒီ အတွေးက ကျွန်မကို ခြောက်လှန့်နေတုန်း စာတစ်စောင် ရောက်လာပြီး ‘ကွန်ဂရက်ကျူလေးရှင်း’ လို့ ရေးထားတာ တွေ့လိုက်ရတယ်။

ခရီးထွက်မယ့် မနက်မှာတော့ ကျွန်မဟာ မိတ်ကပ်ကို ပိုပိုသာသာလေး လိမ်းမိတဲ့အတွက် ကိုယ့်ကိုယ်ကိုယ်တောင် အံ့သြမိတယ်။ တာကာကီ အရမ်း ကြိုက်တဲ့ အနက်ရောင် အတွင်းခံ အဝတ်အစားတွေကိုတောင် ဝတ်မိတယ်။ ဘာကြောင့်မှန်း ဆိုတာကို နားမလည်ဘဲ ကျွန်မ ဝယ်ထားတာ ကြာပြီး တစ်ခါမှ မဝတ်ဖူးတဲ့ ဒီဇိုင်နာထုတ် ဝတ်စုံကိုလည်း ဝတ်မိတယ်။ ကျန်တဲ့ ကံစမ်းမဲ ပေါက်သူ အများစုဟာ ကျွန်မအရွယ် မိန်းကလေးတွေချည်းပါပဲ။ ဒါပေမဲ့ သူတို့ကို မြင်တော့ ကျွန်မ အသက်ကြီးသလို ခံစားရတယ်။ ဟူဝီတန်ဘော့ချ် အပန်းဖြေဥယျာဉ်ထဲမှာ မဂ္ဂဇင်းက လူတွေ၊ ခရီးသွား အေဂျင်စီက လူတွေနဲ့ ကျွန်မတို့ရဲ့ လမ်းညွှန်ဖြစ်ပုံရတဲ့ အမျိုးသမီးတစ်ယောက်ရယ်နဲ့ အတူ ကျွန်မတို့ အုပ်စုဖွဲ့ လျှောက်သွားကြပါတယ်။ လေရဟတ်တွေ၊ တူးမြောင်းတွေနဲ့ တခြား အရာတွေကို ကျွန်မ သဘောကျမိနေတုန်း ကျွန်မကို တခြားသူတွေ ဘယ်လို မြင်မလဲ ဆိုတာကို စဉ်းစားနေမိပါတယ်။ ကျွန်မ လုပ်နေတာ ဆိုလို့ တာကာကီသာ ပါလာခဲ့ရင်လို့ တွေးမိပြီး မျက်ရည်ဝဲနေတာပဲ ရှိပါတယ်။ မိန်းကလေး အများစုက သူငယ်ချင်းတွေ ဖွဲ့ပြီး နေကြပါပြီ။ သူတို့တွေဟာ စကားတွေပြောလိုက်၊ တစ်ယောက်ကင်မရာ တစ်ယောက် ယူပြီး ဓာတ်ပုံတွေ ရိုက်ပေးလိုက်ပါပဲ။ ကျွန်မနောက်က မိန်းကလေး တစ်ယောက်က “အီမိုင်စံလား မသိဘူး၊ ကျွန်မတို့ တစ်ခန်းတည်း နေရမှာ ထင်တယ်” လို့ ပြောပါတယ်။

ကျွန်မတို့အားလုံး နာမည်ကတ်ပြားတွေ ချိတ်ဆွဲထားရပါတယ်။ အခန်းတွေကို အက္ခရာအစဉ်လိုက် နေရာချထားပေးပါတယ်။ ကျွန်မနာမည်က အီမိုင်ယူရီကာ၊ သူမနာမည်က အီမာမူရာယူမီကို။ သူမက ဖူကူအိုကာက လာတဲ့ မိန်းမချောလေးပါ။ ကျွန်မထက် အသက်တစ်နှစ် ငယ်ပြီးတော့ စကားပြောရင် တိုးပြီး ရှက်တတ်တဲ့ လေသံနဲ့ ပြောတတ်ပါတယ်။

ဟိုတယ် ယူရိုပါမှာ စာရင်းသွင်းပြီးတဲ့နောက် ကျွန်မတို့ ကဖေးခန်းမမှာ တူးမြောင်းကို ကြည့်ရင်း လက်ဖက်ရည် သောက်နေတုန်း ယူမီကိုက ရုတ်တရက် ထုတ်ပြောလာတယ်။ “ကျွန်မမှာ အေအိုင်ဒီအက်စ် ရှိနေပြီ ထင်တယ်” တဲ့။

“ဘာ”

ကျွန်မ အသံက နည်းနည်းကျယ်သွားတယ်။ သူမ ခေါင်းကို ငုံ့ပြီးတော့ “တောင်းပန်ပါတယ်” လို့ ပြောတယ်။ ကဖေးခန်းမရဲ့ မျက်နှာကြက်က ကျယ်ပြီး မီးပန်းဆိုင်း အကြီးကြီးကို ချိတ်ဆွဲထားတာကြောင့် ဥရောပ ရှေးဟောင်း အငွေ့အသက်ကို ခံစားနေရတယ်။ ပရိဘောဂတွေ၊ စားပွဲမှာ သုံးတာတွေ၊ အရာအားလုံးဟာ အကောင်းစားတွေချည်းပဲ။ ကျွန်မ ဘယ်သူ့ကိုမှ အာရုံမစိုက်ဘဲ ကိုယ့်အတွေးနဲ့ကိုယ် လက်ဖက်ရည် ဖြည်းဖြည်းချင်း သောက်နေတာပါ။ ကိုယ့်ပတ်ဝန်းကျင်မှာ လှပတဲ့ အရာတွေ ဝန်းရံနေချိန် ဘဝရဲ့ မနှစ်မြို့ဖွယ်ရာ ကောင်းတာတွေကို မေ့ပျောက်ပစ်နိုင်ပါတယ်။ အဲဒီစကားကို ပြောခဲ့တာ တာကာကီပါ၊ သူပြောတာ မှန်ပါတယ်။ ယူမီကိုသာ ဆွဲဆောင်မှု မရှိဘူးဆိုရင် ကျွန်မ သူမနဲ့ လက်ဖက်ရည် အတူတူသောက်ဖြစ်မှာ မဟုတ်ပါဘူး။ ဒါမှမဟုတ် သူမရဲ့ ရုတ်တရက် ဖွင့်ဟဝန်ခံချက်ကိုလည်း စိတ်ဝင်စားမိမှာ မဟုတ်ပါဘူး။ သူမက လူကောင်သေးပြီး ဖက်ရှင်အမြင် မရှိဘူး။ ဒါပေမဲ့ သူမ တော်တော်လှတယ်။ “တောင်းပန်ပါတယ်” လို့ သူမ ထပ်ပြောပြန်ပါတယ်။ “ကျွန်မတို့ အခုမှ စတွေ့ခါစမှာ ခုလို စကားပြောတာ ရူးကြောင်ကြောင် နိုင်တာ ကျွန်မ သိပါတယ်၊ ဒါပေမဲ့ ရှင့်ကို ကျွန်မ စကားပြောလို့ ရမယ်လို့ ခံစားမိလို့ပါ”

“ကျွန်မ နားထောင်နေပါတယ်”

ဖူကူအိုကာက နာမည်အသင့်အတင့်ရှိတဲ့ ဒီဇိုင်နာရဲ့ ဖက်ရှင်ဆိုင်မှာ အလုပ်လုပ်နေရင်း တိုကျိုက ပွဲစီစဉ်သူ တစ်ယောက်နဲ့ အကြိမ်ရေ အနည်းငယ် လိင်ဆက်ဆံပြီး နောက်ပိုင်းမှာ အဲဒီလူဟာ အလွန်အလွန် လိင်မှုကိစ္စ ရှုပ်ပွေတဲ့ လူတစ်ယောက် ဆိုတာကို သိရှိခဲ့ရတယ်။ ဒါက ဒီဇာတ်လမ်းရဲ့ အနှစ်ချုပ်ပါ။

“သူက အမြဲတမ်း နိုင်ငံခြား သွားတယ်၊ မိန်းမတွေကို ပိုက်ဆံပေး ဝယ်တယ်လေ”

သူမ ခေါင်းထပ်ညွှတ်ပြန်တယ်။ မျက်နှာရဲသွားတယ်။ မိန်းကလေး တစ်ယောက် ပါးပြင်မှာ နီရဲသွားတာကို ဒီလောက် အနီးကပ် ကျွန်မ တစ်ခါမှ မမြင်ဖူးဘူး။ ကျွန်မ သူမကို ပြုံးပြလိုက်တယ်။

“ပြည့်တန်ဆာတွေလား”

“ဟုတ်တယ်၊ သူ သွားလေရာ နေရာတိုင်းမှာ လုပ်ပုံရတယ်၊ အမေရိက၊ ဘရာဇီး၊ မက္ကဆီကို၊ ဥရောပတို့မှာ”

“အဲဒါကို မင်း ဘယ်လိုလုပ် သိသွားတာလဲ”

“ကျွန်မ ခွင့်ရက်တွေ အကုန်ယူပြီးတော့ သူနဲ့တွေ့ဖို့ တိုကျိုကို လိုက်သွားခဲ့ပါတယ်၊ ဒါပေမဲ့ ကျွန်မ သူ့ရဲ့ ကွန်ဒိုကို ရောက်သွားတော့ သူ အိမ်မှာမရှိတဲ့ ပုံစံ ဟန်ဆောင်နေခဲ့ပါတယ်၊ အဲဒါနဲ့ ကျွန်မ သူ့ရဲ့ ရုံးခန်းကို သွားခဲ့ပါတယ်၊ သူ့ ရုံးခန်းကို ကျွန်မ အရင်ကလည်း ရောက်ခဲ့ဖူးတယ်၊ ရုံးက လူတချို့နဲ့လည်း စကားပြောဖူးတယ်၊ အဲဒီ ရုံးက လူတွေက ကျွန်မကို ပြောပြတယ်”

ဧည့်သည်တွေက ဧည့်ခန်းထဲကို ဝင်လိုက်၊ ထွက်လိုက်ပဲ။ ကဖေးခန်းမထဲမှာ အားလုံးက ဂျပန်တွေချည်းပဲ။ ဒါပေမဲ့ ကျွန်မရဲ့ စိတ်ခံစားမှုကို မဖျက်ဆီးစေပါဘူး။ သူတို့ရဲ့ ပုံပန်းသဏ္ဌာန်တွေက ဒီလိုဟိုတယ်မျိုးနဲ့ လိုက်ဖက်မှု မရှိတာတော့ အမှန်ပါပဲ။ ဂေါက်ရိုက်ရင် ဝတ်တဲ့ အဝတ်အစားတွေ၊ စနီကာ ဖိနပ်တွေကို စီးထားကြတယ်။ အသက်ကြီးကြီး ယောကျ်ားတွေက ခါးပတ်အိတ်လေးတွေပါ ပတ်ထားကြတယ်။ သက်လတ်ပိုင်းအရွယ် အမျိုးသမီးတစ်စုကတော့ နိုက်ကလပ် မယ်တွေသာ ဝတ်ကြမယ့် ပြိုးပြိုးပြက်ပြက် ဂါဝန်တွေကို ဝတ်လို့ထားတယ်။ တံခါးဝက ဧည့်ကြိုကစလို့ ကောင်တာနေ စာရေးတွေ၊ အိတ်သယ်ပေးတဲ့ ဝန်ထမ်းတွေအထိ ဝန်ထမ်းအားလုံး သေသေချာချာ လေ့ကျင့်ပေးခံထားရပြီး ဂရုတစိုက် ရှိကြပါတယ်။ ဒါပေမဲ့ ဧည့်သည်တွေကတော့ ဒီစနစ်နဲ့ အကျွမ်းတဝင် မရှိကြဘူး။ အပြန်အလှန် တုံ့ပြန်မှုတွေမှာ အူကြောင်ကြောင် ဖြစ်တာတွေ တချို့ ရှိကြတယ်။ စကျင်ကျောက် ဧည့်ခန်းကြမ်းပြင်၊ ပြောင်ချောနေတဲ့ မှန်တံခါး၊ ဧရာမ ပန်းအိုးကြီး တစ်လုံးထဲမှာ စိုက်ထားတဲ့ ရာပေါင်းများစွာသော လိုင်လီပန်းတွေ၊ နံရံပေါ်က ချည်ထိုး ပန်းချီကားတွေ၊ ရမ်းဘရန့်ပန်းချီကား၊ ကော်ဇော၊ ထိုင်ခုံတွေ၊ ဆေးလိပ်ပြာခွက်ကစလို့ ဒီနေရာမှာ ရှိနေတဲ့ အရာရာတိုင်းက လူတွေကို အရောင် ပိုတောက်စေပါတယ်။

ဒီနေရာမှာ စစ်မှန်တဲ့ စွမ်းအားတစ်ခု ရှိနေတယ်။ ခါးပတ်အိတ် ပတ်ထားတဲ့ အသက်ကြီးကြီး လူတစ်ယောက်ဟာ မီးပန်းဆိုင်းအောက်မှာ ဟိုလျှောက်ဒီလျှောက်နဲ့ လမ်းပျောက်နေတယ်။ မရောက်ဖူးတဲ့ ကမ္ဘာတစ်ခုထဲမှာ လမ်းပျောက်နေတဲ့ အရှေ့တိုင်းသား တစ်အုပ်ပါပဲ။

ပြီးတော့ ကျွန်မကိုယ်တိုင်။ ကျွန်မက အကဲဖြတ်နေရအောင် ဘယ်သူမို့လို့လဲ။ ဒီပတ်ဝန်းကျင်နဲ့ ကျွန်မကိုယ်တိုင်လည်း လိုက်ဖက်တယ်လို့ မခံစားရဘူး။ ချစ်စရာကောင်းပြီး စကားကို ဉာဏ်မရှိဘဲ ပြောနေတဲ့ အီမာမူရာယူမီကို ရောပဲ။

“မင်းကို သူတို့ ပေါက်ကရ မပြောတာ သေချာလို့လား”

“သေချာပါတယ်၊ သူတို့ထဲက တစ်ယောက်က ကျွန်မကို တခြား ဘယ်သူမှမရှိတဲ့၊ ဘယ်သူမှ မကြားနိုင်တဲ့ နားနေခန်းလေး တစ်ခုထဲမှာ အကုန်ပြောပြပါတယ်၊ သူက ကျွန်မကို အဲဒီလို လူမျိုးနဲ့ မတွဲသင့်ဘူးလို့ ပြောပါတယ်”

“သူက မင်းနဲ့ အပြင်မှာတွေ့ဖို့ ပြောသေးလား”

“ကျွန်မနဲ့ တစ်ချိန်ချိန် ညစာစားရအောင် ပြောပါတယ်”

ယူမီကိုဟာ ငတုံးမလေးတစ်ယောက်ပုံတော့ မပေါက်ပါဘူး။ အကင်း မပါးတာလည်း ဖြစ်နိုင်ပါတယ်။ ဒါမှမဟုတ် သူမရဲ့ မိဘတွေက အသက်ကြီးပြီးတော့ သူမကို လုံလုံလောက်လောက် မချစ်ခဲ့တာကြောင့်လည်း ဖြစ်နိုင်ပါတယ်။ ဒါမှမဟုတ် သူမဟာ ကျွန်မထင်တာထက် ပိုကံဆိုးနေတာလည်း ဖြစ်နိုင်ပါတယ်။ ဒါပေမဲ့ သူမဟာ သူမ ဘယ်လောက် ဆွဲဆောင်မှုရှိတယ် ဆိုတာနဲ့ ကမ္ဘာပေါ်မှာ အလှပဆုံး မိန်းကလေးလို့ ထင်ရတယ် ဆိုတာကို သိပုံမရပါဘူး။

“ဒါနဲ့ အဲဒီလူက အိမ်မှာ ရှိမနေချင်ယောင် ဆောင်တာကို မင်း ဘယ်လို သိလဲ”

“ကွန်ဒိုမှာလား”

“ဟုတ်တယ်”

“တံခါးကြားကနေ သီချင်းသံ ကြားနေခဲ့ရတယ်”

“မင်း တံခါးကို တဒုန်းဒုန်း ထုခဲ့သင့်တယ်၊ ကန်ပါ ကန်ပစ်ရမှာ”

“ကျွန်မ ကြောက်နေခဲ့တယ်၊ ကျွန်မ မိန်းမတစ်ယောက်ရဲ့ အသံကိုလည်း ကြားရတယ်”

“ဘာသီချင်း ဖွင့်နေတာလဲ”

“ရိုးလင်းစတုန်း”

ကျွန်မတို့ ညစာ အတူတူ စားကြတယ်။ လေဆာရှိုးပွဲ သွားကြည့်ကြတယ်။ ပြီးတော့ ဝိုင်ဘားတစ်ခု ဝင်ပြီး မူးနေအောင် သောက်လိုက်တယ်။ ယူမီကိုက ကျွန်မ သောက်တာရဲ့ နှစ်ဆသောက်တယ်။ သူမ ပါးပြင်တွေက ရဲရဲနီလို့ နေပြီ။ သူမရဲ့ နားရွက်ထိပ်ဖျားလေးတွေက ပန်းရောင်သန်းနေပြီ။

“အင်မိုင်စံ” လို့ သူမ ပြောတယ်။

“ရှင့်မှာသာ အေအိုင်ဒီအက်စ် ရှိခဲ့မယ် ဆိုရင် ရှင် ဘာလုပ်မယ်လို့ စဉ်းစားဖူးတာ ရှိလား၊ အမှန်က ပွဲစီစဉ်သူနဲ့ မတိုင်ခင် ကျွန်မတွဲခဲ့တဲ့ လူက လည်း တော်တော်ဆိုးပါတယ်၊ သူက ဒေသတွင်း ရုပ်သံဒါရိုက်တာ တစ် ယောက်ပါ။ သူလည်းပဲ နိုင်ငံခြားကို တော်တော် ခရီးထွက်ရပါတယ်၊ ကျွန်မ သူ နဲ့ ထပ်မတွေ့တော့တဲ့နောက် ကောင်းမွန်တဲ့ ဆေးစစ်မှု လုပ်ခဲ့ပါတယ်၊ ဘာ ကြောင့်လဲ ဆိုတော့ ကိုယ့်ဘဝအတွက် သင့်တော်မှန်ကန်တဲ့ လူတစ်ယောက် ကို ဘယ်တော့ တွေ့မလဲ ဆိုတာ မသိနိုင်ဘူးလေ၊ အဲဒီလူနဲ့ တွေ့တဲ့အချိန်ကျ ရင် ကိုယ့်ကျန်းမာရေးက ရှင်းလင်း ကောင်းမွန်နေဖို့ လိုတယ် မဟုတ်ဘူးလား၊ ရှင်ကော အဲဒီလို မထင်ဘူးလား"

အဲဒီ သင့်တော်မှန်ကန်တဲ့ လူက အေအိုင်ဒီအက်စ် ရှိနေရင်ကော လို့ မေး ချင်ပေမယ့် ကျွန်မ မမေးခဲ့ပါဘူး။

မိန်းမတွေကို ကြိုးနဲ့တုပ်၊ ကျာပွတ်နဲ့ ရိုက်တဲ့ ကောင်တွေဟာ ညစ်ညမ်း တဲ့ လိင်စိတ် မမှန်တဲ့ လူတွေလို့ပဲ ကျွန်မ တွေးမိခဲ့ပါတယ်။ ဒါပေမဲ့ ယူမီကိုကို ကြည့်ရင်းနဲ့ အဲဒီလူတွေကို ကျွန်မနည်းနည်း နားလည်လာသလို ခံစားရပါ တယ်။ ယူမီကို စကားကို ဗလုံးဗထွေး ပြောနေတုန်း ကျွန်မ သူ့ရဲ့ ပန်းရောင် သန်းနေတဲ့ ဘယ်ဘက် နားရွက်ဖျားကို ငေးကြည့်နေမိတယ်။ နားပေါက် ဖောက်ထားပြီး ပုလဲ နားကပ်သေးသေးလေး တပ်ထားပါတယ်။

“ကိုယ်တို့ အခန်းပြန်ကြမလား” လို့ ကျွန်မ အကြံပြုလိုက်ပါတယ်။

သူမ နောက်ကနေ လမ်းလျှောက်နေရင်း ကျွန်မ ကိုယ့်ဘာသာကိုယ် တွေးမိတယ်။ ဒီလို အဝတ်အစားတွေ ဝတ်နေဆဲ မိန်းကလေးတွေ ရှိနေဆဲပါပဲ လားလို့ ဘယ်သူက တွေးမိမှာလဲ။ အနက်ရောင် ရှူးဖိနပ်အပေါ့စား၊ အနီရောင် စကတ်၊ အဝါရောင်ဆွယ်တာ၊ ဘီတဲလ်ပုံစံ ရှေ့ချထားတဲ့ ဆံပင်ပုံစံ၊ အဖြူ ရောင် စကတ်ပွပွတွေနဲ့။

ဟိုတယ် ကော်ရစ်ဒါရဲ့ ကော်ဇော အမွေးပွတွေက ကျွန်မတို့ရဲ့ သားရေ ခွာသား ရှူးဖိနပ်တွေရဲ့အောက်မှာ နှင်းလို တအိအိ မြည်လို့နေပါတယ်။ ည ဆယ်နာရီပဲ ရှိသေးတယ်။ အားလုံး တိတ်ဆိတ်လို့ နေတယ်။ အရမ်း တိတ်ဆိတ်လွန်းလို့ တခြားကမ္ဘာတစ်ခုထဲ ရောက်နေတယ် ဆိုတဲ့ ခံစားချက်က ပိုလို့ မြင့်မားနေစေပါတယ်။ ကိုယ့်ကိုယ်ကိုယ် လွတ်လပ်အောင် လုပ်ထားဖို့ လို တယ်လို့ တာကာကီက ကျွန်မကို ပြောဖူးပါတယ်။ ပြီးတော့ အဲဒီစကားတွေကို သူကိုယ်တိုင်ပဲ သစ္စာဖောက်ခဲ့တာပါ။ ကျွန်မရဲ့ မျက်လုံးတွေက ထူးဆန်းစွာ ညို့ငင်ဖမ်းစားနေတဲ့ ယူမီကိုရဲ့ တင်ပါးတွေ နောက်ကို လိုက်လို့နေတယ်။ တာ ကာကီရဲ့ အကြံပြုချက်က လိုက်နာသင့်သေးတယ်လို့ ကျွန်မ စဉ်းစားမိပါ တယ်။ မျက်ရည်တွေ လျှံတက်လာတယ်။ ဒီနေရာက လူတွေ ကိုယ့်ကိုယ်ကိုယ် နားလည်လာစေတဲ့ မတူခြားနားတဲ့ ကမ္ဘာတစ်ခု တကယ် ဖြစ်နေတာကြောင့် လည်း ဖြစ်နိုင်ပါတယ်။

ယူမီကိုက ရပ်လိုက်ပြီး ကျွန်မကို မျက်နှာချင်း ဆိုင်ပါတယ်။ ကျွန်မရဲ့ ညာဘက်က တစ်ဝက်ပွင့်နေတဲ့ တံခါးကို သူမ လက်ညှိုးထိုးပြပါတယ်။ အခန်း နံပါတ်ကို ကြည့်လိုက်တော့မှပဲ ဝိုင်တန်ခိုးကြောင့် ဓာတ်လှေကားနဲ့ တက်ဖို့ မေ့ ခဲ့တာ သတိရမိတော့တယ်။ ကျွန်မတို့ ပထမထပ်မှာပဲ ရှိပါသေးတယ်။ ဒီကော် ရစ်ဒါတစ်လျှောက်က အခန်းတွေ အားလုံးက ဧည့်ခန်းပါတဲ့ ဆွဲခန်းတွေချည်း ပဲ။ အထဲ ဝင်ကြည့်ရအောင်လို့ ကျွန်မ အကြံပေးလိုက်တယ်။ သူမ ခေါင်းခါပြီး ဝင်မကြည့်သင့်ဘူးလို့ ပြောတယ်။ ပြီးတော့ ကျီစယ်ပြီး ရယ်တယ်။ အခန်းထဲ ဝင်လိုက်ပြီး ညင်ညင်သာသာ တံခါးပြန်ပိတ်လိုက်ချိန်ထိ ဒီကော်ရစ်ဒါမှာ ကျွန်မတို့အပြင် တခြားလူ မရှိဘူး ဆိုတာကို ကျွန်မ သေချာပါတယ်။ ကျွန်မတို့ အခန်းထဲကို ပြန်မရောက်သေးပါဘူး။ ခန်းမတစ်ခုရဲ့ အဝင်ပေါက်လို နေရာမျိုး မှာပဲ ရှိပါသေးတယ်။

“ဒါကို ကြည့်” လို့ သူမ တီးတိုးပြောတယ်။

“ဝင်ပေါက်တစ်ခုထဲတောင် ကျွန်မရဲ့ တိုက်ခန်း တစ်ခုလုံးထက် ပိုကြီးနေတယ်”

အဝင်ပေါက်ရဲ့ တစ်ဖက်က တံခါးက ခပ်ဟဟလေး ဖြစ်လို့နေပါတယ်။ တစ်ယောက်ယောက်က ကျွန်မတို့ကို တွေ့သွားခဲ့ရင် ဘယ်လို ရှင်းပြရမလဲ ဆိုတာကို ကျွန်မ စဉ်းစားလို့ နေပါတယ်။ ကျွန်မ တံခါးကို ဖွင့်လိုက်ပြီး ဧာခန်းဆီး ကနေတစ်ဆင့် လရောင်မှိန်မှိန် ကျနေတဲ့ ဧည့်ခန်းထဲ နည်းနည်းလေး တိုးဝင်လိုက်တယ်။ တစ်ယောက်ယောက် တွေ့သွားရင် တောင်းပန်လိုက်တာက လွဲပြီး ဘာမှ မရှိဘူးလို့ ကျွန်မ ဆုံးဖြတ်ပြီးသားပါ။ ကျွန်မတို့ အမှားလုပ်မိပါတယ်ပေါ့။ ဘာပဲပြောပြော ဒါက ဂျပန်ပါ။ အထဲမှာ လူတစ်ယောက်ယောက် အိပ်နေမှာကို ကြောက်မိပေမယ့် လူရှိနေမယ့် ပုံမပေါ်ပါဘူး။ ဒီအခန်းကို ဘယ်သူမှ မလာထားဘူး။ ဆေးလိပ်ပြာခွက်ထဲမှာ ဆေးလိပ်ဖင်စီခံတွေ မရှိဘူး။ တစ်ဝက်ကျန်သေးတဲ့ ဖန်ခွက်တွေ မရှိဘူး။ ကြမ်းပြင်ပေါ်မှာ အဝတ်အစား၊ သတင်းစာ၊ မဂ္ဂဇင်း ဘာမှ မရှိဘူး။ စာရေးစားပွဲနဲ့ ထိုင်ခုံနှစ်လုံးမှာ ဘာမှ မရှိဘူး။ တစ်ယောက်ယောက် နေနေတဲ့ လက္ခဏာ လုံးဝ မတွေ့ရဘူး။

“ရှင် မထင်ဘူးလား...” သူမရဲ့ အသံက နည်းနည်းကျယ်နေလို့ ကျွန်မက သူမရဲ့နှုတ်ခမ်းပေါ် လက်တစ်ချောင်းတင်ပြီး ရှူးလို့ လုပ်လိုက်ရတယ်။ နှုတ်ခမ်းက အေးစက်ပြီး နူးညံ့တယ်။ “ရေချိုးခန်းထဲ၊ ဒါမှမဟုတ် တစ်နေရာရာမှာ လူသေတစ်ယောက် ရှိနေတယ်လို့။မထင်ဘူးလား” လို့ သူမ တီးတိုးပြောပါတယ်။

ဒီအမှောင်ထဲမှာ အဲဒီစကားက ဖြစ်နိုင်ခြေ ရှိပါတယ်။ ကျွန်မရဲ့ နှလုံးခုန်သံက နည်းနည်းမြန်လာပါတယ်။

“ပေါက်ကရ မပြောပါနဲ့” လို့ ကျွန်မ သူ့ကို ပြောလိုက်တယ်။

“ဒါက ဂျပန်ပါ၊ ကျူရှူးကျွန်း အစွန်းပိုင်းလောက် လုံခြုံတဲ့နေရာ မရှိဘူး”

ဒီနေရာက ကျူရှူးကျွန်း အစွန်းပိုင်းနေရာနဲ့ မတူပါဘူး။ ဧာခန်းစီးစတွေကနေ တစ်ဆင့် ဒတ်ချ်ပုံစံ တူးမြောင်းကို ကျွန်မ မြင်နေရတယ်။ တူးမြောင်းနောက်မှာတော့ ဒိုမိုထရန်။ ထိပ်မှာ အနီရောင် မီးက တဖျပ်ဖျပ် လင်းနေတယ်။ ရေမျက်နှာပြင်ပေါ်မှာ လှိုင်းကြက်ခွပ်လေးတွေ ဖြည်းဖြည်းချင်း ပြေးလွှားလို့နေတယ်။ အဖြူရောင်ပုံစံလေး နှစ်ခုကလည်း ပေါလောမျောလို့နေတယ်။

“ငန်းတွေကို တွေ့လား” ယူမီကိုက မျက်လုံးတွေ တောက်ပလို့၊ ပြုံးပြီး အားပါးတရ ပြောလို့နေတယ်။ ကျွန်မ ခဏလောက် အသက်ရှူဖို့မေ့ပြီး ခေါင်းညိတ် လိုက်တယ်။ ဇာတွေကနေတစ်ဆင့် ငန်းတွေဟာ ပုံရိပ်မည်းမည်း ဖလင်တွေနဲ့ တူလို့နေတယ်။ လုံးဝ ပကတိ ငြိမ်သက်နေပေမယ့် မပီဝိုးတဝါးနဲ့ ကောက်ကြောင်းတွေနဲ့ အသက်ရှင်ခြင်းရဲ့ နူးညံ့နွေးထွေးမှုတွေ ရှိလို့နေတယ်။ ငန်းတွေဟာ ကမ်းစပ်ဘက်ကို ဖြည်းဖြည်းချင်း ရွေ့လျားသွားတယ်။ သူတို့တွေဟာ ဘဲလေးကချေသည် အဖြစ်ကို ပြန်လည် ပုံစံပြောင်းတော့မယ့် အတိုင်းပဲ။

အိပ်ခန်းထဲကို ကျွန်မတို့ သွားချောင်းကြည့်တော့ ယူမီကိုရဲ့ မျက်လုံးတွေက တောက်ပနေတုန်းပဲ။ နှစ်ယောက်အိပ်မွေ့ရာ နှစ်ခု တွေ့ရတယ်။ တစ်ခုကို အိပ်ရာခင်း အရောင်တစ်မျိုး စွပ်ထားပါတယ်။ အဲဒီအိပ်ရာ နှစ်ခုကို အတူတူ ပူးထားတော့ အနက်ရောင် ကတ္တီပါ ရေကူးကန်လိုပုံစံ ဖြစ်လို့နေပါတော့တယ်။ အိပ်ရာခင်းတွေပေါ်မှာ လူမနေသေးဘူး။ ကျွန်မ အံဆွဲကို ဖွင့်ကြည့်တော့ ဘာမှ မရှိဘူး။ အဝတ်ချိတ်တွေ ချိတ်ထားတဲ့ ဗီရိုထဲက တုတ်ချောင်းက ကျွန်မကို အလောင်းတွေလားလို့ တွေးမိစေပြန်တယ်။

“ကျွန်မ လှဲမှ ရတော့မယ်” လို့ ယူမီကိုက နဖူးကို လက်ခုံနဲ့ ပွတ်ပြီး ပင့်သက်ရှိုက်ရင်း ပြောတယ်။

“ကျွန်မ အများကြီး သောက်ခဲ့တယ် ထင်တယ်၊ ကျွန်မနှလုံး ပေါက်ကွဲထွက်တော့မလားပဲ”

သူမ အိပ်ရာပေါ်မှာ နေသားတကျဖြစ်အောင် ကျွန်မ ကူပေးလိုက်တယ်။ ပြီးတော့ သူ့နားကပ်ပြီး သူမရဲ့နားရွက်နား ကျွန်မပါးစပ်ကို ကပ်ပြောလိုက်တယ်။

“စိတ်မပူနဲ့၊ ရေချိုးခန်းထဲမှာ လူသေ ရှိ၊ မရှိ သွားကြည့်လိုက်မယ်”

“မလုပ်နဲ့” လို့ သူမ ပင့်သက်ရှိုက်ရင်း တီးတိုးပြောတယ်။

“ကျေးဇူးပြုပြီး အနားမှာနေပါ၊ ကျွန်မ ကြောက်တယ်”

ခန်းဆီး လိုက်ကာတွေ ပိတ်သွားတယ်။ ကျွန်မ တိတ်တဆိတ် ပြန်ဖွင့်လိုက်တယ်။ လရောင်မျှင်နဲ့ အခြား အဆောက်အအုံတွေက အလင်းရောင်တွေက အခန်းထဲ တိုးဝင်လာပြီး သူမရဲ့ ခြေချောင်းတွေကို တောက်ပနေစေတယ်။

“နေမကောင်း ဖြစ်နေလား” လို့ ကျွန်မ မေးလိုက်တယ်။ သူမ မျက်မှောင် ကြုတ်လိုက်ပြီး အကြိမ်ကြိမ် ခေါင်းညိတ်တယ်။ ကျွန်မ သူမရဲ့ ဘလောက်စ် အင်္ကျီ အပေါ်ကြယ်သီးကို ဖြုတ်ပေးလိုက်တယ်။ ပြီးတော့ သူမရဲ့ စကတ်ချိတ်ကို ဖြုတ်ပေးပြီး ဖိနပ်ချွတ်ပေးလိုက်တယ်။

“သက်သောင့်သက်သာနေ” လို့ ကျွန်မ ပြောလိုက်ပြီး ကျွန်မရဲ့ လက်မ နဲ့ သူမရဲ့ နှုတ်ခမ်းကို ထိလိုက်ပြန်တယ်။ အေးစက်ပြီး နူးညံ့နေတုန်းပဲ။ ကျွန်မ သူမရဲ့ ဆံပင်ကို သပ်ပေးလိုက်ပြီး သိုးမွေးဆွယ်တာကို ချွတ်ပေးလိုက်တယ်။ ပြီးတော့ သူမကို နမ်းလိုက်တယ်။ ကျွန်မ သူမရဲ့ နှုတ်ခမ်းတွေကို ကျွန်မရဲ့ လျှာနဲ့ ဟအောင် လုပ်လိုက်ပြီး သွားတွေနဲ့ သွားဖုံးတွေကို လျှာနဲ့လျက်လိုက်ပါတယ်။ ကျွန်မတို့နှစ်ယောက်လုံးရဲ့ နှလုံးခုန်သံတွေ မြန်လာတာကို ကျွန်မ သတိထားမိပါတယ်။

ကျွန်မ သူမ ရင်သားတွေရဲ့ နူးညံ့မှုကို စမ်းကြည့်နေပြီး သူမ ရင်သီးထိပ်တွေရဲ့ အရွယ်အစားနဲ့ ပုံစံကို မြင်ယောင်ကြည့်မိတယ်။ ပြင်းထန်ပေမယ့် အတိတ်လွမ်းခံစားမှုကို စခံစားလာရတယ်။ ကျွန်မ အရမ်းငယ်ငယ်တုန်းက အခန်းထဲမှာ ရှေးဟောင်းအရုပ်မလေးနဲ့ ကစားနေတုန်း လက်ထဲက ပြုတ်ကျသွားလို့ ဖြစ်ခဲ့ရတဲ့ အဲဒီတုန်လှုပ်မှု၊ ဝမ်းနည်းမှု၊ ထူးဆန်းတဲ့ ရင်ဖိုရမှုတွေကို ပြန်သတိရသွားတယ်။

ကျွန်မ သူမရဲ့ အဖြူရောင် ခြေအိတ်ကို ချွတ်လိုက်တော့ သူမရဲ့ ခြေချောင်း၊ ခြေသည်းဆေး မဆိုးထားတဲ့ ခြေသည်းတွေ ပေါ်လာပြီး ခပ်ဖျော့ဖျော့လေး ထွက်သွားတဲ့ သားရေနံ့ကို ရလိုက်တယ်။ ကျွန်မ အဲဒီခြေချောင်းတွေကို နမ်းချင်လိုက်တာမှ အသက်တောင် မရှူနိုင်လောက်အောင်ပါပဲ။ ဒါပေမဲ့ ကျွန်မ မနမ်းခဲ့ပါဘူး။ ကျွန်မ သူမရဲ့ ကြယ်သီးတွေအကုန် အပေါ်ကနေ အောက်ကို ဖြုတ်ပေးနေတုန်း သူမ စကားပြောလာတယ်။

“တစ်သျှူး၊ တစ်သျှူးပေးပါ”

သူမ နေမကောင်း ဖြစ်တော့မှာလို့ သဘောပေါက်ပြီး ကျွန်မ ရေချိုးခန်းထဲ ထမ်းသွားဖို့ ဆုံးဖြတ်လိုက်မိတယ်။ ကျွန်မလက်ကို သူမရဲ့ လည်ပင်းအောက်ထဲ ထည့်လိုက်တော့ ခေါင်းလျှော်ရည်နဲ့ သင်းခနဲ ရလိုက်တယ်။ “မလိုဘူး” လို့ သူမ တီးတိုးပြောပြီး လက်နှစ်ဖက်နဲ့ ကျွန်မကို ဖက်လိုက်တယ်။ သူမ

ရဲ့ မျက်လုံးတွေ စေ့စေ့ပိတ်ထားတယ်။ မျက်တောင်တွေ တဖျတ်ဖျတ် တုန်နေတယ်။ သူမရဲ့ လည်ပင်းနဲ့ ပခုံးတွေက စိတ်ပူပန်မှုတွေကြောင့် မာတောင့်လို့နေတယ်။ သူမရဲ့ စကတ်က အခုတော့ အပေါ်ကို လန်တက်နေပြီး အနက်ရောင် ကတ္တီပါ အိပ်ရာခင်းထက်မှာ ဒူးခေါင်းတွေနဲ့ ပေါင်သားဖြူဖြူတွေ ပေါ်လို့နေတယ်။ ကျွန်မရဲ့ ရင်သားတွေနဲ့ သူမရဲ့ ခေါင်းကို ထိန်းထားပြီး သူမရဲ့ ခြေချောင်းတွေ နည်းနည်းလေး လှုပ်လိုက်တာနဲ့ ဖြစ်ပေါ်လာတဲ့ အပြာရောင်နက်နက် အစင်းကြောင်းလေးတွေထဲက လှိုင်းနဲ့တူတဲ့ အတွန့်လေးတွေကို ကျွန်မ ကြည့်လို့နေတယ်။

ပြတင်းပေါက်က ဝင်လာတဲ့ လရောင်ဟာ ပေါင်သွင်းထားတဲ့ ဓာတ်ပုံလိုလေးထောင့်ပုံစံ ဖြစ်လို့နေတယ်။ ကတ္တီပါ နက်မှောင်မှုထဲ မျောလွင့်နေတဲ့ ဆင်စွယ်ရောင် ခြေထောက်နှစ်ချောင်းကို ဗဟိုပြုပြီးတော့ပေါ့။ အရောင်စိုနေတဲ့ အရာတစ်ခုက အရည်နဲ့တူတယ်။ အရမ်း ထူပြစ်လွန်းတော့ ဘယ်အရာမှ မနစ်မြုပ်နိုင်ဘူး။ ကျွန်မ အနားရောက်သွားပြီး စကတ်ကို အပေါ်မတင်လိုက်တယ်။ ဖြူဖွေးနေတဲ့ ခြေထောက်တစ်ဖက်က ဒူးဆီ ကွေးညွတ်နေတယ်။ ပေါင်သား၊ ခြေသလုံး၊ ခြေဖဝါးတို့ဟာ သူ့ကောက်ကြောင်း၊ သူ့ပုံစံနဲ့သူ။ လက်ချောင်းတစ်ချောင်းရဲ့ ထိပ်နဲ့ ခြေမျက်စိအထက်ကနေ အပေါ်ကို ထူးဆန်းလှတဲ့ ကောက်ကြောင်း တစ်ခုစီ၊ ပုံစံတစ်ခုစီကို လိုက်ပြီးတော့ စမ်းကြည့်မိတယ်။ သက်ပြင်း ချမိတယ်။ ပြီးတော့ လာရာလမ်းအတိုင်း ပြန်စီးဆင်းပြီး သူမရဲ့ အဝတ်မပါတဲ့ အရေပြားကို ထိတွေ့လို့ နေတယ်။ “တစ်သျှူး သုံးပေးပါ” လို့ သူမ ပြောတာ ကျွန်မ ကြားလိုက်တယ်။ အနံ့ဖျော့ဖျော့တစ်ခုဟာ လေထဲမှာ ပြန့်လို့လာတယ်။ တခြားမိန်းမတစ်ယောက်ဆီက ထွက်လာတဲ့ ထူးခြားတဲ့ ဒီအနံ့ကို ကျွန်မ ရတာ ဒါ ပထမဆုံးအကြိမ်ပါပဲ။ သွေး၊ ဒါမှမဟုတ် ကလီစာတွေရဲ့ အနံ့လိုပဲ။

“ကျေးဇူးပြုပြီး” လို့ သူမက ကျွန်မ နားရွက်ကို သူမရဲ့ နှုတ်ခမ်းနဲ့ ဖိပြီးတိုးတိုးပြောတယ်။ အဲဒီအသံက ငိုသံမဟုတ်ပေမယ့် တောင်းပန်သံမျိုး ဖြစ်နေတယ်။

“တစ်သျှူး သုံးပါ၊ မဟုတ်ရင် ရှင် အေအိုင်ဒီအက်စ် ဖြစ်လိမ့်မယ်”

သူမ အဲဒီလို ပြောနေတုန်း ခြေထောက်တွေ ရွှေ့လိုက်တယ်။ အဲဒီအနံ့က ပိုစူးရှလို့ လာတယ်။

အဲဒီခြေနှစ်ချောင်း ဆုံတွေ့တဲ့ နေရာမှာ ချောင်းမြောင်း ပုန်းခိုနေတဲ့ သတ္တဝါက အပြင်ဘက် အရေပြားမပါတဲ့ အသားနဲ့ အသွေးပဲ ပါတယ်။ အဲဒီ အရာ အသက်ရှူနေတာကို ကျွန်မ မြင်နေရတယ်။

“တစ်သျှူးလား၊ တစ်သျှူးက တစ်စစီ ဖြစ်သွားပြီ”

သူမ ဖက်ထားတာကနေ ကျွန်မ ရုန်းထွက်လိုက်ပြီး သူမကို စကတ် ကူ ချွတ်ပေးလိုက်တယ်။ အဲဒါကြောင့် အဲဒီသတ္တဝါရဲ့ အနံ့ကို ရှူရှိုက်လိုက်တဲ့ ယောကျ်ားတွေဟာ သူတို့ပြောတဲ့ စကားလုံးတွေရဲ့ စွမ်းအားတွေ ပျောက်ဆုံး သွားကြမှာပဲ ဆိုတာ ကျွန်မ တွေးလိုက်မိတယ်။ အဲဒီလို ပျောက်ဆုံးသွားတဲ့ သူ တွေဟာ စကားလုံးတွေလည်း ပျောက်သွားကြမှာပါပဲ။ သူတို့အတွက် စွမ်းအား တွေ အကုန်လုံးကို ဖယ်ရှားလိုက်တာ ပိုကောင်းပါလိမ့်မယ်။ ပြီးတော့ အဝတ်အစားတွေရော။ ပြီးတော့ အဲဒီ စွမ်းအားတွေကို တန်းစီပြီး ပစ်ခတ်ပေါ့။

“ခဏလေး၊ ကိုယ့်မှာ တစ်သျှူးထက် ကောင်းတာရှိတယ်” လို့ ကျွန်မ ပြောလိုက်တယ်။

ကျွန်မ အိတ်ကပ်ထဲကို နှိုက်လိုက်ပြီး ကျွန်မရဲ့ အိပ်ဆေးပြားတွေကို ထုတ်လိုက်တယ်။ ကျွန်မက အဲဒီ ဆေးပြားတွေကိုပဲ သုံးတာ မဟုတ်ပါဘူး။ ဆေးပြားတွေ ထုတ်ထားတဲ့ ဗီနိုင်းစ ပါးပါးလေးကိုပါ သုံးပါတယ်။ ဖြန့်လိုက်တော့ ဗီနိုင်းစဟာ ပို့စကတ် အရွယ်အစားလောက် ရှိပါတယ်။ အဲဒီအစကို သူမ ရဲ့ မျက်စိတွေရှေ့မှာ ကျွန်မ ပြလိုက်ပါတယ်။ ပြီးတော့ အစရဲ့ တစ်ဖက်ကို ကျွန်မ လျှာနဲ့ လျက်လိုက်ပါတယ်။ ကျွန်မ သူမရဲ့ ပေါင်တွေကို ကားလိုက်ပြီး အောက်ကို ခေါင်းအုံးတစ်လုံး ထည့်လိုက်ပါတယ်။ ကျွန်မ သူမရဲ့ အတွင်းခံကို မချွတ်ပါဘူး။ ဒါပေမဲ့ သူမရဲ့ ပေါင်ကြား မသိမသာ ဟသွားအောင် ဗီနိုင်းစနဲ့ မ သုတ်ခင် ကျွန်မလက်ချောင်းတွေကို အသုံးပြုလိုက်ရပါတယ်။ ကျွန်မရဲ့ တံတွေးတွေနဲ့ သူမဆီက အရည်တွေဟာ ချက်ချင်း ပေါင်းစပ်သွားပါတယ်။ ထွင်းဖောက်မြင်ရတဲ့ အလွှာတစ်ခုလိုပါပဲ။ ကျွန်မ သူမရဲ့ ဗိုက်အစပ်နားမှာ နူးညံ့စွာ မြင့်လိုက်၊ နိမ့်လိုက် ဖြစ်နေတဲ့ မွေးညင်းနုလေးတွေကို မြင်နေရတယ်။ ကျွန်မ လျှာကို မသုံးသေးပါဘူး။ လက်ချောင်းထိပ်တွေကိုပဲ သုံးနေပါသေး တယ်။ ကျွန်မရဲ့ လက်မနဲ့ လက်ခလယ်ကို ဗီပုံစံ လုပ်ပြီး သူမရဲ့ အာရုံအခံစား နိုင်ဆုံး နေရာနဲ့ ဗီနိုင်းစကို ဖိညှစ်လို့နေပါတယ်။ သူမ လက်တစ်ဖက်ကို ပါးစပ် ထဲ ထည့်လိုက်ပြီး ကျန်လက်တစ်ဖက်နဲ့ ကတ္တီပါ အိပ်ရာခင်းကို ဆုပ်ညှစ်လို့ နေ

ပါတယ်။ သူမက ပေါင်တွေကို စေ့ဖို့ ကြိုးစားပေမယ့် ကျွန်မက ပိုကျယ်ကျယ် ဖြဲပါတယ်။ ပြီးတော့ သူမ ခါးကို မြောက်ပြီး ခြေထောက်နဲ့ ကန်တယ်။ကျွန်မ သူ့ပေါင်ကို ရိုက်ချလိုက်တယ်။ အနီရောင်အကွက် ကျန်ခဲ့လောက်အောင်အထိ အားပြင်းတယ်။ အဲဒီအသံက အခန်းထဲမှာ ပဲ့တင်ထပ်သွားတယ်။ သူမလက်ကို သူမ မတော်တဆ ကိုက်မိသွားတယ်။

ဗီနိုင်းစဟာ ဖန်အပါးလေး တစ်ခု ကွဲသွားသလို အသံမြည်သွားတယ်။ ချွေးသီးတွေဟာ သူမရဲ့အောက်ကို စီးသွားတယ်။ သူမရဲ့ တင်ပါးကို ကိုင်ထားပြီး နေရာတကျဖြစ်အောင် ကိုင်ထားတဲ့ ကျွန်မရဲ့ လက်တစ်ဖက်ဟာ ချွေးတွေနဲ့ ရွှဲနစ်လို့ နေတယ်။

အဲဒီနေရာဆီကို ကျွန်မရဲ့ လျှာဖျားထိပ်နဲ့ ရွယ်လိုက်တော့ သတ္တဝါက ရှက်ကိုးရှက်ကန်းနဲ့ လူးလိမ့်စပြုပါတယ်။ ရယ်စရာ ကောင်းပါတယ်။ လောဘကြီးပြီး သနားဖို့ကောင်းတယ်။ ဗီနိုင်းစလေးဟာ တစ်ခုစီ ကျုံ့သွားတိုင်း၊ ဒါမှမဟုတ် တစ်နေရာမှာ ကြာတိုင်း ဖျိုးဖျိုးဖျစ်ဖျစ် မြည်သံ ထွက်သွားပါတယ်။ ကျွန်မ တစ်ကိုယ်လုံး ချွတ်ချလိုက်တယ်။

“မလုပ်နဲ့၊ အေအိုင်ဒီအက်စ် ရှိနိုင်တယ်လို့ ပြောထားတယ်လေ”

“ရတယ်” လို့ သူမရဲ့ ပေါင်ကြားကနေ ကျွန်မ ပြောလိုက်တယ်။

“ကိုယ် အဲဒါကို ဂရုမစိုက်ဘူး”

ခဏနေတော့ သူမရဲ့ ဟနေတဲ့ သွားတွေကြားကနေ သူမရဲ့ လျှာ ပြူထွက်လာတာကို တွေ့လိုက်ရတယ်။ အဲဒီအချိန်မှာ သူမရဲ့ ခြေထောက်တွေက တုန်ခါ၊ ဆန့်ငင်ဆန့်ငင် ဖြစ်လို့လာတယ်။

“အခု ရှင့်ကို လုပ်ပေးပါရစေ” လို့ တုန်ယင်တာတွေ့ သက်သာသွားတော့ သူမက ပြောတယ်။ ကျွန်မ ရေချိုးခန်းသုံး တဘက်ကို ယူပြီး သူမရဲ့ ရင်သားနဲ့ ဗိုက်ကို ဖုံးပေးလိုက်တယ်။ “ရှင် ယုံချင်မှ ယုံလိမ့်မယ်၊ ဒါ ကျွန်မအတွက် ပထမဆုံး အကြိမ်ပဲ” လို့ သူမ ပြောတယ်။

သူမ ပြောတဲ့ ပထမဆုံးအကြိမ် ဆိုတာ မိန်းမတစ်ယောက်နဲ့လား၊ ပထမဆုံးအကြိမ် အော်ဂတ်ဆန် ဖြစ်တာကို ဆိုလိုတာလားတော့ ကျွန်မ မသိပါဘူး။

ဒါပေမဲ့ ကျွန်မ သူမရဲ့ နှုတ်ခမ်းတွေကို နမ်းတယ်၊ သူမရဲ့ ဆံပင်တွေကို ပွတ်သပ်တယ်၊ သူမရဲ့ နားရွက်နားမှာ တီးတိုးပြောလိုက်တယ်။

“ကိစ္စမရှိဘူး၊ အရာအားလုံးကို မင်း လိုက်ဆုံးဖြတ်နေဖို့ မလိုဘူး၊ ပထမဆုံးအကြိမ် ဆိုတာကိုတောင် မစဉ်းစားနဲ့”

“လိင်အနုံရတယ်”လို့ သူမ ရှက်ရှက်နဲ့ပြောပြီး ရယ်တယ်။ လိင်အနုံ ရပါတယ်။ ဒါပေမဲ့ ယောကျ်ားအနုံ မပါဘူး။

“ကျွန်မတို့ ဒီကနေ ထွက်သွားသင့်ပြီ၊ ကျွန်မ ရေမြန်မြန် ချိုးလိုက်မယ်”

“ဘာလို့ အလျင်လိုနေတာလဲ” ကျွန်မ သူမ ပါး၊ နှာခေါင်း၊ မျက်ခွံတွေနဲ့ လည်ပင်းကို နမ်းလိုက်တယ်။ ချွေးတွေနဲ့ အေးစက်နေတဲ့ သူမရဲ့တင်ပါးကို ညှစ်လိုက်တယ်။

“ငန်းတွေကို ထပ်မကြည့်ချင်တော့ဘူးလား”

“ကြည့်ချင်တယ်” လို့ သူမက ကလေးတစ်ယောက်လို ကျေနပ်မှုနဲ့ ပြောတယ်။ ကျွန်မတို့ ခြေဗလာနဲ့ ကော်ဇောကို နင်းပြီး ပြတင်းပေါက်ဆီ လျှောက်သွားကြတယ်။ အဲဒီမှာ ပါးချင်းအပ်လို့၊ တူးမြောင်းဘက်ကို ငေးမျှော်ကြည့်လို့။

❑

(Swans by Ryū Murakami)

အချစ်တစ်ခုရဲ့ ရာဇဝင်

ပထမဆုံးအကြိမ် ကျွန်တော် သူမကို စတွေ့တုန်းက အမြည်းမုန့်စားပြီး ငိုနေ ခဲ့တာပါပဲ။ ဒီမြို့ထဲက လူအတော်အသင့်သိတဲ့ အီတလီ စားသောက်ဆိုင် တစ် ဆိုင်မှာပါ။ ဒီဆိုင်မှာ ကျွန်တော် စားပွဲထိုးလုပ်နေတာ သုံးလလောက် ရှိပါပြီ။ ကျွန်တော့်အဖေရဲ့ သူငယ်ချင်းတစ်ယောက်က ထောက်ခံပေးလို့ ဒီကို ရောက်လာခဲ့တာ ဖြစ်ပါတယ်။ ဒီအလုပ်ရဖို့အတွက်တော့ နောက်ကွယ် ဇာတ်လမ်း ဘာမှမရှိပါဘူး။ ကျွန်တော်ဟာ စားဖိုမှူးတစ်ယောက် ဖြစ်ချင်လို့၊ ဒါမှမဟုတ် စားပွဲထိုးချုပ်တစ်ယောက် ဖြစ်ချင်တယ်လို့ ကျွန်တော် အိပ်မက်မက်ခဲ့တာကြောင့်တော့ မဟုတ်ပါဘူး။ ကျွန်တော်ဟာ ပုဂ္ဂလိက ကောလိပ်ကျောင်းလေး တစ်ကျောင်းမှာ တက်နေခဲ့ပြီး အပို့ငွေ သုံးရအောင်လို့ လုပ်ခဲ့တာပါ။ ပထမတော့ ကျွန်တော် နိုက်ကလပ်တစ်ခုမှာ အချိန်ပိုင်းအလုပ် ဝင်လုပ်ခဲ့ပါသေးတယ်။ ဒါပေမဲ့ ကျွန်တော့်အဖေ သိသွားပြီး သူ့ရဲ့ ဘယ်သားမှ ဒုစရိုက်တွင်းမှာ အလုပ်မလုပ်ရဘူးလို့ ကျွန်တော့်ကို အသိပေးခဲ့ပါတယ်။ ကျွန်တော် အလုပ်လုပ်ချင်သပဆိုရင် စည်းကမ်းနဲ့ ဘဝသင်ခန်းစာတွေ ရနိုင်တဲ့ သင့်တော်တဲ့ စားသောက်ဆိုင် တစ်ဆိုင်မှာ အလုပ်ရှာလို့ အဖေက ပြောပါ တယ်။ စည်းကမ်းနဲ့ သင်ခန်းစာ ဆိုတာက ကျွန်တော် ရှာဖွေနေတဲ့ အရာတွေ မဟုတ်ပေမယ့် ကျွန်တော် သူ့စကားနားထောင်ဖို့ ဆုံးဖြတ်ခဲ့ပါတယ်။ ကျွန်တော် စောဒကတက် ညည်းညူရင် အဖေက အလုပ်က ထွက်ပြီး အချိန်ပြည့်အလုပ် လုပ်ခိုင်းပါလိမ့်မယ်။ အဲဒီလို ဆိုရင်တော့ ကျွန်တော် ရနေ တဲ့ ကျောင်းမုန့်ဖိုးက တဲ့တာဖြစ်သွားမှာပါ။ ဘဝဟာ သင်ခန်းစာ တစ်ခုခုကို တကယ် လိုအပ်ပါသလား။ ပြီးတော့ စည်းကမ်းဆိုတာ ဘာလဲ။ အဲဒီစကားကို ကြားတော့ ကျွန်တော့်စိတ်ထဲ ရောက်လာတာက ဆောင်းတွင်း အလယ်တည့် တည့်မှာ နှုတ်ခမ်းတွေ ပြာနှမ်းသွားတဲ့အထိ ရေတံခွန်အောက်မှာ မတ်တတ်ရပ် နေတဲ့ ရှူးကြောင်ကြောင် ဘုန်းကြီးတွေပဲ ဖြစ်တယ်။ ကျွန်တော့်ကိုယ် ကျွန်တော်လည်း ထူးထူးခြားခြား ဉာဏ်ကောင်းလှတယ်လို့တော့ မထင်ပါဘူး။ ဒါပေမဲ့ အေးခဲနေတဲ့ ရေတံခွန်က ကျနေတဲ့ ရေရဲ့ရိုက်ခတ်တာကို ခံနေရပြီး ခံစားလို့ကောင်းနေတာက အရူးတစ်ယောက်ပဲ ဖြစ်လိမ့်မယ် ဆိုတာ ကျွန်တော်

ကောင်းကောင်း သိပါတယ်။ အဲဒီလို ပေါတောတောဟာကို အနာခံနေလို့ ဘာ အကျိုးအမြတ်မှ မရပါဘူး။

ဘယ်လိုပဲ ဖြစ်ဖြစ်ပါ။ ဒီစားသောက်ဆိုင်က လူအသွားအလာများတဲ့ အေ အိုယာမမှာ ရှိနေပြီး လူကြိုက်များတဲ့ မဂ္ဂဇင်းတွေမှာလည်း ဆောင်းပါးတွေ တော်တော်လေး အရေးခံရပါတယ်။ ဒါပေမဲ့ အစားအသောက်ကတော့ လုံးဝ မ ကောင်းပါဘူး။ ပိုင်ရှင်ကို ကျွန်တော် တစ်ခါမှ မတွေ့ဖူးပါဘူး။ ဒါပေမဲ့ ကျွန်တော် ကြားဖူးသမျှတော့ အဲဒီလူဟာ ဆော့ဖ်ဝဲလ်တွေ တင်သွင်းပြီး ချမ်းသာလာတဲ့ သံသယဝင်စရာကောင်းတဲ့ ကိုယ်ကျင့်လက္ခဏာ ရှိသူလို့ သိရ ပါတယ်။ သူဟာ အီတလီ အစားအသောက်အကြောင်း ဘာမှ မသိပေမယ့် အီ တလီစားသောက်ဆိုင် ဖွင့်တာက ဆွဲဆောင်မှုရှိသလို၊ အခွန်ရှောင်တိမ်းဖို့လည်း မဟာဗျူဟာ ကျတာကြောင့် ဖွင့်ဖို့ ဆုံးဖြတ်ခဲ့ပါတယ်။ စားဖိုမှူးက အလွန့်အလွန် အလေးအနက် ရှိလွန်းတဲ့ လူစားမျိုးပါ။ သူက “မီလာနိုမှာ သုံး နှစ်၊ ဖီရန်ဇီမှာ ငါးနှစ်” လို့ ပြောနေကျပါ။ ဒါပေမဲ့ အဲဒီမှာ နေခဲ့တဲ့ နှစ်တွေ အားလုံးမှာ သူဟာ ပန်းကန်တွေဆေး၊ ကြမ်းတွေ တိုက်ခဲ့ရမှာကို ကျွန်တော် လောင်းကြေးထပ်ပြီးတောင် ပြောရဲပါ တယ်။ မီးဖိုချောင်ထဲကို ခင်ဗျား ချောင်းကြည့်လိုက်မယ် ဆိုရင် အဲဒီလူဟာ ရက်စက်ပြီး နီရဲနေတဲ့ မျက်လုံးတွေ နဲ့ ပါစတာပြုတ်နေတဲ့ အိုးကို စိုက်ကြည့်နေတာ တွေ့ရပါလိမ့်မယ်။ အဲဒါ ကြောင့် အလွန်အကျွံ အလေးအနက် ဖြစ်လွန်းတဲ့ လူတွေကို အီတလီ အစားအစာကနေ ဖယ်ထုတ်လိုက်ရင် ကောင်းမလားလို့ ကျွန်တော် တွေးမိပါ တယ်။ ဆိုင်ပိတ်ချိန် ရောက်ပြီးတဲ့နောက် ကျွန်တော်တို့တွေဟာ ဝေစုတွေ ပုံ မှန် ခွဲကြရပါတယ်။ ဥပမာအားဖြင့် စပါဂတ်တီ ဆိုရင် ပုံမှန်မဟုတ်တာတွေ မျိုး စုံရောပြီး အမြဲတမ်း ထူးထူးခြားခြား အသေးစိတ် ပြင်ဆင်လေ့ ရှိပါတယ်။ ဒါပေမဲ့ ဒန်နီရဲ့ ဆိုင်က နပိုလီတန် ဟင်းပွဲနဲ့ ယှဉ်ရင်တော့ ဘယ်လိုမှ အရသာ မယှဉ်နိုင်တာ ကျွန်တော် တန်းပြောနိုင်ပါတယ်။

အစားအသောက်က ဆိုးရွားလှတဲ့အပြင် ဈေးနှုန်းကလည်း မိုးထိုးနေပါ သေးတယ်။ ညတိုင်း ဆိုင်မှာ လူပြည့်တတ်ပါတယ်။ ကျွန်တော် စိတ်ဝင်စားတာ ဆိုလို့ ပိုက်ဆံရတာ တစ်ခုပဲ ဆိုတာ အမှန်ပါပဲ။ အဲဒါကြောင့် လူတွေက ဒီ လောက် စုတ်ပြတ်နေတဲ့ အစားအစာကို ပိုက်ဆံတွေ အများကြီး ပေးစားနေ တာကိုလည်း ကျွန်တော် စိတ်မဝင်စားပါဘူး။ ကျွန်တော့်ရဲ့ တစ်ခုတည်းသော

ရည်မှန်းချက်က နိုင်ငံခြားကို ခရီးထွက်နိုင်အောင် လုံလောက်တဲ့ ပိုက်ဆံရတဲ့ အထိ စုဖို့ပါပဲ။ ကျွန်တော့်မှာ ရွေးချယ်ထားပြီးသား နေရာ ရှိပြီးသားပါ။

အဲဒီ အမျိုးသမီးဟာ အနောက်ဘက်ထောင့်က စားပွဲမှာ ထိုင်လို့နေပါတယ်။ တခြားဖောက်သည် အများစုကတော့ သူမဟာ ကာပက်ချီယိုကို စားရင်းနဲ့ တိတ်တဆိတ် ငိုကြွေးနေတာကို သတိမထားမိကြပါဘူး။ ငိုနေတဲ့ စားသုံးသူဟာ တော်တော်ရှားပါးပေမယ့် မရှိတာတော့ မဟုတ်ပါဘူး။ များသောအားဖြင့်ကတော့ သူတို့ရဲ့ ပါတနာက ညစာစားနေတုန်း သူတို့ကို လမ်းခွဲသွားကြလို့ပါ။ အဲဒီလို လမ်းခွဲတာကို ဈေးကြီးတဲ့ စားသောက်ဆိုင်မှာ လုပ်ရင် နာကျင်မှု သက်သာတယ်လို့များ လူတွေက ထင်နေကြလို့လား။ ဒါမှမဟုတ် သူတို့ရဲ့ နောက်ဆုံး ခမ်းနားတဲ့ နှုတ်ဆက်ပွဲကို ဖန်စီကျတဲ့ တစ်နေရာရာမှာ လုပ်ဖို့ ရွေးချယ်လိုက်ရုံ သက်သက်ပဲလား။ တစ်ခါတလေမှာတော့ ငိုနေတာ ယောကျ်ား ဖြစ်တတ်ပြီး တစ်ခါတလေမှာ မိန်းမ ဖြစ်တတ်ပါတယ်။ ဒါပေမဲ့ ငိုနေတုန်း အစားဆက်စားတာ မိန်းမတွေပဲ ရှိပါတယ်။ ယောကျ်ားတွေကတော့ စွပ်ပြုတ်ကိုတောင် လက်နဲ့ မထိကြပါဘူး။

ဖောက်သည်တွေ ကိုယ်ရေးကိုယ်တာ ကိစ္စရပ်တွေ ဖြေရှင်းနေရရင် သတိမထားမိဟန်ဆောင်ဖို့ ကျွန်တော်တို့ကို လေ့ကျင့်ပေးထားပါတယ်။ ဒါပေမဲ့ မကြာခင်မှာ အမျိုးသမီး စိတ်ပျက်နေတာက သူမကို ထားခဲ့တာကြောင့် မဟုတ်ဘဲ သူမနဲ့ အတူရှိနေတဲ့ ငနဲက သူမရဲ့ ဝက်နံရိုးတွေကို ခြေမွနေတာကြောင့် ဆိုတာ မကြာခင်မှာ ကျွန်တော် သိလာရတယ်။ သူမရဲ့ အသက်က နှစ်ဆယ်နှောင်းပိုင်း၊ ဒါမှမဟုတ် သုံးဆယ်အစောပိုင်းမှာလို့ ကျွန်တော် ခန့်မှန်းမိတယ်။ သူမဟာ စမတ်ကျတဲ့ ခရင်မ်ရောင် ဝတ်စုံကို ဝတ်ထားပြီး ဟာမက်စ်လည်စည်းခြုံထားပါတယ်။ သူမဟာ အလှပဂေးတစ်ယောက်တော့ မဟုတ်ပါဘူး။ ကျွန်တော် စကားပြောင်းပြန် ပြောတာတော့ မဟုတ်ပါဘူး။ သူမဟာ ရုံးဝန်ထမ်း မမပုံစံနဲ့ ဆွဲဆောင်မှု ရှိတာတော့ အမှန်ပါပဲ။ စိတ်ပျက်ကြေကွဲနေတဲ့ လူတွေကို ဘယ်သူမှ မမြင်ချင်ကြပါဘူး။ ကျွန်တော်တို့ စားပွဲထိုးတွေဟာ မမြင်ချင်ယောင် ဆောင်တဲ့နေရာမှာတော့ တော်တော်လေးကို ကျွမ်းကျင်ကြပါတယ်။ ဒါပေမဲ့ ကျွန်တော်တို့ နားကြပ်မတပ်ထားရင်တော့ မကြားချင်ဘဲ ကြားနေရတာတွေကို ဟန့်တားလို့ မရပါဘူး။

အခြေခံအားဖြင့်တော့ အဲဒီလူဟာ စောက်ရူးပါ။ အသက်က လေးဆယ်လောက် ရှိပြီ။ လခစားသမား၊ ဘာဆိုဘာမှ ထူးခြားတဲ့ပုံစံ မရှိဘူး။ သူ့မျက်နှာ၊ သူ့လည်စည်း၊ သူ့ဝတ်စုံ၊ သူ့ခါးပတ် အားလုံးဟာ သာမန်ဆိုတဲ့ စကားလုံးနဲ့ပဲ ပြောလို့ရမယ်။ သူ ဆိုင်ထဲ ဝင်လာတဲ့ အချိန်ကတည်းက အဲဒီငနဲကို ကျွန်တော် မနှစ်မြို့ဘူး။ ယုံချင်ယုံ၊ မယုံချင်နေပါ။ လူတွေက ဆိုင်ထဲ ဝင်လာတဲ့အချိန်တိုင်း ကျွန်တော်တို့က “ဘိုနာဆာရာ” (ကောင်းသော ညနေခင်းပါ) ဆိုပြီး နှုတ်ဆက်ရတယ်။ ဘယ်လောက်တောင် ရယ်စရာကောင်းလိုက်လဲ။ ဂျပန်လူမျိုး ဝန်ထမ်းတွေက ဂျပန်လူမျိုး စားသုံးသူတွေကို အီတလီလို နှုတ်ဆက်ရတာ။ တကယ့် အီတလီ အစစ်တွေသာ ကျွန်တော်တို့ ပြောနေတာ ကြားသွားရင် ဖင်တွေ ပြုတ်ထွက်သွားလောက်အောင်များ ရယ်မလား မသိဘူး။ ဒါပေမဲ့ ကျွန်တော်တို့ကို အဲဒီလို နှုတ်ဆက်ရမယ်လို့ ညွှန်ကြားထားတော့ ကျွန်တော် အမြဲပြောပါတယ်။ စားသုံးသူတွေက မိမိကိုယ်ကိုယ် လေးစားသောအားဖြင့် ဂျပန်စကားနဲ့ “ကွန်ဘန်ဝ” (ကောင်းသော ညနေခင်းပါ) လို့ ပြန်ပြောကြတယ်။ ဒါပေမဲ့လည်း “ဘိုနာဆာရာ” လို့ ပြန်ပြောကြတဲ့ ငကြောင်ကောင်တွေလည်း အမြဲတမ်း ရှိပါတယ်။ များသောအားဖြင့်တော့ အဲဒီလူတွေက ပုံမှန်လာနေကျသူတွေ၊ ဒါမှမဟုတ် ပုံမှန်လာနေကျ လူပုံစံ ဟန်ဆောင်ကြတဲ့ သူတွေပါ။ ဘာမှ အသုံးမကျတဲ့ စားစရာတွေပဲရတဲ့ စားသောက်ဆိုင်ကို ပုံမှန်လာအားပေးသူ၊ ဒါမှမဟုတ် ပုံမှန်ဖောက်သည် ဖြစ်ချင်တဲ့ လူတစ်ယောက်ဟာ တကယ့် စောက်ရူး ဆိုတဲ့ လက္ခဏာကို သေချာပြသပါတယ်။ “ဘိုနာဆာရာ” လို့ ပြောတဲ့ကောင် ဆိုရင် ချက်ချင်းပဲ စောက်ရူးအမျိုးအစားထဲ ထည့်လိုက်လို့ ရပါတယ်။ ဒီအမျိုးသမီးကတော့ အဆင်ပြေပါတယ်။ သူမ ခေါင်းညိတ်ပြီးတော့ “ကွန်ဘန်ဝ” လို့ ပြောပါတယ်။

သူတို့နှစ်ယောက်ဟာ ဝိုင်ခွက်တွေကို ချွင်ခနဲ မြည်အောင် တိုက်လိုက်ကြတယ်။ ပထမတော့ အရာအားလုံးဟာ ပုံမှန်လိုပါပဲ။ ဒါပေမဲ့ ဒီလူက နှစ်ခွက်လောက် သောက်ပြီးတာနဲ့ ကြွက်စုတ်အဖြစ် ပြောင်းလဲသွားမယ့် ကြွက်ရဲ့ ရှေ့ပြေး ပုံစံတူ အမျိုးအစားနဲ့ တူပါတယ်။ သူဟာ တဖြည်းဖြည်းနဲ့ မထိတထိ ရှူတ်ချတဲ့ မှတ်ချက်တွေ တရစပ် စပြောလာပါတယ်။ ကျွန်တော် သူတို့ကို သတိမထားသလို ဟန်ဆောင်ရင်း သူတို့ ပြောနေတာကို ကြားလိုက်ရတာက သူတို့နှစ်ယောက်လုံးဟာ ခရီးသွားအေဂျင်စီ တစ်ခုမှာ အလုပ်လုပ်ကြပြီး နွေရာသီခရီးစဉ် ရေးဆွဲရေး လှုပ်ရှားမှုအတွက် တာဝန်ရှိတဲ့ အဖွဲ့ထဲမှာ ပါဝင်

နေကြတယ်။ သူတို့ရဲ့ လှုပ်ရှားမှုက ရုံးဝန်ထမ်း အမျိုးသမီးတွေ၊ ကျောင်းသူတွေကို ပစ်မှတ်ထားတာကြောင့် သူတို့အဖွဲ့ကို အမျိုးသမီး ဝန်ထမ်းအများစုနဲ့ တည်ထောင်ထားတယ်။ ဒီအမျိုးသမီးက အဖွဲ့ခေါင်းဆောင် ဆိုတာ သိသာပြီး ဒီဘဲကတော့ အကြံပေး တစ်ယောက်လို့ ထင်ရပါတယ်။

“ကျွန်တော် ပထမနေရာမှာတောင် မပါချင်ပါဘူး” လို့ သူက ပြောနေပါတယ်။ “ဒါ့ကြောင့် ဌာနမှူးက ဒီအဖွဲ့မှာ ပါစေချင်တယ် ဆိုတော့ ကျွန်တော့်မှာ ဘာရွေးချယ်စရာ ရှိတော့လဲ၊ သူ ဘာပြောလဲဆိုတာ ဌာနမှူးက ကျွန်တော့်ကို ပြန်ပြောပြနိုင်မလား။ သူ ကျွန်တော့်ကို ပြောတာက ‘အဲဒီ အမျိုးသမီးတွေ အားလုံးနဲ့အတူ အလုပ်လုပ်ရတာက ခင်ဗျားကို နည်းနည်းတော့ ပြန်လည်နုပျို စေမှာပေါ့’ တဲ့၊ ကျွန်တော့်ထက် အသက်နှစ်နှစ်လောက် ငယ်တဲ့ ကျွန်တော့်ရဲ့ အထက်အရာရှိဆီကနေ အဲဒီလို စကားမျိုး ကျွန်တော် ကြားရဖို့ လိုလို့လား။ ကျွန်တော့် အတွက်တော့ အပေါ်စီးကနေနေတဲ့ လူတွေထက် ဘယ်အရာကမှ မဆိုးလှပါဘူး၊ ကျွန်တော် ပြောတာကို နားလည်တယ် မဟုတ်လား”

အဲဒီလူက အသံကို ခပ်အုပ်အုပ် ပြောနေတာပါပဲ။ ဒါပေမဲ့ သူ့အသံက အခန်းတစ်ခုလုံး ပဲ့တင်ထပ်လို့ နေပါတယ်။ အာကျယ်တဲ့ လူပဲ။ သူဟာ ပုံမှန် အားဖြင့် ဆူညံနေတဲ့ နေရာတွေမှာ ညစာစားလေ့ရှိတတ်တဲ့ လူတစ်ယောက် ဆိုတာကို ကြေညာမောင်းခတ် နေသလိုပါပဲ။ မီးရထား ခုံးကျော်တံတားတွေ အောက်၊ ဒါမှမဟုတ် လမ်းဘေးဆိုင်တွေလို ဆိုင်တွေမှာပေါ့။ သူ ဝတ်ထားတဲ့ ဝတ်စုံက ဒီအခန်းထဲမှာ စျေးအပေါဆုံး ဝတ်စုံပဲ ဆိုတာ အလွယ်တကူ သိသာနေပါတယ်။ လူတစ်ယောက် အသက်လေးဆယ် ရောက်သွားရင်၊ ဒါမှမဟုတ် အဲဒီအရွယ် ကျော်သွားရင် ဆိုတဲ့ အတွေးနဲ့ ကျွန်တော် တုန်ခါသွားပါတယ်။ သူ့ရဲ့ ဘဝနေမှုပုံစံ အဆင့်အတန်းက မြင်နေရတဲ့အတိုင်း အကုန် ပြသလို့နေတယ်။

“ဘယ်လိုပဲဖြစ်ဖြစ်” လို့ သူ စကားဆက်ပါတယ်။ “အာရုက်ို ပြန်လည် စဉ်းစားခြင်း လှုပ်ရှားမှု အောင်မြင်တဲ့အတွက် ကျွန်တော့်ကို ဂုဏ်ပြုခွင့်ပြုပါ၊ နို့၊ နို့၊ ကျေးဇူးပြုပြီးတော့။ ကျွန်တော် ဘာကိုမှ တကယ် မမျှော်လင့်ပါဘူး။ ကျွန်တော် လုပ်ခဲ့တာဆိုလို့ သြစတြေးလျနဲ့ နယူးဇီလန်တို့အကြောင်း နည်းနည်းလောက် အကြံပေးခဲ့တာပဲ ရှိပါတယ်။ ဒါပေမဲ့ ကျွန်တော့်နာမည်ကို ဌာနမှူးရဲ့ အစီရင်ခံစာထဲမှာ လုံးဝ မဖော်ပြထားတာကို ကျွန်တော် သတိထားမိပါ

တယ်၊ နိုး၊ ကျွန်တော့်အတွက် ပြဿနာမရှိပါဘူး၊ တကယ်တော့ ‘ကိုအာဝါ ဝက်ဝံလေးကို ပွေ့ဖက်ကြစို့’ ဆိုတာ ဘယ်သူ့ဆီက ထွက်လာလဲဆိုတာ ဘယ်သူမှ မသိရင် ပိုကောင်းပါသေးတယ်၊ အဲဒါက ကျွန်တော့်အလုပ်အကိုင် လမ်းကြောင်း တစ်ခုလုံးကို လမ်းချော်သွားနိုင်တယ် ဆိုတာ ကျွန်တော် သိသမျှ ပါပဲ၊ ဒါမှမဟုတ် အဆုံးတောင် သတ်သွားနိုင်တယ်၊ ဟားဟား၊ ဌာနမှူးတို့ မိန်းကလေးတွေက ကျွန်တော့်ကို သတိထားကြလိမ့်မယ်လို့ ကျွန်တော် ခန့်မှန်း မိပါတယ်။ ဌာနမှူးက အဓိပ္ပာယ်မရှိတဲ့ ‘အကြီးတန်း ဝန်ထမ်း အဖွဲ့ဝင်’ ဆိုတဲ့ ရာထူးနဲ့ ပိတ်မိနေတဲ့ အသက်လေးဆယ်အရွယ် လူတစ်ယောက်အတွက် အခြေအနေတွေ ပိုဆိုးသွားမှာကို မလိုချင်ကောင်း မလိုချင် ဖြစ်ပါလိမ့်မယ်၊ အဲဒါကြောင့်ပဲ ကျွန်တော်ဟာ အူကြောင်ကြောင် ကိုအာလာ ဝက်ဝံ၊ ဒါမှမဟုတ် ‘နယူးဇီလန်ရဲ့ ပါးစပ်နဲ့ ရေပက်ခြင်း’ စီးပွားရေး စိတ်ကူးကို သယ်ဆောင်လာတဲ့ လူဆိုတာကို လက်ညှိုးထိုး မပြောချင်ကြတာ ဆိုတာကို သေချာပါတယ်။ ဌာနမှူးက ကျွန်တော့်ကို ကာကွယ်ပေးဖို့ ကြိုးစားပေးနေရုံ သက်သက်ပါပဲ၊ မဟုတ်ဘူးလား၊ မဟုတ်ဘူး၊ မဟုတ်ဘူး၊ တကယ်၊ ကျွန်တော် နားလည်တယ်၊ ဒါပေမဲ့ မနေ့တုန်းက ကျွန်တော် အထွေထွေ အစည်းအဝေး အကြီးကြီးတစ်ခုကို တက်ရပါတယ်၊ ဌာနမှူးတို့ မိန်းကလေးတွေ အားလုံးနဲ့အတူ အဖွဲ့အကြံပေးအဖြစ် ထိုင်ရပါတယ်၊ အထွေထွေ မန်နေဂျာက မဟာအောင်မြင်မှုအတွက် လူတိုင်းကို ချီးမွမ်းဂုဏ်ပြုပါတယ်၊ ကျွန်တော့်နာမည်က တစ်ကြိမ်လေးတောင် ပါမလာခဲ့ပါဘူး၊ မဟုတ်ဘူး၊ ရပါတယ်၊ ကျွန်တော် နေနိုင်ပါတယ်၊ ကျွန်တော် စိတ်ပူတာက ဌာနမှူးကိုပါ။

“ဌာနမှူးက နားလည်ချင်မှ နားလည်ပါလိမ့်မယ်၊ ဒါပေမဲ့ ဒီပရောဂျက် တစ်ခုလုံးကို တစ်ယောက်တည်းနဲ့ အောင်မြင်မှုရအောင် လုပ်နိုင်ခဲ့တယ်လို့ သဘောထားရင်တော့ ဌာနမှူးဟာ ပြဿနာတက်တော့မှာပါ၊ တစ်ခါတလေကျရင် ကိုယ့်ကိုယ်ကိုယ် ကျေနပ်နေတဲ့ လူတစ်ယောက်ဟာ သူ့ပတ်ဝန်းကျင်မှာ ဘာတွေ ဖြစ်နေလဲ ဆိုတာ မမြင်တတ်ကြဘူး၊ ကျွန်တော့်အတွက်ကတော့ ကိစ္စမရှိပါဘူး၊ ကျွန်တော့်ကို ဘယ်သူမှ စိတ်မပူပါဘူး၊ ကျွန်တော်ဟာ ဘယ် ကိစ္စမှာမှ တဖြည်းဖြည်းနဲ့ အရေးမပါလာတော့မှာကို သေချာနေပါတယ်၊ ဘာပဲ ပြောပြော ကျွန်တော်ဟာ အသက်လေးဆယ် ကျော်နေပြီးတော့ ကျွန်တော့်ရဲ့ စီးပွားရေးကတ်ထဲမှာ အကြီးတန်း ဝန်ထမ်းအဖွဲ့ဝင် အဖြစ်နဲ့ပေါ့၊ ကျွန်တော် ပြောဖို့ ကြိုးစားနေတာက ဒီကမ္ဘာပေါ်မှာ ဘယ်သူမှ တစ်ယောက်တည်းနဲ့ မ

အောင်မြင်ဘူး ဆိုတာပါပဲ၊ အားလုံးက ပူးပေါင်းဆောင်ရွက်ရတာချည်းပါပဲ၊ အဖွဲ့အစည်း တစ်ခု အဆင့်မှာတင် မဟုတ်ပါဘူး၊ ရင်ဘတ်ချင်းတူတဲ့ ကိစ္စမှာ ပါပါတယ်၊ နားလည်မှာပါ၊ အဲဒါကို နားလည်သွားပြီဆိုရင် တကယ့်အောင်မြင်မှု၊ တကယ့် အလုပ်အကိုင် လမ်းကြောင်းကို အခြေတည်လိုက် နိုင်တာပါပဲ၊ ကျွန်တော်ဟာ ကိစ္စကြီးမှာ လျစ်လျူရှုခံခဲ့ ရပါတယ်၊ အဲဒါမျိုး ကျွန်တော် အသားကျနေပါပြီ၊ ဒါပေမဲ့ ကျွန်တော်တို့ဟာ အရေးကြီးတဲ့ အထွေထွေ အစည်းအဝေးတိုင်းမှာ ဌာနမှူးတွေချည်းပါပဲ၊ ကျွန်တော့်နာမည်က အစီရင်ခံစာထဲမှာ ဖော်ပြတာတောင် မခံရပါဘူး၊ ကျွန်တော်က ဘာမှ မလုပ်သလိုပါပဲ၊ ကောင်းပါတယ်၊ ထားလိုက်ပါတော့၊ ဘာပဲပြောပြော ဒီပရောဂျက်တစ်ခုလုံးက ခင်ဗျားတို့ မိန်းကလေးတွေချည်းပါပဲ၊ ဒါပေမဲ့ ယောကျ်ားတစ်ယောက်ရဲ့ ဂုဏ်သိက္ခာ ဆိုတာ ရှိမှန်းခင်ဗျား သိပါတယ်၊ ဒါဟာ ကျွန်တော့် အတွက် ပထမဆုံးပဲဆိုတာ ပြောရပါမယ်၊ ကျွန်တော့် အလုပ်သက်တမ်းတစ်လျှောက်မှာ မကြာမကြာ နှစ်ပေါက်တစ်ပေါက် အရိုက်ခံရတာတွေ များလှပါပြီ၊ ဒါပေမဲ့ အခုလိုမျိုး မလေးမစား အလုပ်ခံရတာမျိုးတော့ အရင်က မရှိဖူးပါဘူး၊ ဆိုလိုချင်တာက အခုလို အလုပ်ခံရတာက ကျွန်တော်ဟာ မယှဉ်ပြိုင်နိုင်သလို ဖြစ်ရပါတယ်၊ လူပေါင်းနှစ်ရာလောက်က ကြည့်နေချိန်မှာ ကျွန်တော်ဟာ ခင်ဗျားတို့နဲ့အတူ အဖွဲ့ဝင်တစ်ယောက် အနေနဲ့ ထိုင်နေခဲ့ရပါတယ်၊ ခင်ဗျားရဲ့ မိနစ်လေးဆယ်ကြာ အစီရင်ခံစာထဲမှာ ကျွန်တော်ဟာ မတည်ရှိသလို ဌာနမှူးရဲ့ မှတ်ချက်ထဲမှာတောင် ဖော်ပြခြင်း မခံရပါဘူး၊ ကျွန်တော့်ကို တစ်မျိုးမထင်ပါနဲ့၊ ဘယ်လိုဖြစ်ခဲ့လဲ ဆိုတာကို ကျွန်တော် နားလည်ပါတယ်၊ ခင်ဗျားက မထောက်မထား မလုပ်တာ မဟုတ်မှန်းတော့ ကျွန်တော့်ဘက်က သေချာပါတယ်၊ ဒါပေမဲ့ သေလိုက်စမ်း၊ ကျွန်တော်ဟာ မျက်နှာပျက်ရတာကို ခံနိုင်ရည် ရှိနေတာတော့ မဟုတ်ပါဘူး၊ ကျွန်တော် ဒါပဲ ပြောချင်တာပါ”

ဘယ်လို ချီးထုပ်ကောင်လဲကွာလို့ ကျွန်တော် နားထောင်နေရင်းနဲ့ တစ်လျှောက်လုံး တွေးနေမိတယ်။ အဲဒီကောင်က အဲဒီစကားကိုပဲ ထပ်ပြန်တလဲလဲ ပြောနေတာ နောက်ဆုံးတော့ အမျိုးသမီးက မျက်ရည်ကျလာတဲ့ အထိပါပဲ။ စောက်ကျင့်ယုတ်၊ ကလိန်ကကျစ် ကျတတ်တဲ့ ကောင်စားမျိုးပါပဲ။ ဒီကောင်က အမျိုးသမီးကို ငိုတဲ့အထိ စကားနာထိုးဖို့ နဂိုကတည်းက ဆုံးဖြတ်ထားပြီးသား။ အမျိုးသမီးဟာ စိတ်ပျက်မိတာ၊ ဒီလို မတရားမှုတွေအတွက် စိတ်ကသိကအောက် ဖြစ်ရတာတွေ ဖြစ်မိမှာပါပဲ။ ဒါပေမဲ့ အမျိုးသမီးဟာ ပ

လိန်းကြီး သက်သက် အရှက်ရရတာကို ကျွန်တော် သေချာ ပြောနိုင်ပါတယ်။ အဲဒီလို ဘဲနာကောင်တွေနဲ့ ပတ်သက်လို့ ကျွန်တော့်မှာလည်း ကိုယ်ပိုင် အတွေ့အကြုံတွေ ရှိပါတယ်။ သူတို့နဲ့ အတူရှိနေရုံ သက်သက်နဲ့တင် အပေါစား ခေါင်းလိမ်းဆီ အနံ့တွေကို ရလိမ့်မယ်။ ခင်ဗျားဟာ ငါ ဘာလုပ်ခဲ့မိလို့ ဒီ ပြစ်ဒဏ်ကို ခံနေရတာလဲလို့ တွေးမိလိမ့်မယ်။ ပြီးတော့ အနားမှာ တခြားလူ တွေသာ ရှိနေမယ်ဆိုရင် ခင်ဗျားဟာ အရှက်တကွဲ ဖြစ်ရမှုကို လိမ်ပိန်နေ အောင် ခံစားရပြီး သေချင်မိမှာပဲ။ အလုပ်အကိုင်လမ်းကြောင်း၊ အကျိုးဆက် အဆိုး၊ အကြီးတန်း ဝန်ထမ်းအဖွဲ့ဝင်၊ မျက်နှာပျက် စတဲ့ ဟောင်းနွမ်းဆွေးမြည့် နေတဲ့ စကားစုတွေကို သူ သုံးသွားတာကတော့ အထင်ကြီးစရာပါပဲ။ သူ့ရဲ့ ဟိန်းဟောက်နေတဲ့ လေသံကို ထပ်ပေါင်းရင် အဲဒီအမျိုးသမီးနေရာမှာ ကျွန်တော်ဆိုရင်လည်း ငိုမိမှာပါပဲ။ ကျွန်တော် အထက်တန်း ကျောင်းတက် တုန်းက အခုလိုပုံစံမျိုးနဲ့ ထိပ်ပြောင်ပြောင် အသက်ကြီးကြီး ဆရာတစ်ယောက် ရှိခဲ့ဖူးတယ်။ အဲဒီလို လူစားတွေနဲ့ ဘယ်လိုမှ ညှိနှိုင်းဆွေးနွေးလို့ မရဘူး။ ခင်ဗျားက အလုပ်တွေ ပိုလုပ်ရင်လည်း ခင်ဗျားဟာ ထောင်ချောက်ထဲ ခပ်နက် နက် ကျသွားတာပဲ ရှိပါလိမ့်မယ်။ အဲဒီလိုကောင်တွေကို အခုလို အော်လိုက်။ “မင်း ဘာကောင်လဲ” ပို့ချချက်က နှစ်ကြိမ်တိုင်တိုင် အရှည်ကြီး ထပ်ကျော့ တယ်။ အဲဒီလိုကောင်တွေကို နှာခေါင်းကို ဖြတ်ထိုးလိုက်။ ပြီးရင်တော့ ပြင်းထန်တဲ့ ဂယက်ထမှုတွေ ရှိလိမ့်မယ်။

“ဟုတ်ကဲ့၊ စိတ်မရှိပါနဲ့၊ ကျွန်တော် ဒီည ခင်ဗျားကို အောင်မြင်မှုအတွက် ဂုဏ်ပြုတဲ့အနေနဲ့ ညစာကောင်းကောင်း ကျွေးချင်တာပဲ ရှိပါတယ်၊ အလေး အနက် ပြောရတဲ့ စကားတွေ ထားလိုက်ပါတော့၊ အစားပဲ ကောင်းကောင်း စား ကြပါစို့”

နောက်ဆုံးမှာ အမျိုးသမီးကို စိတ်ဓာတ်ကျသွားအောင် လုပ်ပြီးတဲ့နောက် သူက အဲဒီလို အကြံပြုစကား ပြောလိုက်ပါတယ်။

အနီးအနား စားပွဲဝိုင်းတွေက စားသုံးသူတွေဟာ အပေါစား ဝိုင်ဖြူတွေကို အငမ်းမရသောက်၊ ဆဲဗင်းစတား စီးကရက်ကို မပြတ်တမ်း ဖွာပြီး အာလာပသလ္လာပ စကားတွေ စပြောလာတဲ့ အကြီးတန်းဝန်ထမ်း အဖွဲ့ဝင်ဆို တဲ့ လူကို ကြည့်ရင်း ငေးကြောင် တုန်လှုပ်သွားတဲ့ ပုံပါပဲ။ အမျိုးသမီးက “အို”၊ “အာ” ဆိုတဲ့ စကားတွေကလွဲလို့ သိပ်ပြီး ဟက်ဟက်ပက်ပက် မပြောပါဘူး။

ကျွန်တော်သူတို့ရဲ့ ဟင်းပွဲကြီးဖြစ်တဲ့ သိုးကလေးသားကင် ယူသွားတဲ့ အချိန်မှာ ဒါတွေ ဖြစ်ခဲ့ပါတယ်။

“ဒါနဲ့ လစာပေးခွင့် အပန်းဖြေခရီးကို ဘယ်သွားဖို့ စီစဉ်ထားလဲ၊ မာယူအီက အမ်စတာဒမ် သွားမယ် ပြောနေတယ်၊ ကူရိုကီက ဆွီဒင်တဲ့” လို့ အဲဒီလူက မေးတယ်။

အမျိုးသမီး ပြန်ပြောတဲ့ စကားက ကျွန်တော့်ကို ဓာတ်လိုက်သွားသလိုပါပဲ။

“ကျွန်မ ကျူးဘားကို သွားမယ်” လို့ သူမ ပြောတယ်။

ကျွန်တော့် နှလုံးသားဟာ ကုန်းပေါ်ရောက်လာတဲ့ ဆယ်လ်မွန်ငါး တစ်ကောင်လို တဖျပ်ဖျပ် ဖြစ်လို့သွားတယ်။

“ဘာ” အဲဒီလူက စိတ်ရှုပ်ထွေးသွားတဲ့ ပုံစံ ဖြစ်သွားတယ်။ “ကျူးဘားဟုတ်လား၊ ဘာလို့ အဲဒီကို သွားမှာလဲ၊ အဲဒီနေရာတွေက အခုချိန်မှာ အန္တရာယ်များနေတာ မဟုတ်ဘူးလား၊ ကျွန်တော်တော့ နားမလည်ဘူး”

အမျိုးသမီးက ဘာမှပြန်မပြောဘဲ၊ နားမလည်ရင် ဖင်ဆောင့်သေလိုက်ဆိုတဲ့ မျက်နှာပေးနဲ့ သူ့ပုံစံအတိုင်း ပျင်းရိပျင်းတွဲ ပုံစံနဲ့ ပြန်ကြည့်တယ်။ ပြီးတော့ အသားကင်တွေကို ဘာမှမပြောဘဲ ဆက်စားလို့နေတယ်။ စိတ်မဝင်စားချင်ယောင် ဆောင်နေရတာ ကျွန်တော့်အတွက် တော်တော်ခက်လို့ လာတယ်။ ကျွန်တော် သူတို့ရဲ့ တခြားပန်းကန်တွေ သိမ်းနေတုန်း ကျွန်တော့်လက်တွေက တုန်နေလို့ ပန်းကန်ပြားပေါ်က ခရင်းတွေတောင် အသံမြည်လို့နေတယ်။ ကျူးဘားဆိုတာ ကျွန်တော် သွားလည်ဖို့ ပိုက်ဆံစုနေတဲ့ နိုင်ငံပါ။

⁂

“ကျွန်တော့်ကို တစ်မိနစ်လောက် ခွင့်ပြုပါခင်ဗျာ၊ ကျွန်တော် ချက်ချင်း ပြန်လာခဲ့ပါမယ်” လို့ ကျွန်တော် မန်နေဂျာကို ပြောရင်း ကြိုတင်တောင်းပန်တဲ့ အနေနဲ့ ခေါင်းညွှတ်လိုက်ပါတယ်။ ပြီးတော့ သူတို့နှစ်ယောက် အပြင်ထွက်သွားတာကို နောက်ကနေ လိုက်သွားခဲ့ပါတယ်။

နွေဦးရောက်တော့မှာပါ။ ဒါပေမဲ့ ကျွန်တော် လမ်းပေါ်ထွက်လိုက်တော့ မှုတ်ထုတ်လိုက်တဲ့ သက်ပြင်းကိုတောင် မြင်နေရလောက်အောင် အေးလို့နေပါ

တယ်။ သူတို့နှစ်ယောက် အပြင်မှာ မတ်တတ်ရပ်ပြီး တစ်ဖက်သက် စကားဝိုင်းကို ဆက်လို့နေတယ်။

“ကျွန်တော် ဖိအားပေးနေတာ မဟုတ်ပါဘူး၊ ဒီနားက ဘီယာဆိုင်မှာ ကျွန်တော့်နာမည်နဲ့ ဆင်ဂယ်မော့တစ်လုံး ရှိနေပါတယ်၊ ဒီည နည်းနည်း လောက် သောက်ပြီး အဆုံးသတ်ရင် ကောင်းမယ် ထင်ပါတယ်၊ နာရီဝက် လောက်ပါပဲ”

“ကျွန်မ တကယ်ကို ထပ်မသောက်နိုင်တော့တာပါ”

“မိနစ်သုံးဆယ်ပါပဲ၊ ကျွန်တော် အူကြောင်ကြောင်တွေ မလုပ်ဘူးလို့ ထင်တယ် မဟုတ်လား”

“မလုပ်ပါဘူး”

“အဲဒါဆိုလည်း ဘာပြဿနာ ရှိလို့လဲ၊ အဲဒီဆိုင်မှာ ကော့တေးလ်တွေက လည်း အရမ်းကောင်းတယ်၊ နာမည်ကြီးတယ်၊ ကျွန်တော် နေရာမှာပြီးသား”

“ဆောရီးပါရှင်၊ ကျွန်မ အများကြီး မသောက်နိုင်လို့ပါ”

“နာရီဝက်ပဲ ကျွန်တော် ပြောတာပါ၊ ကျွန်တော့်ကို အရှက်ရအောင် မ လုပ်ပါနဲ့ တော်တော် နာမည်ကြီးတယ်၊ ကျွန်တော် နေရာမှာပြီးသားပါ”

ကျွန်တော့်ကို အဲဒီအမျိုးသမီးက ဟိုလူ့ထက်အရင်သတိထားမိပါတယ်။ ကျွန်တော် သူတို့နှစ်ယောက်နောက်မှာ လက်ပိုက်ပြီးတော့ ရပ်လို့နေပါတယ်။ ကျွန်တော် ဂျက်ကက် ဝတ်မထားပါဘူး။ ရှပ်အင်္ကျီအဖြူနဲ့ လည်စည်းပဲ စည်း ထားပါတယ်။ အဲဒီတော့ ကျွန်တော့်ကို သတိမထားမိစရာ မရှိပါဘူး။ ကျွန်တော်တို့ မျက်လုံးတွေ ဆုံမိတော့ “ဆိုင်ကို လာတဲ့အတွက် ကျေးဇူးတင်ပါ တယ်ခင်ဗျာ” လို့ ပြောလိုက်ပါတယ်။

ဟိုဘဲက ကျွန်တော့်ကို စိန်းစိန်းဝါးဝါး ကြည့်လို့နေပါတယ်။ သူ့မျက်လုံး တွေက ဝိုင်တွေကြောင့် အရည်တွေ ဝေ့နေပြီး ကျွန်တော် ရပ်နေတဲ့ နေရာက နေတောင် အရက်အငွေ့တွေ ရနေပါတယ်။ သူဟာ ဆောင်းရာသီ အခုနှစ်ဆယ် လောက် ဖြတ်ကျော်ခဲ့ရပြီးပုံရတဲ့ မီးခိုးရောင် ကုတ်အင်္ကျီကို ဝတ်လို့ထားပါ တယ်။

“မင်း ဘာလိုချင်လို့လဲ”

ကျွန်တော် အမျိုးသမီးနဲ့ စကားနည်းနည်း ပြောချင်လို့ ဆိုတာကို ရှင်းပြဖို့ စဉ်းစားမိပါသေးတယ်။ ဒါပေမဲ့ အပြင်မှာ အေးလို့နေတယ်။ ကျွန်တော့် အလုပ်ကိုလည်း အချိန်ကြာကြာ ထားခဲ့လို့ မရပါဘူး။ ပြီးတော့ ဒီလူဟာ ကျွန်တော်တို့ ဆိုင်ကို တော်ရုံနဲ့ နောက်တစ်ခေါက် ထပ်ရောက်ဦးမယ့်လူ မဟုတ်ဘူး ဆိုတာကို ကျွန်တော် သေချာသိလို့ နေတယ်။ အဲဒါကြောင့် ကျွန်တော် သူ့ကို လျစ်လျူရှုလိုက်ပါတယ်။ သူ့လိုလူမျိုးက ပုံမှန်အားဖြင့် လျစ်လျူရှုရမယ့် ပုံစံမျိုးပါ။

“ကျွန်တော့် နာမည် ကိုဒါမာတိုရုပါ” လို့ ကျွန်တော် သူမကို ပြောလိုက်တယ်။ “ကျွန်တော် ဒီစားသောက်ဆိုင်မှာ အလုပ်လုပ်ပြီး ကျူးဘားသွားဖို့ ပိုက်ဆံစုနေတာပါ၊ ကျွန်တော့်ကို ရိုင်းတယ်လို့တော့ မထင်ပါနဲ့ခင်ဗျာ၊ ကျွန်တော့်ကို အကြံပေးလို့ရမယ့် အချိန် တစ်ချိန်ချိန်လောက်များ ရှိမလားလို့ မေးချင်ပါတယ်၊ ဒီက အစ်မ အဆင်ပြေတဲ့ ဘယ်အချိန်မဆိုပေါ့”

ကျွန်တော် ဒီစကားတွေ အားလုံးကို အသက်နှစ်ခါလောက်ပဲ ရှူသွင်းလိုက်ပြီး ပြောခဲ့လိုက်တယ်။ ကျွန်တော်ဟာ လိမ္မာပါးနပ်ပေမယ့် တဲ့တိုးဆန်တဲ့ လူငယ်တစ်ယောက်လိုပဲလို့ တွေးမိတယ်။ သူမ ထင်မထားတဲ့ အံ့အားသင့်မှုနဲ့ ကြုံလိုက်ရပေမယ့် ပြန်တုံ့ပြန်ဖို့ တွန့်ဆုတ်လို့နေတယ်။ ကတ်ပြား တောင်းလိုက်လို့ ကိုယ့်ကိုယ်ကိုယ် ပြောလိုက်တယ်။ အလုပ်လိပ်စာကတ် တောင်း။

“ဘာစောက်ချိုး ချိုးတာလဲ” လို့ အဲဒီလူက ကျွန်တော်တို့ နှစ်ယောက် ကြားထဲ ခြေလှမ်းတိုးဖို့ ကြိုးစားရင်း ပြောတယ်။

“ဒီလို ဧွတ်ဝင်ရအောင် မင်းက ဘာကောင်လဲ”

ကျွန်တော် သူ့ကို ထပ်ပြီး ဂရုမစိုက်ဘဲ၊ ဖြတ်သွားတဲ့ တက္ကစီတစ်စီးကို တားလိုက်တယ်။

“ကားရပါပြီ မစ္စ” လို့ တက္ကစီဒရိုင်ဘာက ကားတံခါး ဖွင့်ပေးနေချိန်မှာ ကျွန်တော်က လက်ပြပြီး ပြောလိုက်တယ်။ သူမက ကျွန်တော့်ကို အသက်ကယ်ဘောကွင်း ပစ်ပေးလိုက်တဲ့ လူတစ်ယောက်လို ကြည့်ပြီး ပါးစပ်

အဟောင်းသားနဲ့ ကြက်သေသေနေတဲ့ သူမရဲ့ လုပ်ဖော်ကိုင်ဖက်ကို ခေါင်းညွှတ်ပြလိုက်တယ်။

“လိပ်စာကတ်လေး တောင်းခွင့်ပြုပါ” လို့ သူမ ခုံမှာ ထိုင်ချိန်မှာ ကျွန်တော်ပြောလိုက်တယ်။

“ကျူးဘားကို မင်း ဘာလို့ စိတ်ဝင်စားတာလဲ” လို့ သူမက မေးတယ်။

ကျွန်တော် သူမကို ဂျေဗီယာအိုလ်မိုကို ပြောပြလိုက်တယ်။ “ကျွန်တော့်မှာ သူ့ရဲ့ စီဒီတစ်ချပ် ရှိတယ်” လို့ ကျွန်တော် ပြောလိုက်တယ်။ “ကျွန်တော် သူ့ဂီတကို ချစ်တယ်”

“ကျွန်မ သူ့ကို တစ်ခါမှ မကြားဖူးဘူး” လို့ သူမ ပြောလိုက်တယ်။

“ကျွန်တော် ကက်ဆက်ခွေ တစ်ခု ကူးပေးထားပါ့မယ်၊ သူက ချတ်ဘေကာထက်တောင် ပိုကောင်းသေးတယ်၊ ဂျက်ဇ်ဘဲဒ်သမားတွေထဲမှာ အကောင်းဆုံးပါပဲ”

သူမ ကတ်တစ်ကတ် ယူပြီး ကျွန်တော့်ကို ပေးတယ်။ ကားသမားက တံခါးကို ပိတ်လိုက်တယ်။ ကားထွက်သွားချိန်မှာ ကျွန်တော် ကားသမားကို လေးလေးနက်နက် ဦးညွှတ်လိုက်တယ်။ ကျွန်တော်က ခရီးသွားလမ်းညွှန်အကြံတောင်းဖို့ မဟုတ်ပါဘူး။ ကျွန်တော့် ဦးနှောက်၊ နှလုံးသား၊ အသည်းအူတွေက သဘောတူညီမှုနဲ့ ကျွန်တော် လိုချင်တာက အဲဒီအမျိုးသမီးကို အဖော်ပြုပြီး ကျူးဘားကို သွားချင်တာပါ။

စားသောက်ဆိုင်ထဲ ပြန်ဝင်မလို့ လုပ်နေချိန်မှာ အကြီးတန်းဝန်ထမ်းအဖွဲ့ဝင်က ကျွန်တော့် ပခုံးကို လာညှစ်တယ်။

“မင်းကိုယ်မင်း ဘာကောင်ထင်ပြီး ဒီလိုစောက်ချိုး လာချိုးနေတာလဲ” လို့ သူ ပြောတယ်။

ကျွန်တော့် လှည့်ထွက်ပြီး သူ့နားရွက်နား တည့်တည့် ကပ်ပြောလိုက်တယ်။

“တစ်ကမ္ဘာလုံးက ခင်ဗျားကို ဖင်ဆောင့်သေလိုက်လို့ ပြောနေကြတယ်”

ကျွန်တော် သူ့လက်ကို ဖြုတ်ချလိုက်ပြီး အပြေးတစ်ပိုင်းနဲ့ အထဲ ပြန်ဝင်ခဲ့တယ်။

အကာဂါဝါမီကိုတဲ့ သူမနာမည်က။ ညဉ့်နှက်လို့ အခန်းပြန်ရောက်တော့ ကျွန်တော် သူမရဲ့ ကတ်ကို ကြည့်ရင်း ဂျေဗီယာအိုမိုစီဒီကို နားထောင်တယ်။ ကျွန်တော့် အခန်းက ဟွန်နန်ချိုမှာပါ။ ဒါပေမဲ့ ကျွန်တော့်မိသားစု အိမ်ကတော့ မြောက်ပိုင်းအစွန်းက ချီဘ စီရင်စုနယ်မှာပါ။ ကျွန်တော့် အဖေက အလတ်စား ဆေးဝါးကုမ္ပဏီတစ်ခု ထောင်ထားပါတယ်။ ကျွန်တော့် အမေက ပုံမှန် အိမ်ရှင်မ တစ်ယောက်ပါပဲ။ ကျွန်တော့် အစ်ကိုက ဆရာဝန်တစ်ယောက် ဖြစ်ပြီး ကျွန်တော့်ထက် တစ်နှစ်ငယ်တဲ့ ကျွန်တော့် ညီမက နေရှင်နယ်တက္ကသိုလ်မှာ နျူကလီးယား ရူပဗေဒ တက်နေပါတယ်။ အဲဒီတက္ကသိုလ်က ကျွန်တော် တက်နေတဲ့ ခပ်ပေါပေါကောလိပ် ဝင်ခွင့်ရဖို့ထက် အဆနှစ်ဆယ်လောက် ပို ခက်ခဲပါတယ်။

ကျွန်တော့်ကိုယ်ကျွန်တော် ငတုံးတစ်ကောင်လို့ မစဉ်းစားပါဘူး။ ဒါပေမဲ့ နှစ်ဆယ့်တစ်နှစ်ထဲ ဝင်လာပြီဖြစ်တဲ့။ကျွန်တော့် အသက်အရွယ်မှာတော့ ကျွန်တော် ဘာကြိုက်လဲ ဆိုတာကို သေသေချာချာ သက်သေမပြနိုင်သေးပါဘူး။ မူလတန်းကနေ အလယ်တန်းတက်တဲ့ အထိ ကျွန်တော့်မှာ အော်တစ်ဇင် လက္ခဏာတွေ ပြခဲ့တယ် ဆိုတဲ့အကြောင်း ကျွန်တော့်ရဲ့ သူငယ်ချင်း အများစုက မယုံကြပါဘူး။ လူတွေနဲ့ အဆက်အဆံ လုပ်ရတာ ကျွန်တော့်အတွက် တော်တော်လေး ခက်ခဲလှပါတယ်။ မဖြစ်နိုင်သလောက်ပါပဲ။ ဒါပေမဲ့ ကျွန်တော် အထက်တန်း စတက်တော့ ကျွန်တော့်ဘဝမှာ ပြောပလောက်အောင် ကြီးမားတဲ့ အပြောင်းအလဲ မရှိပါဘဲနဲ့ အဲဒီလက္ခဏာတွေ ပျောက်ကွယ်သွားခဲ့ပါတယ်။ မူလတန်း တစ်လျှောက်လုံး ကျွန်တော် အခက်အခဲမျိုးစုံ ကြုံခဲ့ရပါတယ်။ အခု ပြန်စဉ်းစားတော့ အဲဒီ အခက်အခဲတွေဟာ ကျွန်တော့်ရဲ့ အကန့်အသတ်တွေက ဘယ်လောက်ပဲရှိလဲ ဆိုတာကို ရှာဖွေဖို့ ကြိုးစားခဲ့တာပဲလို့ ပြောနိုင်ပါတယ်။ လက်သီးထိုးပွဲတွေ၊ ကျောင်းပြေးတာတွေ၊ ဆန့်ကျင်ဘက်လိင်တွေအပေါ် မလျော်မကန် ပြုမူတာတွေ၊ သတ္တုအဖုတွေ ရိုက်ထားတဲ့ သားရေဂျက်ကက်ဝတ်ပြီး ဆိုင်ကယ်စီး ဘွတ်ဖိနပ် စီးတာတွေ၊ ဆေးသုတ်တဲ့ သင်နာအနုံရှူတာတွေ၊ အဲဒါတွေကို လုပ်ခဲ့ပါတယ်။ ဒါပေမဲ့ ကျွန်တော် စာလည်း တော်တော်ဖတ်ပါတယ်။ စိတ်ပိုင်းဆိုင်ရာ ပြဿနာ တွေရှိတဲ့ ကလေးတွေဟာ စကားလုံးတွေကို ဆာလောင်တယ်လို့ ပြောကြပါတယ်။ ဒါပေမဲ့

ကျွန်တော် စာအုပ်တွေကို စွဲသွားတာက အလယ်တန်း ပထမနှစ်မှာ မာကီကို ချန် ဆိုတဲ့ အလှမလေးကို ချစ်မိသွားခဲ့တာကြောင့်ဖြစ်ပါတယ်။ သူမက ကျွန်တော့်ကို စာဖတ်ဖို့ အကြံပေးခဲ့လို့ပါ။ “စာအုပ် တစ်အုပ်၊ နှစ်အုပ်လောက် ဖတ်ကြည့်ပါလား” ဆိုတာ သူမရဲ့ စကားလုံး အတိအကျပါပဲ။ ဒါပေမဲ့ နောက်ဆုံးမှာတော့ ကျွန်တော်ဟာ မြင်မြင်သမျှ စာအုပ်မှန်သမျှကို ဖတ်တော့တာပါပဲ။ ကလေးဖတ် လျှို့ဝှက်သည်းဖို စာအုပ်တွေကနေ ဖတ်ရခက်တဲ့ ခန်ဂျီး စာအုပ် အထူကြီးတွေ၊ နိုင်ငံခြားနာမည်တွေနဲ့ အင်္ဂလိပ် စကားလုံးတွေ။ ဒါပေမဲ့လည်း အဲဒီဟာတွေထဲမှာ ကျွန်တော် ဘာအဖြေမှ မရခဲ့ပါဘူး။

အထက်တန်းမှာလည်း အဖြေမတွေ့ပါဘူး။ ဒါနဲ့ ကျွန်တော့်အပေါ် လွှမ်းမိုးမှုရှိတဲ့ သူငယ်ချင်းတစ်ယောက်ဆီမှာ ကျွန်တော် မေးမိပါတယ်။ ဂျွန်အီချီဟာ နှစ်လိုဖွယ်ကောင်းတဲ့ သူငယ်ချင်းပါ။ ကျွန်တော့်လို ပြဿနာတွေနဲ့ ရင်ဆိုင်နေရတဲ့ တစ်ယောက်ပါပဲ။ သူနဲ့ စကားပြောရတာဟာ ဒီလိုဝေဒနာကို ခံစားနေ ရတာ မင်းတစ်ယောက်တည်း မဟုတ်ဘူး ဆိုတဲ့ ခံစားချက်ကို ရစေပါတယ်။ “ငါ ဆိုလိုချင်တာကကွာ လူတိုင်းက သူ့အလိုလို ပြုမူသွားတာပဲ” လို့ သူက ကျွန်တော့်ကို ပြောပါတယ်။ “သူတို့တွေက တကယ်မစဉ်းစားဘဲ ပြောကြတယ်၊ တကယ်မလုပ်ချင်ဘဲ လုပ်သွားတယ်၊ နောက်မကြာခင်မှာ မင်းလည်း အဲဒီလို လုပ်ဖြစ်သွားလိမ့်မယ်” သူက အဲဒီလိုပြောတော့ ကျွန်တော်က “ဝေါင်း၊ သိပ်မှန်တာပေါ့” ဆိုပြီး ဖြစ်သွားတယ်။ ကျွန်တော်တို့ရဲ့ စကားဝိုင်းတွေက ကျွန်တော့် ကိုယ်ထဲမှာ ရှိနေတဲ့ အရံအတားတစ်ခုကို ဖယ်ရှားသွားတယ်လို့ ကျွန်တော် ခံစားရတယ်။ နေရောင်ထဲမှာ မနက်ခင်း မြူခိုးတွေ ပျောက်ကွယ်သွားသလိုပါပဲ။ ဂျွန်အီချီဆိုတဲ့ လူက ကျွန်တော့်ကို ခေတ်ဟောင်းဂျက်ဇ်နဲ့ မိတ်ဆက်ပေးခဲ့ပါတယ်။ သူ့အဖေက ဗီသုကာတစ်ဦး ဖြစ်ပြီး ဓာတ်ပြားတွေ အများကြီး စုဆောင်းထားတဲ့ အနောက်တိုင်း ယဉ်ကျေးမှုကို ချစ်မြတ်နိုးသူ တစ်ယောက် ဖြစ်ပါတယ်။ ဂျွန်အီချီဟာ ဂျက်ဇ်ဂီတကို ဆယ့်ခြောက်နှစ်သားတစ်ယောက် သိသင့်တာထက် အများကြီး ပိုသိတဲ့သူပါ။ ကျွန်တော် အတီးသက်သက် ဂျက်ဇ်ကို သိပ်မခံစားနိုင်ပါဘူး။ ကြောင်တစ်ကောင်ရဲ့ အသံနဲ့တူတဲ့ ဘီလီဟောလီဒေး အသံကိုကြားတော့ ဘယ်အရာကမှ ကျွန်တော့်ကို မဆွဲဆောင်နိုင်တော့ပါဘူး။ ပြီးတဲ့နောက် သူမလို အဆိုတော် နောက်တစ်ယောက် ဘယ်တော့မှ တွေ့နိုင်မှာ မဟုတ်တော့ဘူးလို့ ကျွန်တော် တွေးမိခဲ့ပါတယ်။ ကျွန်တော် ချတ်ဘေကာကို မတော်တဆ နားထောင်မိသွားတယ်။ ချတ်ဘေ

ကာနဲ့ ဘီလီဟောလီးဒေးတို့ရဲ့ အသံကို ကျွန်တော့်နားက သွေးတွေကျတဲ့အထိ နားထောင်သွားနိုင်ပါတယ်။ ဒါပေမဲ့ ကျွန်တော်တက်တဲ့ အထက်တန်းကျောင်းမှာ သူတို့ ဘယ်သူတွေလဲ ဆိုတာ သိတဲ့သူတောင် မရှိပါဘူး။

ဒီလူ့အဖွဲ့အစည်းက ကျွန်တော်တို့ လိုအပ်တာ အကုန်ရှိပြီးသား ဆိုတဲ့ အသိကို စွဲမြဲနေပါတယ်။ အဲဒါကို ကျွန်တော်လည်း သိပါတယ်။ ဘာ့ကြောင့်လဲ ဆိုတော့ ကျွန်တော် ဂျွန်အိချီနဲ့ တွေ့တဲ့အချိန်အထိ အဲဒီအသိ စွဲမြဲနေခဲ့လို့ပါ။ ဝမ်းနည်းစရာ ကောင်းတာက ခင်ဗျားက အရေးကြီးတဲ့ တစ်ခုခု ပျောက်ဆုံးနေမှန်း သိရှိနားလည်စ ပြုလာတဲ့အခါ လူတွေက မကြိုက်ကြပါဘူး။ ခင်ဗျား ဝိုင်းဖယ် ကြဉ်ခံရမယ်၊ ဒါမှမဟုတ် နှိပ်ကွပ်ခံရလိမ့်မယ်။ အလယ်ခေတ်တုန်းက စုန်းမတွေလိုပေါ့။ ဘာတွေ ပျောက်ဆုံးနေလဲ ဆိုတာကို ကျွန်တော် အတိအကျ မပြောနိုင်တာကိုတော့ စိတ်မရှိပါနဲ့။ ကိုယ့်ကိုယ်ကိုယ် ဟုတ်လှပြီလို့ ထင်နေတဲ့ သက်ကျားအိုတွေက ဒီနေ့ခေတ်မှာ လူတွေဟာ 'ပွင့်လင်းမှု'၊ 'ကြင်နာမှု'၊ 'ဦးတည်ချက် ထားရှိမှု'၊ 'ပြီးမြောက်အောင် ဆောင်ရွက်မှု'၊ 'ကျေးဇူးတရား' စတဲ့ အရာတွေ မရှိတော့ဘူးလို့ ပြောကြလိမ့်မယ်။ ဒါပေမဲ့ အဲဒီလို ပြောတာတွေက ရေကို ဗွက်ထသွားစေတာပဲ ရှိပါတယ်။ တစ်ခုခု မှားယွင်းနေတာတော့ ရှင်းနေတာပါပဲ၊ ဒါပေမဲ့ အဲဒါက ဘာတွေလဲ ဆိုတာကိုတော့ လူတွေက တစ်စက်ကလေးတောင်မှ မသိကြပါဘူး။ သူတို့တွေက မကြာသေးခင်ကမှ ဖြစ်ခဲ့တာ တစ်ခုခုကိုပဲ ပြောနေ သလိုပါပဲ၊ ပြဿနာက ဟိုးအရင်တုန်းက မရှိခဲ့ဘဲ၊ ရှင်ဂျူကူအနောက်ပိုင်းမှာ မိုးမျှော်တိုက်တွေ ရှိလာသလို အခုမှ ပေါ်ထွက်လာသလို ပြောတတ်ကြတာပဲ ဖြစ်ပါတယ်။ ကျွန်တော်တို့နဲ့ အခုလက်ရှိ အသားကျနေတဲ့ ပျောက်ဆုံးနေတဲ့ အရာဖြစ်တဲ့ ယုံကြည်မှုဟာ ဘာလဲလို့ ကျွန်တော့်ကို လာမေးရင်တော့ ဟုတ်ယောင်ထင်မှု တစ်ခုပဲလို့ ပြောမှာပါ။ ဒါပေမဲ့ "မင်းမှာ လိုအပ်နေတာ အကုန် ရှိနေတာပဲ၊ မင်းပြဿနာက ဘာလဲ" ဆိုတဲ့ လူမှုဖိအားက ခင်ဗျား ထင်တာထက် ပိုပြီးတော့ စွမ်းအားကြီးနေတယ်။ အဲဒါကို ခုခံကာကွယ်နိုင်ဖို့ ခက်ခဲလှပါတယ်။ ဒီနိုင်ငံမှာ ဘဝထက် ပိုတဲ့ တစ်စုံတစ်ရာကို ရှာဖွေဖို့ စဉ်းစားမယ်ဆိုရင် အဲဒါက ရှောင်ကြဉ်ရမယ့် မကောင်းတဲ့ အရာတစ်ခုပါပဲ။ ကျွန်တော် ဘီလီဟောလီးဒေးကို နှစ်သက်အောင် တွန်းပို့ပေးခဲ့တာက ဂျွန်အိချီပါပဲ။ ဒါပေမဲ့ တချို့သော ကျွမ်းကျင်သူတွေ၊ လူမှုရေး ဝေဖန်သူတွေက ရေဒီယိုမှာ "လေဒီဒေးကို လူငယ်တွေ နားထောင်ဖို့ လိုအပ်ပါတယ်" လို့ ပြောကြတာကို ကျွန်တော်ဟာ ဒေးရဲ့ ဓာတ်ပြားတွေကို ဝယ်ဖို့ မစဉ်းစားခင် ကိုယ့်ကိုယ့်

ကိုယ် ကြိုးဆွဲချသေလိုက်မှာပါပဲ။ အသက်ကြီးတဲ့ လူတွေကို ယုံလို့ မရပါဘူး။ အရေးကြီးတဲ့ တစ်စုံတစ်ခု ပျောက်ဆုံးနေတယ်၊ အဲဒါက ဂျပန်မှာ တစ်ခါမှ မရှိဖူးတဲ့ အရာပဲ ဆိုတာကို နားမလည်တဲ့ ဘယ်သူ့ကိုမှ ယုံလို့ မရပါဘူး။

ကျွန်တော် ဂျေဗီယာအိုမိုကို လွန်ခဲ့တဲ့ ခြောက်လတုန်းက ရှာဖွေတွေ့ရှိခဲ့တာပါ။ သူ့ရဲ့ စီဒီတစ်ချပ် ရှီဘူယာက အိတ်ချ်အမ်ဒဗလျူမှာ ကျန်နေပါသေးတယ်။ အိမ်ကို ပြန်ယူသွားဖို့ ကျွန်တော့်ကို စောင့်နေသလိုပါပဲ။ ကာဗာမှာ ပါတဲ့ သူ့ဓာတ်ပုံက မယုံနိုင်လောက်အောင် နူးညံ့ပြီး ခံစားမှု အားကောင်းတာကို ပြသလို့ နေပါတယ်။ အော်တစ်ဇင် နည်းနည်းဖြစ်နေပုံလည်း ပေါက်ပါတယ်။ သူနာမည်ကတကယ့်ကို ဆွဲဆောင်မှုရှိတယ်လို့လည်း ကျွန်တော် ထင်မိပါတယ်။ ကျွန်တော် အရင်က ကျူးဘားဂီတကို တစ်ခါမှ နားမထောင်ဖူးပါဘူး။ ဂျေဗီယာရဲ့ အသံက ကျွန်တော့်ရဲ့ဖြစ်တည်မှု တစ်ခုလုံးထဲကို ထိုးဖောက်ဝင်ရောက် သွားပါတယ်။ ယုံချင်ယုံ၊ မယုံချင်နေပါ၊ စီဒီထဲက ပထမဆုံး သီချင်းဖြစ်တဲ့ “အချစ်တစ်ခုရဲ့ ရာဇဝင်” ကို ကြားတော့ ကျွန်တော့်ပါးပြင်မှာ မျက်ရည်တွေ စီးကျလို့လာပါတယ်။ ဒီလိုမျိုး လှပပြီး လွမ်းဆွတ်ဖွယ် အသံရှိတဲ့ လူတစ်ယောက်ကို ထုတ်လုပ်တဲ့ ကျူးဘားဟာ ဘယ်နေရာမှာရှိလဲ ဆိုတာကို ကျွန်တော် ရှာဖွေရပါတော့တယ်။ နောက်သိပ်မကြာခင်မှာ ကျွန်တော် ပိုက်ဆံစုပြီး လူကိုယ်တိုင် သွားဖို့ ဆုံးဖြတ်လိုက်ပါတယ်။

※※※

အဲဒီတစ်ပတ်ထဲပဲ စနေနေ့မှာ အကာဂါဝါမီကိုက ကျွန်တော့်ကို ပါ့ခ်ဟိုင်ယတ်ဟိုတယ် အပေါ်ဆုံးက ခန်းမမှာ လာတွေ့ပါတယ်။ ကျွန်တော် သူမဆီ ဖုန်းဆက်တုန်းက ဒီနေရာကို အကြံပေးခဲ့တာပါ။ သူမ ဆံပင်ကို နောက်လှန်စည်းထားပြီး မိတ်ကပ်နည်းနည်း လိမ်းထားတယ်။ အနက်ရောင် သားရေဂျက်ကက်၊ ဂျင်းဘောင်းဘီ အကျပ်ကို ဝတ်ပြီး ဇာတ်ပါတဲ့ ခြေချောင်းအကုန် စွပ်လို့ရတဲ့ တစ်ဝက်ပေါ် ဘွတ်ဖိနပ်တို့ကို စီးထားတယ်။ ဟာမက်စ်လည်စည်းလည်း ပါရဲ့။ ဟာမက်စ် လည်စည်းတွေဟာ အိမ်ထောင်မကျသေးတဲ့ လုပ်ငန်းခွင်က အမျိုးသမီးတွေရဲ့ မသိမသာ အထီးကျန်မှုကို ဖော်ပြပါတယ်။ သူမကို ကျွန်တော့်တွေ့လိုက်တဲ့ အချိန်မှာ ကျွန်တော့် ခန္ဓာကိုယ်အောက်ပိုင်း နေရာတွေမှာ စူးခနဲ နာကျင်သွားပါတယ်။

“မင်းက ဒီလိုနေရာတွေမှာ လူတွေနဲ့ တွေ့လေ့ရှိသလား”

ဗီယင်နာ ကော်ဖီကို မှာပြီးတဲ့နောက် ကျွန်တော့်ကို ပထမဆုံး မေးတဲ့ မေးခွန်းပါပဲ။

ပြတင်းပေါက်နံရံတွေရဲ့ အပြင်ဘက်မှာ တိုကျိုအနောက်ပိုင်းရဲ့ မြင်ကွင်းကျယ် ရှိလို့နေတယ်။ ဗီယင်နာ ကော်ဖီက ယန်းသောင်းနှစ်ထောင်ပါ၊ ပုံမှန်ကော်ဖီက ယန်းတစ်ထောင်ပဲ ရှိပါတယ်။

“မဟုတ်ပါဘူး” လို့ ကျွန်တော် ပြောလိုက်တယ်။ “ကျွန်တော် ဒီနေရာကို အရင်က တစ်ခါမှ မရောက်ဖူးဘူး”

ပြီးခဲ့တဲ့ လေးရက်လုံးလုံး သူမ ကျွန်တော့်ကို မေးနိုင်တဲ့ မေးခွန်းမှန်သမျှ ကို ဖြေနိုင်အောင် ကျွန်တော် လေ့ကျင့်ထားပါတယ်။ ဒါဟာ အော်တစ်ဇင် တစ်ပိုင်း ဖြစ်နေတဲ့ ကလေးတစ်ယောက်ရဲ့ ဉာဏ်ပညာလို့ ဆိုနိုင်သလို၊ မဖြစ်မ နေ လုပ်ရမယ့် အရာလို့လည်း ပြောနိုင်ပါတယ်။

“ဒီလိုနေရာက အစ်မလို လူတစ်ယောက်အတွက် အသားကျနေတဲ့ နေရာလို့ ထင်လို့ပါ” လို့ ကျွန်တော် ပြောလိုက်တယ်။

“အစ်မလို လူ ဟုတ်လား၊ အဓိပ္ပာယ်က ဘာလဲ”

ဒီမေးခွန်းကိုလည်း ကျွန်တော် ပြင်ဆင်ခဲ့ပါတယ်။

“အားလုံး ပြည့်စုံနေတဲ့ စီးပွားရေးသမား တစ်ယောက်၊ ကျွန်တော် ဘာမှ မသိတဲ့ လောကမှာ အလုပ်လုပ်နေတဲ့ လူတစ်ယောက်၊ နိုင်ငံခြားကို ခရီးတွေ အများကြီး သွားနေရတဲ့ လူတစ်ယောက်ပေါ့၊ ကျွန်တော်က အဲဒီလိုပဲ မြင်တာ”

“စားသောက်ဆိုင်တွေမှာ ငိုတဲ့ လူတစ်ယောက်လို့ပဲ မင်း မြင်မယ်လို့ ထင်ပါတယ်”

ဒီအတွက်လည်း ကျွန်တော် အဆင်သင့်ပါပဲ။

“အာ၊ အဲဒီညက စိတ်ပျက်စရာ ဖြစ်ခဲ့မှာပါပဲ”

“စကားတွေ ဗလုံးဗထွေး ပြောတဲ့ စားသုံးသူကို မင်း အရင်က တစ်ခါမှ မြင်ဖူးမှာ မဟုတ်တာ ကိုယ် ပြောရဲတယ်”

“အဲဒီလို မကြာမကြာ ဖြစ်တတ်လား”

“ဖြစ်တတ်လား”

“နောက်ထပ် မဖြစ်တော့တာ ဖြစ်ကောင်း ဖြစ်နိုင်ပါတယ်။ ဒါပေမဲ့...”

“မင်း ကိုယ့်ကို တော်တော် အကူအညီ ဖြစ်ခဲ့ပါတယ်” လို့ သူမက ပြောပါတယ်။ သူမ ခေါင်းခါလိုက်ပြီးတော့ ပြတင်းပေါက်တွေကို ငေးကြည့်တယ်။ အပြင်ဘက်မှာ မြို့မြင်ကွင်းက မိုးကုပ်စက်ဝိုင်းအထိ ပြန့်ကားလို့နေတယ်။ မထိခလုတ်၊ ထိခလုတ်ပြောပြီး စော်ကားတတ်တဲ့ အကြီးတန်းဝန်ထမ်း အဖွဲ့ဝင်ဟာ ရုံးမှာ အဲဒီလို ဆက်လုပ်ကောင်း လုပ်နေနိုင်ပါတယ်။ ကျွန်တော် စကားလမ်းကြောင်း ပြောင်းဖို့ လိုနေပါတယ်။

“ဒါနဲ့ ကျွန်တော် မေးရင် စိတ်အနှောင့်အယှက် မဖြစ်ဘူးလို့ မျှော်လင့်ပါတယ်၊ ဒါပေမဲ့ ကျွန်တော် ကျူးဘားအကြောင်း မေးချင်ပါတယ်”

သူမရဲ့ မျက်နှာ တိမ်ဖုံးသလို ဖြစ်သွားလိမ့်မယ်လို့ ကျွန်တော် မမျှော်လင့်ခဲ့ပါဘူး။ ကျူးဘားအကြောင်း ကျွန်တော် ပြောလိုက်တာနဲ့ သူမရဲ့ စိတ်နေစိတ်ထား တောက်ပသွားလိမ့်မယ်လို့ ထင်ခဲ့မိပါတယ်။ ဒါပေမဲ့ သူမရဲ့ မျက်နှာအမူအရာကတော့ ဝမ်းမြောက်ရွှင်မြူးနေတာနဲ့ အဝေးကြီးပါပဲ။ စကားလုံးတစ်လုံးတည်းနဲ့ ပြောရမယ် ဆိုရင် ‘မှိုင်တွေကျ’ သွားတာပါပဲ။

“ကျူးဘား...”

သူမ ကျူးဘား အမည်ကို ရေရွတ်လိုက်ချိန်မှာ သူမရဲ့ မှိုင်တွေကျနေတဲ့ မျက်နှာဟာ တိုကျိုမြင်ကွင်းဘက် လှည့်လိုက်ပြန်ပါတယ်။ ဗီဇစိတ်၊ ဒါမှမဟုတ် အလိုလိုသိစိတ်က စိတ်အေးအေးထားလို့ ကျွန်တော့်ကို ပြောနေပါတယ်။ အခု ချက်ချင်း ဘာမှမပြောနဲ့၊ ဘာမေးခွန်းမှ မမေးနဲ့။ သူ စကားပြောတာကို စောင့်။ ကျွန်တော့်ရဲ့ ယန်းတစ်ထောင်တန် ကော်ဖီကို တစ်ငုံငုံလိုက်ပါတယ်။ မတန်တဆ စျေးကြီးတယ် ဆိုပေမယ့် ကျွန်တော် သောက်ဖူးသမျှ ကော်ဖီတွေထဲမှာ အကောင်းဆုံးပါပဲ။

“အခုဆိုရင်တော့ သုံးနှစ်ရှိပြီ” လို့ သူမ ပြောတယ်။ ပြီးတော့ သူမရဲ့ ဇာတ်လမ်းကို ပြောပြပါတယ်။ ရိုးရိုးရှင်းရှင်း ဇာတ်လမ်းလေး တစ်ပုဒ်ပါပဲ။

“ကျူးဘားက အကအဖွဲ့တစ်ဖွဲ့ ဂျပန်မှာ လှည့်လည်ဖျော်နေခဲ့ပြီး နိုင်ငံတစ်လွှားမှာ ပွဲတွေ လုပ်ခဲ့တယ်၊ သူတို့ကတော အရမ်းအားပါတယ်၊ အသက်ရှူဖို့

မေ့လောက်အောင်ပဲ၊ သူတို့ရဲ့ စစ်မှန်တဲ့၊ မူရင်းဖြစ်တဲ့ ရမ်ဘာ အကကို ကြည့်ရင်း ဘဲလေးအကအဖွဲ့တွေနဲ့ ဘရော့ဒ်ဝေးမှာတောင် ဒီလိုမျိုး မရှိဘူးဆိုတာ နားလည်ခဲ့တယ်၊ ကိုယ် အရမ်း ကြက်သေသေလောက်အောင် ကြိုက်လွန်းလို့ တခြား မြို့တွေထိပါ လိုက်ကြည့်ခဲ့တယ်၊ အဲဒီအကအဖွဲ့ထဲက တစ်ယောက်နဲ့ ချစ်မိခဲ့တယ်၊ သူတို့တွေ ကျူးဘားကို ပြန်သွားတော့ ကိုယ် သူ့ကို ဂျပန်ကို ပြန်လာဖို့ ဖိတ်ခဲ့တယ်၊ သူ့ရဲ့ ခရီးစားရိတ်နဲ့ ကုန်ကျစားရိတ်တွေ ကိုယ်ပဲ ပေးခဲ့တယ်၊ သူ့အတွက် အဝတ်အစားတွေနဲ့ တခြားအရာတွေပါ ဝယ်ပေးခဲ့တယ်၊ ကိုယ်သူ့ကို လက်ထပ်ဖို့အထိ မျှော်လင့်နေခဲ့တယ်၊ ကိုယ်တို့နှစ်ယောက်လုံးနဲ့ သိကြတဲ့ သူငယ်ချင်းတစ်ယောက်က သူ့စိတ်ထဲမှာ ဘာမှမရှိဘူးလို့ ကိုယ့်ကိုယ် ပြောခဲ့တယ်”

ကျွန်တော့် ဦးနှောက်၊ နှလုံးသား၊ အသည်းအူတွေက နားလည်တယ်လို့ ပြောပေမယ့် ကျွန်တော့် အသည်းအူက အဲဒီ အကသမားဟာ လူမည်းတစ်ယောက်လားလို့ ထူးထူးခြားခြား သိချင်နေခဲ့တယ်။ ဂျွန်အီချီနဲ့ အတူ ကြည့်ခဲ့တဲ့ အမေရိကန် အပြာကားထဲမှာ လူမည်းသရုပ်ဆောင်ရဲ့ ဟာကို ဆင်ဆာမဖြတ်ဘဲ ပြခဲ့တာကို ကျွန်တော် အမှတ်ရမိတယ်။ အဲဒီလို ပစ္စည်းနဲ့ အသားကျဖူးတဲ့ အမျိုးသမီးတစ်ယောက်ဆီက ကျွန်တော် ဘာအခွင့်အရေး ရှိလဲ။ ကျွန်တော်က လည်း စော်မကြည်တဲ့ ဘဲတစ်ပွေတော့ မဟုတ်ပါဘူး။ အခုချိန်ထိတော့ မိန်းမလေးယောက်နဲ့ အိပ်ဖူးပါတယ်။ ဒါပေမဲ့ သူတို့ထဲက တစ်ယောက်ကမှ ကျွန်တော်ဟာ အံ့ဩစရာပဲလို့ မပြောဖူးပါဘူး။

“ကိုယ် ကျူးဘားကို သွားသင့်တယ်လို့ အမြဲ စဉ်းစားနေတာ၊ ဒါပေမဲ့ သွားရမှာလည်း ကြောက်တယ်၊ မင်း နားလည်မှာပါ၊ တချို့ ဝန်ထုပ်ဝန်ပိုးတွေတော့ ထမ်းပိုးရမှာပဲ၊ ဆင်းရဲတဲ့ နိုင်ငံတစ်နိုင်ငံက ပါရမီပါတဲ့ အနုပညာရှင် တစ်ယောက်ကို ကူညီနေတာပဲလို့ ကိုယ့်ကိုယ်ကိုယ် ပြောနေမိတယ်။ အဲဒါကို ကိုယ် တစ်ယောက်ပဲ လုပ်ပေးနိုင်တယ်၊ ကျူးဘားအက ဘယ်လောက် အံ့ဩဖို့ကောင်းလဲ ဆိုတာ ကိုယ်တစ်ယောက်ပဲ ရှိတယ်၊ ကိုယ့်ဘက်ကနေ မာနကြီးနေတာလို့လည်း ထင်ပါတယ်၊ ဒါပေမဲ့ ကိုယ် စာတွေ ဖတ်ကြည့်တော့မှ ကျူးဘားပြည်သူတွေဟာ ဘယ်လောက် မာကျောပြီး ကြံ့ကြံ့ခံနိုင်လဲ ဆိုတာ သိလာတယ်။ သူတို့တွေဟာ အသက်ရှင်ဖို့ သက်သက်ပဲ လုပ်နေရတယ်၊ သူတို့တွေဟာ သူတို့တွေကို ကယ်တင်ထုတ်သွားမယ့် ဘယ်အရာမဆို ဆုပ်ကိုင်လိုက်ဖို့ အဆင်သင့် ဖြစ်လို့နေတယ်၊ ဒါပေမဲ့... ဘယ်လို ပြောရမလဲ၊ သူတို့တွေဟာ

ကိုယ်တို့ ဂျပန်တွေ နားမလည်နိုင်တဲ့ ဘဝအပေါ် ချစ်စိတ်တွေ ရှိကြတယ်၊ ကိုယ်တို့ စိတ်ကူးနဲ့ မြင်ယောင်ကြည့်လို့တောင် မရဘူး၊ သူတို့တွေဟာ အင်အားကြီးပြီး မကောင်းတဲ့ အမေရိကန် ရင်ဆိုင်တယ်၊ စီးပွားရေး ပိတ်ဆို့မှု တွေကို နာကျင်ခံစားရပေမယ့် ခေါင်းမညွှတ်၊ မတောင်းပန်ကြဘူး၊ ကိုယ် အဲဒီ ကို သွားရမှာ ကြောက်တယ်၊ ကိုယ်ပြောတာ အဓိပ္ပာယ်ကော ရှိရဲ့လား”

ဒါကတော့ ကျွန်တော် မမျှော်လင့်ထားတဲ့ လမ်းကြောင်းထဲကို ရောက် သွားတာပါ။ ကျွန်တော် ဘာပြောရမလဲ ဆိုတာ စဉ်းစားလို့မရဘူး။ ကျွန်တော် အနောက်ဆီမှာ ဝင်နေတဲ့ နေရှိရာ ကောင်းကင်အောက်မှာ ထိုင်လို့နေတယ်။ ကျွန်တော်နဲ့ အကာဂါဝါမီကိုတို့ နှစ်ယောက်လုံးဟာ ပုံမှန် လုံးဝမဟုတ်တဲ့ အခြေအနေကြောင့် အမှန်ကို မမြင်နိုင်ကြဘူးလို့ ကျွန်တော် တွေးနေမိတယ်။ ဟာဒီ ဇိမ်ခံဟိုတယ်ရဲ့ ခန်းမဟာ ဘယ်နိုင်ငံက လူကိုမဆို ပြရာမှာ ရှက်စရာ မရှိတဲ့ နေရာတစ်ခုပါ။ ပန်းအိုး၊ မြင်ကွင်းကျယ်နေရာ၊ မျက်နှာကြက်မြင့်မြင့်၊ ခေတ်မီ ဒီဇိုင်း၊ စားပွဲထိုး ကောင်မလေးတွေရဲ့ အကောင်းစား ယူနီဖောင်းတွေ၊ အကောင်းဆုံး ဝန်ဆောင်မှု၊ ဈေးကြီးပြီး အရသာရှိတဲ့ ကော်ဖီ၊ စားသုံးသူတွေရဲ့ စိတ်ကြိုက်ခံစား ရွေးချယ်ထားတဲ့ အဝတ်အစားတွေ၊ အိတ်တွေ၊ ရှူးတွေ...။ ကျွန်တော်လည်း ဒီနေရာနဲ့ လိုက်လျောညီထွေ ရှိအောင် ကောင်းကောင်းမွန်မွန် ဝတ်စားလာပါတယ်။ ကျွန်တော် အခန်းကနေ မထွက်ခင် ရေချိုး၊ မုတ်ဆိတ်ရိတ်၊ အနံ့မပြင်းတဲ့ ခေါင်းလိမ်းဆီတွေ လိမ်းလာခဲ့ပါတယ်။ ဒါပေမဲ့ ကျွန်တော်နဲ့ မျက်နှာချင်းဆိုင်မှာ ရှိနေတဲ့ လုပ်ငန်းခွင်ထဲက အမျိုးသမီးတို့ နှစ် ယောက်လုံးဟာ ပျော်ရွှင်နေကြတဲ့ ပုံစံမှာ မရှိကြပါဘူး။ ကျွန်တော်ဟာ ရင့်ကျက်ပြီး ကျေ့မော့လှပတဲ့ အမျိုးသမီး တစ်ယောက်နဲ့အတူ လိုချင်တာ အကုန်ရှိတယ် ဆိုတဲ့ နေရာတစ်ခုမှာ ကော်ဖီသောက်လို့ နေပါတယ်။ စိတ်ထဲ မှာတော့ အရေးကြီးတဲ့ တစ်ခုခု ပျောက်ဆုံးနေတယ် ဆိုတဲ့ ခံစားမှုနဲ့ တုန်ယင် လို့ နေပါတယ်။ သူမအတွက်လည်း ပျောက်ဆုံးနေတယ် ဆိုတာ ကျွန်တော် သိ နေပါတယ်။ ဘာလဲဆိုတာ ကျွန်တော် မပြောနိုင်တာပဲ ရှိပါတယ်။

“ကိုယ်က သရဲဘောကြောင်တဲ့ လူ” လို့ သူမက ဆက်ပြောတယ်။

“အဲဒါက ကိုယ့်ရဲ့ ပြဿနာ”

သူမ ကော်ဖီသောက်ဖို့ မေ့နေပြီး စကားပြောရင်း ပြတင်းပေါက် အပြင် ဘက်ကို ငေးကြည့်နေပြန်တယ်။ နွေဦးရာသီရဲ့ ညနေဆည်းဆာက သူမရဲ့ စိတ်

ခံစားမှုကို ပိုတင်းကျပ်နေစေတယ်။ မိုးကုပ်စက်ဝိုင်းဟာ လိမ္မော်ရောင် တောက်တောက်ကြီး ဖြစ်လို့နေပါတယ်။ ဟိုး အမြင့်ကောင်းကင်မှာတော့ ပန်းရောင် ဖြစ်လို့နေတယ်။ လှပေမယ့် တစ်နည်းနည်းနဲ့ ဟာလာဟင်းလင်း ဖြစ်လို့နေပါတယ်။

“ကိုယ် ကျူးဘားကို သွားပြီး ကိုယ်တိုင် မြင်တွေ့လိုက်ရင် အများကြီး ရှင်းလင်းသွားမှာပါ၊ သူ့မှာ မိန်းမတွေ အများကြီး ရှိနေမှာပါ၊ အဲဒီ ကချေသည် ဆီမှာ၊ သူ့အဖွဲ့က ကမ္ဘာအနှံ့မှာ ပတ်ကနေတာ၊ ကတဲ့နေရာတိုင်းမှာ ရည်းစား တွေ ရှိနေလိမ့်မယ်လို့ ထင်တယ်၊ အခုတော့ သူဟာ ဟာဗားနားထိ လိုက်လာ တဲ့ ဆွစ်အမျိုးသမီးတစ်ယောက်နဲ့ အတူနေတယ်လို့ ကြားရတယ်။ အဲဒီကို သွား ပြီး သူ့ကို တွေ့တာက နာကျင်ရတာပဲ ရှိလိမ့်မယ်လို့ ထင်တယ်။ ဒါပေမဲ့ အနည်းဆုံးတော့ ကိုယ့်နေရာ ကိုယ် သိပါတယ်၊ အဲဒါက ပြဿနာပဲ။ ကိုယ် ဘယ်မှာ ရှိနေလဲဆိုတာ ရှာတွေ့မှာကို ကိုယ် ကြောက်နေတယ်”

ဒီအချိန်တွေ့ဖို့ ချိန်းလိုက်တာကို ကျွန်တော် သဘောကျနေမိတယ်။ နေ့ခင်းကြောင်တောင် ဆိုရင် တစ်ယောက်နဲ့ တစ်ယောက် ရင်းရင်းနှီးနှီး ရင်ဖွင့် ပြောဆိုတာတွေ ရှိမှာ မဟုတ်ဘူး။ ကျွန်တော် စကားပြောသင့်တယ်လို့ တွေး နေမိပေမယ့် ဘာပြောရမလဲ စဉ်းစားလို့ မရဘူး။ သူမ ကျွန်တော့်ကို ရင်ဖွင့်နေ ပြီး သူမရဲ့ လှုိ့ဝှက်ချက်တွေကို ပြောပြနေတယ်။ ကျွန်တော့်မှာ ပြန်ပြောစရာ စကားလုံးတွေ ရှိမနေဘူး။

“ကျူးဘား အကက ကိုယ့်အတွက် သစ်လွင်ပြီး လတ်ဆတ်တယ်၊ နယူး ယောက်ကို နှစ်တိုင်း သွားပြီး ဘရော့ဒ်ဝေးက နောက်ဆုံးပေါ် ကပွဲတွေကို သွား သွားကြည့်လေ့ ရှိတယ်၊ ဆိုတော့ ကိုယ်က ကျွမ်းကျင်သူ တစ်ယောက်လို့ တောင် ကိုယ့်ကိုယ်ကိုယ် ထင်နေမိတယ်၊ ဒါပေမဲ့ ကိုယ် သူတို့အဖွဲ့နဲ့ ဆုံတွေ့ ချိန်မှာ လုံးဝ မတူကွဲပြားတဲ့ အကကို တွေ့လိုက်ရတယ်၊ ကိုယ် ဘာမှမသိဘူး ဆိုတာကို နားလည်လိုက်တယ်၊ မကောင်းတဲ့ ခံစားချက်တော့ မဟုတ်ပါဘူး၊ ကိုယ့်ဘဝမှာ သင်ယူလိုက်ရတာက ဒါက ဘဝမှာ မကြာမကြာ တွေ့နိုင်တဲ့ သစ်လွင်၊ လှပ၊ စိတ်လှုပ်ရှားဖို့ ကောင်းတဲ့အရာ မဟုတ်ဘူး၊ ဒီဟာက ကိုယ့်ကို တကယ့်ကို ပျော်ရွှင်စေတယ်၊ ကျူးဘားအကကို ရှာဖွေတွေ့ရှိပြီးနောက် နောက်ထပ် ရူးသွပ်တာ တစ်ခုကတော့ ရုတ်တရက် မှေးမှိန်သွားတဲ့ ဘရော့ဒ် ဝေးက တေးသရုပ်ဖော်တွေပဲ၊ ဘရော့ဒ်ဝေးက အရမ်းအံ့သြဖို့ ကောင်းတယ်၊

ကိုယ့်ကို တမျိုး မထင်ပါနဲ့၊ ဒါပေမဲ့ တီဗွီ၊ မဂ္ဂဇင်းတွေမှာ၊ ဒါမှမဟုတ် ဘယ်မှာပဲ ဖြစ်ဖြစ် ပါနေတာ ဘရော့ဒ်ဝေးပဲ ရှိတယ်၊ သူ့လိုပဲ ဘဲလေးအက အစစ်လည်း ရှိသေးတယ်၊ ဘဲလေးအကရဲ့ အရေးပါမှုကို ငြင်းလို့ မရပါဘူး၊ ဒါပေမဲ့ ဘယ်လောက်ပဲ ကောင်းကောင်း၊ မင်း လုပ်နိုင်တာ ဆိုလို့ ကြည့်ပြီး သဘောကျဖို့ ကြိုးစားရတာပဲ ရှိတယ်၊ ဆိုတော့ ကိုယ်တော့ မသိဘူး၊ ကိုယ် ဘာပြောမလို့ လုပ်နေတာလဲ မသိဘူး၊ ဆိုလိုချင်တာက ကိုယ်ကြောက်တယ်၊ နောက်ဆုံးမှာ ကိုယ်ဟာ လတ်ဆတ်ပြီး ထူးခြားတဲ့ တစ်စုံတစ်ရာကို တွေ့ရှိခဲ့တယ်၊ အဲဒီအရာကို ဆုံးရှုံးရမှာ ကြောက်လာတယ်၊ သူ့ကို ဆုံးရှုံးရတာနဲ့ ကျူးဘားအကကို ဆုံးရှုံးရတာဟာ သီးခြားစီ ဆိုတာ ကိုယ်သိပါတယ်၊ ဒါပေမဲ့ ကိုယ့်ခေါင်းထဲမှာတော့ သူတို့တွေက တစ်နည်းနည်းနဲ့ တစ်ခုတည်းနဲ့ အတူတူပဲ ဖြစ်လို့နေတယ်”

သူမ ဘာကို ဆိုလိုလဲ ဆိုတာကို ကျွန်တော် သိတယ်လို့ ထင်တယ်။ ကိုယ့်ကို ရစ်ပတ်နှောင်ဖွဲ့နိုင်တဲ့ အရာတွေ အများကြီး မရှိဘူးပေါ့။ ကျွန်တော့် အတွက် ဆိုရင် စဉ်းစားလိုက်တာနဲ့ ဘီလီ၊ ချတ်နဲ့ ဂျေဗီယာ သုံးခုပဲ ရှိတယ်။

ကျွန်တော် စကားပြောရမယ့် အလှည့် ရောက်လာပြီ ထင်တယ်။

“တစ်ဆိတ်...”

“ဘာရယ်” လို့ သူမပြောပြီး ဝမ်းနည်းကြေကွဲနေတဲ့ မျက်နှာနဲ့ ကျွန်တော့် ဘက်ကို လှည့်လာပါတယ်။

“ဂျေဗီယာ အိုမိုကို နားထောင်ကြည့်ချင်လား ခင်ဗျ”

ကျွန်တော် ကျောပိုးအိတ်ထဲက နားကြပ်နှစ်ဖက် ချိတ်ထားပြီးသား ဝေါ့ခ်မန်းကက်ဆက်ကို ထုတ်လိုက်တယ်။ သီချင်းက ‘အချစ်တစ်ခုရဲ့ရာဇဝင်’ပါ။ ကျွန်တော်က နားကြပ်တစ်ဖက်ကို သူမကို ပေးပြီး အသံချိန်ကာ ဖွင့်လိုက်ပါတယ်။ ပထမဆုံး ပေါ်ထွက်လာတာက ပါရမီရှင် ဖလီစီယာနိုအရန်ဂိုရဲ့ ဘော့စ်လက်သံပါ။ အရန်ဂိုဟာ သာမန်ဂစ်တာလို ကြိုးခြောက်ကြိုးတပ်တဲ့ ဘော့စ်ဂစ်တာကို တီးပါတယ်။ အသံကြွယ်ဝပြီး ပျော့ပျောင်းညင်သာတဲ့ အသံထွက်ပါတယ်။ ကျွန်တော် ကျွန်တော့်နားကြပ် တစ်ဖက်ကို လက်ညှိုးထိုး၊ မျက်ခုံးပင့်ပြီး “ကြားရတာ အိုကေလား” လို့ အသံနေအသံထားနဲ့ မေးလိုက်ပါတယ်။ သူမက ခပ်မြန်မြန် အကြိမ်ရေနည်းနည်း ခေါင်းညိတ်ပြပါတယ်။ ပန်းရောင်

ကောင်းကင်မှာ တိမ်ပါးပါးလေး ဆန့်ထွက်သွားသလိုပါပဲ၊ နှိုင်းပြစရာ မရှိတဲ့ နူးညံ့၊ ဝမ်းနည်းဖွယ် စိတ်ခံစားမှု အပြည့်နဲ့ သီဆိုတာပါ။ စပိန်စာသားတွေကို ကျွန်တော် နားမလည်ပေမယ့် အောက်ခြေမှတ်စုတွေအရ ဝမ်းနည်းဖွယ် ကောင်းတဲ့ အချစ်သီချင်း တစ်ပုဒ်၊ ဇာတ်သိမ်းမကောင်းတဲ့ ခမ်းနားတဲ့ အချစ် ဇာတ်လမ်း တစ်ပုဒ်ကို ဆိုထားမှန်း သိရပါတယ်။ အကာဂါဝါမီကိုဟာ စပိန် စကား နည်းနည်းတတ်ပါတယ်။ သူမ နားထောင်နေတုန်း ခံစားရလားလို့ ကျွန်တော် တွေးမိပါတယ်။ ဂျေဗီယာ ဒီသီချင်းကို ဆိုတာ ကြားတိုင်း ကျွန်တော် မျက်ရည်ဝိုင်းတတ်ပါတယ်။ (ကျွန်တော့်ကို စိတ်ပျော့တဲ့ လူလို့ ခေါ်ချင်ခေါ်ပါ၊ ဒါပေမဲ့ ကျွန်တော် စိတ်ပျက်စရာကောင်းတဲ့ ဂျပန်ပေါ့ပ် သီချင်းတွေ ကြောင့်တော့ တစ်ခါမှ မငိုဖူးပါဘူး) သူ့ရဲ့ အသံက ကျွန်တော့်ရဲ့ အနူးညံ့ဆုံး အစိတ်အပိုင်းတွေထဲ ထိုးဖောက်ဝင်ရောက် သွားသလိုပါပဲ။ အဲဒီ အစိတ်အပိုင်း တွေက ကျွန်တော် အမြဲတမ်း ကိုင်ပြီး ကာကွယ်ပေးထားချင်တဲ့ နေရာတွေပါ။ ကျွန်တော် ဘယ်တော့မှ ထပ်ပြီး ကြုံတွေ့ရတော့မှာ မဟုတ်တဲ့ အရာတွေရဲ့ မှတ်ဉာဏ်တွေ၊ ဒါမှမဟုတ် ကျွန်တော် တန်ဖိုးထား မြတ်နိုးပြီး ပျောက်ဆုံးသွား တာတွေ၊ အဲဒါတွေကို သူက ကျွန်တော့် ဦးနှောက်နဲ့ နှလုံးသားထဲမှာ နေရာတွေ ရွှေ့ပစ်လိုက်ပါတယ်။ ဂျေဗီယာရဲ့ အသံတစ်မျိုးတည်းက ကျွန်တော့်ကိုယ်တွင်း နက်နက်ရှိုင်းရှိုင်း ထိုးဖောက်ဝင်ရောက် သွားတဲ့ ကျဉ်းမြောင်းပေမယ့် အင်အား ကြီးမားတဲ့ အလင်းတန်း တစ်ခုလိုပါပဲ၊ ကျွန်တော့်အတွက်တော့။

သီချင်းဆုံးတော့ ကျွန်တော်တို့ နှစ်ယောက်လုံး ဘာမှ မပြောကြဘူး။ ကုန်လုဆဲ အလင်းရောင်ကို ငေးကြည့်နေကြတယ်။

※※※

စာကြွင်း။

‘အချစ်တစ်ခုရဲ့ ရာဇဝင်’ ကို ပါ့ခ်ဟိုင်ယတ် ဟိုတယ်မှာ ကျွန်တော်တို့ နားထောင်ပြီးတဲ့နောက် အခြေအနေတွေက မျှော်လင့်မထားတဲ့ လမ်းကြောင်း တစ်ခုဆီကို အလျင်အမြန် တိုးတက်သွားခဲ့ပါတယ်။

အကာဂါဝါမီကိုနဲ့ ကျွန်တော်ဟာ သူမ သိတဲ့ နေရာတစ်နေရာမှာ အရက် သွားသောက်ကြပါတယ်။ ကျွန်တော်တို့ ကျူးဘားရမ်တွေကို အလွန်အကျွံ မူး အောင် သောက်ကြပါတယ်။ ကျွန်တော့်နှုတ်ခမ်းတွေနဲ့ လက်ချောင်းထိပ်တွေ

က ထုံကျဉ်နေပါတယ်။ နောက်တော့ သူမက ကျွန်တော့်ကို ကျူးဘားသီချင်းတွေ ထပ်နားထောင်ရအောင် သူမရဲ့ ကွန်ဒိုကို လိုက်ခဲ့ဖို့ ဖိတ်ပါတယ်။ ကျွန်တော် လိုက်သွားခဲ့ပါတယ်။ နောက်ဆုံးတော့ ကျွန်တော်တို့ နှစ်ယောက် အိပ်ရာပေါ်ကို ရောက်သွားခဲ့ပါတယ်။ ဒီကမ္ဘာပေါ်မှာ သဘာဝအကျဆုံး အရာတစ်ခုလိုပါပဲ။

နောက်နေ့ မနက်မှာတော့ သူမနဲ့အတူ ကျူးဘားကို လိုက်ခဲ့ဖို့ ကျွန်တော့်ကို ခေါ်ပါတယ်။

ကျွန်တော်တို့ နှစ်ယောက် ထွက်ခွာမယ့်နေ့ မရောက်ခင် နောက်ထပ် အကြိမ်ရေများများ အတူရှိနေခဲ့ပါတယ်။ တွေ့တိုင်းလည်း ကျွန်တော် သူမရဲ့ အခန်းမှာ ရှိခဲ့ပါတယ်။ ကျွန်တော်ဟာ လေထဲမှာ လမ်းလျှောက်နေသလိုပါပဲ။ ဒါပေမဲ့လည်း ကျွန်တော် အခြေအနေကို ကောင်းကောင်း မဖမ်းဆုပ်နိုင်သေးတာကို တွေ့နေရပါတယ်။

ကျွန်တော်တို့ နှစ်ယောက် နာရီတာလေဆိပ်၊ ဗင်ကူးဗားကတစ်ဆင့် မက္ကဆီကို စီးတီးကို သွားမယ့် ဂျေအေအယ် ခရီးစဉ်အတွက် စာရင်းသွင်းရမယ့် ကောင်တာရှေ့မှာ ဆုံဖို့ သဘောတူပြီးသားပါ။ ဒါဟာ ဇပြီလရဲ့ နောက်ဆုံးနေ့၊ ရွှေရောင် ရက်သတ္တပတ် ကာလပါ။ ကျွန်တော်တို့နှစ်ယောက် အတူရှိခဲ့တဲ့ ညကနေ ဆိုရင် တစ်လ ရှိပါပြီ။

နာရီတာလေဆိပ်မှာ လူတွေ အပြည့်ပါပဲ။ ဒါပေမဲ့ လူတွေကြားထဲမှာ သူမ ရှိမနေပါဘူး။ သူမ လုံးဝ ရောက်မလာခဲ့ပါဘူး။ ကျွန်တော် သူမဆီ ဖုန်းဆက်တော့ သူမ ထပ်ပြန်တလဲလဲ ပြောတာက “ဆောရီးပါ” တဲ့။

ကျွန်တော့် မျက်လုံးတွေထဲမှာ အရာအားလုံးဟာ မိုက်ခနဲ ဖြစ်လို့သွားတယ်။ ကျွန်တော် ခရီးစဉ်ကို ဖျက်မလို့ စဉ်းစားပါသေးတယ်။ ဒါပေမဲ့ နောက်ဆုံးမှာတော့ လက်ကျန်အင်အားတွေ အကုန်စုစည်းပြီးတော့ ကျွန်တော် လေယာဉ်ပေါ် တက်လိုက်ပါတယ်။

အဓိကအချက်က ဒါဟာ ကျွန်တော့်ရဲ့ ပထမဆုံး နိုင်ငံခြားခရီးစဉ်ပါ။ ကျွန်တော် စိတ်လှုပ်ရှားလွန်းလို့ နေပါတယ်။ ဒါပေမဲ့ တခြားလူတွေ ပုံမှန် လုပ်နိုင်ကြမယ်လို့ ကျွန်တော် ထင်သလိုပဲ ကျွန်တော် ဖြတ်ကျော်နိုင်ခဲ့ပါတယ်။ ကျွန်တော် မက္ကစီကိုစီးတီး လေဆိပ်နားက ဟိုတယ်တစ်ခုမှာ တစ်ည အိပ်ခဲ့ပါ

တယ်။ တကယ့် တာကိုစ် အစစ်ကို သေချာစားခဲ့ပါတယ်။ နောက်နေ့မှာတော့ ကျွန်တော် ဟာဗားနားကို ရောက်ခဲ့ပါတယ်။ ခရီးစဉ်တစ်လျှောက်လုံး ကျွန်တော် တစ်ယောက်တည်းပါပဲ။

ကျွန်တော် တည်းမယ့် ဟိုတယ်မှာ စာရင်းသွင်းပြီးတာနဲ့ ပထမဆုံး ကျွန်တော် လုပ်ချင်တာက မြို့ရဲ့လမ်းတွေကို လျှောက်ကြည့်ချင်တာပါပဲ။ နေရောင်က ကျွန်တော့်အတွက် အရမ်းပူလွန်းတယ်။ စကားလုံး တစ်လုံးတည်းနဲ့ ဖော်ပြရမယ် ဆိုရင် “ကြမ်းတမ်းတယ်” လို့ပဲ ပြောရမှာပါ။

ကျွန်တော့် အခန်းကနေ ဆိုရင် ရင်သပ်ရှုမောဖွယ်ရာ ပင်လယ်ပြာပြာ၊ ကောင်းကင်ပြာပြာ ရှုခင်းကို မြင်ရပါတယ်။

ကျွန်တော် ပတ်ဝန်းကျင်ကို တော်တော်လေး အသားကျသွားပြီးနောက် ဝန်ထမ်းတွေကို ဂျေဗီယာအိုမိုအကြောင်း မေးလိုက်ပါတယ်။ ကျွန်တော် အံ့အားသင့်ရတာက ဘယ်ဝန်ထမ်း တစ်ယောက်ကမှ ဂျေဗီယာအိုမိုကို မကြားဖူးကြ တာကိုပါ။ သူဟာ ကျူးဘားမှာ နာမည်မကြီးပါဘူး။ ကျွန်တော် အီးဂျီအာ အီးအမ် စတူဒီယိုကို ရှာနိုင်ခဲ့ပါတယ်။ စတူဒီယိုက ဂျေဗီယာရဲ့ လိပ်စာကို ပေးလိုက်တယ်။ သူတို့တွေက ကျွန်တော့်ကို တက္ကစီပါ စီစဉ်ပေးလိုက်ပါသေးတယ်။ ကျွန်တော်သူ့ကို တွေ့ဖို့ ထွက်လာခဲ့ပါတယ်။

ကျွန်တော့် နှလုံးသားကို ဖမ်းစားနိုင်တဲ့ နတ်သားအသံနဲ့ အဆိုတော်ဟာ မြို့ပြင်က ညစ်ပတ်နေတဲ့ လမ်းမတစ်ခုပေါ်မှာ ရှိတဲ့ ရှေးအိမ်ဌားအဆောက်အအုံ တစ်ခုထဲက ကျဉ်းပေမယ့် သပ်သပ်ရပ်ရပ်ရှိတဲ့ အခန်းလေးတစ်ခုမှာ နေထိုင်ပါတယ်။ အဲဒီမှာ ဂျေဗီယာရဲ့ အဖေကို တွေ့ပါတယ်။ ကျွန်တော် လက်ဆောင်ပေးမလို့ ဝယ်လာခဲ့တဲ့ ရမ်နှစ်လုံးကို ပေးလိုက်ပါတယ်။ အဖေဖြစ်သူဟာ သြခတ်စတြာအာရာဂွန် ဆိုတဲ့ အဖွဲ့မှာ နာမည်ကြီး အဆိုတော် ဖြစ်ခဲ့ပုံပါပဲ။ ကျွန်တော်တို့ နှစ်ယောက် ဘာသာစကားချင်း မတူပါဘူး။ သူပြောတာကို ကျွန်တော် နည်းနည်းပဲ နားလည်ပါတယ်။ ကျွန်တော် ဂျေဗီယာရဲ့ စီဒီကို ထုတ်ပြတော့ သူ ကျေနပ်ဝမ်းသာပါတယ်။ သူက ခြေဟန်၊ လက်ဟန် အများစု သုံးပြီး ရှင်းပြပါတယ်။ ကျူးဘားမှာ မရောင်းရပါဘူး တဲ့၊ ဝမ်းနည်းစရာ ကောင်းတာက သူ့မှာ စီဒီဖွင့်စက် မရှိတာပါပဲ။

အချိန်အနည်းငယ် ကြာတော့ မိန်းမငယ်လေး တစ်ယောက်နဲ့အတူ ဂျေဇီယာ ရောက်လာခဲ့ပါတယ်။ သူ့မျက်နှာက စီဒီထဲက အတိုင်းပါပဲ။ တီရှပ်၊ ဘောင်းဘီတို ဝတ်ထားပြီး ခြေညှပ်ရော်ဘာဖိနပ် စီးထားပါတယ်။ မိန်းမငယ်လေးဟာ သူ့ရည်းစားမဟုတ်ဘဲ သူ့အဖေ ရည်းစား ဆိုတာကို သိလာရပါတယ်။

ဂျေဇီယာ ဝင်လာပြီး ကျူးဘား ကျေးလက်သီချင်း တစ်ပုဒ်ကို သံပြိုင်ပုံစံ ဆိုတော့ ရမ်က ကုန်ခါနီးနေပါပြီ။ (ဂျေဇီယာ့ အဖေက ပုလင်းရဲ့ လေးပုံသုံးပုံလောက် သောက်ပစ်လိုက်ပါတယ်) သူ့အသံက စီဒီထဲက အတိုင်းပါပဲ။ ဒါပေမဲ့ လက်တွေ့ဘဝမှာ သူ့အသံကို နားထောင်ရတော့ ကျွန်တော်ဟာ အရာအားလုံးကို အမှတ်ရမိပါတယ်။ အဲဒီထဲမှာ မီကိုလည်း ပါပါတယ်။ တကယ့်ကို မျက်ရည်တွေ ကျလာခဲ့ပါတယ်။

ကျွန်တော် ကျူးဘားမှာ သုံးပတ်နီးပါး နေခဲ့ပါတယ်။ ညတိုင်း အဆိုတော် အမျိုးမျိုး၊ တီးဝိုင်းအမျိုးမျိုး ဖျော်ဖြေတဲ့ ပွဲတွေ သွားခဲ့ပါတယ်။

ကျွန်တော် မီကိုနဲ့ ဖုန်းတစ်ခါ ပြောရပါတယ်။ အကြိမ်ရေ တစ်ဒါဇင်လောက် ခေါ်ခဲ့ရပေမယ့် နောက်ဆုံးမှာမှ ဖုန်းရခဲ့ပါတယ်။

“ကျွန်တော် ဟာဗားနားမှာ”

“အို”

“ကျွန်တော့် အခန်းကနေ ပင်လယ်ကို မြင်ရတယ်”

“အရမ်းလှမှာပဲ ဆိုတာ ပြောရဲတယ်၊ ကိုယ် ပုံတွေထဲမှာ မြင်ဖူးတယ်”

ဖုန်းထဲမှာ သူမရဲ့အသံက အဝေးကြီးကလိုပဲ။ သူမကိုယ်တိုင်လည်း အဝေးကြီးမှာလေ။

“ကျွန်တော် ဒီနေရာကို ချစ်တယ်” လို့ ကျွန်တော် ပြောလိုက်တယ်။

သူမ စကားပြန်မပြောပါဘူး။ ကျွန်တော့်မှာ ပြောစရာ ကုန်သွားပါပြီ။ ကျွန်တော်က “နောက်တစ်ခါကျရင် ဒီကို အတူတူ လာကြမယ်လေ” လို့ ပြောချင်ပေမယ့် ဂျပန်နဲ့ ဒီနဲ့က အရမ်းဝေးပါတယ်။ ကျွန်တော့် မျက်စိရှေ့က ပင်လယ်နဲ့ ကောင်းကင်က ပြာလွင်နေတယ်။ အဲဒါက ရည်ရွယ်ချက်မဲ့နေသလို

ဖြစ်နေတယ်။ ဟာဗားနား ကောင်းကင်က “လာချင်ရင် လာခဲ့ပါ၊ တကယ် မ လာချင်ရင်တော့ မလာနဲ့” လို့ ပြောချင်နေပုံပါပဲ။

“ကျွန်တော် ပြန်ရောက်ရင် ဖုန်းဆက်လိုက်ပါ့မယ်” လို့ ကျွန်တော် ပြော လိုက်တယ်။

“အိုကေ” လို့ ကျွန်တော် ကြားရရုံအသံနဲ့ ပြောသွားတယ်။ ကျွန်တော်တို့ ဖုန်းချလိုက်တယ်။

ကြမ်းတမ်းတဲ့ နေရောင်ကို ခံယူဖို့ ကျွန်တော် ဝရန်တာရှေ့ ထွက်လိုက် တယ်။ မီးမြှိုက်ခံနေရသလိုပါပဲ။ ဒါပေမဲ့ ကျွန်တော် ဂျဗီယာအိုမို့ အသံရဲ့ လှုိ့ဝှက်ချက်ရဲ့ သေးငယ်တဲ့ အစိတ်အပိုင်း တစ်ခုကိုတော့ ဆုပ်ကိုင်မိလိုက် သလို ခံစားလိုက်ရပါတယ်။

ကျူးဘားဟာ တခြားသူတွေအပေါ် ကလေးဆန်တဲ့ မှီခိုမှုတွေကို သည်း မခံဘူး။

❑

(Historia de un Amor by Ryū Murakami)

သူမ ထွက်ခွာ

ကျွန်တော် သူမကို ပထမဆုံး စတွေ့တာက ကျွန်တော် ဆွိခန်းမှာ တည်းနေတဲ့ အကာဆာကာက အထပ်မြင့် ဟိုတယ်မှာပါ။ အဲဒီတုန်းက သူမဟာ အသက် နှစ်ဆယ့်ငါး တစ်ဝိုက်လောက်ပဲ ရှိသေးပြီး ခရီးသွားမဂ္ဂဇင်း တစ်စောင်မှာ အယ်ဒီတာ လုပ်နေခဲ့ပါတယ်။ တယ်လီဖုန်းထဲမှာ သူမဟာ ကျွန်တော့် ရုပ်ရှင်တွေရဲ့ ပရိသတ်တစ်ယောက် ဖြစ်တဲ့အကြောင်း ပြောပြီး အင်တာဗျူးလုပ်ဖို့ ခွင့်တောင်းခဲ့ပါတယ်။

ကျွန်တော်က ဆာကူရိုင်းယိုအိချိပါ။ ကျွန်တော် ဒါရိုက်တာဘဝကို စတင်တာက ကြော်ငြာအေဂျင်စီ တစ်ခုမှာ ကြော်ငြာတွေ ရိုက်ကူးတာကနေ စပါတယ်။ ပြီးတော့ အလွတ်တန်း ဒါရိုက်တာအဖြစ် ကူးပြောင်းခဲ့တာ ဖြစ်ပါတယ်။ ပီအာရုပ်ရှင်လို့ ခေါ်တဲ့ ပွဲတော်တွေမှာ ပြသတဲ့ ရုပ်ရှင်တွေနဲ့ မှတ်တမ်း ရုပ်ရှင်ပေါင်း တစ်ဒါဇင်ကျော်လောက် ရိုက်ကူးပြီးတဲ့နောက် ပထမဆုံး ပေအပြည့် ရုပ်ရှင်ကို ပါရီမြို့မှာ ရိုက်ကူးခဲ့ပါတယ်။ အဲဒီရုပ်ရှင်က မထင်မှတ်လောက် အောင် အောင်မြင်မှု ရခဲ့ပါတယ်။ ဇာတ်လမ်းက ရိုးရိုးလေးပါ။ ခရီးသွား အေဂျင်စီတစ်ခုရဲ့ မထင်မှတ်လောက်အောင် သေးငယ်တဲ့ အမှားတစ်ခုကြောင့် ပါရီကို အုပ်စုလိုက် ခရီးထွက်လာခဲ့တဲ့ အဖွဲ့ကနေ သာမန် ဂျပန်အမျိုးသမီး တစ်ယောက်ဟာ လူစုကွဲသွားခဲ့ရတယ်။ ပါရီမြို့ကြီးရဲ့ အမှောင်ဘက် ဒုစရိုက် အခြမ်းကို ကြက်သေသေ မှင်တက်နေမိရင်း သူမဟာ အန္တရာယ်ရှိတဲ့ အခြေအနေတွေနဲ့ မပြီးဆုံးနိုင်လောက်အောင် ကြုံတွေ့ခဲ့ရပြီး နောက်ဆုံးတော့ အထိအခိုက်မရှိဘဲ လွတ်မြောက်ခဲ့တဲ့ အကြောင်းပါ။ ရုပ်ရှင်ကို အထင်ကရ လေကြောင်းလိုင်းကြီး တစ်ခုက စပွန်ဆာ ပေးပါတယ်။ အလင်းရောင်မြို့တော်လို့ တင်စားခေါ်ဝေါ်ကြတဲ့ ပါရီမြို့အပေါ် အိပ်မက်တွေ ရှိကြတဲ့ အမျိုးသမီးငယ်တွေ အားလုံးရဲ့ ကျေးဇူးကြောင့် အတိုင်းအတာ တစ်ခုထိ ဝင်ငွေရခဲ့ပါတယ်။ လေကြောင်းကုမ္ပဏီနဲ့ ဖြန့်ချိရေးက အဲဒီဇာတ်လမ်းကို မြို့တွေ ပြောင်းပြီး ဇာတ်လမ်းတွဲ ရိုက်ချင်ခဲ့တယ်။ တစ်ကားမှာ ခေါင်းဆောင်မင်းသမီး တစ်ယောက်စီနဲ့ပေါ့။ အဲဒီအတွက် ကျွန်တော်ကလည်း ပျော်ပျော်ကြီး သဘောတူလိုက်တာပေါ့။ ကျွန်တော် ခြောက်နှစ်အတွင်း ပါရီ၊ နယူးယောက်၊ လန်ဒန်၊ ဘာလင်၊ ရောမ၊ ဟောင်ကောင် စတဲ့ မြို့ကြီးခြောက်မြို့ နောက်ခံထားပြီး ဇာတ်

ကြောင်း အခြေခံလိုင်း တစ်ခုတည်းနဲ့ ရိုက်ကူးဖြစ်ခဲ့တယ်။ ဒီအတောအတွင်းမှာ ကျွန်တော်ဟာ ဒါရိုက်တာတစ်ယောက်အဖြစ် အခြေအနေ အချို့ကို ရရှိလာခဲ့ပြီး 'နိုင်ငံတကာဝါဒီ' ဆိုပြီး တံဆိပ်ကပ် ခံခဲ့ရပါတယ်။ အဲဒီ အဓိပ္ပာယ်က ဘာလဲတော့ မသိဘူး။ ဗီဒီယိုဗားရှင်းနဲ့ ရောင်းတော့ ဆန်မုန့်လုံးတွေ ရောင်းသလို ရောင်းရပြီး အိပ်မက်တောင် မမက်ဖူးတဲ့ ပိုက်ဆံတွေ စပြီး လှိမ့်ဝင်လာခဲ့ပါတယ်။ ဝင်ငွေနဲ့အညီ ကျွန်တော့်ရဲ့ လူနေမှုပုံစံကလည်း ပြောင်းလဲလာခဲ့ပါတယ်။ နောက်သိပ်မကြာခင်မှာ လန်ဒန်ရုပ်ရှင်ထဲက ခေါင်းဆောင်မင်းသမီးနဲ့ ကျွန်တော် ဖြစ်တဲ့ အကြောင်းတွေနဲ့ ကျွန်တော့်ဇနီးရဲ့ အကြောင်းတွေကို ဖွလာခဲ့ပါတယ်။ ကျွန်တော့်အမျိုးသမီးနဲ့ ကျွန်တော်က ကြော်ငြာအေဂျင်စီမှာ စတွေ့ခဲ့တာ ဖြစ်ပြီး သူမ ကျွန်တော့်ကို ထားခဲ့ပါတယ်။ အဲဒီမင်းသမီးက မာကျောပြီး စိတ်အားပြင်းထန်တဲ့ အမျိုးသမီးတစ်ယောက်ပါ။ ဘာလင်ဇာတ်ကားမှာ သူမကို ခေါင်းဆောင်မင်းသမီး အဖြစ် မရွေးချယ်ထားမှာ သိတဲ့နောက်မှာတော့ သူမလည်း ကျွန်တော့်ကို ထားခဲ့ပါတယ်။ ကျွန်တော့် ဇနီးနဲ့ ကွာရှင်းပြတ်စဲဖို့ကိုတောင်းဆိုမိခဲ့တာကို တောင်းပန်တဲ့အကြောင်း လေသံပစ်ရင်းနဲ့ပေါ့။

အဲဒီအချိန်က စလို့ ကျွန်တော်ဟာ လေးစားစရာ သိပ်မကောင်းတဲ့ အကျင့်ရှိသူ တစ်ယောက်အဖြစ်ကို တဖြည်းဖြည်းနဲ့ ရောက်လာခဲ့တယ်။ ဒါပေမဲ့ ကွာရှင်းပြတ်စဲမှုနဲ့ စိတ်ပျက်စရာကောင်းတဲ့ ဇာတ်လမ်းအကြောင်းကို ကျွန်တော် လုံးလုံး အပြစ်မတင်နိုင်ပါဘူး။ ဖြစ်ပုံက ဒီလိုပါ။ လန်ဒန် ဇာတ်လမ်းက စလို့ ဒီရုပ်ရှင်တွေဟာ ဂျပန်မိန်းမတွေ နိုင်ငံခြားသွားပြီး စွန့်စားခန်းတွေ လုပ်ကြတာဟာ ပုံမှန် ဖြစ်ရိုးဖြစ်စဉ် ဖြစ်စေခဲ့တာပါပဲ။ ကျွန်တော့်ရဲ့ ပထမဆုံး ရုပ်ရှင်ဖြစ်တဲ့ ပါရီဇာတ်လမ်းမှာ ကျွန်တော်ဟာ ကျွန်တော့် ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှကို အားသွန်ခွန်စိုက် နှစ်မြှုပ်ခဲ့ပါတယ်။ ဒုတိယရုပ်ရှင်ဖြစ်တဲ့ နယူးယောက်ကလည်း အလားတူပါပဲ။ ဒါပေမဲ့ တတိယရုပ်ရှင်ဖြစ်တဲ့ လန်ဒန်မှာတော့ မင်းသမီးနဲ့ ကျွန်တော် ပတ်သက်နေတာ တစ်စိတ်တစ်ပိုင်းကြောင့်လည်း ကင်မရာ ရိုက်ချက်တွေ၊ ဒါရိုက်တာ အလုပ်တွေဟာ တီထွင်ဆန်းသစ်မှုနဲ့ စိတ်ဝင်စားဖွယ် ကောင်းမှုတွေမှာ သိသိသာသာ လျော့ကျခဲ့ပါတယ်။ ဘာလင်ဇာတ်လမ်းကစလို့ အသစ်တီထွင်မှုဟာ လုံးဝ မရှိတော့ပါဘူး။ ရောမနဲ့ ဟောင်ကောင်တို့မှာတော့ အရည်အသွေးက ချောက်ထဲ ထိုးကျသွားခဲ့ပါပြီ။ အနုပညာရှင်တစ်ယောက် ဆိုတဲ့ ဂုဏ်မာနကို ကျွန်တော် လက်လွှတ်လိုက်ပါပြီ။ ရောက်နေတဲ့ အဆင့်အတန်းကနေ ပိုက်ဆံရဖို့ကိုပဲ စိတ်ဝင်စားနေခဲ့ပါတယ်။ သာမန်

ဖြစ်ရိုးဖြစ်စဉ်လောက်သာ လုပ်ခဲ့ပေမယ့် ထူးဆန်းတာက အခုချိန်ထိ ကျွန်တော့်ရုပ်ရှင်တွေက အလုပ်ဖြစ်နေတာပါပဲ။ ဒီဇာတ်လမ်းတွဲကို ဝတ္ထုပုံစံ ပြုခဲ့ပါတယ်။ ကျွန်တော့်ကို တီဗီကြော်ငြာတွေ ရိုက်ဖို့ အများကြီး ငှားကြပါတယ်။ ကျွန်တော် ကိုယ်တိုင်တောင် ဝင်သရုပ်ဆောင် လိုက်ပါသေးတယ်။ ရလာတဲ့ ဝင်ငွေတိုးပွားမှုကြောင့် မယားစရိတ် ထောက်ပံ့ရတာဟာ ကျွန်တော့်အတွက် တော့ ခိုစာကျွေးရသလောက်ပဲ ရှိပါတယ်။ ကျွန်တော့်နာမည် ထင်ပေါ်ကျော်ကြားမှုနဲ့ ဝင်ငွေ တောင်ပုံရာပုံ ရှိတာကြောင့် ကျွန်တော်ဟာ အဓိပ္ပာယ်မရှိတဲ့ အချစ်ဇာတ်လမ်းတွေ အများကြီးထဲ ထိုးဆင်းခဲ့ပါတယ်။ ရုံးအဖြစ်ရော၊ လူနေအဖြစ်ရော အသုံးပြုဖို့ မီနာမီ-အေအိုယာမမှာ ကျွန်တော် နေရာကျယ်တဲ့ ကွန်ဒိုတစ်ခန်း ဝယ်ခဲ့ပါတယ်။ အကာဆာကာက ဟိုတယ်ဆို အခန်းကတော့ ကျွန်တော် စာရေးဖို့နဲ့ ကျွန်တော့်ရဲ့ စွန့်စားခန်းတွေ လုပ်ဖို့အတွက်ပေါ့။ ပေါလ် ရှေးကာရီရာ ကားကို ကျွန်တော် စီးပါတယ်။ ညစဉ်ညတိုင်း ဝိုင်အကောင်းစား ပုလင်းတွေ၊ ရှန်ပိန်တွေ၊ ဘရန်ဒီပုလင်းတွေ ဖောက်ပါတယ်။ တစ်လခြား တစ်ခါလောက် ရည်းစားအသစ် ထားပါတယ်၊ စသည်ဖြင့်တွေပေါ့။

ကျွန်တော် ဒီလိုပုံစံမျိုးနဲ့ သုံး၊ လေးနှစ် နေခဲ့ပါတယ်။ ပထမပိုင်းတော့ အများစုက မင်းသမီးတွေနဲ့ မင်းသမီးဖြစ်ချင်တဲ့ ရည်မှန်းချက် ရှိတဲ့သူတွေပေါ့။ ဒါပေမဲ့ အပျက်အစီးတွေ များလာတဲ့ နောက်ပိုင်းမှာတော့ ကျွန်တော် အမျိုးအစား ပြောင်းလဲခဲ့တယ်။ အဲဒီလောက် စိတ်ထိခိုက်စရာမှ မလိုတာပဲလေ။ ပါရမီပါတဲ့ မင်းသမီးတွေဟာ ထိန်းမနိုင်၊ သိမ်းမရလောက်အောင် ချစ်မေတ္တာကို ဆာလောင်ကြပြီး ရုပ်ရှင်ပိတ်ကားပြင်ကနေ တစ်ဆင့် တစ်ကမ္ဘာလုံးက ချစ်မေတ္တာကို ရှာဖွေကြတယ်။ သူတို့ရဲ့ ပုဂ္ဂလိကဘဝတွေမှာ တည်ငြိမ်ဖို့ ကြိုးစားကြပေမယ့် သူတို့ရဲ့ တည်ငြိမ်မှု ဆိုတဲ့ သဘောထားဟာ လွဲချော်နေပါတယ်။ အဲဒီလို ဖြစ်တဲ့အတွက် လူသားအဖြစ်မှာ သူတို့တွေ ဆုံးရှုံးတယ်လို့တော့ မပြောနိုင်ပါဘူး။ သူတို့ရဲ့ ဦးစားပေးမှုတွေက လူအများစုနဲ့ မတူညီတာလို့ပဲ ပြောရမှာပါ။ တစ်ဖက်က ပါရမီမရှိတဲ့ မင်းသမီးတွေကတော့ လှပတဲ့ မိန်းမတွေ အားလုံးရဲ့ အထီးအကျန်ဆုံးနဲ့ သနားဖွယ် အကောင်းဆုံးတောင် ဖြစ်ကောင်း ဖြစ်နိုင်တယ်။ မသိစိတ်ထဲမှာတော့ သူတို့ရဲ့ နေ့စဉ်ဘဝတွေထဲမှာ ပြည့်စုံမှုကို ရှာချင်ကြတယ်။ ဒါပေမဲ့ သူတို့ရဲ့ ချစ်မေတ္တာ၊ ဒါမှမဟုတ် တည်ငြိမ်တဲ့ အချစ်ရေးကို တောင့်တမှုတွေက တစ်ဝက်စီ ဖြစ်လို့နေတယ်။ သူတို့ရဲ့ ဦးတည်ချက်တွေက

ဝေဝါးလို့နေတယ်။ အကျိုးဆက် အနေနဲ့ကတော့ သူတို့ရဲ့ ပါတနာတွေဟာ အကြောင်းမဲ့ နာကျင်မှုတွေ ခံစားရတာပါပဲ။

မင်းသမီးတွေနဲ့ တော်လောက်ပြီလို့ ကျွန်တော် ဆုံးဖြတ်လိုက်ပြီးတဲ့ နောက် တခြား ဘဝအလွှာမျိုးစုံက မိန်းမတွေနဲ့ ကျွန်တော် စတွဲတော့တာပါပဲ။ ထိပ်တန်း ဖက်ရှင်မော်ဒယ်ကနေ နေထိုင်စားသောက်ဖို့တောင် အနိုင်နိုင် ဖြစ် နေတဲ့ သူနာပြုဆရာမတွေ အထိပါပဲ။ ဒီအတောအတွင်းမှာ ကျွန်တော်ဟာ ပုပ် သိုးနေတဲ့ လူတစ်ယောက် ဖြစ်မှန်းမသိ ဖြစ်နေတာကို ကိုယ့်ကိုယ်ကိုယ် မမြင်မိ နိုင်ခဲ့ဘူး။ အရက်သောက်တာ၊ ဆေးလိပ်သောက်တာ၊ ပုံမှန်မဟုတ်တဲ့ ဘဝနေ မှုပုံစံ၊ ကိုယ်လက်လေ့ကျင့်ခန်း လုံးဝ မရှိတာ၊ အဆီအဆိမ့်တွေပဲ စားလွန်းတာ တွေရဲ့ ကျေးဇူးတွေကြောင့် ကျွန်တော်ဟာ ဖြူရော်ပြီး ဝမ်းပျဉ်း တွဲလာခဲ့ပါ တယ်။ ကျွန်တော့်ရဲ့ အစာအိမ်၊ အသည်းတွေဟာ ပြန်ပေးဆပ်နေရပါတယ်။ ကျွန်တော် အသက်လေးဆယ် ရောက်တဲ့အချိန်မှာ ကျွန်တော့်ပုံစံက အနည်းဆုံး ဆယ်နှစ်လောက် ပိုကြီးနေတယ်လို့ ထင်ရတယ်။ အဲဒီအချိန်မှာ ကျွန်တော့်ကို တကယ့်ကို လှုံ့ဆော်နိုင်တဲ့ တစ်ခုတည်းသော အရာက မိန်းမ တွေ တစ်ယောက်ပြီး တစ်ယောက်နဲ့ အိပ်ရတာပဲ ရှိပါတယ်။ ဘယ်လိုပဲ ပြော ပြော ကျွန်တော်ဟာ ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာ ကျဆင်းနေတယ် ဆိုတာ ကို ယောင်ယောင်လေးတော့ ရိပ်မိလာခဲ့ပါပြီ။ ဒီအခြေအနေတွေ အားလုံးက နေ သူမ ကျွန်တော့်ကို ကယ်တင်ခဲ့ပါတယ်။ သူမနာမည်က အာကာဂါဝါမီကို။ ကျွန်တော်နဲ့ တွေ့တော့ သူမအသက် နှစ်ဆယ့်ခြောက်နှစ်။

“အလုပ်တွေ များနေတဲ့အထဲက အချိန်ပေးတဲ့အတွက် ကျေးဇူးတင်ပါ တယ်ရှင်၊ ကျွန်မတို့ စလိုက်ရအောင်လား၊ အင်တာဗျူးလုပ်နေတုန်း ကျွန်မတို့ ရဲ့ မာတ်ပုံဆရာက မာတ်ပုံနည်းနည်းလောက် ရိုက်မှာကို စိတ်မရှိဘူးလို့ မျှော်လင့်ပါတယ်ရှင်”

ရည်မှန်းချက်ကြီးတဲ့ မော်ဒယ်လ်တွေ၊ မင်းသမီးတွေနဲ့ ယှဉ်ရင် သူမဟာ သာမန်ပုံစံပါပဲ။ ဒါပေမဲ့ ကျွန်တော် တွေ့ကတည်းက သဘောကျမိတယ်။ နွေဦး ရာသီကာလပါ။ သူမဟာ ရာသီဥတုနဲ့ လိုက်လျောညီထွေစွာ အဝါရောင်ဝတ်စုံ ကို ဝတ်လို့ ထားပါတယ်။ သူမက ကျွန်တော့်ကို တည့်တည့်ကြည့်ပြီးတော့ စီးပွားရေးဆန်ဆန် ပြောသလို ဆွဲဆောင်မှုရှိရှိ တဲ့တိုးပြောပါတယ်။ သူမရဲ့ လက်တွေက လှတယ်။ သူမလက်ချောင်းတွေ၊ လက်သည်းတွေရဲ့ အရှည်နဲ့ ပုံစံ

တွေ၊ နူးညံ့တဲ့ သူမရဲ့ အရိုးအဆစ် တည်ဆောက်ပုံ၊ ပိုးသားဆန်တဲ့ အသားအရေတွေက ကျွန်တော့်မိန်းမကို သတိရစေမိပါတယ်။ ကွာရှင်းပြတ်စဲပြီးကတည်းက ကျွန်တော်ဟာ ကျွန်တော့်မိန်းမရဲ့ လက်တွေကို အကြိမ်ရေထောင်ပေါင်းများစွာ တွေးမိခဲ့ပါတယ်။ ဒါတွေက ကျွန်တော် ဆုံးရှုံးခဲ့တာတွေ အားလုံးရဲ့ သင်္ကေတဖြစ်ပြီး ဘယ်တော့မှ ပြန်နာလန်ထနိုင်တော့မှာ မဟုတ်တဲ့ အရာပါ။

“တယ်လီဖုန်းထဲမှာ ပြောခဲ့သလိုပါပဲ၊ ကျွန်မတို့က ‘တောင်ပိုင်းဖျား’ ဆိုတဲ့ ခေါင်းစဉ်နဲ့ အထူးထုတ်အတွက် အင်တာဗျူးလုပ်မှာပါ၊ ဆရာ့လို တောင်ပိုင်း တစ်ခွင်လုံးကို ခရီးထွက်ခဲ့တဲ့ သူတစ်ယောက်အတွက် ‘တောင်ပိုင်း’ဆိုတဲ့ စကားလုံးဟာ ဆရာ့အတွက် နိုင်ငံတွေ၊ မြို့တွေ၊ အတွေ့အကြုံတွေနဲ့ ပတ်သက်ပြီး ဘယ်လို ထူးထူးခြားခြား ပတ်သက်မှုတွေ ရှိတယ်လို့ ပြောနိုင်ပါသလဲ ရှင်”

ဒီမေးခွန်းကို ပြန်မဖြေခင် ကျွန်တော့်ကို ဆရာလို့ မခေါ်ပါနဲ့လို့ ခပ်ပြတ်ပြတ် ပြောခဲ့ပါတယ်။ အချိန်က မနက်စောစောပဲ ရှိပါသေးတယ်။ ပုံမှန်အတိုင်း တစ်ညတာ အလေလိုက်ပြီးတဲ့နောက် ကျွန်တော် ကောင်းကောင်း နေလို့မကောင်းသေးပါဘူး။ ဗိုက်လေးနေပြီး ခေါင်းကိုက်နေပါတယ်။ ဒီအမျိုးသမီးကို ကျွန်တော် သဘောကျမိတဲ့အကြောင်း ပြောထားပေမယ့်လည်း သူမရဲ့ လက်ချောင်းတွေက အချိန်ကြာ ဆုံးရှုံးခဲ့ရတဲ့ ဇနီးကို ပြန်အမှတ်ရစေတာကြောင့် ကျွန်တော့်ရဲ့ စိတ်ကသိကအောက် ဖြစ်မှုကို ပိုကြီးထွားစေတာပဲ ဖြစ်စေပါတယ်။

သူမက တည်တည်ငြိမ်ငြိမ်နဲ့ ပြန်စပါတယ်။

“ဆာကူရိုင်းစံ လို့ ခေါ်ခွင့်ပြုပါရှင်၊ ဒါဆို၊ ဆာကူရိုင်းစံကို တောင်ပိုင်းက ဘယ်နိုင်ငံတွေ၊ ဘယ်မြို့တွေက ထူးထူးခြားခြား ဆွဲဆောင်မှု ရှိနေပါသလဲရှင်”

ကျွန်တော် အဲဒီလက်တွေကနေ မျက်စိကို မခွာနိုင်ဘူး ဖြစ်နေတယ်။ အဲဒီလက်တွေ ဘယ်လောက်တောင် လှလဲ ဆိုတာကို ကျွန်တော် ပြန်စဉ်းစားနေမိတယ်။ ဘယ်လိုမှ အပြစ်ပြောစရာ မရှိတဲ့ အဲဒီ လက်တွေအကြောင်း စဉ်းစားနေမိတာကို ကျွန်တော် စိတ်ပျက်မိတယ်။ ကျွန်တော် တော်တော့ကို ရိုင်းရိုင်းစိုင်းစိုင်း ပြန်ဖြေမိတာကို သတိထားမိတယ်။ စကားစစ်ထိုးသလိုပဲ။

“တောင်ပိုင်း ဆိုတာက မြေကြီးတွေ အများကြီး ရှိတယ်၊ အဲဒါက အခြေခံ အကျဆုံး ကွာခြားမှုပါပဲ၊ ပထမဆုံး ပြောချင်တာက အပန်းဖြေစခန်းတွေနဲ့ အများပြည်သူဆိုင်ရာ နေရာတွေမှာ တော်တော် ကွာခြားပါတယ်”

“မှန်ပါတယ်ရှင်၊ အဲဒါဆိုရင် အပန်းဖြေစခန်းတွေက လွဲပြီး တခြားဟာ တွေ ပြောပြပါလားရှင်”

“ဒီထက် ပိုပြီး တိတိကျကျလေး မေးခွန်း မထုတ်ရင်တော့ ကျွန်တော် မ ဖြေနိုင်သေးဘူး”

“ဟုတ်ကဲ့ပါရှင်၊ ဒါဆိုရင် တောင်ပိုင်းက ဘယ်နိုင်ငံတွေက ရှင့်ကို ဆွဲ ဆောင်မှု ရှိပါသလဲရှင်”

“ဒါလည်း ကွဲကွဲပြားပြား မရှိသေးဘူး၊ ပြောမယ်၊ ဒီနေ့ခေတ်မှာ တောင်နဲ့ မြောက် ဆိုပြီး တော်တော်လေး ခွဲပြီး ပြောနေကြတယ် မဟုတ်လား၊ ခင်ဗျားက လည်း အဲဒီလိုပြောပြီး ဖွံ့ဖြိုးပြီး နိုင်ငံတွေနဲ့ ဖွံ့ဖြိုးဆဲနိုင်ငံတွေ ဆိုပြီး ခွဲခြားပြော မယ်ဆိုရင် ချီလီဆိုတဲ့ နိုင်ငံကို ဘယ်ထဲ သွားထည့်မတုံး၊ လူအများစုက ချီလီ ကို တောင်ပိုင်းနိုင်ငံ စာရင်းထဲမှာ မထည့်ကြဘူး မဟုတ်လား၊ ဒါဆိုရင် ပေါ်တူ ဂီဆိုတဲ့ နိုင်ငံကိုကော ဘယ်လိုပြောမလဲ၊ ပေါ်တူဂီနဲ့ ဂရိကိုကော ထည့်မလား”

“ရှင့်ရဲ့ ကိုယ်ပိုင်အမြင်အရ တောင်ပိုင်းနဲ့ ကိုက်ညီတဲ့ ဘယ်နိုင်ငံမဆို ရပါ တယ်၊ ကျွန်မပြောတာ ရှင်းရှင်းလင်းလင်း မဖြစ်တဲ့အတွက် တောင်းပန်ပါ တယ်၊ ကျွန်မ ထပ်ကြိုးစားပါရစေ၊ အပူပိုင်းနဲ့ အအေးပိုင်း ရာသီဥတုမှာ ဘယ် ရာသီဥတုကို ပိုကြိုက်ပါသလဲ”

“အပူကနေ အအေးကို ကျွန်တော် ပိုကြိုက်တယ်”

“ဘာကြောင့် အဲဒီလို ပြောတာလဲ”

“ကျွန်တော့်မှာ နှလုံးနဲ့ပတ်သက်တဲ့ ပြဿနာတွေ ရှိတယ်၊ အအေးပိုင်း ရာသီဥတုက နှလုံးအတွက် မကောင်းဘူး၊ သွေးကြောတွေကို ကျုံ့စေပါတယ်၊ ဒါပေမဲ့ ဘယ်သူကများ အပူပိုင်းရာသီဥတုကို မကြိုက်လို့လဲ”

“ရှင်ဟာ နိုင်ငံရပ်ခြားက ဆွဲဆောင်မှုရှိတဲ့ နေရာတော်တော်များများမှာ ရုပ်ရှင်တွေ ရိုက်ကူးခဲ့ပါတယ်၊ တောင်ပိုင်းလို့ ပြောရမယ့် အပူပိုင်းဒေသက မြို့

တစ်ခုခုမှာ တစ်ချိန်ချိန် ရုပ်ရှင်ရိုက်ဖြစ်လိမ့်မယ် လို့ ကြုံတင် မြင်ထားတာမျိုး ရှိပါသလားရှင်”

“ဘယ်နေရာလဲ၊ ဥပမာအားဖြင့်”

“တောင်းပန်ပါတယ်ရှင်”

“ဘယ်အပူပိုင်းမြို့ကို ပြောတာလဲ၊ ဥပမာပေါ့”

“ဟုတ်ကဲ့ပါရှင့်၊ စင်ကာပူဖြစ်ဖြစ်၊ ကင်စတန်၊ ဂျမေကာ၊ မိုင်ယာမီ၊ တူနစ်စ် ဖြစ်ဖြစ်ပေါ့၊ ပြောရရင် မော်ရိုကိုက မြို့တစ်မြို့ပေါ့”

“ဒန်ကာဇူအိုဆိုတဲ့ ဝတ္ထုရေးဆရာတစ်ယောက် ရှိတယ် မဟုတ်လား၊ သူက ပေါ်တူဂီနဲ့ ပတ်သက်ပြီး စိတ်ခံစားမှု ဆိုင်ရာတွေကို စက်နဲ့ လှည့်ထုတ်သလို ရေးနေတာပဲ၊ ခင်ဗျားက ကျွန်တော့်ဆီက အဲဒီလိုတစ်ခုခု လိုချင်နေတာ ထင်တယ်၊ နားလည်ရလွယ်တဲ့ ဘာညာကိုကွပေါ့”

“မဟုတ်ပါဘူးရှင်”

“ဟုတ်ပါတယ်၊ နားထောင်၊ နိုင်ငံခြားက မြို့တွေနဲ့ ပတ်သက်တဲ့ ကျွန်တော့်အမြင်က ကျွန်တော့်ရဲ့ လက်ရာအပေါ် မူတည်ပါတယ်၊ အဲဒီ ရုပ်တည်ချက်ကနေ ပြောရရင် စင်ကာပူလို နေရာမျိုးဟာ သန့်ရှင်းတယ်၊ တရားဥပဒေစိုးမိုးမှု ရှိတယ် ဆိုတာ သူတို့ရဲ့ ရောင်းရတဲ့ အချက်ပါပဲ၊ စိတ်ပျက်စရာကောင်းတဲ့ အာဏာရှင်စနစ်ရှိတဲ့ ဖုန်းဆိုးမြေပါပဲ၊ ကင်စတန် ဆိုတဲ့ နေရာကလည်း ပြင်းထန်ဆိုးရွားတဲ့ ခွဲခြားနှိမ်ချမှုတွေနဲ့ အရိုးကွဲလောက်တဲ့ ဆင်းရဲနွမ်းပါးမှုပဲ ရှိတဲ့နေရာ၊ မိုင်ယာမီ ဆိုတာကလည်း လူချမ်းသာတွေရဲ့ ကစားကွင်းအဖြစ် မြင်ယောင်ကြတယ်၊ ဘာ့ကြောင့်လဲ ဆိုတော့ လူတွေက စောက်ရူးတွေ ဖြစ်ကြလို့ပဲ၊ တကယ်တမ်းက ရာဇဝတ်မှုတွေနဲ့ အကျင့်ပျက်ခြစားမှုတွေ ရှိတဲ့ နေရာပါပဲ၊ သူ့ရဲ့ ကမ်းခြေကလည်း တစ်စက်ကလေးမှ စိတ်ဝင်စားစရာ မကောင်းပါဘူး၊ တူးနစ်စ် အကြောင်းတော့ ကျွန်တော် မသိဘူး၊ မော်ရိုကိုကိုတော့ သိတယ်၊ ဖက်စ်၊ ဒါမှမဟုတ် ကာဆာဘလန်ကာ၊ ဒါမှမဟုတ် မာရာကတ်ချ် ဖြစ်ဖြစ် အကုန်လုံးက ဘာအကျိုးမှ မရှိတဲ့ ကမ္ဘာလှည့် ခရီးသွား ထောင်ချောက် သက်သက်ပဲ”

ကျွန်တော့် စကားလုံးတွေလိုပဲ ကျွန်တော့်အသံက ကျွန်တော် ခံစားနေရတဲ့ စိတ်ကသိကအောက် ဖြစ်နေမှုကို သစ္စာဖောက်လို့ နေပါတယ်။ ဒီလို ချဉ်ချဉ်တူးတူး အလုံးကြီးတွေ ကျွန်တော့်ပါးစပ်က ထွက်လာတော့ အကာဂါဝါ မီကိုဟာ မျက်နှာမှာ သွေးမရှိတော့ပါဘူး။ အသက်ခြောက်ဆယ်ကျော် ဓာတ်ပုံဆရာဟာလည်း ဓာတ်ပုံရိုက်နေတာကို ရပ်လိုက်ပြီး စိုးရိမ်ပူပန်စွာနဲ့ ကြည့်လို့နေပါတယ်။

သူမဟာ အချိန်အတိုင်းအတာ တစ်ခုထိ ခေါင်းကို ငုံ့၊ လက်တွေကို ဒူးပေါ်တင်လို့ စကားလုံး ရှာဖွေနေမှန်း သိသာစွာ တိတ်ဆိတ်ပြီး ထိုင်လို့နေပါတယ်။ စိတ်ထဲမှာတော့ ကျွန်တော်ဟာ ကိုယ့်ကိုယ်ကိုယ် ရွံရှာနေပြီး ငါဘယ်လိုကောင်လဲ ဆိုတာကို စဉ်းစားလို့ နေပါတယ်။ ဒါပေမဲ့ မသိမသာ တုန်ယင်နေတဲ့ သူမရဲ့ ဒူးနှစ်ဖက်ပေါ်က လက်တွေက ကျွန်တော့်ကို အရာအားလုံးထက် ပိုလို့ စိတ်ကို အနှောင့်အယှက် ဖြစ်နေစေပါတယ်။ နောက်ထပ် ကျွန်တော် သတိထားလိုက်မိတာက ကျွန်တော် ပိုပြီး ရိုင်းရိုင်း ပြောဖြစ်လိုက်တာပါပဲ။

“အားတော့နာပါရဲ့၊ ထွက်သွားပေးပါလို့ တောင်းဆိုပါရစေ”

သူမ ခေါင်းမော့လာတယ်၊ မျက်နှာက တုန်လှုပ် ချောက်ချားလို့နေတယ်။ တစ်ခုခု ပြောမလို့ ပါးစပ်ဟလိုက်ပေမယ့် ဓာတ်ပုံဆရာက တိတ်တိတ်နေလို့ အရိပ်ပြလိုက်တာကြောင့် ဘာမှ မပြောတော့ဘူး။ သူမ မတ်တတ်ရပ်လိုက်တယ်။ မျက်ရည်တွေ တွင်တွင်ကျပြီးတော့ ခေါင်းကို ကိုင်းကိုင်းညွတ်ညွတ် ညွတ်လိုက်ပြီး ထွက်သွားပါတယ်။ နောက်ထပ် နှစ်နာရီကြာတော့ မဂ္ဂဇင်းတိုက်က သူမရဲ့ဘော့စ်က ထိတ်ထိတ်ပျာပျာနဲ့ ဖုန်းဆက်လာပါတယ်။

“ကျွန်တော်တို့ဆီက အယ်ဒီတာ အငယ်တစ်ယောက်က ဆရာ့အပေါ် တော်တော့ကို မယဉ်မကျေး လုပ်ခဲ့မိပုံရပါတယ် ဆရာ၊ ကျွန်တော် လေးလေးနက်နက် တောင်းပန်ပါတယ်၊ ကောင်မလေးကို ပြင်းပြင်းထန်ထန် အရေးယူပြီးပြီ ဆိုတာကို အာမခံပါတယ်၊ အခုလို ရုက်စရာကောင်းတဲ့ အပြုအမူအတွက် ကျွန်တော်တို့ဘက်က လုပ်ပေးနိုင်...”

ဘာလဲဟာ။ ကောင်မလေး ဘာမှ မမှားပါဘူး။ ငါပဲ ရုက်စရာကောင်းတာကို လုပ်ခဲ့တာလို့ ကျွန်တော် တွေးနေပါတယ်။ ဒါပေမဲ့ ဒေါသပေါက်ကွဲနေတဲ့

ယောကျ်ားတစ်ယောက် အနေနဲ့ ကျွန်တော်ဟာ ကိုယ့်ကိုယ်ကိုယ် တန်ဖိုးထား မှု မရှိတော့ပါဘူး။ ကျွန်တော့်ကိုယ်ကျွန်တော် ရိုးသားနိုင်စွမ်း မရှိတော့ပါဘူး။ ရိုးရိုးရှင်းရှင်း ပြောနိုင်တဲ့ သတ္တိလည်း မရှိတော့ပါဘူး။ အယ်ဒီတာချုပ်က အခြားဝန်ထမ်းတွေ အားလုံးရှေ့မှာ လှပတဲ့ လက်တွေရှိတဲ့ အာကာဂါဝါမီကိုကို အော်ဟစ်နေတာကို မြင်ယောင်မိပြီး ကျွန်တော် ဒေါသထွက်မိတယ်။ သူက ကျွန်တော့်ကို မျက်နှာလိုမျက်နှာရ လာခယနေတယ်။ သူ့ဝန်ထမ်းကိုတော့ အသုံးမကျတဲ့ အမှိုက်လို ဆက်ဆံတယ်။

“မင်းရဲ့ စောက်တောင်းပန်မှုကို မလိုချင်ဘူး၊ မင်းရဲ့လူတွေကို ချေး ဦးနှောက်နဲ့ ဆောင်းပါးတွေ ရေးဖို့ မကြံနဲ့လို့ပဲ ပြောလိုက်၊ စောက်ရူးကောင်”

နောက်ဆုံးစကားကို အော်လိုက်ပြီး စကားပြောခွက်ကို ကျွန်တော် ဒေါသတကြီး ဆောင့်ချလိုက်တယ်။ အဲဒီအချိန်တုန်းက ကျွန်တော့်ရဲ့ ဒေါသ ပေါက်ကွဲမှုကြောင့် ဘယ်လိုအကျိုးဆက်တွေ ဖြစ်လာနိုင်လဲ ဆိုတာကို ကျွန်တော် စဉ်းတောင် မစဉ်းစားမိပေမယ့် ညဘက်ရောက်တော့ နောင်တရ စိတ်တွေ ပြည့်လျှံ တင်းကျပ်လို့ နေတယ်။ ကျွန်တော် ဘရန်ဒီတွေ မော့ချလိုက် ပြီးတော့ ကိုယ့်ကိုယ်ကိုယ် မုန်းတီးမှုတွေကို ကျွန်တော့်ရဲ့ နှူးညံ့ပြီး နှိမ့်ချတတ်တဲ့ ရည်းစားသစ်ဆီကို လမ်းကြောင်း လွှဲလိုက်မိတယ်။

အထမမြောက်ခဲ့တဲ့ အင်တာဗျူးအပြီး တစ်ပတ်အကြာမှာ အကာဂါဝါဆီကနေ ကျွန်တော် စာတိုလေးတစ်စောင် လက်ခံ ရရှိခဲ့ပါတယ်။

“ကျေးဇူးပြုပြီးတော့ ဟိုတစ်ရက်က အငြင်းအခုံ ဖြစ်ခဲ့ရတဲ့အတွက် ကျွန်မကို တောင်းပန်ပါလို့ ပြောချင်ပါတယ်။ ကျွန်မ လုံလောက်အောင် မ တောင်းပန်နိုင်ပါဘူး။ ကျွန်မ မဂ္ဂဇင်းကနေ အလုပ်ထွက်ခဲ့ပါတယ်၊ ကျွန်မ နဂို ကတည်းက တစ်ချိန်မှာ အလုပ်ပြောင်းမယ်လို့ စီစဉ်ပြီးသားပါ။ အခုလို ပြောရ တာ ကျွန်မကိုယ် ကျွန်မ ယုံကြည်မှု လွန်ကဲရာ ရောက်ပါတယ်။ ဒါပေမဲ့ ဟိုတစ် ရက်က ဖြစ်ခဲ့တဲ့ ကိစ္စကို နောက်ထပ် ထပ်မစဉ်းစားဖြစ်ဖို့ မျှော်လင့်ပါ တယ်”

ကျွန်တော် ခရီးသွားမဂ္ဂဇင်းကို နိုင့်ထက်စီးနင်းလုပ်ပြီး သူမရဲ့ အိမ်ဖုန်း နံပါတ်ကို ရအောင် တောင်းလိုက်ပြီး ဖုန်းဆက်လိုက်ပါတယ်။

“ဆာကူရိုင်းယိုအိချိပါ၊ အခုလို ရုတ်တရက် ဖုန်းဆက်လိုက်တာကို ခွင့်လွှတ်ပါ”

“အိုး... ကောင်းသော ညနေခင်းပါ”

သူမရဲ့ အသံက သတိရှိပြီး အသင့်အနေအထား ဖြစ်နေပါတယ်။

“ခင်ဗျားရဲ့ ဖုန်းနံပါတ်ကို ခင်ဗျားရဲ့ အလုပ်ရှင်ဟောင်းဆီကနေ ရတာပါ၊ ဒါပေမဲ့ ကျွန်တော် ကတိပေးပါတယ်၊ အခု စကားပြောပြီးတာနဲ့ ဒီဖုန်းနံပါတ်ကို ကျွန်တော် လွှင့်ပစ်လိုက်မှာပါ၊ ကျွန်တော် အတွက်ကြီးတဲ့ တောင်းဆိုမှုတစ်ခု တောင်းဆိုပါရစေ”

သူမ ခေတ္တ တိတ်ဆိတ်သွားပါတယ်။ ပြီးတော့ စိုးရိမ်ပူပန်တဲ့ လေသံနဲ့ ဘာများလဲလို့ မေးပါတယ်။

“ကျွန်တော့်ကို တစ်ခေါက် ထပ်တွေ့ပါ၊ မျက်နှာချင်းဆိုင် တောင်းပန်ခွင့် ပြုပါ၊ ငါးမိနစ်၊ ဆယ်မိနစ်လောက် ဖြစ်ဖြစ်ပေါ့”

“ကျွန်မ ကျွန်မ တကယ် နားမလည်ပါဘူးရှင်၊ ကျွန်မ စာထဲမှာ ရေးခဲ့သလိုပါပဲ၊ ကျွန်မ တကယ့် ခရီးသွားလုပ်ငန်းမှာ အမြဲတမ်းအလုပ် လုပ်ချင်ခဲ့တာပါ၊ ခရီးသွားမဂ္ဂဇင်းမှာထက်...”

“ဟုတ်ကဲ့၊ ကျွန်တော် သိပါတယ်၊ ဒါပေမဲ့ ကျွန်တော် ဆိုလိုချင်တာက အဲဒီလို မဟုတ်ပါဘူး၊ အဲဒီနေ့က ကျွန်တော့်ရဲ့ စိတ်နေစိတ်ထားနဲ့ ပတ်သက်ပြီး ကျွန်တော် အရမ်းဆိုးခဲ့ပါတယ်၊ ကျွန်တော် ခင်ဗျားအပေါ် အလွန်အကျွံ ရိုင်းပြမိခဲ့ပါတယ်”

“ရပါတယ်ရှင်၊ တောင်းပန်စရာ မလိုပါဘူး”

မတောင်းပန်လည်း ရကောင်း ရနိုင်ပေမယ့် ကျွန်တော် သူမကို ဘယ်လို ဖြစ်ဖြစ် ထပ်တွေ့ချင်ပါသေးတယ်။ တွေ့ကို တွေ့မှရမယ်လို့ ကျွန်တော် ခံစားမိပါတယ်။ သူမကြောင့်ပဲ ကျွန်တော်ဟာ ဘယ်လို စောက်ရူးကောင် ဖြစ်မှန်းမသိဖြစ်ခဲ့တာပါ။ အဲဒါကြောင့် ကျွန်တော် ခဏလောက် စောင့်ဆိုင်းပြီး လုံးဝ ပွင့်ပွင့်လင်းလင်း ပြောဖို့ ဆုံးဖြတ်လိုက်ပါတယ်။ သူမဘက်က ဘယ်လိုဖြစ်ဖြစ် ငြင်းတယ်ဆိုရင် အနည်းဆုံးတော့ ကျွန်တော့်ဘက်က အမှန်အတိုင်း ပြောဖြစ်လိုက်တာပေါ့။ အဲဒီလို ပြောလိုက်ရမှလည်း ကျွန်တော့်ဘက်က ဖြေသာမှာပါ။

“ကျွန်တော် ရှင်းပြဖို့ လိုနေပါတယ်” လို့ ကျွန်တော် ပြောလိုက်တယ်။

“ကျွန်တော့်ကို နောက်ထပ် နှစ်မိနစ်၊ သုံးမိနစ်လောက် ထပ်ပြောခွင့် ပေးနိုင်မလားဗျ”

“ဟုတ်ကဲ့၊ ရပါတယ်”

“ကျွန်တော် ခင်ဗျားကိုနဲ့ ကိုယ့်ကိုယ်ကိုယ် ပွင့်လင်းမှ ရပါမယ်၊ အဲဒါက တောင်းပန်ဖို့ ကမ်းလှမ်းပြီး ကိုယ့်ကိုယ်ကိုယ် ကယ်တင်ဖို့ ကြိုးစားတာထက် တကယ့်ကို အများကြီး ပိုပါတယ်၊ အမှန်က ကျွန်တော် ခင်ဗျားကို တွေ့တော့ ကျွန်တော့်ရဲ့ ဇနီးဟောင်းကို သတိရစေမိခဲ့ပါတယ်”

“ကျွန်မ စိတ်မကောင်းပါဘူး ရှင်”

သူမရဲ့ ဇဝေဖဝါ ဖြစ်နေတဲ့ မျက်နှာကို ကျွန်တော် မြင်နေရတယ်။

“ကျွန်တော် နာမည်ဆိုးထွက်တာ သိမှာပါ၊ ကျွန်တော်ဟာ တစ်နည်းနည်းနဲ့ ပုံမှန်မဟုတ်တဲ့ ဘဝနဲ့ နေထိုင်နေပါတယ်၊ ဒါပေမဲ့ ဒီလိုပြောလို့ ကျွန်တော်ဟာ ခင်ဗျားအပေါ် မရိုးမသား စိတ်တချို့ ရှိနေတယ်လို့တော့ ကျေးဇူးပြုပြီး မထင် လိုက်ပါနဲ့၊ ခင်ဗျားရဲ့လက်တွေ... ခင်ဗျားရဲ့လက်တွေက ကျွန်တော့် ဇနီးဟောင်းရဲ့ လက်တွေနဲ့ တစ်ပုံစံတည်းပါပဲ”

“ကျွန်မရဲ့ လက်တွေ ဟုတ်လား”

“ဟုတ်ပါတယ်၊ နားလည်မှာပါ၊ ကျွန်တော့်မိန်းမ၊ သူ့အပေါ် ကျွန်တော် နှိပ်စက်ခဲ့ပါတယ်၊ အဲဒီအချိန်တုန်းကရော၊ သူ ကျွန်တော့်ကို ထားခဲ့တုန်းကရော ကျွန်တော် နားမလည်ခဲ့ပါဘူး၊ ဒါပေမဲ့ ကျွန်တော် အဲဒီအချိန်ကတည်းက နာကျင်နေခဲ့ရတာပါ၊ ကျွန်တော် နာကျင်နေတာကို ကျွန်တော် ကိုယ်တိုင် တောင် မသိပါဘူး”

“ကျွန်မတော့ နားမလည်နိုင်တော့ပါဘူး”

“ကျွန်တော် သိပါတယ်၊ စိတ်အနှောင့်အယှက် ဖြစ်စရာ ဖြစ်နေရင် ကျွန်တော့်ကို ခွင့်လွှတ်ပါ၊ ဒါပေမဲ့ ကျွန်တော် ပြောဖို့ လိုအပ်နေလို့ပါ၊ ခင်ဗျားရဲ့ လက်တွေကို ကျွန်တော် ကြည့်လိုက်တော့ ကျွန်တော်ဟာ ကျွန်တော့်အပေါ် အရမ်းကောင်းခဲ့တဲ့ လူတစ်ယောက်ကို ပြန်ပြင်လို့မရတဲ့ အရာတွေ ကျူးလွန်မိခဲ့တယ် ဆိုတာကို ပြန်အမှတ်ရစေခဲ့ပါတယ်၊ အဲဒါက ကျွန်တော် ခင်ဗျားနဲ့ တွေ့ချင်တဲ့အကြောင်း လို့တော့ ပြောလို့မရတာ သိပါတယ်၊ ကျိုးကြောင်းဆီလျော်မှု

မရှိတာကိုလည်း ကျွန်တော် နားလည်ပါတယ်၊ ဒါပေမဲ့ ကျွန်တော့်အတွက် ကျေနပ်မှု၊ ကျွန်တော့်ရဲ့ ကိုယ်ပိုင်အတ္တ ကျိုးကြောင်းဆင်ခြင်မှုတွေ အရပေါ့၊ ကျွန်တော် လူချင်းတွေ့ပြီး ကောင်းကောင်းမွန်မွန် တောင်းပန်ချင်ပါတယ်၊ ကျွန်တော့်ကို မယုံကြည်နိုင်ဘူးလို့ ထင်ရင် သူငယ်ချင်း တစ်ယောက်ယောက် ဖြစ်ဖြစ်၊ ခင်ဗျားရဲ့ ရည်းစားဖြစ်ဖြစ်၊ ဘယ်သူ့ကိုဖြစ်ဖြစ် ခေါ်လာလို့ ရပါတယ်၊ ကျေးဇူးပြုပြီးတော့ ကျွန်တော့်ကို ငါးမိနစ်၊ ဆယ်မိနစ်လောက် တွေ့ပေးပါ လား”

ကျွန်တော့်အသံက ဘယ်လောက် အူကြောင်ကြောင်နိုင်လဲ ဆိုတာ ကျွန်တော် သိပါတယ်။ သူ့ကို တွေ့စရာ ဘာရှိလို့လဲလို့ ကျွန်တော့်ခေါင်းထဲက အသံတစ်သံက မေးနေတယ်။ ဒါပေမဲ့ ကျွန်တော့်မှာ အဲဒီအတွက် အဖြေ လုံးဝ မရှိပါဘူး။ ကျွန်တော် တွေ့သင့်တယ် ဆိုတာပဲ ရှိတယ်။ ကျွန်တော့်မိန်းမရဲ့ လက်တွေက လွန်ခဲ့တဲ့ နှစ်တွေ တစ်လျှောက်လုံး ကျွန်တော့်ဘဝမှာ ပျောက်ဆုံးသွားခဲ့တာတွေရဲ့ သင်္ကေတတစ်ခုရဲ့ မှတ်ဉာဏ် ဆိုရင် ဒီအမျိုးသမီး ရဲ့ လက်တွေက သက်ရှိ ပုံရိပ်တွေပါပဲ။

နောက်ထပ် ငါးရက်အကြာမှာ ကျွန်တော့်ဟိုတယ်က ဧည့်ခန်းထဲမှာ တွေ့ဖို့ ကျွန်တော်တို့ သဘောတူခဲ့ပါတယ်။ ဒီငါးရက်လုံးလုံး ကျွန်တော် အရက် တစ်စက်တောင် မသောက်ခဲ့ဘူး။

ကျွန်တော် ချိန်းထားတဲ့ နေရာကို ဆယ့်ငါးမိနစ်စောပြီး ရောက်နေခဲ့ တယ်။ အမျိုးသမီးက ခုနစ်မိနစ် နောက်ကျပြီးမှ ရောက်လာခဲ့ပါတယ်။ နွေရာသီဝတ်စုံလို ဝတ်စုံတစ်စုံကို ဝတ်လာခဲ့တယ်။ အရောင်က ရေခဲမုန့် ဗ နီလာအိုက်စ် အရောင်နဲ့။

“ကျွန်မ နောက်ကျသွားတယ်” လို့ သူမက ပြောတယ်။

“ဆောရီးပါရှင်၊ အကြောကြီး စောင့်လိုက်ရလား”

ကျွန်တော့် အလေးစိုက်မှု ပျောက်ဆုံးသွားမှာ စိုးလို့ သူ့လက်တွေကို မ ကြည့်မိအောင် ကြိုးစားလို့နေတယ်။ ကံကောင်းတာက သူ့လက်တွေကို စားပွဲ အောက်က ပေါင်ပေါ်တင်ထားတာပါပဲ။

“အခုပဲ ရောက်တာပါ” လို့ ကျွန်တော် ပြောလိုက်တယ်။ သူမက ကော်ဖီခွက်လွတ်နဲ့ ပြာခွက်ထဲက စီးကရက် ဖင်စီခံတွေကို ကြည့်ပြီး နှုတ်ခမ်းတွန့်လေးနဲ့ ပြုံးတယ်။

“ဘယ်လိုပဲဖြစ်ဖြစ် ရောက်လာပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်” လို့ ကျွန်တော် ပြောလိုက်တယ်။

“အူကြောင်ကြောင်နိုင်တဲ့ တောင်းဆိုမှုလို့ ကျွန်တော် ထင်ပါတယ်၊ အထူးသဖြင့် ပထမအကြိမ် တွေ့ဆုံပြီးတဲ့ နောက်မှာပေါ့”

“ကျွန်မက ဂုဏ်ပြုခံရတာပါ၊ အရင်က ပြောခဲ့သလိုပါပဲ၊ ကျွန်မက အမာခံ ပရိသတ်တစ်ယောက်ပါ”

“ကောင်းပါပြီ၊ ဘယ်လို ပြန်ပြောရမှန်းတောင် မသိတော့ဘူး၊ ကျွန်တော်နဲ့ သိပ်တောင် မတန်ပါဘူး၊ ကျွန်တော် ဖုန်းထဲမှာ ပြောခဲ့တာတွေကရော အဓိပ္ပာယ်ရှိရဲ့လား”

“ရှိတယ်လို့ ထင်ပါတယ်၊ ကျွန်မက ဇနီးဟောင်းကို သတိရစေတယ်လို့ ပြောခဲ့တယ် မဟုတ်လား”

“ကျွန်တော် ခင်ဗျားရဲ့ လက်တွေကို တွေ့လိုက်တော့ ကျွန်တော့်ကို တစ်ခုခု ဖြစ်သွားစေခဲ့တယ်”

လက်တွေကို စားပွဲပေါ် ဖြန့်ခင်းလိုက်ပြီး ပဟေဠိဆန်ဆန် ကြည့်လို့နေတယ်။

“ဘာမှ ထူးထူးခြားခြား မရှိပါဘူးရှင်” လို့ သူမက ပြောတယ်။ ပြီးတော့ ရှက်ကိုးရှက်ကန်းနဲ့ ပြုံးတယ်။

ဒီလက်တွေနဲ့ ဒီအပြုံးတွေကို ပေါင်းစပ်လိုက်တာကို မြင်နေရတာက ကျွန်တော့်ကို ပုံမှန်မဟုတ်တဲ့ ခံစားမှုကို ဖြစ်စေပါတယ်။ ကျွန်တော့် နှလုံးခုန်သံ မြန်လို့လာတယ်။ ဒါပေမဲ့ သက်သောင့်သက်သာ၊ အဆင်ပြေပြေဖြစ်တဲ့ နှစ်သိမ့်နေတဲ့ ခံစားချက် ပြင်းပြင်းပြပြ ရရှိနေပါတယ်။

“လက်တွေက လှတယ်၊ အပေါစား ကြော်ငြာတွေထဲက ပုံစံမျိုး မဟုတ်ပါဘူး၊ ဒါပေမဲ့ အချိုးအစားတွေက... ဘယ်လိုပြောရမလဲ၊ ကျွန်တော် မပြော

တတ်တော့ဘူး၊ အရမ်းကျက်သရေရှိပြီး အသက်ဝင်နေတယ်”

“ရှင့်ဇနီးကော...”

“ကျွန်တော်တို့ ကွာရှင်းခဲ့ကြတယ်၊ လွန်ခဲ့တဲ့ လေးနှစ်တုန်းက”

“စိတ်မကောင်းပါဘူးရှင်၊ အဲဒီအကြောင်း ပြောပြခဲ့ဖူးသားပါ၊ ဟုတ်တယ် မဟုတ်လား”

“ကျွန်တော့် မိန်းမက သာမန်အမျိုးသမီးပါ၊ ဒါပေမဲ့ ကျွန်တော် ပြောချင်တဲ့ ‘သာမန်’ဆိုတာက သူ့အတွက်သူ ဇာတ်နာအောင် ဘာမှလုပ်စရာ မလိုတာကို ပြောတာပါ၊ ဝေဖန်ရေးတော့ မဟုတ်ပါဘူး၊ လူတစ်ယောက်ရဲ့ ကိုယ်ရည်ကိုယ်သွေးထဲမှာ ထည့်သွင်းလုပ်ဆောင်ရမယ့် အရာတစ်ခုလို့တော့ ကျွန်တော် မထင်ပါဘူး၊ တစ်ခုခုဆိုရင်တော့ အဲဒါက အပြစ်အနာဆာပါပဲ၊ အထူးသဖြင့် ယှဉ်ပြိုင်စရာ လိုအပ်ချက်တစ်ခုနဲ့ ပေါင်းစပ်ထားတဲ့ အချိန်မှာပေါ့၊ တင်ဆက်ဖျော်ဖြေခြင်း အနုပညာထဲမှာ ပါဝင်ပတ်သက်နေတဲ့ အမျိုးသမီးတစ်ယောက်ကို စောင့်ရှောက်ရတာဟာ အားစိုက်ထုတ်ရမှုတွေ၊ နားလည်မှုတွေ အများကြီး လိုအပ်ပါတယ်၊ ခက်ခဲတဲ့ အလုပ်တစ်ခုပါပဲ၊ တစ်ချို့ယောကျ်ားတွေက အဲဒီနေရာမှာ တော်ကြတယ်၊ တချို့တွေက မတော်ကြဘူး၊ ဒါပေမဲ့... ဆောရီး၊ ဒီလို စကားမျိုးက ခင်ဗျားအတွက် ပျင်းစရာ ကောင်းနေမလားပဲ”

“ပျင်းစရာ ကောင်းတယ် ဟုတ်လား၊ မပျင်းပါဘူး ရှင်”

“ဒီလိုဆိုရင် ဆက်ပြောပါ့မယ်၊ အဲဒီအချိန်တုန်းက ကျွန်တော် မင်းသမီးတစ်ယောက်နဲ့ တွဲနေတယ်၊ ကျွန်တော့် ရုပ်ရှင်တစ်ကားထဲက ခေါင်းဆောင် မင်းသမီး တစ်ယောက်ပေါ့၊ မင်းသမီးအများစုအတိုင်း သူကလည်း အံ့အားသင့်လောက်အောင် ချောမောပါတယ်၊ ကျွန်တော် အရူးအမူး ဖြစ်ခဲ့တာပေါ့၊ ယောကျ်ား တစ်ယောက်ရဲ့ မာနကို မြင့်တက်စေတဲ့ အရာပေါ့၊ ‘ငါ ဘယ်သူနဲ့ တွဲနေလဲ၊ ကြည့်လိုက်’ ဆိုတာမျိုးပေါ့၊ အဲဒီအတွက် အကျိုးဆက်ကတော့ ကျွန်တော့် အမျိုးသမီးကို ဆုံးရှုံးလိုက်ရတာပါပဲ၊ အဲဒီနောက်တော့ ကျွန်တော်က နောက်ရုပ်ရှင်သစ်မှာ တခြား မင်းသမီးတစ်ယောက်နဲ့ အစားထိုးတော့မယ် ဆိုတာ အဲဒီမင်းသမီး သိသွားတော့ ကျွန်တော့်ကို ထားသွားခဲ့ပြန်တယ်၊ အဲဒီလိုပါ၊ ကျွန်တော့်အတွက် အရာအားလုံး ဆုံးရှုံးလိုက်ရသလိုပါပဲ၊ ကျွန်တော့်ရဲ့ အထီးကျန်မှုတွေကို လှည့်စားဖို့အတွက် ကျွန်တော်ဟာ သူများနဲ့မတူ ထူးခြား

တဲ့ လူထူးလူဆန်းတစ်ယောက်လို ဘဝကို နေထိုင်ခဲ့ပါတယ်၊ တချို့ကတော့ ပုပ်သိုးပျက်စီးနေတာလို့ ပြောကောင်း ပြောပါလိမ့်မယ်၊ ဒါပေမဲ့ ကျွန်တော် အချိန်တော်တော်များများမှာ ကြောက်ဖို့ ကောင်းလောက်အောင် အထီးကျန်နေတယ်လို့ ခံစားနေရတုန်းပါပဲ၊ ကျွန်တော် ဘာပဲလုပ်လုပ် ကျွန်တော့် မိန်းမရဲ့ လက်တွေကိုပဲ သတိရနေမိပါတယ်၊ ကျွန်တော် အလုပ်စလုပ်ခါစမှာ သူနဲ့ တွေ့ခဲ့တာပါ၊ ကျွန်တော်တို့ နှစ်ယောက်လုံး အလုပ်လုပ်ကြတဲ့ ကြော်ငြာ အေဂျင်စီမှာပါ၊ ကျွန်တော် ပြောခဲ့သလိုပါပဲ၊ သူက သာမန် မိန်းမတစ်ယောက်ပါ၊ ဒါပေမဲ့ ကျွန်တော် အဲဒီလက်တွေကို သတိရမိတိုင်း ကျွန်တော် ဆုံးရှုံးခဲ့ရတဲ့ အရာရာကို သတိရနေသလိုပါပဲ၊ ခင်ဗျားရဲ့ လက်တွေကို တွေ့တော့ ကျွန်တော် သူ့ကို စဉ်းစားမိတယ်၊ ပွင့်ပွင့်လင်းလင်း ပြောရရင် ကျွန်တော့်ကို စိတ်ကတောက်ကတက် ဖြစ်စေပါတယ်၊ ကျွန်တော် စိတ်ကတောက်ကတက် ဖြစ်နေချိန်မှာ ဘာလုပ်ရမယ်မှန်း ကျွန်တော် မသိတော့ဘူး၊ အဲဒါနဲ့ ခွင့်မလွှတ်နိုင်လောက်အောင် ရိုင်းပျခဲ့မိပါတယ်၊ အဲဒီအတွက် ကျွန်တော် တောင်းပန်ချင်ပါတယ်”

ကျွန်တော် စကားပြောတာကို ရပ်လိုက်ပါတယ်။ သူမက ကျွန်တော့်ကို တစ်ခုခု ပြောမလို့ စဉ်းစားနေသလို စိုက်ကြည့်လို့နေပါတယ်။ နောက်ဆုံးမှာတော့ လက်တွေကို ခုံအောက်မှာ ပြန်ထားလိုက်ပြီး ကျွန်မ နားလည်ပါတယ်လို့ ပြောတယ်။

***

အဲဒီနေ့ကစလို့ ကျွန်တော်တို့နှစ်ယောက် ပုံမှန် အတူတူ ရှိလာခဲ့ပါတယ်။ ပထမတော့ တစ်ပတ်ခြား တစ်ခါလောက် ကော်ဖီသောက်၊ ဒါမှမဟုတ် ညစာ စားဖြစ်ခဲ့တယ်။ ကျွန်တော်တို့နှစ်ယောက် အမြဲ သန်းခေါင်မရောက်ခင် လမ်းခွဲကြပါတယ်။ ကျွန်တော် သူမကို အိမ်အထိ လိုက်မပို့ပါဘူး။ ဒါပေမဲ့ အဲဒီလို ဖြစ်တာက ကျွန်တော်တို့ ဆွေးနွေးထားလို့၊ စီစဉ်ထားလို့လည်း မဟုတ်ပါဘူး။ ကျွန်တော်တို့ နှစ်ယောက်စလုံး အကာအကွယ် ဖြစ်စေတဲ့ အကွာအဝေးတစ်ခုကို ထိန်းနေကြတာလို့ ကျွန်တော် ထင်ပါတယ်။

သူမက ဝိုင်နီ ကြိုက်တယ်။ ဒါပေမဲ့ ကျွန်တော်တို့ နှစ်ယောက်လုံး ဘယ်တော့မှ အလွန်အကျွံ မသောက်ဖြစ်အောင် ထိန်းကြပါတယ်။ ကျွန်တော်တို့ နှစ်ယောက်ဆုံတိုင်း သာမန်စုံတွဲတွေ သောက်သလောက် ခွက်

အရေအတွက်ပဲ သောက်ကြပါတယ်။ ကျွန်တော်တို့ နှစ်ယောက်စလုံး ဒီ ဇာတ်လမ်းကို နောက်တစ်ဆင့် ထပ်တက်ချင်ကြတယ် ဆိုတာကို အစောပိုင်း ကတည်းက ကျွန်တော် ခံစားမိပါတယ်။ ဒါပေမဲ့ ကျွန်တော်တို့ နှစ်ယောက် စလုံး အကာအကွယ် မမဲ့နိုင်ကြသေးဘူး။ ကျွန်တော် အရမ်းကြီး ကြမ်းလိုက်လို့ စိမ်းသွားမှာကိုလည်း ကြောက်တယ်။ သူမကလည်း ကျွန်တော့်ရဲ့ နောက်ထပ် မိန်းမတစ်ယောက် ဖြစ်လာမှာကို စိုးရိမ်နေပုံရတယ် ထင်ပါတယ်။

ကျွန်တော်တို့ တစ်နေရာရာမှာ လက်ဖက်ရည်သောက်ကြတယ်။ ရုပ်ရှင် ကြည့်ကြတယ်၊ ညစာစားကြတယ်၊ ပြီးတော့ ဝွတ်နိုက်လို့ ပြောကြတယ်။ ဒီလို နဲ့ နှစ်ဝက်လောက် ကြာလာခဲ့ပြီးချိန်မှာတော့ ကျွန်တော်တို့ နှစ်ယောက်လုံး ရှေ့တိုးဖို့ လိုအပ်လာပြီ ဆိုတာကို သတိထားမိလာကြတယ်။ တစ်ယောက် အပေါ် တစ်ယောက် ဒီအချိန်မှာ ရှိနေတဲ့ ချစ်မေတ္တာ အေးစက်စပြုသွားမှာကို ကျွန်တော် စိုးရိမ်မိတယ်။ တစ်ယောက်အပေါ် တစ်ယောက် ထားရှိနေတဲ့ ထူးခြားတဲ့ စိတ်ခံစားချက်တွေက ရင်းနှီးတဲ့ မိတ်ဆွေဖြစ်မှုထက် မပိုဘဲ ပြီးဆုံး သွားမှာကို စိုးရိမ်နေမိတယ်။ ယောကျ်ားမိန်းမ ဆက်ဆံရေးတွေက အမြဲ အပြောင်းအလဲ ရှိတတ်ကြတယ်။ ရှေ့ကို ဆက်မတိုးရင်တော့ အခြေအနေတွေ က နောက်ကို ပြန်ရောက်သွားမှာပါ။

ကျွန်တော် တဖြည်းဖြည်းနဲ့ တခြားမိန်းမတွေနဲ့ တွေ့တာကို ရပ်တန့် လိုက်တယ်။ ကျွန်တော် အားလုံး ရှင်းလင်းနေပါပြီ။ တီဗွီဒရာမာတွေအတွက် ဇာတ်ညွှန်းတွေ ရေးတယ်၊ ကြော်ငြာတွေ ရိုက်တယ်၊ နောက် ရိုက်မယ့် ရုပ်ရှင် အတွက် ပြင်ဆင်မှုတွေ လုပ်တယ်။ မီကို့ကို လက်ထပ်ဖို့ စဉ်းစားလာတယ်။ ကျွန်တော် အားအင်တွေ ပြန်လည် ပြည့်ဖြိုးလာသလို ခံစားရတယ်။ နောက် ရိုက်မယ့် ရုပ်ရှင်အတွက် စိတ်လှုပ်ရှားနေတယ်။

※※※

လေထန်ပြီး အေးစက်တဲ့ အောက်တိုဘာ နှောင်းပိုင်း တစ်ညမှာ ကျွန်တော်တို့ နှစ်ယောက် ပထမဆုံးအကြိမ်အနေနဲ့ ချစ်မှု ပြုဖြစ်ခဲ့ကြတယ်။ ကျွန်တော် သူမ ကို ဖဲသားလက်အိတ်တစ်စုံ ပေးဖြစ်ရာကနေ စခဲ့တာပါ။ အပြာဖျော့ရောင် ရှုပ်ထွေးဆန်းပြားတဲ့ ဒီဇိုင်းနဲ့ ချည်ထိုးထားတဲ့ လက်အိတ်ပါ။ စားသောက်ဆိုင် ထဲမှာ အလင်းရောင်က မှိန်ဖျော့လွန်းလို့ ချည်ထိုးထားတဲ့ လက်ရာကို မမြင်ရ တာကြောင့် ကျွန်တော် သူမကို လက်ဆောင်လေး မပေးခင် ကျွန်တော့်ရဲ့ ဆို

ခန်းထဲကို ဖိတ်ခေါ် ခဲ့မိတာကြောင့်ပါပဲ။ စိတ်ပျက်ဖို့ ကောင်းတဲ့ အင်တာဗျူး ပြီးကတည်းက ဒီအခန်းထဲကို သူမ ခြေချတာ ဒါပထမဆုံးအကြိမ် ဖြစ်ပါတယ်။ လက်အိတ်ကို သူမ အရမ်း သဘောကျတယ်။ လက်အိတ်ကိုဝတ်၊ မီးရောင် အောက်မှာ ထောင်ကြည့်ရင်း အရောင်နဲ့ အနေအထားကို သူမ အံ့သြလို့နေပါ တယ်။

နောက် ခဏလောက်နေတော့ အခန်းထဲမှာ လက်အိတ်ဝတ်ထားဖို့ နည်း နည်းပူတယ်လို့ သူမက ပြောပါတယ်။ ကျွန်တော် ဆိုဖာပေါ် သူ့ဘေးမှာ ထိုင် ရင်း လက်အိတ်ကို ကူချွတ်ပေးပါတယ်။ လက်တွေ ပေါ်လာပြန်တော့ ကျွန် တော့်နှလုံးသားက တဒိတ်ဒိတ် စခုန်လာတော့တာပဲ။ ဒီလက်တွေကို မြင်ရတာ က တခြား ဘယ်မိန်းမ မဆိုကို ဝတ်လစ်စားလစ် မြင်ရတာထက် ပိုပြီး စိတ် လှုပ်ရှားဖို့ ကောင်းနေပါတယ်။ ကျွန်တော် လက်နှစ်ဖက်လုံးကို ညင်ညင်သာ သာလေး နမ်းလိုက်ပါတယ်။ နောက် ကျွန်တော် သိလိုက်တာကတော့ ကျွန်တော်တို့ နှစ်ယောက်လုံး ခုတင်ပေါ် ရောက်နေပြီ ဆိုတာပါပဲ။

လက်ထပ်ဖို့ ကျွန်တော်တို့ သဘောတူကြပါတယ်။ နောက်ထပ် ရက်သတ္တပတ်ပေါင်းများစွာ အရာအားလုံး အလုံးစုံ ပြည့်ဝ၊ ချောမွေ့နေခဲ့ပါ တယ်။

ဒါပေမဲ့ ဒီအတောအတွင်းထဲမှာပဲ ကပ်ဆိုးရဲ့ အဖူးအညွန့်တွေဟာ တိတ် တိတ်လေး ရုပ်လုံးပေါ်လို့ နေခဲ့ပါတယ်။

※※※

လက်အိတ်ကိစ္စပြီးတဲ့ နှစ်လအကြာမှာ မီကိုဟာ ကျွန်တော် ကြော်ငြာ ရိုက်ကူး နေတဲ့ စတူဒီယိုကို ရောက်လို့ လာခဲ့ပါတယ်။ ဒီကို လာဖို့က သူ့စိတ်ကူး မဟုတ် ပါဘူး။ ကျွန်တော် အအေးမိနေလို့ ဆေးနည်းနည်း လာပို့ပါလို့ သူမကို ပြော လိုက်လို့ပါ။ ကြော်ငြာက ကားအင်ဂျင်ကုမ္ပဏီတစ်ခု အတွက်ပါ။ စတိတ်စင် တစ် ခုလုံးကို ဆေးခြယ်ထားတဲ့ ပင်လယ်နဲ့ ကောင်းကင်၊ သဲတွေအပြည့်တင်ထားတဲ့ ထရပ်ကားတစ်စီးနဲ့ အုန်းပင်တချို့ပါတဲ့ အပူပိုင်းကမ်းခြေအဖြစ် ပြောင်းလဲထား ပါတယ်။ ကောင်မလေးတစ်ယောက်က တီရုပ်ကလွဲလို့ ဘာမှမဝတ်ထားဘဲ ကင်မရာကို ကျောပေးပြီး ပင်လယ်ဆီကို ဖြည်းဖြည်းချင်း လမ်းလျှောက်သွားရ မှာ ဖြစ်ပါတယ်။ ဒီမော်ဒယ်လ်မလေးကိုညင်ညာထားတာက သူမရဲ့ တင်ပါး

ပုံသဏ္ဌာန်ကြောင့်ပါ။ ကင်မရာက နောက်ခံကို ဦးစားပေးမှာ ဆိုတော့ ကောင်မလေးရဲ့ နောက်ပိုင်းက ဝါးနေမှာ ဖြစ်ပါတယ်။ ကျွန်တော်က ကောင်မလေးကို ခန္ဓာကိုယ်အလှပေါ်အောင် ဘယ်လို လမ်းလျှောက်ရမလဲ ဆိုတာကို ထပ်ပြန်တလဲလဲ ညွှန်ပြလို့ နေပါတယ်။ ကျွန်တော်က အောက်ပိုင်း ဘာမှမဝတ်ထားတဲ့ အသက်နှစ်ဆယ်အရွယ် ကောင်မလေးရဲ့ တတ်နိုင်သမျှ ဆက်ဆီအကျဆုံး လမ်းလျှောက်ပုံဖြစ်အောင် အာရုံစူးစိုက်နေတာပါ။ ဒါပေမဲ့ ကျွန်တော်ဟာ ကောင်မလေးရဲ့ စိတ်ခံစားချက်တွေကို မထိခိုက်စေချင်၊ ဒါမှ မဟုတ် လိုချင်တဲ့ပုံစံနဲ့ ဆန့်ကျင်ဘက်ပဲ ဖြစ်စေတတ်တဲ့ မလိုလားအပ်တဲ့ ဖိအားတွေ မဖြစ်အောင်လည်း ဂရုစိုက်နေရပါတယ်။ ဒါက ကျွန်တော့်ပုံစံပါပဲ။ နှစ်လိုဖွယ်ကောင်းတဲ့ ပတ်ဝန်းကျင်ကို ထိန်းထားဖို့ ကြိုးစားတဲ့အနေနဲ့ ကျွန်တော် ဟာသတွေပြော၊ အပြောင်အပြက်တွေ လုပ်နေခဲ့ပါတယ်။ ရိုက်ကွင်းမှာ တတ်နိုင်သမျှ ဖိအား ဘာမှ မရှိအောင်လို့ပေါ့။ ကျွန်တော့် နည်းလမ်းက လွယ်မိုးမှုထက် လမ်းညွှန်ပြသမှုပါ။ တစ်ချက်မှာတော့ ကောင်မလေးဟာ ချစ်ဖို့ကောင်းပေမယ့် စူးရှအက်ကွဲတဲ့ အသံအကျယ်ကြီးနဲ့ ဝါးလုံးကွဲ ရယ်လိုက်ပါတော့တယ်။ ကောင်မလေး ရယ်လိုက်ချိန်မှာ မီကိုဟာ ကျွန်တော့်နောက်မှာ နံရံကိုမှီရပ်ပြီး ရှိနေဆဲ ဆိုတာကို ကျွန်တော် သတိရလိုက်ပါတယ်။ ကျွန်တော် မကောင်းတဲ့ အငွေ့အသက်ကို ခံစားလိုက်မိလို့ နောက်ကိုလှည့်လိုက်တယ်။ မီကို ကျွန်တော့်ကို ကြည့်နေပါတယ်။ သူမ ပြုံးလည်း မပြုံး၊ လိုက်လည်း မရယ်ပါဘူး။

***

အဲဒီညမှာ ကျွန်တော် ကြိုမတွေးမိထားတဲ့ မီကိုရဲ့ ဘက်တစ်ဘက်ကို တွေ့ခဲ့ရတယ်။ မီကိုဟာ တစ်ပတ်ကို သုံး၊ လေးရက်လောက် လာနေတတ်တဲ့ ဟိုတယ်က ကျွန်တော့်ရဲ့ ဆွိအခန်းမှာပါ။

“အဲဒီ ဖင်မျိုးက ရှင်ကြိုက်တဲ့ ဖင်အမျိုးအစားပေါ့”

ကျွန်တော့်ကို အရေခွံခွာဆုတ်တာ အဲဒီကနေ စပါတယ်။

“ငါ စိတ်မဆိုးပါဘူး၊ မနာလိုလည်း မဖြစ်ဘူး၊ ငါ စတူဒီယိုကိုလည်း မသွားခဲ့သင့်ဘူး၊ အခုလို ပြောနေရတဲ့ အတွက်တောင် ကိုယ့်ကိုယ်ကိုယ် မုန်းမိတယ်၊ ဒါပေမဲ့ အမှန်က မတွေ့ခင်ကတည်းက နင့်ဘေးနားမှာ အဲဒီလို ဖင်နဲ့

ကောင်မလေးတွေ အမြဲတမ်း ဝိုင်းဝိုင်းလည် နေခဲ့တာပဲလေ၊ မဟုတ်ဘူးလား၊ နင် သူတို့တွေနဲ့ တွေ့ပြီး အလုပ်တွေ လုပ်နေရတာ၊ နင်က ငါ့လက်တွေ လှ တယ်လို့ ပြောတော့ ယုံမိတယ်၊ ယုံမိတဲ့အတွက်လည်း ပျော်မိတယ်၊ ဒါပေမဲ့ ငါ့ စိတ် တစ်ဝက်ကတော့ နင့်ကို မတူညီတဲ့လောက တစ်ခုက ပိုင်တယ်ဆိုတာ အ မြဲ သိနေခဲ့တယ်၊ အဲဒါကို ငါ မမြင်ချင်ခဲ့ဘူး၊ ဒါပေမဲ့ ဒီနေ့တော့ ငါ မြင်ခဲ့ရတယ်၊ ငါ့ကို တော်တော် အထိနာစေတယ်၊ ငါနဲ့ အဲဒီနေရာ ဘာမှမဆိုင်ဘူး ဆိုတာကို နားလည်ခဲ့တယ်၊ နင့်ဘေးပတ်ပတ်လည်က လူတွေက ငါနဲ့ လုံးဝ တခြားစီပါပဲ၊ သူတို့ ဝတ်ပုံ၊ စားပုံ၊ ပြုမူပုံတွေက တခြားစီပဲ၊ ငါ အဲဒီနေရာမှာ ပျောက်ဆုံးသွား သလို၊ အပြင်ရောက်သွားသလို၊ နင်နဲ့ အဝေးကြီး ဝေးသွားသလို ခံစားလိုက်ရ တယ်၊ အဲဒီအတွက် နင့်ကို အပြစ်တင်နေတာ မဟုတ်ဘူး၊ ဝေဖန်နေတာ မဟုတ်ဘူး၊ ငါ့မှာလည်း အလုပ်အကိုင် ရှိပါတယ်၊ အဲဒါကြောင့် အလုပ်က အရေးကြီးတာကို ကျွန်မ နားလည်တယ်၊ နင်လုပ်နေတာတွေ မှားတယ်လို့ ပြောနေတာ မဟုတ်ဘူး”

ဒီလို စော်ကား တိုက်ခိုက်နေတဲ့ တစ်လျှောက်လုံး မီကိုဟာ နင်တစ်လုံး၊ ငါတစ်လုံးနဲ့ ပြောနေပါတယ်။ ကျွန်တော့်ကို သူမက ဆာကူရိုင်းစံလို့ ခေါ်ပြီးတဲ့ နောက် ပြီးခဲ့တဲ့ နှစ်လလောက်ကနေစပြီး ကိုကိုလို့ ခေါ်ခဲ့တာပါ။ သူမ ကျွန် တော့်ကို နင်နဲ့ငါနဲ့ ပြောတာကို ကျွန်တော် မကြိုက်ပါဘူး။ ကျွန်တော့်ကို စိတ်ပူ စေပါတယ်။ ကြုံတွေ့ခဲ့ဖူးတဲ့ အတွေ့အကြုံတွေအရ ကိုယ့်ပါတနာကို အခေါ်အ ဝေါ်တွေ ပြောင်းခေါ်လာတာဟာ မုန်တိုင်းတစ်ခုရဲ့ ခြေဆင်း ဆိုတာကို ကျွန်တော် သိပါတယ်။ အခု သူမ ကျွန်တော့်ကို နင်နဲ့ငါနဲ့ ပြောနေတာဟာ ကျွန် တော့်ကို ပလစ်ဖို့ ကြိုးစားနေတာပါပဲ။

ကျွန်တော့် မိန်းမက ပင်ကိုအားဖြင့် စကားနည်းတဲ့ သူပါ။ ကျွန်တော်တို့ ကွာရှင်းပြတ်စဲကြတော့လည်း သူမ တစ်ခွန်းမှ စောဒက မတက်ခဲ့ပါဘူး။ သူမရဲ့ တိတ်ဆိတ်မှုကိုယ်တိုင်က ကျိုးကြောင်းဆင်ခြင်မှုပါတဲ့ စကားပြောဆိုမှုကို ငြင်းဆန်နေတာပါပဲ။ အခု မီကို ဦးတည်နေတဲ့ စိတ်ကစဉ့်ကလျားနဲ့ ဒေါသ မုန်တိုင်းထန်မှုကို ရင်ဆိုင်ရတာထက် အများကြီး လွယ်ကူခဲ့ပါတယ်။ လူတွေ ဟာ သူတို့ရဲ့ စိတ်ခံစားချက်တွေကို မထိန်းချုပ်နိုင်တော့ရင် သူတို့တွေဟာ စိတ်ထွက်ပေါက် ရှာစရာ တစ်ခုခုကို ရှာတတ်ကြပါတယ်။ သူတို့ကို လုံးဝ စိတ်ထွက်ပေါက်ပေးမယ့်အရာ ဒီကမ္ဘာကြီးထဲမှာ မရှိတာကို သူတို့ သိသွားတဲ့ အခါကျရင်တော့ ခြေကုန်လက်ပန်း ကျသွားတဲ့အထိ မီးကုန်ယမ်းကုန်

သောင်းကျန်းလိမ့်မယ် ဆိုတာ ကျွန်တော် သိနေပါတယ်။ အဲဒီအခါကျမှ ထူးဆန်းတဲ့ စိတ်ကျေနပ်မှ တစ်မျိုးကို ရရှိပါလိမ့်မယ်။

“ငါ အဲဒီနေရာကို လုံးဝ မသွားခဲ့သင့်ဘူး၊ အခုချိန်ကစပြီး နင် တစ်နေရာရာမှာ အလုပ်သွားလုပ်နေတိုင်း ငါ့စိတ်ထဲမှာတော့ အဲဒီလို ကောင်မလေးတွေနဲ့ ပြုံးဖြဲရယ်မောပြီး စကားပြောနေမှာကိုပဲ မြင်ယောင်နေတော့မှာပဲ၊ ငါ သူ့လောက် မလှပါဘူး၊ ငါက နင်ပြောတဲ့ ‘သာမန်မိန်းမ’ မျိုးပါ၊ နင်က ငါ့ကို ပျော်အောင် ထားရမယ့်အစား နင် ငါ့ကိုချစ်တယ် ဆိုတာက ဒီအခန်းထဲမှာ နင်နဲ့ အတူတူနေစေဖို့ပါပဲ၊ ငါဟာ ငါ မဟုတ်တော့ဘူးလို့ ခံစားနေရတယ်၊ ဒီနေ့မှ ငါ ဘာလဲဆိုတာ နားလည်တော့တယ်”

ကျွန်တော် ပိုကောင်းတဲ့ အကဲဖြတ်ချက်ချရမှာကို ဆန့်ကျင်ပြီး သူမကို စမ်းသပ်ဖို့ ဆုံးဖြတ်လိုက်တယ်။ သူမကို လေးလေးနက်နက် တောင်းပန်၊ စိတ်သက်သာအောင် ထားပြီး စိတ်ချပါလို့ ပြောတာက အကောင်းဆုံးလို့ ပုံမှန် အသိစိတ်က ပြောနေပါတယ်။ ဒါပေမဲ့ အဲဒီလို လုပ်လိုက်ရင် အခုလို ဖြစ်ရပ်က နောက်ထပ် နောက်ထပ်တွေ ထပ်ဖြစ်လာဦးမှာပါပဲ။ သူမပုံစံက စိတ်ကစဉ့်ကလျား ဖြစ်တာရဲ့ သိမ်မွေ့တဲ့ လက္ခဏာမျိုးပါ။ ဒါပေမဲ့ ဒါဟာ သူမကြုံတွေ့လိုက်ရတာကနေ ဖြစ်တဲ့ စိတ်ဖိစီးမှုကြောင့်လား၊ ဒါမှမဟုတ် မွေးရာပါစရိုက်လား ဆိုတာကို ကျွန်တော် စမ်းကြည့်ဖို့ လိုပါတယ်။ အဲဒီလို စမ်းသပ်မှုကို ကျွန်တော် ခဏခဏ လုပ်ရပါတယ်။ သူမကို ကျွန်တော် လိင်ဆက်ဆံဖက် တစ်ယောက်လောက်လို့ပဲ သတ်မှတ်ထားရင် အိပ်ရာပေါ်ကကိစ္စ မပျက်ယွင်းသွားအောင် ကျွန်တော် သူမကို ချော့ဖို့အတွက် လိုအပ်ရင် အကြိမ်ရေ ဒါဇင်ပေါင်းများစွာ လုပ်ဖို့လည်း ဝန်လေးမှာ မဟုတ်ပါဘူး။ ဒါပေမဲ့ ကျွန်တော်ဟာ လိင်သွေးကြွနေတဲ့ အသက်နှစ်ဆယ်အရွယ် ကောင်လေးတစ်ယောက် မဟုတ်တော့ပါဘူး။

“အားတော့နာပါရဲ့၊ ထွက်သွားပေးပါလို့ တောင်းဆိုပါရစေ”

လို့ ပြောပြီးမှ အဲဒီစကားအတိုင်း ကျွန်တော် သူမကို အင်တာဗျူးတဲ့ နေ့တုန်းက ပြောခဲ့တာကို ပြန်အမှတ်ရမိတယ်။ သူမဟာ ကျွန်တော့်ကို ကြက်သေသေနေတဲ့ မျက်နှာပေးနဲ့ပဲ ကြည့်လို့ နေပြန်ပါတယ်။ သူမ မျက်ရည် ပိုးပိုးပေါက်ပေါက် ကျရမလား၊ ကျွန်တော့်ကို တောင်းပန်ရမလား၊ ဒါမှမဟုတ်

ခါးခါးသီးသီး ဒေါသပေါက်ကွဲလိုက်ရမလား ဆိုတာကို ဝေခွဲမရ ဖြစ်နေတယ် ဆိုတာကို ကျွန်တော် ခံစားမိတယ်။

"မီကို၊ ကိုယ် ဘာအမှားမှ မလုပ်ခဲ့ဘူး ဆိုတာ မင်း သိပါတယ်၊ ကိုယ့် အလုပ် ကိုယ် လုပ်နေခဲ့တာပါ၊ ကောင်မလေးရဲ့ ဖင်ကို ကိုင်နေခဲ့တာလည်း မဟုတ်ပါဘူး၊ ကိုယ့်အလုပ်က ဘယ်လိုအလုပ်မျိုးလဲ ဆိုတာ မင်း သိပါတယ်၊ ကိုယ် ဒါရိုက်တာလုပ်တဲ့ ပုံစံက မိန်းကလေးငယ် တစ်ယောက်ကို ရိုက်နေတာနဲ့ ဆင်အုပ်တစ်အုပ်ကို ရိုက်နေတာနဲ့က အတူတူပဲ၊ အဲဒီအကြောင်းကို အေးအေးဆေးဆေး ဆွေးနွေးမယ် ဆိုရင် ကိုယ် တစ်ညလုံး ပြောပြဖို့ ဝန်မလေးဘူး၊ ဒါပေမဲ့ အခုလို လက်ရှိပုံစံမျိုးမှာတော့ အချိန်ဖြုန်းတာ သက်သက်ပဲ ဖြစ်လိမ့်မယ်၊ အိမ်ကို သွားတော့"

အဲဒီလို ကျွန်တော် ပြောလိုက်တာက စမ်းသပ်မှု တစ်မျိုးပါပဲ။ သူမ တုန်လှုပ်သွားတဲ့ ပုံပေါက်သွားတယ်။ ကြောက်သွားတဲ့ ပုံစံအထိတောင် တစ်ခဏလောက် ဖြစ်သွားသေးတယ်။ သူမကို တောင်းပန်ဖို့ ကျွန်တော် မပြောပါဘူး။ သူမဟာ ခေါင်းလေးညိတ်၊ အတော်လေး စိတ်တည်ငြိမ်သွားပြီး သူ့ အပြုအမူ သူ သေချာ ပြန်စဉ်းစားမိရင် သူမဟာ စမ်းသပ်မှုကို အောင်မြင်ပါတယ်။ သူမကို အိမ်ပြန်လို့ ပြောလိုက်ခြင်းက သူ့ရဲ့ တည်ငြိမ်အေးချမ်းမှုကို ပြန်ရဖို့ အခွင့်အလမ်း ပေးလိုက်တာပါ။ ဒါပေမဲ့ မီကိုက အဲဒီ အခွင့်အရေးကို မယူပါဘူး။

"နင့်ကိုယ်နင် ဘာကောင်လို့ ထင်နေလဲ" လို့ ကျွန်တော် မျှော်လင့်ထားတာတွေကို လုံးဝ ပျက်ပြားစေအောင် သူမ အော်လိုက်တယ်။ "နင် သူ့ဖင်ကို မထိခဲ့ဘူး ဟုတ်လား၊ ဘာလို့ မကိုင်တာလဲဆိုတော့ အလုပ်ထဲ ရောက်နေလို့လေ။ အလုပ်ပြီးသွားရင်တော့ နင် သူ့ကို ခပ်လန်းလန်း ပြင်သစ်ဆိုင်၊ အီတလီဆိုင်ကို ခေါ်သွားပြီး အရက်တိုက်မယ်လေ၊ ပြီးတော့ တစ်ညလုံး အဲဒီဖင်ကို ကိုင်နေမယ်လေ၊ သိသားပဲ၊ ငါတို့မတွေ့ခင် နင် ဘယ်လိုနေလဲ ဆိုတာ ငါ သိတယ်၊ လူတိုင်းလည်း သိတယ်၊ အပေါက်မြင်တိုင်း စွပ်မယ့်ကောင်ကများ၊ နင် ဘာမှ မမှားခဲ့ဖူးတဲ့လား၊ ဟုတ်လား၊ နင်က တခြားသူတွေထက် သာတယ်လို့ နင် ထင်နေတာလေ၊ နင်က တခြားသူတွေ အားလုံးထက် သာတယ်လို့ တကယ်ပဲ ထင်နေတာလား"

သူမ ထိန်းထားပေမယ့် မျက်ရည်တွေ ဒလဟာ စီးကျလို့လာတယ်။ သူမကို ထပ်ဆွပေးနိုင်မယ့် စကား ကျွန်တော် ပြောမိတော့မယ် ဆိုတာ သိနေတယ်။ သူမဟာ ခြေကုန်လက်ပန်းကျတဲ့ အဆင့်အထိ မရောက်သေးဘူး။ ကျွန်တော့် ဘက်က နောက်ထပ် တုံ့ပြန်မှုတွေဟာ သူမကို ထိန်းမရအောင် ဖြစ်သွားစေပြီး ပိုပြင်းထန်တဲ့ အပြုအမူကို လုပ်မိစေပါလိမ့်မယ်။ ကျွန်တော် သူ့ကို သွားဖက် လိုက်ပါတယ်။ ငိုနေဆဲပဲ။ သူမ ကျွန်တော့်ကို တွန်းထုတ်တယ်။ တွန်းထုတ်ပြီး ခုခံတယ်။ ဒါပေမဲ့ နောက်ဆုံးမှာတော့ ကျွန်တော်ဖက်တာကို လက်ခံလိုက်တယ်။ “ကျွန်မ တောင်းပန်ပါတယ်” လို့ နောက်ဆုံးမှာတော့ ထူးထူးခြားခြား သူက ပြောတယ်။ “ကျွန်မကို ခွင့်လွှတ်ပါ။ ကျွန်မကို ခွင့်လွှတ်ပါ၊ ခွင့်လွှတ်ပါ”

※※※

ဒါဟာ ကြုံကြိုက်လို့ ဖြစ်ခဲ့တဲ့ ကိစ္စတစ်ရပ် မဟုတ်ခဲ့မှန်း သိလာရတယ်။ အဲဒီညက စပြီး မကြာမကြာ စပြီးရင် မုန်တိုင်းဟာ မကြာမကြာ ပြန်တိုက်တယ်။ ဒါပေမဲ့ ကျွန်တော် သူမနဲ့ လမ်းမခွဲခဲ့ပါဘူး။ အဲဒီလို ဇာတ်ဝင်ခန်းတွေဟာ ဂိမ်းတစ်ခုလို ဖြစ်လာခဲ့ပါတယ်။ ဒါပေမဲ့ ဂိမ်းတစ်ပွဲ ပြီးသွားတိုင်း ပြင်းထန်ပေါက်ကွဲတဲ့ လိင်ဆက်ဆံမှုနဲ့ အဆုံးသတ်ပါတယ်။ စိတ်ကစဉ့်ကလျား ဖြစ်မှုအလွန် လိင်မှုပြုခြင်းက ရတဲ့ ရက်စက်တဲ့ အရသာဟာ ကျွန်တော့်ကို တော်သင့်ပြီ ဆိုတာကနေ တားထားပါတယ်။ ပြီးတော့ သူမရဲ့လက်တွေအပေါ် ကျွန်တော့်ရဲ့ စွဲလမ်းတပ်မက်စိတ်ပေါ့။ စိတ်ကစဉ့်ကလျား ဖြစ်မယ့်ဘက် စိတ်ယိမ်းတဲ့ မိန်းမသုံး၊ လေးယောက်နဲ့ ကျွန်တော် အရင်က ဒိတ်ခဲ့ဖူးပါတယ်။ ဒါပေမဲ့ အကာဂါဝါမီကို တစ်ယောက်တည်းသာ သူမရဲ့ ဒေါသူပုန် ပေါက်ကွဲမှုတွေကနေ ရင်သည်းတဖိုဖို လိင်မှုအရသာဆီကို မလွှဲမရှောင်နိုင်အောင် ဦးတည်စေနိုင်ပါတယ်။ ကျွန်တော့်ကို ရန်ရှာတတ်တာဟာ နှုးနှပ်တဲ့ ဓလေ့တစ်ခုလေလားလို့ ကျွန်တော် အကြိမ်ပေါင်းများစွာ တွေးမိပါတယ်။ ကျွန်တော့်ကို အမိုက်ရိုင်းဆုံး စကားလုံးတွေနဲ့ အချိန်အကြာကြီး နှိပ်စက်၊ မျက်ရည်တွေ ကြားကနေ အော်ဟစ်နေပြီးနောက် သူမဟာ ရုတ်တရက် နာခံကျိုးနွံသွားတတ်ပြီး ခွင့်လွှတ်ဖို့၊ ထားမသွားခဲ့ဖို့ တောင်းပန်လေ့ ရှိပြန်တယ်။ တစ်ခါက သူမဟာ စတော်ကင်ကို သူ့လည်ပင်းမှာ တင်းတင်းကျပ်ကျပ် ချည်ပြီး သွားတဲ့အချိန်မှာ သူ့ဘာသာသူ ဆောင့်ဆွဲပြီး ကျွန်တော့်ကို ခြောက်လှန့်ခဲ့ပါသေးတယ်။

ကျွန်တော် ကြောက်လန့်သွားခဲ့တယ်။ ဒါပေမဲ့ အဲဒါဟာ ကျွန်တော် ရခဲ့ဖူးသမျှ မယုံကြည်နိုင်လောက် အဖြစ်ရဆုံး လိင်မှုပဲ ဖြစ်ပါတယ်။

ဒီအန္တရာယ်ရှိတဲ့ ကစားနည်းကို ထပ်ပြန်တလဲလဲ အတူတူ ကစားလာခဲ့ရင်း ကျွန်တော်တို့ အတူရှိခဲ့တာ သုံးနှစ်ရှိပါပြီ။ ဒါပေမဲ့ အစောပိုင်းကတည်းက သူမကို ယူဖို့ လေးလေးနက်နက် စဉ်းစားတာကို ရပ်တန့်ခဲ့ပါတယ်။ ဒီလို မိန်းမတစ်ယောက်ကို ယူလိုက်ရင် ကျွန်တော် အလုပ်လုပ်လို့ ဘယ်လိုမှ ဖြစ်နိုင်မှာ မဟုတ်ပါဘူး။ ကျွန်တော့်ရဲ့ တွန့်ဆုတ်နေတဲ့ ခြေထောက်က သူမကိုပဲ ခလုတ်သွားသွား တိုက်နေတာလည်း အကြိမ်ကြိမ်ပါပဲ။ ဘာကြောင့် လက်မထပ်သေးတာလဲလို့ သူမ မေးရင် ကျွန်တော်က အချိန်မကျသေးဘူးလို့ပဲ ပြန်ဖြေပါတယ်။

အဲဒီအချိန်မှာ သူမဟာ စိတ်ခံစားမှု မုန်တိုင်းကြီး တိုက်ပါတော့တယ်။ မုန်တိုင်း ငြိမ်သွားချိန်ရောက်တော့ ကျွန်တော် သူမကို ခေါင်းထဲကနေ ဦးနှောက်တွေ ထွက်သွားလောက်တဲ့အထိ လုပ်ပါတော့တယ်။ ဒီလိုပုံစံကို ကျွန်တော် သဘောကျတာ ဝန်ခံပါတယ်။ ဒါပေမဲ့ ယူဖို့ဆိုတာက ဘယ်လိုမှ မဖြစ်နိုင်ပါဘူး။ ဒီအတောအတွင်းမှာ သူမဟာ အတွင်းပိုင်းထဲမှာ ဘယ်လောက်တောင် နက်နက်ရှိုင်းရှိုင်း နာကျင်နေလဲ ဆိုတာကို ကျွန်တော် သတိမထားခဲ့မိပါဘူး။ ကျွန်တော်တို့ ပထမဆုံး ရန်ဖြစ်တဲ့ ညမှာ ပေါက်လာခဲ့တဲ့ ကပ်ဆိုးရဲ့ အညှောက်ဟာ တိတ်တဆိတ်နဲ့ ဖူးရောင်စွင့်ကားနေဆဲပါပဲ။

⁂

စနေနေ့လယ်ခင်းမှာ သူမ ကျွန်တော့်ကို ဗုံးကြဲချလိုက်ပါတယ်။ အညှောက်ဟာ ရုတ်တရက် ပန်းပွင့်အဖြစ် ကူးပြောင်းလို့ သွားခဲ့ပြီ။

“ဆာကူရိုင်းစံ၊ ကျွန်မ ရှင့်ကို ထပ်မတွေ့တော့ဘူး”

စိတ်ခံစားချက် ကြီးကြီးမားမား မပါဘူး။ ဘာ့ကြောင့် ဒီလိုဖြစ်ရတာလဲ ဆိုတာ ကျွန်တော် လုံးဝ မစဉ်းစားနိုင်ပေမယ့် ကျွန်တော် တော်တော်လေး တုန်လှုပ်စ ပြုနေပါပြီ။ သူမ ကျွန်တော့်ကို ဟိုးအစောပိုင်းတုန်းကလို “ဆာကူရိုင်းစံ” လို့ မခေါ်တော့တာ အနည်းဆုံးတော့ သုံးနှစ်လောက် ရှိပါပြီ။

“အလုပ်ထဲမှာ တစ်ခုခု ဖြစ်လို့များလား” ကျွန်တော် မေးလိုက်တယ်။

အလုပ်အကြောင်းကို သူမ တော်တော်ပြောခဲ့ပါတယ်။ မဂ္ဂဇင်းအလုပ်ကနေ ထွက်လိုက်ပြီးတဲ့နောက် သူမဟာ ခရီးသွားအေဂျင်စီ အကြီးစားတစ်ခုရဲ့ စျေးကွက်ရှာဖွေရေးဌာနမှာ အလုပ်စလုပ်ခဲ့ပါတယ်။ သူမ ခေါင်းကို ခါပါတယ်။

“မဟုတ်ဘူး၊ အဲဒီလို မဟုတ်ဘူး” လို့ သူမ ပြောပြီးတော့ ရယ်တယ်။ မေးခွန်းက အူကြောင်ကြောင် နိုင်နေတဲ့ ပုံစံနဲ့။

ဒါနဲ့ပတ်သက်ပြီး ကျွန်တော် မကောင်းတဲ့ အရိပ်အငွေ့ ရနေပေမယ့် ကျွန်တော် ခန့်မှန်းနိုင်တာထက် အဆပေါင်းများစွာ ပိုမိုဆိုးရွားလို့ နေပါတယ်။

“ပြီးခဲ့တဲ့ နှစ်တုန်းက ကျွန်မ အလုပ်ကိစ္စနဲ့ ခရီးသွားရမယ်၊ နှစ်ပတ်လောက် တွေ့နိုင်မှာ မဟုတ်ဘူးလို့ ပြောခဲ့တယ်လေ၊ အမှန်တကယ်က အလုပ်နဲ့ ဘာမှ မဆိုင်ပါဘူး၊ အကနဲ့ပဲ ဆိုင်တယ်”

“အက ဟုတ်လား”

“ကျူးဘားအက၊ ရှင် လုံးဝမသိတဲ့ ကျွန်မဘဝရဲ့ အသေးစား လျှို့ဝှက်ချက်အဖြစ် ထားထားရတာကို သဘောကျလို့ ဘယ်သူ့ကိုမှ မပြောပြခဲ့ဘူး၊ ဒါပေမဲ့ အဲဒီ ကျူးဘားအကအဖွဲ့ နောက်ကို တကောက်ကောက် လိုက်ပြီး ကြည့်ဖြစ်ခဲ့မိတယ်၊ ကျွန်မ ရှင့်ကိုပါခေါ်ပြီး အဲဒီ အကအဖွဲ့ကို ကြည့်စေချင်စိတ် ဖြစ်ခဲ့မိတယ်၊ ဒါပေမဲ့ သူတို့နဲ့ ကျွန်မ သင်ခန်းစာတွေ စသင်ဖြစ်ခဲ့တယ်၊ အဲဒီထဲက အကသမား တစ်ယောက်နဲ့ ကျွန်မ ဖြစ်ခဲ့တယ်”

“ကျူးဘားကောင် ဟုတ်လား”

“ကျူးဘားအက ဆိုတော့ ဟုတ်တာပေါ့၊ သူက လူဖြူသွေး တစ်ဝက်၊ လူမည်းသွေး တစ်ဝက်၊ ကျွန်မထက် နှစ်နှစ် ငယ်တယ်”

“မင်း သူနဲ့ အိပ်ခဲ့လား”

“ကျွန်မ ပြောပြီးသားလေ၊ သူနဲ့ ဖြစ်နေပါတယ်လို့၊ ကျွန်မ ပိုက်ဆံတွေ စုထားခဲ့တယ်၊ ပိုက်ဆံစုတာကလည်း ခက်မှ မခက်ပဲ၊ ရှင်ပဲ ကျွန်မလိုတဲ့ ပစ္စည်းတွေ၊ အစားအသောက်တွေ ဝယ်ပေးနေတာပဲလေ၊ ကျွန်မ သူ့ကို နှစ်ခေါက်လောက် ဂျပန်ကို ပြန်ခေါ်ခဲ့ဖူးပြီးပြီ၊ ကျွန်မ သူ့ကို လက်ထပ်ဖို့ စီစဉ်နေတယ်၊ အဲဒါကြောင့် ရှင့်ကို ဆက်မတွေ့နိုင်တော့ဘူးလို့ ပြောတာ”

“ဟာ၊ ခဏနေပါဦး”

“ကျွန်မ ဆုံးဖြတ်ပြီးပြီ”

ကျွန်တော် သူမကို ပြန်စဉ်းစားဖို့ ပြောမလို့ အကြောင်းပြချက် ပေးနိုင်အောင် ကြိုးစားနေတုန်းမှာ ကျွန်တော့် အသံက တုန်ယင်နေပါတယ်။ ကျွန်တော် သူမကို အခုချက်ချင်း လက်ထပ်ကြမယ်လို့တောင် ပြောဖြစ်ခဲ့တယ်။ သူမက ကျွန်တော့်ကို ဝမ်းနည်းစွာ ပြုံးပြပြီး ခေါင်းခါတယ်။

“ပြီးသွားပါပြီ” လို့ သူမ ပြောတယ်။ အဲဒါပါပဲ။ သူမ ထွက်သွားတယ်။

ကျွန်တော် တစ်နှစ်ကျော်လောက် ခံစားလိုက်ရပါတယ်။ ပထမလမှာ ကျွန်တော် သူမဆီကို နေ့တိုင်းနီးပါး ဖုန်းဆက်ဖြစ်ခဲ့တယ်။ အမြဲတမ်းလည်း အလိုအလျောက် ဖြေကြားစက်နဲ့ပဲ ကြုံတယ်။ သူမ ဘယ်တော့မှ ဖုန်းမကိုင်သလို ဘယ်တော့မှလည်း ပြန်မဆက်ပါဘူး။ ကျွန်တော် ပုံပျက်ပန်းပျက် ဖြစ်လာတယ်။ ဒါပေမဲ့ သူမနဲ့ မတွေ့ခင်တုန်းကလို ဖြစ်သလိုနေ၊ စိတ်အလိုလိုက်တဲ့ ပုံစံမျိုးတော့ ပြန်နေချင်စိတ် မရှိပါဘူး။ စိတ်ဖြေဖျောက်နိုင်အောင် ကျွန်တော် အလုပ်ပိုလုပ်လာပါတယ်။ ထင်တာတခြား၊ ဖြစ်တာတခြား ကတော့ ဒါရိုက်တာ တစ်ယောက် အနေနဲ့ ကျွန်တော့် ဂုဏ်သတင်းက ပို ကြီးမားလာခဲ့တယ်။ ဒါပေမဲ့ သတင်းတွေထဲမှာ ကျူးဘား ဆိုတဲ့ နာမည်ကို တွေ့လိုက်တိုင်း ကျွန်တော့်နှလုံးသားထဲ စိုက်နေတဲ့ ဓားတစ်စင်းလို ဖြစ်ရတယ်။ ကျွန်တော့်ကို တိမ်ညိုမှိုင်းတွေ အုံ့ဆိုင်းလို့ နေတယ်။ ကျွန်တော် သိတဲ့ ကျူးဘားတွေ ဆိုလို့ ဘောလီဘော ကစားသမားတွေပဲ ရှိပါတယ်။ ချောကလက်ရောင် ထနေတဲ့ ခန္ဓာကိုယ်တွေနဲ့ တစ်သွေးတစ်မွေး ဖြစ်နေတဲ့ ကောင်တွေကို မြင်တိုင်း ကျွန်တော့်မှာ ရှုံးနိမ့်မှုကို ခံစားရရှိစေတယ်။ ညတိုင်း မအိပ်ခင် အဲဒီလိုပုံစံနဲ့ ကောင်တစ်ကောင်က မီကိုရဲ့ ခန္ဓာကိုယ်ကို ရစ်ပတ်နေတာကို မြင်ယောင်လေ့ ရှိတယ်။ ရှည်လျားတဲ့ မည်းနက်တဲ့ လိင်တံက သူမရဲ့ ပါးစပ်ထဲ၊ ဒါမှမဟုတ် အဖုတ်ထဲ၊ ဒါမှမဟုတ် ပိုဆိုးတာက သူမရဲ့ လက်တွေထဲ ထိုးသွင်းနေတာကို ကျွန်တော် မြင်ယောင်မိတယ်။ ဒါပေမဲ့လည်း စိတ်သက်သာရာရဖို့ အရက်၊ ဒါမှမဟုတ် အလွယ်ရတဲ့ မိန်းမတွေနောက် မလိုက်တာ ပိုကောင်းတယ် ဆိုတာကို ကျွန်တော် သိနေပါတယ်။ ကျွန်တော့်အလုပ်က အရမ်းကောင်းနေတယ်။ ရုပ်ရှင်ကားအသစ်အတွက် ကြိုတင် လုပ်စရာရှိတာတွေကလည်း ချောချောမွေ့မွေ့ ဖြစ်လို့နေတယ်။ နောက်ဆုံးမှာ စိတ်ပျက်

လက်မှိုင်ချရမှု တွင်းနက်ကြီးကနေ ကိုယ့်ကိုယ်ကိုယ် လွတ်မြောက်အောင် လုပ်လိုက်နိုင်ချိန်မှာ ကျွန်တော်ဟာ မျက်လုံးတွေ မှိတ်လိုက်ချိန်မှာ သူမရဲ့ လက်တွေ၊ ဒါမှမဟုတ် တခြားမိန်းမတွေရဲ့ သိပ်မလှတဲ့ လက်ချောင်းတွေကိုရော ကျွန်တော် ထပ်မမြင်တော့ပါဘူး။ ကျူးဘား အကအဖွဲ့တစ်ဖွဲ့ ဂျပန်ကို လာမယ်လို့ ကျွန်တော် ကြားပါတယ်။ စိတ်ထဲမှာ စိုးရိမ်ပူပန်မှုတွေနဲ့ အကြိမ်အနည်းငယ် လွန်ဆွဲပြီးနောက် တစ်ယောက်တည်း တစ်ပွဲတော့ သွားကြည့်မယ်လို့ ကျွန်တော် ဆုံးဖြတ်လိုက်ပါတယ်။ ပထမတော့ အဲဒီမှာ မီကိုနဲ့ ဆုံမိမှာကို ကျွန်တော် ကြောက်မိပါသေးတယ်။ ဒါပေမဲ့ ပွဲစတော့ ကျွန်တော် သူမကို လုံးဝ မေ့သွားပါတယ်။ တကယ်လည်း အကက လက်ဖျားခါလောက်အောင် ကောင်းပါတယ်။ ရစ်သမ်၊ ပါကပ်ရှင်း တူရိယာမျိုးစုံရဲ့ အသံအနိမ့် ပေါင်းစပ်မှုတွေက စွမ်းအားကြီးလွန်းလှပါတယ်။

အဲဒီညကစလို့ ကျွန်တော်ဟာ ကျွမ်းကျင်တဲ့ သူငယ်ချင်းဟောင်း တစ်ယောက်ရဲ့ အကူအညီနဲ့ ကျူးဘားဂီတကို စနားထောင်လာပြီး ပိုသိအောင် လုပ်ခဲ့တယ်။ ကျူးဘားဂီတကို အလျှော့ပေးလိုက်တဲ့ ကျွန်တော့်ရဲ့ စွမ်းဆောင်ရည်ဟာ ကျွန်တော် ပြန်လည် သက်သာကောင်းမွန် လာဖို့အတွက် ဂိတ်တံခါးပေါက် တစ်ခု ဖြစ်လာခဲ့ပါတယ်။ ထူးဆန်းပါတယ်။ နာကျင်မှုကို အမှတ်ရစရာ ဖြစ်ရမယ့် အစားပေါ့။ ကျူးဘားဂီတက အာကာဂါဝါမီကိုနဲ့ ပတ်သက်ပြီး ထိုးဖောက်ဝင်ရောက်၊ စွဲလမ်းတဲ့ အတွေးတွေကို လျော့ကျအောင် ကူညီပေးပါတယ်။

※※※

တစ်နေ့မှာတော့ ရုတ်တရက် သူမ ကျွန်တော့်ဆီကို ဖုန်းဆက်လာချိန်မှာ သူမနဲ့ ကျွန်တော် မတွေ့တာ၊ စကားမပြောတာ အချိန်တစ်နှစ်ခွဲ ရှိနေပါပြီ။

“အခုလို ဖုန်းဆက်လိုက်တာကို တောင်းပန်ပါတယ်”

ကျွန်တော် ဖုန်းချလိုက်ဖို့ တွေးပေမယ့် မချနိုင်ခဲ့ပါဘူး။

“တစ်မိနစ်လောက် စကားပြောလို့ ရမလားရှင်”

“ရှင်နဲ့ နောက်ဆုံး တွေ့ပြီးကတည်းက ကျွန်မ မျိုးစုံကြုံတွေ့ခဲ့ရပါတယ်” လို့ သူမ ပြောပါတယ်။

ကျွန်တော် ဘာမှ မပြောဘူး။ ပြောစရာလည်း ဘာမှ မရှိဘူးလေ။

“ဟယ်လို”

“ငါ့ရဲ့ စနစ်ထဲကနေ မင်းကို မထုတ်ရသေးဘူး၊ မီကို”

“အို... အဲဒီလို.ကြားရတဲ့အတွက် ကျွန်မ ဝမ်းသာတာ အဆင်ပြေလား”

“မင်း ဘာလိုချင်တာလဲ”

“ကျူးဘားကောင်နဲ့ အဆင်မပြေပါဘူး၊ ရှင်နဲ့ ကျွန်မ အစကနေ ပြန်တွေ့ဖို့ ဖြစ်နိုင်မလားရှင်”

“မကြောင်စမ်းပါနဲ့”

“နိုးလို့ ပြောတာလား”

“အသေအချာ နိုးပါ”

“ကျွန်မ ရှင့်ကို အပြစ်မတင်ပါဘူး၊ ဒီလိုလုပ်ခဲ့ပြီးတဲ့နောက် ဘယ်သူကများ လိုချင်မှာလဲ၊ ရှင်သိတဲ့ အတိုင်းပဲ ကျူးဘားတွေဟာ စိတ်ရော၊ ကိုယ်ပါကြုံခိုင်ကြတယ်၊ ကျွန်မလို သူရဲဘောကြောင်သူ တစ်ယောက်အတွက် အခွင့်အရေး တစ်ချက်တောင် မရှိပါဘူး၊ ကျွန်မ သူ့ကို ချစ်နေတုန်းပဲ၊ အားနာပါရဲ့၊ ဒါပေမဲ့ ဘာသာစကား ပြဿနာရှိတယ်၊ ကျူးဘားက အရမ်းဝေးတယ်၊ ရောက်ဖို့ ဝေးလွန်းတယ်”

သူမ အသံက မျက်ရည်ကျနေပုံပဲ။

“သူ ထွက်သွားပြီးနောက် ကျွန်မ နောက်ထပ်ဆုံတဲ့ ကောင်လေး တစ်ယောက်နဲ့ ထပ်ဖြစ်တယ်၊ တကယ့်ကို စိတ်ထားကောင်းတဲ့ ကောင်လေးပါ၊ ကျွန်မ သူနဲ့အတူ ကျူးဘားကို လိုက်သွားမလို့ပဲ၊ ဒါပေမဲ့ ကျွန်မ ကြောက်ပြီးနောက်ဆုတ်လိုက်တယ်၊ ကျွန်မ ဘယ်လောက် ပျော့ညံ့လဲဆိုတာ ဘယ်တုန်းကမှ နားမလည်ခဲ့ဘူး၊ ကျွန်မ လက်မှတ်လည်း ဝယ်ပြီးပြီ၊ အားလုံး အဆင်သင့်ပဲ၊ သူနဲ့ နာရီတာလေဆိပ်မှာ ဆုံမလို့ပါပဲ၊ ဒါပေမဲ့ ကျွန်မ သူ့ကို ချိန်းပြီး သွားမတွေ့ဘူး၊ ကျွန်မဟာ ဒီကမ္ဘာမှာ ပေါကြောင်ကြောင် အနိုင်ဆုံး မိန်းမပါပဲ”

သူမ ခေတ္တ တိတ်ဆိတ်သွားတယ်။ ကျွန်တော်ရောပဲ။ ပြီးတဲ့နောက်

“ဆာကူရိုင်းစံ၊ ရှင်... ဆာကူရိုင်းစံ...”

“ဘာလဲ”

“ရှင် ကျွန်မကို သင်ပေးခဲ့တာ ရှိတယ်၊ ကျွန်မ သေသေချာချာတော့ မ ပြောတတ်ဘူး၊ ဒါပေမဲ့ ရှင် ကျွန်မကို သင်ပေးခဲ့တာပါ၊ ကိုယ့်ကိုယ်ကိုယ် ဘယ်လို ယုံကြည်မှုရှိရမလဲ ဆိုတာလို့ ထင်တယ်၊ ကျွန်မ အဲဒါကို ကြိုးစားနေ တယ်၊ ကျွန်မရဲ့ နှလုံးသားနောက်လိုက်ဖို့ ကျွန်မ အကောင်းဆုံး ကြိုးစားခဲ့ပေ မယ့် နောက်ဆုံးမှာတော့ အရာအားလုံးကို ဆုံးရှုံးခဲ့ရတာပါပဲ”

အဲဒီအတွက်လည်း ကျွန်တော့်မှာ ပြောစရာ ဘာမှ မရှိပါဘူး။

“ရှင် သိပါတယ်... ကျွန်မ ရှင်နဲ့ တွေ့ပြီးကတည်းက နေ့တိုင်း၊ မနက် တိုင်း ကျွန်မ အိပ်ရာထတာနဲ့၊ နေ့လယ်စာ နားချိန်ရောက်တာနဲ့၊ အိပ်ရာမဝင် ခင်တွေမှာ ကျွန်မ...”

“ဘာလဲ”

“ကျွန်မရဲ့ လက်တွေကိုပဲ ဂရုစိုက်လို့ နေခဲ့တယ်၊ လိုးရှင်းတွေနဲ့ လိုအပ် တာတွေ လိမ်းနေခဲ့တယ်”

ပုံစံမျိုးစုံ၊ နောက်ခံမျိုးစုံနဲ့ အဲဒီလက်တွေရဲ့ ပုံရိပ်တွေဟာ ကျွန်တော့်ရဲ့ စိတ်ထဲ တဖျပ်ဖျပ် လက်လို့သွားတယ်။

“ရယ်ဖို့ ကောင်းတယ်နော်၊ ဘယ်လိုအရူးလဲ မသိဘူး”

သူမ တိတ်ဆိတ်လို့ သွားပြန်တယ်။ ကျွန်တော် တစ်ခုခု ပြောသင့်တယ် လို့ ခံစားမိတယ်။

“နောက်ပိုင်း ကျူးဘားဂီတ နားထောင်ဖြစ်တယ်”

“ဟုတ်လား” သူမ အသံက ပျော်သွားပုံပဲ၊ အရယ်တစ်ပိုင်းနဲ့ ပြောနေ တယ်။

“တော်တော်ကောင်းတဲ့ ဂီတပါပဲ” လို့ ကျွန်တော် ပြောလိုက်တယ်။ ”

“ဂျေဗီယာအိုမိုကို ကြားဖူးလား”

“မကြားဖူးဘူး၊ အဆိုတော်လား”

“ဟုတ်တယ်၊ ကျွန်မလည်း တစ်ခါမှ မကြားဖူးခဲ့ပါဘူး၊ ကျွန်မနဲ့ တွဲခဲ့တဲ့ ကောင်လေးက တိပ်ခွေပေးခဲ့တဲ့ အထိပေါ့”

“ရှာကြည့်လိုက်မယ်”

“သူမထွက်ခွာ ဆိုတဲ့ နာမည်နဲ့ သီချင်းတစ်ပုဒ် သူ ဆိုတယ်၊ ကောင်မလေး ထွက်ခွာသွားပြီပေါ့၊ ကျွန်မ အဲဒီ သီချင်းကို နားထောင်မိတိုင်း လက်အိတ်ကိုပဲ တွေးမိတယ်”

“လက်အိတ် ဟုတ်လား”

“ရှင် ကျွန်မကို တစ်ခါ ဝယ်ပေးခဲ့ဖူးတဲ့ ဖဲသားလက်အိတ်လေ”

“အို... မင်း မှတ်မိလိမ့်မယ်လို့တောင် မထင်ဘူး”

“ကျွန်မ ဘယ်လို မေ့နိုင်မှာလဲ”

သူမ စကားထပ်မပြောခင် ငြိမ်သွားပြန်တယ်။

“နောက်တော့ ကျူးဘားကို သွားဖို့ ကျွန်မ စီစဉ်နေတုန်းပဲ၊ ကျွန်မ သွားရဲတဲ့ သတ္တိရတာနဲ့ သွားမှာ။ ဒီတစ်ကြိမ်တော့ ဆင်းရဲတဲ့ ကောလိပ်ကျောင်းသားတွေဆီက အကူအညီ မတောင်းတော့ဘူး၊ ကျွန်မ သွားမယ့် အချိန်ကျရင် ရှင့်ဆီကို ဖုန်းထပ်ဆက်လို့ ရမလား”

“ရတယ်၊ ဂျေဗီယာဘယ်သူ ဆိုတဲ့ သူရဲ့ သီချင်းနားထောင်လိုက်မယ်။ ‘သူမ ထွက်ခွာ’ ဆိုတာ မဟုတ်လား”

“ကျေးဇူးပဲ” လို့ သူမ ပြောတယ်။ ကျွန်တော်တို့ ဖုန်းချလိုက်တယ်။

အဲဒီ ဖုန်းပြောပြီးတဲ့နောက် လအနည်းငယ် ကြာသွားခဲ့တယ်။ သူမ သွားနေပြီ ဆိုတဲ့အကြောင်း ဖုန်းထပ်မလာသေးဘူး။

အခုဆိုရင် ဂျေဗီယာအိုမိုရဲ့ ‘သူမ ထွက်ခွာ’ ဆိုတဲ့ သီချင်းကို ကျွန်တော် အကြိမ်ပေါင်းများစွာ နားထောင်ပြီးပါပြီ။ သီချင်းက လှပပြီး ရိုးရိုးရှင်းရှင်းလေး

ပါပဲ။ အဲဒီသီချင်းကို နားထောင်တိုင်း ကျွန်တော့် လည်မျိုကို ညှစ်ပြီးမှ လွတ်မြောက်ခြင်းရဲ့ ထူးဆန်းတဲ့ ခံစားမှုကို ပေးပြီး ချန်ထားခဲ့တာချည်းပဲ။ ကျွန်တော့်ကို ဖဲသားလက်အိတ်ကို တကယ် သတိရစေတဲ့ တစ်စုံတစ်ရာ သူ့အသံထဲမှာ ပါနေပါတယ်။ အတိတ်ကို နောက်ပြန်ဆုတ်လိုက်ရင် ကမ္ဘာ့အလှပဆုံး လက်တွေကို ပေါ်လာတယ်။ ဆန်းပြားတဲ့ ချည်ထိုးဒီဇိုင်းနဲ့ အပြာဖျော့ရောင် ဖဲသားလက်အိတ်တွေလေ...။

❑

(Se Fué by Ryū Murakami)

ငါ့ရဲ့ အရာရာ

“နေစမ်းပါဦး၊ ငါက ဆာကူရိုင်းရဲ့ သူငယ်ချင်း၊ နင့်သူငယ်ချင်း မဟုတ်ဘူး၊ တစ်မိနစ်လောက် စဉ်းစားကြည့်လိုက်ပါဦး”

ကျွန်တော့်ရှေ့မှာ ထိုင်နေတဲ့ ခပ်ရိုးရိုးရှင်းရှင်း မိန်းမတစ်ယောက် ဖြစ်တဲ့ အာကာဂါဝါမီကိုဟာ ခုလိုပြောလိုက်မှ ခေါင်းညွှတ်သွားပါတယ်။ အမှတ်မမှားဘူးဆိုရင် သူ့ကို မီကိုလို့ ခေါ်ကြတယ်။ ဆာကူရိုင်း ယိုအိချိုနဲ့ ကျွန်တော်ဟာ အထက်တန်းကျောင်း ကတည်းက အတန်းဖော် သူငယ်ချင်းတွေ ဖြစ်ခဲ့ကြတာပါ။ ကျွန်တော်တို့ တက္ကသိုလ်တက်တော့လည်း အတူတူပဲ။ ကျောင်းပြီးတော့လည်း တိုင်ပင်စီစဉ်ထားခြင်း မရှိပါဘဲနဲ့ ကျွန်တော်တို့နှစ်ယောက် ကြော်ငြာအေဂျင်စီတွေမှာ အလုပ်လုပ်ဖြစ် သွားကြတယ်။

သူက ဥဏ္ဍာကောင်းပြီး ပါရမီပါတာကြောင့် မကြာခင်မှာပဲ ဂျပန်နိုင်ငံရဲ့ ဒုတိယအကြီးဆုံး အေဂျင်စီရဲ့ ဖန်တီးမှုဌာနမှာ တစ်နေရာရတယ်။ ကျွန်တော်ကတော့ ဂျပန်ရဲ့အကြီးဆုံး အေဂျင်စီရဲ့ စွေးကွက်ရှာဖွေရေး ဌာနမှာ အလုပ်ရတယ်။ ကျွန်တော် အလုပ်ရတာကတော့ ကျွန်တော့်အဖေရဲ့ အဆက်အသွယ်ကြောင့်ပါ။ အဖေ သေတာ လေးနှစ်တောင် ရှိခဲ့ပါပြီ။ ကျွန်တော့်အဖေက တီဗွီလောကမှာ ထိပ်သီးတစ်ယောက်ပါပဲ။ ကျွန်တော့် အမေကတော့ အသွေးအသားထဲ၊ ရိုးတွင်းချဉ်ဆီအထိကို ‘ဂျပန်တော်ဝင် မင်းသမီး’ ပုံစံမျိုးပါ။ ကျွန်တော်ဟာ အမေ အလိုလိုက်လွန်းလို့ ပျက်စီးခဲ့ရပြီး လူရှုပ်လူပွေ၊ ရေပေါ်ဆီ တစ်ယောက်အနေနဲ့ ကြီးပြင်းခဲ့သူ တစ်ယောက်ပေါ့။

ကျွန်တော်နဲ့ မတူတာက ဆာကူရိုင်းယိုအိချိုဟာ အရာရာကို အလေးအနက် ထားလွန်းတဲ့ လူပါ။ သူဟာ အေဂျင်စီကနေ ထွက်ပြီးတော့ ရုပ်ရှင်ဒါရိုက်တာ တစ်ယောက်အနေနဲ့ ကိုယ်ပိုင် ရုပ်တည်ခဲ့ပါတယ်။ အချိန်တိုအတွင်းမှာပဲ မနာလိုပဲ၊ မနေနိုင်လောက်တဲ့ အောင်မြင်မှုမျိုးကို ရရှိခဲ့ပါတယ်။ ဒါပေမဲ့လည်း သူဟာ မိန်းမနဲ့ ပတ်သက်ရင် ဘယ်တော့မှ ကံမကောင်းတတ်တဲ့ လူတစ်ယောက်ပါပဲ။ မိန်းမနဲ့ ပတ်သက်ရင် သူ့ရဲ့အကြိုက်ကို မေးခွန်းထုတ်စရာ ရှိပါတယ်။ ဥပမာအားဖြင့် ဟောဒီ အာကာဂါဝါမီကို ဆိုတဲ့ မိန်းမကိုပဲ သူ ဘာကြည့်ပြီးများ ကြိုက်လဲဆိုတာ ကျွန်တော်ဖြင့် တွေးကြည့်လို့တောင် မရဘူး။ ဒီ

နှစ်တွေအတွင်း သူ့ရဲ့ ရည်းစား မိန်းမ တော်တော်များများကို ကျွန်တော် တွေ့ခဲ့ဖူးပါတယ်။ ဒါပေမဲ့ တစ်ယောက်မှ စာဖွဲ့လောက်စရာကို မရှိဘူး။ သူတို့အားလုံးက မထင်မပေါ်၊ သူ့အမြင်အရ ဆိုရင်လည်း ဆွဲဆောင်မှုမရှိ၊ စိတ်ဝင်စားရလောက်အောင်လည်း မဟုတ်ဘူး။ သူ့ကောင်မလေးတွေကို မိတ်ဆက်ပေးတိုင်း သူဟာ ကျေနပ်နေတဲ့ ပုံစံမျိုးပါပဲ။ “သူက ဖက်ရှင်မော်ဒယ်လ် တစ်ယောက်ပါ” ၊ “သူက တယော ထိုးတယ်” ၊ “သူက ဘားတစ်ခုမှာ အလုပ်လုပ်နေတယ်၊ ဒါပေမဲ့ ဖလာမင်ကို (စပိန်ဂစ်တာ) သင်ယူနေတယ်”။ သူ့ကောင်မလေးတွေထဲမှာ သူနာပြုဆရာမ တစ်ယောက်လည်း ပါသေးတယ်။ စဉ်းစားသာကြည့်ပါတော့ဗျာ။ မြို့ထဲက နေရာတိုင်းမှာ အလွယ်တကူ တွေ့မြင်နိုင်တဲ့ မိန်းမအမျိုးအစားတွေချည်းပါပဲ။ ပိုးတုအသားလို ပေါ့ပေါ့ပါးပါးနဲ့ ချော်ထွက်နိုင်တဲ့ မိန်းမစားတွေပေါ့။ တစ်ချိန်က အလေးအနက် ထားလွန်းတတ်တဲ့ ယောကျ်ားတစ်ယောက်က လမ်းမှားထဲ ဝင်သွားတာနဲ့ ဘရိတ်က ရပ်လို့ မရတော့ဘူး။ ဒီလိုနဲ့ ဆာကူရိုင်းဟာ တတိယတန်းစား မင်းသမီးတစ်ယောက်နဲ့ ငြိစွန်းပါလေရော။ အဖိုးအခကတော့ သူ့အိမ်ထောင်ရေးကို ဆုံးရှုံးလိုက်ရတာပါပဲ။ သူ့မိန်းမကလည်း အလှဘုရင်မတော့ မဟုတ်ပါဘူး။ ဒါပေမဲ့ သူ့မိန်းမက သင့်တင့်လျောက်ပတ်တဲ့ အမျိုးတစ်ယောက်ပါ။

“ကျွန်မ မှားတာ ကျွန်မ သိပါတယ်” လို့ အာကာဂါဝါက ပြောတယ်။ “ဒါပေမဲ့ ကျူးဘားမှာ တကယ်နေခဲ့တဲ့ ဂျပန်လူမျိုးဆိုလို့ ရှင်တစ်ယောက်ပဲ ရှိပါတယ်”

ဒီအမျိုးသမီး ဆာကူရိုင်းနဲ့ တွဲနေတုန်းက ကျွန်တော် မကြာခဏ တွေ့ဖြစ်ခဲ့ပါတယ်။ ဒါပေမဲ့ နောက်ဆုံး တွေ့ဖြစ်ခဲ့တာတောင် အခုဆိုရင် နှစ်နှစ်လောက် ရှိပြီ ထင်တယ်။ သူတို့ ထပ်မတွဲကြတော့ဘူး။ ဒီအမျိုးသမီးက သူ့ကို ကျူးဘားကချေသည် တစ်ယောက်ကြောင့် ထားခဲ့တာ။ ဆာကူရိုင်း တော်တော် ခံစားလိုက်ရတယ်။ ခဏလောက်တော့ သူ ရူးခံနေခဲ့တယ်။ သူ ကျွန်တော့်ကို နေ့တိုင်းနီးပါး ဖုန်းဆက်တယ်။ သူ အဲဒီလောက် နာကျင်ခံစားနေရချိန်မှာ သူ့ကိုယ်သူ တစ်ခုခု လုပ်ဖြစ်သွားမှာကို ကျွန်တော် ကြောက်နေခဲ့တယ်။

ကျွန်တော် ကျူးဘားနဲ့ တော်တော်လေး ရင်းနှီးတာတော့ အမှန်ပါပဲ။ ကျွန်တော် ကျူးဘားနဲ့ ပတ်သက်တာက နှစ်တော်တော်ကြာကြာက စခဲ့တာပါ။ ကျွန်တော်တို့ အေဂျင်စီက နွေရာသီပွဲတော် တစ်ခုကို ပြုလုပ်ခဲ့ပါတယ်။

ကျွန်တော်က ဟာဗားနားက အဖွဲ့တစ်ဖွဲ့ကို သွားရောက်ရှာဖွေ၊ ခေါ်ယူဖို့ တာဝန်ကျခဲ့ပါတယ်။ အဲဒီအချိန်ကစလို့ ကျွန်တော် ကျူးဘားကျွန်းကို အကြိမ်ရေ တော်တော်များများ ရောက်ခဲ့ပါတယ်။ ကျွန်တော့်ရဲ့ စပိန်စကားပြော စွမ်းရည်က စုတ်ပြတ်နေပေမယ့်လည်း အဲဒီမှာ ကျွန်တော် မိတ်ဆွေ တော်တော်များများ ရခဲ့တယ်။ ကျွန်တော့် မိတ်ဆွေအများစုက အဆိုတော်တွေ၊ ဂီတသမားတွေပါ။ သူတို့တွေရဲ့ စီဒီတွေကို ဂျပန်စာတန်းထိုး ထုတ်လုပ်နိုင်အောင် ကျွန်တော် ကူညီခဲ့တယ်။ ဆိုတော့ ကျွန်တော် ကျူးဘားမှာ အချိန်တော်တော်များများ ကုန်ဆုံးခဲ့ရတာပေါ့။ ဒါပေမဲ့ ယောကျ်ားတစ်ယောက်ကို အသည်းဟက်တက် ကွဲအောင် ထားပစ်ခဲ့ပြီးတော့ အဲဒီမိန်းမက သူပစ်ခဲ့တဲ့ ယောကျ်ားရဲ့ အရင်းနှီးဆုံး သူငယ်ချင်းဆီကို အကြောင်းကြောင်းကြောင့် ရောက်လာခဲ့ပြီး ခရီးသွား အကြံဉာဏ်တောင်းတာ ဘယ်လို မိန်းမမျိုးလဲ။ အဖြေကတော့ တော်တော်လေး ဆိုးပါတယ်။ ကျွန်တော် ဆာကူရိုင်းရယ်၊ သူမရယ်နဲ့အတူ အရက်သောက်ကြတဲ့ အချိန်တွေမှာ ကျူးဘားအကြောင်း တစ်ကြိမ်လား၊ နှစ်ကြိမ်လား မသိဘူး ပြောဖြစ်ခဲ့တယ်လို့ ထင်တယ်။ ဒါပေမဲ့ အဲဒီအကြောင်း အများကြီး ပြောဖြစ်ခဲ့လားတော့ မသိဘူး။ အရက်သောက်နေရင်းနဲ့ ကျူးဘားအကြောင်း ထူးထူးခြားခြား ဘာတွေရှိလဲ ဆိုတာကို ပြောပြရင် ဘယ်သူမှ နားမလည်တတ်ကြပါဘူး။ ကျွန်တော်ကတော့ အထူးသဖြင့် ဂီတကို နှစ်ခြိုက်တယ်။ ကျူးဘားဂီတက ကလပ်စစ်ဂီတ၊ ဂျက်ဇ်ဂီတတို့လိုပဲ ယဉ်ကျေးခံ့ညားပြီး အားလုံးကို ဆွဲဆောင်မှု ရှိတယ်။ ဒါပေမဲ့ စကားလုံးတွေနဲ့ ဖော်ပြဖို့ မလွယ်ဘူး။

“ကျွန်မ ရဲတင်းလွန်းတာ ကျွန်မ သိပါတယ်၊ ဒါပေမဲ့ ကျွန်မ ရှင့်ရဲ့ အကြံဉာဏ်ကို လိုအပ်ပါတယ်၊ ဖုန်းနဲ့ ပြောရတာ အဆင်မပြေလို့ပါ”

သူမဟာ ရုံးအဆောက်အအုံ အကြီးကြီးတွေမှာ အစီအရီ မြင်တွေ့ရလေ့ရှိတဲ့ ရုံးဝန်ထမ်းအမျိုးသမီး ဖက်ရှင် ဝတ်ဆင်ထားပါတယ်။ သူမ အခက်အခဲတစ်ခု ကြုံနေတယ် ဆိုတာ မျက်နှာပေါ်မှာ အတိုင်းသား ပေါ်လွင်လို့ နေတယ်။ ဒါပေမဲ့ ဒီမိန်းမက ကျွန်တော့် သူငယ်ချင်းကောင်း တစ်ယောက်ကို စုတ်ပြတ်နေအောင် လုပ်ခဲ့တာကြောင့် ကျွန်တော် အူလှိုက်သည်းလှိုက် ရန်လိုစိတ် ဖြစ်လို့နေပါတယ်။ ကျွန်တော် သူမကို ကိုယ်ချင်းစာစိတ် ရှိမှာ မဟုတ်ပါဘူး။

“ရှင်းအောင် ပြောထားပါရစေ” လို့ ကျွန်တော် သူ့ကို ပြောလိုက်တယ်။ “နင် အခုလုပ်နေတာတွေက မသင့်တော်ဘူး၊ နင် ဘယ်လောက် အရေးတကြီး ဖြစ်နေလဲဆိုတာ ငါ မသိဘူး၊ စိတ်လည်း မဝင်စားဘူး၊ ဒါပေမဲ့ နင်က ငါ့ဆီက နေ သတင်းအချက်အလက် လိုချင်နေတယ်ပေါ့”

“ဟုတ်ပါတယ်” လို့ သူမက အသံသေးသေးလေးနဲ့ ပြောတယ်။

ဒီမိန်းမ ပုံစံက သူ စားနိုင်တာထက်ကို အများကြီး ပိုပြီး ကိုက်ထားသလို မျိုးပဲ။ ကျူးဘား ကချေသည်တွေဟာ ထူးခြားကွဲပြားပြီး အသက်ရှူမှား လောက်တဲ့ ကကွက်တွေနဲ့ ကမ္ဘာ့အဆင့်မီ အရည်အချင်းတွေ ရှိကြတာမို့ ဂျပန်မ တစ်ယောက်ဟာ ညွှတ်ခွေကျပြီး သူတို့ထဲက တစ်ယောက်ယောက်ရှေ့မှာ ဒူးသွားထောက်တာ မဆန်းလှပါဘူး။ နာမည်ကြီး ကချေသည်တွေ အပါအဝင် ကျူးဘား ကချေသည်တွေ အကုန်လုံးဟာ ဆင်းရဲကြပါတယ်။ အဲဒါကြောင့် အရူးအမူး စွဲလမ်းနေကြတဲ့ မိန်းမတွေက သူတို့ကို အစားအသောက်ကျွေး၊ အဝတ်အစားတွေနဲ့ လိုအပ်တာ ဝယ်ပေးရတာက သူတို့ရဲ့ ချစ်ခင်စွဲလမ်းမှုကို ပြသရာရောက်လို့ ကျေနပ်ကြတယ်။ ဒါပေမဲ့ ကျူးဘားတွေက မာနကြီးကြတယ်၊ မာကျောတယ်၊ ခေါင်းရှင်းတယ်။ စီးပွားရေးအရပဲ ဖြစ်ဖြစ်၊ လူမှုရေးအရပဲ ဖြစ်ဖြစ် သူတို့နဲ့ ဆက်ဆံမယ်ဆိုရင် အားအင် တော်တော် လိုအပ်ပါတယ်။ ဒီရုံးဝန်ထမ်း မိန်းမမှာ ရှိလောက်နိုင်တဲ့ အင်အားတွေထက် အများကြီး ပိုလိုတယ်။ အင်အား ဆိုတာက ဖြစ်ချင်တိုင်း ဖြစ်နိုင်တဲ့အရာ မဟုတ်သလို၊ ရည်ရွယ်ချက်ကောင်းတွေလည်း မဟုတ်ပါဘူး။ ဖြစ်ချင်တိုင်း ဖြစ်နိုင်တယ် ဆိုတာ ကလေးဆန်တဲ့ အပြန်အလှန် မှီခိုမှုဖြစ်ပြီးတော့ ဂျပန်ပြည်ပြင်ပ မှာတော့ အလုပ်မဖြစ်ပါဘူး။ အင်အားဆိုတာ လက်ဆုပ်လက်ကိုင် ပြလို့ရတဲ့ ရင်းမြစ်တွေလို့ အဓိပ္ပာယ်ရပါတယ်။ အထူးသဖြင့် ငွေကြေး၊ လူပုဂ္ဂိုလ် အဆက်အသွယ်များ၊ လွှမ်းမိုးမှု၊ စတိုင်တောင်မှ ပါလိုက်သေး။ အာကာဂါဝါဟာ စိတ်ကူးယဉ် အချစ်နဲ့ ဆော့ကစားနေတာပါ။ ဂျပန်အန်ကာ သီချင်းတွေထဲကလို ကိုယ့်အချစ်က ရိုးသားလွန်းတယ်၊ မင်း ကိုယ့်ဆီက ဘယ်လို ရှောင်ပုန်းမလဲ ဆိုတဲ့ ကမ္ဘာထဲမှာ နေထိုင်နေတာပါ။ ဘူမသိ၊ ကိုးမသိ လုပ်ချင်ရာ လုပ်နေတာလို့ပဲ ဆိုရမှာပေါ့။

“ငါ့သူငယ်ချင်း တစ်ယောက်ကို ငရဲကျနေသလို စုတ်ပြတ်အောင် လုပ်ခဲ့ပြီး ငါ့ဆီကို အကူအညီ လာတောင်းရအောင် နင်က ဘာလဲ”

“ငရဲကျနေသလို ဟုတ်လား”

“ဘယ်ဘက်ကို အပြစ်တင်ရမလဲ ဆိုတာ အရေးမကြီးဘူး၊ အပြုသဘော ဆောင် စဉ်းစားရင် ဒီလို ကိစ္စမျိုးတွေမှာ အနည်းနဲ့အများတော့ သူ့ဘက်၊ ကိုယ့် ဘက် မှားကြမှာပါပဲ၊ ဒါပေမဲ့ ပြောချင်တာကတော့ ငါက ဆာကူရိုင်းဘက်မှာ ရှိ တယ် ဆိုတာပဲ”

“သူ့အနေနဲ့ ကျွန်မလို တစ်ယောက် အစားထိုးရှာဖို့ ဆိုတာ ဘာမှ အခက်အခဲ မရှိတာ သေချာပါတယ်ရှင်”

“ခင်ဗျားဘာသာ ခင်ဗျား သွားပြောလေ၊ အဲဒီစကားက သူ့ခံစားချက်တွေ ကို စောက်ဂရုမစိုက်ချင်လို့ ပြောတဲ့ ဆင်ခြေသက်သက်ပဲ၊ အဲဒီအကြောင်း တော်လောက်ပြီ၊ ငါ့ဆီက အကြံတောင်းချင်တယ်လို့ နင် ပြောတယ်နော်၊ နင် လိုတာနော်၊ ငါ ဘယ်လို ခံစားရမလဲ ဆိုတာကို နင်က ဂရုမစိုက်ဘူး၊ နင်က နင့် အတွက်ပဲ နင် ကြည့်တယ်၊ အဲဒီလို မဟုတ်လား”

သူမ ခေါင်း ထပ်တလဲလဲ ညိတ်ပြီးတော့ ကျွန်တော့်ကို အံ့အားသင့် အောင် လုပ်နေပါတယ်။ မျက်လုံးတွေထဲမှာလည်း မျက်ရည်တွေနဲ့။ ဂျပန် မင်းသမီး မိခင်တစ်ယောက်ရဲ့ ပြုစုပျိုးထောင်မှုနဲ့ ကြီးပြင်းလာခဲ့ရတဲ့ ကျွန်တော်ဟာ အမျိုးသမီးတွေ မျက်ရည်လည်ရွဲ ငိုပွဲဆင်တာကို မြင်ရတာ စိတ် ထဲမှာ ဘယ်လိုမှ မသက်သာလှဘူး။ တစ်နည်းပြောရရင် ကျွန်တော်ဟာ မျက်ရည်ကျတာကို မမြင်ချင်တဲ့ ကောင်တစ်ကောင်ပေါ့။ ဆိုဖာတွေ၊ စားပွဲတွေ ကို အဆင်ပြေသလို ချထားတဲ့ ကျွန်တော့်ရုံးက ဧည့်ခန်းကောင်းတစ်ခုမှာ အခု လို ထိုင်နေချိန်မှာတော့ အဆင်မပြေလှဘူး။ လုပ်ဖော်ကိုင်ဖက်တွေ၊ ဝန်ထမ်း တွေ မြင်သွားရင် ဘာတွေ ဖြစ်နေတာလဲ ဆိုပြီး စပ်စုချင်ကြမှာပါပဲ။

ဌာနမှူး မူရာတက ဒီနေ့ဝမ်းနည်းနေပုံရတဲ့ မိန်းမတစ်ယောက်ကို ရုံး ဧည့်ခန်းထဲ ခေါ်လာခဲ့တယ်။

“မငိုလို့ ရမလား”

“တောင်းပန်ပါတယ်၊ ကျွန်မ အခု သွားပါတော့မယ်၊ မူရာတစံ၊ ကျွန်မ ဆာကူရိုင်းစံနဲ့ မူရာတစံတို့ နှစ်ယောက်လုံးကို တော်တော်ကြီးကို လေးစားတဲ့ အကြောင်းကိုတော့ ပြောခွင့်ပြုပါရှင်၊ ကျွန်မကို မရိုးသားဘူးလို့တော့

ကျေးဇူးပြု ပြီး မထင်ပါနဲ့ရှင်၊ ကျွန်မ အဲဒီလို ခံစားနေရလို့ပါ၊ ကျွန်မက လူကြီး မင်း ပြောသလိုပါပဲရှင်၊ တခြားသူတွေရဲ့ လိုအပ်ချက်တွေကို စိတ်ထဲ မရှိနိုင် လောက်အောင် ကိုယ့်ပြဿနာနဲ့ ကိုယ် ရှုပ်လွန်းနေပါတယ်၊ ကျွန်မကိုယ် ကျွန်မလည်း သိပါတယ်”

သွားတော့မယ်လို့ ပြောပြီး နေရာကမထဘဲ တညည်းညည်းတညူညူ လုပ်နေတုန်းပါပဲ။ ကျွန်တော်ပြောခဲ့တာတွေ အားလုံးက တကယ့် တိုက်ရိုက်ထိ တဲ့ အမှန်တွေချည်းပါပဲ။ ရုတ်တရက် မြင်တွေ့တဲ့လူ တစ်ယောက်ယောက် ကတော့ ကျွန်တော် ဒီမိန်းမကို အနိုင်ကျင့်နေတယ်လို့ ထင်မိကြမှာပဲ။ ကျွန်တော်က ရုပ်သံကြော်ငြာတွေနဲ့ ပတ်သက်လို့ အများစုကို တာဝန်ယူထားရ ပြီး ရိုက်ကူးရေးဌာနရဲ့ လက်ရှိခေါင်းဆောင် တစ်ယောက်ပါပဲ။ ကျွန်တော့်ရဲ့ ခပ်ကြမ်းကြမ်း ကိုင်တွယ် လုပ်ကိုင်တတ်ပုံကြောင့် ကျွန်တော်ဟာ ပိုမိုကြီးမား၊ ပိုခြိမ်းခြောက်နိုင်တဲ့ ထုတ်လုပ်ရေး ကုမ္ပဏီတွေနဲ့ ထိစပ်လုပ်ကိုင်ဖို့ အရည်အသွေး ပြည့်နေတာ ဖြစ်တယ်။ ပေါ့ပ်နာမည်ကျော်တွေကနေ ထိပ်တန်း ရော့ခ်ကာတွေအထိ ထိတ်ထိတ်ကြဲ နာမည်ကြီးတွေနဲ့ ပတ်သက်ရပါတယ်။ ပုံ မှန်ဆိုရင်တော့ ကျွန်တော်တို့ နယ်ပယ်မှာ အခုလို သာမန်ရိုးရိုးပုံစံ မိန်းမတစ် ယောက်ကို ဘယ်သူကမှ တစ်မျိုးထင်ကြမှာ မဟုတ်ပါဘူး။ ဒါပေမဲ့ မျက်နှာကို လက်ဝါးနဲ့ အုပ်နေတော့ ဘယ်လို ထင်ကြမလဲ ဘယ်သူက ပြောနိုင်မှာလဲ။ အခု တောင်မှ ကျွန်တော် ကြားနေရပါတယ်။ မူရာတကတော့ လုပ်ရည်ကိုင်ရည် မ ကောင်းတဲ့ ကောင်မလေးတချို့ကို စုတ်ပြတ်ထွက်သွားအောင် လုပ်လိုက်ပြန်ပြီ တဲ့။ ဒီနေရာမှာ ကျွန်တော်က “ကောင်းပြီ၊ ကျေးဇူးပြုပြီးတော့ ချက်ချင်း ထွက် သွား” လို့ ပြောသင့်ပေမယ့် ကျွန်တော် မပြောနိုင်ဘူး။ ကျွန်တော်က မွေးရာပါ သူများကို တွန်းအား ပေးတတ်သူပါ။ တီဗွီမှာ လာတဲ့ ရှေးဟောင်း ဆာမူရိုင်းဒ ရာမာ ရုပ်ရှင်တွေကို ကြည့်ရင်း လူဆိုးတွေက ဆင်းရဲသား တစ်ယောက်ယောက်ရဲ့ ဆွေမျိုးတွေကို သတ်ပစ်လိုက်တဲ့ အခန်း မလွဲမရှောင် သာ ပါလာခဲ့ရင် ကျွန်တော့်အမေဟာ မျက်ရည်တစမ်းစမ်းနဲ့ ဖြစ်တတ်ပါတယ်။ ကျွန်တော့် အမေက အဲဒီလို အမျိုးသမီးကြီးပါ။ အမေ့ရဲ့သွေးတွေ ကျွန်တော့် ကိုယ်ထဲမှာ စီးနေပါတယ်။

“ကောင်းပြီ၊ နင် ဘာသိချင်တာလဲ”

အာကာဂါဝါဟာ မျက်ရည်တွေ သုတ်လိုက်ပြီး ကျွန်တော့်ကို မော့ကြည့်ပါတယ်။ သူမရဲ့ မျက်တောင်ကော့ဆေးတွေက ရယ်စရာကောင်းလောက်အောင် ပြယ်သွားပြီဖြစ်လို့ ကျွန်တော် အဝေးကို ကြည့်နေရပါတယ်။ တစ်ချိန်တည်းမှာပဲ ဒီမိန်းမ ငါထင်တာထက်တောင် တော်တော်လေး ပိုမာကျောနေနိုင်တယ် ဆိုပြီး တွေးနေမိပါတယ်။ ဒီလို သပွတ်အူမိန်းမမျိုးနဲ့ ငြိတဲ့ ဆာကူရိုင်းဟာ အရူးတစ်ယောက်ပါပဲ။

“ကျူးဘားမှာ လက်ထပ်တဲ့အကြောင်း သိချင်လို့ပါ”

“လက်ထပ်တာ”

“ဟုတ်ပါတယ်၊ ကျွန်မ အဲဒီကိုသွားပြီး ကျူးဘား အမျိုးသား တစ်ယောက်နဲ့ လက်ထပ်မလို့ပါ၊ ကျွန်မရဲ့ ဂျပန်နိုင်ငံသား ဖြစ်မှုကို ဆက်ထိန်းသိမ်းထားလို့ ရလား”

“ငါ ဘယ်လိုလုပ် သိမှာလဲ၊ ဒီမေးခွန်းက အာဏာပိုင်တွေပဲ သိမှာ၊ ငါက လူဝင်မှု ရှေ့နေတစ်ယောက်မှ မဟုတ်တာ”

“တစ်ယောက်ယောက်က ကျူးဘားမှာ ကလေးရပြီး အိမ်ထောင်ကွာရှင်းပြီးတဲ့အခါမှာ ကလေးနဲ့အတူ ဂျပန်ကို ပြန်လာလို့ ရလား”

“အဲဒါလည်း ငါ မသိဘူး၊ ကျူးဘားနဲ့ ပတ်သက်ပြီး ငါ ကျွမ်းကျင်တာဆိုလို့ ဂီတပဲ ရှိတယ်”

မျက်ရည်တွေ စီးကျနေတာ ရပ်သွားပါပြီ။ ဒါဆိုရင် ရှင် ဘယ်နေရာတွေမှာ ကျွမ်းကျင်သေးလဲ လို့ သူမ ထပ်မမေးပါဘူး။ ဒါပေမဲ့ မျက်လုံးတွေက မေးခွန်းထုတ်နေပါတယ်။ သူမ မတ်တတ်ရပ်တယ်၊ ခါးညွတ်တယ်၊ ခွင့်တောင်းတယ်။ သူမ ထွက်သွားရင်းနဲ့ “ကျွန်မ အဲဒီကို တကယ်သွားဖို့ စီစဉ်နေတာ” လို့ ပြောတယ်။

“ကြိုက်တာလုပ်” လို့ ကျွန်တော် ပြောလိုက်တယ်။

※※※

ဆာကူရိုင်းဆီကို ဖုန်းဆက်ပြီး အာကာဂါဝါနဲ့ အခုလေးတင် စကားပြောခဲ့တဲ့ အကြောင်း အသိပေးမယ်လို့ ကျွန်တော် ဆုံးဖြတ်လိုက်တယ်။ ကောင်မလေးက

သူ့ကို ထားခဲ့ပြီးနောက် သူ စိတ်နှလုံးကြေကွဲနေတာ တစ်နှစ်တိတိ ရှိခဲ့ပြီ။ ကောင်မလေး အိမ်ထောင်ပြုဖို့ စီစဉ်နေတယ်လို့ ပြောလိုက်ရင် သူ စိတ်ဓာတ် ကျဆင်းမှု ပြန်ဖြစ်ကောင်း ဖြစ်သွားနိုင်ပါတယ်။ ဒါပေမဲ့လည်း မပြောဘဲ ထား တာကလည်း မကောင်းပြန်ဘူး။ ဒဏ်ရာဟောင်းကို ပြန်ဆွသလိုမျိုး ဖြစ်နိုင်ပေ မယ့် တစ်ခါတလေ အဲဒီလို လုပ်လိုက်တာက ဒဏ်ရာကို ကုစားပေးနိုင်မှာ ဖြစ် တယ်။

“ဟယ်လို”

အသံက မြေအောက်ကမ္ဘာထဲက ထွက်လာတဲ့ အသံလိုမျိုးပဲ။ တစ်ခုခု တော့ မှားနေပြီလို့ ကျွန်တော် ခံစားမိတယ်။ သူ့အလုပ်က တော်တော်လေး ကောင်းနေပြီ။ နောက်ပိုင်းမှာ သူ စိတ်အနေအထား တော်တော်လေး ကောင်း တဲ့ အခြေအနေ ရောက်လို့နေပြီ။ ဒါပေမဲ့ အခုအသံက လွန်ခဲ့တဲ့ တစ်နှစ်တုန်း က ဆာကူရိုင်းရဲ့ အသံမျိုး ဖြစ်နေတယ်။

“အေး... မူရာတ၊ ငါလည်း မင်းဆီ ဖုန်းခေါ်တော့မလို့ပဲ”

အခုချိန် ကျွန်တော် သတင်းပေးလိုက်ဖို့ အခြေအနေက မကောင်းဘူး။ သူ့အသံက ဒေဝါလီခံလိုက်ရတဲ့ လူတစ်ယောက်ရဲ့ အသံမျိုး၊ ဒါမှမဟုတ် မိသားစုဝင် တစ်ယောက်ယောက် သေထားသလိုမျိုးကြီး။

“ဘာတွေ ဖြစ်နေတာလဲ”

“ငါ ဘာမှလုပ်လို့ မရလောက်အောင် တိုင်ပတ်နေတယ်”

“မီကိုနဲ့ ဆိုင်လား”

“မီကိုနဲ့ဆိုင်တယ်၊ ဒါပေမဲ့ တိုက်ရိုက်တော့ မဟုတ်ဘူး၊ မူရာတ၊ အပြာ ကားရိုက်တဲ့ လောကနဲ့ မင်း တော်တော်လေး ရင်းနှီးတယ် မဟုတ်လား”

“နည်းနည်းတော့ သိတယ်၊ ဒါပေမဲ့...”

“အပြာကားတွေ ရိုက်တဲ့ လူတစ်ယောက်ကို မင်း သိတယ် မဟုတ်လား၊ ဗီဒီယိုအခွေ တစ်ရာကျော်လောက် ရှိတဲ့ စာကြည့်တိုက်တစ်ခု မင်း သိတယ်လို့ တစ်ခါက ပြောဖူးတယ်လေ”

“တော်တော်ကြာပြီ”

“သူတို့ဆီမှာ လျှို့ဝှက်ကင်မရာလို ဟာမျိုးတွေ ရှိတတ်လား”

“ချောင်းရိုက်ကားတွေ အများကြီး ရှိပါတယ်၊ ဒါပေမဲ့ အဲဒါတွေက စီစဉ်ပြီး ရိုက်တဲ့ ချောင်းရိုက် အတုတွေပါ၊ နာမည်ကြီးတွေရဲ့ လျှို့ဝှက်ပေါက်ကြားတဲ့ အခွေတွေလည်း ရှိတယ်၊ များသောအားဖြင့် အချစ်ဟိုတယ်တွေမှာ ကင်မရာတွေနဲ့ စီစဉ်ပြီး ရိုက်ကြတာတွေ၊ မင်းလည်း အဲဒီလောက်တော့ သိမှာပါကွာ၊ မသိဘူးတော့ မပြောနဲ့”

“ငါနဲ့ မီကိုနဲ့ ဗီဒီယို ရှိနေတယ်”

“ဟာ၊ ဘာတွေ ဖြစ်တာလဲကွာ၊ မင်းလိုနာမည်ကြီး တစ်ယောက်အနေနဲ့ အချစ်ဟိုတယ်မှာ ချောင်းရိုက်ခံရတာလား”

“အချစ်ဟိုတယ်မှာ မဟုတ်ဘူး”

“အဲဒါဆို ဘယ်မှာလဲ”

“ရီဂျန့်ပါ့ခ်က ငါ့အိပ်ခန်းထဲမှာ”

“ ဟုတ်တယ်၊ ဘယ်သူ ရိုက်တာလဲ”

“ဘယ်သူ ရိုက်တာလဲ”

“ငါ ရိုက်ခဲ့တာ”

“ဘာ”

“ငါ ရိုက်ခဲ့တာ၊ ဂျာမနီက ဗီဒီယိုကင်မရာ အသေးစားလေးနှစ်လုံး ငါ့ကို တစ်ယောက်က ပေးတယ်၊ မီကိုနဲ့ ငါနဲ့ ဗီဒီယိုတွေ အများကြီး ရိုက်ဖြစ်ခဲ့တယ်၊ သူက စိတ်ကစဉ့်ကလျားဖြစ်တဲ့ အချိန်တွေ အများကြီး ရှိတတ်တယ်လို့ မင်းကို ငါ ပြောဖူးတယ်လေ၊ အဲဒီလို ဖြစ်ပြီးရင် လိင်ကိစ္စက အရမ်း ပြင်းထန်တော့တာပဲ၊ ငါ မင်းကို ဘယ်လို ပြောပြရမှန်းတောင် မသိဘူး၊ စိတ်ကစဉ့်ကလျား ဖြစ်ခြင်းရဲ့ စွမ်းအင်တွေက လိင်ကိစ္စထဲ တိုက်ရိုက် စီးဝင်သွားသလိုပဲ၊ ငါ အဲဒီမှတ်တမ်းတစ်ခုကို လိုချင်တယ်”

“သူ ရောင်းစားလိုက်တယ် လို့ မင်း ထင်နေတာလား”

“မီကို မရောင်းစားဘူး၊ ကင်မရာတွေအကြောင်း ငါ သူ့ကို တစ်ခါမှ မပြောဖူးဘူး၊ ဗီဒီယိုတွေ ရှိတာတောင် သူ မသိဘူး”

“စိတ်တောင် ရှုပ်လာပြီ၊ အစကနေ ပြောတော့”

“အခု ငါ့ရဲ့ ရုပ်ရှင်အသစ်အတွက် ငါလူရွေးပွဲလုပ်နေတယ်၊ မနေ့က လူငယ်ရွေးချယ်ရေး မန်နေဂျာက ငါ့ကို ကပ်ပြောတယ်၊ ‘ဆရာ၊ ဆရာပါတဲ့ အောကား ကြည့်ရတယ်လို့ ပြောတဲ့ လူတစ်ယောက်နဲ့ မနေ့က တွေ့ခဲ့တယ်’ တဲ့၊ သူကတော့ အဲဒီလူကို မယုံပါဘူးတဲ့၊ ဒါပေမဲ့ တစ်ယောက်ယောက်က အဲဒီ အကြောင်း ပြောနေတယ် ဆိုတော့ စဉ်းစားသာကြည့်တော့၊ ပထမတော့ သူ ဘာတွေပြောနေလဲ ဆိုတာ ငါ နားမလည်နိုင်ဘူး၊ ဒါပေမဲ့ အဲဒီကိစ္စနဲ့ ပတ်သက်ပြီး ငါစိတ်ထဲမှာ မသက်ာဘူး၊ ငါ့ဟိုတယ်အခန်းကို ပြန်ရောက်တော့ တိပ်ခွေ တစ်ခွေ ပျောက်နေတယ်၊ ငါ့မှာ တိပ်ခွေ ငါးခွေ ရှိတယ်၊ မှန်တံခါးနဲ့ ဗီရိုထဲမှာ ငါ သေ့ ခတ်ထားတာ၊ အခုတော့ လေးခွေပဲ ကျန်တော့တယ်၊ သေ့ကို မဖျက်ထားဘူး၊ ဒါပေမဲ့ တစ်ယောက်ယောက်ကတော့ အခွေကို ခိုးသွားပြီ”

“မင်း မရှိတုန်း ဟိုကောင်မလေး ရောက်လာပြီး ယူသွားတာလည်း ဖြစ်နိုင်တာပဲ”

“အဲဒါ မဖြစ်နိုင်ဘူး၊ မီကို အဲဒီလိုမျိုး မလုပ်ရဲဘူး၊ ပြီးတော့ အဲဒီ အခွေတွေကို ငါ ရိုက်ပြီးပြီးချင်း မီနာမီအေအိုယာမက ငါ့ရုံးခန်းဆီ ယူသွားခဲ့တာ၊ ငါ တည်းဖြတ်ပြီးတော့ ဗီဒီယို အခွေလုပ်လိုက်တယ်၊ မူရင်းအခွေတွေကို ဖျက်ဆီးပစ်လိုက်တယ်၊ မီကိုနဲ့ ငါနဲ့ ပြတ်ပြီးတော့မှ အဲဒီအခွေတွေကို ဟိုတယ်ကို ယူသွားတာ၊ သူ အေအိုယာမ ရုံးခန်းကို တစ်ခါမှ မရောက်ဖူးဘူး”

“နေပါဦး၊ မင်းကိုယ်တိုင် ပါတဲ့ဟာကို မင်းပဲ တည်းဖြတ်တယ်ပေါ့”

“ငါ အဲဒီကိစ္စနဲ့ ပတ်သက်ပြီး နည်းနည်းကြောင်တယ်၊ အဲဒီကိစ္စက အခု ဖြစ်နေတာနဲ့ မဆိုင်ပါဘူး”

“ကြည့်ခဲ့ရတယ် ဆိုတဲ့ လူအကြောင်း မင်းရဲ့ မန်နေဂျာကို မမေးဘူးလား”

“သူ ပြောတာတော့ အဲဒီလူကို အေအိုယာမ သချိုင်းအဝင်ပေါက်က ရာမန်ခေါက်ဆွဲဆိုင်မှာ တွေ့ခဲ့တာလို့ ပြောတယ်၊ သူ အဲဒီဆိုင်ကို ပြီးခဲ့တဲ့

ကြာသပတေး ညဉ့်နက်ပိုင်းက သွားခဲ့တာ၊ အဲဒီလူတွေက ငါ့အကြောင်းပြော နေတယ်တဲ့၊ သူက တစ်ဖက်ဝိုင်းကနေ ကြားပြီး သူတို့ စကားဝိုင်းမှာ ဝင်ပါခဲ့ တယ်တဲ့”

“အဲဒီလူ ပုံစံကို သိလား”

“အသက်သုံးဆယ်ဝန်းကျင်၊ ပိန်ပိန်၊ တက္ကစီသမားလို ဝတ်ထားတယ်တဲ့"

“အဲဒီလောက်နဲ့တော့ ရှာလို့ မရလောက်ဘူး”

“အဲဒီလူက အနက်ရောင် ဘယ်ရီကက် ဦးထုပ်လည်း ဆောင်းထားသေး တယ် တဲ့၊ စပိန်က ဘက်စ်လူမျိုးတွေ ဆောင်းတတ်တဲ့ ဦးထုပ်မျိုးပေါ့၊ ငါ မင်း အကူအညီ လိုအပ်နေတယ်၊ တခြား ဘယ်သူ့ကိုမှ အကူအညီတောင်းလို့ မရနိုင် ဘူး”

“ငါ အခုတော်တော့ကို အလုပ်များနေတယ်” လို့ ကျွန်တော် သူ့ကို ပြော လိုက်တယ်။

တကယ်လည်း ကျွန်တော် အလုပ်များနေတာပါ။ ပြီးတော့ ဗီဒီယို ပေါက် ကြားမှုဖြစ်ပြီး စျေးကွက်ထဲ ရောက်သွားတယ် ဆိုရင်လည်း သူ လုပ်နိုင်တာဆို လို့ လူချင်းတူတာပါ၊ သူ မဟုတ်ပါဘူးလို့ ပြောရုံပဲ ရှိတော့တယ်။ အဲဒီလိုပဲ ဘူးခံ ငြင်းရမှာပဲ။ အသေးအဖွဲ အရှက်ရစရာတော့ ဖြစ်မှာပေါ့။ ဒါပေမဲ့ လူတွေ က အချိန်တန်ရင် မေ့သွားမှာပါပဲ။ ဗီဒီယိုထဲက မိန်းမက နာမည်ကြီး မင်းသမီး တစ်ယောက် ဆိုရင်တော့ တစ်မျိုးပေါ့။ အခုဟာက အဲဒီလိုမှ မဟုတ်တာ။ ကျွန်တော် သူ့ကို အဲဒီလို ရှင်းပြပြီး စိတ်အေးသွားအောင် လုပ်မလို့ပဲ ရှိသေး တယ်၊ သူက တုန်ယင်နေတဲ့ အသံနဲ့ ပြောတယ်။

“ကျေးဇူးပြုပြီး ကူညီပါကွာ၊ ငါ မင်းကို တောင်းပန်နေတာပါ၊ မီကိုမို့လို့ပါ၊ မင်း နားလည်လား၊ ဗီဒီယိုထဲမှာက ငါနဲ့ မီကိုလေ၊ ငါ သူ့ကြောင့် ခံစားနေခဲ့ရ တာပါ၊ အဲဒီတိပ်ခွေကို လူတွေ မြင်ရင် ငါ ရှင်းနိုင်တော့မှာ မဟုတ်ဘူး၊ ပြီး တော့...”

“ဘာလဲ”

“ငါ မင်းကို ပြောနေတဲ့ အထဲမှာ တစ်ခု ရှိသေးတယ်”

“အင်း”

“မင်းမှာ ရှိတဲ့ ကျူးဘားဂီတ အခွေတွေ အကုန်လုံးက မာစတာခွေ မဟုတ်လား”

“ဘာဖြစ်လို့လဲ”

“ငါ့ရုပ်ရှင်အသစ်ထဲမှာ သီချင်းနည်းနည်း သုံးချင်လို့”

ကျွန်တော် လွယ်လွယ်နဲ့ သဘောတူလိုက်ပါတယ်။ ကျူးဘား ဂီတသမားတွေကို နိုင်ငံက ထောက်ပံ့ပေးထားပြီး သေသေချာချာ လေ့ကျင့်ပေးထားပါတယ်။ သူတို့ရဲ့ ဆင်းရဲနွမ်းပါးမှုနဲ့ အသံဖမ်း အရည်အသွေး မကောင်းပေမယ့်လည်း သူတို့တွေဟာ ရိုးရာအစဉ်အလာကို သေသေချာချာ ထိန်းသိမ်းပြီး သာမန်ထက် လွန်ကဲ ကောင်းမွန်လွန်းတဲ့ ဂီတအသစ်တွေကို ဆက်လက် ထုတ်လုပ်နိုင်ပါတယ်။ သူတို့ကို ကျွန်တော် တတ်နိုင်သမျှ အမြဲတမ်း အကူအညီ ပေးချင်ပါတယ်။ ဆာကူရိုင်းရဲ့ ရုပ်ရှင်တွေက ဂျပန်နိုင်ငံမှာ ရှိသမျှ ရုပ်ရှင်ရုံတိုင်းမှာ ပြပါတယ်။ ဗီဒီယိုတွေလည်း ထို့အတူပါပဲ။ အဲဒါကြောင့် ကျူးဘားဂီတကို လူတွေ သိဖို့ အကောင်းဆုံး မိတ်ဆက်မှုပါပဲ။ အဲဒီအတွက် ရရှိမယ့် အနုပညာကြေးတွေက ဂီတသမားတွေရဲ့ အိတ်ကပ်တွေထဲ တိုက်ရိုက် ရောက်ရှိသွားမယ့်အကြောင်း ကိုတော့ ပြောမနေပါနဲ့တော့။

ကျွန်တော့်ဘဝမှာ ကျွန်တော်ချစ်တဲ့ လူတွေကို ပျော်အောင် လုပ်ပေးရတာကို အရမ်းကြည်နူးမှုနဲ့ မကြာသေးခင်ကမှ နားလည်ခဲ့တယ်။ ဆာကူရိုင်းနဲ့ ကျူးဘားဂီတသမား မိတ်ဆွေတွေ ပျော်မယ်ဆိုရင် ညဉ့်နက်သန်းခေါင် အချိန်မှာ ရာမန်ခေါက်ဆွဲဆိုင်ကို ဝင်စီးလိုက်ဖို့လည်း ဝန်လေးမှာ မဟုတ်ပါဘူး။

※※※

အေအိုယာမ အဝင်ပေါက်ကို ကျွန်တော် ရောက်လာခဲ့ပြီး ကားကို ရာမန် ဆိုင်ရဲ့ လမ်းတစ်ဖက်မှာ ရပ်ထားပါတယ်။ ကျွန်တော့်ဝန်ထမ်း တစ်ယောက်ကိုလည်း ခေါ်လာခဲ့တယ်။ အသက် နှစ်ဆယ့်ခြောက်နှစ်အရွယ် ဈေးကွက်ရှာဖွေရေး သမား ဖြစ်ပြီး သူ့နာမည်က ဆာကာကီ။ ကျွန်တော့်လိုပဲ သူ့မှာ အဆက်အသွယ်တွေ ရှိပါတယ်။ သူက အထက်တန်းကျောင်းမှာရော၊ တက္ကသိုလ်မှာပါ သူ့ရဲ့ ကစ်ဘောက်ဆင်အသင်းက ခေါင်းဆောင် ဖြစ်ခဲ့ပါ

တယ်။ သူ့ကို ဖြစ်စဉ်အစအဆုံး အထူးတလည် မရှင်းပြထားပါဘူး။ သူသိတာ ဆိုလို့ ကျွန်တော်တို့ဟာ ကိုယ်နဲ့မဆိုင်တဲ့ ဗီဒီယိုအခွေ လက်ဝယ်ရထားတဲ့ လူတစ်ယောက်ကို ရှာနေတယ် ဆိုတာပဲ ရှိပါတယ်။ ကားကက်ဆက်ကို အသံတိုးတိုးနဲ့ ကျူးဘားအဆိုတော် ဇီယိုမာရာလေဂတ်ရဲ့ သီချင်းကို ဖွင့်ထားပါတယ်။ ကားက ၉၅ ခုနှစ်ထုတ် ကိုရိုလာပါ။ ကျွန်တော်တို့ နှစ်ယောက်လုံး ကားထဲမှာ ပုံမှန်အားဖြင့် ဆိုရင် ကိုရိုလာကားထဲ ပိတ်မိပြီး သေနေစရာအကြောင်း မရှိပါဘူး။ ဒါပေမဲ့ သူက သူ့သူငယ်ချင်းဆီက ငှားလာတဲ့ ဒီကားနဲ့ ရောက်လာတော့ “ကျွန်တော်တို့ သတိထားမိလောက်အောင် ထူးခြားတဲ့ ကားမျိုး မသုံးသင့်ဘူး၊ ကျွန်တော်တို့ကို သံသယဝင်လိမ့်မယ်” လို့ ရှင်းပြပါတယ်။ ဆာကာကီက အဒ်မက်ကဘိန်း ပရိသတ်တစ်ယောက်ပါ။ သူဟာ စစ်မြင်ပြင်သုံး ဘားတပ်ထားတဲ့ ဖိနပ်ကို စီးထားပါတယ်။ အနီးပတ်ဝန်းကျင်မှာ လမ်းမီးတွေ ရှိနေသေးပေမယ့် သူက အစ္စရေးလ် စစ်တပ်သုံး ညကြည့်မျက်မှန် တပ်ထားပါသေးတယ်။ ၉၅ ကိုရိုလာကားက လူသတိမထားမိပေမယ့် ဒရိုင်ဘာထိုင်ခုံမှာ ထိုင်နေတဲ့ လူက သူ့ခေါင်းနဲ့ အံဝင်ခွင်ကျ မဖြစ်တဲ့ မှန်ဘီလူးခေါင်းစွပ်ကို စွပ်ထားပါတယ်။

“ဒါနဲ့ ဌာနမှူး၊ တရားခံနဲ့ ပတ်သက်ပြီး ကျွန်တော်တို့ သိတာက သူဟာ အနက်ရောင် ဘယ်ရီကက်ဦးထုပ် ဆောင်းတယ် ဆိုတာပဲလား” ဆာကာကီဟာ ဒုစရိုက်နှိမ်နင်းရေး အထူးအဖွဲ့ဝင် တစ်ယောက်လို ဝတ်ဆင်ထားပါတယ်။ သူ့ရဲ့လက်နက်ကိုလည်း ကျွန်တော့်ကို နဂိုကတည်းက ပြထားပါတယ်။ စူးချွန်တပ်တုတ်၊ ကျဉ်စက်၊ ဓားမြှောင်၊ တိုက်ခိုက်ရေးလက်အိတ်၊ သံလက်သီးတို့တင် မကဘူး၊ နံချပ်ကူပါ ပါသေးတယ်။

“ဘယ်ရီကက် ဦးထုပ်တွေက ဒီနေ့ခေတ်မှာ တော်တော်ရှားနေပြီ၊ စထရိအနုပညာရှင်တွေတောင် မဆောင်းကြတော့ဘူး၊ အဲဒီလူက တရားခံ မဖြစ်နိုင်ဘူး” လို့ ကျွန်တော် သူ့ကို ပြောလိုက်တယ်။

“သူ မဟုတ်ဘူးလား”

“မဟုတ်ဘူး၊ နောက်ထပ် ထပ်မမေးနဲ့တော့”

“နားလည်ပါပြီ၊ ဥပမာပြောရရင် အထူးတပ်ဖွဲ့ဝင်တွေဟာ စစ်ဆင်ရေးတစ်ခုလုံးကို ကြိုတင်ပြီးတော့ အသေးစိတ် မသိရသလိုပေါ့၊ ဟန်ဂေရီနယ်စပ်

က ရွှံ့နှံတွေထဲမှာ သူတို့ ဘာကြောင့် ဒီနေရာကို ရောက်နေရတာလဲ ဆိုတာကို မသိရပါဘဲနဲ့ တပ်ဖွဲ့ဝင်တွေ အများကြီးပဲ သေခဲ့ရတယ်”

ဆာကာကီဟာ အထူးစစ်ဆင်ရေးကို ပြောပြနေပါတယ်။ ဒါပေမဲ့ လားလားမျှ မဆိုင်တာတော့ အမှန်ပဲ။ ပြီးတော့ သူက ရောဂါပိုးတွေကို ကြောက်တတ်တဲ့သူ။ သူဟာ ပိုးဟပ်တွေကို သေလောက်အောင် ကြောက်တတ်ပါတယ်။ တစ်ခါတုန်းက ကော်ဖီသောက်ခန်းထဲမှာ ပိုးဟပ်တစ်ကောင်တွေ့လို့ ပိုးဟပ်ထောင်ချောက် အခုငါးရာ ဝယ်ခိုင်းတာလည်း သူပါပဲ။ အဲဒီ ပိုးဟပ်ထောင်ချောက်တွေကို ကျွန်တော်တို့ရုံးမှာ သူဟာ မဟာဗျူဟာကျကျ နေရာလိုက်ချခဲ့ပါတယ်။ ကျွန်တော်တို့ ရာမန် ခေါက်ဆွဲဆိုင်ကို ညရောက်လာလို့ ဆိုင်စဖွင့်ကတည်းက စောင့်ကြည့်နေခဲ့တာပါ။ အခုတော့ သန်းခေါင်ချိန် ရောက်လာပါပြီ။ ဘယ်ရီကက် ဆောင်းထားတဲ့လူ တစ်ယောက်မှ ရောက်မလာသေးပါဘူး။

“တရားခံက တက္ကစီသမား ဆိုတာ သေချာလား”

“သိပ်တော့ မသေချာဘူး၊ ဒါပေမဲ့ တက္ကစီသမား ကိုးဆယ်ရာခိုင်နှုန်းလောက်က ဒီနေရာမှာ လာစားကြတယ်၊ သူက တရားခံ မဟုတ်ဘူး”

“သူ ပြီးခဲ့တဲ့ ကြာသပတေး ညက ဒီကို ရောက်ခဲ့တယ် မဟုတ်လား၊ အခုတော့ ဗုဒ္ဓဟူးညပဲ ရှိသေးတယ်၊ ကြာသပတေး မနက်လို့ ပြောလည်း ရတယ်”

“တက္ကစီ ကုမ္ပဏီကြီးတွေရဲ့ ယာဉ်မောင်း အချိန်ဇယားတွေကို ငါ ကြည့်ထားတယ်၊ အချိန်တွေက ပုံမှန်တွေပါပဲ၊ အလွတ်တန်း တက္ကစီသမားတွေ အတွက်တော့ မတူနိုင်ဘူးပေါ့၊ ဒါပေမဲ့ အဲဒီတစ်ယောက်က အသက်သုံးဆယ်လောက်ပဲ ရှိဦးမယ်၊ အလွတ်တန်း တက္ကစီသမားတွေထဲမှာ အဲဒီလောက် ငယ်တဲ့ လူတွေ မရှိဘူး”

“ဟုတ်တယ်၊ ဆိုကြပါစို့၊ သူဟာ ဘားက ကောင်မလေး တစ်ယောက်ကို မ လာတဲ့ အန်အိတ်ချ်ကေက ဝန်ထမ်းတစ်ယောက်ကို တင်ပြီး အိုမီယာ၊ ဒါမှ မဟုတ် ယိုကိုဆူကာကို ပို့မယ်၊ ဝန်ထမ်းဖြစ်သူက ကုမ္ပဏီက ပေးထားတဲ့ တက္ကစီဖိုး ကြိုတင်ဘောက်ချာနဲ့ ရှင်းလိမ့်မယ်၊ အဲဒါဆို သူ့မှာ ရာမန် စားဖို့ အချိန်မရှိတော့ဘူး၊ ဖူဂျီတီဗွီကလည်း အဲဒီလို ဘောက်ချာတွေ ပေးတတ်တာပဲ၊ ဆိုတော့...”

ဆာကာကီက စကားတော်တော်များတဲ့ ကောင်ပါ။ ကျွန်တော့်ကို နည်း နည်းတော့ စိတ်ညစ်အောင် လုပ်နေပါတယ်။ ကျွန်တော် သူ့ကို ကင်းထောက် လုပ်ဖို့ လွှတ်လိုက်ပါတယ်။ လမ်းဘေးဆိုင်လေးမှာ လူပြည့်နေပါတယ်။ စားစရာ မှာဖို့ လူခုနစ်ယောက်၊ ရှစ်ယောက်လောက်က ပုံမှန် တန်းစီနေပါ တယ်။ အဝတ်အစားတွေအရ သူတို့တွေဟာ တက္ကစီမောင်းသမားတွေ ဆိုတာ သိသာနေပါတယ်။ သူတို့တွေ စကားသိပ်မများဘူး။ ခေါက်ဆွဲပြုတ် အော်ဒါရဖို့ ကိုပဲ အာရုံစိုက်နေကြသလို၊ ခေါက်ဆွဲ ပလုတ်ပလောင်းစားနေတဲ့ သူတွေချည်း ပဲ။ တစ်ယောက် မှ သုံးဆယ်တန်း မပါဘူး။ သုံးဆယ်နှောင်းပိုင်းကနေ ငါးဆယ် နှောင်းပိုင်း အရွယ်တွေ။ တက္ကစီသမား နှစ်ဒါဇင်ကျော်ဟာ လမ်းကျဉ်းလေးနဲ့ ဆက်နေတဲ့ သစ်ပင်ပုံစံ လမ်းမကျယ်ထဲမှာ ကားတွေကို ရပ်ထားကြတယ်။ ရပ် ထားတဲ့ ကားတွေအကုန်လုံးက ရာမန် လာစားကြတာတော့ မဟုတ်ပါဘူး။ တချို့ တက္ကစီသမားတွေက သူတို့ ကားတွေနားမှာ အုပ်စုလေးဖွဲ့ မတ်တတ်ရပ် ပြီး ဆေးလိပ်သောက်၊ စကားပြော၊ ရယ်မောနေကြပါတယ်။ တချို့တွေ ကတော့ တက္ကစီထဲမှာ ခုံကို နောက်လှန်ပြီး တစ်ရေး အိပ်နေကြပါတယ်။ ဒီ နေရာကနေတော့ အိပ်နေတဲ့ လူတွေရဲ့ မျက်နှာတွေကို မမြင်ရပါဘူး။ အဲဒါ ကြောင့် ဆာကာကီကို သွားကြည့်ခိုင်းလိုက်တာပါ။ သူ့လက်နက်တွေ ယူသွား ချင်နေသေးတယ်။ ကျွန်တော်က လုံးဝ ယူမသွားခိုင်းလိုက်ဘူး။ သူ ကားပြင် ထွက်တော့ ညကြည့့်မျက်မှန်ကိုလည်း ကျွန်တော် ချွတ်ခိုင်းလိုက်သေးတယ်။ သူက အဲဒါကို သူ့ဆွယ်တာအောက်မှာ အတင်းကပ်လို့ ထားတယ်။

“အနီးကပ်ကြည့့်ဖို့ အရေးကြီးတယ် ဌာနမှူး၊ ဘာကြောင့်လဲ ဆိုတော့ တရားခံတွေက သူတို့ဦးထုပ်ကို အိတ်ကပ်ထဲ၊ ဒါမှမဟုတ် တစ်နေရာရာမှာ ထိုး ထားရင် ထိုးထားမှာ စိုးလို့၊ တိုက်ပွဲဆိုတဲ့ ရုပ်ရှင်ဟောင်းထဲက ရဲဘော်ကယ်လီ ကို မှတ်မိလား၊ သူက သူ့ဘယ်ရီကက်ဦးထုပ်ကို သူ့ပသိုင်းကြိုးအောက်မှာ အမြဲတမ်း ထိုးထားတတ်တယ်”

ဆာကာကီဟာ စားနေတဲ့ လူတွေကို ကြည့်ဖို့ ထွက်သွားပါတယ်။ အူကြောင်ကြောင်ပုံစံနဲ့ စားနေတဲ့ လူတွေရဲ့ မျက်နှာတွေကို အနီးကပ်ကြည့်ပြီး ခြောက်လှန့်နေပါတယ်။ တစ်ယောက်ယောက်ကတော့ “ဘာလာကြည့်တာ လဲ” လို့ အော်မိမှာပဲလို့ ထင်စရာပါ။ ဒါပေမဲ့ သူ့ရဲ့ ကြောင်တောင်တောင်၊ ပေါ တောတော ပုံစံကြောင့် ဘယ်သူကမှ သူ့ကို အဖက်မလုပ်ကြပါဘူး။ သတိရှိတဲ့ လူ တစ်ယောက်ယောက် ဆိုရင်တော့ ဖုဖောင်းနေတဲ့ သူ့ဆွယ်တာ၊ အနက်

ရောင် နှင်းလျှောစီးမျက်နှာကာ၊ အနက်ရောင် ဘောင်းဘီတို၊ အနက်ရောင် တောစီးဖိနပ်တွေကို တစ်ချက်လောက် ကြည့်မိမှာပါ။ လာရှုပ်နေတဲ့ ပုံစံနဲ့ ချောက်ချားစဖွယ် အကြည့်တို့ကိုတော့ ထည့်ပြောဖို့တောင် မလိုပါဘူး။ သူ့ကို ပုံမှန်မဟုတ်တဲ့ လူတစ်ယောက်လို့ပဲ ထင်မှာပါ။

ပြီးတော့ သူဟာ လမ်းဘက်ကို ထွက်လာပါတယ်။ ကြောင်လိုလို၊ ကဏန်းလိုလို ပုံစံနဲ့ သူ လမ်းလျှောက်နေပါတယ်။ တက္ကစီတန်းဘက်ကို ချဉ်းကပ်သွားရင်း ညကြည့်မျက်မှန်ကို သူပြန်တပ်ပါတယ်။ သူဟာ တက္ကစီ တစ်စီးကနေ နောက်တစ်စီးကို မပြောင်းခင် အချိန်အတိုင်းအတာ တစ်ခုယူပြီး ကားတိုင်းကို သေချာကြည့်ပါတယ်။ သစ်ပင်ပုံစံလမ်းထဲမှာ လမ်းမီး မရှိပါဘူး။ သူ ကားတွေကို ကြည့်နေရင်းနဲ့ အမှောင်ထုထဲ ရောက်သွားပါတယ်။

ဆယ့်ငါးမိနစ်လောက် ကြာမှ သူ ပြန်ပေါ်လာပါတယ်။ သူဟာ ကြောက်လန့်တကြားနဲ့ လက်တွေကို ဝှေ့ယမ်းနေပါတယ်။ လက်နှစ်ဖက်စလုံးနဲ့ လက်ယပ်ခေါ်လို့ နေပါတယ်။ ငကြောင်ကောင်ဟာ နွားပေါက်လေးလို လုပ်နေပြန်ပါတယ်။ အခုချိန်မှာ ရဲတစ်ယောက်ယောက်သာ ရောက်လာခဲ့ရင် သူ့ကို ဖမ်းသွားမှာ အသေအချာပါပဲ။ ကျွန်တော်ကားထဲက ထွက်ပြီး သူ့ဆီကို လျှောက်သွားလိုက်ပါတယ်။ သူက ကျွန်တော့်ကို တက္ကစီတန်းတွေဘက်ကို ဦးဆောင် ခေါ်သွားပြီး ကားတစ်စီး ဘေးမှာ ရပ်လိုက်ပါတယ်။ ကျွန်တော့်ကို ညကြည့်မျက်မှန် ပေးပါတယ်။

“ဒါတပ်ပြီး ကြည့်”

ကျွန်တော်ကားထဲကို ညကြည့်မျက်မှန်တပ်ပြီး ကြည့်စရာ မလိုပေမယ့် သူပါးစပ် ပိတ်သွားအောင်လို့ တပ်ကြည့်လိုက်ပါတယ်။ အားလုံးက အစိမ်းရောင် ဖြစ်လို့နေပြီး မှန်ဘီလူးကနေတဆင့် လှိုင်းထလို့ နေပါတယ်။ ရှေ့ခန်းက ခရီးသည်ထိုင်ခုံပေါ်မှာ အနက်ရောင် ဘယ်ရီကက်ကို အထင်းသား မြင်နေရပါတယ်။

“ဒီကနေ သိပ်မဝေးတဲ့ နေရာမှာ စျေးအရောင်းစက်တွေ ရှိတယ်” လို့ ဆာကာကီက ပြောတယ်။

“သူက...”

အဲဒီအချိန်မှာ ခပ်တိုးတိုး၊ ကွဲအက်အက်နဲ့ အသံတစ်သံ ကျွန်တော်တို့ နောက်ကနေ ထွက်လာခဲ့ပါတယ်။

“ဘာတွေ ဖြစ်နေတာလဲ”

ကျွန်တော် မျက်မှန်ကို ချွတ်လိုက်တော့ အရုပ်ရှည်ရှည်၊ ပိန်ပိန်၊ ကလန်ကလားနဲ့ လူတစ်ယောက်ကို တွေ့လိုက်ပါတယ်။

“ဘာမှ မဖြစ်ပါဘူး၊ ကျွန်တော်တို့ ဒီနားမှာ လမ်းလျှောက်နေတာပါ၊ လျှောက်နေရင်း ခုံပေါ်က ဘယ်ရီကက် ဦးထုပ်ကို အမှတ်မထင် တွေ့လို့ပါ၊ ဒီနေ့ခေတ်မှာ ဘယ်ရီကက်ဦးထုပ်တွေ သိပ်မတွေ့ရတော့ဘူးလေ၊ ကျွန်တော့် အဖေ ပန်းချီဆရာက ဒီလို ဦးထုပ်ကို အမြဲတမ်း ဆောင်းနေခဲ့ပါတယ်၊ အမှတ်ရ စရာတွေ ပေါ်လာလို့ပါ”

ခပ်ပိန်းပိန်း ဇာတ်လမ်း တစ်ပုဒ်ပါပဲ။ ဒါပေမဲ့ ဒီလို ပြောလိုက်တာက သူ့ကို ထိပ်တိုက်တွေ့စရာ မလိုဘူးလို့ သိစေပါတယ်။

သူက ကားတံခါးကို ဖွင့်၊ ဘယ်ရီကက်ဦးထုပ်ကို ယူပြီး ဆောင်းလိုက်ပါတယ်။ ကျွန်တော်တို့အတွက် မော်ဒယ် လုပ်ပေးသလိုပါပဲ။ ဆာကာကီဟာ သူ့ရဲ့ တိုက်ပွဲဝင် ဝတ်စုံရဲ့ ညာဘက် အိတ်ကပ်ကို နှိုက်လိုက်ပါတယ်။ အထဲမှာ လက်နက်တစ်ခုခု ပါကောင်း ပါနိုင်ပါတယ်။ စူးချွန်တပ်တုတ်၊ ဒါမှမဟုတ် ကျည်စက် တစ်ခုခုပေါ့။

“ရော့ ယူလိုက်” လို့ အရုပ်ရှည်ရှည်နဲ့လူက ပြောပြီး ဦးထုပ်ကို ပစ်ပေးလိုက်တယ်။ “ခင်ဗျား ဆောင်းပြီးတော့ ခင်ဗျားအဘိုးကြီး အကြောင်း တွေးပေါ့”

ထူးဆန်းတဲ့ ကောင်ပဲ။ သူ့ဦးထုပ်ကို လုံးဝ မသိတဲ့ လူတစ်ယောက်ကို ပေးပစ်တယ်။ အပေါ်ယံကြည့်ရင်တော့ ဒါဟာ ရင်းနှီးတဲ့ အပြုအမူပါပဲ။ ဒါပေမဲ့ သူ့အမူအရာထဲမှာ ပုံမှန် မဟုတ်တာ တစ်ခုခု ပါနေတယ်။ “ရော့ ယူလိုက်” လို့ ပြောပြီး ပစ်ပေးလိုက်တာက အိမ်ခြေရာမဲ့ တစ်ယောက်ကို သူ့မှာရှိတဲ့ လက်ကျန် ပိုက်ဆံအနည်းငယ်ကို ပေးလိုက်သလိုမျိုးပါပဲ။ လူတစ်ယောက် ရင်ဘတ်ကို ဓားနဲ့ ထောက်ထားတဲ့ အချိန်မှာလည်း သူဟာ အဲဒီလေသံနဲ့ ပြောနိုင်လိမ့်မယ်လို့ ကျွန်တော် ထင်ပါတယ်။

“ကျေးဇူးတင်ပါတယ်၊ ဒါပေမဲ့ ကျွန်တော် မလိုပါဘူး” လို့ ကျွန်တော် ပြောပြီး ပြန်ပေးလိုက်တယ်။ ဘာလို့ မယူတာလဲလို့ မေးတဲ့အချိန်မှာ သူ့အသံက ပိုလို့တောင် တိုးသွားပါသေးတယ်။

“ကျွန်တော့် အဖေက သေပြီ၊ အမှတ်ရစရာတွေက နာကျင်ရပါတယ်ဗျာ”

စိတ်မကောင်းပါဘူးဗျာ လို့ သူ ပြောပြီး ဦးထုပ်ပြန်ယူလိုက်တယ်။ ကားတစ်စီး ဖြတ်လို့သွားတယ်။ ကားမီးက စက္ကန့်အနည်းငယ်လောက် သူ့မျက်နှာပေါ်ကျလို့သွားတယ်။ သူ့နဖူးပေါ်မှာ ဆံပင်တွေ ကျလို့နေတယ်။ သူဟာ အသက်သုံးဆယ်အောက် ဆိုတာတော့ သေချာတယ်။ အလွန်ဆုံးရှိမှ နှစ်ဆယ့်ငါးကျော်ကျော်ပဲ။ သူ့အသားအရေက ကြည်လင်ချောမွေ့နေတယ်။ သူ့ရဲ့ ဖြောင့်တန်းနေတဲ့ မျက်ခုံးမွေးက ရှည်တယ်။ မိန်းကလေး အများစုက ဆာကာကီနဲ့ယှဉ်ရင် သူ့ကို ရွေးကြလိမ့်မယ် ဆိုတာ ကျွန်တော် ပြောရဲတယ်။

“တစ်ခုလောက် မေးစရာရှိတယ်” လို့ သူ ကားထဲဝင်ခါနီးမှာ ကျွန်တော် ပြောလိုက်တယ်။ သူ ကျွန်တော့်ဘက်ကို လှည့်ပြီး ဦးထုပ်ကို သူ့မျက်ခုံးတွေအောက် ရောက်အောင် ချွတ်လိုက်တယ်။ “ရုပ်ရှင်ဒါရိုက်တာ ဆာကူရိုင်းယိုင်းယိုအိချို ပိုင်တဲ့ ဗီဒီယိုတိပ်ခွေ အကြောင်းပါ”

သူ့တုံ့ပြန်မှုက ထိတ်လန့်တုန်လှုပ်နေတဲ့ ပုံပေါက်တယ်။ သေသွားတဲ့ သူငယ်ချင်း၊ ဒါမှမဟုတ် ဆွေမျိုးတစ်ယောက်ယောက်ရဲ့ နာမည်ကို ကြားလိုက်ရသလိုမျိုးပေါ့။

“ခင်ဗျားတို့က ရဲလား”

“မဟုတ်ပါဘူး”

“ဒါဆို လူဆိုးဂိုဏ်းကလား”

“တစ်ခုမှ မဟုတ်ဘူး၊ ကျွန်တော်က ဆာကူရိုင်းရဲ့ သူငယ်ချင်းပါ၊ အဲဒီတိပ်ခွေ ပြန်လိုချင်တယ်”

သူ ခဏလောက် တိတ်ဆိတ်သွားတယ်။ ပြီးတော့မှ ကြားရတယ် ဆိုရုံလေသံနဲ့...

“ကျွန်တော့်မှာ ရှိတယ်” လို့ ပြောတယ်။

⁂

ဗီဒီယိုခွေရဲ့ အရည်အသွေးကို ကျွန်တော် အံ့အားသင့်မိတယ်။ ကျွန်တော် မြင်ဖူးသမျှ အပြာကားတွေ အားလုံးထက် အဆပေါင်းများစွာ သာလွန်နေတယ်။ ဆာကူရိုင်းဟာ သူ့ရဲ့ ဟိုတယ်ဆွိခန်းထဲမှာ မီးတွေ အကုန်ဖွင့်ထားပြီးတော့ အာကာဂါဝါမီကိုနဲ့ လိင်ဆက်ဆံတော့မယ်။ အနည်းဆုံး ကင်မရာနှစ်လုံးနဲ့ ရိုက်ထားပုံပါပဲ။ အဝေးရိုက်ချက်တွေရော၊ အနီးကပ် ရိုက်ချက်တွေပါ ပါတယ်။ သူ့ရဲ့ ပညာရှင်ပီသတဲ့ တည်းဖြတ်မှုကြောင့် ရိုက်ချက်တွေကို ကျွမ်းကျင်စွာ ရောထွေးလို့ထားတယ်။ သူ ကင်မရာထားတဲ့ နေရာကြောင့်ရော၊ သူ့ရဲ့ တည်းဖြတ်မှုကြောင့်ပါ ဆာကူရိုင်းကို ဖျတ်ခနဲပဲ မြင်တွေ့ရပါတယ်။ အာကာဂါဝါမီကိုကတော့ ပွဲတစ်ခုလုံးရဲ့ မင်းသမီးပေါ့။ ကျွန်တော်တို့ကို အခွေ ပြန်ပေးမယ်လို့ ပြောတဲ့ အရပ်ရှည်ရှည်နဲ့ ကောင်ဟာ သူ့အိမ်မှာ သူနဲ့အတူ အရင်ကြည့်ရမယ်လို့ သဘောတူညီမှု တောင်းထားပါတယ်။ ကျွန်တော် ကြည့်ချင်စိတ် မရှိပါဘူး။ ကိုယ်နဲ့ ရင်းနှီးတဲ့ သူငယ်ချင်းတစ်ယောက် လိင်ဆက်ဆံနေတာကို ဘယ်သူကများ ကြည့်ချင်မှာလဲ။ ဘာမှဆိုးရွားတဲ့ ထိခိုက်မှု မရှိတာရယ်၊ ကောင်လေးက တောင်းဆိုတာရယ်ကြောင့် ကျွန်တော် ငြင်းချင်စိတ် မရှိခဲ့ပါဘူး။ ကျွန်တော်က တက္ကစီနဲ့ လိုက်လာခဲ့တယ်။ ဆာကာကီက ကျွန်တော်တို့ နောက်ကနေ ကာမိအီတာဘာရှီကို လိုက်လာခဲ့တယ်။ အပေါစား ဘီယာဆိုင်တွေရှိရာ ဘလောက်ကို ကျော်ဖြတ်ပြီးနောက် ကျွန်တော်တို့ဟာ ဟောင်းမြင်းနေပြီ ဖြစ်တဲ့ ပျဉ်ထောင်အုတ်ခံ တိုက်ခန်းရှေ့မှာ ကားကိုရပ်လိုက်ပါတယ်။ ကောင်လေးက ကျွန်တော်တို့ကို လှေကားကနေ သူ့ရဲ့စုတ်ပြတ်နေတဲ့ တိုက်ခန်းကို ဦးဆောင်သွားပါတယ်။ အခန်းထဲမှာ ဂျင်းဘောင်းဘီနဲ့ ဆွယ်တာဝတ်ထားတဲ့ မိန်းကလေးငယ် တစ်ယောက်ဟာ ကြမ်းပြင်ပေါ်မှာ စောင်တွေကို ခေါက်လို့နေတယ်။ ဆာကာကီနဲ့ ကျွန်တော့်တို့ကို တွေ့တော့ လန့်သွားပုံရတယ်။ ပြီးတော့ စောင်တွေ လုပ်လက်စတွေ ထားပြီး ချောင်ထဲကို လှစ်ခနဲ ပြေးလို့သွားတယ်။ သူ့ကောင်မလေးပါလို့ သူက မိတ်ဆက်ပေးတယ်။ ကောင်မလေးကိုလည်း စိတ်မပူဖို့ ပြောပါတယ်။

"သူတို့တွေက ဆာကူရိုင်းယိုအိချိရဲ့ သူငယ်ချင်းတွေပါ" လို့ သူက ရှင်းပြတယ်။ "သူတို့က အေးဆေးပါ၊ ငါ သူတို့ကို အခွေပြန်ပေးမလို့"

သူက စိတ်ချရအောင် ပြောလိုက်တော့မှ ကောင်မလေးဟာ သက်သာရာ ရသွားပုံ ပေါက်တယ်။ ဒါပေမဲ့ ကျွန်တော်တို့ကို စိုးရိမ်ပူပန်စွာနဲ့ ကြည့်နေဆဲပါပဲ။ ကောင်မလေး တုန်ယင်နေတာ သိသိသာသာ မြင်နေရတယ်။ ကောင်လေးက ကျွန်တော်တို့ကို တစ်ခုခု သောက်မလားလို့ မေးပါတယ်။ ကျွန်တော်တို့ ငြင်းလိုက်တယ်။ သူ မီးဖိုခန်းလေးထဲ ဝင်သွားပြီး အဆမတန် ကြီးထွားတဲ့ ရေခဲသေတ္တာကို ဖွင့်လိုက်တယ်။ အထဲမှာ အရောင်ပြယ်ပြီး ညှိုးနေတဲ့ ဂေါ်ဖီထုပ်နဲ့ တစ်ခါသောက် ကော်ဖီဘူးတစ်ဘူးက လွဲလို့ ဘာမှ မရှိဘူး။

“ကျွန်တော် တစ်ခုခု သွားဝယ်လိုက်မယ်” လို့ သူက ပြောတော့ ကောင်မလေးက စူးခနဲ အော်လိုက်ပြီး ခေါင်းကို ခပ်ပြင်းပြင်းနဲ့ တွင်တွင်ခါတယ်။

ဘာမှ မသောက်ဘူးလို့ ကျွန်တော် သူ့ကို ပြောလိုက်တယ်။ “ငါတို့ ကြည့်ပြီးပြီးချင်း အခွေယူပြီး ပြန်မယ်”

ကျွန်တော် ဆာကာကီကို ကြည့်ဖို့ ခွင့်မပြုနိုင်ပါဘူး။ အဲဒါကြောင့် ကျွန်တော် သူ့ကို ကားထဲက စောင့်နေဖို့ ပြောလိုက်ပါတယ်။ ပြီးတဲ့နောက်မှာတော့ အေးစက်နေပြီး အပူပေးစက် မရှိ၊ ပရိဘောဂ မရှိတဲ့ အခန်းလေးထဲမှာ ပွဲစပါတော့တယ်။ ပထမဆုံး အံ့အားသင့်ရတာကတော့ ဆာကူရိုင်းဟာ အခွေစစချင်းမှာ “ငါ့ရဲ့အရာရာ” ဆိုပြီး တော်တော့ကို တင်စီးပြီး အပြောင်အပြက်ဆန်တဲ့ ခေါင်းစဉ် ထိုးထားပါတယ်။ အခုလို အခြေအနေမျိုးသာ မဟုတ်ရင် ကျွန်တော် ဝါးလုံးကွဲ ရယ်မိမှာပါပဲ။

ကျွန်တော့်ရဲ့ သိုးမွေးအင်္ကျီကို မချွတ်ရသေးပါဘူး။ ဒါပေမဲ့ အအေးဓာတ်က အရိုးထိအောင် စိမ့်ဝင်လို့ နေပါတယ်။ ကျွန်တော့်ရဲ့ ထွက်သက်တွေကို တောင် မြင်နေရတယ်။ ဒီလိုနေရာမျိုးမှာ ဒီနှစ်ကောင် ဘယ်လိုများ နေပါလိမ့်လို့တောင် ကျွန်တော် မတွေးဘဲ မနေနိုင်ပါဘူး။ စာတန်းတွေ ပျောက်ကွယ်သွားတယ်။ အမှောင်ထဲကနေ အသံတွေကို ကြားနေရတယ်။ အသံကလည်း ပညာရှင်ပီသစွာ ရောထားတယ်။ အသံတွေက ကြည်လင်ပြတ်သားပြီး မမှားနိုင်ဘူး။ အာကာဂါဝါဟာ ငိုနေ၊ ပြီးတော့ အော်လို့နေတယ်။

“ကျွန်မ တောင်းပန်ပါတယ်”

“မကြားရဘူး”

“ကျွန်မ တောင်းပန်ပါတယ်”

“ဘာပြောတယ်”

“ကျွန်မ တောင်းပန်ပါတယ်။ ခွင့်လွှတ်ပါ”

“ငါပြောနေတယ် နင်ပြောတာ မကြားရဘူးလို့၊ မကြားရဘူး မီကို၊ ဝန်ထမ်းတွေ၊ လုံခြုံရေးတွေ အကုန်ပြေးလာအောင် အော်လိုက်မှ ရမယ်၊ ခွင့်လွှတ်စေချင်ရင် နင့်လည်ချောင်းတွေ ကွဲသွားအောင် အော်မှရမယ်”

“ကျေးဇူးပြုပြီး ကျွန်မကို ခွင့်လွှတ်ပါ၊ ကျွန်မ ဘာမှ ဆက်လုပ်လို့ မရတော့ဘူး”

“တောင်းပန်”

“ကျွန်မ တောင်းပန်ပါတယ်”

“ကျယ်ကျယ်ပြော”

“ဘယ်လို တောင်းပန်နေတာလဲ၊ မျက်နှာကနေ မျက်ရည်တွေ၊ နှပ်ရည်တွေ၊ သွားရည်တွေကျပြီး တောင်းပန်တာကို မြင်ချင်တယ်”

“ကျွန်မ တောင်းပန်ပါတယ်”

မိန်းမဖြစ်သူကို အနီးကပ် ရိုက်ချက်ပြပြီး တစ်ဖြတ် ဖြတ်လိုက်တယ်။ ချွေးတွေ၊ မျက်ရည်တွေကြောင့် အဲဒီမိန်းမရဲ့ မိတ်ကပ်တွေ ပျက်လို့သွားတယ်။ စိုရွှဲနေတဲ့ ဆံချည်မျှင်တွေ သူမရဲ့ နဖူးနဲ့ပါးပြင်တွေမှာ ကပ်လို့နေတယ်။ မသပ်မရပ် ဖြစ်နေတဲ့ ဆံပင်တွေကို ဆာကူရိုင်းရဲ့ လက်လို့ မှတ်မိနေတဲ့ လက်တွေက ညင်ညင်သာသာ သပ်ပေးလို့နေတယ်။ ပြီးတဲ့နောက် မျက်နှာကြက်ကို ကြည့်တဲ့အထိ လက်ချောင်း နှစ်ချောင်းနဲ့ သူမရဲ့ မေးစေ့ကို မတင်လိုက်ပြီး ခပ်ပြင်းပြင်း ရိုက်ချလိုက်ပါတယ်။ ထပ်ပြန်တလဲလဲ ရိုက်ပါတယ်။ သူမရဲ့ မျက်နှာက ချွေးတွေ၊ မျက်ရည်တွေနဲ့ ရွှဲနေတာကြောင့် ရိုက်ချက် တစ်ချက်တိုင်းမှာ ဖြန်းခနဲ၊ ဖြန်းခနဲပဲ။ တစ်ချက် ရိုက်ပြီးတိုင်း အော်ပြီး တောင်းပန်ခိုင်းတယ်။ သူမကလည်း အသံပျက်လောက်အောင် ထပ်ပြန်တလဲလဲ အော်ပြီး တောင်းပန်တယ်။ သူမရဲ့ မျက်နှာက နီရဲသည်ထက် နီရဲလို့လာတယ်။ သူမရဲ့ မျက်နှာက နေ ရှိသမျှ အရည်မျိုးစုံ ကျလို့လာတယ်။

“ဘာကြောင့် ရိုက်နေလဲ ဆိုတာ သိလား”

“သိပါတယ်”

“ပြောစမ်း”

“ကျွန်မ...”

“ကျယ်ကျယ်ပြော၊ ငိုနေတာ မရပ်နဲ့”

“ကျွန်မ စိတ်ကစဉ့်ကလျား ထပ်ဖြစ်လို့ပါ”

“စိတ်ကစဉ့်ကလျားဖြစ်ရင် နင် ဘာပြောလဲ”

“နင်က အောက်တန်းအကျဆုံးပဲ”

“မကြားရဘူး”

“နင်က အောက်တန်းအကျဆုံး ယောကျ်ားလို့ ပြောလိုက်တာ”

ရိုက်ချက်တွေက ပါးပြင်တွေပေါ်တင်သာမက နေရာအနှံ့ ဝုန်းဒိုင်းကြဲပြန်တယ်။

အထူးသဖြင့် သူမရဲ့ တင်ပါးတွေကို ပစ်မှတ်ထားတယ်။ အခုတော့ ကင်မရာက အဲဒီနေရာကို ဦးတည်ထားပြန်တယ်။ ဒီနေရာမှာ သားရေကြိုးပြား အသေးတစ်ခုပါ ပါလာတယ်။ သိပ်မကြာခင် သူမရဲ့ တင်ပါးပေါ်မှာ ခရမ်းရောင် အရာတွေ ပေါ်လို့လာတယ်။ ဒီအတောအတွင်းမှာ သူမရဲ့ ယောနိကို ဖန်သားပြင် အပြည့် ပြလို့နေတယ်။ ရက်ရက်စက်စက်ကို အနီးကပ် ပြနေတယ်။ နောက်ဆုံး ကျွန်တော် အကြည့်လွှဲလိုက်ရတယ်။ ကျွန်တော် အဲဒီလို အကြည့်လွှဲလိုက်တာကို အရပ်ရှည်ရှည်ကောင်က ပြုံးနေတာ သတိထားလိုက်မိတယ်။ သူ့မျက်လုံးတွေက ဖန်သားပြင်ပေါ်ကနေ မခွာနိုင်ဘူး။ တက္ကစီကုမ္ပဏီက ထုတ်ပေးထားတဲ့ ချည်သား ရှပ်အင်္ကျီအပေါ်မှာ ခပ်ပါးပါး အပြာရောင် ဘလေဇာကုတ်တစ်ထည်ပဲ ရှိနေပေမယ့် သူဟာ အအေးဒဏ်ကို သတိမထားမိသလို ဖြစ်လို့နေပါတယ်။ ဖန်သားပြင်မှာ ရိုက်ချက်တွေလျော့ကျသွားပြီး လိင်ဆက်ဆံမှု စတင်လာတယ်။ စစချင်းက လိင်တံကို စုပ်တဲ့ အခန်းဖြစ်ပြီးတော့ နောက်တော့ အနှေးပြကွက်နဲ့ အာကာဂါဝါက ဆာကူရိုင်းရဲ့ လိင်တံကို ဆုပ်ကိုင်တဲ့ နေရာကို ရောက်လို့လာတယ်။ နောက်ခံမှာ ဘီလီဟောလီးဒေးရဲ့ ‘ငါ့ရဲ့အရာ

ရာ' သီချင်းကို ဖွင့်လို့ထားတယ်။ သီချင်းဆုံး သွားတော့ သူမရဲ့ လက်သည်းနီ ဆိုးထားတဲ့ လက်နဲ့ သူ့စာကို ဆုပ်ကိုင်ထားတဲ့ ပုံကို ပုံသေထားပြီး ဗီဒီယိုလည်း အဆုံးသတ်သွားတယ်။

အရုပ်ရှည်ရှည်နဲ့ ကောင်လေးဟာ စက်ကို ရပ်လိုက်ပြီး အခွေကို ထုတ်လိုက်တယ်။ အခွေကာဗာထဲ အခွေထည့်လိုက်ပြီး ကျွန်တော့်ကို လက်ကမ်းပေးတယ်။ အခွေရဲ့ အနောင့်မှာ ပရော်ဖက်ရှင်နယ်ဆန်ဆန် 'ငါ့ရဲ့အရာရာ' လို့ ရေးထားပါတယ်။

"ကောင်းပြီလေ" လို့ ကျွန်တော်က ပြန်မလို့ ထရင်းနဲ့ ပြောလိုက်တော့ သူက ကျွန်တော့်ကို တားပြီး "ခဏလေး" လို့ သူ ပြောပါတယ်။ ကျွန်တော့်ဆီက ပိုက်ဆံတောင်းမလို့ပဲလို့ ကျွန်တော် ထင်လိုက်ပါတယ်။ လိုလိုမည်မည် ဆိုပြီးတော့ ကားထဲမှာ ယန်းတစ်သောင်းတန်တွေ အများကြီး ကျွန်တော် ထည့်လာခဲ့ပါတယ်။ ဒါပေမဲ့ ဒီကောင်လေးကို ဘာမှ ပေးစရာမလိုဘူးလို့ ကျွန်တော် ခံစားမိပါတယ်။ တိုက်ခိုက်ရေးငကြောင် ဆာကာကီက အခန်းထဲက ထွက်သွားတော့ မထိန်းနိုင်တဲ့ အခြေအနေဆိုရင် ပြတင်းပေါက်ကို ခွပြီး သူ့ကို အချက်ပြဖို့ ပြောခဲ့ပါတယ်။ ပြတင်းပေါက်တွေက လိုက်ကာ မတပ်ထားဘူး။ မှန်တွေက ပါးပါးလေးတွေမို့ အရေးရယ် အကြောင်းရယ် ဆိုရင် ခွရ တော်တော်လွယ်မယ့် ပုံပါပဲ။ အဲဒီကောင် တိုးတိုးလေး စကားပြောလိုက်ချိန်မှာ ကျွန်တော် မသိမသာနဲ့ အိတ်ကပ်တွေထဲ နှိုက်ပြီး ပစ်ခွလို့ရမယ့် မာကျောတဲ့ ပစ္စည်းသေးသေး တစ်ခုကို လိုက်ရှာနေပါတယ်။

"ကျွန်တော့်ကောင်မလေးက ဒီမှာ" လို့ သူက ထောင့်မှာ ကြောက်လန့်နေတဲ့ ကောင်မလေးကို ကြည့်ပြီး ပြောတယ်။ သူ ဘာပြောတော့မလဲ ဆိုတာကို ကောင်မလေးက သိပြီး ခေါင်းကို ခပ်ပြင်းပြင်း ခါလို့ နေပြန်တယ်။ ကောင်လေးက ထသွားပြီး ကောင်မလေးရဲ့ ပခုံးပေါ် လက်တင်လိုက်တယ်။ ပြီးတော့ ကောင်မလေးကို စိတ်မပူဖို့ကို ချော့မြူတဲ့လေသံနဲ့ ပြောလိုက်တယ်။ အဲဒီလို အသံမျိုး ကျွန်တော် တစ်ခါမှ မကြားဖူးဘူး။ ပပ်ခွါနပ်ခွါ နိုင်သလို နူးညံ့ပြီး တည်ငြိမ်တယ်။ ဘယ်သူ့ကိုမဆို စိတ်အေးသွားစေမယ့် လေသံမျိုးပေါ့။

"စိတ်မပူနဲ့၊ အီရီကို၊ သူက ရဲမဟုတ်ဘူး၊ ယာကူဇာလည်း မဟုတ်ဘူး၊ သူက ဆာကူရိုင်းယိုအိချိရဲ့ သူငယ်ချင်း၊ အဲဒါ အမှန်ပါ၊ ဒီကိုလာတဲ့ လမ်းတစ်လျှောက် ကားမောင်းရင်း သူ့ကိုမေးခွန်းတွေ အများကြီး မေးပြီး စစ်ခဲ့ပါ

တယ်၊ သူက ဆာကူရိုင်းရဲ့ အတန်းဖော်၊ သူတို့က ငယ်သူငယ်ချင်းတွေ၊ အဲဒါ ကြောင့် ဒီအခွေ ဘယ်လိုရလာသလဲ ဆိုတာ သူ့ကို ရှင်းပြချင်တယ်၊ အဲဒါမှ ဒီ ပြဿနာကနေ ထွက်နိုင်ပြီး ဘယ်သူ့ကိုမှ မထိခိုက်စေဖို့ အကောင်းဆုံး ဖြစ်မှာ လေ၊ မဟုတ်ဘူးလား”

ကောင်မလေးက ခေါင်းနှစ်ကြိမ် ညိတ်ပြရင်း သူမရဲ့ ခွေန်တဲ့ မေးစေ့ဟာ တုန်ယင်လို့ နေတယ်။ ပြီးတော့ တတိယတစ်ခါ ထပ်ညိတ်ပြန်တယ်။

“ကျွန်တော် တစ်ခါမှ မလိမ်ဖူးပါဘူး” လို့ သူက ကျွန်တော့်ကို ပြောပါ တယ်။ “ဒီမှာ ရှိနေတဲ့ အီရီကိုလည်း မလိမ်ပါဘူး၊ သူက လူအများစုထက် ပိုပြီး တော့တောင် ခံစားမှု များသေးတယ်၊ အရမ်းကြီးလည်း ရှက်တတ်သေးတယ်၊ အခုပြောမယ့် ဇာတ်လမ်းနဲ့ ခင်ဗျားကို ကျွန်တော် စိတ်ရှုပ်အောင် မလုပ်ပါဘူး၊ ကျွန်တော်နဲ့ အီရီကို အတူနေကြမယ်လို့ ဆုံးဖြတ်တော့ တစ်ယောက်ကိုတစ် ယောက် ဘယ်တော့မှ မလိမ်ကြဖို့ သစ္စာဆိုထားတယ်၊ တခြားသူတွေကိုရော ပေါ့၊ တခြားလူတွေက ကျွန်တော်တို့ကို ဘာပဲပြောပြော၊ ဘာပဲလုပ်လုပ်ပေါ့ အဲ ဒါ ကျွန်တော်နဲ့ အီရီကို အမြဲလုပ်တဲ့ အရာပါ၊ အမြဲတမ်း အမှန်အတိုင်း ပြော တာပေါ့”

“ငါ မင်းကိုယုံပါတယ်” လို့ ကျွန်တော် အတတ်နိုင်ဆုံး အနူးညံ့ဆုံး အသံ နဲ့ ပြောလိုက်ပါတယ်။

“ဆိုတော့ ဒီအခန်းထဲမှာ မုသား လုံးဝ မရှိပါဘူး၊ ကျွန်တော်လည်း လူလိမ် မဟုတ်ပါဘူး”

“ကျွန်တော့် အိပ်မက်က သရုပ်ဆောင် တစ်ယောက် ဖြစ်ဖို့ပါ” လို့ သူ ဆက်ပြောပါတယ်။ “ကျွန်တော်က ဆာကူရိုင်းရဲ့ အမာခံပရိသတ် တစ်ယောက် ပါ၊ ကျွန်တော် သူ့ကို အရမ်းလေးစားပါတယ်၊ သူနဲ့ ပတ်သက်တဲ့ အရာအားလုံး ကို ကျွန်တော် လိုက်ဖတ်ပါတယ်၊ အဲရီကို ရီဂျန့်ပါ့ခ်ဟိုတယ်မှာ အကူဝန်ထမ်း အဖြစ် အလုပ်လုပ်ပါတယ်၊ အင်း... ဒီလောက်ဆို ကျန်တာကို ခန့်မှန်းလို့ ရ လောက်ပါပြီ”

ကျွန်တော် ခေါင်းညိတ်လိုက်တယ်။

“သူ အဲဒီမှာ အခန်းငှားနေမှန်းတောင် အဲရီကို မသိပါဘူး၊ ဒါပေမဲ့ ဒီအခွေကို သူ့ကြမ်းပြင်ပေါ်မှာ တွေ့လိုက်တော့ တော်တော်လေး စိတ်လှုပ်ရှား သွားပါတယ်၊ ကျွန်တော် အရမ်းလေးစားတဲ့ လူမှန်း သိလို့ပါ၊ ဒီဗီဒီယိုက မဖြန့်ရသေးတဲ့ ရုပ်ရှင်အသစ်လို့ သူက ထင်တာ၊ အဲဒါကြောင့် စိတ်လှုပ်ရှားပြီး အိမ်ကို ယူလာခဲ့တာ”

“အဓိပ္ပာယ်ရှိပါတယ်၊ အခွေမှာ ရေးထားတဲ့ စာနဲ့ဆိုတော့”

“သူက တစ်ခွေပွားပြီး ပြန်ပေးမလို့ပါ၊ ဒါပေမဲ့ ကျွန်တော်တို့ ကြည့်ပြီးတဲ့နောက် ကူးလိုက်ရင် မကောင်းဘူး ဆိုတာ သိပါတယ်၊ အခုတော့ သူက ပြန်ပေးရမှာကိုတောင် ကြောက်နေပါတယ်၊ အဲဒါကြောင့် သိမ်းထားတာပါ”

“တစ်ခုလောက် မေးပါရစေ”

“ဟုတ်ကဲ့၊ ကြိုက်တာ မေးပါ”

“ဘာဖြစ်လို့ ငါ့ကို ကြည့်စေချင်တာလဲ”

“ဘာရယ်တော့ မဟုတ်ပါဘူး၊ ကျွန်တော်တို့အားလုံး အတူတူ နောက်ဆုံးတစ်ခေါက်အနေနဲ့ ကြည့်ချင်မိတာပါ၊ သီးသန့် အိမ်တွင်းရုပ်ရှင်ရုံလေ၊ ပြောရရင်တော့ နောက်ဆုံးအခန်းက အမိုက်စားပဲ၊ သီချင်းကလည်း အရမ်းကောင်းတယ်”

“ဘီလီဟောလီးဒေးလေ”

“အဲဒါ အဆိုတော် နာမည်လား”

“ဟုတ်တယ်”

“ကျွန်တော်က အဆိုတော် အသံကို သိပ်မကြိုက်ပါဘူး၊ ဒါပေမဲ့ သီချင်းက တကယ်ကောင်းပါတယ်၊ အဲရီကိုလည်း ကြိုက်တယ်၊ အဲဒီ သီချင်းနာမည်နဲ့ စီဒီတွေ အများကြီး ကျွန်တော် လိုက်ရှာခဲ့တယ်၊ အဲရီကို ကြိုက်လောက်မယ့် အဆိုတော်တွေ၊ တစ်ယောက်မှ အကြိုက်မတွေ့ခဲ့ဘူး”

“ခဏလေး” လို့ ကျွန်တော်ပြောလိုက်တယ်။

“ငါ ပြန်လာခဲ့မယ်၊ မင်းဆီမှာ ကက်ဆက်ရှိတယ် မဟုတ်လား”

သူ ကျွန်တော့်ကို အူကြောင်ကြောင် အကြည့်နဲ့ ပြန်ကြည့်ပြီး ခေါင်းညိတ်ပြပါတယ်။

ကျွန်တော် ကိုရိုလာ ကားတံခါးကို ဖွင့်လိုက်တော့ မျက်စိမှိတ်လိုက်တာနဲ့ အိပ်ပျော်တတ်တဲ့ ဆာကာကီဟာ ဆတ်ခနဲ နိုးလာပြီး ယောင်အော်ပါတယ်။

ကျွန်တော် သူ့ကို ဂရုမစိုက်ဘဲ ကားကက်ဆက်ထဲက အခွေကို ထုတ်ပြီး အရိုးခိုက်အောင် အေးတဲ့ အခန်းဆီ ပြန်တက်ခဲ့ပါတယ်။

ကျွန်တော် ဇီယိုမာရာလော်ဂတ်ရဲ့ 'ငါ့ရဲ့အရာရာ' ဗားရှင်းကို ဖွင့်ပြလိုက်ပါတယ်။ ပလွေဆရာနဲ့ ကြေးတူရိယာ အတီးသမား ဟိုဆေးကော်တေးရဲ့ အရိန်မန့်က လက်ဖျားခါလောက်စရာပါပဲ။ အဖွင့်တေးသွားရဲ့ အနောက်မှာ ဒရမ်ရိုက်ချက်တွေ ပါလာပါတယ်။ ကမ္ဘာ့အကောင်းဆုံးလို့ ပြောရမယ့် ဟွမ်မူဂီအာက ထရမ်းပတ် မှုတ်ပါတယ်။ ဟာမန်ဗီလာစကိုက ဘယ်သံဆက်ဆိုဖုန်း၊ ကားလော့စ် အဗာဟော့ဖ်က ညာသံ။ သူတို့သုံးယောက်စလုံးဟာ ကျူးဘားအဖွဲ့ အီရာကီရိုက အဖွဲ့ဝင်ဟောင်းတွေပါ။ ကြိုးတပ် တူရိယာသမားတွေနဲ့ တခြား ဂီတသမားတွေ အားလုံးကလည်း သူတို့နဲ့ ဆိုင်ရာနယ်ပယ်တွေမှာ ထိပ်တန်းတွေချည်းပါပဲ။ အဲဒါက အခရာပါပဲ။ သာမညောင်ည ဂီတသမား တစ်ယောက်သာ ပါရင် အားလုံးကို ရှုပ်ထွေး ပျက်စီးသွားအောင် ဖြစ်စေပါလိမ့်မယ်။ အသံအရောင်တွေက တောက်ပတယ်။ ဂီတနုတ်စ်တွေက ကျောက်မျက်ရတနာတွေလို တဖျပ်ဖျပ် လက်နေတယ်လို့ ကျွန်တော့် မျက်စိထဲမှာ အမြဲ မြင်ယောင်မိပါတယ်။ နောက်တော့ လင်းလက်တောက်ပတဲ့ အင်ထရိုပြီးနောက် ခဏလေးနားပြီး ဇီယိုမာရာလော်ဂတ်ရဲ့ အသံက နွေးဖျတဲ့ လေလိုအေးစက်နေတဲ့ အခန်းထဲ စီးဝင်လို့ လာပါတယ်။ နူးညံ့၊ ပျော့ပျောင်းပြီး အက်ရှရှအသံလေး ပါတဲ့ ဇီယိုမာရဲ့ အသံက ကမ္ဘာကြီးထဲ ပျံ့နှံ့သွားပြီး တေးသွားနဲ့အတူ ပွေ့ဖက်သွားပါတယ်။

"ကျွန်မ ထပ်နားထောင်ချင်သေးတယ်" လို့ သီချင်းဆုံးတော့ ကောင်မလေး အီရီကိုက ပြောတယ်။ သူမ စကားကျယ်ကျယ်ပြောတာ ဒါပထမဆုံးအကြိမ်ပါပဲ။ သူမ ကြောက်နေဆဲပုံ ပေါက်ပေမယ့် စောင်အောက်က ထွက်နေတဲ့ သူမရဲ့ ခြေထောက်တစ်ဖက်က တေးသွားနဲ့အတူ လိုက်ပုတ်နေတာကို ကျွန်တော် တွေ့လိုက်ရပါတယ်။ ဂျပန်မှာ၊ ဒါမှမဟုတ် ကမ္ဘာပေါ်မှာ အရှက်တတ်ဆုံး၊ ဒါမှမဟုတ် အကဲဆတ် အလွန်ဆုံး လူတောင်မှ ကျူးဘားက

အကောင်းဆုံး ဂီတအဖွဲ့ရဲ့ ဖမ်းစားမှုကို မလွန်ဆန်နိုင်ဘူး ဆိုတာ ကျွန်တော် ပြောပြချင်ပါတယ်။

“ညည်း ကြိုက်သလောက်သာ နားထောင်တော့” လို့ ကျွန်တော် ပြော လိုက်တယ်။ “ဒီအခွေ ယူထားလိုက်”

ကျွန်တော် ပြန်ထွက်လာတော့ မှောင်မည်းနေတဲ့ သတ္တုလှေကားက ဆင်းပြီး ကိုရိုလာ ကားဆီ အပြန်မှာ ဆာကူရိုင်းကို သူ့ရဲ့နောက်ရိုက်မယ့် ရုပ်ရှင်ထဲမှာ ကျွန်တော့်ရဲ့ ကျူးဘားတိပ်ခွေတွေ အသုံးပြုခွင့်ပေးဖို့ ကတိပြုခဲ့ တာကို သတိရမိပါတယ်။ ဇီယိုမာရာလော်ဂတ် ဆိုထားတာတွေ သုံးခိုင်းဖို့ အကြံပေးမယ်လို့လည်း ဆုံးဖြတ်လိုက်ပါတယ်။ ‘ငါ့ရဲ့အရာရာ’ သီချင်းတော့ မဟုတ်ဘူးပေါ့။ ကျွန်တော် သူ့ဗီဒီယို ကြည့်ခဲ့တာကို သံသယ မဝင်စေချင်ပါ ဘူး။

“စစ်ဆင်ရေး အောင်မြင်ပြီ” လို့ ကျွန်တော် ဆာကာကီကို ပြောလိုက် ပါ တယ်။ ကျွန်တော် ကားထဲ ဝင်ခါနီးမှာ အပေါ်ထပ်ကနေ ဇီယိုမာရာရဲ့ အသံကို တိုးတိုးဖျဖျ ကြားနေရပါတယ်။

ငါ့မှာ ရှိသမျှ

အရာအားလုံး ပေးထားပြီးသား...

ဘာကြောင့်ရယ် မသိဘဲ၊ ကျွန်တော် အားစိုက်နားထောင်နေရင်း ဆာကူ ရိုင်းရဲ့ ဗီဒီယိုထဲက နောက်ဆုံးရိုက်ချက်ဟာ ကျွန်တော့်စိတ်ထဲ ပြန်ပေါ်လို့ နေ တယ်။ လက်သည်းနီ ဆိုးပြီး စက်ဝိုင်းပုံ ဆုပ်ကိုင်ထားတဲ့ အာကာဂါဝါမီကိုရဲ့ လက်ဟာ ဖြည်းဖြည်းချင်း ရွေ့လျားနေပြီး နောက်ဆုံးမှာတော့ အေးခဲလို့ သွား လေရဲ့။

❑

(All of me by Ryū Murakami)

လေဆိပ်ထဲမှာ

ကျွန်မ ဆိုင်တိုကို ဖုန်းထပ်ဆက်ပေမယ့် အသံမေးလ်ထဲ တန်းဝင်သွားတာကြောင့် ဖုန်းချလိုက်တယ်။ မှန်ဆလိုက် တံခါးကြီး ပွင့်လာတယ်။ နှင်းလျှောစီး အပြားတွေ ကိုင်ထားတဲ့ လူတစ်အုပ် အထဲကို ဝင်လာတယ်။ လေဆိပ်ထဲမှာ တောက်ပလို့ နေတယ်။ အပြင်မှာက ပိုတောင် တောက်ပသေးတယ်။ အဲဒါကြောင့် ပထမတော့ နှင်းလျှောစီး အုပ်စုကို ဝိုးတိုးဝါးတားပဲ မြင်ရတယ်။ အခုတော့ သူတို့တွေဟာ ကျွန်မ အနောက်ကနေ ကျော်တက်သွားပြီ။ ကျွန်မရဲ့ ရှေ့တည့်တည့်က ခုံမှာ ထိုင်နေတဲ့ လူဟာ အပတ်စဉ်ထုတ် မဂ္ဂဇင်းတစ်အုပ်ကို ဖတ်လို့နေတယ်။ မျက်နှာဖုံးမှာက မင်းသမီးတစ်ယောက်ရဲ့ ဓာတ်ပုံပါ။ တီဗွီမှာ မကြာမကြာ မြင်နေရတဲ့ မျက်နှာပါပဲ။ သူမ နာမည်ကို ကျွန်မ မမှတ်မိဘူး။ ဒါပေမဲ့ သူမရဲ့နာမည်ထဲမှာ ဆာကူရာတို့၊ ချယ်ရီပန်းတို့ ပါလိမ့်မယ် ဆိုတာ ကျွန်မ သိတယ်။ ကျွန်မဆီမှာ လေယာဉ်လက်မှတ် မရှိဘူး။ ကျွန်မ ဆိုင်တိုကို အေအန်အေ လေယာဉ်လက်မှတ် စာရင်းသွင်းတဲ့ ကောင်တာရှေ့မှာ တွေ့ရမှာပါ။ သူက လက်မှတ်တွေ ယူလာမှာ။

မဂ္ဂဇင်းဖတ်နေတဲ့ လူက ကျွန်မကို နှစ်ကြိမ်တောင် ကြည့်တယ်။ သူဟာ အသက်သုံးဆယ်နှောင်းပိုင်း အရွယ်လောက်ပဲ။ မီးခိုးရောင် အနောက်တိုင်းဝတ်စုံ အပေါ်မှာ ခရင်မ်ရောင် ကုတ်အင်္ကျီအရှည် ဝတ်လို့ထားတယ်။ “အေအန်အေ စာရင်းသွင်းကောင်တာရှေ့မှာ မျက်နှာချင်းဆိုင် ထိုင်ခုံတွေ ရှိတယ်” လို့ မနေ့တုန်းက ဆိုင်တို ဖုန်းနဲ့ ပြောခဲ့တယ်။ ဆိုင်တိုနဲ့ ကျွန်မ တွေ့တာ လွန်ခဲ့တဲ့ လေးလတုန်းကပါ။ ကျွန်မ အနားက ခုံတွေ အားလုံးမှာ လူရှိနေကြပါတယ်။ လူတွေ အများကြီး အုံခဲနေပါတယ်။ သူတို့တွေဟာ တစ်ယောက်ယောက် ထသွားတာနဲ့ ဝင်ထိုင်ဖို့ အသင့်ဖြစ်နေကြပါတယ်။ သူတို့တွေဟာ ထိုင်ခုံမှာ ထိုင်ချင်နေကြကြောင်း မပြသပေမယ့် အချက်တော့ ပြနေကြပါတယ်။

မဂ္ဂဇင်းဖတ်နေတဲ့ လူနဲ့ မရည်ရွယ်ဘဲ မျက်လုံးချင်း ဆုံပါတယ်။ သူ့မျက်လုံးတွေက ကျွန်မရဲ့ ပခုံးတွေဆီ လျှောကျလာတယ်။ ပြီးတော့ ကျွန်မ ခန္ဓာကိုယ်ကို ခပ်သွက်သွက် ကြည့်တယ်။ ကျွန်မတစ်ကိုယ်လုံး ဖိနပ်က ခြေထောက်တွေဆီ ကြည့်ပြီးတော့မှ သူဟာ မဂ္ဂဇင်း ပြန်ဖတ်တယ်။ ကျွန်မက

အနက်ရောင်ဝတ်စုံ အပေါ်မှာ ဝါညိုရောင် သိုးမွေးကုတ် ဝတ်လို့ ထားပါတယ်။ တစ်ချိန်က ဝယ်ထားခဲ့တဲ့ ဒီဇိုင်နာ လည်စည်းကို ပတ်ထားပါတယ်။ ကျွန်မရဲ့ ခရီးဆောင်အိတ်ကလည်း ဒီဇိုင်နာထုတ်ပါပဲ။ဒါပေမဲ့ ဈေးတော့။မကြီးပါဘူး။ ကူမာမိုတိုက ဆောင်းရာသီဟာ ဘယ်လောက် အေးမလဲတော့ ကျွန်မ မသိပါဘူး။ အဲဒါကြောင့် တိုကျိုမှာ ဝတ်တာနဲ့ သိပ်မခြားနားတာ ကျွန်မ ဝတ်လာခဲ့ပါတယ်။ မနေ့တုန်းက ကျွန်မရဲ့သားကို ကျွန်မအမေအိမ် မပို့ခင် ညနေခင်း သတင်းမှာ ကူမာမိုတိုရဲ့ အပူချိန်ကို ကြည့်မလို့ စဉ်းစားပါသေးတယ်။ ဒါပေမဲ့ ကျွန်မသားက ကကြည်ကကြောင် ကျနေတာကြောင့် မိုးလေဝသသတင်း မလာခင် ထွက်ခဲ့ရပါတယ်။

ကျွန်မရဲ့ ခေါင်းပေါ်တည့်တည့်မှာ ထွက်ခွာမယ့် လေယာဉ် ခရီးစဉ်တွေကို ပြသနေတဲ့ ဧရာမ တီဗွီဖန်သားပြင် တစ်ခု ရှိပါတယ်။ ကျွန်မတို့ စီးမယ့် လေယာဉ်ဖြစ်တဲ့ အေအန်အေ ၆၄၅ က လေယာဉ်ပေါ် တက်လို့ရပြီလို့ ပြသနေပါတယ်။ ဖန်သားပြင်ပေါ်က လေယာဉ်ခရီးစဉ်တွေဟာ ရေနှိုင်တာထက်တောင် ပိုများ ပါသေးတယ်။ ဖူကူအိုကာနဲ့ ဆက်ပိုရိုတို့ကို သွားမယ့် လေယာဉ်တွေ အများကြီး ပါပဲ။ ကူမာမိုတိုကို သွားတဲ့ လေယာဉ်က နည်းနည်းပဲ ရှိပါတယ်။ ကျွန်မ နာရီကို ကြည့်ပြီး ဂိတ်မပိတ်ခင် အချိန်ဘယ်လောက် ကျန်သေးလဲလို့ တွက်လိုက်ပါတယ်။ အခုတော့ ဖူကူအိုကာ ခရီးစဉ်အတွက် ကြေညာချက် ထုတ်ပြန်နေပါတယ်။ မဂ္ဂင်းနဲ့လူဟာ ထသွားပါတယ်။ သူ လမ်းလျှောက်ထွက် သွားရင်းနဲ့ ကျွန်မကို တစ်ခါ ထပ်ကြည့်ပါတယ်။ ကျွန်မဟာ ဟိုလို မိန်းမအမျိုးအစားလို့ မြင်သာနေတဲ့ အချက်များ ရှိနေသလားလို့ ကျွန်မ တွေးမိပါတယ်။

ကျွန်မဟာ လွန်ခဲ့တဲ့ နှစ်နှစ်က ကွာရှင်းပြတ်စဲခဲ့ပြီး လေးနှစ်အရွယ် သားလေးတစ်ယောက် ရှိပါတယ်။ ကျွန်မယောကျ်ားရဲ့ အမေနဲ့ ကျွန်မ ဘယ်တော့မှ အကြောမတည့်ပါဘူး။ မင်္ဂလာဆောင်တဲ့ နေ့ကတည်းကပါပဲ။ အဲဒါကြောင့် လည်း ကျွန်မတို့ အိမ်ထောင်ရေး ပြိုကွဲခဲ့ရတာပါ။ ကျွန်မအမျိုးသားက သူ့အဖေ ချန်ထားခဲ့တဲ့ စက်ယန္တရား အစိတ်အပိုင်း ထုတ်လုပ်တဲ့ စက်ရုံကို ဖွင့်ထားပါတယ်။ ဒါပေမဲ့ ကျွန်မတို့ ကွာရှင်းပြတ်စဲပြီး မကြာခင်မှာ ပိတ်လိုက်ရပါတယ်။ သူ့ရဲ့ ဖောက်သည်ကုမ္ပဏီ တော်တော်များများဟာ ဒေဝလီခံသွားရတယ်လို့ သူ ကျွန်မကို ပြောပြပါတယ်။ သူဟာ နူးညံ့ပြီး လေးလေးနက်နက် ရှိတဲ့ လူတစ်ယောက်ပါ။ သူ ကျွန်မအပေါ် ကြင်နာပါတယ်။ ဒါပေမဲ့ သူ့အမေအပေါ် ပိုကြင်နာတယ်။ သူ့အမေဟာ ကျောကုန်းနဲ့ ပခုံးမှာ ပြဿနာဖြစ်နေပါ

တယ်။ ကုသမှုမျိုးစုံလည်း ခံယူ ပြီးပါပြီ။ အကြောပြင်ဆရာတွေ၊ အပ်စိုက် ဆရာ၊ ပရဆေးဆရာတွေ မျိုးစုံနဲ့ ကုပြီးပါပြီ။ ဆေးဝါး အလိမ်အညာတွေ တောင် ပါပါသေးတယ်။ ငွေသောက်သောက်လဲ ကုန်ခဲ့ပါတယ်။ အပေါ့စား လေ့ကျင့်ခန်းတွေက သူမအတွက် အသင့်တော်ဆုံးပါပဲ။ ဒါပေမဲ့ သူမဟာ ပုံမှန် အားဖြင့် အိမ်ထဲမှာ ထိုင်နေပြီး ဆေးဆရာတွေ ရောက်လာမှာကိုပဲ မျှော်နေ တတ်ပါတယ်။

စာဖတ်တဲ့လူ ထသွားတော့ အသက်ကြီးကြီး လင်မယား နှစ်ယောက်ထဲ က ယောကျ်ားဖြစ်သူက မျက်နှာချင်းဆိုင် ခုံမှာ ဝင်ထိုင်ပါတယ်။ သူတို့ရဲ့ အဝတ်အစားပုံစံက သူတို့တွေဟာ ကျေးလက်ကို ပြန်ကြမလို့ ဆိုတာကို ပြသ နေပါတယ်။ သူတို့ရဲ့ ခြေတွေ၊ လက်တွေဟာ မည်းနက်နေအောင် နေလောင် ထားပါတယ်။ ယောကျ်ားဖြစ်သူက တွန့်ကြေနေတဲ့ အဖြူရောင်တီရှပ်၊ အနီ ရောင်လည်စည်း၊ လက်တိုနေတဲ့ အညိုရင့်ရောင် ဝတ်စုံတို့ကို ဝတ်ထားပါ တယ်။ သူ့ရဲ့ ပါးနေတဲ့ဆံပင်က ပိပြားနေပြီး နောက်ကို လှန်ဖြီးထားပါတယ်။ ကျောပိုးအိတ်ကို လက်နဲ့ ပိုက်လို့ထားပါတယ်။ သူ့ဘေးနားမှာ မတ်တတ်ရပ်နေ တဲ့ လူကောင်သေးသေး အမျိုးသမီးဟာ တော်တော်လေး ခါးကိုင်းနေတာ ကြောင့် ပိုပြီးတောင် သေးငယ်သလို ထင်ရပါတယ်။ သူမ မျက်နှာမှာ ဘာ အမူအရာမှ မရှိဘူး။ အဖြူရောင် ဖောင်ဒေးရှင်း လိမ်းထားပုံပဲ ထင်ရပါတယ်။ သူမဟာ လက်နဲ့ထိုးထားတဲ့ လိမ္မော်ရောင် သိုးမွေးအင်္ကျီပွပွကို အဖြူရောင် ဘာ လောက်စ်အင်္ကျီအပေါ်မှာ ဝတ်ထားပါတယ်။

လူတွေကို သူတို့ရဲ့ ပုံပန်းသဏ္ဌာန်ကြည့်ပြီး သူတို့အကြောင်း အများကြီး ပြောလို့ရပါတယ်။ ကျွန်မရဲ့လက်တွေကို ငုံ့ကြည့်လိုက်ပါတယ်။ ကျွန်မရဲ့ ဘယ် ဘက် လက်ကောက်ဝတ်မှာ ကာတီယာနာရီ ပတ်ထားပါတယ်။ ကျွန်မ လိင် လုပ်ငန်းထဲ အလုပ်ဝင်ပြီးကတည်းက ဝယ်ဖြစ်တာ ဆိုလို့ ဒီနာရီပဲ ရှိပါတယ်။

ကျွန်မ အိမ်ထောင်ကွဲပြီးတဲ့နောက် သားကို နေ့ကလေးထိန်းဌာနကို ပို့ပါ တယ်။ အိမ်နားက ဓာတ်ဆီဆိုင်မှာ ငွေကိုင်အဖြစ် ကျွန်မ အလုပ်ရပါတယ်။ အ ကီမိချန် ဆိုတဲ့ ကောင်မလေးတစ်ယောက်နဲ့ ကျွန်မ အလုပ်အတူတူ လုပ်ရပါ တယ်။ နောက်သိပ်မကြာခင်မှာ ကျွန်မ အလုပ်ကနေ ထွက်လိုက်ရပါတယ်။ အ ကီမိချန်က အသက်နှစ်ဆယ့်နှစ်နှစ်၊ ကျွန်မက သုံးဆယ့်တစ်နှစ်။ ဓာတ်ဆီဆိုင် တွေကြားမှာ ဈေးနှုန်းစစ်ပွဲ ဖြစ်တာကြောင့် ကျွန်မတို့ဆိုင်ရဲ့ အမြတ်ဟာ ထိုး

ကျနေပါတယ်။ အဲဒါကြောင့် ဆိုင်က အသက်ငယ်တဲ့ အချိန်ပိုင်း ဝန်ထမ်းတွေကို လျှော့ချမယ်လို့ ကျွန်မ ထင်ခဲ့ပါတယ်။ အဲဒီ ဝန်ထမ်းလေးတွေအတွက် ပိုက်ဆံလည်း သိပ်မပေးရပါဘူး။

ကျွန်မ ကွာရှင်းပြီး အချိန်အတိုင်းအတာ တစ်ခုလောက်ထိ ကျွန်မ ယောကျ်ားရဲ့ စက်ရုံက ဝန်ထမ်းတွေ နေကြတဲ့ ကွန်ဒိုတစ်ခန်းမှာ နေခဲ့ပါသေးတယ်။ ဒါပေမဲ့ စက်ရုံပိတ်လိုက်တော့ ကျွန်မလည်း ပြောင်းရတော့မယ် ဆိုတာကို သိခဲ့ပါတယ်။ အဲဒီကွန်ဒိုက အပေါင်ဆုံး သွားခဲ့ပါတယ်။ စက်ရုံ မရှိတော့တဲ့ နောက် ကျွန်မရဲ့ယောကျ်ားဟာ မယားစရိတ်၊ ကလေးစရိတ် မထောက်ပံ့နိုင်တော့ပါဘူး။ အဲဒီအတွက် သူ တော်တော်လေး အရှက်ရပါတယ်။ ကျွန်မ ရှေ့မှာ တောင် ငိုခဲ့ပါသေးတယ်။ ဒါပေမဲ့ ကျွန်မက သူ့အပေါ် အပြစ်တင်စရာ မရှိဘူးလို့ပဲ သဘောထားပါတယ်။ ကျွန်မရဲ့ဇာတိက ဖူကူရှီးမား စီရင်စုနယ်မှာပါ။ ကျွန်မ မိဘတွေက ကျွန်မကို ပြန်လာစေချင်တယ်။ ဒါပေမဲ့ ကျွန်မအစ်ကိုနဲ့ ဇနီးက မိဘတွေနဲ့ နေနှင့်ပြီးသားမို့ အဆင်မပြေပါဘူး။ ကျွန်မ တိုက်ခန်းရှာခဲ့ရတယ်။

ကျွန်မ အိုဆာကီက ဘားသေးသေးလေး တစ်ခုမှာ စားပွဲထိုး ကြိုးစားလုပ်ခဲ့ပါတယ်။ ကျွန်မက အရက်ကို သိပ်သည်းခံနိုင်တာ မဟုတ်ဘူး။ ပြီးတော့ ကိုယ်မသိတဲ့ လူတွေနဲ့လည်း စကားမပြောတတ်ဘူး။ နောက်သိပ်မကြာခင်မှာ ကျွန်မ အစာအိမ်က နာလာလို့ အလုပ်ကနေ ထွက်ခဲ့ရတယ်။ ကျွန်မရဲ့ စုဆောင်းငွေတွေနဲ့ ကျွန်မယောကျ်ားနဲ့ အတူရှိစဉ်က ခြစ်ခြုတ် သိမ်းဆည်းထားတဲ့ ယန်း နှစ်သိန်းလောက်နဲ့ ရေချိုးခန်းနဲ့ မီးဖိုချောင်ပါတဲ့ တိုက်ခန်းမျိုး ကျွန်မ ဘယ်လိုမှ မငှားနိုင်ပါဘူး။ ကျွန်မ တစ်လကို ယန်း သုံးသိန်းလောက် ဝင်ဖို့ လိုအပ်ပါတယ်။ အိုဆာကီက ဘားမှာ ကျွန်မတွေ့တဲ့ အိမ်ခြံမြေ ရာဖြတ်တစ်ယောက်ဆီကနေ အကြံဉာဏ် ယူခဲ့ရပါတယ်။ သူက ကျွန်မကို သူသိတဲ့ ဂုဏ်သိက္ခာရှိ အပျော်ကလပ်တစ်ခု အကြောင်း ပြောပြပါတယ်။

အလုပ်အကိုင် ရှာဖွေရေး မဂ္ဂဇင်းထဲမှာ ဖော်ပြထားတဲ့ အဲဒီကလပ်က မိန်းကလေးတွေကို တစ်ရက် ယန်းသုံးသောင်းခွဲရဖို့ အာမခံပါတယ်။ တစ်ပတ်မှာ အနည်းဆုံးတစ်ရက် အလုပ်လုပ်ရင် ရပါတယ်။ ဖောက်သည်တွေက သေသေချာချာ ရွေးချယ် စိစစ်ထားပြီး ကိုယ်ကျင့်တရား လုံးဝကောင်းမွန်တဲ့ လူကြီးလူကောင်းတွေလို့ ဆိုပါတယ်။ ကျွန်မ ဖုန်းဆက်ပြီးတော့ ပေးထားတဲ့

လိပ်စာအတိုင်း သွားခဲ့ပါတယ်။ ဂိုတန်ဒါ ဘူတာရဲ့ အနောက်ဘက် ထွက်ပေါက် အပြင်ဘက်က ရှုပ်ထွေးနေတဲ့ အဆောက်အအုံတွေ ကြားထဲမှာ ရှိပါတယ်။ ကျွန်မတို့က ကလပ်လို့ ခေါ်ပေမယ့် စတူဒီယို အသေးလေးတစ်ခုနဲ့ ရုံးခန်းလေး တစ်ခုပါပဲ။ သူတို့ ကျွန်မကို အလုပ်ခန့်ဖို့ သဘောတူလိုက်ပါတယ်။ ကျွန်မကို ဓာတ်ပုံတချို့ ရိုက်ပါတယ်။ ယူအီ ဆိုတဲ့ နာမည်နဲ့ ကျွန်မကို စာရင်းသွင်း လိုက်ပါတယ်။ စတူဒီယိုထဲမှာ မိန်းကလေးတွေအတွက် ဝတ်စုံအကောင်းစား မျိုးစုံရှိပါတယ်။ ဖောက်သည် အမျိုးမျိုးရဲ့ စိတ်ကူးယဉ်မှု အဖုံဖုံနဲ့ လိုက်ဖက် အောင်ပေါ့။ ကလပ် ဆိုတာ အဲဒါပါပဲ။ အဲဒီနေ့မှာပဲ ကျွန်မ ပထမဆုံး ဖောက်သည်ကို ဖျော်ဖြေပေးခဲ့ရပါတယ်။

“ငါ ဒီမှာ ဆေးလိပ်သောက်လို့ မရဘူး ထင်တယ်” လို့ ကျွန်မရဲ့ ရှေ့ခုံက အဘိုးကြီးက သူ့မိန်းမကို ပြောပါတယ်။ အမျိုးသမီးရဲ့ မျက်နှာသေကြီးမှာ ဘာ အမူအရာမှ ပြောင်းလဲသွားခြင်း မရှိပါဘူး။ “ငါ့ခုံကို ခဏလောက် ဦးထားပေး” လို့ သူကပြောပြီး မတ်တတ်ရပ်တယ်။ သူ့လေသံက ဂျပန်အနောက်ပိုင်းကလို့ ထင်ရတယ်။ အမျိုးသမီး ထိုင်ထိုင်ချင်းမှာပဲ သူဟာ ရင်ဘတ် အိတ်ကပ်ထဲက မိုင်းဆဲဗင်းဘူးကို ထုတ်လိုက်ပြီး ဆေးလိပ်သောက်လို့ ရတဲ့နေရာကို ထွက်လို့ သွားတယ်။ သူမ အဝတ်အိတ်ထဲကနေ စက္ကူအကြည်လေးနဲ့ ထုပ်ထားတဲ့ မုန့်ကို ဖြေနေတာကို ကျွန်မ ငေးကြည့်နေလိုက်တယ်။ သူမ လက်ခုပ်တွေကို ပါးစပ်မှာ အုပ်လိုက်တယ်။ စက္ကူအခွံကို သွားနဲ့ ကိုက်ခွာလို့ နေတယ်။ မုန့်အချို၊ ဒါမှမဟုတ် ကွတ်ကီး တစ်ခုခု ဖြစ်ပါလိမ့်မယ်။ သူမ မုန့်စားနေတုန်း မုန့်အစအနလေးတွေဟာ သူမရဲ့ အပြာဖျော့ရောင် ဘောင်းဘီပေါ် ကျလို့နေ တယ်။ အစအနတွေကို ညာလက်နဲ့ သူမ ယက်ထုတ်လိုက်တယ်။

ကြီးမားတဲ့ လူအုပ်ကြီးဟာ ကျွန်မတို့ကို ဝိုင်းရံ လှည့်ပတ်လို့နေတယ်။ တိရစ္ဆာန်အုပ်ကြီးလိုပဲ။ ဒါမှမဟုတ် ငါးတစ်အုပ်ပေါ့။ ကျွန်မ ဆိုင်တို့ရဲ့ ဖုန်းကို လေးကြိမ်ခေါ်ကြည့်တယ်။ သူ မလာတော့ဘူးလားလို့တောင် ကျွန်မ တွေးမိ တယ်။ သူက အတိုင်ပင်ခံကုမ္ပဏီ တစ်ခုမှာ အလုပ်လုပ်ပါတယ်။ သူက ကျွန်မ ထက် ခြောက်နှစ်ငယ်တယ်။ ကျွန်မ အသက်က အခုဆိုရင် သုံးဆယ့်သုံးနှစ် ရှိ ပြီ။ ဒါပေမဲ့ ‘ယူအီ’ ကိုတော့ အသက်နှစ်ဆယ့်ငါးနှစ်လို့ စာရင်းသွင်းထားတယ်။ “နင့်အသက်ကို နှစ်ဆယ့်ငါးကျော်ကျော်လို့ ပြောလို့ရတယ်” လို့ ကလပ်ပိုင်ရှင် က ကျွန်မကို ပြောပါတယ်။ ပြီးတော့ သာမန်ယောကျ်ားတွေဟာ မိန်းမတစ် ယောက်ရဲ့ အသက်ကို မခန့်မှန်းတတ်ကြဘူးလို့ ထပ်ပြောသေးတယ်။

ကျွန်မ ဆိုင်တိုနဲ့ ပထမဆုံး တွေ့တာက သောကြာ ညနေခင်း တစ်ခုမှာ မီဂူရိုက အချစ်ဟိုတယ် တစ်ခုမှာပါ။ သူ ကျွန်မနဲ့ နှစ်နာရီကြာ နေခဲ့ပါတယ်။ အချိန်အများစုမှာ သူက ကျွန်မကို နမ်းတယ်၊ ကျွန်မပါးကို ပွတ်သပ်တယ်။ "ယူ အီစီ တဲ့ လား" လို့ သူကပြောတယ်။ "လှလိုက်တဲ့ မျက်နှာလေး" နောက်ထပ် သုံးရက်အကြာမှာ သူ့ကို ကျွန်မ ထပ်တွေ့ရပြန်ပါတယ်။ နောက်ထပ် နှစ်နာရီ ပါပဲ။ နောက်တစ်ရက်မှာတော့ သုံးနာရီ ဖြစ်လာခဲ့တယ်။ အဲဒီအချိန်ကစပြီး သူ ဟာ ကျွန်မရဲ့ ပုံမှန်ဖောက်သည် ဖြစ်လာခဲ့တယ်။ "အဲဒီလို ဖောက်သည်တွေကို နင် သတိထားရမယ်" လို့ ဘော့စ်က ကျွန်မကို ပြောပါတယ်။ "မိန်းကလေး အတော်များများက စိတ်အလိုလိုက်ပြီး... အဲဒီလိုလူတွေနဲ့ အလွတ်ချိန်းတွေ့ တတ်ကြတယ်၊ အိပ်ကြတာ ဖြစ်ဖြစ်၊ ဘာဖြစ်ဖြစ် ဖြစ်ကြတယ်၊ ဒါပေမဲ့ နင် ကတော့ အဲဒီလို အကွက်ထဲ ဝင်သွားမှာ မဟုတ်ဘူး မဟုတ်လား" စိတ်မပူပါနဲ့ လို့ ကျွန်မ ပြောလိုက်တယ်။ ကလပ်ရဲ့ စည်းမျဉ်းတွေအရ ထိုးသွင်းတာကို ပြင်းပြင်းထန်ထန် တားမြစ်ထားပါတယ်။ ဖောက်သည်တွေဟာ အာသာဖြေရင် ဖြေ၊ ဒါမှမဟုတ် ငှားထားတဲ့ အမျိုးသမီးက လက်နဲ့၊ ဒါမှမဟုတ် ပါးစပ်နဲ့ ကူညီ ပေးတယ်။

ကျွန်မ ဆိုင်တိုနဲ့ တွေ့တာ ငါးကြိမ်၊ ခြောက်ကြိမ် ရှိသည့်တိုင် ကျွန်မတို့ နှစ်ယောက်လုံး အဝတ်အစားတွေ မချွတ်ကြပါဘူး။

"မင်း ကိုယ်နဲ့အတူ ညစာ လိုက်စားချင်လား" လို့ သူက ကျွန်မ မျက်နှာ ကို ပွတ်သပ်ပြီး မေးပါတယ်။ ကျွန်မတို့ အချစ်ဟိုတယ်လေးကနေ ထွက်ပြီး ရှင် နာဂါဝါ ဘူတာကနေ မျက်နှာချင်းဆိုင်မှာရှိတဲ့ အဆောက်အအုံ အပေါ်ဆုံးထပ် က ဟိုတယ်ရဲ့ စားသောက်ဆိုင်ကို သွားကြပါတယ်။ "ကိုယ် မင်းကို ဘယ်လောက် သဘောကျလဲ ဆိုတာ မင်း ပြောနိုင်လား၊ ယူအီ" လို့ သူက ဂျယ် လီအေး ထည့်ထားတဲ့ စားစရာ တစ်ဇွန်းနဲ့ တစ်ဇွန်းကြားမှာ မေးပါတယ်။ "ရှင် ကျွန်မကို တစ်ပတ် နှစ်ကြိမ် လာတွေ့တယ်လေ" လို့ ကျွန်မ ပြောလိုက်တယ်။ "အဲဒါကြောင့် ရှင် ကျွန်မကို မမုန်းဘူးလို့တော့ ခံစားရတယ်" ကျွန်မ ဖရုံသီးခရင်မ် ဟင်းချိုကို သောက်နေပါတယ်။ အရောင်က အဝါလှလှပဲ။ မျက်နှာပြင်မှာ ပူစီနံရွက်နှစ်ရွက် တင်ထားတယ်။ "ဆိုင်တိုစံ၊ ရှင် ကျွန်မနဲ့ ပတ်သက်လို့ ဘာမှ မသိသေးပါဘူး၊ ကျွန်မရဲ့ နာမည်ရင်းတောင် မသိသေးဘူး"

သူ ကျွန်မကို ဘာမှ ပြန်မပြောပေမယ့် ကျွန်မရဲ့ ပါးကို လာထိပါတယ်။ သူ တော်တော်လေး ဝမ်းနည်း၊ ဒါမှမဟုတ် နာကျင်သွားပုံ ရပါတယ်။ ကျွန်မ သူ့ကို အဲဒီလို နောက် ဘယ်တော့မှ မစတော့ပါဘူး။

အနောက်အရပ်က လာတဲ့ အသက်ကြီးကြီးလူဟာ ဆေးလိပ်သောက်လို့ ရတဲ့ မှန်ခန်းထဲမှာ စီးကရက်ကို မီးညှိလို့ နေပါတယ်။ သူ့မိန်းမဟာ ကွတ်ကီး၊ ဒါမှမဟုတ် ဘာမှန်းမသိတဲ့ မုန့်ကိုပဲ အာရုံစိုက်လို့ နေပါတယ်။ သူမဟာ သူ့ယောကျ်ားဘက်ကို တစ်ချက်လေးတောင် မကြည့်ပါဘူး။ သူ့ရဲ့ ကျောပိုးအိတ်က သူမ ခြေထောက်နားက ကြမ်းပြင်ပေါ်မှာပါ။ အဲဒီအိတ်ကိုလည်း သူမ မကြည့်ပါဘူး။ သူမရဲ့ သွားတွေက ကောင်းပုံမရဘူး။ မုန့်သေးသေးလေး တစ်ခုကိုတောင် အချိန်အကြာကြီး ဝါးနေရတယ်။ သူမရဲ့ ပါးစပ်နဲ့ နှုတ်ခမ်းတွေက သူမ ဝါးလိုက်ရင် အံ့သြဖို့ ကောင်းတဲ့ ပုံစံမျိုးစုံ ဖြစ်လို့နေတယ်။ ဒီအတောအတွင်းမှာပဲ သူမရဲ့ လက်တွေဟာ မုန့်ထုပ်တဲ့ စက္ကူအကြည်နဲ့ အလုပ်ရှုပ်လို့နေတယ်။ ပထမတော့ စက္ကူကို ဖြန့်ပြီး အနားစတွေ အကုန်လုံးကို ဖြန့်ပြီးတော့ ဖိလို့နေတယ်။ သူမဟာ ခြေထောက်နှစ်ချောင်းကို သေသေသပ်သပ် စေ့ပြီး ထိုင်လို့ နေပါတယ်။ သူမရဲ့ ခေါင်းက ရှေ့ကို နည်းနည်းလေး ညွှတ်လို့နေပါတယ်။ လိုတာထက် ပိုပြီး သူမရဲ့ ခေါင်းက ရှေ့ကို ပို ညွှတ်နေတယ်။ သူမဟာ လက်နှစ်ဖက်စလုံးနဲ့ စက္ကူအကြည်ကို လေးဖက်စလုံး ပြန့်အောင် လုပ်လို့နေတယ်။ စက္ကူရဲ့ ထောင့်တွေက သေသေချာချာ မပြန့်တော့ သူမ ထပ်ဖြန့်ပြန်တယ်။ သူမ နှစ်ဖက်ကိုပဲ ဖြန့်လို့ရတယ်။ စက္ကူဟာ နဂို ရှိရင်း ပုံစံထက် လေးပုံတစ်ပုံပဲ ကျန်တော့တယ်။

ကျွန်မတို့ ရှင်နာဂါဝါမှာ ညစာစားပြီးတဲ့နောက် ဆိုင်တိုဟာ ကလပ်ဆီကနေ ကျွန်မရဲ့ အချိန်ကို ကြိုတင်စာရင်း သွင်းထားလိုက်ပါတယ်။ ကျွန်မတို့ အချစ်ဟိုတယ်တွေမှာ တွေ့ကြပါတယ်။ တစ်ခါတလေမှာ အဝတ်အစားတွေ ချွတ်ကြပြီး တစ်ခါတလေ မချွတ်ကြပါဘူး။ သူက သူ့ရဲ့ ကုမ္ပဏီအကြောင်း၊ ဘဝနဲ့ ပတ်သက်တဲ့ သူ့ရဲ့ အမြင်တွေ စတာတွေကို အများစု ပြောလေ့ရှိပါတယ်။ ကျွန်မရဲ့ ပုဂ္ဂလိက ဘဝကိုလည်း ဘယ်တော့မှ စပ်စုလေ့ မရှိပါဘူး။ သူ ကျွန်မနဲ့ လိင်မှုကိစ္စ လုံးဝ အထမြောက်ဖို့၊ ဒါမှမဟုတ် အလွတ်ချိန်းတွေ့ဖို့လည်း တစ်ခါမှ မကြိုးစားပါဘူး။ သူနဲ့ ကျွန်မ စတွေ့တာ သုံးလကြာတဲ့နောက် ကျွန်မတို့ အချစ်ဟိုတယ်မှာ စတွေ့ပြီးရင် အီဘီဆုက ဂျပန် စားသောက်ဆိုင်လေးဆီ သွားကြပါတယ်။ အဲဒီဆိုင်က ကောင်တာအသေးလေး တစ်ခုပဲ ရှိတဲ့

ဆိုင်ပါ။ ကျွန်မတို့ ဆာရှိမိငါးနဲ့ အီရှီကာဝါ စီရင်စုနယ်က ဆာကေးပူပူကို ချစ်စရာကောင်းတဲ့ ရှိမိဇယာကီခွက်တွေထဲ ထည့်သောက်ကြတယ်။ ဆာကေး ကြောင့် သူ့မျက်နှာ နည်းနည်း နီရဲလာတယ်။ သူ တစ်ကြိမ်ထက်မက ပြော သေးတယ်။ “ကိုယ် မင်းနဲ့ ဆိုရင် သက်သောင့်သက်သာ ဖြစ်တယ်၊ ယူအီ” တဲ့။ ကျွန်မ နှစ်ခွက် သောက်လိုက်တယ်။ အံ့သြဖို့ ကောင်းတာက ကျွန်မ မူးတာ၊ အန်ချင်တာ ဘာမှမဖြစ်ဘူး။ ကျွန်မကိုလည်း နည်းနည်းလောက် စိတ် လွတ်လပ်သွားစေတယ်လို့ ထင်တယ်။ ဘာကြောင့်လဲ ဆိုတော့ ကျွန်မ အကြောင်းတွေ ကျွန်မ ပြောနေခဲ့တယ်။ ကျွန်မဟာ အိမ်ထောင်ကွဲ တစ် ယောက် ဖြစ်ပြီး ကလေးတစ်ယောက် ရှိတဲ့ အကြောင်း၊ ကျွန်မ တွေးမိတဲ့ အကြောင်းတွေ ပြောပြဖြစ်ခဲ့တယ်။ သူက နားထောင်ပြီး ခေါင်းညိတ်တယ်။ ကျွန်မတို့ လမ်းခွဲတော့ သူ ကျွန်မ မျက်နှာကို ဖွဖွလေး ပွတ်ပြီးတော့ ကျွန်မကို နမ်းခဲ့တယ်။ ကျွန်မ အကြောင်းတွေကို သိပြီးတဲ့ နောက်တောင်မှ ကျွန်မကို သူ ဒီလို လုပ်နေသေးတာကြောင့် ကျွန်မ စိတ်သက်သာရာ ရခဲ့ပါတယ်။

လေးထောင့်ပုံစံ စက္ကူအကြည်ဟာ မူရင်းအနေအထားထက် ဆယ့် ခြောက်ပုံ တစ်ပုံလောက်ပဲ ရှိတော့တဲ့ အချိန်မှာ “ကူမာမိုတိုကို ထွက်ခွာမည့် အေအန်အေ ခရီးစဉ် ၆၄၅ ခရီးသည်များ လေယာဉ်ပေါ်တက်ရန် နောက်ဆုံး အသိပေး ကြေညာအပ်ပါတယ်ရှင်၊ စာရင်း မပေးသွင်းရသေးသည့် ခရီးသည် များ ကောင်တာ အမှတ် ၁၅ မှာ စာရင်းပေးသွင်းပေးပါရှင်” ဆိုတာကို ကြားလိုက်ရတယ်။ အလိုအလျောက် တံခါးအဖွင့်အပိတ် လုပ်တဲ့ အဝင်တံခါးမ ကြီးဆီကို ကျွန်မ မျက်လုံးတွေ ရောက်အောင် ကြိုးစားမိပေမယ့် ကျွန်မ စိတ် လှုပ်ရှားပြီး စိတ်တွေ ပျံလွှင့်နေတာကြောင့် အဘွားကြီးကိုပဲ ငေးကြည့်နေမိ တယ်။ ဟိုဟိုဒီဒီကြည့်လိုက်၊ အဘွားကြီးကို ကြည့်လိုက်ပဲ ကျွန်မ လုပ်နေမိ တယ်။ ဒီလေဆိပ်ထဲက လူအုပ်ကြီးထဲမှာ ကျွန်မ သိတဲ့လူ တစ်ယောက်မှ မပါ ပါဘူး။ ဒီလူစိမ်းတွေရဲ့ ဆူညံနေတဲ့ အသံတွေနဲ့ လေယာဉ်ထွက်ခွာတော့မယ့် အကြောင်း ကြေညာချက်တွေက ကျွန်မအတွက် အရာအားလုံဟာ တကယ် အစစ်အမှန် မဟုတ်တော့သလိုပါပဲ။

ကျွန်မ ငြင်းဆန်ခဲ့မယ့်အစား ဆိုင်တိုကို ကျွန်မအခန်းကို လာလည်ခွင့် ပြုခဲ့ရမှာလို့ ကျွန်မ တွေးမိတယ်။ သူ ပြောတဲ့အတိုင်း ကျွန်မ သူ့ကို သားလေးနဲ့ မိတ်ဆက်၊ သူတို့နဲ့ စတိုးဆိုင်၊ ဒါမှမဟုတ် ကစားကွင်း သွားခွင့်ပြုခဲ့ရမှာ။

“စနေ၊ တနင်္ဂနွေမှာ ကိုယ် မင်းအိမ်ကို လာလည်လို့ ရမလား၊ ယူအီ၊ ကိုယ် မင်းရဲ့သားနဲ့ တွေ့ချင်တယ်” သူက အရမ်းတောင်းဆိုလွန်းတဲ့ လေသံ မပေါက်အောင် ပြောနေပါတယ်။ အီဘီဆုမှာ ထိုင်ပြီး နောက်ရက် အနည်းငယ် မှာပါ။ ကျွန်မ ဘာပြောရမှန်း မသိဘူး။ ကျွန်မ မျက်လွှာချပြီးပဲ နေလိုက်တယ်။ သူက ပြုံးပြီးတော့ “အခုချက်ချင်းလို့ ပြောတာ မဟုတ်ပါဘူး၊ တစ်ချိန်ချိန်ပေါ့” အမှန်အတိုင်း ပြောရရင် အဲဒီစကားကို ကျွန်မကြောက်မိတယ်။ ဒီလူဟာ ကျွန်မအပေါ် ဘယ်လောက် ကြာအောင် ဆက်ကောင်းနေနိုင်မှာလဲလို့ ကျွန်မ တွေးမိတယ်။ ကျွန်မက အိမ်ထောင် ကွဲထားတာကြောင့်လည်း အချစ်ရေးတစ်ခုက ဘယ်လောက် ကောင်းကောင်း အနှေးနဲ့အမြန် ပျက်စီးခန်းတိုင်မှာပဲလို့ တွေးထားတာကြောင့်လည်း ဖြစ်နိုင်ပါတယ်။

ဒီလို အလုပ်လုပ်နေတဲ့ ကျွန်မလို မိန်းမကို ရှင် ဘာလို့ ဒီလောက်တောင် ကောင်းနေရတာလဲလို့ ကျွန်မတို့ စတွေ့ကြတဲ့ အစောပိုင်း ဆက်ရှင်တွေမှာ ကတည်းက ကျွန်မ သူ့ကို မေးချင်မိခဲ့တယ်။ ဒါပေမဲ့ ကျွန်မ မမေးသင့်ဘူး ဆိုတာကိုလည်း သိနေခဲ့တယ်။ ကျွန်မ သူ့ကို မေးချင်တာတွေလည်း ရှိပါတယ်။ ကျွန်မတို့က တစ်ပတ်ကို နှစ်ကြိမ်၊ သုံးကြိမ် တွေ့နေတာဆိုတော့ ဟိုတယ်ခတွေ အပါအဝင် သူဟာ ကျွန်မနဲ့ အတူရှိနေရဖို့ သက်သက်အတွက် တစ်လကို ယန်း သုံး၊ လေးသိန်း အကုန်ခံနေရပါတယ်။ အဲဒီငွေပမာဏက သူ့အတွက် ပြဿနာ မဟုတ်ဘူးလားလို့လည်း ကျွန်မ တွေးမိပါတယ်။ ကျွန်မက သူ ဘာလုပ်လဲ ဆိုတာကို ဘယ်လို မေးရမလဲ။ ကျွန်မ မေးတဲ့အခါမှာကော သူက သူ့စိတ်ဆန္ဒနဲ့ လုပ်နေတာကော ဟုတ်ပါ့မလား။ ဒါ့အပြင် အဲဒီလို မေးခြင်းက ကျွန်မက သူ့ကို ကျွန်မကို ချစ်ပါတယ်လို့ ပြောဖို့ တိုက်တွန်းရာ ရောက်နေပါလိမ့်မယ်။

ကျွန်မဟာ အနက်ရောင် တစ်ဝက်ပါတဲ့ တောစီးဖိနပ်ကို စီးထားတယ်။ ကျွန်မနဲ့ မျက်နှာချင်းဆိုင်က အဘွားကြီးက သားရေ စနီကာဖိနပ် စီးထားတယ်။ ကျွန်မနဲ့ မျက်နှာချင်းဆိုင်က ခုံတန်းမှာ လူခြောက်ယောက် ထိုင်လို့ ရတာကြောင့် မတူညီတဲ့ ခြေထောက်ခြောက်ချောင်း ရှိနေတယ်။ ကျွန်မ သူ့ကို ဘာလို့ ရုပ်ရှင် ပိုစတာအကြောင်း ပြောမိခဲ့လဲ ဆိုတာကို ပြန်စဉ်းစားနေမိတယ်။ လွန်ခဲ့တဲ့ ငါးရက်တုန်းကပါ။ ကျွန်မတို့နှစ်ယောက် တစ်ယောက်ကို တစ်ယောက် ဖက်ပြီး ဝတ်လစ်စားလစ် နေနေခဲ့ကြတယ်။ “ရှင် ကြိုက်တာ အကုန်လုပ်လို့ ရတယ်” လို့ ကျွန်မ သူ့ကို ပြောခဲ့တယ်။ ကျွန်မတို့ ပထမဆုံး

အကြိမ်အနေနဲ့ တကယ့်လိင်မှုကို ပြုခဲ့ကြတယ်။ ကျွန်မရဲ့ ကလပ်ပိုင်ရှင်ကို မ ပြောပါနဲ့လို့ ကျွန်မ သူ့ကို ပြောခဲ့မိတယ်။ သူက ရယ်ပြီးတော့ "အဲဒီလိုစကား ဘာလို့ ပြောရမှာလဲ" လို့ သူက ပြောတယ်။ "မင်း ကိုယ့်ကို ရယ်စရာပြောနေ တာပဲ၊ ယူအီ"

ယောကျ်ားတစ်ယောက် အခုလို ရယ်တာကို ကျွန်မ မကြားရတာ တော်တော်ကြာခဲ့ပါပြီ။ ကွာရှင်းပြတ်စဲတာကြောင့် ကျွန်မရဲ့ ယောကျ်ားဟာ အချိန်ပြည့် စိတ်ဓာတ်ကျလို့ နေခဲ့ပါတယ်။ ဆိုင်တိုရဲ့ ရယ်မောသံက ကျွန်မကို ပျော်ရွှင်စေပါတယ်။ အဲဒီ အဖြစ်အပျက်ကြောင့်ပဲ ကျွန်မကို ဒီနေရာမှ ထိုင်နေ ဖြစ်စေတာလို့ ထင်တဲ့အကြောင်း စိတ်လက်ပေါ့ပါးစွာနဲ့ သူ့ကို ပြောပြဖြစ်ခဲ့ တယ်။ တစ်ရက်မှာ ကျွန်မသားကို ခေါ်ပြီး ရှင်ဂျူကူမှာ စျေးဝယ်ထွက်ခဲ့ပါ တယ်။ ကျွန်မတို့နှစ်ယောက် ဘူတာရဲ့ အရှေ့ဘက်ကို လမ်းလျှောက်လာချိန် မှာ သားက "ဒီပုံက ရယ်စရာပဲ ကြည့်ပါဦး၊ မာမား" လို့ ပြောတယ်။ ရုပ်ရှင်ရုံ အပြင်ဘက်က ပိုစတာတစ်ခုပါ။ ပုံထဲမှာ ခေါင်းမြီးခြုံထားတဲ့ အရှေ့အလယ် ပိုင်းက အမျိုးသမီးတွေဟာ ကန္တာရကို ဖြတ်ပြီး လမ်းလျှောက်နေကြပါတယ်။ သူတို့ရဲ့ ခေါင်းထက်မှာတော့ ခြေထောက်အတုတွေဟာ ကောင်းကင်ပေါ်ကနေ လေထီးနဲ့ ကျလို့နေတယ်။ (ဆိုင်တိုက။"ခြေထောက်တုတွေ ဟုတ်လား" လို့ ပြောတယ်။ "ပြတ်သွားတဲ့ ခြေထောက်တွေအစား ပြန်တပ်ပေးတဲ့ ခြေတုတွေ လေ" လို့ ကျွန်မ ပြန်ပြောလိုက်တယ်") အဲဒီပိုစတာက ကျွန်မကို ပဟေဠိ ဖြစ် စေတယ်။ ကျွန်မ မစဉ်းစားဘဲ မနေနိုင်အောင် ဖြစ်ရတယ်။ အဲဒါကြောင့် နောက်တစ်နေ့မှာ ကျွန်မတစ်ယောက်တည်း ရှင်ဂျူကူသွားပြီး အဲဒီရုပ်ရှင် ကြည့်ဖြစ်ခဲ့တယ်။ ရုပ်ရှင်က အာဖဂန်နစ်စတန် အကြောင်းပါ။ ကုလသမဂ္ဂက မြေမြှုပ်မိုင်းနင်းမိတဲ့ လူတွေဆီကို ခြေတုတွေ ပို့ပေးတာပါ။ အဲဒီဒေသက အန္တရာယ်များပါတယ်။ လမ်းလည်း မရှိဘူး။ အဲဒါကြောင့် ခြေတုတွေပို့ဖို့က လေထဲကနေ ပစ်ချဖို့ပဲ ရှိပါတယ်။ ကျွန်မ ရုပ်ရှင်ကြည့်နေရင်း မြေမြှုပ်မိုင်းနင်း မိတဲ့ လူတွေကို ခြေတုတွေ လုပ်ပေးရရင် ဘယ်လောက် ကောင်းလိုက်မလဲလို့ တွေးမိတယ်။ အဲဒီခံစားချက်က အရမ်းအားကောင်းတယ်။ ရုတ်တရက် အဲဒီ အတွေးက ကျွန်မကို လန့်ဖျပ်စေခဲ့တယ်။

ကျွန်မနဲ့ မျက်နှာချင်းဆိုင်က အဘွားကြီးဟာ သေသေချာချာ ခေါက်နေ တဲ့ စက္ကူကို အမှတ်မထင် အောက်ကို ချလိုက်တယ်။ အခုချိန်မှာတော့ စက္ကူက လက်သည်းခွံစာလောက်ပဲ ရှိတော့တယ်။ စက္ကူခေါက်ဟာ သူမရဲ့ ဘယ်

ခြေထောက်နား ကြမ်းပြင်ပေါ် ကျလို့သွားတယ်။ ကျွန်မရဲ့ ညာဘက်မှာ ထိုင်နေတဲ့ အမျိုးသမီးဟာ သူမရဲ့ သမီးနဲ့အတူ ထသွားတယ်။ လူငယ်စုံတွဲ တစ်တွဲ သူတို့နေရာမှာ ဝင်ထိုင်တယ်။ သူတို့နှစ်ယောက်မှာ ဆင်တူနှစ်ခု ရှိကြတယ်။ အပြာဖျော့ရောင် ခရီးဆောင်အိတ်တွေက အတူတူပဲ။ သူတို့ နေရာကျပြီး မကြာခင်မှာ သူတို့ရဲ့ ဂျက်ကက်အိတ်ကပ်တွေထဲကနေ ဖုန်းတွေ ထုတ်လိုက်ကြတယ်။ အသံချဲ့စက်ကနေ ကြေညာသံ ထပ်ထွက်လာပြန်တယ်။ ခုနက ကြေညာချက်ကိုပဲ ထပ်ကြေညာတာပါ။ “ကူမာမိုတိုကို ထွက်ခွာမည့် အေအန် အေ ခရီးစဉ် ၆၄၅ ခရီးသည်များ လေယာဉ်ပေါ်တက်ရန် နောက်ဆုံး အသိပေးကြေညာအပ်ပါတယ်ရှင်၊ စာရင်း မပေးသွင်းရသေးသည့် ခရီးသည်များ ကောင်တာ အမှတ်၁၅ မှာ စာရင်းပေးသွင်းပေးပါရှင်” အဲဒီနောက်တော့ ကူမာမိုတို ဆိုတဲ့ နာမည်က လေဆိပ်ထဲမှာ မြူခိုးလို ဝဲလို့ နေပါတယ်။ အဲဒီနာမည်က ကျွန်မကို ရစ်ပတ်သိုင်းနေပြီး ကျွန်မရဲ့ အရေပြားထဲကို တိုးဝင်လို့ နေပါတယ်။ ကျွန်မရဲ့ ညာဘက်က စုံတွဲရဲ့ ခရီးဆောင်အိတ်တွေမှာ နိုင်ငံခြား ခရီးစဉ်တွေရဲ့ နာမည်စတစ်ကာတွေကို ကပ်လို့ထားပါတယ်။ ဖူးခက်၊ ဂူအမ်၊ ဟာဝိုင်ယီ၊ ပဲရစ်၊ ဟောင်ကောင်။ ကျွန်မ နိုင်ငံခြားကို တစ်ခေါက်မှ မရောက်ဖူးဘူး။

ကျွန်မ သူ့ကို အဲဒီအကြောင်း ပြောပြပြီးတဲ့နောက်မှာ ဆိုင်တို ပြောတဲ့ စကားကြောင့် ကျွန်မ အံ့သြတုန်လှုပ်မိပါတယ်။ “ဒါဆိုရင်၊ မင်း အဲဒါတွေ လုပ်ပြီး အလုပ်ရှာသင့်တယ်” လို့ သူက ပြောတယ်။ ကျွန်မတို့နှစ်ယောက် ရင်ဘတ်တွေနဲ့ ဗိုက်တွေမှာ ချွေးတဒီးဒီးကျပြီး အိပ်ရာထဲမှာ အတူတူ ရှိနေဆဲပါပဲ။ ကျွန်မ ရယ်ပြီးတော့ “မဖြစ်နိုင်ပါဘူးရှင်” လို့ ပြောလိုက်တယ်။ “ဘာလို့ မဖြစ်နိုင်ရမှာလဲ” လို့ သူက ပြောတယ်။ အဲဒီအကြောင်းကို ကျွန်မ အရင်က တစ်ခါမှ မတွေးဖူးပါဘူး။ မဖြစ်နိုင်တဲ့ အကြောင်းရင်းတွေကလည်း ခိုင်ခိုင်မာမာ ရှိတယ်လေ။ ကျွန်မက အထက်တန်းအောင်၊ အသက် သုံးဆယ့်သုံးနှစ်၊ အိမ်ထောင်ကွဲ၊ လေးနှစ်အရွယ် သားလေးကို ပြုစုပျိုးထောင်နေပြီး လိင်လုပ်ငန်းထဲမှာ အလုပ်လုပ်နေတာလေ။ ဒီအချက်အလက်တွေက ကျွန်မ ဘယ်သူလဲ ဆိုတာကို ဖွင့်ဆိုပြနေပြီး ကျွန်မရဲ့ လွတ်လပ်မှုနဲ့ ဖြစ်နိုင်စွမ်းတွေကို ကန့်သတ်ထားပါတယ်။ အဲဒီအကြောင်းတွေ အကုန်လုံးကို ကျွန်မ မစဉ်းစားချင်ပါဘူး။ ကျွန်မ ဝမ်းနည်းမိပါတယ်။ ကျွန်မ သူ့အနားကို ပိုကပ်လိုက်ပြီး သူ့လက်နဲ့ ကျွန်မပါးကို ထိထားလိုက်ပါတယ်။ ကျွန်မ အဲဒီရုပ်ရှင်အကြောင်းကို မပြောခဲ့ရင် ကောင်းသားလို့

တွေးမိပါတယ်။ သူ ကျွန်မမျက်နှာကို ပွတ်သပ်ပြီးတော့ တိုးတိုးလေး ပြောပါ တယ်။ “မဖြစ်နိုင်တာ မဟုတ်ပါဘူး” တဲ့။

ကျွန်မ ဝင်ပေါက်တံခါး တစ်ခုလုံးကို မြင်ရအောင် နောက်လှည့်ကြည့် လိုက်ပါတယ်။ ကျွန်မ ခေါင်းထက်က မျက်နှာကြက်က ဆယ်မီတာ မြင့်ပါ တယ်။ ဒါပေမဲ့ ကျွန်မရဲ့ ဘယ်ဘက်က စက်လှေကားတွေက ဒုတိယထပ်နဲ့ တတိယထပ်တို့ကို ရောက်ပါတယ်။ တတိယထပ်မှာ စားသောက်ဆိုင်တွေနဲ့ လို သမျှ ပစ္စည်းတိုင်း ဝယ်လို့ရတဲ့ စျေးဆိုင်တွေ ရှိပါတယ်။ ပါရှုန်းကော်ဇောကနေ အမျိုးသမီး လစဉ်သုံး တမ်ပွန်တွေအထိ ရနိုင်ပါတယ်။ ဧည့်ခန်းဆောင်ရဲ့ ထောင့်တစ်ဖက်မှာတော့ မှန်သားပြင်အပြား တီဗွီကြီးက မနက်ခင်း တီဗွီပရို ဂရမ်တစ်ခုကို ပြသနေပါတယ်။ စားပွဲဝိုင်း ဆွေးနွေးသူတွေဟာ ချမ်းသာတဲ့ အဘွားဖြစ်သူကို ဓာတ်ဆီလောင်း၊ မီးရှို့သတ်လိုက်တဲ့ အသက် နှစ်ဆယ့်တစ် နှစ်အရွယ် ကောင်လေးအကြောင်းကို ဆွေးနွေးနေကြပါတယ်။ ကျွန်မရဲ့ ညာဘက်က စုံတွဲလေးကတော့ ဖုန်းကိုယ်စီနဲ့ စာတိုတွေ ပို့လို့နေပါတယ်။ သူ တို့နှစ်ယောက် ဟန်းနီးမွန်း သွားကြမလို့လည်း ဖြစ်နိုင်ပါတယ်။ သူတို့နှစ် ယောက် လက်ရှိအချိန်မှာ ဘယ်လောက် ပျော်နေသလဲ ဆိုတာ သူတို့ သူငယ်ချင်းတွေကို ပြောပြနေတာလည်း ဖြစ်နိုင်ပါတယ်။ သူတို့က ပုံမှန်ပါပဲ။ မျက်နှာမှာ ဘာခံစားမှု အမူအရာမှ မပြဘဲ ဆေးလိပ်သောက်ခန်းကနေ ပြန်လာ မယ့် ယောကျ်ားဖြစ်သူကို စောင့်နေတဲ့ အဘွားကြီးကလည်း ပုံမှန်ပါပဲ။ လူသတ်မှုအကြောင်း ဆွေးနွေးပြီး တုန်လှုပ်၊ သနားပြနေတဲ့ တီဗွီထဲက လူတွေ ကလည်း ပုံမှန်ပါပဲ။ ဒါပေမဲ့ အသက် သုံးဆယ့်သုံးနှစ်အရွယ်၊ ကလေးတစ် ယောက်နဲ့ စင်ဂယ်မားသားဖြစ်ပြီး လိင်လုပ်ငန်းထဲမှာ အလုပ်လုပ်နေတဲ့ မိန်းမ တစ်ယောက်က မြေမြှုပ်မိုင်းထိတဲ့ ဒုက္ခသည်တွေအတွက် ခြေတု လုပ်ပေးနေ ချင်တာကကော ပုံမှန်ဟုတ်ရဲ့လား။ ဒါဟာ ပုံမှန် မဟုတ်ပါဘူး။ အဲဒါကြောင့် ကျွန်မ ဒီအကြောင်းကို ဘယ်သူ့ကိုမှ မပြောခဲ့ပါဘူး။

“ကိုယ့်အလုပ်အကြောင်းကို တစ်ခါ ပြောပြဖြစ်တယ်လေ၊ မှတ်မိလား” လို့ လက်ကို ရုပ်လိုက်ပြီး ဆိုင်တိုက ပြောတယ်။ ကျွန်မ ခေါင်းညိတ်လိုက် တယ်။ “ကိုယ် လုပ်ရတာက စနစ်တွေကို အဖြေတွေ ရှာရတာ၊ ကုမ္ပဏီမျိုးစုံက ကိုယ်တို့ရဲ့ ဝန်ဆောင်မှုတွေကို လိုအပ်ကြတယ်၊ ဒါပေမဲ့ အမြဲတမ်း သေချာတာ တစ်ခု ရှိတယ်။ ပြဿနာကို သေသေချာချာ မဆုပ်ကိုင်နိုင်ရင် အဖြေတစ်ခု ဘယ်တော့မှ ရှာလို့ရမှာ မဟုတ်ဘူး ဆိုတာပဲ၊ စီးပွားရေး မန်နေဂျာအများစုက

အကုန် အထင်မှားကြတယ်၊ သူတို့တွေက ကိုယ်တို့ကို မြင့်မားတဲ့ အတိုင်ပင်ခံ ကြေး ပေးထားတယ်လို့ ထင်ကြတာကြောင့် ကိုယ်တွေက သူတို့ရဲ့ ထုတ်လုပ်မှု တိုးပွားလာဖို့ မှော်ဆန်တဲ့ နည်းလမ်းတချို့ သူတို့ကို ပေးနိုင်လိမ့်မယ်လို့ ထင် ကြတယ်၊ ပြဿနာက ဘာလဲ ဆိုတာကို သူတို့ကို ကိုယ်ကမေးတိုင်း အများစု က ဒေါသထွက်ကြတယ်၊ တစ်ခါတလေ သူတို့ကတောင် အော်ကြတယ်၊ “ပြဿ နာ အဖြေရှာဖို့က ခင်ဗျားတို့ အလုပ်လေ” တဲ့၊ ဒါပေမဲ့ အဲဒီလို တုံ့ပြန်မှုက ပူညံပူညံ ပြောတာသက်သက်ပဲ ဖြစ်တယ်၊ ဘာမှားနေလဲ ဆိုတာကို သူတို့ ရှာမ တွေ့နိုင်တာကို ဖုံးလွှမ်းချင်တာ သက်သက်ပဲ၊ မင်းရဲ့ ဖြစ်စဉ်မှာတော့ ပြဿနာ ကို မင်းက သိပြီးသားပါ၊ ယူအီ၊ အဲဒါကြောင့် အဖြေရှာဖို့က လွယ်လွယ်လေး ရယ်” သူ အဲဒီလိုပြောနေတုန်း ကျွန်မပါးကို ပွတ်လို့နေပါတယ်။

စာရင်းသွင်းရမယ့် ကောင်တာက ကျွန်မရဲ့ ညာဘက်မှာပါ။ ကောင်တာ ရှေ့မှာ ရွှေ့လျား စက်ခါးပတ် ရှိတယ်။ အဲဒီအပေါ်မှာ လူတွေက သူတို့ ခရီး ဆောင်အိတ်တွေကို အိတ်စ်ရေး ဖြတ်ဖို့ တင်ရတယ်။ တစ်ဖက်ကနေ အိတ် ထွက်လာရင် လုံခြုံရေးက စစ်ဆေးပြီး ဆိုတဲ့ စတစ်ကာ ကပ်လိုက်ပါတယ်။ ကျွန်မရဲ့ ခရီးဆောင်အိတ်က စီလင်းတံဆိပ် အိတ်အဟောင်းပါ။ ကင်းဗက်စ်စနဲ့ လုပ်ထားတာပါ။ တွန့်ကြေနေတဲ့ လေးထောင့် စာတန်းလေး ကပ်ထားတုန်းပါ ပဲ။ ဟိုးတစ်ချိန် တော်တော်ကြာကြာတုန်းက ခရီးသွားခဲ့တုန်းကပါ။ အဲဒီ စာတန်းက ဆပ်ပိုရိုလို့ ရေးထားပါတယ်။ အဲဒီမြို့ကို ကျွန်မ သား မမွေးခင်၊ ကျွန်မ ယောကျ်ားနဲ့ ခရီး သွားခဲ့ပါတယ်။ စက်ရုံက အဲဒီမှာ လုပ်ငန်းသေးသေး လေး တစ်ခုရှိခဲ့ပါတယ်။ ဒါပေမဲ့ စီးပွားရေးကျဆင်းမှုက ထပ်ခါတလဲလဲ ဖြစ်နေ တော့ သူဟာ နှစ်ပေါင်းများစွာ ခရီးထပ်မထွက်နိုင်တော့ပါဘူး။ ကျွန်မတို့ လက်မထပ်ခင် တစ်နေ့မှာ နှင်းပွဲတော်ကြီးကို သွားကြမယ်လို့ ပြောခဲ့တာကို သူ မှတ်မိပြီး ကျွန်မတို့ နှစ်ရက်တာ ခရီးကို စီစဉ်ပြီး ဆပ်ပိုရိုကို သွားခဲ့ကြပါတယ်။ ကျွန်မတို့ အိုဒိုရီပန်းခြံမှာ လမ်းလျှောက်ကြပြီး ပန်းပုအရုပ်ကြီးတွေကို ကြည့် ကြပါတယ်။ နာရီစင်နားက ဆိုင်တစ်ဆိုင်မှာ ကျွန်မတို့ ရာမန်ခေါက်ဆွဲ စားကြ ပါတယ်။ ညစာကိုတော့ နာမည်ကြီး ကဏန်းဟင်း စားကြပါတယ်။ အဲဒီ လောက်ပဲ ဆိုပေမယ့် တကယ့်ကို အမှတ်တရပါ။ အဲဒါကြောင့် စာတန်းကို ကျွန်မ ဘယ်တော့မှ မဖြုတ်တာပါ။

ကျွန်မတို့ ကွာရှင်းပြီး နောက်မှာတောင်မှ သူဟာ သားကို လာလာ တွေ့ ပါတယ်။ မကြာမကြာ ကျွန်မတို့ အစားအတူတူ စားကြပါတယ်။ နောက်ပိုင်းမှာ

တော့ သူ အဲဒီလိုတောင် သိပ်မလုပ်နိုင်တော့ပါဘူး။ တစ်ခါတလေ သူ ဖုန်း ဆက်ပြီး ရှုံးနိမ့်နေတဲ့ လေသံနဲ့ တောင်းပန်ပါတယ် ဆိုတာကို ပြောလေ့ ရှိပါ တယ်။ ဘာတွေဖြစ်နေလဲ ဆိုတာကို သူ မပြောပါဘူး။ ဒါပေမဲ့ စက်ရုံပိတ်ပြီးတဲ့ နောက်မှာ လုပ်စရာတွေ တောင်လိုပုံနေမှာတော့ အမှန်ပါပဲ။ သူ ကျွန်မရဲ့ အလုပ်အကြောင်း မသိပါဘူး။ ကျွန်မ သူ့ကို ပြောလိုက်ရင် သားလေးကို သူ ပြန်ခေါ်ဖို့ ကြိုးစားမှာကို ကျွန်မ ကြောက်တာတော့ အမှန်ပါပဲ။ လွန်ခဲ့တဲ့ သုံး ရက်က ဆိုင်တိုနဲ့ ကျွန်မ တွေ့တော့ ကျွန်မ ဒီအလုပ် လုပ်နေတာကို သူ အထင်သေးလားလို့ အားတင်းပြီး ပြောရဲတဲ့သတ္တိ နောက်ဆုံးမှာတော့ ရခဲ့ပါ တယ်။ ဆိုင်တိုဟာ တစ်မိနစ်လောက် တိတ်ဆိတ်သွားပါတယ်။ ပြီးတော့ “ကိုယ့်ကိုယ်ကိုယ် သတ်သေတာ၊ ဒါမှမဟုတ် တစ်ယောက်ယောက်ကို မှီခိုတာ ထက်တော့ ပိုကောင်းတယ်လို့ ထင်ပါတယ်” လို့ သူက ပြောပါတယ်။ ပြီးတော့ သူက ကျွန်မကို ပရင့်ထုတ်ထားတဲ့ စာရွက်တစ်ရွက် ပြပါတယ်။

“ခြေတု၊ လက်တုလုပ်တဲ့ လူတွေကို ‘ပရိုစတက်တစ် ပညာရှင်တွေ’ လို့ ခေါ်တယ်” လို့ သူက ကျွန်မကို ပြောတယ်။ “အဲဒီလို လုပ်ဖို့အတွက် နိုင်ငံ အဆင့် စာမေးပွဲ အောင်ဖို့လိုတယ်” ပရင့်ထုတ်ထားတဲ့ စာရွက်က သူ တွေ့တဲ့ ဝက်ဘ်ဆိုက် တစ်ခုရဲ့ စာမျက်နှာကပါ။ “စာမေးပွဲဖြေမယ်ဆိုရင် မင်းဟာ လေ့ကျင့်ရေး သင်တန်းကို ပြီးရမယ်၊ လေ့ကျင့်ရေးသင်တန်း ပြီးဖို့ အချိန် သုံး နှစ်ကြာမယ်၊ ပြီးတော့ တစ်နိုင်ငံလုံးမှာ အသိအမှတ်ပြုခံရတဲ့ ကျောင်းငါး ကျောင်းပဲ ရှိတယ်၊ ကူမာမိုတိုက ကျောင်းက အကောင်းဆုံး ထင်တဲ့ အကြောင်း” သူပြောပြတယ်။ ပရင့်ထုတ်ထား တဲ့ စာရွက်ထဲမှာ တကယ့် ကျောင်းသား၊ ကျောင်းသူတွေ လက်တွေ့လုပ်နေတဲ့ ဓာတ်ပုံတွေ ပါတယ်။ အမျိုးသမီးသင်တန်းသူ တစ်ယောက်က သက်လတ်ပိုင်း လူတစ်ယောက်ရဲ့ ခြေထောက်မှာ ပျောက်ဆုံးနေတဲ့ အပိုင်းကို တိုင်းတာလို့နေတယ်။ ရယ်စရာ တော့ ကောင်းပါတယ်။ ဒါပေမဲ့ ကျွန်မ အဲဒီဓာတ်ပုံကို မြင်မြင်ချင်း ကျွန်မနဲ့ ထူး ထူးခြားခြား ရင်းနှီးနေတယ်လို့ ခံစားရပါတယ်။ အဲဒီအကြောင်း ကျွန်မ သူ့ကို ပြောလိုက်ပါတယ်။

ရုပ်ရှင်ကြည့်ပြီးတဲ့နောက် အဲဒီ သတင်းအချက်အလက်တွေကို အင်တာ နက်မှာရှာဖို့ ကျွန်မ အကြိမ်ကြိမ် တွေးမိခဲ့ပါတယ်။ ဒါပေမဲ့ အဲဒီအကြောင်း တွေးလိုက်တာနဲ့ ကျွန်မ စိတ်လှုပ်ရှားပြီး ဘာမှ မရှာဖြစ်ခဲ့ပါဘူး။ ကျွန်မ ဒီ စိတ်ကူးကိုလည်း အလေးအနက် မတွေးရဲဘူးလို့ ထင်ပါတယ်။ ဆိုင်တိုက

ကျွန်မတို့ ကူမာမိုတိုကို သွားပြီး ကျောင်းကို သွားကြည့်ဖို့ အကြံပြုပါတယ်။ “မင်း အဲဒီကျောင်းကို ရောက်သွားရင် ပိုပြီးတောင် ရင်းနှီးသွားလိမ့်မယ်” လို့ သူက ပြောတယ်။ အဲဒီနောက် ကျောင်းစရိတ်ကို ကြည့်ပြီး ကျွန်မ သက်ပြင်းချမိတယ်။ ကျောင်းဝင်ခွင့်က ယန်းငါးသိန်း ကျမယ်။ နှစ်စဉ် ကျောင်းစရိတ်က။ ယန်းခြောက်သိန်း။ ဓာတ်ခွဲခန်းကြေးက ယန်းလေးသိန်း။ ပစ္စည်းပစ္စယနဲ့ အသုံးစရိတ်ကြေးက ယန်းနှစ်သိန်း။ စုစုပေါင်း ယန်း ၁ ဒသမ ၇ သန်း ကနဦး ကျပါမယ်။ ဘယ်လိုမှ မတတ်နိုင်ပါဘူး။ အဲဒီအကြောင်း ကျွန်မက ပြောတော့ သူက ပြုံးပြီး ပြောပါတယ်။ “ယူအီ၊ အဲဒီအကြောင်း မင်း စိတ်ပူစရာ မလိုဘူး၊ ဝင်ခွင့်စာမေးပွဲနဲ့ အင်တာဗျူး ဖြေရဦးမယ်၊ အဲဒီအတန်းက နောက်နှစ်တောင် စဦးမှာ မဟုတ်ဘူး၊ ကုန်ကျစရိတ်ကို အဲဒီကျတော့မှ စိတ်ပူတော့”

ဆေးလိပ်သောက်ခန်းကနေ အဘိုးကြီး ပြန်လာပါတယ်။ သူ့မိန်းမက ဘာခံစားမှုမှ မရှိတဲ့ မျက်နှာနဲ့ မတ်တတ်ထရပ်လိုက်ပြီး သူ့ကို နေရာပေးလိုက်တယ်။ အဘိုးကြီးက အဘွားကြီးကို တစ်ခုခု ပြောလိုက်တယ်။ အဘွားကြီးဟာ သူမရဲ့ လက်ကိုင်အိတ်ကို မွှေနှောက် ရှာဖွေပြီး နောက်ထပ် စက္ကူပတ်နဲ့ ပတ်ထားတဲ့ မုန့်တစ်ခုကို ဆွဲထုတ်လိုက်တယ်။ အဘိုးကြီးက စက္ကူပတ်ကို ခွာပြီး အဘွားကြီးကို ပြန်ပေးလိုက်တယ်။ ကျွန်မရဲ့ ညာဘက်က လူငယ်စုံတွဲဟာ စာတိုတွေ ပို့နေတာ ပြီးသွားကြပါပြီ။ ကောင်လေးက အပြာရောင် ခရီးဆောင်အိတ်ကြီး တစ်လုံးပေါ် ပစ်လှဲလိုက်တယ်။ သူ့ကောင်မလေးက လက်ကိုင်ဖုန်းကို အိတ်ကပ်ထဲ ပြန်ထည့်လိုက်ပြီး ကျွန်မ အနောက်ဘက်က တစ်ခုခုကို ကြည့်လို့နေတယ်။ သားရေအေးအေး တစ်ခုက ကျွန်မရဲ့ ပါးကို လာထိတယ်။

“အပြင်မှာ အရမ်းအေးတယ်”

ဆိုင်တိုဟာ သားရေလက်အိတ်ကို ဝတ်ထားတယ်။ အဘွားကြီး လက်ထဲက စက္ကူပတ်အကြည်ဟာ မူလအရွယ်အစားထက် တစ်ဝက်လောက် ဖြစ်နေပါပြီ။

❑

(At the Airport by Ryū Murakami)

ရူးနှင့်ပတ်သက်၍ ဖြည့်စွက်ချင်စရာတွေ

၁။ W. Murakami

ရူးနှင့် Haruki တို့သည် ညီအစ်ကို မဟုတ်။ ဆွေမျိုးလည်း မတော်။ တချို့ ပရိသတ်တို့က သူတို့ကို 'W (double) Murakami' ဟု ချစ်စနိုး ခေါ်ကြသည်။

ရူးသည် Haruki ထက် ကလောင်သက် အနည်းငယ် ရှည်သော်လည်း ၄ နှစ်လောက် ငယ်သေးသည်။ နှစ်ယောက်စလုံး ပထမဝတ္ထုမှာ 'Gunzo' (လူအုပ်) ကလောင်သစ်ဆု ရရှိခဲ့သည်။ နှစ်ယောက်စလုံး မိဘတွေ ကျောင်းဆရာ၊ ဆရာမ လုပ်ခဲ့လျက် ဒုတိယကမ္ဘာစစ်ကြီး ပြီးခါစ ဂျပန်ပညာတတ်လူတန်းစား အသိုင်းအဝိုင်း၌ ကြီးပြင်းလာကြသည်။ နှစ်ယောက်စလုံး တက္ကသိုလ်ဝင်ခွင့် ရသော်လည်း အတန်းမှန်မှန် မတက်ကြ။ Haruki သည် အလုပ်တစ်ဖက်နှင့် ၇ နှစ်ကြာသော် ဘွဲ့ရသော်လည်း ရူးသည် စတုတ္ထမြောက်နှစ်၌ ထွက်ခဲ့သည်။

နာမည်က အစ ဆင်တူသော်လည်း သူတို့ဝတ္ထုမှာ ဇာတ်လမ်းဇာတ်ကွက် ဖန်တီးပုံ၊ ဇာတ်ကောင်သရုပ်ဖော်ပုံ၊ အရေးအသားကအစ လုံးဝ မတူ။

တစ်ခါက ဂျပန် Internet Web(w.w.w) site တချို့၌ "W Murakami ဘယ်သူပိုကြိုက်လဲ" ဟု မေးခွန်းထုတ်တာ တွေ့ဖူးသည်။ ပရိသတ်တို့ မဲဆန္ဒပေးကြရာ ရူး ၆၀ ရာခိုင်နှုန်း၊ Haruki ၃၂ ရာခိုင်နှုန်း ရလေသည်။ Haruki ကြိုက်သူ ပြည်တွင်းထက် ပြည်ပ၌ ပိုများ၍လား မသိ။

Haruki စာ၌ နိုင်ငံရေးအမြင် တွေ့ရသည်မှာ ၁၉၉၀ခု နောက်ပိုင်း လောက်မှ ဖြစ်မည်။ ရူးမှာ ခပ်ငယ်ငယ်ကတည်းက တော်လှန်ရေးအားကျသူ ဖြစ်သည့်အားလျော်စွာ ဆောင်းပါးတို့ Mail Magazine တို့မှာ နိုင်ငံရေးအမြင် တွေ စွမ်းစွမ်းတမံ ဖော်ပြလေ့ရှိသည်။ နှစ်ယောက်စလုံး မပန်းခက် ခေတ်ပြိုင် ဖြစ်၍ စိတ်ဝင်တစား ဖတ်နေဆဲ ဖြစ်သည်။

ခင်မင်လေးစားအပ်သော မိုးသက်ဟန်တစ်ယောက် အယ်ဒီတာချုပ်လည်း လုပ်၊ ဝတ္ထုတိုများ ကဗျာများလည်း ရေး၊ ဘာသာလည်း ပြန်ခဲ့သည်မှာ

ကြာပြီ။ ‘Harukist’ ဘဝမှ တစ်ဆင့် ရူးဝတ္ထုစုစည်းမှုကိုပါ ကြိုးစား၍ ဘာသာပြန် ဖြစ်သည်။

မြန်မာစာဖတ် ပရိသတ်အတွက် ရူးနှင့်ပတ်သက်၍ အနည်းငယ် ဖြည့်စွက် လိုပါသေးသည်။

၂။ အရည်အချင်းပေါင်းစုံနှင့် လူတစ်ယောက်

ရူးသည် လူကြိုက်အများဆုံး၊ စာအုပ်အရောင်းရဆုံး စာရေးဆရာ တစ်ယောက် ဖြစ်သည်။ ဝတ္ထု၊ ဆောင်းပါး၊ ဇာတ်ညွှန်း များစွာ ရေးခဲ့သည်။ ရုပ်ရှင် ရိုက်လိုက်၊ တီဗွီအစီအစဉ်မှူး လုပ်လိုက်၊ ဂီတခွေထုတ်လိုက်နှင့် နယ်ပယ်ပေါင်းစုံ၌ နာမည်ရခဲ့သည်။ ဒိုင်ဗင်၊ တင်းနစ် ကစားခြင်းတို့ ဝါသနာအိုးလည်း ဖြစ်ဖူးသည်။ စာပေ အသိုင်းအဝိုင်းနှင့်လည်း ပြေလည်စွာ ဆက်ဆံလေ့ ရှိသည်။ ၂၀၀၀ ခုနှစ်မှစ၍ ၂၀၁၈ ခုနှစ်ထိ Akutagawa ဆု ရွေးချယ်ရေး ကော်မတီဝင် တစ်ယောက် ဖြစ်သည်။ အရည်အချင်း ပေါင်းစုံနှင့် လူ၊ သွက်လက်ဖျတ်လတ် သူဟု ဆိုရမည်။

ရူးသည် ၁၉၅၂ ခုနှစ်၊ ဖေဖော်ဝါရီလတွင် ဂျပန်တောင်ပိုင်းကျွန်းကြီးဖြစ်သော Kyushu ကျွန်း Nagasaki ခရိုင် Sasebo မြို့၌ မွေးသည်။ ထိုမြို့သည် အမေရိကန် စစ်စခန်းချသော မြို့အနေနှင့်လည်း နာမည်ကြီးသည်။ သူ့အဖေသည် အထက်တန်း ကျောင်းတစ်ကျောင်း၌ ပန်းချီအနုပညာဆရာလုပ်၍ အမေသည် မူလတန်းကျောင်း ဆရာမ ဖြစ်သည်။ ညီမတစ်ယောက် ရှိသည်။

ရူး ကိုယ်တိုင် ပြုစုသော ကိုယ်ရေးရာဇဝင်အရ သူသည် ၁၉၆၈ ခုနှစ်၌ အရေကြီးသော ဖြစ်ရပ်နှစ်ခုနှင့် တွေ့ရသည်။ ပထမဖြစ်ရပ်သည် ဇန်နဝါရီလ၌ Sasebo ဆိပ်ကမ်းသို့ အမေရိကန် လေယာဉ်တင် အဏုမြူသင်္ဘောတစ်စင်း ဆိုက်ရောက်ခြင်း ဖြစ်သည်။

ပြည်သူလူထုတွေ ပြင်းထန်စွာ ကန့်ကွက်ဆန္ဒပြကြသည်။ အပြင်းထန်ဆုံး အုပ်စုသည် တက္ကသိုလ် ကျောင်းသားသမဂ္ဂ (ကွန်မြူနစ်ပါတီ ဆန့်ကျင်ရိုဏ်း) ဖြစ်သည်။ ရူးသည် သူတို့ တိုက်ပုံခိုက်ပုံကို အားကျမိလေသည်။

ဒုတိယဖြစ်ရပ်သည် ပြင်သစ် မေလ တော်လှန်ရေး ဖြစ်သည်။ အဆိုတော် Mick Jagger လမ်းပေါ်ထွက်၊ ဆန္ဒပြနေပုံတွေ့ရသော် ရူးသည် များစွာ အားကျပြန်မိသည်။ ထိုဖြစ်ရပ်တို့သည် သူ့အား သူပုန်စိတ်နှင့် အာဏာ ဖီဆန်ချင်စိတ် ဆော်သြသည်။

ထိုအခါ ရူးသည် အထက်တန်းကျောင်း၌ ရော့တီးဝိုင်းထောင်လျက် Rolling Stones သီချင်း တီးဆိုလေ့ရှိသည်။ တီးဝိုင်းဖျက်သိမ်း၍ သူသည် ကျောင်းသတင်းစာ အဖွဲ့သို့ ဝင်ရောက်သည်။ နိုင်ငံရေး သတင်းဆောင်းပါး များစွာ ရေးစပြုလေသည်။

၁၉၆၉ ခုနှစ်၊ သြဂုတ်လလောက်၌ သူတို့တစ်တွေ ကျောင်းအပေါ်ဆုံး ထပ် သိမ်းပိုက်၍ အတားအဆီး ချသောကြောင့် ကျောင်းတက်ခွင့် ပိတ်ခံရလေ သည်။ ထိုအတောအတွင်း၌ ရူးသည် ဟစ်ပီယဉ်ကျေးမှုနှင့် ခင်မင်လာခဲ့သည်။ သူသည် သူပုန်စိတ်နှင့် ဟစ်ပီယဉ်ကျေးမှုတွင် အခြေခံ၍ ဘဝခရီးစသည်ဟု ဆို ရမည်။

၃။ စာရေးဆရာဘဝသို့

ရူးသည် ၁၉၇၀ ခုနှစ်၌ တိုကျို ဆင်ခြေဖုံး Fussa မြို့သို့ပြောင်းရွှေ့သည်။ Fussa လည်း အမေရိကန်စစ်တပ် စခန်းမြို့တစ်မြို့ ဖြစ်သည်။ သူသည် ထိုမြို့၌ ၂ နှစ် နေထိုင်သည်။ ပန်းချီအနုပညာကျောင်း တစ်ကျောင်း ဝင်ခဲ့ သော်လည်း ၆ လ ကြာသော် အထုတ်ခံရလေသည်။

ရူးသည် ၁၉၇၂ ခုနှစ်၌ Musashino အနုပညာတက္ကသိုလ် ဝင်ခွင့်ရသည်။ Fussa မြို့အတွေ့အကြုံ အခြေခံ၍ 'အဆုံးမသတ် ကြည်လင်လှဆဲ အပြာ ရောင်' ဝတ္ထုရေးစပြုလေသည်။ ၁၉၇၆ ခုနှစ်၌ ထိုဝတ္ထုသည် Gunzo ကလောင် သစ်ဆုနှင့် Akutagawa ဆု ရရှိသည်။ ထိုနှစ်၌ အီလက်ထရွန်နစ် စန္ဒရား ဆရာမ တစ်ယောက်နှင့် လက်ထပ်သည်။ တက္ကသိုလ်မှလည်း ထွက်ခဲ့၍ ပင်တိုင်စာရေးဆရာ ဘဝသို့ ဝင်ရောက်လေတော့သည်။ ၁၉၈၀ ခုနှစ်၌ သားတစ်ယောက်တောင် ရသေးသည်။

၂၀၀၂ ခုနှစ်ထိ ဝတ္ထုရှည် ၄၁ ပုဒ်၊ ဝတ္ထုတိုပေါင်းချုပ် ၁၄ အုပ်၊ ဆောင်းပါးပေါင်းချုပ် ၂၅ အုပ် ထုတ်ဝေသည်။ စာပေဆု ၉ ဆု ရရှိခဲ့သည်။ ဝတ္ထုရှည်အုပ် ၂၀ ကို ၁၉၉၀ ခုတွင် ရေးခဲ့ရာ ၉၀ ခုခဲ့ သူ ဝတ္ထုရှည် အများဆုံး ရေးသည်ဟု ဆိုရမည်။

၉၀ခု ဝတ္ထု၃အုပ်ကို သင့်လူဘာသာပြန်၍ ၂၀၁၉ ခုနှစ်၌ ထုတ်ဝေသည်ဟု သိရသည်။ 'စူး' (၁၉၉၄)၊ 'လူရွေးပွဲ' (၁၉၉၇) နှင့် 'မီဆိုဟင်းချို' (၁၉၉၇) တို့ ဖြစ်သည်။ အနည်းငယ် ဖြည့်စွက်လိုပါသေးသည်။

ဂျပန်ဝတ္ထုစာအုပ်တွေမှာ ထုံးစံအတိုင်း အမှာစာဟူ၍ မပါ။ စာရေးသူကိုယ်တိုင်၊ သို့မဟုတ် တခြားပညာရှင် တစ်ယောက်ယောက် နောက်ဆက်တွဲ၌ ထင်မြင်ချက် ရေးကြလေ့ ရှိသည်။ ဖော်ပြပါ သုံးအုပ် နောက်ဆက်တွဲတွေ၌ တွေ့ရသော ရှုးထင်မြင်ချက် တချို့ကိုအောက်မှာ တင်ပြပါမည်။

* ဂျပန်ယဉ်ကျေးမှုမှာ ရိုးရာအားဖြင့် ကလေးသူငယ် ညှဉ်းပန်းနှိပ်စက်တာကို ဖုံးဖိချင်သလိုလို ဖြစ်သည်။ **'စူး' နောက်ဆက်တွဲ**

* ဒီနိုင်ငံသားတွေ ဘယ်လောက် ရက်စက်စွာ ပြုလုပ်လဲ မထူးဆန်းတော့။ ဒီလို အခြေအနေမျိုး ဆိုက်ရောက်နေတာ။ **'လူရွေးပွဲ' နောက်ဆက်တွဲ**

* ဂျပန်လူ့အဖွဲ့အစည်း ပြိုကွဲပုံ သိသာစွာ မြင်ရတာ သိပ်မကြာသေး။ ပြိုကွဲနှုန်း မြန်ဆန်လာပြီး ခေတ်ကို နောက်ပြန်ဆွဲချင်တဲ့ အုပ်စုလည်း အားကောင်းလာတော့မှာ။ **'မီဆိုဟင်းချို' နောက်ဆက်တွဲ**

ရှုးဝတ္ထုမှာ ဂျပန်လူ့ဘောင်အဖွဲ့အစည်းကို နက်ရှိုင်းစွာ ဝေဖန်သုံးသပ်သည်။ သူသည် ဂျပန် အနာဂတ်ကို မျှော်လင့်ချက်ထားပုံလည်း မရတော့ပါ။

၄။ ကျွန်းစုမှ ထွက်လိုက်ကြ

အနာဂတ်ကို မမျှော်လင့်ချင်သော ရှုးတစ်ယောက် အနာဂတ်ဝတ္ထုနှစ်ပုဒ် ရေးသားသည်။ 'Coin Locker Babies' (1980)၌ ၁၉၈၉ ဂျပန်ကိုသော် ၎င်း 'ကျွန်းစွယ်မှ ထွက်လိုက်ကြ' အောက်မှာ အနည်းငယ် မိတ်ဆက်ပေးပါမည်။

မြောက်ကိုရီးယား ပြောက်ကျားတပ်သား ၉ ယောက် Kyushu ကျွန်းကြီး Fukuoka မြို့ကို ချင်းနင်းဝင်ရောက်ပြီးလျှင် Fukuoka Dome အားကစားရုံကို စီးနင်းသည်။ Dome မှာ ဘေ့စ်ဘောပြိုင်ပွဲ လုပ်နေဆဲဖြစ်၍ ပရိသတ်ပြည့် နေသည်။ ထိုနောက် မြောက်ကိုရီးယား စစ်သင်္ဘောတစ်စင်းလည်း ဆိုက်ရောက်သည်။

ဂျပန်အစိုးရရော၊ ကာကွယ်ရေးတပ်ပါ ဘာမှ မတတ်နိုင်။ အားကစားရုံ၌ နိုင်ငံသားတွေ ဓားစာခံနေသောကြောင့်လည်း ဖြစ်၊ ဝန်ကြီးချုပ်တစ်ယောက် အရည်အချင်း မပြည့်မီသောကြောင့်လည်း ဖြစ်သည်။

မြောက်ကိုရီးယား စစ်တပ် လွယ်ကူစွာ မြို့အာဏာ သိမ်းပြီးလျှင် ဟိုတယ်ကြီး တစ်ခုနားတစ်ဝိုက်၌ စခန်းချလေသည်။ ဂျပန် အစိုးရသည် သူတို့ကို အကြမ်းဖက်သမားဟု သတ်မှတ်၍ Fukuoka မြို့သွားလမ်း ပိတ်ဆို့သည်။ ကုလသမဂ္ဂလည်း မပတ်သက်ချင်ပါ။ “မြောက်ကိုရီးယား အစိုးရသည် သူတို့ကို လွှတ်တာ မဟုတ်။ သူတို့က ဒုက္ခသည်တွေပါ” ဟု ကြေညာသေးသည်။

တောင်မင်း၊ မြောက်မင်း မကယ်နိုင်သော Fukuoka ကို ကယ်တင်ခဲ့သူတို့မှာ ကဗျာဆရာကြီး တစ်ယောက် ကြီးမှူးသော အိမ်မဲ့ကလေးတွေ အုပ်စု ဖြစ်သည်။ သူတို့သည် နည်းပညာမျိုးစုံ တတ်ကျွမ်းကြသည်။

သတ္တိလည်း ကောင်းကြသည်။ ဧေ့စပ်စွာ စီစဉ်ပြီးလျှင် စစ်ဌာနချုပ် ဟိုတယ်ကြီးသို့ လျှို့ဝှက်စွာ ထိုးဖောက်ဝင်ကြသည်။ ဗုံးများစွာ တပ်ဆင်ကြ သည်။ ဗုံးတွေပေါက်သည်။ တိုက်ပွဲလည်း ဖြစ်သည်။

နောက်ဆုံး၌ ကိုရီးယားစစ်သားတွေကို ချေမှုန်းခဲ့သော်လည်း ကလေး တွေ အားလုံးလိုလိုပင် ဆုံးကြသည်။ သူတို့အုပ်စု အောင်မြင်စွာ မြို့ကို ကယ်တင်ကြသော်လည်း ဖြစ်ရပ်မှန်ကို သူတို့အပြင် ဘယ်သူမှ မသိကြချေ။

ထိုကလေးတို့ လူအဖွဲ့အစည်း ဘောင်အတွင်း၌ မနေချင်၍ Fukuoka ကို လာကြပြီးလျှင် ကဗျာဆရာကြီးနား ကပ်လျက် လွတ်လပ်စွာ နေထိုင်ခဲ့ကြခြင်း ဖြစ်သည်။ သည်နိုင်ငံ လူ့အဖွဲ့အစည်း ပြိုကွဲတော့မည်ဟု စိုးရိမ် ကြောင့်ကြသည်မှာ ကြာပြီ ဖြစ်သော ရှူးတစ်ယောက် ဘောင်တွင်း၌ နေကြသူ ကို မျှော်လင့်ချက်မထား၊ ဘောင်အပြင်ဘက်က လူတွေကို မျှော်လင့်ချက်ထား ပုံ ရသည်။

ရူးသည် ဇာတ်ကောင်မျိုးစုံ၊ ရှုထောင့်မျိုးစုံနှင့် သူတို့စရိုက်သဘာဝ မျိုးစုံ ပီပြင်စွာ သရုပ်ဖော်လေသည်။ အထောက်အထားအတွက် ရည်ညွှန်းစာအုပ် များစွာ ဖတ်ခဲ့သည်ဟု ဆိုသည်။ သည်ဝတ္ထုသည် Noma စာပေဆုနှင့် Mainichi ထုတ်ဝေရေး ယဉ်ကျေးမှုဆု ရရှိခဲ့သည်။ တောင်ကိုရီးယား၌ ရုပ်ရှင် ရိုက်ရန် အစီအစဉ်ရှိသည် ဟု ကြားရသေးသည်။

၅။ တိုကျိုကျဆုံးခန်း မှတ်သားစရာ

၂၀၁၅ ခုနှစ်၊ ဩဂုတ်လ၌ 'Tokyo Decadence: 15 Stories by Ryū Murakami' (ဘာသာပြန်သူ Ralph McCarthy) စာအုပ်ကို Kurodahan Press မှ ထုတ်ဝေလေသည်။ ထိုနာမည်နှင့် စာအုပ် ရူးဂျပန်ဝတ္ထုတိုပေါင်းချုပ် စာရင်း၌ ရှာသော်လည်း မတွေ့ခဲ့။ အင်္ဂလိပ်စာဖတ်ပရိသတ် ရည်စူး၍ သက်သက် စုစည်းခဲ့သည်လား မသိ။

'Tokyo Decadence' ဟူသော နာမည်ကို ရူးရိုက်သော ရုပ်ရှင်ကား စာရင်း၌ တွေ့ရသေးသည်။ သူသည် ၁၉၉၂ ခုနှစ်၌ 'Topaz Tokyo Decadence' ဟူသော ကားတစ်ကား ရိုက်ဖူးသည်။ Topaz ဝတ္ထုတို တစ်ပိုင်းတစ်စ သုံး၍ ရိုက်ခဲ့ခြင်း ဖြစ်သည်။ မူရင်း ဇာတ်လမ်းနှင့်လည်း ကွာခြားသေးသည်။ ရုပ်ရှင်ကားအတွက် တစ်ခါသုံးသော နာမည် ထပ်သုံးရ သည်မှာ ဘာကြောင့်လဲ မသိ။ မိုးသက်ဟန်က 'တိုကျို ကျဆုံးခန်း' ဟု သာသာ ပြန်သည်မှာ လုံလောက်သည်ဟု ဆိုရမည်။

သိတဲ့အတိုင်း ဂျပန်ဝတ္ထုမှာ နောက်ဆက်တွဲ အရေးကြီးသည်။ 'တိုကျို ကျဆုံးခန်း' ၌ ပါသော ဝတ္ထုတိုစုစည်းမှု ငါးအုပ် နောက်ဆက်တွဲမှာလည်း စိတ်ဝင်စားစရာ ကောင်းသော အချက်အလက်တွေ တွေ့ရသေးသည်။

'Run Takahashi' (၁၉၈၉) နောက်ဆက်တွဲမှာ ရူးသည် "အညတရ ဇာတ်ကောင်တွေ ရွေးချယ်ပြီး အားကစား ဇာတ်လမ်း ခပ်ပေါ့ပေါ့ ဖန်တီးမိတာ ဒီလိုဝတ္ထုမျိုး ကျွန်တော့်ဝတ္ထုထဲမှာ ရှားရှားပါးပါးပဲ" "စစ်မြေပြင် မဟုတ်တဲ့၊ ပြောင်းလဲမှု နှေးကွေးတဲ့၊ ထိန်းချုပ်မှု တိုးတက်တဲ့၊ ဒီမိုကရေစီဆန်ဆန် လူ့အဖွဲ့အစည်းမျိုးမှာ ယောကျ်ားလေးတွေ အမြင်မကတ် မောဟိုက်ကြပုံ၊

မိန်းကလေးတွေ သန်စွမ်းကြပုံတွေ မမျှော်လင့်ဘဲ ဖော်ထုတ်မိတာ” စသည်တို့ ရေးလေသည်။

စာအုပ်ဆိုင်မှာ မဝယ်ခင် နောက်ဆက်တွဲ ဖတ်ပြီးတော့မှ ဝယ်၊ မဝယ် ဆုံးဖြတ်လေ့ရှိသော စာရေးဆရာမ Yoshimoto Banana လည်း ထိုစာအုပ် နောက်ဆက်တွဲမှာ “ဒီမှာ စာရေးရတာ ဂုဏ်ယူစရာပဲ” ဇာတ်ကောင်တွေ တကယ် ရှိသလား အောက်မေ့လောက် သရုပ်ဖော်ပုံ ပီပီသသပဲ” “ကျွန်မ အကြိုက်” ‘ကျွန်တော် ဝတ္ထုရေးဆရာ’ နဲ့ ‘ဘားမှာ အခုလို ထိုင်သောက်တိုင်း’ ပါပဲ ဟု ရေးလေသည်။ ထိုစာအုပ် နောက်ဆုံးပိုင်းတွင် ရူးကိုယ်တိုင် ပြုစုသော ကိုယ်ရေးရာဇဝင်လည်း ပါသေးသည်။

‘Topaz’ (၁၉၈၈) နောက်ဆက်တွဲ၌ ရူးသည် “လိင်ပိုင်းဆိုင်ရာ လုပ်ငန်းမှာ လုပ်စားသူ မိန်းကလေးတွေမှာ သင်္ကေတတစ်ခု ဖြစ်နိုင်တာ။ အမျိုးသမီးရေးရာ သင်္ကေတလည်း ဖြစ်နိုင်သလို မြို့ကြီးပြကြီး သင်္ကေတလည်း ဖြစ်နိုင်တယ်” “နောက်မှာလည်း ဆက်လက်ပြီး သူတို့ သတ္တိရှိရှိ တိုက်ခိုက်မယ်လို့ မျှော်လင့်တယ်” ဟု အားပေးခဲ့လေသည်။

‘Ryu's Cinematheque’ (၁၉၉၅) သည် အတ္ထုပ္ပတ္တိဆန်ဆန် တစ်အုပ် ဖြစ်သည်။ Hirabayashi Taiko စာပေဆုတောင် ရရှိခဲ့သည်။ စာအုပ် နောက်ဆက်တွဲလည်း ထူးဆန်းသေးသည်။ ထိုစာအုပ်နှင့် ပတ်သက်၍ ရူးသည် ဝေဖန်ရေးပြုံပွဲ လုပ်သည်။ ရွေးချယ်ခံရသူ ၁၁ ယောက်တို့ ဝေဖန်စာတွေ နောက်ဆက်တွဲ၌ ထည့်လိုက်သည်။ သူတို့ဝေဖန်ချက် အနည်းငယ် တင်ပြမည်။

* ရူးရေးတဲ့ တခြားဝတ္ထုတိုနဲ့ လုံးဝ မတူ။ မိမိ စိတ်တစ်နေရာရာ အလှုပ်အခါ ခံရသလိုလို ခံစားမိတာ။ ဒီလိုဝတ္ထုမျိုးကို စွဲချင်တဲ့ ကိုယ့်ကိုယ်ကိုယ် မုန်းတီးမိတာပါ” (ကျား ၂၄ နှစ်)

* ကျွန်မအတွက် ရူးဝတ္ထုတို ‘စိတ်ဓာတ်ကျတုန်း ကြည့်ချင်တဲ့ကား’ နဲ့ပဲ တူတယ်” (မ ၂၆ နှစ်)

* အများအားဖြင့် ဇာတ်ကောင်တွေ မိမိ အားမရှိပုံနဲ့ ရင်ဆိုင်နိုင်စွမ်း မရှိကြ။ လိင်ဆက်ဆံမိလိုက်၊ မူးယစ်ဆေးဝါး သုံးစွဲလိုက်နဲ့ ကိုယ့်ကိုယ်ကိုယ်

နှိပ်စက်ကြတာ အားမရှိပုံနဲ့ ရင်ဆိုင်ရတာ အန္တရာယ်လည်း များတတ်တယ်။ ရူး ဝတ္ထုမှာ အဲဒီအန္တရာယ်မျိုး ပီပီပြင်ပြင် ဖော်ထုတ်တာပါ” (ကျား ၃၁ နှစ်)

* ဝတ္ထုတိုဖတ်နေတုန်း ကိုယ့်ဘဝထဲက အဆိုးဆုံး ခေတ်ကာလကို သတိရမိတာ။ ဒါပေမဲ့ ဖတ်ပြီးတော့မှ အားရှိသလိုလို ခံစားတယ်” (ကျား အသက်မပါ)

သူတို့သည် ဤသို့ ရူးဝတ္ထု ခံစားပုံကို တစ်မျိုးတစ်ဖုံစီ ဖော်ပြကြလေသည်။

‘Swans’ (၁၉၉၇) နောက်ဆက်တွဲ၌ ရူးသည် “ကျွန်တော်ဝတ္ထုတို မရေးဖြစ်တာ ၁၀နှစ်လောက် ကြာပြီ။ မရေးချင်လို့တော့ မဟုတ်။ ဝတ္ထုတိုဆိုသပ်ရပ်ကြော့ရှင်းဖို့ လိုတာ။ ကျွန်တော် အဲဒီလိုဟာမျိုးတွေ မုန်းတီးလာလို့လား မသိ” ဟု ရေးသည်။ နာမည်ကျော် အမျိုးသမီး ဒါရိုက်တာတစ်ယောက် Kavase Naomi သည် ‘အချစ်တစ်ရဲ့ရာဇဝင်’ ‘သူမ ထွက်ခွာ’ နဲ့ ‘ငါ့ရဲ့အရာရာ’ တို့ကြိုက်တယ်။

“ဇာတ်ကောင်ချင်း တူပေမယ့်လည်း ဇာတ်လမ်းချင်းတော့ မတူ။ သူတို့ တစ်လမ်းသွား အယူအဆတွေ ကြီးမားလာလေလေ ဇာတ်လမ်းချင်း ဗလုံးဗထွေး ဖြစ်လာလေလေ” ဟု ဝေဖန်သေးသည်။

‘At the Air Port’ (၂၀၀၃) နှင့် ပတ်သက်၍ “အညတရနေရာကနေ အညတရ ဇာတ်ကောင်တို့ရဲ့ ထွက်ပေါက်နဲ့ မျှော်လင့်ချက်ဖော်ပြတာ” “စာရေးသက် အနှစ် ၃၀ ထဲက အကောင်းဆုံး ဝတ္ထုတိုတွေ ရေးမိတာ” ဟု ရူး ရေးသည်။

‘တိုကျို ကျဆုံးခန်း’ ၌ ပါသော စုစည်းမှု ငါးအုပ် ထုတ်ဝေသည်မှာလည်း ကြာခဲ့လေသည်။ စာအုပ်၌ တွေ့ရသော ပုံရိပ်တွေမှာလည်း ဂျပန် အတိတ်ကာလ ပုံရိပ်တွေ ဖြစ်လာပြီ။ သည်နေ့သော် အဘက်ဘက်၌ ပို၍ ပြောင်းလဲကျဆင်းလျက် ရှိသည်ဟု ဆိုရမည်။

သို့သော်လည်း မျက်မှောက်ခေတ် မြန်မာပရိသတ်အတွက် အရသာတစ်မျိုး ခံစားနိုင်မည်ဟု မျှော်လင့်နေပါသည်။

မပန်းခက်

၁၉၊ ဇူလိုင်လ ၊ ၂၀၂၁

ဆရာမ မပန်းခက်သည် OSAKA UNIVERSITY (Professor Burmese Literature) မှ မြန်မာစာ ပါမောက္ခတစ်ဦး ဖြစ်ပါသည်။ ဆရာမသည် ဂျပန် လူမျိုးတစ်ဦးဖြစ်ပြီး အမည်ရင်းမှာ Midori Inoye Minamida ဖြစ်ပါသည်။

❑